http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ

၏

# ရတနာ့ဂုဏ်ရည်



အမရပူရမြို့
မဟာဂန္ဓာရုံ ဆရာတော်၏
ဦးတည်ချက်

---

ဓမ္မမြတ်မှာ လောင်းလျာတုန်းက၊
နောက်ဆုံးအထိ ပါရမီ၊
လူနတ်များမှာ ချမ်းသာရေးမို့၊
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဓမ္မမြတ်မှာ သာသနာအတွက်မို့၊
ငါ့ပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ရလိုတွေးလို့၊
ကုသိုလ်ရေးမို့ ကြိုးစားမည်။
နို့လဲ ကြိုးစားမည်။

http://www.dhammadownload.com

# အရှင်ဇနကာဘိဝံသ

၏

# ရဟန္တာ့ဂုဏ်ရည်

[လက္ခဏာတော်ကြီး ဘုရားရှိခိုး ပါသည်။]



၁၃၅၆ ခုနှစ်၊ ၁၉၉၄ ခုနှစ်

http://www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | - | (၄/၉၇) (၅) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - | (၆/၉၇) (၅) |
| ပုံနှိပ်မှတ်တမ်း | - | (၁၉၉၇)ခုနှစ် |
| ကြီးကြပ်စီစဉ်သူ | - | မောင်တင်မြင့်<br>(မဟာဂန္ဓာရုံ-ကပ္ပိယကာရက) |
| ထုတ်ဝေသူ | - | ဦးမောင်မောင် (၀၃၂၇၁)<br>မဟာဂန္ဓာရုံစာပေ၊ အမရပူရမြို့။ |
| အတွင်းစာသားပုံနှိပ်သူ<br>နှင့်<br>မျက်နှာဖုံးပုံနှိပ်သူ | - | ဦးခင်မောင်စိုး (၀၄၅၄၇)<br>ရွှေမြိုင်ပုံနှိပ်တိုက်<br>၁၂၀/၁၂၂၊ လမ်း(၃၀)၊<br>ရန်ကုန်မြို့။ ဖုန်း-၂၈၄၉၃၈ |
| စောင်ရေ | - | ၅၀၀၀ |
| တန်ဘိုး- | - | ၁၁၀ - ကျပ် |

## ဖြန့်ချိရေး

မဟာဂန္ဓာရုံကျောင်းတိုက်ဇရပ်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။
၁၂၈-ပ၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com



# အချီ နိဒါန်း

ဥုံ နမော တော ဝိဇေတုံ မေ,
ဇယတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ,
ကရ မေ ဇယမင်္ဂလံ။

**ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်။** ။သဗ္ဗညုဘုရားရှင်ကို "ဗုဒ္ဓ" ဟု ခေါ်၏။

ထိုဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို "ဗုဒ္ဓဘာသာ"ဟု ခေါ်၏။ ထိုဗုဒ္ဓရှင်တော်မြတ်၏ တရားတော်အတိုင်း လိုက်နာ နေထိုင်သူကို "ဗုဒ္ဓဘာသာဝင်"ဟူ၍ ခေါ်၏။ ထိုဗုဒ္ဓဘာသာဝင် ဖြစ်လိုသူ၊ သို့မဟုတ် ဖြစ်နေသူသည် ဗုဒ္ဓ, ဓမ္မ, သံဃ, (ဘုရား, တရား, သံဃာ) ရတနာမြတ် ၃ ပါး၏ အကြောင်းအရာကို ကောင်းစွာနားလည်ရမည်။ ထိုသို့ နားလည်ပြီးနောက် ထိုရတနာ ၃ ပါးကို မိမိ ယုံကြည်သလား၊ မယုံကြည်ဘူးလားဟု စဉ်းစားထိုက်၏။ မယုံကြည်လျှင် "ဗုဒ္ဓဘာသာဝင်ပါ"ဟု ပြောဆိုနေသော်လည်း "ဗုဒ္ဓဘာသာဝင်" မဖြစ်နိုင်သေးပါ၊ ယုံကြည်လျှင်ကား "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံ ၃ ပါးကို ဆောက်တည်ရ၏။ ထိုအခါ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်၏။

**ပညာ ဗုဒ္ဓဘာသာဝင်။** ။ထို ဗုဒ္ဓဘာသာဝင်တို့သည် ဉာဏ်နှင့်ယှဉ်၍ နှစ်နှစ်ကာကာ ယုံကြည်သူကား ဘုရားရှင်ကို ကိုးကွယ်ရာ၌

http://www.dhammadownload.com



သက်တော် ထင်ရှား မြတ်ဘုရားကို စိတ်ထဲ၌ ထင်လာ မြင်လာအောင် ကိုးကွယ်သည့်အပြင် ရုပ်ပုံ၊ စေတီတော်များကိုလည်း (ဓွေရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ကျေကျေနပ်နပ် လေးမြတ်လေ့ ရှိ၏။ တရားကို ကိုးကွယ်ရာ၌လည်း တရားအစစ်အမှန် ကျမ်းဂန် ပိဋကနှင့် မဂ်ဖိုလ် နိဗ္ဗာန်တရားကို မှန်းဆ၍ အားရပါးရ ပူဇော်၏။ သံဃာကို ကိုးကွယ်ရာ၌လည်း သုပ္ပဋိပန္နတာ စသော ဂုဏ်တို့နှင့် အတော်အတန် ပြည့်စုံသော ပုထုဇဉ်များကိုလည်းကောင်း၊ အမှန်းအတားအားဖြင့် အရိယာသံဃာတော်ကိုလည်းကောင်း ကိုးကွယ်၏။ ထို ရတနာ ၃ ပါး အတွက်ဆိုလျှင် အသက်ကိုပင် စွန့်ဝံ့၏။ ဤသူကား ဉာဏ်နှင့်ယှဉ်သော ဗုဒ္ဓဘာသာဝင် ဖြစ်သူပေတည်း။

**သဒ္ဓါ ဗုဒ္ဓဘာသာဝင်။** ။သူများအပြောကောင်း၍ ယုံကြည်သော သဒ္ဓါဖြင့်၊ သို့မဟုတ် မိရိုးဖလာဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်နေသူတို့ကား ဘုရားစစ် တရားစစ် သံဃာစစ်တို့၌ ထိထိရောက်ရောက် သဒ္ဓါစိတ် ပေါက်သူ နည်းပါး၏။ (လုံးလုံး မရှိဘူးဟု မဆိုလိုပါ) ဘုရားကို ကြည်ညိုရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရားထိအောင် စိတ် မရောက်နိုင်ဘဲ ရုပ်ပုံ၊ စေတီတော်လောက်သာ စိတ်ရောက်၏။ ရုပ်ပုံ၊ စေတီတော်များတွင်လည်း ဆွေဘုရား မျိုးဘုရား မိမိပူဇော်ထားသော ရုပ်ပွားစေတီတော်များကို ပိုမို၍ ကြည်ညိုတတ်ကြ၏။ ဓွေပြောင်ပြောင် စေတီရုပ်ပွားကိုလည်း သာ၍ ကြည်ညိုကြသေး၏။

ထို့ကြောင့်ပင် မိမိတို့၏ ရပ်ရွာ၌ ဓွေမရှိသော ရုပ်ပွားစေတီတော် များကို ပစ်ထားခဲ့၍ မြို့ကြီး ပြကြီးသို့ ဘုရားဖူးသွားကြ၏။ အခါ

http://www.dhammadownload.com



တစ်ပါး၌ တောကမိန်းမတစ်စု မန္တလေးသို့ သွားခါနီးဝယ် "ဘုရားဖူးသွားမလို့၊ ဘုရားဖူးသွားမလို့" ဟု ကျယ်လောင် ကျယ်လောင်နှင့် ပြောဆိုနေကြသည်ကို အတော်နားလည်သော ကျောင်းဒကာကြီးက "တိုးတိုးပြောကြပါဟရို့၊ တို့ရွာက ကိုယ်တော်မြတ်တွေ ကြားလျှင် အားနာစရာ ဖြစ်နေပါ့မယ်"ဟု ပြက်ရယ်ပြုလိုက်သတဲ့၊ ထို သဒ္ဓါဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကြည်ညိုပုံသာ စည်းကမ်းမကျသည် မဟုတ်သေး၊ တရား သံဃာ ကြည်ညိုကြရာတွင်လည်း စည်းကမ်းမဲ့လှချေ၏။ ထို စည်းကမ်းမဲ့ပုံတို့ကို တရားဂုဏ်တော်နှင့် သံဃာဂုဏ်တော် အဆုံးမှာ ပြထားသည်။

**သရဏဂုံနှင့် သီလရှိသူ အပါယ်မကျ။** ။"ဆင်းတု၊ စေတီတော်များကို ဖူးမြော်ရသည်မှာ ကုသိုလ်မရ"ဟု မဆိုလိုပါ။ များစွာ ကုသိုလ်ရပေသည်။ သို့သော် ဆင်းတုတော်၊ စေတီတော်များသည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ထင်မြင်လာဖို့ရာ တည်ထားကိုးကွယ်အပ်သော အတုအပွားမျှသာ ဖြစ်သောကြောင့် ဘုရားရှင်တိုင်အောင် အာရုံပြုနိုင်၊ မှန်းဆနိုင်မှသာ စနစ်ကျန သာ၍အကျိုးရသော ဖူးမြော်ခြင်းဟု ဆိုလိုပါသည်။ ထိုသို့ ဘုရားရှင်၏ ဂုဏ်တော်များနှင့် တကွ တရား သံဃာတော်၏ ဂုဏ်တော်များကို လေးလေးစားစား အာရုံပြုတတ်၊ ကြည်ညိုတတ်သည့်ပြင် ဒုစရိုက်ဆယ်ပါးမှ ရှောင်သော ကိုယ်ကျင့်တရားနှင့် ပြည့်စုံ လုံခြုံပါမူကား .....

"ဣဓ မဟာနာမ ဧကစ္စော ပုဂ္ဂလော န ဟေဝ ခေါ ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတော ဟောတိ၊ န ဓမ္မေ, န သံဃေ၊ န ဟာသပညော, န ဇဝနပညော, နစ ဝိမုတ္တိယာ

http://www.dhammadownload.com



သမန္နာဂတော၊ အပိစဿ ဣမေ ဓမ္မာ ပဟာနာ၊ သဒ္ဓိန္ဒြိယံ ဝိရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ၊ တထာ ဂတေ စဿ သဒ္ဓါမတ္တံ ပေမမတ္တံ၊ အယံ ပိ ခေါ မဟာနာမ ပုဂ္ဂလော အဂန္တာ နိရယံ, အဂန္တာ တိရစ္ဆာနယောနိံ, အဂန္တာ ပေတ္တိဝိသယံ, အဂန္တာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ” ဟူ၍...

ဟောတော်မူအပ်သော (မဟာဝဂ္ဂ, သောတာပတ္တိ သံယုတ်, သရဏာနိဝဂ်, ပထမ သရဏာနိသက္ကသုတ်) ပါဠိတော်နှင့် လျော်ညီစွာ အပါယ်လေးပါးမှ တစ်ခါတည်း ကင်းလွတ်သော သောတာပန် အခြေသို့ ရောက်လေပြီဟု ယုံကြည် စိတ်ချထိုက်ပေတော့သည်။

ထိုစကား မှန်၏။ ပင်ကိုက အောက်အကြေသို့ စီးနေသော မြစ်ရေအလျဉ်သည် သမုဒ္ဒရာနှင့် ကြာလေ နီးလေဖြစ်သကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ထင်မြင်၍ သံသရာ၌ ငြီးငွေ့လက်စရှိသော ထို သူတော်စင်၏ စိတ်အစဉ်သည်လည်း နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်း ရှိရကား နိဗ္ဗာန်နှင့် ကြာလေ နီးလေပင် ဖြစ်တော့၏။

အရှေ့ဖက်သို့ ကိုင်းညွတ်လျက်ရှိသော သစ်ပင်သည် လဲသည့် အခါ အရှေ့ဖက်သို့သာ လဲဖွယ်ရာ ရှိသကဲ့သို့ နိဗ္ဗာန်သို့ ကိုင်းညွတ်နေသော စိတ်အစဉ်သည် ကုသိုလ်ကောင်းမှု ပြုသမျှ၌ နိဗ္ဗာန်ဖက်သို့သာ ညွတ်လျက်ရှိသည်ဖြစ်၍ ထိုသူတော်စင်သည် အဘယ်မှာ အပါယ်လေးပါးသို့ သွားဖွယ်ရာ ရှိပါတော့အံ့နည်း။

**သရဏဂုံ သီလလုံသူ သောတာပန်နှင့်တူ။** ။ဆိုအပ်ပြီး စကား၌ “ကိုယ်ကျင့်လုံခြုံ” ဟူရာဝယ် “ငယ်စဉ်ကစ၍ လုံခြုံမှသာ

http://www.dhammadownload.com



လုံခြုံရာ ရောက်သည်”ဟု မဆိုလိုပါ။ သတိတရားရသည်ကစ၍ စိတ်ချလက်ချ လုံခြုံလာလျှင် လုံခြုံသည်ပင် မည်နိုင်ပါသည်။ ဘုရားလက်ထက်တော်၌ “သရဏာနိ” မည်သော ဥပါသကာသည် ရတနာသုံးပါးကို အသည်းစွဲ ကြည်ညိုနေသော်လည်း ငယ်ရွယ်စဉ်ကာလက ငါးပါးသီလလောက်မျှ မလုံခြုံဘဲ ရှိခဲ့ရာ စုတေခါနီးကျမှ သတိရ၍ လူ့သိက္ခာကို စောင့်ထိန်းလျက် စုတေသည်။ ထို့နောက် ကျန်ရစ်သူတို့က ထိုသူ၏ လားရာဂတိကို ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က ထို ဥပါသကာကို အပါယ်လေးပါးမှ လွတ်သော သောတာပန်ဖြစ်ရကား သုဂတိသို့ ရောက်နေကြောင်းကို မိန့်တော်မူပါသည်။

**ကြိုးစားဖွယ်။** ။ထို့ကြောင့် မကောင်းသော မြေ ရေ၌ စိုက်ပျိုးလေသမျှ မျိုးစေ့သည် မည်မျှပင် အောင်မြင်စေကာမူ အကျိုးမပြီး အချည်းနှီး ပျက်ပြား ဆုံးပါးရသကဲ့သို့ မူလ မူမမှန်သော ဘုရားတရား၌ အားထား ကိုးကွယ်လေသမျှသည် အချည်းနှီး အကျိုးမဲ့ ဖြစ်ရုံသာမက ထို ဘုရား တရားဖက်၌ အားတက်သရော ဟောပြောမှုကြောင့် အထုအထည် ကြီးမားလှသော မကောင်းမှု အကျိုးကိုပင် ခံရာ ရပေဦးမည်။ ထိုမျှလောက် အပြစ်များ၍ ဆုံးပါးဖွယ်ရှိသော ဘာသာတစ်ပါး အယူရှိကြသူများသည် သူတို့၏ ဘုရား တရားကို အားထား မှီခို ကြည်ညို လေးမြတ်ကြကုန်သေး၏။

ကောင်းသော ရေမြေ၌ကား အားပါးတစိုက်မဟုတ်ဘဲ မလိုလဲ လိုလဲ စိုက်ပျိုးရုံမျှဖြင့် ကြီးမြင့်ထွားကျိုင်းသော အပင်ကြီးများကို

http://www.dhammadownload.com



ရနိုင်သကဲ့သို့ ဘုရား တရား သံဃာ မှန်တို့၌ ပြုစု အားထုတ်လိုက် သမျှသည် "ညောင်စေ့ကလေးမှ ညောင်ပင်ကြီးပေါက်သည့်ပမာ" ယုံကြည်ဖွယ်ရာ မရှိလောက်အောင် မြင့်ခေါင် ကြီးမားသော အကျိုး တရားကို ခံစားရပေမည်။ စိတ်ပါလက်ပါ အားရပါးရ ဂရုစိုက်၍ ကိုးကွယ်ဆည်းကပ် လိုက်ပါမှုကား တစ်သံသရာလုံး စိတ်ချလက်ချ နိဗ္ဗာန်တိုင်အောင် အကျိုးကို မုချရနိုင်သည်ဖြစ်၍ အကြောင်းအကျိုး စိစစ်က အပြစ်ဆိုဖွယ်မရှိသော ဗုဒ္ဓဘာသာ အယူကြီးကို လက်ကိုင် ရကြပါလျက် ယုံကြည်ချက်လျော့၍ အဘယ်မှာ ခပ်ပေါ့ပေါ့ နေထိုက် ပါအံ့နည်း။ နေ့စဉ် ရက်ဆက် နှစ်သက်ကျေနပ်အောင် အထပ်ထပ် စဉ်းစား၍ တရားတော်အရ ကျကျနန လိုက်နာ နေထိုင်ကြသည် မဟုတ်ပါလော။

ဤသို့လျှင် ဘုရား တရား သံဃာ ရတနာသုံးပါးကို လွန်စွာ အားထားလျက် ကိုယ်ကျင့်တရား လုံခြုံပါမှု နောက်သံသရာ ရေးဝယ် စိတ်ချဖွယ် ကောင်းလှသောကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြုတတ်၊ မှန်းဆတတ်ရန် ရေးသားပေးဖို့အကြောင်း တောင်းပန် အပ်ဖူးလှလေပြီ။ သို့သော် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ် သော "သင်္ဂြိုဟ်ဘာသာဋီကာ"ကို ရေးသားဆဲဖြစ်၍ အားလပ်ခွင့် မရသောကြောင့် ရှေးဆရာတော်များ၏ ဂုဏ်တော်ဖွင့်ကိုသာ ကြည့်ရှု ကျက်မှတ်ဖို့ရန် ညွှန်ပြခဲ့ရပေသည်။

ယခုတစ်ဖန် ရှေးခေတ်က ရှေးစနစ်ဖြင့် ရေးသားအပ်ပြီးသော ဘုရားရှင် ဂုဏ်တော်ဖွင့်များတွင် အသိဉာဏ် မသက်ဝင်နိုင်သူတို့က တောင်းပန်ကြပြန်သောကြောင့် ကျမ်းဂန်အဖွင့်လည်း လက်မလွတ်စေရ၊

http://www.dhammadownload.com



ခေတ်ကာလနှင့်လည်း လိုက်လျောအောင် ညက်ညောသော အနက်သွား၊ ထင်ရှားသော အဓိပ္ပာယ်ဖြင့် ခပ်လွယ်လွယ် ရေးသားဖို့ရန် စိတ်အကြံဖြစ်သည်အားလျော်စွာ ရတနာမြတ် သုံးပါး၏ ဂုဏ်တော် အရည်အခြင်းများကို ပဓာနထားပြီးလျှင် "ရတနာ့ဂုဏ်ရည်" ဟူသော အမည်ဖြင့် ရေးသားပါအံ့။

---

## ရေးသားပုံ အစီအစဉ်

**ဘုရားဂုဏ်တော်** ဘုရားဂုဏ်တော် အဖွင့်ကို ရေးသားရာ၌ ဘုရားရှင်၏ အဖြစ်တော်စဉ်၊ ဘုရား ရှင်၏ ရုပ်ပုံတော်၊ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် သပ္ပာယ်တော်မူပုံ။ လုံ့လ ဝီရိယနှင့် မဟာကရုဏာတော် ကြီးမားသဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားကို အားလပ်ခွင့်မရအောင် ရွက်ဆောင်တော်မူပုံ၊ ဤ အလုံးစုံကို သိစေပြီးမှ ဂုဏ်တော်၏ အရည်အခြင်းကို ပြရလျှင် သပ္ပာယ်သော ရုပ်ပုံတော်တွင် ဂုဏ်တော်များ ထင်မြင်လာဖွယ်ရှိသောကြောင့် ရုပ်ပုံတော်ဖွင့်၊ ရောင်ခြည်တော်ဖွင့်၊ စေတီတော်ဖွင့်များကို ရှေးဦးစွာပြလျက် ဂုဏ်တော်ဖွင့်ကို ဆက်လက် ရေးသားပါသည်။ [ဘုရား အဖြစ်တော်စဉ်ကိုကား အနည်းငယ် ရှည်လျားသဖြင့် ဤကျမ်း၏အဆုံးမှာ ပြထားပါသည်။]

**တရားဂုဏ်တော်** တရားဂုဏ်တော်ဖွင့်ကို ရေးသားရာ၌ ပုံသဏ္ဌာန် မထင်ရှားသော တရားဂုဏ်တော် အစဉ်သည် စိတ်ထဲ၌ ထင်မြင်နိုင်ရန် ခဲယဉ်းသောကြောင့် နက်နဲသော တရားဂုဏ်တော်ကို ဝတ္ထုပုံသက်သေများဖြင့် ထင်ရှားအောင် ရေးသားထားပါသည်။

http://www.dhammadownload.com



**သံဃာ့ဂုဏ်တော်** သံဃာ့ဂုဏ်တော် အဖွင့်၌လည်း ယခုကာလ မျက်မြင် သံဃာလောကတွင် စိတ်ဝင်စားမှုကို အထူးတားမြစ်၍ ရှေးရှေးက အရိယာသံဃာတော်များနှင့် ပုထုဇဉ် သီလရှိသော သံဃာတော်များကို ရည်မှန်း၍ အာရုံပြုတတ်ဖို့ရာ ဝတ္ထုပေါင်းများစွာကို အချုပ် အချုပ်မျှ ထုတ်ပြထားပါသည်။

**သရဏဂုံနှင့် ငါးပါးသီလ** ထို့နောက် ရတနာသုံးပါး၏ ဂုဏ်ရည်ကို ယုံကြည် ကျေနပ်၍ ဆည်းကပ် ကိုးကွယ်သူသည် "သရဏဂုံ တည်သူ" ဖြစ်ရကား သရဏဂုံတည်လျှင် ငါးပါးသီလကိုလည်း နေ့စဉ်မပြတ် စောင့်ထိန်းမှသာ သူတော်ကောင်းပီသရာ ရောက်သော ကြောင့် ယခုကာလ အများသုံး "ဩကာသ"မှ စ၍ ငါးပါးသီလ တိုင်အောင် ဖွင့်ပြထားပါသည်။

**ရှစ်ပါးသီလ** ထို့နောက် ရုံဖန်ရံခါ ဥပုသ်စောင့်ရာဝယ် လိုက်နာဖွယ် ရာ အချက်များနှင့်တကွ စောင့်ထိန်းအပ်သော သိက္ခာ ပုဒ်များ၏ အကျိုးကို အမျိုးမျိုး ယုတ္တိပြလျက် ခေတ်ကာလ စဉ်းစား သူတို့၏ ဉာဏ်နှင့် သင့်တင့်အောင် မှန်းထား၍ တခမ်းတနား ရေးသားထားပါသည်။

**အာဇီဝဋ္ဌမကသီလ** ထို့နောက် ဗုဒ္ဓဘာသာစစ်စစ် သူတော်ကောင်း ဖြစ်ရိုးမှန်လျှင် မိမိ၏ အသက်မွေးမှုကို စင်ကြယ် စေ၍ တရားနည်းလမ်းကျအောင် ပြုထိုက်သောကြောင့် "အာဇီဝဋ္ဌ– မကသီလ"ကိုလည်း ဖွင့်ပြထားပါသည်။

**နဝင်္ဂသီလ ၁၀ပါးသီလ** ထို့နောက် –ယခုအခါ အချို့သူတော်ကောင်းတို့ ၉ ပါး၊ ၁၀ ပါးသီလများကို ဆောက်တည်လေ့ရှိသောကြောင့် ထိုသီလများ ဆောက်တည်ရာဝယ် စောင့်ရှောက်ဖွယ် များကို အချုပ်မျှ ရေးသားထားပါသည်။

**ဒုစရိုက် စသည်** ထို့နောက် ဗုဒ္ဓဘာသာတိုင်း သိဖွယ် ကျင့်ဖွယ် ဖြစ်သော ဒုစရိုက် သုစရိုက် ပုညကြိယဝတ္ထုများ ကို အကျဉ်းအကျယ် ခွဲခြား၍ သိသာရုံ အချုပ်မျှ ထုတ်ပြထားသည်။

**ကံ ကံ၏အကျိုး** ထို့နောက် အများမျက်မြင် နေ့စဉ် အကျိုးပေး ဟန်ကို ရှေးကံနှင့် ဆက်သွယ်၍ လူငယ်များပင် နားဝင်လောက်အောင် ကံ ကံ၏ အကျိုးကို ယုံကြည်သော သမ္မာဒိဋ္ဌိ (ကမ္မဿကတာဉာဏ်) ဖြစ်ပေါ်စေနိုင်သော ပဏ္ဍာသ ပါဠိတော်ကြီး လာ ကမ္မဝိဘင်္ဂသုတ်တော်ကို ဘာသာပြန်ထားပါသည်။

**ကံ ဉာဏ် ဝီရိယ** ထို့နောက် အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် ရှေးကံကိုသာ တထစ်ချ အားကိုးတတ်ကြလေရာ ထိုသို့ အားမကိုးဖို့ရန် ဉာဏ်နှင့် ဝီရိယ **အချက်များကိုလည်း** အမြွက်အားဖြင့် ထင်ရှားအောင် ဖော်ပြထားပါသည်။

**ဆုတောင်းခန်း** ထို့နောက် အများနှင့်ဆိုင်သော ဆုတောင်းနည်းကို ပါရမီဖြည့်ဖို့ အရေး၌ လေးလေးပင်ပင် စီစဉ်၊

http://www.dhammadownload.com

ည အချိန်ဒါန်း

ညွှန်ပြ၍ နေ့စဉ် ဒါနမှုဝယ် အတိုချုပ် ဆုတောင်းဟန်ကိုလည်း စီမံ ရေးသားထားပါသည်။

**နိဂုံး** ဤမျှလောက်သော အစီအစဉ်ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ သိဖွယ်များ အထိုက်အလျောက် လုံလောက်ပြီဖြစ်ရကား ဘုရားအဖြစ်တော်စဉ်နှင့်တကွ စာရှုသူအများပင် သတိပြုဖွယ် ကောင်းလှသော သမုဒ္ဒဝါဏိဇဇာတ်တော်ကို အကျဉ်းချုပ်၍ နိဂုံးအုပ်လိုက်ပါသည်။

၁၂၉၃–ခု၊ တပို့တွဲလ **အရှင်ဇနကာဘိဝံသ**

http://www.dhammadownload.com



# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ

## (က) ဘုရားဂုဏ်တော်ဖွင့်များ


| | | |
|---|---|---|
| ၁။ | ရုပ်ပုံတော်ဖွင့် | ၁ |
| ၂။ | ရောင်ခြည်တော်ဖွင့် [ရောင်ခြည်တော် ပြသနာ ပါသည်။] | ၅ |
| ၃။ | စေတီတော်ဖွင့် [ဘုရား ပုထိုးခေါ်ပုံနှင့် ဘုရား ဒြပ်တော်ကို အာရုံပြုသင့်ပုံ။] | ၁၃ |
| ၄။ | ဘုရားဂုဏ်တော်ပြ ပါဠိတော်ဖွင့် | ၂၅ |
| ၅။ | အရဟံ ဂုဏ်တော်ဖွင့် | ၂၆ |
| ၆။ | သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့် | ၂၉ |
| ၇။ | ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ဖွင့် | ၃၂ |
| ၈။ | သုဂတ ဂုဏ်တော်ဖွင့် | ၃၆ |
| ၉။ | လောကဝိဒူ ဂုဏ်တော်ဖွင့် | ၃၉ |
| ၁၀။ | အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့် | ၄၆ |
| ၁၁။ | သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ဖွင့် | ၄၉ |
| ၁၂။ | ဗုဒ္ဓဂုဏ်တော်ဖွင့် | ၅၃ |
| ၁၃။ | အိမ်သုံးမဂ္ဂင်ရှစ်ပါးနှင့် ဗုဒ္ဓါနုဿတိမဂ္ဂင် ရှစ်ပါး | ၅၉, ၆၂ |
| ၁၄။ | ဘဂဝါဂုဏ်တော်ဖွင့် [အရပ်တော်အဆုံးအဖြတ်] | ၆၆ |
| ၁၅။ | ဘုရားရှိခိုး ဂါထာဖွင့် | ၈၆ |

http://www.dhammadownload.com



၁၆။ ဂုဏ်တော် ၉ ပါး ဆက်သွယ်နည်း ၈၈
၁၇။ ဂုဏ်တော်အကျိုး [မိဖုရားစောလုံဝတ္ထု] ၉၂

## (ခ) တရားဂုဏ်တော်ဖွင့်များ

၁။ တရားဂုဏ်တော်ပြ ပါဠိတော်အဖွင့် ၉၆
၂။ သွာက္ခာတ ဂုဏ်တော်ဖွင့် ၉၇
၃။ သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့် ၁၀၅
၄။ အကာလိက ဂုဏ်တော်ဖွင့် ၁၀၈
၅။ ဧဟိပဿိက ဂုဏ်တော်ဖွင့် ၁၀၉
၆။ ဩပနေယျိက ဂုဏ်တော်ဖွင့် ၁၁၄
၇။ ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်ဖွင့် ၁၁၇
၈။ တရားရှိခိုး ဂါထာဖွင့် ၁၁၈
၉။ တရားပူဇော်နည်း ၁၂၃

## (ဂ) သံဃာ့ဂုဏ်တော်ဖွင့်များ

၁။ သံဃာ့ဂုဏ်တော်ပြ ပါဠိတော်အဖွင့် ၁၂၇
၂။ သုပ္ပဋိပန္န ဂုဏ်တော်ဖွင့် ၁၂၈
၃။ ဥဇုပ္ပဋိပန္န ဂုဏ်တော်ဖွင့် ၁၃၁
၄။ ဉာယပ္ပဋိပန္န ဂုဏ်တော်ဖွင့် ၁၃၄
၅။ သာမိစိပ္ပဋိပန္န ဂုဏ်တော်ဖွင့် ၁၃၇
၆။ ပုရိသယုဂါဒိပါဠိ အဖွင့် ၁၄၀
၇။ အာဟုနေယျ ဂုဏ်တော်ဖွင့် ၁၄၁

http://www.dhammadownload.com




| | | |
|---|---|---|
| ၈။ | ပါဟုနေယျ ဂုဏ်တော်ဖွင့် | ၁၄၄ |
| ၉။ | ဒက္ခိဏေယျ ဂုဏ်တော်ဖွင့် | ၁၄၅ |
| ၁၀။ | အဥ္စလိကရဏီယ ဂုဏ်တော်ဖွင့် | ၁၅၁ |
| ၁၁။ | အနုတ္တရပုညခေတ္တ ဂုဏ်တော်ဖွင့် | ၁၅၄ |
| ၁၂။ | သံဃာ့ရှိခိုး ဂါထာဖွင့် | ၁၅၈ |
| ၁၃။ | သာသနာတော် ဆောင်ရွက်ခဲ့ပုံ အစဉ် | ၁၆၂ |

**(ဃ) သရဏဂုံသီလဆောက်တည်မှုနှင့် ဆိုင်ရာများ**

| | | |
|---|---|---|
| ၁။ | ဩကာသအဖွင့် [အခါကြီးရက်ကြီးများ၌ ကန်တော့နည်း အမျိုးမျိုးပါသည်။] | ၁၆၈ |
| ၂။ | ငါးပါးသီလ ခံယူကြပုံအစဉ် | ၁၈၄ |
| ၃။ | ငါးပါးသီလတောင်း အဖွင့် | ၁၈၉ |
| ၄။ | သရဏဂုံအဖွင့် | ၁၉၃ |
| ၅။ | ငါးပါးသီလ သိက္ခာပုဒ်များ | ၂၀၁ |
| ၆။ | ပါဏာတိပါတအဖွင့် | ၂၀၂ |
| ၇။ | အဒိန္နာဒါန အဖွင့် | ၂၀၇ |
| ၈။ | ကာမေသုမိစ္ဆာစာရ အဖွင့် | ၂၁၀ |
| ၉။ | မုသာဝါဒအဖွင့် [စေတီယဇာတ်] | ၂၁၅ |
| ၁၀။ | သုရာမေရယ အဖွင့် | ၂၂၄ |

**(င) ဥပုသ်သီလ ဆိုင်ရာများ**

| | | |
|---|---|---|
| ၁။ | သီလတောင်းအဖွင့် | ၂၃၀ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၂။ | ရှစ်ပါးသီလ သိက္ခာပုဒ်များ | ၂၃၁ |
| ၃။ | အဗြဟ္မစရိယအဖွင့် | ၂၃၁ |
| ၄။ | ကောမာရဗြဟ္မစရိယသီလ ဆောက်တည်ပုံ | ၂၃၄ |
| ၅။ | ဝိကာလဘောဇနအဖွင့် | ၂၃၄ |
| ၆။ | နစ္စ ဂီတနှင့် ဥစ္စာသယန သိက္ခာပုဒ်အဖွင့် | ၂၃၇ |
| ၇။ | ဥပုသ်သီလများ၌ စဉ်းစားဖွယ် | ၂၄၁ |
| ၈။ | ဥပုဒ်အမျိုးမျိုး | ၂၄၆ |
| ၁၀။ | အာဇီဝဋ္ဌမကသီလအဖွင့် | ၂၅၂ |
| ၁၁။ | နဝင်္ဂဥပုသ်သီလဖွင့် | ၂၆၀ |
| (စ) | ဒုစရိုက် – သုစရိုက်အဖွင့် | ၂၆၈ |
| (ဆ) | ပုညကြိယာဝတ္ထုအဖွင့် | ၂၇၁ |
| (ဇ) | ကံ ကံ၏ အကျိုးအဖွင့် | ၂၇၃ |
| (ဈ) | ကံ ဉာဏ် ဝီရိယအဖွင့် | ၂၇၉ |
| (ည) | ဆုတောင်းခန်းအဖွင့် | ၂၈၆ |
| (ဋ) | ဘုရားအဖြစ်တော်စဉ်နှင့် နိဒါန်း | ၂၉၇ |
| (ဌ) | လက္ခဏာတော်ကြီးဘုရားရှိခိုး | ၃၅၀ |
| (ဍ) | လက္ခဏာတော်ငယ် (၈၀) | ၃၅၆ |


မာတိကာ ပြီးပြီ။

http://www.dhammadownload.com

# ရတနာ့ဂုဏ်ရည်

## ရုပ်ပုံတော်ဖွင့်

### (ကျက်မှတ်ရန်)

ပစ္ဆိမံ ဖလဒါနေန, ဗဟုံ ပစိတပါရမိံ၊
ယဿ ဝေသံ သုမာပေန္တိ, ကေနာပိ အသမံ သမံ။

ဗဟုံ–ဉာဏ်ဉာဏ်မျှ, ဂဏန်းချ၍, မရနိုင်းညှိ, အတိုင်းမရှိရလေအောင်၊ ပစိတပါရမိ– လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုဆောင်း, ပါရမီအတော် သပေါင်းတို့သည်၊ ပစ္ဆိမံ ဖလဒါနေန– ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, အဆုံးစွန် အကျိုးပေးသောအားဖြင့်၊ ယဿ ဘဂဝတော– အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဝေသံ–ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ– လူမင်း, နတ်မင်း, ဗြဟ္မာမင်းဝယ် ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ– လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်ဘိုင်းကာ, မနှိုင်းသာသည်ဖြစ်၍၊ သမံ–တစ်ကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, မွှူရာဇ်သိင်္ဂီ, နာရဏီမျှ, သာကီဝင်သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေအောင်၊ သုမာပေန္တိ– တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်းသို့, ဆန်းအဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်းလိုက်ကြပေသည် တကား။

http://www.dhammadownload.com



## ကြည့်ရှုရန် အစီပွာယ်

ဘုရားရှင်၏ ကောင်းမှုပါရမီတော်များသည် "ဤ၍ ဤမျှ ရှိ၏"ဟု ဂဏန်းချလျက် နှိုင်းဆရေတွက်၍ မရလောက်အောင် များပြောင်လှပေ၏။ ကမ္ဘာလောကဌ် ရှိသမျှ သတ္တဝါအပေါင်း၏ ကောင်းမှု ပါရမီတွေကို စုပေါင်း၍ အဆတစ်ရာ မြှောက်ပြီးလျှင် တစ်ဆူသော ဘုရားရှင်၏ ပါရမီကုသိုလ်နှင့် နှိုင်းယှဉ်သည်ရှိသော် ဘုရားရှင် တစ်ဆူ၏ ကုသိုလ်ကောင်းမှုတော်ကပင် သာလွန်ဖွယ် ရှိသည်ဟု ကျမ်းဂန်များဌ် ဆို၏။ ထိုမျှလောက် များပြားသော ပါရမီတော်တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး စုဆောင်းတော်မူခဲ့သောကြောင့် "ဤ၍ ဤမျှ – မည်၍ မည်မျှ ရှိသည်"ဟု ပါရမီတော်များကို ရေတွက်၍ မရနိုင်တော့ပြီ။

**အသင်္ချေတွက်ပုံ။** ။ကမ္ဘာကြီး တည်၍ ပျက်စီးသည့်တိုင် အောင်သော အခါကို "တစ်ကပ်–တစ်ကမ္ဘာ"ဟု ခေါ်၏။ အလျား အနံ တစ်ယူဇနာရှိသော "ဂိုဒေါင်"တိုက်ကြီးအတွင်းဌ် မုန်ညင်းစေ့များ ကို သွင်းပြီးလျှင် အနှစ်တစ်ရာကြာမှ တစ်စေ့ကျ ယူပစ်ရာ ထိုမုန်ညင်း စေ့များ ကုန်သွားသော်လည်း တစ်ကမ္ဘာမကုန်သေးဟု ဘုရားရှင် မိန့် တော်မူသည်။ [နိဒါနဝဂ္ဂ– အနမတဂ္ဂသံယုတ်၊ ကာသပသုတ် ပါဠိတော်] ထိုမျှကြာသော ကမ္ဘာပေါင်း မည်မျှရှိပြီဟု ရေတွက်၍ မရလောက်အောင် များပြောင်သော ကမ္ဘာကို အသင်္ချေဟု ဆိုသည်။ ထိုသို့ ရေတွက်၍ မရသောကြောင့် ဘုရားတစ်ဆူနှင့် တစ်ဆူအကြားဌ် တစ်အသင်္ချေဟု မှတ်ထားရသော လေးကြိမ်ကို "လေးအသင်္ချေ"ဟု ဆိုရသည်။

http://www.dhammadownload.com



ထိုလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းသည် ဘုရားတစ်ဆူတစ်ဆူ၏ ပါရမီဖြည့်ရာ အမြန်ဆုံး အချိန်အခါတည်း။ အချို့ ဘုရားရှင်များမှာ ပါရမီဖြည့်ဖို့ရာ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာသည်။

ထို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး စုဆောင်းတော်မူအပ်ခဲ့သော ပါရမီတော်တို့သည် အလွန့်အလွန် များပြားရကား အကျိုးပေးခွင့် အလှည့်မရဘဲ အကျိုးပေးမည်ဟု တခဲခဲ နေခဲ့ကြရာ သိဒ္ဓတ်မင်းသား ဘုရားဖြစ်မည့် ဘဝ၌ကား ခန္ဓာကိုယ် အရေးနှင့်စပ်၍ နောက်ထပ် အကျိုးပေးခွင့် မရှိ၊ အဆုံးစွန် အကျိုးပေးရမည့် အခါကြီး ဖြစ်ပေသည်။

ထို့ကြောင့် ထိုပါရမီများသည် ရှင်တော်ဘုရားကို မျက်နှာတော် ကျက်သရေရှိအောင်လည်းကောင်း၊ လက်တော်ခြေတော် ပြေပြစ် ညက်သော ချောမောအောင်လည်းကောင်း၊ ကိုယ်လုံးတော်နှင့် အရပ် တော် ခန့်ညားညီညွတ်အောင်လည်းကောင်း၊ ဤသို့အားဖြင့် တစ်ကိုယ် လုံး၏ အသွင်အပြင် အရပ်ရပ်၌ ယောကျ်ားမြတ်တို့၏ အမှတ်အသား ဖြစ်သော လက္ခဏာတော်ကြီး ၃၂ပါး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်များဖြင့် တံဆိပ်ခတ်လျက် အလွန်တင့်တယ် သပ္ပာယ်စွာ ဖန်ဆင်းလိုက်ရကား လူမင်း, နတ်မင်း, ဗြဟ္မာမင်းဝယ် ဘယ်သူ တစ်ယောက်နှင့်မျှ နှိုင်းပြိုင်၍မရဘဲ ဇမ္ဗူရာဇ်သီဂိ နာရဏီရွှေတုံး ရွှေနှစ်ကဲ့သို့ သာကီဝင်မင်းမျိုးတွင် အလှပဆုံး အယဉ်ကျေးဆုံး ဖြစ်ပါပေသည်။

http://www.dhammadownload.com



ထိုသို့ ဖန်ဆင်းရာ၌ ပါရမီတော်များသည် သူမရ ငါမရ အလုအယက် အကျိုးပေးကာ လောက၌ ဆန်းလေသမျှ စခန်းစုံအောင် အစွမ်းကုန် ဖန်ဆင်းလိုက်သည့် အခါကြီးဖြစ်၍ ဘုရားရှင်၏ ပုံဟန်တော်သည် ဖူးမြော်၍ မဝနိုင်အောင် တက်သစ်စနေဝန်း၊ ထွန်းသစ်စလစန်းနှင့် ပွင့်ခါစပန်းကဲ့သို့ လန်းလန်းဆန်းဆန်း ရွှန်းရွှန်းဝေဝေ အလွန်ကျက်သရေ ရှိတော်မူပါပေသည်။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ တာဝတိံသာ နတ်ပြည်ဝယ် နတ် ဗြဟ္မာတို့၏ အလယ်မှာ အဘိဓမ္မာတရားကို ဟောတော်မူ၏။ ထိုအခါ ထို နတ် ဗြဟ္မာတို့၏ ရုပ်အဆင်းထက် ဘုရားရှင်၏ အဆင်းတော်က သာလွန်၍ တင့်တယ်တော်မူပါပေသတဲ့။

ထိုစကားကို ဆိုသင့်ပါပေ၏။ နတ် ဗြဟ္မာတို့သည် အလွန်လှကြပါပေလိမ့်မည်။ သို့သော် သူတို့ကိုယ်တွင်း၌ ရာဂ၊ ဒေါသစသော အညစ်အကြေး မကင်းပါ။ ဘုရားရှင်ကား အညစ်အကြေးကင်း၍ သန့်ရှင်းသော စိတ်တော်ဝယ် သဗ္ဗညုတဉာဏ်တော်နှင့် မေတ္တာကရုဏာတော် ထုံမွှမ်းလျက်ရှိသောကြောင့် သာလွန်နိုင်ပါသည်။

ထိုမျှလောက်သပ္ပာယ်၍ တင့်တယ်သော ရုပ်ပုံတော်သခင် ဘုရားရှင်ကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်၍လျှင် တရားစစ် တရားမြတ်ကို အနားဝပ်လျက် မြတ်နိုးလှစွာ မနာလိုက်ရခြင်းမှာ ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့ လွန်စွာ ကံဆိုးလှချေတကား။ သို့သော် ဘုရားရှင်၏ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ သတိပဋ္ဌာန် စသည်ဖြင့် အဖိုးတန်တရားတော်ကြီးများ မပျက်မပြား တည်ရှိနေသေးသောကြောင့် ထို

http://www.dhammadownload.com



တရားတော်များကို ကိုယ်တွေ့လိုက်စား၍ တရားထူးရအောင်၊ တရားထူးမရသေးလျှင် နှောင်ပွင့်တော်မူလာမည့် အရိမေတ္တေယျ ဘုရားရှင်ကို ဖူးမြင်နိုင်အောင် ယခုကပင် ကြိုးစားကြပါလေ။

## ရောင်ခြည်တော်ဖွင့်

### (ကျက်မှတ်ရန်)

နီလာယော နီလဌာနမှာ,
ပီတာ ဒါထာစ လောဟိတာ၊
တမှာ တမှာ စ မဥ္ဇိဌာ,
နိက္ခမိံသု ပဘဿရာ။

ယဿ ဘဂဝတော– အကြင် ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ နီလဌာနမှာ– ဆံမုတ်ဆိတ်တော်, မျက်နက်တော်မှ, စ၍ထိုထို, ညိုရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ နီလာယော– နီလာရွှဲညို, ဖဲအညိုနှင့်, ကြာညိုပွင့်ချပ်, မြညိုယပ်သို့, လျှပ်လျှပ်စိုပြောင်, ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ နိက္ခမိံသု– ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။ ပီတ– ဌာနမှာ– ကိုယ်အရေတော်, မျက်လုံးတော်မှ, စ၍ထွေထွေ, ရွှေရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ ပီတာစ–ရွှေနှစ်သီဂီ, ရွှေအထည်နှင့်, ရွှေရည်ယဉ်သန်း, ရွှေစင်ပန်းသို့, လျှမ်းလျှမ်းထိန်ဝေ, ဝါရွှေသော ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိံသု–ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။ ဩဒါတဌာနမှာ– အရိုးတော် သွားတော် မျက်ဖြူတော်မှ, စ၍ဖွေးလူ,

http://www.dhammadownload.com



ဖြူရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ ဩဒါတာစ– ငွေလရောင်ခြည်, ငွေအထည်နှင့်, ငွေရည်ယဉ်သန်း, ငွေစင်ပန်းသို့, လျှမ်းလျှမ်းဖွေးလူ, ဖြူဝင်းသော ရောင်ခြည်တော်တို့သည်လည်း၊ နိက္ခမိသု–ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက်ကွန့်မြူးတော် မူကြလေကုန်ပြီ။

လောဟိတဌာနမှာ– အသားတော် အသွေးတော်, နှုတ်ခမ်းတော်မှ, စ၍ ထိုဥ်, နီရောင်ဖိတ်ဖိတ်, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ လောဟိတာစ– ကမ္ဗလာနီ, သန္တာနီနှင့်, ကြာနီပွင့်ချပ်, ပတ္တမြားယပ်သို့, လျှပ်လျှပ်ထိန်ကြည်, နီသောရောင်ခြည်တော်တို့သည်လည်း၊နိက္ခမိသု– ဝန်းကျင်အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။ အမှာ တမှာ စ–လက် ခြေဖဝါးတော်, လက်သည်းတော်မှ, စ၍ခပင်း, မကြွင်းထိုထို, ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ၊ မဉ္ဇိဋ္ဌာစ– ထန်းကျင့်နီပဆေး, ပန်းရောင်သွေးသို့, နီတွေးလွင်လွင်, ဝါကြင်ကြင် လောင်း, မောင်းသော ရောင်ခြည်တော် အပေါင်းတို့သည်လည်းကောင်း၊ ပဘဿရာစ–နဘံ အစ္ဆော*, ဝသန္တာဝယ်, သံဝါထစ်ချုန်း, မိုးရွာတုန်း၌, ရန်းရင်းပြက်သန်း, လျှပ်စစ်ပန်းသို့, ပျံမြန်းပြိုးပြက်, တလက်လက် ထွက်သော ရောင်ခြည်တော်တို့သည်လည်းကောင်း၊ နိက္ခမိသု–ဝန်းကျင် အထက်, ဝဲယာယှက်၍, မြန်းထွက် ကွန့်မြူးတော်မူကြလေ ကုန်ပြီ။

---

* မှတ်ချက်။ ။ အထက်ကောင်းကင်ကို "နဘံ အစ္ဆော" မိုးအခါကို "ဝသန္တာ"ဟု ခေါ်သည်။ မိုးလအခါ အထက်ကောင်းကင်ဝယ် မိုးရွာတုန်း၌ လျှပ်စစ်များ ပျံသန်းသလို ဝင်းခနဲ လက်ခနဲလည်း ရောင်ခြည်တော်များ ထွက်တော်မူကြသည်။

http://www.dhammadownload.com



## ကြည့်ရှုရန် အစီပွာယ်

**နီလရောင်ခြည်တော်**။ ။ဘုရားရှင်၏ ဆံမုတ်ဆိတ်တော်နှင့် မျက်လုံးတော်အတွင်းက မျက်နက်ဝန်းတော်တို့သည် အညိုရောင်တောက်ပ၍ တင့်တယ်တော်မူကြကုန်၏။ ထိုကဲ့သို့ ပင်ကိုအားဖြင့် ညိုမှောင်သော ကိုယ်အင်္ဂါတော်၏ အစိတ်အပိုင်းမှ နီလရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤနီလရောင်ခြည် ထွက်တော်မူသောအခါ ဣန္ဒနီလာကျောက်ရတနာအဆင်း၊ ရွှဲညိုအဆင်း၊ တဖိတ်ဖိတ်တောက်သော ဖဲပဝါညိုအဆင်း၊ ကြာညိုပွင့်ချပ်အဆင်း၊ မြရတနာဖြင့် ပြုအပ်သော ယပ်တောင်အဆင်း၊ စသည်နှင့် တူစွာ အလွန် ကြည်နူးဖွယ်ကောင်းသော ညိုညိုမှောင်မှောင် အရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲယာဖက်နှင့် အထက်အောက် (ယက်ဝန်းကျင်) အရပ်ပဒို့၌ အိမ်လုံ· တောင်လုံးခန့်မျှလည်းကောင်း၊ ထို့ထက် ကြီးမားစွာလည်းကောင်း အနံ့အပြား ပျံ့သန်းကွန့်မြူးကာ အထူး ကျက်သရေရှိပါပေသည်။

**ပီတရောင်ခြည်တော်**။ ။ဘုရားရှင်၏ ကိုယ်အရေတော်နှင့် မျက်လုံးတော် အထက်က မျက်ခွံတော် စသော အရေတော်တို့သည် ဝါဝါဝင်းဝင်း ရွှေအဆင်းကဲ့သို့ လွန်မင်းစွာ တင့်တယ်ကြကုန်၏။ ထိုသို့ ပင်ကိုအားဖြင့် ရွှေအဆင်းရှိနေသော ကိုယ်အင်္ဂါ အစိတ်အပိုင်းမှ ပီတရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ထို ပီတရောင်ခြည် ထွက်တော်မူသောအခါ "သိင်္ဂနိက်"ဟု ခေါ်သော သိင်္ဂီရွှေစင် ရွှေနှစ်အဆင်း၊ ရွှေပြား ရွှေထည်အဆင်း၊

http://www.dhammadownload.com



တသွင်သွင် စီးသွားသော ရွှေရည်အဆင်း၊ ရွှေပန်းအဆင်း စသည်နှင့် တူစွာ အလွန် ကြည်နူးဖွယ်ရှိသော ဝါရွှေရွှေအရောင်တော်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင် အရပ်၌ အိမ်လုံး တောင်လုံးခန့်မျှ လည်းကောင်း၊ ထို့ထက် ကြီးမားစွာလည်းကောင်း ပျံသန်း ကွန့်မြူးလျက် အထူး ကျက်သရေရှိပါပေသည်။

**ဩဒါတရောင်ခြည်တော်။** ။ဘုရားရှင်၏ အသားတော် အတွင်း၌ရှိသော အရိုးတော် သွားတော် မျက်ဖြူတော် စသည်တို့မှာ လွန်စွာ ဖြူဝင်း သန့်ရှင်း တင့်တယ်ပါပေကုန်၏။ ထိုသို့ ပင်ကို အားဖြင့် ဖြူဝင်းသော ကိုယ်အင်္ဂါတော် အစိတ်အပိုင်းမှ ဩဒါတ ရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤ ဩဒါတရောင်ခြည် ထွက်တော်မူသောအခါ ငွေအရောင် တောက်ပသော အရောင်အဆင်း၊ ငွေပြားငွေထည်အဆင်း၊ ကူးသန်း သွားလာသော ငွေရည်အယဉ် ငွေပန်းအဆင်း စသည်တို့နှင့် တူစွာ အလွန်ကြည်နူးဖွယ်ရှိသော ဖြူဝင်းသော အရောင်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင် အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှ လည်းကောင်း၊ ထို့ထက် ကြီးမားစွာလည်းကောင်း အနံ့အပြား ပျံသန်း ကွန့်မြူးလျက် အထူး ကျက်သရေရှိပါပေသည်။

**လောဟိတရောင်ခြည်တော်။** ။ဘုရားရှင်၏ အရေတော် အတွင်းက အသားတော် အသွေးတော်နှင့် နှုတ်ခမ်းတော် စသည်တို့မှာ လွန်စွာ နီမြန်းပါပေကုန်၏။ ထိုကဲ့သို့ ပင်ကိုအားဖြင့် နီနီတွေးတွေး ဟင်္သပြဒါးသွေးနှင့်တူသော ကိုယ်အင်္ဂါ အစိတ်အပိုင်းမှ လောဟိတ

http://www.dhammadownload.com



ရောင်ခြည်များ ထွက်တော်မူကြသည်။ ဤ လောဟိတရောင်ခြည် ထွက်တော်မူသောအခါ ကမ္ဗလာနီအဆင်း၊ "သန္တာ"ဟု ခေါ်အပ်သော ရတနာနီအဆင်း၊ ကြာနီပွင့်အဆင်း၊ ပတ္တမြားယပ်အဆင်း စသည် တို့နှင့်တူစွာ ကြည်နူးဖွယ်ကောင်းသော အနီရောင်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင်အရပ်၌ အိမ်လုံးတောင်လုံးခန့်မျှလည်းကောင်း၊ ထို့ထက် ကြီးမားစွာ လည်းကောင်း ပျံသန်း ကွန့်မြူးလျက် အထူး ကျက်သရေ ရှိပါပေသည်။

**မဉ္ဇိဋ္ဌရောင်ခြည်တော်။** ။မောင်းသော အဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်များကား အဝါဖက်လည်းမကျ, အနီရင့်ဖက်လည်းမကျ, နီကြင်ကြင် ဝါကြင့်ကြင့်ရှိသော ကိုယ်အင်္ဂါတော်၏ ထိုထိုအရပ်မှ ထွက်တော်မူကြသည်။ ဤ မဉ္ဇိဋ္ဌရောင်ခြည် ထွက်တော်မူသောအခါ အချို့အရပ်တို့၌ ရှိသော ထန်းကျင့်ပင်၊ သို့မဟုတ် "နီပဆေး"ဟု ခေါ်အပ်သော သစ်ပင်၏ အတွင်းသား အဆင်းကဲ့သို့ အဝါရင့်၊ ပန်းရောင်အစုံ၊ အနီနုပုံသဏ္ဌာန် အင်မတန် ကြည်နူးဖွယ်ကောင်းသော ရောင်ခြည်တော်တို့သည် ဘုရားရှင်၏ ဘက်ဝန်းကျင် အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှလည်းကောင်း၊ ထို့ထက် ကြီးမားစွာ လည်း ကောင်း အနှံ့အပြား ကွန့်မြူးလျက် အထူး ကျက်သရေရှိပါပေသည်။

**ပဘဿရ ရောင်ခြည်တော်။** ။ပြိုးပြိုးပြက် ထွက်သော "ပဘဿရ" ရောင်ခြည်တော်၏ **အဆင်းကား** ရှေးရောင်ခြည်တော် ငါးသွယ်၏ အဆင်းပင် ဖြစ်သည်။ **ထွက်တော်မူပုံ** ထူးသောကြောင့် ရောင်ခြည်တော်တစ်ပါးဟု ခွဲထားရသည်။ ရှေးရောင်ခြည်တော်များမှာ

http://www.dhammadownload.com



အဆက်မပြတ်ဘဲ အိမ်လုံး တောင်လုံးခန့် စသည်ဖြင့် ကြီးကြီးမားမား ကျယ်ဝန်းစွာ ပုံ့နှံ့ကွန့်မြူးလျက် ထွက်တော်မူကြသည်။

ဥပမာ–ညိုသော ရောင်ခြည်တော်ဆိုလျှင် လကွယ် သန်းခေါင် အခါ၌ ညိုမှောင်နေသကဲ့သို့ တစ်ဆက်တည်း ညိုမှောင်နေသည်။

ဤ "ပဘဿရ" ရောင်ခြည်တော်ကား တစ်ဆက်တည်းမဟုတ်၊ ကောင်းကင်ဝယ် လျှပ်စစ်ပြက်သလို ပြိုးခနဲ ပြက်ခနဲ လက်ခနဲဖြစ်ကာ အရောင်အမျိုးမျိုးဖြာလျက် တစ်မျိုးအားဖြင့် ကျက်သရေရှိအောင် ထွက်တော်မူကြသည်။ ဤကဲ့သို့ လင်းခနဲ လက်ခနဲနှင့် ပြိုးပြိုးပြက်ပြက် ထွက်တော်မူရာဝယ် "ပိုးစုန်းကြူး"ဟု ခေါ်အပ်သော ပိုးကောင်ကလေးများ ညအခါ၌ လက်သလို သေးသေးသိမ်သိမ် မဟုတ်၊ မှန်အပြင် ကြေးမုံအပြင်ပေါ်မှာ လရောင် ဓာတ်မီးရောင် ဟပ်သကဲ့သို့ ကတ်ကတ်သတ်သတ် မထင်မရှားဖြင့် မလင်းတလင်းမျိုးလည်း မဟုတ်၊ ကြီးကြီးမားမား ထင်ရှားစွာ ထွက်တော်မူကြပေသည်။

**ရောင်ခြည်တော်ပြဿနာ။** ။ပြခဲ့သည့်အတိုင်း "ရောင်ခြည်တော်" ဟူသည် ဘုရားရှင်၏ ကိုယ်ခန္ဓာ၌ တည်ရှိသော အဆင်းတော်နှင့်တကွစွာ အတွင်းစိတ်တော်၏ ကြည်လင်သန့်ရှင်းမှုကြောင့် တန်ခိုးဣဒ္ဓိပါဒ်တော် အစွမ်းဖြင့် အဆက်ဆက် ဖြာ၍ထွက်သော အရောင်များပင် ဖြစ်သည်။ ယခုအခါ၌ လရောင် ဓာတ်မီးရောင် စသည်တို့ ဟပ်သဖြင့် ဘုရားရှင်နှင့်စပ်သော အရာဝတ္ထုများ၌ တစ်ခုခု အရောင်ကလေး တွေ့လျှင် "တကယ်ရောင်ခြည်တော်ပဲ" ဟု ပြောကြဆိုကြ ကောလာဟလ ဖြစ်နေကြသည်မှာ ဘာသာခြားလူမျိုးတို့

http://www.dhammadownload.com



ပြက်ရယ် ပြောင်လှောင်စရာ ဖြစ်သောကြောင့် အဆင်ခြင်နည်းပါးသူ အချို့လူများအတွက် ဘုရားရှင် ကိုယ်တော်မြတ်မှာ ဂုဏ်တော် မတက်ဘဲ ဂုဏ်ပျက်ဖွယ်သာ ရှိသဖြင့် ဝမ်းနည်းဖွယ် ကောင်းလှချေသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်က ရွှေသည်များ၏ ပယောဂဖြင့် မန္တလေး မဟာမြတ်မုနိ ရုပ်ပုံတော်မှ ခဏခဏ ရောင်ခြည်တော် လွှတ်နေကြောင်းကို မင်းတုန်းမင်း တရားကြီး ကြားသိတော်မူ၍ "ယနေ့ကစပြီး ဘုရားက ရောင်ခြည်တော် မလွှတ်စေနှင့်"ဟု တားမြစ်ရဖူးသတဲ့။

## မိလိန္ဒမင်းအား အရှင်နာဂသိန် ဖြေပုံ

## [ဤနေရာဝယ် စေတိယပါဠိဟာရိယ အစန်း၌ မိလိန္ဒမင်းအား အရှင်နာဂသိန် မိန့်တော်မူပုံကို မှတ်သားသင့်၏။]

**အရှင်နာဂသိန်။** ။မဟာရာဇာ၊ အကြောင်း ၃ မျိုးတွင် တစ်မျိုးမျိုးကြောင့် စေတီတော်မှ ရောင်ခြည်တော် စသော တန်ခိုးများဖြင့် ဖူးမြင်ကြရသည်။

(၁) ရဟန်းတစ်ပါးသည် ပရိနိဗ္ဗာန်စံတော်မမူမီကပင် လူ နတ် တို့ကို သနားတော်မူသောကြောင့် "ငါ၏ အရိုးဓာတ် ဌာပနာရာ စေတီတော်မှ မည်သည့် တန်ခိုးမျိုး ထွက်ပေါ်ရစ်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူတတ်၏။ ထို အဓိဋ္ဌာန် တော်မူချက်ကြောင့်လည်း စေတီတော်မှ ရောင်ခြည်တော် စသော တန်ခိုးများ ပေါ်ထွက်တတ်ပေသည်။

(၂) သာသနာအကျိုးကို များစွာလိုလားသော နတ်တို့သည် "စေတီတော်၌ တန်ခိုးပြရလျှင် သာသနာတော်ကို ပိုမို၍ ကြည်ညိုကြလိမ့်မည်၊ ကြည်ညိုသူတို့မှာ ကုသိုလ်တရား တိုးပွားလိမ့်မည်"ဟု ကောင်းမြတ်သောဆန္ဒဖြင့် တန်ခိုးပြတတ်ကြ၏။

http://www.dhammadownload.com



ထိုသို့ နတ်များ၏ တန်ခိုးပြမှုကြောင့်လည်း စေတီတော်မှ တန်ခိုးပေါ်ထွက် တတ်ပေသည်။

(၃) သဒ္ဓါတရား ထက်သန်သော အမျိုးသား အမျိုးသမီး လူကြီး လူကောင်းတို့သည် ပန်း နံ့သာ အဝတ် စသော လှူဖွယ်ဝတ္ထုများကို စေတီတော်သို့ တင်လှူလျက် "မည်သည့် တန်ခိုးများ ပြပါစေသား" ဟု အဓိဋ္ဌာန် တတ်ကြ၏။ ထိုသို့ သဒ္ဓါထက်သန်သူတို့၏ ထူးခြားသော အဓိဋ္ဌာန်မှုကြောင့်လည်း စေတီတော်မှ တန်ခိုးထွက်ပေါ်တတ်ပေသည်။ ဤသို့ မိလိန္ဒမင်းအား အရှင် နာဂသိန် မိန့်တော်မူသည်။

ဤ အမိန့်တော်ကို ထောက်ထားလျှင် ဘုရားရှင်နှင့် ရဟန္တာများ၏ အထူးအဓိဋ္ဌာန်ထားချက် မရှိသော စေတီတော်မှ ရောင်ခြည်တော်များ ထွက်ဖို့ရန် မဖြစ်နိုင်၊ အကယ်၍ ရောင်ခြည်တော် ထွက်ရိုး မှန်လျှင်လည်း ဆိုင်ရာနတ်များက ဆောင်ပြခြင်းသာ ဖြစ်ရာ၏၊ ဘုရားရှင်၏ အဓိဋ္ဌာန်တော်မူချက်ကြောင့် မဟာ ဗောဓိပင်မှ လည်းကောင်း၊ အရိုးဓာတ်တော်များမှလည်းကောင်း ရောင်ခြည်တော်များ ခမ်းနားစွာ ကွန့်မြူးကြောင်း၊ သာသနာ ကွယ်ပသောအခါ ဓာတ်တော်အားလုံး စုရုံး၍ ဘုရားပွင့်တော်မူရာ မူလ မဟာဗောဓိပင်သို့ ကြွတော်မူပြီးလျှင် ရောင်ခြည် တော်များ ကွန့်မြူးကြလိမ့်မည့် အကြောင်းမျှသာ ကျမ်းဂန်၌ လာသည်။

ထို့ကြောင့် ရုပ်ပွားစေတီတော်များမှ ထွက်သော ရောင်ခြည်တော်ကို ဖူးရသည်ဖြစ်စေ၊ မဖူးရသည်ဖြစ်စေ ဤရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးမှာ လာသည့် အတိုင်း သက်တော်ထင်ရှား ဘုရားရှင်၏ ထက်ဝန်းကျင်ဝယ် အလွန် ကြည်နူးဖွယ် ကောင်းသော ရောင်ခြည်တော် ခြောက်သွယ်တို့၏ စံပယ်ကွန့်မြူးနေပုံကို စိတ်ကူး ဉာဏ်ဖြင့် မှန်းဆ၍ မိမိတို့ အိမ်မှာဖြစ်စေ၊ စေတီတော်၊ ဆင်းတုတော် အနီးအပါးမှာ ဖြစ်စေ၊ ဘုရားအာရုံပြုရင်း ရောင်ခြည်တော်များ ထွက်တော်မူနေပုံကို ထင်ယောင် မြင်ယောင် ဖြစ်လာအောင် ကြိုးစားကြပါ။ သူက ငါက လုပ်၍ ပြသော အတု ရောင်ခြည်များကို ဘုရားရောင်ခြည်တော်ဟု မထင်မှားမိပါစေနှင့်။

---

http://www.dhammadownload.com



# စေတီတော်ဖွင့်

## (ကျက်မှတ်ရန်)

စရံယော ယဒိဝါ တိဋ္ဌ,
နိသိန္နော ဥဒ ဝါ သယံ၊
နိဗ္ဗာယံ ဓာတုဘာဝေန,
ဟိတံ သတ္တာန.မာစရေ။

ယော ကဂုဝါ–အကြင် ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ စရံဝါ–သံဃာတော်များ, ရှေ့တော်ဖျားက, ကြွသွားထိုဍ်၍, စက်တော်ချီလျက်လည်းကောင်း၊ ယဒိ ဝါ တိဋ္ဌ– မကြွမသွား ရွှေတောင်လားသို့, မားမားမတ်မတ်, ရပ်တော်မူလျက်လည်းကောင်း၊ နိသန္နော ဝါ– ပရိသတ်အလယ်, ရောင်ခြောက်သွယ်ဖြင့်, ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေတော်မူလျက်လည်းကောင်း၊ ဥဒဝါသယံ– အမေးပုစ္ဆာ, ဖြေရှင်းကာဖြင့်, ညဉ့်ခါကျော်ပေါ်, လျောင်းတော်မူလျက်လည်းကောင်း၊ နိဗ္ဗာယံ – ဝါ လေးဆယ့်ငါး, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, ဝင်စံတော်မူခါနီးသည်ရှိသော်၊ ဓာတုဘာဝေန– နောင်ခါစင်စစ်, ကိုးကွယ်ရစ်ဖို့, အနှစ်အမွေ, ဓာတ်တော်အနေဖြင့်လည်းကောင်း၊ သတ္တာနံ– သုံးတိုက်ဝေနေ, ဗိုလ်ခြေများစွာ, သတ္တဝါတို့၏၊ ဟိတံ– လူ့ရွာနတ်ဌာန်, နိဗ္ဗာန်အထိ, ချမ်းသာရှိကြောင်း, ကောင်းသော အစီးအပွားကို၊ အာစရေ– ရင်သွေးရာဟု, ပမာရှုလျက်, အမှုသင့်စွာ, ပြုကျင့်ပါပေသည်တကား။

* * * * *

http://www.dhammadownload.com



## ကြည့်ရှုရန် အစီပွာယ်

ဘုရားရှင်သည် "သတ္တဝါအများကို သံသရာ ရေအလျဉ်မှ ကယ်တင်တော်မူမည်"ဟု ရည်ရွယ်တော်မူပြီးလျှင် ဘုရားဖြစ်ဖို့ရန် ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့သည့် အားလျော်စွာ ဘုရားဖြစ်သောအခါ တည်နေရမည့် အသက်တမ်းကလည်း လွန်စွာ တိုလျ၊ သတ္တဝါများ၏ သန္တာန်မှာလည်း တရားကင်းမဲ့လှသဖြင့် လေးဆယ့်ငါးနှစ်ပတ်လုံး နေ့စဉ်နှင့်အမျှ အားလပ်ခွင့်ရတော်မမူဘဲ သတ္တဝါတို့၏ အကျိုးကို ပြုကျင့်ရင်း အချိန်ကုန်စေတော်မူပါသည်။

**နေ့အချိန်။** ။ဆွမ်း ဘုဉ်းပေးတော်မမူမီ ဆွမ်းခံကြွတော်မူရင်းလည်း လူအပေါင်းကို သင့်လျော်အောင် ဟောပြဆုံးမတော်မူရ၏။ ဆွမ်းဘုဉ်းပေးတော်မူပြီး နောက် ရဟန်းသံဃာတော်များ ဆည်းကပ်လာကြသောအခါ ဆုံးမဩဝါဒနှင့် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူရ၏။ ထို့နောက် ရဟန်းများ ပြန်ကြွကြသဖြင့် ခေတ္တမျှ ကိန်းအောင်းတော်မူပြီး၍ ထတော်မူသောအခါ တစ်လောကလုံးကို သိမ်းကြုံးလျက် ချေချွတ် သင့်သော သတ္တဝါအများကို ကြည့်ရှုတော်မူရ၏။ ထို့နောက် ဆိုင်ရာမြို့ရွာများမှ ရောက်လာသော လူပရိသတ်ကို တရားဟောတော်မူရ၏။ ထို့နောက် ညနေစောင်း၍ လူအများ ပြန်သွားသောအခါ ရေသုံးသပ်တော်မူပြီးလျှင် ခေတ္တခဏ နားနေတော်မူစဉ် နေဝင်လေ၏။

**ညဉ့်အချိန်။** ။နေဝင်ပြီးနောက် ညဉ့်ဦးယံအခါ၌ ရောက်လာသော ရဟန်းတော်များတွင် အချို့က ကမ္မဋ္ဌာန်းတောင်း၊ အချို့က ပုစ္ဆာလျှောက်၊ အချို့ကလည်း တရားတောင်းလေရာ အားလုံး၏

http://www.dhammadownload.com



အလိုဆန္ဒကို ပြည့်ဝစေလျက် ညဥ့်ဦးယံ ကုန်စေတော်မူပါသည်။ သန်းခေါင်ယံအခါ ရဟန်းတော်များ ပြန်ကြ၍ မကြာမီပင် လူခြေ တိတ်ချိန်မှာ စကြဝဠာတစ်သောင်းမှ အချို့သော နတ် ဗြဟ္မာ အပေါင်းတို့ လာရောက်၍ ပုစ္ဆာမေးကြ၊ တရားတောင်းပန်ကြပြန်ရာ ဖြေရှင်းရင်း ဟောပြတော်မူရင်းဖြင့်ပင် သန်းခေါင်ယံအချိန်ကို ကုန်လွန် စေတော်မူ၏။

**မိုးသောက်ယံအခါ။** ။မိုးသောက်ယံအခါကို သုံးပိုင်းပိုင်း၍ ရှေးဦးတစ်ပိုင်း အချိန်၌ စင်္ကြံကြွတော်မူ၏။ အလယ်ပိုင်း၌ ကျိန်းစက် တော်မူပြီးလျှင် အရုဏ်မတက်ခင် ခပ်စောစော အပိုင်း၌ ရှေးရှေးသော သာသနာက ဖြည့်ကျင့်ခဲ့၍ ကောင်းမှုပါရမီ စုံညီပြည့်သဖြင့် ချေချွတ် သင့်သူတို့ကို ကြည့်ရှု၍ ဆင်ခြင်တော်မူ၏။ ထို့နောက် အလင်းရောက်၍ အချိန်ကျက ဆွမ်းခံကြွတော်မူရ၏။ ဤသို့လျှင် ရင်သွေးတော် ရာဟုလာနှင့် မခြားဘဲ သတ္တဝါအများကို သနားတော်မူသဖြင့် သတ္တဝါ တို့၏ အကျိုးကို အမြဲ ပြုကျင့်တော်မူပေသည်။

**ကြွချီတော်မူပုံ။** ။နောက်တော်ပါ သံဃာတော်များ၏ ရှေ့တော်က စက်လက္ခဏာတို့ဖြင့် တင့်တယ်သော ခြေတော်ကို ကြွချီလျက် ထိုထို ဤဤ ဒေသစာရီ လှည့်တော်မူရင်းလည်း ဝေနေယျတို့၏ အကျိုး သည်ပိုးဆောင်ရွက်တော်မူ၏။ ထို့ကြောင့် ယခုအခါ ကြွသွားတော်မူပုံ ရေးသားထုလုပ်ထားအပ်သော ရုပ်ပုံ၊ ရုပ်ပွားဆင်းတုတော်များကို ဖူးရသည်ရှိသော် ရုပ်ပွားတော်လောက်သာ စိတ်မထားဘဲ (မိမိအိမ်၌ မိဘ ဘိုးဘွားတို့၏ ဓာတ်ပုံကို မြင်ရလျှင် ဓာတ်ပုံတွင်မက အသက်ရှင်

http://www.dhammadownload.com



တုန်းက မိဘဘိုးဘွားကိုပါ တစ်ခါတည်း သတိရလျက် ပြောဆိုဆုံးမပုံတွေပါ ထင်ယောင်မြင်ယောင် ဖြစ်လာသကဲ့သို့) သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကြွသွားတော်မူပုံကိုပါ ထင်ယောင် မြင်ယောင်ဖြစ်လာစေလျက် နှစ်သက်ကြည်နူးစွာ ဖူးမြော်ကြပါ။

**ရပ်တော်မူပုံ။** ။ကြွသွားတော်မမူဘဲ ရွှေတောင်ကြီးအလားကဲ့သို့ မားမားမတ်မတ် တန့်ရပ်တော်မူလျက်လည်း ဝေနေယျတို့၏အကျိုးစီးပွားကို သည်ပိုးရွက်ဆောင်တော်မူ၏။ ထို့ကြောင့် ယခုအခါ ရပ်တော်မူပုံကို ရေးသားထုလုပ်သော ရုပ်ပုံ ရုပ်ပွား ဆင်းတုတော်များကို ဖူးမြော်ရသည်ရှိသော် သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်က ရပ်တော်မူလျက် မိမိအား ဆုံးမတော်မူနေပုံကို ထင်ယောင် မြင်ယောင်ဖြစ်လာအောင် အလွန်ရိုသေစွာ ဖူးမြော်ကြပါ။

**ထိုင်နေတော်မူပုံ။** ။ပရိသတ် အလယ်မှာ ရောင်ခြည်တော်ခြောက်သွယ်ကို တစ်ခါတစ်ရံ လွှတ်တော်မူပြီးလျှင် ထက်ဝယ်တင်ပလ္လင် ဖွဲ့ခွေတော်မူလျက်လည်း တရားဟောပြောကာ သတ္တဝါအများ၏ အကျိုးကို သည်ပိုးရွက်ဆောင်တော်မူခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူပုံကို ရေးသားထုလုပ်အပ်သော ရုပ်ပုံ ရုပ်ပွား ဆင်းတုတော်များကို ဖူးမြော်ရသည်ရှိသော် ရုပ်ပွားတော်လောက်တွင်သာ စိတ်မထားဘဲ သက်တော်ထင်ရှားမြတ်ဘုရား၏ အနီး၌ တရားမေ့ သြဝါဒတော်ကို နာကြားနေရသကဲ့သို့ ထင်မြင်လာအောင် ဖူးမြော်ကြပါ။

http://www.dhammadownload.com



**ကျောင်းတော်မှုပုံ။** ။ညဥ့်အခါ ဂန္ဓကုဋိတိုက်တော်ဝယ် ရံဖန်ရံခါ ကျောင်းတော်မူလျက်လည်း နတ် ဗြဟ္မာများ၏ လျှောက်ထားသမျှ ပုစ္ဆာတို့ကို ဖြေရှင်း ဟောပြ၍ သတ္တဝါတို့၏ အကျိုးကို ဆောင်တော်မူပါသည်။ ထို့ကြောင့် ယခုအခါ "ရွှေသာလျောင်း"ဟု ခေါ်အပ်သော ကျောင်းတော်မူပုံကို ဖူးမြော်ရသည်ရှိသော် သက်တော်ထင်ရှား မြတ်ဘုရား၏ အမေးပုစ္ဆာများကို ဖြေရှင်း ဟောပြနေပုံကို ထင်မြင်လာအောင် ဖူးမြော်ကြပါ။

**ဓာတ်မွေတော်များ။** ။ဘုရားရှင်သည် ၂၉ နှစ် အရွယ်တော်၌ တောထွက်တော်မူ၍ ၃၅ နှစ် အရွယ်မှာ ဘုရားဖြစ်တော်မူပြီးလျှင် သက်တော် ၈၀ ပြည့်မှာ ပရိနိဗ္ဗာန်စံတော်မူသောကြောင့် ဘုရားအဖြစ်၌ ဝါတော် ၄၅ ဝါမျှသာ သီတင်းသုံးတော်မူရသည်။ ထို ၄၅ ဝါမျှဖြင့် ကာလမကြာရကား နောင်အခါ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သူတို့ ကိုးကွယ်ရစ်ကြဖို့ရာ အမွေအနှစ်ပေးခဲ့သည့် အနေအားဖြင့် ရှင်တော်မြတ်၏ အရိုးဓာတ်တော်များကို အစိတ်စိတ် အမြွှာမြွှာ ဖြစ်အောင် အဓိဋ္ဌာန်တော် မူခဲ့ပါသည်။ [သက်တော်ရှည်သော ဘုရားရှင်၏ အရိုးဓာတ်တော်ကား အစိတ်စိတ် အမြွှာမြွှာ မဖြစ်ဘဲ တစ်လုံးတစ်ခဲတည်း တည်ရစ်တော်မူ၏။]

ထို့ကြောင့် ဓာတ်တော်များနှင့် ထိုဓာတ်တော်များကို ဌာပနာထားသော စေတီပုထိုးတော်ကို ဖူးမြော်ရသောအခါ၌ ဓာတ်တော်စေတီတော်လောက်တွင် စိတ်မထားဘဲ (မိဘ ဘိုးဘွား၏ အရိုးနှင့်,

http://www.dhammadownload.com



အရိုးအိုးကို မြင်ရသောအခါ မိဘ ဘိုးဘွားများလည်း ထင်ယောင်မြင်ယောင်ဖြစ်လာသကဲ့သို့) သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်အောင် ဖူးမြော်ကြပါ။

**စေတီတော် ၄ ပါး။** ။လူတို့၏ အမြတ်တနိုး ကိုးကွယ်ရာဌာနကို ပါဠိလို "စေတိယ" မြန်မာလို "စေတီ"ဟု ခေါ်သည်။ မိမိတို့ အယူဝါဒ အားလျော်စွာ ကိုးကွယ်အပ်သော သစ်ပင်ကြီး, တောကြီး, တောင်ကြီး, သဲပုံ, အုတ်ပုံ, ရုပ်တု ဟူသမျှတို့ စေတီမည်ကြသည်သာ။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံ၌ အုတ်ပုံ သဲပုံများကိုသာ စေတီဟု ခေါ်ဝေါ်နေခြင်းသည် မစုံလင်သော ခေါ်ဝေါ်ခြင်းသာတည်း။ ထိုသို့ စေတီတော် အမျိုးမျိုးရှိသည်တွင် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်အပ်သော စေတီသည် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟု ၄ မျိုး ရှိ၏။

**ဓာတုစေတီတော်။** ။ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ကျန်ရှိရစ်သော အရိုးဓာတ်တော်များသည် ဓာတုစေတီမည်၏။ အမွေအနှစ် အဖြစ်ဖြင့် ဘုရားရှင် ထားခဲ့တော်မူသောကြောင့် "မွေတော်" ဟုလည်း ခေါ်ကြ၏။ အမွေအနှစ်တော်ဟု ဆိုလိုသည်။ ထိုဓာတ်တော်များတွင် အကြီးဆုံးသည် ပဲနောက်ခြမ်းခန့်ရှိ၏။ အလတ်စား ဓာတ်တော်မှာ ဆန်ကျိုး ဆန်ကွဲခန့်ရှိ၏။ အငယ်ဆုံး ဓာတ်တော်ကား မုန်ညင်းစေ့ခန့် ရှိသည်။

**ဓမ္မစေတီတော်။** ။ဘုရားရှင်၏ တရား ပိဋကတ်တော်များသည် ဓမ္မစေတီတော် မည်၏။ ထိုပိဋကတ်တော်ဖြစ်သော တရားဓမ္မများသည် ရှိသေမြတ်နိုး ရှိခိုး ကိုးကွယ်ထားရုံသာမက ထိုတရားတော်အတိုင်း ကျင့်ကြ

http://www.dhammadownload.com



ရသဖြင့် ဗုဒ္ဓဘာသာဝင်တို့အဖို့မှာ လွန်စွာ အားကိုးလောက်သော စေတီတော် ပါပေတည်း။

**ဥဒ္ဒိဿစေတီတော်။** ။ဥဒ္ဒိဿဟူသော ပါဠိသည် ရည်စူးအပ် ရည်မှန်းအပ်သော အရာဝတ္ထုကို ဟော၏။ ထို့ကြောင့် သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်း၍ ဘုရားရှင် ပုံဟန်တော်၏ အတုပြုလုပ်အပ်သော ရုပ်တော်မှုပုံ၊ ထိုင်တော်မူပုံ၊ လျောင်းတော်မူပုံကို ဥဒ္ဒိဿစေတီတော်ဟု မှတ်ပါ။ ထို ဥဒ္ဒိဿစေတီတော်များကို ရုပ်ပွားတော်၊ ဆင်းတုတော်ဟုလည်း အမည်ပေးကြသည်။ [ဘုရားရှင်၏ ရုပ်ပုံတော်ကို အတုပွား၍ ထားသောကြောင့် "ရုပ်ပွားတော်"ဟု လည်းကောင်း၊ ဘုရားရှင်၏ အဆင်းသဏ္ဌာန်တော်ကို အတုပြုထားသောကြောင့် "ဆင်းတုတော်"ဟု လည်းကောင်း အမည်ပေးခြင်း တည်း။ ရုပ်ပွားတော် ဆင်းတုတော်မပါဘဲ စိတ်ထဲ၌ မှန်း၍ အာရုံပြုအပ်သော ပုံတော်ကိုလည်း "ဥဒ္ဒိဿစေတီတော်"ဟု ခေါ်နိုင်ပါသည်။

**ပရိဘောဂစေတီတော်။** ။ဘုရားရှင်၏ အသုံးအဆောင်ကို ပါဠိ လို "ပရိဘောဂ"ဟု ခေါ်၏။ ထို့ကြောင့် ဓာတ်တော်ဌာပနာထားသော အုတ်သားစေတီတော်၊ ရုပ်ပွားတော် ကိန်းဝပ်ရာဖြစ်သော ပြာသာဒ် စသည်၊ ဗောဓိပင်၊ ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော သင်္ကန်း၊ သပိတ်တော်များ ကို "ပရိဘောဂစေတီတော်"ဟု မှတ်ပါ။

**ဘုရား-ပုထိုး။** ။"ဘုရား-ပုထိုး" ဟူသော အသုံးအနှုန်းကို ယိုးဒယားမှ ကူးစက်လာသော အသုံးဟု ကြံကြ၏။ ယိုးဒယားလူမျိုး များက ဆင်းတုစေတီတော်များကို စာရေးသောအခါ "ဝရား=ဗုဒ္ဓေါ"ဟု

http://www.dhammadownload.com



ရေး၍ စာဖတ်သောအခါ "ဖရား=ဗုတ်ထိုး"ဟု အသံထွက်၏။ ထို အသံထွက်ကို လိုက်၍ မြန်မာတို့က "ဘုရား=ပုထိုး"ဟု ရေးဟန် တူ၏။

ထို ယိုးဒယားအသုံးဖြစ်သော "ဝရား=ဗုဒ္ဓေါ" စကား၌လည်း "ဝရ=မြတ်သော+ဗုဒ္ဓေါ=ဘုရား၊ မြတ်သောဘုရား=မြတ်စွာဘုရား"ဟု ဆိုလိုသည်။ ထို့ကြောင့် "ဝရ=ဗရား=ဘုရား" ဤ ၃ မျိုး သည် ပါဠိ၊ ယိုးဒယား၊ မြန်မာ အသုံးအားဖြင့် ကွဲပြားသော်လည်း "မြတ်"ဟူသော အနက်အားဖြင့် တူမျှ၏။ "ဗုဒ္ဓေါ=ဗုတ်ထိုး=ပုထိုး" ဤ ၃ မျိုးလည်း ပါဠိ၊ ယိုးဒယား၊ မြန်မာ အသုံးအဖြစ် ကွဲပြားသော်လည်း "ဘုရားရှင်"ဟူသော အနက်အားဖြင့် တူမျှသည်ဟု မှတ်ပါ။ [ယခုကာလ၌ "မုခ်ဝမပါလျှင် စေတီ၊ မုခ်ဝပါလျှင် ပုထိုး"ဟု ပြောကြသည်မှာ အခြေအမြစ်ကို မစဉ်းစား နိုင်ခြင်းကြောင့် ဖြစ်ရလေသည်။]

## ဘုရားပုံတော်ကို အာရုံပြုသင့်ပုံ

**ဗုဒ္ဓါနုဿတိ**။ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပွားများရာ၌ "ဘုရားရှင်၏ ပုံဒြပ်တော်ကို အာရုံပြု၍ မစီးဖြန်းရ၊ ဂုဏ်တော်ကိုသာ အာရုံပြု၍ စီးဖြန်းရမည်"ဟု ပြောကြသည်။ ဘုရားရှင်၏ ရုပ်ပုံတော် သဏ္ဌာယ်ပုံသည် ဘဂဝါဂုဏ်တော်၌ ပါဝင်သော သိရီဘုန်းတော်ပင် တည်း။ ထို့ကြောင့် ရုပ်ပုံတော်ဖွင့်၊ ရောင်ခြည်တော်ဖွင့်၊ စေတီတော်ဖွင့် အခန်း ၃ ပိုင်းကို ပြ၍ စဉ်းစားသောအခါ ဗုဒ္ဓရှင်တော်၏ အမျိုး ဇာတ်အားဖြင့် ပင်ကိုအတိုင်းပင် အလွန်တင့်တယ်တော်မူပုံ၊ ယိုမျှလောက်

http://www.dhammadownload.com



တင့်တယ် သပ္ပာယ်တော်မူသော ကိုယ်တော်ဖြင့် အားလပ်ခွင့်မရအောင် သတ္တဝါများ၏ အကျိုးကို ပရိနိဗ္ဗာန် စံတော်မူချိန်အထိ ဆောင်တော်မူပုံများကို စိတ်ထဲ၌ ကြည်နူးဖွယ်ရာ ထင်မြင်လာပါလိမ့်မည်။ ထိုသို့ ထင်မြင်လာသော ဘုရားအာရုံကို ပျောက်ကွယ်မသွားစေဘဲ အဖန်တလဲလဲ စွဲမြဲစွာ အာရုံယူနေမှုကို "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း တစ်မျိုး"ဟု မှတ်ပါ။ [ဗုဒ္ဓ=ဘုရားကို+အနု=အဖန်ဖန် အထပ်ထပ်+သတိ=အမှတ်ရနေခြင်း။] ထို အာရုံယူမှု၏ ရှေးသူတော်ကောင်းတို့ ထုံးဟောင်းတစ်ခု ဖြစ်ကြောင်းကို မှတ်ထားဖို့ရာ ဗုဒ္ဓအပဒါန် ပါဠိတော်မှ ထုတ်ပြဦးမည်။

**စကြာမင်း စိတ်ကူးပုံ။** ။ရှေးလွန်လေပြီးသောအခါ ငါတို့၏ ဘုရားအလောင်းတော်သည် တစ်ခုသောဘဝဝယ် "တိလောက ဝိဇယ" မည်သော စကြာမင်း ဖြစ်ခဲ့ဖူး၏။ ထိုမင်းသည် သံဃာတော် အများနှင့် တကွ ရှေးရှေးသော ဗုဒ္ဓရှင်တော်မြတ်တို့ကိုလည်းကောင်း၊ ပစ္စေက ဗုဒ္ဓါတို့ကိုလည်းကောင်း စိတ်ထဲ၌ ထင်မြင်လာအောင် စိတ်ကူး၏။ စိတ်ကူးသည့်အတိုင်း ထင်လာသော ဘုရားရှင်ကို လက်အုပ်ချီ၍ ဦးခေါင်းညွတ်လျက် နှစ်သက်ကြည်ညို ရိုသေစွာ ရှိခိုး ဦးချ၏။ ထို့မှ ဖြင့် အားမရသေးဘဲ ရတနာမျိုးစုံဖြင့် ခြယ်လှယ်အပ်သော "ဝေဇယန္တာ" မည်သော ရတနာဗိမာန် ပြာသာဒ်တော်ကြီးကို အထပ်ပေါင်းများစွာ ဆင့်လျက် စိတ်ကူးဖြင့် ဖန်ဆင်းလျက်ရှိ၏။ ထိုဗိမာန်ကြီးဝယ် တင့်တယ်သားနားသော အခင်းအမျိုးမျိုးကိုလည်း စိတ်ကူးဖြင့် ခင်းထား၏။ သူ့နေရာနှင့်သူ ရေပြည့်အိုး၊ ပန်းပြည့်ရေတကောင်းများ ကိုလည်း တည်ထား၏။ ထို့နောက် ကျယ်ပြန့်သော ဘံခါးကြီးများမှ

http://www.dhammadownload.com



နောက်ပါ သံဃာတော်များနှင့်တကွ ဘုရားရှင်များစွာ ပစ္စေကဗုဒ္ဓါများစွာတို့မှာ မိမိ၏ ပင့်ဖိတ်ချက်အရ ကြွတော်မူလာကြ၍ ရွှေသားအတိပြီးသော ပလ္လင်တော်များဝယ် အသီးအသီး ထိုင်နေတော်မူပုံ စိတ်ကူးလေသည်။

**လှူဒါန်း။** ။ထို့နောက် လူ့ပြည် နတ်ပြည်၌ ရှိသမျှ အထည်ကောင်းတို့ကို စုပေါင်းဆောင်ယူလျက် ထို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ သံဃာတော်တို့အား ၃ ထည်သော (တိစီဝရိက်) သင်္ကန်းကို လှူဒါန်း၍ မွန်မြတ်သော ခဲဖွယ် ဘောဇဉ် ချိုချဉ် ဩဇာ အဖြာဖြာတို့ဖြင့် သပိတ် အသီးသီးတို့၌ အပြည့်ထည့်၍ ဆက်ကပ်နေပုံကို စိတ်ကူးပြန်လေသည်။ အသီးအသီး ဆွမ်းဘုဉ်းပေးပြီးသောအခါ ဘုရား ပစ္စေကာ အရိယာ သံဃာတော်တို့သည် ဗိမာန်ကြီး၌ အသီးအသီးသော ရတနာတိုက်ခန်းသို့ ဝင်ကာ ခေတ္တခဏမျှ ကိန်းအောင်းတော်မူပြီးနောက် ကိန်းအောင်းရာမှ ထ၍ တချို့က စျာန်ဝင်စားနေပုံ၊ တချို့က ပြဿနာမေးပုံ ဖြေပုံများကိုပါ စိတ်ကူးလေသည်။

**မွှမ်းမံ ခြယ်လှယ်ပုံ။** ။ဘုရား ပစ္စေကာ အရိယာ သံဃာတော်တို့သည် စျာန်ဝင်စားမှု စသော အလိုတော်ရှိရာ ကိစ္စဖြင့် မွေ့လျော်တော်မူနေကြစဉ် ထိုအရှင်မြတ်တို့၏ အထက်တွင် ရတနာထီးဖြူဆောင်းလျက် မွှေးကြိုင်သော ပန်းမျက်နှာကြက်တွေ တဝေဝေနှင့် ထီးများ၏ ပတ်ဝန်းကျင်ဝယ် နီမြန်းသော ဇာပန်းတွေ တွဲလျားကျနေပုံ၊ ရတနာဗိမာန်၏ အရပ်လေးမျက်နှာတို့၌ ကြာမျိုးငါးပါးဖြင့် တင့်တယ်

http://www.dhammadownload.com



သော ရေကန်ကြီးများ တည်နေပုံ၊ ပတ်ဝန်းကျင်ဝယ် တည်ရှိနေသော ပန်းဥယျာဉ်၏ ပန်းပင်များမှ ပန်းဝတ်မှုန်တို့သည် အထက်သို့ လွင့်တက်ကာ ဗိမာန်တော်ကြီးကို လွှမ်းဖုံးနေပုံ၊ ရွှေခုံပေါ်၌ ရောင်စုံမီးတိုင်များကို စကြဝဠာအနှံ့ စိုက်၍ ညှိထွန်းထားပုံ၊ သစ်ပင်ဖျားနှင့် တောင်ထိပ်တိုင်း၌ အလံတလူလူ စိုက်ထူထားပုံတို့ကိုပါ စိတ်ကူးလေသည်။

**ပရိသတ်များ။** ။ထိုမျှလောက် ကြည်နူးဖွယ်ကောင်းသော ဗိမာန်တော်ကြီး၏ အနီးအပါး၌ သီဆိုတတ် ကပြတတ်သူတို့လည်း မနေနိုင် မထိုင်နိုင် ပျော်မြူး၍ ကြည်နူးသောစိတ်ဖြင့် ကကြ၊ သီဆိုကြ၊ တီးမှုတ်ကြပုံ၊ လူ နတ် သိကြား နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗ မကျန် သူတော်ကောင်းမှန်သမျှလည်း အသီးအသီး လက်အုပ်ချီကာ အရိယာတို့ သီတင်းသုံးရာဖြစ်သော ထိုဗိမာန်အနီးသို့ ချဉ်းကပ်လာကြပုံ၊ ထိုပရိသတ်အား စကြာမင်းကြီးက မိမိပြုအပ်သော ကုသိုလ်၏ အဖို့ကို အမျှဝေစကား ပြောကြားနေပုံ၊ ဤနေရာသို့ မရောက်လာသေးသူတို့အား နတ်များကတစ်ဆင့် ပြောပြနေပုံတို့ကိုပါ စိတ်ကူးလေသည်။

**အကျိုးရပုံ။** ။ထိုကဲ့သို့ အလှူဒါနကြီးကို စိတ်ကူးဖြင့်ပေးလှူသော စကြာမင်းကြီးသည် နတ်ရွာစံ ကံတော်ကုန်သောအခါ ထိုကောင်းမှုကြောင့် တာဝတိံသာ၌ ဖြစ်ရလေသည်။ ထိုကောင်းမှုစေတနာစုကြောင့် နတ်ပြည်မှ လူ့ပြည်သို့ လည်းကောင်း၊ လူ့ပြည်မှ

http://www.dhammadownload.com



နတ်ပြည်သို့ လည်းကောင်း စုတေ ရွေ့ပြောင်း၍ ဖြစ်လေရာ၌ ပညာ အရည်အချင်း ရုပ်အဆင်းအားဖြင့် နတ်ချင်းလည်း သာလွန်၊ လူချင်းလည်း သာလွန်သူသာ ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် ယခုအခါ သူတော်ကောင်း စိတ်ဓာတ် ကိန်းဝပ်တည်ရှိသော အမျိုးသား အမျိုးသမီး လူကြီး သူမ တို့သည် သန့်ရှင်းသော ဘုရားအနီးမှာ ဖြစ်စေ၊ အခြား တစ်နေရာမှာ ဖြစ်စေ၊ သက်တော်ထင်ရှား ဘုရားရှင်ကို ထင်မြင်လာအောင် စိတ် ကူးလျက် အထူးကြည်ညိုသော သဒ္ဓါတရားဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြစ်အောင် စီးဖြန်း ပွားများ၍ ပန်း၊ ဆီမီး၊ အမွှေးတိုင် စသော ပူဇော်ဖွယ်များကို ပူဇော်ကြပါကုန်။

**ပုံအတွင်း ဂုဏ်သွင်းပါ။** ။သက်တော်ထင်ရှား မြတ်စွာဘုရား ကို စိတ်၌ ထင်မြင်လာအောင် မှန်းဆနိုင်သူသည် ဘုရားရှင်ကို အထူး ကြည်ညိုလေးစားသူ ဖြစ်ပေရကား ဘုရားရှင်၏ ကိုယ်စား ရုပ်ပွား ဆင်းတုတော်နှင့် ဓာတ်တော် ဌာပနာထားသော စေတီတော်များ အနီးအပါး၌ မလေးမစား မနေဝံ့တော့ပါ။ ဘာသာရေး၌ အလွန် အချိုးကျသော လူကောင်း ရှင်ကောင်း ဖြစ်လောက်ပါပြီ။ သို့ရာဝယ် လောက၌ ပုဂ္ဂိုလ်တစ်ဦးအပေါ်မှာ ဂုဏ်ထူးကို မသိခင်က ကြည်ညိုပြီး နောက် ဂုဏ်ထူးကို သိရပြန်သောအခါ အတိုင်းထက်အလွန် ကြည်ညို လေးစား အားထား ကိုးကွယ်လိုသောစိတ်များ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ ချီးမွမ်း၍ မကုန်နိုင်သော ဂုဏ်တော်များတွင်

http://www.dhammadownload.com



လှူချင်း နတ်ချင်း ဗြဟ္မာချင်း ပြောကြလျက် တသောသော ချီးမွမ်းအပ်သော ဂုဏ်တော် ၉ ပါးလောက်ကိုပင် မိမိဉာဏ်မီသမျှ သိရှိကြရလျှင် သဒ္ဓါ ပညာတို့သည် ရှေးကထက် တိုးပွားကြပါလိမ့်မည်။

**ဆက်ပါဦးမည်။** ။မိမိတို့သည် ဘဝများစွာ သံသရာဝယ် ကျင်လည်ခဲ့ရသော်လည်း စိတ်ထဲ၌ ဤ ဘုရားရှင်ဟူသော အာရုံမျိုးကို ယူနိုင်ဖို့ရာ ခဲယဉ်းပါသည်။ ယခုအခါ ကံကောင်းလှသဖြင့် ဘုရားရှင်၏ အကြောင်းအရာနှင့် ဂုဏ်တော်များကို ကြားသိရပါသည်။ ထို့ကြောင့် အေးအေးဆေးဆေး မိမိအိမ်၌ ဘုရားရှင်ကို အာရုံပြုရင်း ရွတ်ဖတ်ရှိခိုးကြဖို့ရာ မကျဉ်းမကျယ် အနက်များကို နုတ်တက်ဆောင်ထား၍ အဓိပ္ပာယ်များကို ကြည့်ရှုမှတ်သားပြီးလျှင် ထင်မြင်လာသော ဘုရားရှင်၏ ပုံတော်အတွင်း၌ ဤ ပြအပ်လတ္တံ့သော ဂုဏ်တော်များကို သွင်း၍ သန့်ရှင်းစင်ကြယ်သော သီလကို ဆောက်တည်ကာ ကြိုးစား၍ အာရုံပြုကြပါကုန်။

**အမှာ။** ။ဂုဏ်တော်အနက်များကို ကျက်သောအခါ အရွတ်အဖတ်ကောင်းသော ဆရာသမားတို့အထံ၌ စနစ်တကျ ဖတ်ပြီးမှ ကျက်ကြပါလေ။ အရွတ်အဖတ်လည်း မမှန်၊ အသံကလည်း မကောင်းလျှင်ကား အသံကျယ်ကျယ် ရှိမခိုးဘဲ ခပ်တိုးတိုးရွတ်ဆို၍ ရှိခိုးပါလေ။ အရမကျက်နိုင်လျှင် ဘုရားစေတီတော်ရှေ့၌ စာအုပ်ကြည့်၍ ဖတ်ကြပါလေ။

http://www.dhammadownload.com



## ဘုရားဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

### ဂုဏ်တော် ၉ ပါး ပါဠိတော်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ,
ဗုဒ္ဓေါ, ဘဂဝါ။

* * * * *

### ကြည့်ရှုရန် အစီအစဉ်

"ဣတိပိ သော ဘဂဝါ"၌ "ဣတိပိ"သည် မိမိ၏ ဉာဏ်ထဲမှာ ထင်လာသော အကြောင်းတစ်ခုခုကို ညွှန်ပြအပ်သော ပါဠိ၊ "သော ဘဂဝါ"ကား မြတ်စွာဘုရားကို ညွှန်ပြသော ပါဠိတည်း။ ထို့ကြောင့် ထိုပါဠိ ၂ ရပ်ကို ဂုဏ်တော် ၉ ပါးလုံးနှင့် တွဲစပ်ပါ။

၁။ ဣတိပိ သော ဘဂဝါ အရဟံ,
၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ,
၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော,
၄။ ဣတိပိ သော ဘဂဝါ သုဂတော,
၅။ ဣတိပိ သော ဘဂဝါ လောကဝိဒူ,
၆။ ဣတိပိ သော ဘဂဝါ အနုတ္တရောပုရိသဒမ္မသာရထိ,

http://www.dhammadownload.com



၇။ ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ,

၈။ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ,

၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ။

---

## အရဟံဂုဏ်တော်ဖွင့်
## (ကျက်မှတ်ရန်)

(၁) သော ဘဂဝါ– ထိုရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– တစ်ထောင့်ငါးရာ, ကိလေသာတို့, ဝါသနာလေ့, အထုံငွေ့မျှ, မငွေ့မရိပ်, ဝင်းဝင်းဖိတ်သို့, ရွှေစိတ်ပျံ့သင်း, လွန်သန့်ရှင်း၍, မင်းမင်းပြည်သူ, ကြည်ဖြူကော်ရော်, အလှူတော်မှန်, အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ အရဟံ– အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည် တကား။

* * * * *

## ကြည့်ရှုရန် အစီပွားယ်

အရဟံ ဂုဏ်တော်သည်–

၁။ "ကိလေသာတို့မှ ဝေးကွာတော်မူ၏" ဟူသော အနက်၊

၂။ "လှူဒါန်းပူဇော်သမျှကို ခံယူတော်မူထိုက်၏" ဟူသော အနက်ကို ပြသည်။

**တစ်ထောင့်ငါးရာ, ကိလေသာတို့**။ ။ပုထုဇဉ်တို့၏ သန္တာန်၌ ကိလေသာသည် အကျဉ်းအားဖြင့် ဆယ်ပါးရှိ၏၊ အကျယ်အားဖြင့် တစ်ထောင့်ငါးရာ ရှိ၏။

http://www.dhammadownload.com



[ထို ၁၅၀၀ တွက်ပုံကို အလိုရှိက သဂြိုဟ်သင်ဖူးသူများကို မေးပါ။ အခြေပြုသဂြိုဟ် သမုစ္စည်းပိုင်းမှာလည်း ပြထားသည်။]

**ဝါသနာလေ့ အထုံငွေ့မျှ။** ။သတ္တဝါတို့၏ သန္တာန်၌ အငွေ့အသက် ထုံလျက်ပါသော ကိလေသာတို့၏ သတ္တိကို "ဝါသနာ အထုံ" ဟု ခေါ်သည်။ ရဟန္တာများ သန္တာန်၌ ကိလေသာကုန်သွား သော်လည်း ဘဝဆက်တိုင်းက ပါလာသော အထုံဝါသနာမှာ မကုန် တတ်ချေ။ ဥပမာ– စူးရှသော အရက်ထည့်ရာ ပုလင်းမှ အရက်ကုန်သွား သော်လည်း အရက်အနံ့ အထုံ မပျောက်သကဲ့သို့တည်း။ ဘုရားရှင် ကား ထိုကိလေသာတွေကို အငွေ့အသက် အထုံဝါသနာပါ ပျောက်ကင်း အောင် ပယ်တော်မူပြီးဖြစ်၍ စိတ်တော်အစဉ်သည် အမြဲအားဖြင့် တဝင်းဝင်း တဖိတ်ဖိတ် အရောင်တောက်နေသလို ကြည်လင်သန့်ရှင်း တော်မူပေသည်။

**ပူဇော်ခံထိုက်ပုံ။** ။ထို့ကြောင့် အမှိုက်သရိုက်ကင်း၍ သန့်ရှင်း သော ဥယျာဉ်လယ်ယာ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် သန်မာ ကြီးမား ထွားကျိုင်း ဖွံ့ဖြိုး အကျိုးများသောကြောင့် ထိုမြေမျိုး၌သာ စိုက်ပျိုး ကြဲချသင့်သကဲ့သို့ ထို့အတူ ကိလေသာ အနှောက်အယှက် မရှိသဖြင့် စိတ်တော်အစဉ် ကြည်လင်နေသော ဘုရားရှင်၌ လှူဒါန်း ပူဇော်ခြင်း ဟူသော မျိုးစေ့များကို ကြဲချစိုက်ပျိုးလိုက်လျှင် ရည်ရွယ် သလောက် အကျိုးရနိုင်သောကြောင့် ရှင်တော်ဘုရားသည် လှူဒါန်း ပူဇော်သမျှကို ကောင်းစွာ ခံယူတော်မူထိုက်ပါပေသည်။

http://www.dhammadownload.com



ဤသို့ အမင်းမင်းတို့၏ ပူဇော်ခြင်းကို ခံယူတော်မူထိုက်သော "အရဟံ" ဂုဏ်တော်ကြောင့် ဘုရားရှင် လက်ထက်တော်အခါ၌ "သဟမ္ပတိ" ဗြဟ္မာမင်းကြီးသည် မြင်းမိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် ပူဇော်ဖူးလေပြီ။ "ဗိမ္ဗိသာရ" မင်းလည်း ဝေဠုဝန် ကျောင်းတိုက်တော်ကြီးဖြင့် ပူဇော်ဖူးလေပြီ။ ပရိနိဗ္ဗာန် စံတော်မူပြီးမှလည်း "ဓမ္မာသောက"မင်းသည် ၉၆ ကုဋေသော ဥစ္စာတို့ကို (စုတေခါနီးမှ ၄ ကုဋေ ထပ်ဖြည့်၍ ကုဋေတစ်ရာ) ဥစ္စာတို့ကို အကုန်အကျခံလျက် ရှစ်သောင်းလေးထောင်သော ကျောင်းတို့ဖြင့် ရှင်တော်မြတ်ဘုရားကို ရည်မှန်း၍ ပူဇော်ဖူးလေပြီ။

ယခုအခါ ဗုဒ္ဓဘာသာဝင်တို့၏ အလှူဒါနပြုမှုတို့၌လည်း ဘုရားရှင်ကို ကြည်ညိုမှုက အရင်းခံလျက်ရှိ၏။ ယခုတိုင်အောင် အပူဇော်ခံနေရပါသည် ဟူလို။ ဤသို့လျှင် ဘုရားရှင်၏ "အရဟံ" ဂုဏ်တော် ရနံ့သည် လူအဆင့်ဆင့် နတ်အဆင့်ဆင့် သင်းပျံ့လျက် ဗြဟ္မာပြည်တိုင်အောင် ပျံ့နှံ့မွှေးကြိုင်ပါသည်။

**တိုက်တွန်းချက်။** ။ဘုရားရှင်၏ "အရဟံ"ဂုဏ်တော်ကို အောက်မေ့ကြည်ညိုသူသည် ပြအပ်ခဲ့သော ဘုရားရှင်၏ ပုံတော်အတွင်း၌ ရင်ချိုင့်အလယ် နှလုံးအိမ်ဝယ် ဘုရားရှင် စိတ်တော်၏ ကိလေသာ အနောက်အကျုတို့မှ ကင်းသဖြင့် သန့်ရှင်း ကြည်လင်တော်မူပုံကို ထင်မြင်အောင် အာရုံပြုပါ။ ထိုကြည်လင်သော စိတ်တော်ကို အတုယူကာ မိမိစိတ်၌လည်း လောဘ, ဒေါသ, မာန်မာနနှင့် ဣဿာ မစ္ဆရိယ စသော ကိလေသာ အနောက်အကျု ကင်းစင်၍ အမြဲ ကြည်လင် သန့်ရှင်းအောင် သတိထားကြပါလေ။ ဤသို့ ဘုရားရှင်၏ ကိလေသာ

http://www.dhammadownload.com



ကင်း၍ စိတ်တော်သန့်ရှင်းပုံကို အာရုံပြုဖန်များလာလျှင် ထိုသန့်ရှင်းမှု သည် မိမိစိတ်၌ ခတ်သဘောကူးစက်၍ မိမိမှာလည်း သန့်ရှင်းသော စိတ်များ ဖြစ်လာပါလိမ့်မည်။ ဥပမာ – သူတော်ကောင်းနှင့် ပေါင်း သူသည် သူတော်ကောင်း ဖြစ်သကဲ့သို့တည်း။

---

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၂) သော ဘဂဝါ–ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ ဂ္ဂတိပိ ဂ္ဂမိနာစ ကာရဏေန–သဗ္ဗညုဉာဏ်အား, စွမ်း ပကားဖြင့်, များသင်္ခါရ, ဝိကာရနှင့်, လက္ခဏာပညတ်, နိဗ္ဗာန်ခတ်ဟု, ငါးရပ်သိရန်, ဥေယျခမ်ကို, ဖောက်ပြန်မရှိ, ကိုယ်တော်တိုင် သိတော် မူသော ဤ အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ– သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လွှင်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်သည် "အလုံးစုံသော တရားကို ကိုယ်တော်တိုင် သိမြင်တော်မူနိုင်၏" ဟူသော အနက်ကို ပြသည်။ [သမ္မာ+ သံ+ ဗုဒ္ဓ–သမ္မာ=မဖောက်မပြန် (အမှားမရှိအောင်)+ သံ= ကိုယ်တော်တိုင် + ဗုဒ္ဓ= သိတော်မူနိုင်သည်။]

http://www.dhammadownload.com



**သဗ္ဗညုဉာဏ်အား, စွမ်းပကားဖြင့်။** ။ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရဖို့ရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကောင်းမှု ပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည့် အားလျော်စွာ ဘဝအဆင့်ဆင့် ရင့်လာသော ပညာသည် ဘုရားဖြစ်သည့်အခါ သဗ္ဗညုတဉာဏ်တော် အဖြစ်သို့ ရောက်၍ လွန်စွာ အစွမ်းသတ္တိ ထက်မြက်ပါပေသည်။

ယခုလောကဌ် သေးငယ်သောမြူမှုန်ကို လူအပေါင်းတို့ ဝိုင်း၍ ကြည့်သောအခါ မျက်စိကောင်းသူများသာ မြင်၍ မျက်စိမှုန်သူတို့ကား ဘယ်လိုပင် ကြည့်သော်လည်း မမြင်ရတော့ဘဲ မျက်စိကွယ်နေသူတို့မှာ ဆိုဖွယ်ရာ မရှိတော့သကဲ့သို့ ထို့အတူ သိဖွယ်အာရုံများကို သတ္တဝါ ဟူသမျှတို့ သိရှိဖို့ရန် အားထုတ်ကြပါသော်လည်း ပင်ကိုဉာဏ်မျက်စိ ရှိသလောက်သာ သိမြင်နိုင်ကြသည်။ လုံးလုံးဉာဏ်မျက်စိ မရှိသူတို့မှာ အရှေ့, အနောက်, တောင်, မြောက်နှင့် တင်းတောင်း ပမာဏကိုမျှ မသိနိုင်ကြပေ။

ဗုဒ္ဓရှင်တော်၏ ဉာဏ်တော်သည်ကား သိသင့် သိဖွယ် အသွယ်သွယ်ကို မည်သူနှင့်မျှ ယှဉ်မရအောင် ရှင်းရှင်းလင်းလင်း သိတော်မူပါသည်။ ထို သိဖွယ်တရားများကို "ဉေယျဓမ်"ဟု ခေါ်၏။ [ဉေယျ= သိသင့် သိထိုက်သော + ဓမ်= ဓမ္မ–တရား။]

## ဉေယျဓမ်တရား ၅ ပါးကား

၁။ သင်္ခါရ= စိတ် စေတသိက်ဟူသော နာမ်တရားနှင့် နိပ္ဖန္နရုပ်များ။

၂။ ဝိကာရ= ဝိကာရရုပ် ငါးပါး။

၃။ လက္ခဏာ= လက္ခဏာရုပ် လေးပါး။

http://www.dhammadownload.com



၄။ ပညတ်= လူ နတ် ဗြဟ္မာ ဆင် မြင်း ကျွဲ နွား တော တောင် ရေ မြေ စသော ပညတ်များ။

၅။ နိဗ္ဗာန်= ရုပ်နာမ်ပညတ်မှတပါး ငြိမ်းအေးသောဓာတ်ကြီးတစ်မျိုး။

[ဤ ငါးမျိုးမှတစ်ပါး သိဖွယ်ရာ မရှိပြီ။ ဝိကာရနှင့် လက္ခဏာကို ရုပ်ချင်းတူပါလျက် ခွဲထားသည်မှာ ပရမတ်အစစ် မဟုတ်သောကြောင့် တည်း။] ဤဉေယျမဲ ငါးပါးသည် ဓိနာလင်္ကာရဋီကာ အသာဓာရဏ ကထာ၌ ပါသည်။

**ဖောက်ပြန်မရှိ၊ ကိုယ်တော်တိုင်သိ။** ။ဤ ဉေယျမဲတရား ငါးပါးကို ဘုရားရှင် သိတော်မူရာ၌ ဖောက်ပြန်မှားယွင်းသွားသည်ဟူ၍ မရှိ၊ နည်းပေးလမ်းပြမည့် ဆရာလည်း မရှိ၊ ကိုယ်တော်တိုင် သိတော် မူပေသည်။ ဤနေရာဝယ် ရုပ်တန့်၍ စာဖတ်သူသည် ဗုဒ္ဓရှင်တော် မြတ်၏ သပ္ပာယ်သော ရုပ်အဆင်းတော်အတွင်း၌ “အရဟံဂုဏ်တော်” အရ စိတ်တော်၏ ကြည်လင်သန့်ရှင်းနေပုံ၊ ထိုကြည်လင်နေသော စိတ်တော်အစဉ်ဝယ် အလွန်ထက်မြက်သော ဉာဏ်တော်တည်နေပုံကို အာရုံယူကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများကြပါလေ။

**တိုက်တွန်းချက်။** ။အသိ အလိမ္မာ ဉာဏ် ပညာ ဟူသည် အလွန်အရေးကြီး၏။ ပညာသင်ရာဝယ် ဆရာတစ်ဦးထံမှာ အတူတူ သင်ယူပါလျက် အတတ်ချင်းကွာခြားနေပုံကို လည်းကောင်း၊ စီးပွား ဥစ္စာ ရှာဖွေရာဝယ် အရင်းအနှီးချင်း တူပါလျက် ဉာဏ်ရှိသူမှာ ကြီးပွား၍ ဉာဏ်နည်းသူမှာ မကြီးပွားနိုင်ဘဲ ဉာဏ်မရှိသူမှာ ဆုံးရှုံး ရပုံကိုလည်းကောင်း၊ မိဖချင်း တူပါလျက် အချို့သားသမီးများ လိမ္မာ၍ အချို့ ယုတ်မာပုံကိုလည်းကောင်း၊ ထိုကဲ့သို့ ကွာခြားသည့်

http://www.dhammadownload.com



အားလျော်စွာ လောကီဆိုင်ရာနှင့် သံသရာရေးတို့၌ ဉာဏ်ရှိသူက ကြီးကျယ်ထွန်းကား၊ ဉာဏ်မရှိသူက ပျက်ပြားနစ်မွန်း ရပုံကိုလည်း ကောင်း စဉ်းစား၍ ဤ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ကို ကြည်ညိုကာ မိမိ၏ ပါရမီကို အမြဲတိုးပွားအောင် ကြိုးစားကြပါလေ။

**"မရှိတာထက် မသိတာခက်"**

---

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၃) သော ဘဂဝါ–ထိုမြတ်စွာဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– သုံးပါး ရှစ်ပါး, ၂ မျိုး အားဖြင့်, ဟောထားပညာ, ဉာဏ်ဝိဇ္ဇာတည်း, နိဗ္ဗာနခေတ်, အမြိုက်ရပ်သို့, ဆိုက်ကပ်ရန်ဖြင့်, အမှန်သင့်သည်, အကျင့်စရဏ, ဆယ့်ငါးဝနှင့်, တကွ ဉဿုံ, ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ ဝိဇ္ဇာ စရဏသမ္ပန္နော–ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍ မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လွှင့်ကျော်ကြား, ထင်ရှားတော်မူ ပါပေသည် တကား။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်သည် "ဝိဇ္ဇာတရား စရဏတရားနှင့် ပြည့်စုံတော်မူ၏" ဟူသော အနက်ကို ပြ၏။ [ဝိဇ္ဇာ=အသိဉာဏ်+ စရဏ=အကျင့်+ သမ္ပန္န=ပြည့်စုံ၏။]

http://www.dhammadownload.com



**သုံးပါး၊ ရှစ်ပါး–ဉာဏ်ဝိဇ္ဇာတည်း။** ။အသိဉာဏ်ပညာ ဟူသော ဝိဇ္ဇာကို အချို့ သုတ္တန် ဒေသနာတော်၌ ၃ ပါး၊ အချို့ သုတ္တန် ဒေသနာတော်၌ ၈ ပါးဟု ၂ မျိုးအားဖြင့် ဟောထားတော်မူသောကြောင့် "ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး" ဟု ကွဲနေသည်။

**[ဆောင်]** သုံးပါး ဝိဇ္ဇာ, ပု–ဒိ–အာ–နှင့်, ဝိဇ္ဇာရှစ်ရပ်, ဝိပဿ စေတော, မနောမယိဒ်, ဒိနှင့်ဣဒ်, ထည့်သိပ်ရေတွက်လေ။

## ဝိဇ္ဇာသုံးပါး

**ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။** ။ရှေးရှေးဘဝ၌ ကြုံတွေ့ခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်သော ဉာဏ်။

**ဒိဗ္ဗစက္ခုဉာဏ်။** ။နတ်မျက်စိကဲ့သို့ ဝေးကွာသော အဆင်း၊ သေးငယ်သော အဆင်းကို မြင်နိုင်သော ဉာဏ်။

**အာသဝက္ခယဉာဏ်။** ။ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်။

## ဝိဇ္ဇာရှစ်ပါး

**ဝိပဿနာဉာဏ်။** ။"အနိစ္စ ဒုက္ခ အနတ္တ"ဟု ရုပ်နာမ်တရားအားလုံးကို သိမြင်နိုင်သော ဉာဏ်။

**စေတောပရိယဉာဏ်။** ။သူတစ်ပါး၏ စိတ်ကို သိနိုင်သော ဉာဏ်။

**မနောမယိဒ္ဓိဉာဏ်။** ။မိမိခန္ဓာကိုယ်အတွင်း၌ အလားတူကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်။

http://www.dhammadownload.com



**ဒိဗ္ဗသောတဉာဏ်။** ။နတ်တို့၏ နားကဲ့သို့ ဝေးသောအသံ၊ သေးငယ်သောအသံကို ကြားနိုင်သော ဉာဏ်။

**ဣဒ္ဓိဝိဓဉာဏ်။** ။မြေလျှိုး မိုးပျံ စသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်။ ရှေ့ ၃ ပါးတွင် ဤငါးပါးကို ထည့်လျှင် ဝိဇ္ဇာရှစ်ပါး ဖြစ်၏။

**နိဗ္ဗာနဓာတ်–အကျင့်စရဏ။** ။မပျက်စီးနိုင်သော အရာကို "အမြိုက်"ဟု ခေါ်၏။ ထိုအမြိုက်နှင့်တူသော နိဗ္ဗာနဓာတ်သို့ ရောက်ဖို့ရန် ကျင့်သော အကျင့်ကို "စရဏ"ဟု ခေါ်သည်။

## စရဏ ၁၅ ပါး

[ဆောင်] သဒ္ဓါ သတိ, ဟိရိဩတ္တပ္ပ, ဝီရိယနှင့်, သုတပညာ, ခုနစ်ဖြာ, သဒ္ဓမ္မာဟု ပြ။

ထို သဒ္ဓမ္မာ, ခုနစ်ဖြာနှင့်, ဘော ဇာ သီ ဣန်, ဈာန်လေးကြိမ်ထား, ဤဆယ့်ငါး, မှတ်သား စရဏ။

**သဒ္ဓါ**– "ကုသိုလ်၊ အကုသိုလ်ကံ ရှိသည်၊ ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိသည်၊ ရတနာသုံးပါး ရှိသည်၊ နောင်ဘဝ ရှိသည်" ဟု ယုံကြည်မှု။

**သတိ** – ကုသိုလ်ကောင်းမှု ဆိုင်ရာ၌ အမှတ်ရမှု။

**ဟိရိ** – မကောင်းမှု ဒုစရိုက်မှ ရှက်မှု။

**ဩတ္တပ္ပ** – မကောင်းမှု ဒုစရိုက်မှ ကြောက်လန့်မှု။

http://www.dhammadownload.com



**ဝီရိယ** – ကုသိုလ်ကောင်းမှု ကိစ္စ၌ အားထုတ်မှု။

**သုတ** – အကြားအမြင်များမှု။

**ပညာ** – အရာရာ၌ တတ်သိ လိမ္မာမှု။

ဤကား "သဒ္ဓမ္မ"ဟု ခေါ်အပ်သော သူတော်ကောင်း တရား ၇ ပါးတည်း။ [သူတော်၌ ဥစ္စာ၌ကား သတိနှင့် ဝီရိယကို နုတ်ပြီးလျှင် သီလ (သီလစောင့်မှု)၊ စာဂ (စွန့်ကြဲလှူဒါန်းမှု) ထည့်၍ ရေတွက်ရသည်။]

**ဘောဇနေမတ္တညုတာ**။ ။စားသောက်ရာ၌ မိမိနှင့် သင့်–မသင့် နှိုင်းချင့်၍ အတိုင်းအရှည် သိမှု။

**ဇာဂရိယာနုယောဂ**။ ။နိုးနိုးကြားကြား အိပ်မှု၊ အအိပ်အနေနည်းမှု။

**သီလ**။ ။ဆိုင်ရာသီလကို နေ့စဉ် စောင့်ထိန်းမှု။

**ဣန္ဒြိယသံဝရ**။ ။တွေ့မြင် ကြားသိသမျှ၌ လောဘ ဒေါသ စသည် မဖြစ်စေဘဲ မျက်စိ နား နှာ စသော ဣန္ဒြေများကို ငြိမ်သက်အောင် စောင့်စည်းမှု။

ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်,
ပေါင်း စရဏ ၁၅ ပါး ဖြစ်၏။

"ဝိဇ္ဇာ" ဟူသော အသိဉာဏ်ရှိသော်လည်း "စရဏ" ဟူသော အကျင့်မရှိက နိဗ္ဗာန်မရနိုင်။ "စရဏ" အကျင့်သာ ရှိ၍ "ဝိဇ္ဇာ" ဟူသော အသိဉာဏ် မရှိလျှင် လမ်းမှန်မရောက်ဘဲ အလွဲကို ကျင့်နေသဖြင့် ခရီးမတွင်ဘဲရှိမည်။ ရှင်တော်မြတ်ဘုရားကား အထွတ်အထိပ်ဖြစ်သော ဝိဇ္ဇာ=ဉာဏ်, စရဏ=အကျင့်နှင့် ပြည့်စုံတော်မူပါပေသည်။

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။အရာရာ၌ အသိဉာဏ်ဖြင့် အမှန်ကို ကျင့်ကြံအားထုတ်မှသာ ထမြောက်နိုင်သည်။ ယခုအခါ၌ကား အသိဉာဏ် ရှိပါလျက် သိသလောက် ကျင့်ကြံအားထုတ်မှု "စရဏ" မရှိသောကြောင့် အောက်ကျ နောက်ကျ ဖြစ်နေသူတွေ များလှ၏။ ထို့ကြောင့် ဘုရားရှင်၏ "ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်တော်ကို အာရုံပြုလျက် ကြည်ညိုကြပြီးလျှင် မိမိသန္တာန်၌ အသိရော အကျင့်ပါ ၂ ဖြာလုံး ပြည့်စုံအောင် ကြိုးစားသင့်ကြသတည်း။

---

# သုဂတ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၄) သော ဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– ဒီပင်္ကရာ, ထွတ်ချာသနင်း, ခြေတောင်ရင်းမှ, မှန်ကင်းသိရှိ, ဗောဓိမဏ္ဍိုင်, ခန်းဝါပိုင်အောင်, ဆယ်ခိုင်ပါရမီ, စုံပြည့်ညီလျက်, သုံးလီဘဝ, များသတ္တ၏, သုခစီးပွား, ကျင့်သောအားဖြင့်, မိုက်မှားအယူ, မိစ္ဆာဟူက, ဆံမြူတစ်စိ, မကပ်ငြိဘဲ, သတိသမ္ပဇဉ်, မပြတ်ယှဉ်လျက်, သဗ္ဗညုဉာဏ်တော်, ရကြောင်းရော်၍, ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂတော–သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာဘုံတိုင်အောင်, ပျံ့လွှင်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

* * * * *

http://www.dhammadownload.com



## ကြည့်ရှုရန် အဓိပ္ပာယ်

သုဂတဂုဏ်တော်သည် "ကောင်းစွာကြွတော်မူခဲ့၏" ဟူသော အနက်ကို ပြသည်။ [သု=ကောင်းစွာ+ဂတ=ကြွတော်မူခဲ့သည်။]

**ထွတ်ချွာသနင်း**။ ။အထွတ်အထိပ် အချုပ်အခြာ မြင့်မြတ်သော ဘုရားရှင်။

**မှန်ကင်းသိရီ**။ ။ပြာသာဒ် စသည်တို့၏ အထွတ်၌ တပ်ထားအပ်သော တုရင် မှန်ကင်းကဲ့သို့ မိုမောက်နေသော မြေပေါ်ဝယ် ကျက်သရေရှိသော ဗောဓိပင်။

**ဗောဓိမဏ္ဍိုင်**။ ။ဗောဓိပင်ပေါက်ရာ မြေအရပ်သည် ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို မဏ္ဍိုင်ဖြစ်သောကြောင့် ဗောဓိပင်ကိုလည်း "မဏ္ဍိုင်"ဟု ဆိုသည်။ (တစ်နည်း) ဗောဓိပင်ကို သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဖြစ်၍ ဗောဓိမဏ္ဍိုင်ဟု ဆိုသည်။ [ဤနည်း၌ "ကြည်လင်ခြင်း"အနက်ကို ဟောသော "မဏ္ဍာ"ဟူသော ပါဠိမှ မဏ္ဍိုင်ဖြစ်လာသည်ဟု ကြံပါ။]

**ခန်းဝါပိုင်အောင်**။ ။အရောင်အဝါရှိသော ခန်းဆောင်နေရာကို "ခန်းဝါ"ဟု ခေါ်သည်။ ဤ၌ ဗောဓိပင်ကို အရောင်အဝါရှိသော အခန်းဆောင်ကဲ့သို့ ဥပမာ ပြုထားသည်။ "ရောင်ဝါ" ထိန်လျှမ်းသည့် အခန်းဆောင်သို့ရောက်လျှင် အင်မတန် အဖိုးတန်သော ရတနာကို ရသကဲ့သို့ သဗ္ဗညုတဉာဏ် တည်းဟူသော အဖိုးတန် ရတနာကိုလည်း ဗောဓိမဏ္ဍိုင်တည်းဟူသော နေရာ၌ ရတော်မူသည် ဟူလို။

http://www.dhammadownload.com



ဘုရားရှင်သည် ဘုရားဆု ပန်တော်မူရာ ဒီပင်္ကရာ ထွတ်ချာ သနင်း တရားမင်း၏ ခြေတော်ရင်းမှစ၍ "ဗောဓိမဏ္ဍိုင်"တည်းဟူသော ခန်းဝါဆောင်နန်းကို စိုးပိုင် စံမြန်းတော်မူလျက် ဘုရားဖြစ်သည့်တိုင် အောင် (ကာမ, ရူပ, အရူပ အားဖြင့် ဘဝသုံးပါး၌ရှိသော) သတ္တဝါ အများ၏ စီးပွားချမ်းသာ အလို့ငှာ ပါရမီဆယ်ပါးကို အစုံအညီ ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ထို ဖြည့်ကျင့်စဉ်အခါ၌ မိုက်မှားသော မစ္ဆာဒိဋ္ဌိ အယူဆိုးကြီး များလည်း ကိုယ်တော်၏ သန္တာန်၌ တစ်ဆံခြည်မျှ မြူမှုန်ကလေးမျှ တစိုးတစိ မကပ်ငြိရအောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဘဝဆက်တိုင်း လွန်ကဲသော သတိ "သမ္မာဒိဋ္ဌိ"ဟု ခေါ်အပ်သော ပညာတရားတို့ကို အမြဲလက်ကိုင်ထားတော်မူ၍ သဗ္ဗညုတဉာဏ်တော် သခင် ဘုရားရှင်အဖြစ်သို့ ရောက်ဖို့ရန်သာ ဖြောင့်ဖြောင့်မှန်မှန် ကျင့်ကြံတော်မူခဲ့ပေသည်။ [ဤနေရာ၌ ရပ်တန့်၍ "ဘုရားရှင်သည် ပါရမီဖြည့်တော်မူစဉ်က မိစ္ဆာအယူကို မယူမိအောင် သတိနှင့် ဉာဏ် အမြဲရှိပုံကို" အာရုံပြုလိုက်ပါ။]

**တိုက်တွန်းချက်။** ။သာသနာပ အခါဝယ် မိစ္ဆာအယူများတွေ လွန်စွာ လွှမ်းမိုးလာမည်ဖြစ်၍ ဘုရားရှင်၏ သုဂတဂုဏ်တော်ကို ကြည်ညိုပြီးလျှင် မိမိတို့လည်း မိစ္ဆာအယူဟူသမျှ ဘဝဆက်တိုင်း မကပ်ငြိ မယူမိလေအောင် သတိ ပညာ တရားကို သန့်သန့်ကြီး ထားတတ်ကြဖို့ရန် "ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏။ ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိ၏" ဟု ကံနှင့် ကံ၏ အကျိုးကို နားလည်သော "ကမ္မဿကတာဉာဏ်"ကို မိမိသန္တာန်၌ ဖြစ်အောင် ပထမ ကြိုးစားသင့်၏။

http://www.dhammadownload.com



ထို့နောက် "ဤခန္ဓာကိုယ်၌ ရုပ်တရား နာမ်တရားသာ ရှိ၏" ဟု သိအောင် ဆရာသမားအထံ မေးမြန်း၍ ထို ရုပ် နာမ်၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံကို နားလည်သော ဝိပဿနာဉာဏ်ဖြစ်အောင် ကြိုးစားပါ။ ထိုသို့သိလျှင် ပါရမီဖြည့်လိုသော ဆန္ဒ၊ သို့မဟုတ် ကမ္မဋ္ဌာန်းအားထုတ်လိုသော ဆန္ဒ ပြင်းပြ၍ မိစ္ဆာအယူသာမက ဂုဏ် ပကာသန စိတ်တွေပါ ကင်းဝေးသွားပါလိမ့်မည်။

---

# လောကဝိဒူ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၅) သော ဘဂဝါ– ထို မြတ်စွာဘုရားသည်၊ ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– သတ္တာကာသ, သင်္ခါရဟု, လောကသုံးဘုံ, အလုံးစုံကို , အာရုံထင်စွာ, ပိုင်းခြားကာဖြင့်, ကောင်း စွာကုန်စင်, သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊ လောက ဝိဒူ–လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍ မကုန်, ဗြဟ္မာ့ ဘုံတိုင်အောင်, ပျံ့လွှင့်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

* * * * *

# ကြည့်ရှုရန် အဓိပ္ပာယ်

လောကဝိဒူ ဂုဏ်တော်သည် "လောကအားလုံးကို သိမြင် တော်မူ၏" ဟူသော အနက်ကို ပြသည်။ [လောက=ကမ္ဘာလောကကြီးကို+ ဝိဒူ= သိတော်မူနိုင်သည်။]

http://www.dhammadownload.com



**လောကသုံးပါး။** ။သတ္တ လောက၊ ဩကာသ လောက၊ သင်္ခါရ လောကဟု လောကသုံးပါး ရှိ၏။ သက်ရှိသတ္တဝါ အပေါင်းသည် သတ္တလောက မည်၏။ သတ္တဝါတို့၏ တည်နေရာ ဘုံဌာနသည် လည်းကောင်း၊ ဘုံမရှိသော နေရာဌာနသည် လည်းကောင်း ဩကာသ မည်၏။ ရုပ်တရား နာမ်တရားအားလုံးသည် သင်္ခါရလောက မည်၏။

**သတ္တလောက သိတော်မူပုံ။** ။"ဤကမ္ဘာ လောကကြီး၌ အပါယ်လေးပါးတွင် ခြတောင်ပို့ တစ်ခု၌ ခြသတ္တဝါပေါင်းများစွာ၊ ပုရွက်တွင်းတစ်တွင်း၌ ပုရွက်သတ္တဝါပေါင်းများစွာ၊ ငါးဥတစ်ဥ၌ ငါးသတ္တဝါလေးတွေများစွာ၊ ပြိတ္တာသတ္တဝါတွေများစွာ၊ ငရဲသတ္တဝါ တွေများစွာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတွေ များစွာရှိသည်" ဟု သိမှုမှာ ဆန်းကြယ်လှသည် မဟုတ်ပါ။ ဘုရားရှင်ကား ထိုသိမှုမျိုးထက် လွန်၍ သတ္တဝါတစ်ယောက်ကို "ဤသူသည် စရိုက်အမျိုးမျိုးတွင် မည်သည့်စရိုက်က လွန်ကဲနေ၏။ အနုသယ အမျိုးမျိုးတွင် မည်သည့် အနုသယက ထက်သန်နေ၏။ ပင်ကိုဆန္ဒ ညံ့ဖျင်း၏၊ သို့မဟုတ် ထက်သန်၏။ သဒ္ဓါ စသော ဣန္ဒြေ ၅ ပါးတွင် မည်သည့် ဣန္ဒြေက ထက်မြက်၍ မည်သည့် ဣန္ဒြေက ညံ့သေး၏" စသည်ဖြင့် သိတော်မူပါသည်။

ထိုသို့ သိတော်မူရာ၌ အတွေးအဆအားဖြင့် မှန်းဆ၍ သိတော်မူခြင်းမဟုတ်၊ ဆရာဝန်သည် ပြဒါးတိုင်ဖြင့် သူနာ၏ အပူဒီဂရီကို ချိန်ကြည့်သောအခါ တက်သော အပူဒီဂရီကို သိနိုင်သကဲ့သို့ ထိုသတ္တဝါ၏ အတွင်းစိတ် အခြေအနေအားလုံးကို ကွဲကွဲပြားပြားနှင့် ထင်ရှားစွာ သိမြင်တော်မူနိုင်ပါသည်။ [စရိုက်–အနုသယ–ဣန္ဒြေတို့၏ အကြောင်း

http://www.dhammadownload.com



များမှာ အဘိဓမ္မာသက်သက်နှင့် ဆိုင်သောကြောင့် မိမိတို့ လေ့လာနေကျ အဘိဓမ္မာကျမ်းစာများ၌ ရှာဖွေ ကြည့်ရှု၍လည်းကောင်း၊ မေးမြန်း၍ လည်းကောင်း သိကြပါလေ။]

**ဩကာသလောက သိတော်မူပုံ။** ။သတ္တဝါတို့နေရာ ကမ္ဘာလောကကြီး တည်နေပုံကို ပြရာ၌ ကျမ်းဂန်အဆိုသည် ယခုခေတ်လောကဓာတ် ဆရာတို့၏ အယူအဆနှင့် မတူဘဲ ရှိနေ၏။ ကမ္ဘာတည်နေဟန်ကို ပါဠိကျမ်းဂန်များ၌ ဆိုပုံကား... ဤမြေကြီးသည် အထု (အထူ)အားဖြင့် ယူဇနာပေါင်း ၂ သိန်း ၄ သောင်း ရှိ၏။ အထက် တစ်ဝက်သည် ပကတိ မြေသားဖြစ်၍ အောက်တစ်ဝက်မှာ ကျောက်မြေသား ဖြစ်သတဲ့။ ဤမြေကြီး၏ အောက်၌ ယူဇနာ လေးသိန်း ရှစ်သောင်း ထုသော ရေပြင်ကြီး တည်ရှိ၏။ "ရေပြင်"ဟု ဆိုသော်လည်း အရည်ဟုတ်ဟန်မတူ၊ အလွန်အေး၍ ခဲနေသော ရေခဲတုံးကြီး ဖြစ်ဟန်ရှိ၏။ မြေအထုထက် နှစ်ဆလောက်ထုသော ရေခဲ တုံးကြီးက မြေအပြင်ကြီးကို ပင့်မြှောက်ခံယူထားနိုင်သည်မှာ အံ့ဩစရာ မရှိတော့ပြီ။ ထိုရေပြင်ကြီးကိုကား ယူဇနာ ကိုးသိန်း ခြောက်သောင်း ထုသော လေပြင်ကြီးက အောက်မကျအောင် ပင့်မြှောက် တိုက်ခတ်လျက်ရှိ၏။ ဤလေပြင်ကြီး အောက်၌လည်း မဆုံးနိုင်အောင် ဟင်းလင်းဟာလာ အာကာသ ကောင်းကင် ရှိလေသည်။ ဤကား ကမ္ဘာမြေကြီး၏ အောက်ပိုင်း မြေပုံတည်း။

စကြဝဠာတစ်ခုဟု သတ်မှတ်အပ်သော ဤကမ္ဘာမြေကြီး၏ အဝန်းယူဇနာမှာ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ့ငါးဆယ် ရှိ၏။ ကမ္ဘာမြေဝန်းကို ကျောက်တောင်ကြီးများက တံတိုင်းခတ်သလို

http://www.dhammadownload.com



ရံပတ်နေ၏။ ထို ကျောက်တောင်ကြီးများ ဆက်စပ်၍ ရံပတ်နေသည်ကိုပင် စကြဝဠာ မဟာရာမ်တံတိုင်းဟု ခေါ်စမှတ်ပြုကြ၏။ ဤကမ္ဘာမြေဝန်း၏ အတွင်း၌ကား သမုဒ္ဒရာရေပြင်ကြီး ရှိ၏။ ထို ရေပြင်၏ အနက်ဆုံးနေရာသည် ယူဇနာ ရှစ်သောင်း လေးထောင် နက်၏။ အလယ်ဗဟိုတည့်တည့်၌ကား ရေ၏ အထက်၌ ယူဇနာ ရှစ်သောင်းလေးထောင်၊ ရေ၏ အတွင်း၌ ယူဇနာ ရှစ်သောင်း လေးထောင်ရှိ၍ ယူဇနာပေါင်း တစ်သိန်း ခြောက်သောင်း ရှစ်ထောင် မြင့်သော မြင်းမိုရ်တောင် တည်ရှိ၏။ ထို မြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်၌ "သီဒါ"ခေါ်သော မြစ်တစ်ခု ခြား၍ မြင်းမိုရ်တောင်၏ အောက် တစ်ဝက်လောက်နိမ့်သော ယုဂန္ဓိုရ်တောင် တည်ရှိ၏။ ဤနည်းအတိုင်း "သီဒါမြစ်"တစ်ခု ခြားကာ ခြားကာ တောင်စဥ်ခုနစ်ထပ် မြင်းမိုရ် တောင်ကို ရံပတ်၍ တည်လေသည်။

ထို မြင်းမိုရ်တောင်နှင့် တောင်စဥ်ခုနစ်ထပ်တို့၏ လေးမျက်နှာ အရပ်ရှိ ရေလယ်ခေါင်၌ ကျွန်းကြီး ကျွန်းငယ် အသွယ်သွယ် ပေါ်ထွန်းလျက်ရှိ၏။ ထို ကျွန်းမြေများသည်ပင် လူ စသော သတ္တဝါ တို့၏ တည်နေရာ မြို့ ရွာ တော တောင်များ ဖြစ်ကြလေသည်။ အရှေ့ဖက်၌ ပေါ်ထွန်းသော ကျွန်းမြေကို အရှေ့ကျွန်း၊ တောင်ဖက်၊ အနောက်ဖက်၊ မြောက်ဖက်တို့၌ ပေါ်ထွန်းသော ကျွန်းမြေများကို တောင်ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းဟု ခေါ်သည်။

ထို မြင်းမိုရ်တောင်၏ ထက်ဝက်လောက်၌ ယုဂန္ဓိုရ်တောင်ထိပ် နှင့် ညီမျှသော အရပ်ဝယ် စတုမဟာရာဇ်နတ်ပြည် တည်ရှိ၏။ မြင်းမိုရ်တောင်ထိပ်လောက်၌ တာဝတိံသာနတ်ပြည် တည်ရှိ၏။ ဤ

http://www.dhammadownload.com



နတ်ပြည် နှစ်ထပ်သာလျှင် မြေနှင့် ဆက်စပ်လျက်ရှိသည်။ ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ၊ ဝသဝတ္တီ နတ်ပြည်နှင့် အထက် ဗြဟ္မာ့ဘုံတို့ကား မြေနှင့် မဆက်စပ်ဘဲ ကောင်းကင်အရပ်မှာပင် တည်ရှိကြ၏။ ဤကား ကမ္ဘာ၏အထက်ပိုင်း မြေပုံတည်း။ [လောကဓာတ် ဆရာတို့၏ ကမ္ဘာ့မြေပုံကို လောကဓာတ်ကျမ်းစာများ၌ ရှုပါ။]

ဤဘုံ အမျိုးမျိုးကို တည်နေဟန်နှင့်တကွ နတ် ဗြဟ္မာတို့ စံစားပုံကို ရိုက်နှိပ်ပြီး "သဂြိုဟ်ဘာသာဋီကာ" နှင့် ဒုတိယ အကြိမ် ရိုက် "ကိုယ်ကျင့်အဘိဓမ္မာ"တို့၌ ထည့်သွင်း ပြထားပြီ။ ဤပြခဲ့သော ကမ္ဘာကဲ့သို့ အခြားသော စကြဝဠာ ကမ္ဘာကြီးများလည်း မရေတွက် နိုင်အောင် များမြောင်စွာ ရှိသေး၏။ ဘုရားရှင်သည် ထို ပြအပ်ခဲ့သော စကြဝဠာ ကမ္ဘာလောကဓာတ်ကြီးများကိုလည်း အကုန်အစင် သိမြင် တော်မူနိုင်ပေသည်။

**သင်္ခါရလောကကို သိမြင်တော်မူပုံ။** ။ရုပ် နာမ် တရားတွေ ပေါင်းစပ်နေသည်ကို "ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ, ယောကျ်ား, မိန်းမ, အထီး, အမ" စသည်ဖြင့် ခေါ်ဝေါ်ကြရသည်။ ထို ရုပ် နာမ်ကို ဖယ်ထားလျှင်၊ သို့မဟုတ် ရုပ်နာမ်အားလုံး အဆုံးသတ် ချုပ်သွားလျှင် ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ ဟူ၍ မရှိတော့ပြီ။ ခန္ဓာကိုယ်၌ မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ်ဟု အမာခံ ဓာတ်ကြီး ၄ ပါးရှိ၏။ ထို အမာခံ ဓာတ်ကြီး ၄ ပါးကို မှီမ်းမံခြယ်လှယ်သော အမွှန်းတင် ရုပ်များ လည်း ရှိ၏။

ထို ရုပ် အစိတ်အစိတ်ကလေးတွေ ပေါင်းစပ်နေသော အစုအခဲကို "ရုပ်ကလာပ်"ဟုခေါ်၏။ ရုပ်ကလာပ်မှုန့် တစ်ခုတစ်ခုသည် ပကတိ

http://www.dhammadownload.com



မျက်စိတို့ဖြင့် မမြင်ရလောက်အောင် သိမ်မွေ့သေးငယ်၏။ "လောကဓာတ် ဆရာတို့သည် သူတို့၏ မှန်ပြောင်းအားဖြင့် အသေးအမွှားဆုံး ရုပ်မှုန့်ကလာပ်များကို မြင်နိုင်၏"ဟု ဆိုသော်လည်း ကလာပ်တစ်ခု တည်းကို မြင်ရသည်မဟုတ်။ ကလာပ်မှုန့်ကလေးတွေ အတော်များများ ပေါင်းစပ်နေသည်ကိုသာ မြင်သည်။ ကလာပ် တစ်ခု တစ်ခု၌ "ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ" ဤရုပ် ၈ ခု စုပေါင်းနေကြောင်း သိဖို့ကား လောကဓာတ် ပညာ၏ အရာမဟုတ် တော့ပြီ။ ဘုရားရှင်ကား ထိုကဲ့သို့ အသေးအမွှား ရုပ်ကလေးများအပြင် ထို ရုပ်ကလေးများ ဖြစ်ပေါ်လာဖို့ အကြောင်းနှင့်တကွ လက္ခဏာ ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူနိုင်ပေသည်။

ထို့ပြင် ထို ရုပ်ကလာပ်ကလေးတွေ စုပေါင်းတွေ ခဲနေသဖြင့် သတ္တဝါဟု ခေါ်သော ဤခန္ဓာကိုယ် အတွင်း၌ စိတ်, စေတသိက် ဟူသော နာမ်တရား ရှိသေး၏။ ထို နာမ်တရား၏ အစွမ်းကြောင့် အဆင်း အသံ အနံ့ အရသာ အတွေ့နှင့် သိဖွယ်ဟူသမျှကို သိမြင်ကြရပေသည်။ ထိုနာမ်တရား၏ အကြောင်းကိုကား လောကဓာတ် ပညာရှိတို့ ထိမိအောင် သိဖို့ကို မဆိုထားဘိ၊ ဖဿ ဝေဒနာ သညာ စသော နာမည်မျှကိုပင် မသိမြင်နိုင်ကြတော့ချေ။

ရှင်တော်ဘုရားကား ထိုရုပ်နာမ်တရားတို့ ဖြစ်ခြင်း၏ အကြောင်း နှင့်တကွ လက္ခဏာ ကိစ္စတို့ကိုပါ အကုန်အစင် သိမြင်တော်မူနိုင်ပေ သည်။ ဤသို့ ရှင်တော်ဘုရားသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတို့ကို အကုန်အစင် သိမြင်တော်မူရကား "အလွန့်အလွန် သိနိုင်ပါပေ၏" ဟု ချီးကျူးရသော ပြဟ္မာမင်းတို့ကပင် ဘုရားရှင်ကို

http://www.dhammadownload.com



"လောကဝိဒူ=လောကအားလုံးကို သိမြင်တော်မူသော ဘုရား"ဟု ဦးထိပ်ပေါ်တွင် မြှောက်တင် ကိုးကွယ်ကြပေသည်။

**တိုက်တွန်းချက်။** ။ဘုရားရှင်၏ လောကသုံးပါး သိတော်မူရာ၌ သတ္တလောကကို သိတော်မူခြင်းမှာ သတ္တဝါကို ချေချွတ်ဖို့အရေး ဝယ် အလွန်အရာရောက်သော အချက်ပေတည်း။ ဟောပြော ချေချွတ် တော်မူရာ၌ ထို သတ္တဝါတို့၏ ပင်ကိုစရိုက် အနုသယနှင့် ဣန္ဒြေ အနုအရင့်ကို နှိုင်းချင့်ပြီးမှ သင့်တော်သော တရားရေအေး အမြိုက်ဆေး ကို တိုက်ကျွေး၍ ချေချွတ်တော်မူပေသည်။ ဥပမာ–ဆေးကု ကျွမ်း ကျင်သော သမားတော်သည် သူနာ၏ ရောဂါကို အခြေအမြစ်နှင့် တကွ သိပြီးမှ သင့်တော်သော ဆေးကို တိုက်ကျွေးသကဲ့သို့တည်း။ ထို့ကြောင့် ယခု သာသနာတော်တွင်း၌ ဘုရားထူး မရကြသေးလျှင် နောင် ဘုရားရှင်တို့နှင့် တွေ့ကြုံသောအခါ လွယ်ကူစွာ ချေချွတ် ထိုက်သူဖြစ်အောင် ယခုနှယ်က ဆိုးဝါးသော အနုသယ ကိလေသာ ခတ်တွေကို ပါးလှပ်သည်ထက် ပါးလှပ်စေပြီးလျှင် သဒ္ဓါ ပညာ စသော ဣန္ဒြေများ ရင့်သန် ထက်မြက်ဖို့ရန် ကြိုးစားကြပါကုန်။

ဤနေရာဝယ် စာဖတ်ရင်း ရပ်တန့်၍ ဘုရားရှင်၏ သပ္ပာယ်သော ရုပ်ပုံတော်၏ အတွင်း၌ သန့်ရှင်းသော စိတ်တော်မှ ယှဉ်နေသော သဗ္ဗညုတဉာဏ်တော်ဖြင့် လောကအားလုံးကို သိတော်မူပုံ၊ မိမိကိုယ် တိုင် ဘုရားရှင်ကို ဖူးရလျှင် မိမိစိတ်ကိုကြည့်၍ မိမိနှင့် သင့်တော်သော တရားကို ဟောတော်မူမည့်ပုံ၊ ထိုတရားတော်နာရင်း တရားထူးရမည့် ပုံကိုပါ "မစားရ, ဝကမန်း" အာရုံပြုလိုက်စမ်းပါ။ လောက၌ နေ မင်းသာ ပေါ်ထွက်မလာလျှင် ခလုတ် ကန်သင်း ကုန်းကျင်း အရပ်တို့ကို

http://www.dhammadownload.com



ခွဲခြား၍ မရနိုင်ဘဲ သွားတိုင်း သွားတိုင်း တိုက်မိ ခိုက်မိ ကျင်းထဲကျဖွယ် ရှိသကဲ့သို့ ထို့အတူ ဘုရားရှင် နေမင်းသာ ပေါ်ထွက်မလာလျှင် ကုသိုလ် အကုသိုလ်ကို ခွဲခြား၍ မသိဘဲ အကုသိုလ်တွေကိုသာ ပြုမိကာ သတ္တဝါအများပင် အပါယ်လားဖို့ ရှိတော့သည်။

---

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၆) သော˙ဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန–ဆုံးမသင့်ရန်, သတ္တဝါ မှန်သော်, ချောက်တန်လျှင် ချောက်, မြှောက်တန်လျှင် မြှောက်၍, အောက်အောက်ထက်ဂုဏ်, ဆင့်ဆင့်စုံဖို့, ဖုံဖုံသင်ပေး, အစဉ်ဖေးလျက်, ယဉ်ကျေးလေအောင်, သွေးဆောင် ဆုံးမတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မသာရထိ–အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍ မကုန်, ဗြဟ္မာ ဘုံတိုင်အောင်, ပျံ့လွှင့်ကျော်ကြား, ထင်ရှားတော် မူပေသည်တကား။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်သည် "ဆုံးမထိုက်သော သတ္တဝါ များကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိ စွမ်းနိုင်ပါပေ သည်"ဟူသော အနက်ကို ပြသည်။ [အနုတ္တရော + ပုရိသဒမ္မ + သာရထိ၊ အနုတ္တရော= အတုမရှိမြတ်သည် + ပုရိသ=ယောကျ်ား (သတ္တဝါ) + ဒမ္မ= ဆုံးမထိုက်သူ + သာရထိ=ဆုံးမနိုင်သည်။]

http://www.dhammadownload.com



**အောက်အောက်ထက်ဂုဏ်**။ ။အောက်အောက် သီလဂုဏ်နှင့် အထက်အထက် ဈာန်မဂ်ဖိုလ်ဂုဏ်များကို အဆင့်ဆင့် စုံလင်အောင် အဖုံဖုံ သင်ပေးပြီးလျှင် အဇ္ဈဉ်မပြတ် ဖေးဖေးမမ စောင့်ရှောက်တော်မူသည်။

တောဆင်ရိုင်း၊ မြင်းရိုင်းများကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိ ကျွမ်းကျင်သော ဆင်ဆရာ မြင်းဆရာတို့သည် အလွန်ရိုင်းပျသော ဆင် မြင်းများကို တဖြည်းဖြည်း ယဉ်ကျေးလာအောင် ဆုံးမပြီးလျှင် မင်းတို့၏ စီးတော်ဆင်၊ စီးတော်မြင်းများအဖြစ်သို့ ရောက်စေနိုင်သကဲ့သို့ ရှင်တော်မြတ်ဘုရားလည်း "လောကဝိဒူ" ဂုဏ်တော်၌ ပြခဲ့သည့်အတိုင်း သတ္တဝါတို့၏ အတွင်းစိတ်ကို ရှေ့နောက် ကုန်စင် သိမြင်တော်မူသောကြောင့် ဆုံးမဖို့ရန် သင့်တော်သော သတ္တဝါများကို တွေ့မြင်တော်မူသောအခါ ချောက်၍ ဆုံးမမှ အကျွတ်တရားရမည့်သူ ဖြစ်လျှင် ချောက်၍ ဆုံးမတော်မူ၏။ မြှောက်ပင့်၍ ဆုံးမမှ အကျွတ်တရား ရမည့်သူဖြစ်လျှင် မြှောက်ပင့်၍ ဆုံးမတော်မူသည်။

ထိုသို့ ဆုံးမရာ၌ ပင်ကိုက သီလမရှိသူဖြစ်လျှင် သီလ၌ တည်စေတော်မူ၏။ သီလရှိပြန်လျှင်လည်း အထက်အထက် ဈာန်တရား မဂ်တရားတို့ကို ထိုသူ၏ ပါရမီအားလျော်စွာ တိုးတက်၍ရအောင် ဆုံးမတော်မူ၏။ ထိုဘဝ၌ မည်သည့် တရားထူးကိုမျှ မရထိုက်လျှင် နောက်နောက်ဘဝ၌ အထုံပါအောင် ဆုံးမတော်မူ၏။ ဘုရားရှင်၏ အဆုံးအမကို သီးခြားခံယူရလျှင် မယဉ်ကျေးသူ မရှိ၊ ယဉ်ကျေးသူ ချည်းသာ ဖြစ်ကြလေသည်။

http://www.dhammadownload.com



ဤနေရာဝယ် ရပ်တန့်၍ ဘုရားရှင်၏ စိတ်တော် ကြည်လင်ပုံ၊ ဉာဏ်တော် ထက်မြက်ပုံ၊ ထိုဉာဏ်တော်ဖြင့် ဟောပြော ဆုံးမဖို့ရန် တရားမျိုးစုံကို သိတော်မူပုံ၊ ထိုတရားမျိုးစုံမှ သင့်တော်သော တရားတို့ကို ရွေးချယ်၍ သတ္တဝါတစ်ယောက်အား ဆုံးမတော်မူရင်း တရားအထူးရပုံကို အာရုံပြုကာ ဘုရားရှင်၌ ကြည်ညိုစိတ် တိုးပွားအောင် ကြိုးစားကြပါလေ။

**တိုက်တွန်းချက်။** ။ဤစကား အစဉ်ဖြင့် "ဘုရားရှင်သည် တွေ့သမျှ သတ္တဝါတိုင်းကို အကျွတ်တရားရအောင် ဆုံးမတော်မူသည် မဟုတ်၊ အထိုက်အလိုက် တရားထူးရလောက်သော ပါရမီအခံ ရှိသူကိုသာ ဉာဏ်တော်ဖြင့် ကြည့်ရှု၍ အထူး ဆုံးမတော်မူသည်" ဟု နားလည်ကြပါ။ ဘုရားရှင်လက်ထက်တော်၌ သာဝတ္ထိပြည့်ရှင် ဘုရင် ကောသလမင်းကြီးနှင့် မိဖုရားခေါင်ကြီး မလ္လိကာတို့သည် ဘုရားကျောင်းဒကာ ကျောင်းအမ ဖြစ်၍ ဘုရားကို လွန်စွာ ကြည်ညိုကြ၊ တရားကိုလည်း မကြာမကြာ နာရပါလျက် မည်သည့် တရားထူးကိုမျှ ရကြသည်ဟု ကျမ်းဂန်၌ မတွေ့ရပါ။

ယခုကာလ၌ သဒ္ဓါလွန်၍ ပညာနည်းပါးသူတို့ကား "ဘုရားနှင့် တွေ့လျှင်ပင် ကေန် တရားထူးရနိုင်မည်"ဟု မျှော်လင့်နေရုံမက ယခုဘဝမှာပင် အတော်အတန် တတ်သိနားလည်သူကို ဆည်းကပ်ရလျှင် "ထိုသူ၏ တရားတွေ မိမိမှာ အလိုလို ကူးစက်လာလိမ့်မည်"ဟု တွေးဆကြ၏။ ကိုယ်အားထုတ်မှ ကိုယ်ရနိုင်သည်ကိုကား မသိရှာကြကုန်။ ထို့ကြောင့် နောင်ပွင့်တော်မူလာမည့် ဘုရားရှင်နှင့် တွေ့ရသော အခါ၌လည်း ဆုံးမထိုက်သော ပါရမီအခံ လုံလောက်ပြီးသူဖြစ်အောင်

http://www.dhammadownload.com



ယခုလို အတော်အတန် တတ်သိနားလည်သော ဘဝကောင်းက ဖြည့်ခွင့်ကြုံသော ပါရမီအားလုံးကို သိမ်းကျုံး၍ ဖြည့်ကျင့်ကြပါကုန်၊

---

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၇) သော ဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– သတ္ထဝါဟော်, ကုန်သည်ကျော်သည်, ဖော်လှော်ငယ်သား, နောက်ပါများကို, ရေရှား ဘေးခကန္တာရမှ, ခေမမြေဝှ, ထုတ်ကယ်ယူသို့, ထို့တူတစ်, ခဲ ယဥ်းဘိသည့် ဇာတိ ဇရာ, မရဏာဟု, ကန္တာရကြမ်း, ခရီးလမ်းမှ, ရွှေနန်းမြေဝှ ပြည်နိဗ္ဗူသို့, နတ် လူ ဗြဟ္မာ, သတ္တဝါကို, ကောင်းစွာဆောင်ယူ ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ သတ္ထာဒေဝမနုဿာနံ–သတ္ထာဒေဝ မနုဿာန ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လွှင်ကျော်ကြား, ထင်ရှားတော်မူပါပေသည်တကား။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်သည် "နတ် လူ တို့၏ ရှေ့ဆောင် ဦးစီး ကုန်သည်ကြီးနှင့် တူတော်မူ၏" ဟူသော အနက်ကို ပြသည်။

[ဒေဝမနုဿာနံ=နတ် လူတို့၏+သတ္ထာ=(ဆရာဖြစ်၍) ကုန်သည်ကြီးနှင့် တူတော်မူသည်။]

http://www.dhammadownload.com



**သတ္တဝါဟော်, ကုန်သည်ကျော်သည်။** ။သတ္တဝါဟ ဟူသော ပါဠိကို "သတ္တဝါဟော်"ဟု စပ်ဆိုသည်။ ကုန်သည်ငယ်များ၏ အကြီးအမှူးဖြစ်၍ ကူးသန်းရောင်းဝယ်မှု၌ ကျွမ်းကျင်နားလည်သော "ကုန်သည်ကြီး"ဟူလို။

**ကန္တာရမှ။** ။ခြင်္သေ့ သစ်ကျား ခိုးသား ဓားပြ ပေါများ၍ အစာရေစာ ရှားသော ခရီးကို "ကန္တာရ"ဟု ခေါ်သည်။ အသွားအလာ ခက်ခဲသောကြောင့် "ခရီးခဲ"ဟုလည်း ခေါ်သည်။ [ခေမမြေငှ= ဘေးရန်မရှိသော ကုန်းမြင့်မြေအရပ်။]

**ဓာတိရော, မရဏာဟု။** ။ဓာတိ=ပဋိသန္ဓေနေရမှု၊ ဇရာ=အိုရမှု၊ မရဏာ=သေရမှုဟူသော ဘေးကြီးတို့ဖြင့် မရှောင်သာ မတိမ်းသာအောင် ကြမ်းတမ်းသော သံသရာခရီး ကန္တာရကြီးမှ။

**ခွေနန်းမြေငှ, ပြည်နိဗ္ဗူသို့။** ။ခွေထီး ခွေနန်း၌ စံမြန်းရ သကဲ့သို့ အေးမြချမ်းသာသော နိဗ္ဗာန်ပြည် တည်းဟူသော မြေအငှသို့။

ရှေးအခါ၌ လှည်းမြင်းများစွာ ငါးရာတစ်ထောင်စသည် စုပေါင်း၍ ကုန်များကို တင်ဆောင်လျက် ကူးသန်းရောင်းဝယ်လေ့ ရှိကြ၏။ အကြီးအမှူးဖြစ်သော ကုန်သည်ကြီးလည်း ပါရှိရသည်။ လမ်းစခန်း၌ ခြင်္သေ့, သစ်, ကျား, ဘီလူး, ခိုးသူ, ဓားပြ စသော ဘေးတို့ဖြင့် အလွန်ဆိုးဝါး၍လည်းကောင်း၊ အစာရေစာ ရှားပါး၍ လည်းကောင်း၊ နေအလွန်ပူသော သဲပြင်ကြီးဖြစ်၍လည်းကောင်း အကူးအသန်း အသွားအလာ ခက်၍ "ကန္တာရ"ခေါ်သော ခရီးဆိုး ခရီးကြမ်းများလည်း ရှိတတ်လေသည်။

http://www.dhammadownload.com



ကုန်သည်မှူးကြီးတို့သည် ထိုခရီးဆိုးကြီးမှ လွတ်မြောက်၍ ဘေးမရှိရာသို့ ရောက်အောင် အဖော်ငယ်သား ကုန်သည်များကို ပို့ဆောင်သကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်လည်း အိုရမှု နာရမှု သေရမှု စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်း ပင်ပန်း ဆင်းရဲ တကွဲတပြား ဖြစ်ရမှု စသော ဘေးဒုက္ခတို့ဖြင့် မရှောင်သာအောင် ဆိုးသွမ်းသော သံသရာတည်း ဟူသော ကန္တာရကြီးမှ သတ္တဝါအများကို ကယ်တင်၍ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်တော်မူရကား ကုန်သည်ကြီးနှင့် တူတော်မူပါပေသည်။

**တိုက်တွန်းချက်။** ။ဘုရား တစ်ဆူ တစ်ဆူ ပွင့်တော်မူလာသောအခါ များစွာသော သတ္တဝါကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူပါလျက် ငါတို့တစ်တွေ မလိုက်ပါနိုင်ဘဲ ကျန်ရစ်ခဲ့ကြရသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှပေပြီ။ သို့ပါလျက် ယခုခေတ်၌ သူတော်ကောင်း အခေါ်ခံရသူတို့မှာ ကိုယ့်တာဝန်ဖြစ်သော တရားအားထုတ်မှု၊ ပါရမီဖြည့်မှုကို မကြိုးစားဘဲ "နိဗ္ဗာန်ကို မြန်မြန်ရလိုပါ၏" ဟု ဆုတောင်းတုန်းပင်။ ထိုသို့ ဆုတောင်းရင်း ကျန်ရစ်ကြရသည်ကိုကား သတိရကြဟန် မတူ။ သတိရ၍ ကြိုးစားလိုသူ အတွက်မှာမူ ယခုလည်း အချိန်ရှိပါသေး၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှ သတိရ၍ တရားတော်လာအတိုင်း ကြိုးစားသူတွေ အရှင်မဟိန္ဒထေရ်၊ သံဃမိတ္တာထေရီ စသည်ကဲ့သို့ များစွာ ကျွတ်တမ်းဝင်ခဲ့ကြပါသည်။ ထို့ကြောင့် ဘုရားကို အာရုံပြုရင်း ဖြစ်လာသော နှစ်သက်မှု (ပီတိ) စိတ်ကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ကမ္မဋ္ဌာန်းရှုကာ မိမိ၏ ခန္ဓာကိုယ်

http://www.dhammadownload.com



နှင့်တကွ တစ်လောကလုံးကို ငြီးငွေ့စရာဟု ဆင်ခြင်စမ်းပါလော့။ ပီတိ တစ်ခုကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု မြင်လာသောအခါ တစ်ကိုယ်လုံးရှိ ရုပ်တရား နာမ်တရားတွေကိုလည်း ကူးစက်၍ အနိစ္စ ဒုက္ခ အနတ္တဟု မြင်လာနိုင်ပါသည်။

---

## ဗုဒ္ဓဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၈) သော ဘဂဝါ– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– ဒုက္ခ သမုဒယ, နိရောဓနှင့်, မဂ္ဂမည်သာ, လေးသစ္စာကို, ဦးစွာပိုင်ပိုင်, သိမြင်နိုင်၍, သုံးဆိုင်ဝေနေ့, များဗိုလ်ခြေကို, မသွေအတူ, သိစေတော်မူနိုင်သော ဤ အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ–ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, ချီးအံ့၍မကုန်, ဗြဟ္မာဘုံတိုင်အောင်, ပျံ့လွှင့်ကျော်ကြား, ထင်ရှားတော်မူပေသည်တကား။

* * * * *

## ကြည့်ရှုရန် အစီအစဉ်

ဗုဒ္ဓဂုဏ်တော်သည်"ကိုယ်တော်တိုင်သိ၍ သူတစ်ပါးကိုလည်း သိစေတော်မူနိုင်သည်" ဟူသော အနက်ကို ပြ၏။

(၁) **ဒုက္ခသစ္စာ**။ ။(ဒုက္ခ=ဆင်းရဲခြင်း+ သစ္စာ=အမှန်) ရုပ်ခန္ဓာနှင့် စိတ် စေတသိက်ဟူသော နာမ်ခန္ဓာတရားတွေ ပေါင်းစပ်နေသည်ကို "ခန္ဓာကိုယ်"ဟု ခေါ်၏။ ဤခန္ဓာကိုယ်သည် ဒုက္ခတုံး

http://www.dhammadownload.com



ဒုက္ခခဲ ဆင်းရဲခြင်းအမှန် ဖြစ်၏။ ဤခန္ဓာကိုယ်ကြီး ရှိလို့သာ စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့ ရှာဖွေ သွားလာရ၏။ အိုရ နာရ သေရ ကြရ၏။ အရှာအဖွေ အံနေ မတရားသဖြင့် အပါယ်လေးပါးသို့ ကျရောက်ကာ ဒုက္ခခံရ၏။ စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်း ပင်ပန်း ဆင်းရဲရ၏။ ထောင်တန်းကျသဖြင့် အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်ကြရ၏။ အလွန့်အလွန် စီးပွားတွေ စုဆောင်းပြီးမှ စွန့်ပစ်ထားခဲ့ရ၏။ မခွဲချင်ဘဲနှင့် တကွဲတပြား ဖြစ်ရ၏။ ခေတ္တခဏ ချမ်းသာသလို ထင်ရသော်လည်း အစအဆုံး ကြည့်လိုက်လျှင် ချမ်းသာစင်စစ်ဟူ၍ မမြင်ရချေ။

"အလွန်ချမ်းသာသည်" ဟု ဆိုရသော နတ်ပြည် ဗြဟ္မာပြည် များသို့လည်း ရောက်ဖို့ရန် အားထုတ်ရသော ဒုက္ခ, ရောက်ပြီးသည့် နောက်၌ ပျက်စီးရသောအခါ ဒုက္ခ [နတ်ပြည်၌ "ပျက်စီးလိမ့်မည်" ဟု စောစောက အချို့ သိနိုင်ကြသဖြင့် "ဤမျှလောက် ကြီးကျယ်သော စည်းစိမ်ကို စွန့်ရတော့မှာပါတကား" ဟု ဓာချွေးများ ပြန်ပြီးလျှင် "အလွန့်အလွန် ဆင်းရဲရလေသည်"] ဤသို့ ဆင်းရဲကေန် စင်စစ် မှန်သောကြောင့် ငါ၏ ခန္ဓာကိုယ်နှင့် သတ္တဝါအားလုံး၏ ခန္ဓာကိုယ် သည် ဒုက္ခသစ္စာချည်းပါတကား။

(၂) **သမုဒယသစ္စာ**။ ။(သမုဒယ= ဒုက္ခဖြစ်ကြောင်း+ သစ္စာ= အမှန်) ထိုဒုက္ခ၏ အကြောင်းရင်းကား "တဏှာလောဘ" ခေါ်သော နှစ်သက် ခင်မင် လိုချင်တောင့်တမှုသည် အကြောင်းအမှန် ဖြစ်တော့၏။ ဒုက္ခသစ္စာ၌ ပြခဲ့သော ဒုက္ခဟူသမျှသည် ဤ လိုချင် တောင့်တမှုကို အကြောင်းပြု၍ ဖြစ်၏။ ထို တောင့်တ လိုချင်မှုကြောင့်

http://www.dhammadownload.com



တစ်ခါတစ်ရံ မတရားပြုမိ၍ ဤလောကဌပင် မင်းပြစ် မင်းဒဏ်၊ နောင်သံသရာ၌ အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ ဆင်းရဲဒဏ်ကို ခံရသည်။ သံသရာဝဋ်ဆင်းရဲမှ မလွတ်ဘဲ တဝဲလည်လည် ကျင်လည်ရချက်သည် ထိုထိုဘဝကို တောင့်တ လိုချင်သော လောဘ တဏှာ၏ စနက်သာတည်း။

တောင့်တ လိုချင်မှုဟူသော တဏှာလောဘလည်း တရားသဖြင့် မချုပ်တည်းနိုင်သမျှ သူ့အလိုအလျောက်သာဖြင့် မည်သည့်အခါမျှ နောက်ဆုတ်လိမ့်မည်မဟုတ်။ "သံပရာသီး ကြီးလေ ချဉ်လေ" ဖြစ်သကဲ့သို့ လည်းကောင်း၊ "ငယ်စဉ်က ပေါက်သော နွားဦးချိုသည် ကြီးလေ ရှည်လေ" ဖြစ်သကဲ့သို့လည်းကောင်း၊ "မီးသည် လောင်စာများလေ မီးတောက်ကြီးလေ" ဖြစ်သကဲ့သို့လည်းကောင်း၊ ဤ တဏှာလောဘ၏ သဘောသည်လည်း "ရလေ လိုလေ, ရဖန်များလေ လောဘတိုးလာလေပင်" ဖြစ်တော့သည်။ တဏှာလောဘ ကြီးလာသလောက်လည်း ဒုက္ခကြီးကြီး ရောက်ကြမည်သာ။

**မန္တာတ်စကြာမင်း ဝတ္ထု။** ။ဤကမ္ဘာ၏ အစပိုင်းလောက်က ဘုရားအလောင်းတော်သည် လေးကျွန်းလုံးကို အစိုးရသော မန္တာတ်စကြာမင်း ဖြစ်၏။ တစ်နေ့သ၌ စကြာရတနာဖြင့် ပရိသတ် ခြံရံလျက် ကောင်းကင်ခရီး၌ လေးကျွန်းလုံး လှည့်လည်စဉ် စတုမဟာရာဇ် နတ်ပြည်၏ ကြီးကျယ် ခမ်းနားကြောင်းကို ကြားရ၍ အခြွေအရံ ပရိသတ်များနှင့် တကွ စတုမဟာရာဇ် နတ်ပြည်သို့ ချီတက်လေသော် စတုမဟာရာဇ် နတ်မင်းကြီး ၄ ပါးက ခရီးဦးကြိုလျက် နတ်ပြည်ကို

http://www.dhammadownload.com



ဆက်သကြ၏။ ထိုအခါ နတ်စည်းစိမ်ကို ခံစားရသော်လည်း တာဝတိံသာနတ်ပြည်သည် ဤနတ်ပြည်ထက်ပင် အဆတစ်ရာမက သာလွန် ကြီးကျယ်ကြောင်း ကြားရပြန်၍ တာဝတိံသာသို့ ချီပြန်လေသော် စကြာရတနာနှင့် ပရိသတ်တို့ မလိုက်နိုင်ကြဘဲ လမ်းခုလပ်မှ လူ့ပြည်သို့ ပြန်ကြရလေသည်။ ထိုအခါ တစ်ကိုယ်တည်း ကြွလာသော မန္ဓာတ်မင်းအား သိကြားကိုယ်တိုင် နတ်ပြည်ကို တစ်ဝက်ခွဲ၍ လွှဲအပ် ခံစားစေလေသည်။

ထိုအခါ လူတို့၏ အသက်တမ်းမှာလည်း အလွန်ရှည်ကြာသော အသင်္ချေတန်းအခါဖြစ်၍ ပကတိ သိကြားပေါင်း ၃၆ ယောက် ပြောင်းလဲသည့်တိုင်အောင် ထို မန္ဓာတ်စကြာမင်းသည် စုတေတော် မမူသေးဘဲ ခံစားမြဲ ခံစားနေပါလျက် နတ်ပြည်တစ်ဝက်မျှ အုပ်စိုးရရုံဖြင့် တင်းတိမ်တော် မမူသောကြောင့် ရောက်ခါစ သိကြားသစ်ကို သတ်ဖြတ်လိုသော အကြံဆိုး ပေါ်ပေါက်လာသဖြင့် ထိုနတ်ပြည်မှ ကွယ်ပျောက်၍ လူ့ပြည်သို့ အရောက်တွင် စုံတေပွဲ ဝင်ရဖူးလေသည်။ [ဇာတကဋ္ဌကထာ၊ တိကနိပါတ်၊ သက်ပွဝဂ်၊ မန္ဓာတုဇာတ်]

ဤဝတ္ထု၌ သိကြားပေါင်း ၃ ကျိပ် ၆ ယောက် ပြောင်းလဲအောင် နတ်စည်းစိမ်ကို စံရပါလျက် အားမရနိုင်သော လောဘ၏ ကြီးကျယ်ပုံကို မှန်းဆသင့်တော့သည်။ ထို့ကြောင့် တဏှာလောဘမည်သည် တရားဖြင့် မချုပ်တည်းနိုင်သမျှ သူ့အလိုအလျောက် မည်သည့်အခါမှ နောက်ဆုတ်လိမ့်မည် မဟုတ်။ တဏှာလောဘ နောက်မဆုတ်သမျှလည်း ပြခဲ့သော ဒုက္ခအပေါင်းမှ လွတ်နိုင်ကြဦးမည်မဟုတ်။ ထို့ကြောင့် နှစ်သက်ခင်မင် လိုချင်တောင့်တမှု ဟူသော တဏှာလောဘ

http://www.dhammadownload.com



သည် အားလုံးသော ဒုက္ခအပေါင်းတို့၏ အကြောင်းရင်းခံ စင်စစ်မှန်သော သမုဒယသစ္စာပေတည်း။

(၃) **နိရောဓသစ္စာ။** ။(နိရောဓ=ဒုက္ခ၏ ချုပ်ဆုံးရာ+သစ္စာ=အမှန်) ထိုဒုက္ခအားလုံး၏ ချုပ်ဆုံးရာ အမှန်ကား နိဗ္ဗာန်တည်း။ ထိုနိဗ္ဗာန်၏ ဒုက္ခမရှိပုံ၊ မည်ကဲ့သို့ ချမ်းသာပုံကိုမူ နိဗ္ဗာန်ကို မြင်နိုင်သော ဉာဏ်ရမှသာ ကျနစွာ သိနိုင်ရာ၏။ သောတာပန်အဖြစ် ရောက်လျှင်ပင် နိဗ္ဗာန်၏ အရသာကို သိမြင်နိုင်ပေပြီ။ သောတာပန်များသည် နိဗ္ဗာန်၏ အရသာကို ကျနစွာ သိမြင်ပြီးဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်အောင်သာ တိုးတက်အားထုတ်ကြတော့သည်။ ပုထုဇဉ်အဖြစ်သို့ ဆုတ်နစ်ခဲ့သူမရှိ၊ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံခါနီးမှာလည်း ဒုက္ခရုပ်နာမ်ကို စွန့်ရတော့မည်ဖြစ်၍ ကြည်လင်ရွှင်ပျတော်မူကြသည်။

နိဗ္ဗာန်သည် ယခု ပုထုဇဉ်တို့ အတွေးမျိုးဖြင့် တွေးကာ ပျင်းစရာ ဖြစ်နေလျှင် နိဗ္ဗာန်ဝင်ခါနီး၌ မည်သူမျှ ပျင်းရိနိုင်မည် မဟုတ်ပါ။ မိမိတို့သွားမည့် နိဗ္ဗာန်၏ ချမ်းသာပုံကို ထိုပုဂ္ဂိုလ်မြတ်တို့၏ အာရုံ၌ ရှင်းရှင်းလင်းလင်း သိပြီးဖြစ်၍သာ ရွှင်ပျဖော်မူနိုင်ကြပေသည်။ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံခါနီး၌ နတ်ရော လူပါ လွမ်းဆွတ် တသ ငိုပွဲကြီး ကျင်းပကြသော်လည်း မိထွေးတော်ကား အနည်းငယ်မျှ ဝမ်းနည်းခြင်းမရှိ၊ "သားတော် သမီးတော်များ၊ ဤအခါမျိုးကား ငိုရမည့်အခါမဟုတ်၊ ဝမ်းမြောက်ရမည့်အခါ ဖြစ်သည်"ဟု တရားချလျက် တန်ခိုးပင် ပြခဲ့ပေသေးသည်။

အမျိုးဇာတ် ဂုဏ်သိရ် စည်းစိမ်အားဖြင့် အထက်တန်းကျ၍ ပါရမီကြီးမားလှသော ရှင်တော်ဘုရားနှင့် သူတော်ကောင်းကြီးများ၏

http://www.dhammadownload.com



သွားရာလမ်းကောင်းကို ငါတို့တတွေ အဘယ်မှာ မလိုက်လိုဘဲ ရှိသင့်အံ့နည်း။ တပျော်တပါး မနားမနေ ပါရမီတွေကို ဖြည့်ကာ ဖြည့်ကာ ကောင်းစွာစိုက်စိုက် လိုက်ကြဖို့ရာ ယခုနှယ်က ပြင်ဆင်ထားကြပါကုန်။

(၄) **မဂ္ဂသစ္စာ**။ ။(မဂ္ဂ=နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း+သစ္စာ=အမှန်) နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်ကား မဂ္ဂင်ရှစ်ပါးတည်း။

## မဂ္ဂင်ရှစ်ပါး

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | = | ကောင်းသော အလိမ္မာ ဉာဏ်ပညာ။ |
| သမ္မာသင်္ကပ္ပ | = | ကောင်းသော အကြံအစည်။ |
| သမ္မာဝါစာ | = | ကောင်းသော စကားကို ဆိုခြင်း။ |
| သမ္မာကမ္မန္တ | = | ကောင်းသော အမှုကို ပြုခြင်း။ |
| သမ္မာအာဇီဝ | = | ကောင်းသော အသက်မွေးခြင်း။ |
| သမ္မာဝါယာမ | = | ကောင်းသော အားထုတ်ခြင်း။ |
| သမ္မာသတိ | = | ကောင်းသော အမှတ်ရခြင်း။ |
| သမ္မာသမာဓိ | = | ကောင်းသော တည်ကြည်ခြင်း။ |

[အပြစ်ကင်း၍ ကုသိုလ်ကြီးယာနှင့် ဆိုင်သမျှကို "အကောင်း"ဟု ဆိုလိုသည်။]

**[ဆောင်]** အလိမ္မာဉာဏ်, ကောင်းအောင်ကြံ၍, အမှန်ပြောပြ, ပြုသမျှကောင်း, သက်မွေးကောင်းပင်, ကောင်းကောင်းအားစိုက်, စိတ်၌စွဲမှတ်, ကောင်းမြတ်တည်ကြည်, ကောင်းရှစ်လီသည်, ရွှေပြည်နိဗ္ဗာန် ရောက်ကြောင်းတည်း။

http://www.dhammadownload.com



ဘုရားရှင်၏ သန္တာန်တော်၌ "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံဥဒပါဒိ, ပညာဥဒပါဒိ, ဝိဇ္ဇာဥဒပါဒိ, အာလောကော ဥဒပါဒိ"ဟူသော ဓမ္မစကြာနှင့်အညီ ဘုရားမဖြစ်မီ ရှေးအခါက ကြားဖူး မကြားအပ်ဖူးသော ဤ သစ္စာလေးပါး တရားတို့၌ သိမြင်နိုင်သော ပညာ, ဝိဇ္ဇာ အရောင်အလင်းဟူသော ဉာဏ်စက္ခုသည် ဘုရားဖြစ်တော် မူခါနီးဝယ် ထင်ရှားစွာ ပေါ်လာ၏။ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူပြီးနောက် ဘုံသုံးပါး၌ ရှိကြသော ဝေနေယျ သတ္တဝါတို့ကိုလည်း ကိုယ်တော်ကဲ့သို့ သိကြဖို့ရာ ဟောပြတော်မူပေသည်။

[ယခုကာလ ဉာဏ်ထက်မြက်သူတို့သည် ရှေးက မသိဖူးသော အရာကို စူးစူးစိုက်စိုက် ကြံသောအခါ ထိုအရာကို သိနိုင်သော ဉာဏ်များ ထင်ရှားပေါ်လာတတ်ပုံကို သတိထား၍ ဘုရားရှင်၏ သန္တာန်တော်၌လည်း ရှေးက မရှိသော ဝိဇ္ဇာဉာဏ် ပေါ်လာပုံကို ယုံကြည်ပါကုန်။]

**တိုက်တွန်းချက်။** ။ဒုက္ခများစွာ သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန် ရောက်ဖို့ရာ တဏှာလောဘကို တစ်စတစ်စ ပယ်ရှားလျက် မဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းကောင်းကြီးကိုသာ လိုက်သွားမိအောင် သတိတရား ကောင်းစွာထား၍ ကြိုးစားသင့်ကြသည်။ ထိုသို့ ကြိုးစားရာ၌ တကယ်တမ်း တောထွက်၍ အားတက်သရော မလိုက်နိုင်သေးလျှင် အိမ်သုံးမဂ္ဂင်များကို ကြိုးစားပါ။

## အိမ်သုံးမဂ္ဂင်ရှစ်ပါး

**သမ္မာဒိဋ္ဌိ။** ။ဘယ်ကိစ္စ၌မဆို ပြုသမျှကောင်းမှု မကောင်းမှု ကံတွေသည် ငါ၏ သန္တာန်၌ အဖတ်တင်ရစ်သည်၊ နောင် အခါအခွင့်

http://www.dhammadownload.com



သင့်သလို ကောင်းကျိုး မကောင်းကျိုးကို တွေ့ကြုံရမည်ဟု ကံနှင့် ကံ၏ အကျိုးကို နားလည်သောဉာဏ် ဖြစ်ပါစေ။ တစ်ခါတစ်ရံ၌ကား ရုပ် နာမ်နှစ်ရုပ် ပေါင်းစပ်၍ လူဟု ခေါ်ဆိုအပ်သော ခန္ဓာကိုယ်၏ ဒုက္ခများစွာနှင့် မကင်းပုံကို ဆင်ခြင်၍ ခန္ဓာကိုယ်၌ အပြစ်မြင်အောင် ဝိပဿနာဉာဏ် ဖြစ်ပါစေ။

**သမ္မာသင်္ကပ္ပ**။ ။မိမိအတွက်ဖြစ်စေ၊ သူများအတွက်ဖြစ်စေ၊ စိတ်သဘောကြီးကြီးထားလျက် အပြစ်မရှိဘဲ အကျိုးများမည့် အကြံ ကိုသာ ကြံပါ။ သူတစ်ပါးကို ပျက်စီးသွားမည့်အကြံ၊ ဆင်းရဲသွားမည့် အကြံများကို မကြံမိပါစေနှင့်။ မေတ္တာ ကရုဏာထား၍ သနားပါ။ စောင့်ရှောက်ပါ။ တစ်ခါတစ်ရံ၌ကား "လူ့လုပ်ငန်း ကိစ္စစုကို ဖြတ်၍ သင့်တော်ရာအရပ်၌ (ဥပုသ်ရက်ရှည်စောင့်ကာ) ဆိတ်ဆိတ်ငြိမ်ငြိမ် တရားကျင့်မည်"ဟု ကြံပါ။

**သမ္မာဝါစာ**။ ။မိမိမှာဖြစ်စေ၊ သူ့မှာဖြစ်စေ အကျိုးများမည့် စကားကိုသာ ပြောပါ။ မုသားစကား၊ ကြမ်းတမ်းသောစကား၊ အပျက်အချော် အပြောင်အလှောင် စကားနှင့် ရန်တိုက်စကားတို့ကို မပြောမိပါစေနှင့်။ အိပ်ရာဝင် အိပ်ရာထအခါတို့၌ မိမိကျက်မှတ်ထား သော ဘုရားနှုတ်တော်ထွက် တရားစာများကို ရွတ်နိုင်လျှင် သာ၍ ကောင်းပါသည်။

**သမ္မာကမ္မန္တ**။ ။မိမိမှာဖြစ်စေ၊ သူများမှာဖြစ်စေ အကျိုးရှိသော အလုပ်များကိုသာ ဤခန္ဓာကိုယ်ဖြင့် ပြုလုပ်မိပါစေ။ သတ်မှု၊ ခိုးမှု စသော ကိုယ်နှင့်စပ်ဆိုင်ရာ မကောင်းမှုများကို မပြုမိပါစေနှင့်။ အိပ်ရာဝင် အိပ်ရာထ၌ ဘုရားကိစ္စ (ရေလဲ၊ ပန်းကပ်) စသည်ကို နေ့စဉ် ပြုမိပါစေ။

http://www.dhammadownload.com



**သမ္မာအာဇီဝ**။ ။မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းရှာဖွေရာ၌ အပြစ်ကင်းပါစေ။ သူတစ်ပါး မျက်ရည်ကျမှ မိမိဝမ်းဝမည့် အလုပ်ကို တစ်သက်လုံး ရှောင်ကြဉ်ပါ။ စွမ်းနိုင်လျှင် ရောင်းရေး၊ ဝယ်ရေး၌ ဆင်းရဲသူများကို ညှာနိုင်သမျှ ညှာပါ။

**သမ္မာဝါယာမ**။ ။စီးပွားရှာရာ၌ ဖြစ်စေ၊ ကုသိုလ်ကိစ္စ၌ ဖြစ်စေ၊ ဝီရိယ အမြဲရှိပါစေ၊ လောကီစီးပွားရေး ဖြစ်စေ၊ သံသရာ ကြီးပွားရေး ဖြစ်စေ၊ မဂ်ဖိုလ် နိဗ္ဗာန်ရဖို့ အရေးဖြစ်စေ၊ "အေးအေး စက်စက်နှင့် ကံစမ်မံသလို ဖြစ်လိမ့်မည်" ဟု ကံတစ်ခုကို အားကိုးလို့ ရနိုင်ရိုးမရှိပါ။ ရေလာမြောင်းပေး ဆိုသလို ဝီရိယဖြင့် ကူညီပေးမှ ရှေးကံတွေ အခွင့်သာ၍ သင့်ရာအကျိုးကို ပေးပါသည်။

**သမ္မာသတိ**။ ။နေ့စဉ် ပြုစုနေကျဖြစ်သော ကုသိုလ်ကိစ္စကို မမေ့ပါနှင့်၊ အမြဲသတိရပါစေ။ သေခါနီးတိုင်အောင် ကုသိုလ်ကိစ္စ သတိရနေလျှင် ဂတိကောင်းကို မုချ ရပါတော့မည်။

**သမ္မာသမာဓိ**။ ။စိတ်နေစိတ်ထား တည်ကြည်ပါစေ၊ နှုတ် အပြောလည်း စဉ်းစဉ်းစားစား သတိထားလျက် တည်ကြည်စွာ ပြောပါ။ မျက်နှာ အနေအထားနှင့် ကိုယ် အသွားအလာ အနေအထိုင် ငြိမ်သက် တည်ကြည်နေလျှင် မြင်သူ လူအများက ခန့်ညားကြည်ညို လျက် (မျက်နှာအနေ မတင်းသည့်အတွက်လည်း) တစ်မျိုး ကျက်သရေ တိုးကာ ချစ်ခင်စရာ ဖြစ်လာပါလိမ့်မည်။

ဤသို့လျှင် အိမ်မှာပင် နေထိုင်ရင်း ဖြစ်နိုင်သော မဟာကုသိုလ် အကြမ်းစား အိမ်သုံးမဂ္ဂင်ရှစ်ပါးမှ အဆင့်ဆင့်တက်၍ ဈာန် မဂ်ဖိုလ် မဂ္ဂင်များသို့ ရောက်အောင် သမ္မာသတိ ကြီးစွာထားလျက် သမ္မာ

http://www.dhammadownload.com



ဝါယာမဖြင့် ကြိုးကြိုးစားစား အားထုတ်နေကြသူတို့မှာ အိပ်ရာဝင် အိပ်ရာထ၌ ဘုရားအာရုံပြုရင်း၊ ဘုရားရှိခိုးရင်း၊ ရေတော် ပန်းတော် ဆိမ်းတော်ကပ်ရင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်၍ ထိုကမ္မဋ္ဌာန်းတွင် မဂ္ဂင်ရှစ်ပါး ပါဝင်နေပုံကို ပြပါဦးမည်။

---

## ဗုဒ္ဓါနုဿတိ မဂ္ဂင်ရှစ်ပါး

"အမျိုးသား အမျိုးသမီး လူကြီး သူမ တစ်ယောက်သည် ဘုရားကို ပန်း ရေချမ်းတို့ဖြင့် ရှင်လန်းကြည်ဖြူ ပူဇော်ကန်တော့နေသည်"ဟု ဆိုကြပါစို့။ ထိုအချိန်မှာ ထိုသူတော်ကောင်း၏ စိတ်ဝယ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း မဂ္ဂင်ရှစ်ပါးလုံး ပါဝင်နေပုံကား–

**သမ္မာဒိဋ္ဌိ**။ ။ဘုရားရှင်သည် ငါတို့လို သတ္တဝါတွေအပေါ်မှာ မေတ္တာ ကရုဏာ ကြီးမားတော်မူသောကြောင့် ၄၅ ဝါ ကာလကြာအောင် မနေမနား တရားတော်များကိုလည်း ဟောပြ ဆုံးမတော်မူခဲ့ပေ၏။ ငါသည် ထိုတရားတော်များကို တစ်ဆင့်ကြားနေရသဖြင့် မကောင်းမှုများကို ရှောင်ရှား၍ ကောင်းမှု ကုသိုလ်များကို ပြုတတ်ပေသည်။ ရှင်တော်မြတ်ဘုရား၏ တရားတော်များကြောင့် ငါသည် အပါယ် ၄ ပါးမှ လွတ်၍ ကောင်းရာဘဝနှင့် နိဗ္ဗာန်ကို အမှန်ရတော့မည်။ ဘုရားရှင်သည် ငါ၏ ကျေးဇူးတော်ရှင် အစစ်ပေတည်း။ ငါ့ကျေးဇူးရှင်ကို ရည်မှန်း၍ ငါသည် ပန်း ရေချမ်းတို့ကို လှူဒါန်းပူဇော်နေပါတကား။ ဤသို့ စိတ်ထဲ၌ အသိဉာဏ် ဖြစ်နေခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်နေခြင်းပင်တည်း။

http://www.dhammadownload.com



**သမ္မာသက်ပွ စသည်။** ။ပြခဲ့သည့် အတိုင်းပင် ဘုရားရှင်၏ ကျေးဇူးတော်များကို စဉ်းစား ကြံစည်၍ နေခြင်းသည် မိမိ၏စိတ်၌ သမ္မာသက်ပ္ပမဂ္ဂင် ဖြစ်နေ၏။ ဘုရားဂုဏ်တော်များကို ရွတ်ဆို ရှိခိုးနေခြင်းသည် သမ္မာဝါစာမဂ္ဂင် ဖြစ်နေ၏။ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဆီမီးတို့ကို သန့်ရှင်းအောင် သားနားအောင် လှပအောင် ပြုလုပ်နေခြင်းသည် သမ္မာသက်ပ္ပမဂ္ဂင် ဖြစ်နေ၏။ ဘုရားကိစ္စကို ပြုလုပ်နေချိန်ဝယ် အသက်မွေးဝမ်းကျောင်းအတွက် မကောင်းသော စီးပွားရှာမှု မရှိသောကြောင့် သမ္မာအာဇီဝ မဂ္ဂင်လည်း ဖြစ်နေသည်ဟု ဆိုသင့်ပေ၏။ ဘုရားကိစ္စကို ပြုလုပ် အားထုတ်နေခြင်းသည်ပင် သမ္မာဝါယာမမဂ္ဂင် ဖြစ်နေ၏။ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို သတိရနေခြင်းသည် (ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများနေခြင်းသည်) သမ္မာ သတိမဂ္ဂင် ဖြစ်နေ၏။ (တခြားကိစ္စကို အမှတ်မရတော့ဘဲ) ဘုရားကိစ္စ တစ်ခု၌သာ စိတ်တည်နေခြင်းသည် သမ္မာ သမာဓိမဂ္ဂင် ဖြစ်နေ၏။

ဤသို့လျှင် ဘုရားကို ရှိခိုးကန်တော့နေသောအခါ၊ ပန်း ဆီမီး စသည်ဖြင့် ပူဇော်နေသောအခါ ဘုရားကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများလျက် (ပုတီးစိပ်)နေသောအခါတို့၌ ထိုသူတော်ကောင်း၏ စိတ်တွင် မဂ္ဂင်ရှစ်ပါး ပါဝင်နေပါသည်။ ထို မဂ္ဂင်ရှစ်ပါးကား နိဗ္ဗာန်ကို (မျက်စိဖြင့် မြင်ရသလို) မျက်မှောက်ပြုနိုင်ကြောင်း လမ်းကောင်းအမှန်ပင် ဖြစ်၏။ မှန်သောလမ်းကို

http://www.dhammadownload.com



မှန်မှန်သွားနေသူသည် ထိုလမ်းအဆုံးတွင် နိဗ္ဗာန်ကို မြင်ရတော့မည်သာ။ ဤနေရာဝယ် ဘုရားအာရုံပြုသော မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်မြင်ရသော "ဖုဿဒေဝ" ရဟန်းတော်၏ ဝတ္ထုကို သတိပြုပါ။

## ဖုဿဒေဝ ဝတ္ထု

ရှေးတုန်းက ရဟန်းတော်တစ်ပါးသည် စေတီအပြင်ကို တံမြက်လှည်းပြီးလျှင် သန့်ရှင်းသော စေတီအပြင်ကိုကြည့်ကာ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုလျက် နှစ်သက်သော (ပီတိ)စိတ်ဖြစ်နေ၏။ ထိုအခါ မာရ်နတ်သည် နှောင့်ယှက်လိုသော သဘောဖြင့် မျောက်ညိုကြီးဟန်ဆောင်၍ နွားချေးတွေကို စေတီရင်ပြင်တော်၌ ကြဲဖြန့်ပြေး၏။ ထိုနှောင့်ယှက်မှုကြောင့် ထိုနေ့၌ တရားထူးရအောင် အာရုံမပြုနိုင်တော့ချေ။ ဒုတိယနေ့၌လည်း နွားအိုယောင်ဆောင်၍ နှောင့်ယှက်ပြန်၏။

တတိယနေ့၌ကား အလွန်အရုပ်ဆိုးသော ယောကျ်ားယောင်ဆောင်၍ နှောင့်ယှက်စဉ် "ဒီလိုလူမျိုး ဒီနယ်မှာ မမြင်ဖူးချေ၊ မာရ်နတ် ဖြစ်လေသလား"ဟု စဉ်းစား၍ မေးလေရာ "မာရ်နတ်ဟုတ်ကြောင်း" ဝန်ခံလေသည်။ "မာရ်နတ်ဖြစ်လျှင် ဘုရားရှင်၏ ပုံတော်ကို ဖန်ဆင်းပြစမ်းပါ"ဟု တောင်းပန်သောကြောင့် "တကယ်တူအောင်တော့ မဖန်ဆင်းနိုင်ပါ၊ အတုလောက်သာပြပါမည်"ဟု ပြော၍ ဘုရားပုံတော်ကို ဖန်ဆင်းပြလေသည်။

http://www.dhammadownload.com



ထိုအခါ "အတုဖြစ်သော ပုံတော်သည်ပင် ဤမျှလောက် သပ္ပာယ်တော်မူသေး၏၊ အတွင်းစိတ်တော်၌ ရာဂ ဒေါသ မောဟ စသော အညစ်အကြေးကင်း၍ သန့်ရှင်းသော ဘုရားအစစ်မှာ ဘယ်လောက် သပ္ပာယ်တော်မူမည်နည်း" ဟု စိတ်ထဲ၌ တွေးတောကာ လွန်စွာနှစ်သက်ကြည်ညိုသော (ပီတိ)စိတ် ဖြစ်လေရာ ထိုပီတိစိတ်ကိုပင် စိတ် တစ်ခုပြီးတစ်ခု ပြောင်းလွဲ၍ ဖြစ်သောကြောင့် မမြဲသော အနိစ္စ တရား၊ စိတ်တစ်ခု တစ်ခု ချုပ်ဆုံးခြင်းသည် (လူတစ်ယောက် သေဆုံးခြင်းကဲ့သို့) ဆင်းရဲသော ဒုက္ခတရား၊ တစ်ခုပြီးတစ်ခု ပျက်နေ သည့်အတွက် ခိုင်မြဲစရာ အနှစ်အသား (အသက်)မပါသော အနတ္တ တရားဟု ဝိပဿနာ ကမ္မဋ္ဌာန်း ရှုလေသည်။

ထိုအခါ ပီတိစိတ်တို့ အနိစ္စ ဒုက္ခ အနတ္တဟု မြင်နေသကဲ့သို့ တစ်ကိုယ်လုံးလည်း အနိစ္စ ဒုက္ခ အနတ္တဟု ထင်နေရကား ထိုအချိန်မှာ အလွန်နက်နဲသော အသိ အမြင်မှန် (သမ္မာဒိဋ္ဌိမဂ္ဂင်) ဖြစ်နေသောကြောင့် ထိုပီတိစိတ်၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံကို အထပ်ထပ် အမှတ်ရနေသော သမ္မာသတိမဂ္ဂင်နှင့် တည်ကြည်နေသော သမ္မာသမာဓိမဂ္ဂင်ကို လက် မလွှတ်ဘဲ သမ္မာဝါယာမမဂ္ဂင်ဖြင့် အစဉ်တစိုက် ကြိုးစားလေရာ တခဏချင်းဖြင့်ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင် လေတော့သည်။ ထို့ကြောင့် ယခုအခါ ဤရဟန်းတော်၏ ထုံးကို နှလုံးသွင်းကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်သို့ လှမ်း နိုင်အောင် ကြိုးပမ်းကြပါကုန်။[ပရိဝါအဋ္ဌကထာ၊ ကေုတ္တရိကနယ, ပဥ္စကဝါရ။]

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။ဘုရားကို အာရုံပြု၍ စီးဖြန်းရသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် တရားမပေါက်သေးသော်လည်း မိမိ၏ စိတ်ကို အလွန်ထူးခြားသော ဘုရားအာရုံ၌ ချထားရသောကြောင့် အမြဲ ရွှင်လန်းသော ပီတိသောမနဿစိတ်၊ အမြဲကြည်လင်သော သဒ္ဓါစိတ်များ ဖြစ်ပေါ်နေရကား ထိုသူ၏ မျက်နှာသည် အလွန် ကြည်လင်၏။ ဤသို့လျှင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် ကိုယ်ရော စိတ်ပါ ချမ်းသာစေနိုင်၏။ ထိုသို့ ချမ်းသာလျှင် အလွန်ကောင်းသော ကျန်းမာရေးကိုလည်း ရနိုင်သောကြောင့် ဤစာအုပ်ကို ကြည့်ရှု၍ ဖြစ်စေ၊ စာအုပ်ကို မကြည့်ဘဲဖြစ်စေ၊ မကြာခဏ အားလပ်ချိန် ရသမျှဝယ် မိမိစိတ်ကို ဘုရားအာရုံ၌ ချထားကြပါလေ။

---

## ဘဂဝါ ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၉) သော ဘဂဝါ–ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– အဏုမြူသဖွယ်, ပျောက်ကွယ် သိမ်မွေ့, မမြင်တွေ့အောင်, ရုပ်ဆောင်ဖန်ဆင်းနိုင်သော "အဏိမာ" ဘုန်းတော်၊

စိတ်၏အလား, ကောင်းကင်ဖျား၌, ပေါ့ပါးလျင်မြန်, ရှာန်ပျံ ကြွသွားနိုင်သော "လဃိမာ"ဘုန်းတော်၊

http://www.dhammadownload.com



ကိုယ်တော်သဏ္ဌာန်, ပုံဟန်တိုင်းပြား, မန္တိုင်းအားဖို့, ကြီးမား လေအောင်, ရုပ်ဆောင် ဖန်ဆင်းနိုင်သော "မဟိမာ"ဘုန်းတော်၊

ဆီးတားကွယ်ကာ, မရှိပါဘဲ, လိုရာတိုင်းပေါက်, တစ်ခဏ လောက်ဖြင့်, ကြွရောက်နိုင်သော "ပတ္တိ"ဘုန်းတော်၊

အဆင်းအတန်တန်, ပုံသဏ္ဌာန်ကို, စိမ့်ဖန်တီး, တစ်ခဏတည်း ဖြင့် ပြီးစီးနိုင်သော"ပါကမ္မ"ဘုန်းတော်၊

ကိုယ်တော်မြတ်၏, စိတ်ဓာတ်တော်မှ, စ၍မကြွင်း, လူနတ် မင်းကို, ပိုင်နင်းအုပ်စိုး, လွှမ်းမိုးနိုင်သော"ဤသိတာ" ဘုန်းတော်၊

သမာပတ်ဈာန်, အဘိဉာဏ်ကို, ဝင်စံလိုက, တစ်ခဏချင်းပိုင်, ဝင်စားနိုင်သော "ဝသိတာ" ဘုန်းတော်၊

ကိစ္စတစ်ခု, ပြုစုတုန်းပင်, ပြီးဆုံးချင်သော်, ဆောလျင်မသွေ, ပြီးဆုံးစေနိုင်သော "ယတ္ထကာမာဝသာယိတာ" ဘုန်းတော်၊

ရှစ်ဖော်အပြား, ဤသို့အားဖြင့်, ထင်ရှားလေဘိ, "ဣဿရိယ" ဘုန်းတော်၊

ကိလေသာရန်, ပယ်ဖျက်လှန်ဖို့, နိဗ္ဗာန်ဖိုလ်မဂ်, ကိုးချက်အပြား, လောကုတ္တရာ တရားဟူသော "ဓမ္မ" ဘုန်းတော်၊

ဟုတ်တိုင်းမှန်စွာ, ဖြစ်ပေါ်လာ၍, ကမ္ဘာတိုက်ပေါင်း, သောင်း လောကဓာတ်, ပဲ့တင်ထပ်မျှ, နံ့စပ်သတင်း, ကျော်စောခြင်း ဟူသော "ယသ" ဘုန်းတော်၊

ရွှေမျက်နှာတော်, လက်ခြေတော်မှ, စ၍မကြွင်း, ပင်လုံးဝင်း သည်, ပန်းမင်းအနေ, ကျက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာ တင့်တယ်, သပ္ပာယ်တော်မူသော "သိရိ" ဘုန်းတော်၊

http://www.dhammadownload.com



အလိုတော်အတိုင်း, တောင့်တတိုင်းပင်, မဆိုင်းမတွ, ပြီးစီးရသည့် "ကာမ" ဘုန်းတော်၊

တစ်လောကလုံး, ညွတ်ရုံးကိုးစား, အားထားဖို့ရာ, လွန်စွာကြီးကုတ်, အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်၊

ဤခြောက်ဖော်ဂုဏ်, ဘုန်းတော်ဟုန်နှင့်, ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊

ဘဂဝါ–ဘဂဝါ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပျံ့လွှင့်ကျော်ကြား, ထင်ရှားတော်မူပေသည် တကား॥

---

## ကြည့်ရှုရန် အစီပွားယ်

ဘဂဝါဂုဏ်တော်သည် "ဘုန်းကံကြီးတော်မူ၏" ဟူသော အနက်ကို ပြသည်။ [ဘဂ+ဝါ၊ ဘဂ=ဘုန်းကံ+ဝါ= ရှိသည်၊ ကြီးသည်။]

**အဏိမာ ဘုန်းတော်။** ။ဘုရားရှင်သည် ဖန်ဆင်းတော်မူလိုပါလျှင် ကိုယ်တော်ကို အဏုမြူမှုန့်မျှ အလွန်ငယ်အောင် ဖန်ဆင်းတော်မူပြီးလျှင် ပရိက္ခရာ ရှစ်ပါးကို လွယ်တော်မူ၍ မုန်ညင်းစေ့အတွင်း စကြံကြွတော်မူ၏။ ထိုအခါဝယ် သေးငယ်သော မုန်အတွင်း၌ တိုက်ရိပ်အိမ်ရိပ် ထင်နေသလို ဘုရားရှင်ကို ဖူးမြင်ကြရ၏။ အနီးအပါး၌ ရှိနေသူတို့ မမြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက်တော်မူနိုင်၏။

http://www.dhammadownload.com



**ကွယ်ဖျောက်တော်မူသော ဝတ္ထု။** ။ဘုရားရှင် လက်ထက်တော်က "ဗက"မည်သော ဗြဟ္မာမင်းကြီးသည် သူ့ကိုယ်သူ "အမြဲတည်၍ တန်ခိုးအကြီးဆုံး"ဟု အထင်ကြီးရုံမက "ဤလောကကြီးနှင့် တကွ သတ္တဝါအပေါင်းကိုပင် သူ ဖန်ဆင်းထားသည်"ဟု အယူရှိနေ၏။ လက်အောက်ဗြဟ္မာငယ်များကလည်း ဤအတိုင်းပင် သူ့အပေါ်မှာ ထင်နေကြသည်။ ထိုအကြောင်းကို ရှင်တော်မြတ်ဘုရား သိတော်မူ၍ ဗြဟ္မာ့ပြည်သို့ ကြွတော်မူပြီးလျှင် ဗြဟ္မာ ပရိသတ်အလယ်တွင် ဗက ဗြဟ္မာကြီးအား "အသင်သည် ရှေ့နောက် အလုံးစုံကို အကုန်မသိနိုင်" စသော ခပ်နှိပ်နှိပ်စကားကို မိန့်တော်မူသောအခါ ဗြဟ္မာကြီး ရှက်သဖြင့် ကြံမိကြံရာ ကြံပြီးလျှင် "အသင်ရဟန်းကြီးအား ကျွန်ုပ်တန်ခိုး သိရအောင် ကိုယ်ဖျောက်ပြမည်"ဟု ပြောဆို၍ ကိုယ်ကို ဖျောက်စမ်းသော်လည်း မပျောက်နိုင်ရကား ဗိမာန်အတွင်း ဝင်လို ဝင်၊ ပဒေသာပင်အောက် ပုန်းလို ပုန်း၊ တစ်ကိုယ်လုံး ပုပြီးလျှင် ငုတ်စုစု ဆောင့်ကြောင့်ထိုင်သော်လည်း ဘယ်နည်းနှင့်မျှ ပျောက်ကွယ်မသွားသဖြင့် အရှက်ကွဲရလေသည်။

ထို့နောက် ဘုရားရှင်က တစ်ဖန် "ကိုယ်တော် ဖျောက်ပြမည်" ဟု မိန့်တော်မူပြီးလျှင် ထိုနေရာတွင်ပင် ဖျောက်လိုက်ရာ တစ်ခါတည်း ပျောက်သွားလေသည်။ "တခြားများ ကြွသွားရော့သလား" ဟု ထင်မှတ်မည် စိုးသောကြောင့် .....

"ဘဝေ ဝါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိဉ္စ န ဥပါဒိယိံ "

ဟု ဂါထာကိုပင် ရွတ်ပြတော်မူ၍ တရားတော်၏ အဆုံး၌

http://www.dhammadownload.com



ဗြဟ္မာတစ်သောင်းမျှ မင်္ဂလာမဖိုလ်ရကြလေ၏။ ဤသို့ အနည်းငယ်မျှ သေးငယ်အောင်လည်းကောင်း၊ လုံးလုံးပျောက်ကွယ်သွားအောင်လည်းကောင်း၊ ဖန်ဆင်းနိုင်သော ဘုန်းတော်ကို "အဏိမာ" ဘုန်းတော်ဟု ခေါ်သည်။

**ဂါထာအနက်။** ။အဟံ– သင်လို ထပ်တူ, နတ် လူ ဗြဟ္မာ, သတ္တဝါတို့၏ ဆရာစင်စစ်, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ– ဖြစ်လျှင် ပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်အတွင်း, ထောင်အကျဉ်း၌၊ ဘယံ–အိုနာ သေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာဝ–ကောင်းစွာပိုင်နှင်း, သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ဘဝဉ္စ–ကာမရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံကိုလည်းကောင်း၊ ဝိဘဝေသိနံ– ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာဘဝ, ကျင်လည်ရသည့်, များလှသောင်းသောင်း, သတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိသွာ– ဆုံးစ ကုန်စင်, သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဘဝံ– လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဟု, သုံးဘုံဌာန, တစ်စုံတစ်ခုသော ဘဝကို၊ နာဘိဝဒိံ– စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော် မမူ၊ နန္ဒိံ စ– လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဝယ်, စုံစုံမက်မက်, နှစ်သက်တွယ်တာ, ဘဝတဏှာကိုလည်း၊ န ဥပါဒိယိံ– စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျှင်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပေသတည်း။ [မူလပဏ္ဏာသ, စူဠယမကဝဂ်, ဗြဟ္မနိမန္တနိကသုတ်။]

**လဃိမာဘုန်းတော်။** ။စိတ်၏ လျင်မြန်ခြင်းကဲ့သို့ ခန္ဓာကိုယ်တော်ကို ပေါ့ပါးလျင်မြန်အောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ဖြစ်သည်။ [ရှာန်ပျံ၍ ကြွတော်မူခြင်းမျိုးတည်း။]

http://www.dhammadownload.com



**မဟိမာဘုန်းတော်။** ။ကိုယ်တော်ကို ပကတိ အနေထက် ကြီးမားအောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ဖြစ်သည်။

**ကြီးမားအောင် ဖန်ဆင်းတော်မူပုံ။** ။"ရာဟု" ခေါ်သော အသုရိန်နတ်ကြီးသည် အလွန်ကြီးမား၏။ အမြင့်အားဖြင့် ယူဇနာ လေးသောင်း ရှစ်ထောင်ရှိသတဲ့။ ထိုမျှ ကြီးမားသော အသုရိန်ကြီး သည် ဘုရားရှင်၏ ဂုဏ်သတင်းတော်ကို ကြားရသဖြင့် သွား၍ ဖူးမြော်လိုသော်လည်း "လူသားဖြစ်သော ဘုရားကို ငါသွား၍ ဖူးမြော် ရလျှင် ငုံ့၍ပင် ကြည့်ရှုရလိမ့်မည်"ဟု အထင်ရ၍ မဖူးမြင်ဘဲ နေခဲ့ရာ ဂုဏ်တော်ကြီးမားလှသဖြင့် သင့်သလိုပင် ဖူးမြော်အံ့ဟု ကြံပြီးလျှင် ဘုရားရှင်၏ အထံတော်သို့ ရောက်လာလေသည်။ မြတ်စွာဘုရားက "မဟိမာ"ဘုန်းတော်ဖြင့် သူ့ထက် ကြီးမားအောင် ဖန်ဆင်းတော်မူလျက် လျောင်း၍ အဖူးမြော်ခံတော်မူရာ လွန်စွာမြင့်မားသော အသုရိန်ကြီး သည် တအားကုန်မော်၍ ဖူးမြော်သော်လည်း ဘုရားရှင်၏ အထက် ပိုင်းကို မမြင်နိုင်ရှာချေ။ ဤသို့ ပင်ကိုအနေထက် ကြီးမားအောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ကို "မဟိမာ" ဘုန်းတော်ဟု ခေါ်၏။

[ဤ ရာဟု အသုရိန်ကို ပြရာ၌ "မဟိမာ"ဘုန်းတော်မဟုတ်၊ ပါရမီတော် အစွမ်းသာဟု ဋီကာမှာပင် အဆိုကွဲ၏။]

ဣစ္ဆတ္ထော သာသပဂ္ဂေ, စက်မတိ ဣတောစိတော၊
ဣစ္ဆတ္ထော လောကဓာတုမှိ, အတ္တဘာဝေန ဆာဒယေ။

http://www.dhammadownload.com



ဘဂဝါ– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣဋ္ဌန္တော– သေးငယ်လေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ သာသပဂဗ္ဘေ– သေးငယ်သိမ်မွေ့, မုန်ညင်းစေ့အတွင်း၌၊ ဣတော စိတော– တုံ့ပြန် ထိုဤ, လှည့်လည်တော်မူလျက်လည်း၊ စက်မတိ– ပရိက္ခရာ ရှစ်တန်,ကိုယ်လုံးရံ၍, စကြံတွားတွား, ကြွသွားတော်မူနိုင်၏။ ဣဋ္ဌန္တော– ကြီးမားလေဟန်, ပုံသဏ္ဌာန်သွင်း, ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ လောကဓာတုမှိ– စကြဝဠာ, ကမ္ဘာအဆုံး, တစ်ခုလုံး၌၊ အတ္တဘာဝေန– ကြီးမားမြင့်မော်, ရွှေကိုယ်တော်ဖြင့်၊ ဆာဒယေ– အကုန် သိမ်းကျုံး, လွှမ်းဖုံးတော်မူနိုင်သတည်း။

ပကတိ ကိုယ်တော်မှာ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ– တစ်ဆယ့်ရှစ်မိုက် အမြင့်တော်ရှိ၍ အတောင်အားဖြင့် ခြောက်တောင်ခန့် ရှိ၏။ "တစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်"ဟု ဆိုသောစကားကို လူသား ပကတိဖြစ်၍ အခြား လူများထက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် မကွာခြားသင့်သောကြောင့် စဉ်းစားရာ၏ ဟု– ပထမ ရိုက်နှိပ်အပ်သော စာအုပ်၌ ကျမ်းဂန်ကို ဖော်ထုတ်၍ အကျယ်မရေးသားလိုသောကြောင့် အထက်ပါအတိုင်း အကျဉ်းမျှသာ ရေးသားလိုက်သည့်အတွက် "အချို့ မြို့ရွာတို့၌ ၁၈ တောင် ယူသူတို့က တစ်ဖက်၊ ၁၈ မိုက် ယူယူတို့က တစ်ဖက်ဖြင့် ငြင်းခုန်ချက် ရန်ပွား၍ စကားများကြသည်"ဟု ကြားရသောကြောင့် "အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်း တွေ့"ဆိုသော စကားကဲ့သို့ "အများ အကျိုး ရှိအောင် ရေးသားရာတွင် ထိုသူများအတွက် အကျိုးမဲ့ ဖြစ်ရလေခြင်း"ဟု သံဝေဂ ဖြစ်မိပါသည်။ ယခုအခါ မိမိအယူကို အကျယ်ရေးမှပင် သင့်မည် ထင်သောကြောင့် ပါဠိ–အဋ္ဌကထာ ဆိုစဉ်နှင့်တကွ ဉာဏ်မြင်သမျှ ထုတ်ဖော် ရေးပြပါအံ့။

http://www.dhammadownload.com



# အရပ်တော် အဆုံးအဖြတ်

ဘုရားရှင်၏ အရပ်တော်ကို ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ "သောဠသ ဟတ္ထုဗ္ဗေဓ= ၁၆ တောင်"ဟု ဆို၏။ များစွာသော အဋ္ဌကထာတို့၌ "အဋ္ဌာရသ ဟတ္ထုဗ္ဗေဓံ=၁၈ တောင်"ဟု ဆို၏။ သုတ်မဟာဝါဠိအ ကာ၌ "ဒွါဒသ ဟတ္ထော= ၁၂ တောင် မြင့်၏" ဟု အပရေဝါဒ ရှိ၏။ ၁၈ တောင် ယူသူတို့က ဘယ်ဝါဒကို အတည်ပြုကြသနည်း။ ၁၈ တောင် ဟူသည် တော်တော်မြင့်သော အိမ်၏ခေါင်မိုးလောက်ရှိ၏။ ထိုအတိုင်း မှန်လျှင် ဘုရားရှင်ကို ဆွမ်းလောင်းလိုသောအခါ လှေကားထောင်လျက် အတော် မြင့်အောင်တက်၍ လောင်းကြရပေလိမ့်မည်။ ဘုရား အရပ် တော်ကို စဉ်းစားကြပါလေ။

သီဟိုဠ်ကျွန်းရှိ အချို့ မထေရ်တို့သည် "ဟတ္ထသဒ္ဒါ" အတွက် "မိုက်" ဟူသောအနက်ကို ယူ၍ "၁၈ မိုက် (ခြောက်တောင်) ရှိ၏"ဟု ယူကြ၏။ [ပထမရိုက်စာအုပ်၌ ထို သီဟိုဠ်ဝါဒအတိုင်း ရေးခြင်းဖြစ်၏၊ ဤကျမ်းက ဟတ္ထသဒ္ဒါအတွက် "မိုက်" ဟူသော အနက်ကို ဝန်မခံ။]

အော်လက်ကောက် အမည်ရှိသော အမေရိကန်သား ဗုဒ္ဓ ဘာသာဝင်တစ်ယောက် ရေးသားသော စာအုပ်၌ကား "ဂေါတမ မြတ်ဘုရားသည် ပကတိ လူအများထက် ထူးခြားစွာ မမြင့်" ဟု ယုတ္တိပြလျက် ရေးသားလေသည်။

ယိုးဒယားပြည် သာသနာပိုင် ဆရာတော်လည်း "မြတ်စွာဘုရား အရပ်တော်သည် ပကတိလူများထက် ထူးခြားစွာမမြင့်" ဟု အကျယ် တဝင့် ဆုံးဖြတ်ထား၏။

http://www.dhammadownload.com



ဤ "ရတနာ့ဂုဏ်ရည်" ကျမ်းကလည်း သူများယောင်လို့ ယောင်သည်မဟုတ်၊ ညွှန်ပြအပ်လတ္တံ့သော ကျမ်းဂန်ယုတ္တိများအရ "မြတ်စွာဘုရား အရပ်တော်သည် ပကတိလူများထက် ထူးခြားစွာ မြင့်တော်မမူ" ဟုပင် ယူလိုပါသည်။ [ကျေးဇူးရှင် ဆရာတော်များလည်း ဤအတိုင်း ယူကြပါသည်။]

## ထောက်ထားချက်

(၁) ဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှာ နှစ်ပေါင်း ၂၄၆၇ နှစ် ကျော်ခဲ့ပြီးဖြစ်၍ ထိုခေတ်က လူများသည် ယခုခေတ် လူများထက် အနည်းငယ် ကြီးမားချင် ကြီးမားပေလိမ့်မည်။ သို့သော် ယခုကာလ ထောင်ထောင် မောင်းမောင်း လူများထက် နှစ်တောင် သုံးတောင် ပိုလွန်အောင်ကား မကွာခြားနိုင်ပါ။

ကျောက်စာဖက်ဌာနနှင့်စပ်၍ ရှေးဟောင်း အသုံးအဆောင် အရိုးများကို တွေ့ရသူတို့ကား ဘုရားရှင် သီတင်းသုံးတော်မူဖူးသော ကျောင်းတော်တံခါးပေါက်များမှာ ယခု တံခါးပေါက်များထက် ပို၍ မကျယ်ဝန်းခြင်း၊ ဘုရား လက်ထက်တော်က သပိတ်များကိုလည်း ငယ်ငယ်ပင်တွေ့ရခြင်း၊ ထို ရှေးက လူရိုးများမှာ ယခုလူရိုးများထက် မကြီးမားခြင်း၊ ပဌမသံဂါယနာတင်ရာ စရည်းပင် လိုဏ်ဂူအပေါက်၏ (အထက်အောက် အားလုံး) ၆ ပေလောက်သာရှိခြင်းတို့ကို ထောက်၍ "ဘုရားလက်ထက်က လူများသည် ယခု လူတို့ထက် မမြင့်"ဟု အယူ ရှိကြသည်။

http://www.dhammadownload.com



ဘုရားရှင်လည်း ထိုခေတ်က လူအများတွင် မားမားမတ်မတ် ပုဂ္ဂိုလ်တစ်ပါးပင်တည်း။ အကယ်၍ မြတ်စွာဘုရားသည် ထိုခေတ်က လူများထက် ထူးခြားစွာ မြင့်တော်မူအံ့။ "မည်းဖြူ ဆူကြုံ၊ နိမ့်မြင့်တုံ၊ မှတ်ကုန် ပြစ် ၆ ပါး" ဟူသော အပြစ်တို့တွင် မြင့်လွန်းသော အပြစ် ရှိရာ၏။ စင်စစ်ကား ဘုရားရှင်၏ အရုပ်တော်သည် မနိမ့်မမြင့် အဆင်သင့်ရှိသာ။

(၂) ဘုရားရှင်သည် နတ်အဖြစ် ဗြဟ္မာအဖြစ်ဖြင့် တန်ခိုးပြ၍ တရားဟောမည်ဆိုလျှင် ဖြစ်နိုင်ဖွယ် ရှိပါ၏။ သို့သော် အများက တအံ့တသြ လိုက်နာကြမည် မဟုတ်ပါ။ "နတ်ဘဲ ဟောနိုင်မှာပေါ့၊ ဗြဟ္မာဘဲ တန်ခိုးကြီးမှာပေါ့"ဟု ဆိုကြပေလိမ့်မည်။ လူစင်စစ်မှန်း သိဖို့ရာ မယ်တော် ခမည်းတော် ဆွေတော် မျိုးတော်များနှင့်တကွ သားတော် တစ်ပါး ရသည့်တိုင်အောင် ထိးနန်းစံပြီးမှ ဘုရားဖြစ်ဖို့ရာ တောထွက်တော်မူပါသည်။ အကယ်၍ ၁၈ တောင်မျှ အရုပ်တော်မြင့်နေလျှင် "တန်ခိုးကြီးမှာပေါ့ကွာ၊ အရုပ်တော်ကြီးကိုက နည်းတာမှ မဟုတ်ဘဲ၊ လူသားစင်စစ် ဟုတ်ချင်မှလည်း ဟုတ်မှာ"ဟု ပြောစရာ ဖြစ်ပေလိမ့်မည်။ [မဟာပဒါနသုတ် ဋီကာ]

(၃) ဘုရားရှင်သည် မင်းသားဖြစ်စဉ်က ကြင်ယာတော် မိဖုရားလောင်း ရွေးချယ်ဖို့ရာ အခွင့်ကြုံလာ၏။ ထိုအခါ ခမ်းနား ကြီးကျယ်သော မဏ္ဍပ်ကို ဆောက်လုပ်စေပြီးလျှင် သာကီဝင် မင်းသမီး များအား မင်းသားကိုယ်တိုင် ဆုလာဘ်ပေးဖို့ရန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက စီမံလေသည်။ ထိုမဏ္ဍပ်အတွင်း၌ မင်းသားမှ တစ်ပါး အခြားယောကျ်ား တစ်ယောက်မျှ မရှိစေရ။ သို့သော်

http://www.dhammadownload.com



မင်းချင်း ယောကျ်ားတို့အား ပြောသမျှ စကားကို ရှောင်း၍ နားထောင်ကြဖို့ရာ စေခိုင်းထားလေသည်။

ထိုအခါ သာကီဝင်မင်းသမီးအများပင် တစ်ချိန်တည်း ဆုလာဘ်တော်များကို လာယူကြသော်လည်း "ယသော်ဓရာ" မင်းသမီးကား သူများနှင့် အတူမလာဘဲ တစ်ယောက်တည်းနောက်ချန်၍ အများပြန်မှ မိမိအခြွေအရံနှင့် ရောက်လာရာ ဆုလာဘ်တွေ ကုန်သွားပြီး ဖြစ်နေသောကြောင့် မင်းသမီးက ပြုံးကြည်သော မျက်နှာထားဖြင့် "ဘယ့်နှယ်လဲ၊ မောင်တော်က နှမတော်ကို မုန်းလို့ ဆုလာဘ်သနားဖို့ စာရင်းထဲ မသွင်းဘဲ ထားတော်မူပါသလား"

**အလောင်းဘုရား။** ။"မုန်းလို့ မဟုတ်ပါ၊ နောက်ကျနေသောကြောင့် မရခြင်း ဖြစ်ပါတယ်"ဟု ပြောပြီးလျှင် သိန်းပေါင်းများစွာ ထိုက်တန်သော လက်စွပ်ကို ချွတ်၍ သနားတော်မူသည်။

**ယသော်မေ။** ။"ဒီလက်စွပ်ကို တကယ်ပဲ ယူသွားရမှာပါလား"

**အလောင်းဘုရား။** ။"မောင်တော့် တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားတဲ့ တန်ဆာအားလုံးကိုပင် ယူနိုင်ပါတယ်"

**ယသော်မေ။** ။"နှမတော်က မောင်တော့်ကို တန်ဆာမဲ့ ဖြစ်အောင် မလုပ်ရက်ပါ။ တကယ်ဆိုလျှင် နှမတော်က တိုး၍ ဆင်ပေးဖို့ တာဝန်ရှိပါတယ်"ဟု ပြောကာ ပြုံးရွှင်သော မျက်နှာ၊ ကျေနပ်သော လက္ခဏာဖြင့် ပြန်သွားလေ၏။ ["လလိတဝိတ္ထာရ"ခေါ် မြောက်ပိုင်း ဗုဒ္ဓဘာသာသုတ္တန်။]

http://www.dhammadownload.com



အကယ်၍ အလောင်းတော်မင်းသားသည် သူများထက် ထူးခြား၍ ၁၈ တောင်တိုင်အောင် မြင့်ငြားအံ့၊ ယသော်ဓရာ မင်းသမီးသည် ထိုကဲ့သို့သော စကားမျိုးကို မပြောဝံ့တန်ရာ။ သူ့လို ကိုယ့်လို သက်တူရွယ်မျှ ဖြစ်သောကြောင့်သာ ပြောဆိုဝံ့ခြင်း ဖြစ်ရာ၏။

ထို့ပြင် အရုပ်တော် ၁၈ တောင် ရှိနေလျှင် ကိုယ်လုံးတော် ပမာဏ၏ ရှေ့ပိုင်း ထက်ဝက်မှာပင် ၄ တောင်ခန့်ရှိရာ၏။ ထိုမျှ ကြီးကျယ်ခဲ့သော် ယခုကာလ မိန်းမများထက် အလွန်မကြီးမားသော မိဖုရားများနှင့်အတူ ထီးနန်းစံတော်မူလို့မှ သင့်လျော်ပါမည်လော။ (ဤအရာ၌ တန်ခိုးတော်ဟု ဆိုကြဦးမည်လား။)

(၄) "ဘုရားဖြစ်မှ အရုပ်တော် မြင့်သွားသည်၊ လူတုန်းကတော့ သူ့လို ကိုယ့်လိုပါပဲ" ဟု ဆိုပြန်အံ့၊ ဘုရားဖြစ်ပြီးမှလည်း ထူးခြား၍ မမြင့်ပါ။ ဘုရားဖြစ်ပြီးမှ မကြာမီပင် ဥပကတက္ကဒွန်းကြီးနှင့် လမ်းခရီးမှာ တွေ့ဖူး၏။ ဥပက– က သပ္ပာယ်သော ရဟန်းတစ်ပါးဟုသာ မှတ်ထင်လေသည်။ [မဇ္ဈိမပဏ္ဏာသ ပါဠိတော်, ရာဇဝဂ်, ဗောဓိရာဇကုမာရသုတ်။] .

(၅) ပုဏ္ဏားတစ်ယောက်သည် ယဇ်ပူဇော်ပြီးနောက် ပုဏ္ဏားတို့အား ကြွင်းကျန်သော ယဇ်စာကို ကျွေးဖို့ရာ လိုက်အရှာတွင် ခေါင်းမြီးခြုံ၍ သစ်ပင်အောက်မှာနေသော ဘုရားရှင်ကို ပုဏ္ဏားထင်၍ အနီးသို့ ချဉ်းကပ်လေရာ ခေါင်းမြီးခြုံကို ဖွင့်လိုက်မှ ရဟန်းမှန်း သိသဖြင့် ပြန်သွားမည် ပြုလေ၏။ အကယ်၍ ၁၈ တောင်မြင့်အံ့၊ ထိုင်တော်မူနေသော ဘုရားရှင်သည် မန္တလေးမြို့ မဟာမြတ်မုနိ ရုပ်ပွားတော်

http://www.dhammadownload.com



လောက် မြင့်ဖွယ်ရှိသောကြောင့် "ပုဏ္ဏားလေလား"ဟု အထင် မမှား ထိုက်။ [သံယုတ်ပါဠိတော်]

(၆) ဘုရားရှင်သည် ကောသမ္ဗီပြည်မှ "ပါလိလေယျက" တောသို့ အကြွတွင် တောကျောင်း၌ သီတင်းသုံး နေထိုင်ကြသော အရှင်နန္ဒိယ၊ အရှင်ကိမိလ၊ အရှင်အနုရုဒ္ဓါ မထေရ်သုံးပါးတို့အထံ ဝင်တော်မူရာ တောစောင့်ယောကျ်ားက "ရဟန်းကြီး မဝင်ပါနှင့်၊ အမျိုးကောင်းသားတွေ တရားအားထုတ်နေပါသည်" ဟု တားမြစ်လေ သည်။ အကယ်၍ ၁၈ တောင်မြင့်ငြားအံ့၊ ထို တောစောင့်ယောကျ်ား သည် ဘုရားရှင်ကို မတားဝံ့ရာ။ [ဥပရိပဏ္ဏာသ, ဥပက္ကိလေသသုတ် ပါဠိတော်။]

(၇) ပက္ကုသာတိမည်သော ဘုရင်သည် ဘုရားရှင်ကို မမြင်ဖူးဘဲ သတင်းကြားဖြင့် ကြည်ညို၍ ရဟန်းပြုပြီးလျှင် ဘုရားရှင်အထံ လာခဲ့ လေရာ ညဥ့်အခါ အိုးထိန်းသည်စရပ်မှာ ဘုရားနှင့် တွေ့သော်လည်း ဘုရားမှန်း မသိသေး၊ ရဟန်းတစ်ပါးဟုသော အထင်ရှိနေသေး၏။ ထို့နောက် တရားဟောမှ သဘောကျ၍ ဘုရားမှန်း သိလေသည်။ [ဥပရိပဏ္ဏာသ, ဓာတုဝိဘင်္ဂသုတ် ပါဠိတော်။]

(၈) မာဂဏ္ဍီမည်သော ပုဏ္ဏားသည် သမီးချောအတွက် သမက်လိုက်ရှာလေရာ ဘုရားရှင်ကို တွေ့လေသည်။ အကယ်၍ သမီးနှင့် အရွယ် အရပ်ချင်း အလွန်အမင်း ကွာခြား၍နေလျှင် သမက်ဖမ်းဖို့ မမှန်းတန်ရာ။ [ဓမ္မပဒအဋ္ဌကထာ, သာမာဝတီဝတ္ထု။]

(၉) ဘုရားရှင်သည် အရှင်မဟာကဿပနှင့် သင်္ကန်းချင်း လဲ၍ ဝတ်တော်မူဖူးပါသည်။ အကယ်၍ ဘုရားရှင်သည် တစ်ဆယ့်

http://www.dhammadownload.com



ရှစ်တောင် မြင့်တော်မူငြားအံ့၊ အရှင် မဟာကဿပသည် ဘုရားရှင်၏ သင်္ကန်းတော်ကို ဝတ်၍မဖြစ်ရာ၊ ဘုရားရှင်လည်း အရှင်မဟာကဿပ၏ သင်္ကန်းကို မဝတ်ရုံလောက်ရာ။ [နိဒါနဝဂ္ဂ, ကဿပသံယုတ်, စီဝရသုတ် ပါဠိတော်။]

(၁၀) ပုဏ္ဏားတစ်ယောက်သည် မိမိဝတ်နေကျဖြစ်သော အဝတ်ကို ဘုရားရှင်အား လှူဖူး၏။ ဘုရား ဝတ်ရုံလောက်သည်သာ။ [သုတ်မဟာဝဂ္ဂ, မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်။]

(၁၁) ဘုရားရှင်၏ ညီတော် အရင်းဖြစ်သော အရှင်နန္ဒ (နန္ဒမင်းသား)သည် အခါတစ်ပါး၌ ဘုရားရှင်၏ သင်္ကန်းတော်နှင့် ညီမျှသော သင်္ကန်းကို ဝတ်ရုံလာ၏။ ထိုအခါ ရဟန်းတို့က အဝေးမှလာသည်ကို မြင်ရလျှင် ဘုရားဟု ထင်မှတ်၍ နေရာမှ ထကြ၏။ အနားကျမှ အရှင်နန္ဒ ဖြစ်ကြောင်းကို သိကြလေ၏။ ဤစကားကိုထောက်လျှင် မြတ်စွာဘုရားသည် အရှင်နန္ဒထက် များစွာ မမြင့်ဟု သိသာပြီ။ ထို့ကြောင့် ပါဠိတော်၌ "စတုရင်္ဂုလောမကော= အရှင်နန္ဒက ဘုရားအောက် လက် ၄ သစ်သာ ယိမ်သည်" ဟု မိန့်တော်မူသည်။ [ဝိနည်း, ပါစိတ်ပါဠိတော်, ရတနဝဂ်။]

(၁၂) လူ့ပြည်လောက၌ ရှိကြသော ခြေရာတို့တွင် ဆင်သတ္တဝါ၏ ခြေရာကို အကြီးဆုံးဟု ဘုရားရှင် ဟောတော်မူ၏။ အကယ်၍ ၁၈ တောင်မြင့်အံ့၊ ဘုရားရှင်၏ ခြေရာတော်သည် ၂ တောင်ကျော်ကျော် ရှိမည်ဖြစ်၍ ဆင်၏ ခြေရာထက် ကြီးရာသောကြောင့် "ငါဘုရား၏ ခြေရာသည်သာ အကြီးဆုံး"ဟု ဟောတော်မူသင့်၏။ "မူလပဏ္ဏာသ, မဟာဟတ္ထိပဒေါပမသုတ် ပါဠိတော်။]

http://www.dhammadownload.com



(၁၃) ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ကုသိနာရုံပြည်သို့ ကြွ၍ အင်ကြင်းဥယျာဉ် အတွင်းဝယ် မလ္လာမင်းတို့၏ အသုံးပြုနေကျ ညောင်စောင်း (ခုတင်ငယ်)ပေါ်မှာပင် လျောင်းတော်မူလေသည်။ အကယ်၍ ၁၈ တောင်မြင့်အံ့၊ ရိုးရိုးလူတို့ အသုံးပြုအပ်သော နေရာမှာ မနေလောက်ရာ၊ တန်ခိုးတော်အရာလည်း မဟုတ်။ [ပရိနိဗ္ဗာနသုတ် ပါဠိတော်။]

(၁၄) ပရိနိဗ္ဗာန်စံတော်မူခါနီး၌ နတ် ဗြဟ္မာအများတို့ အဖူးမြော်လာကြရာ ရှင်ဥပဝါဏမထေရ်က ရှေ့တည့်တည့်မှ ကွယ်နေသောကြောင့် ဘုရားမျက်နှာတော်ကို မဖူးကြရသဖြင့် နတ်များက မထေရ်ကို ကဲ့ရဲ့ကြ၏။ ၁၈ တောင်မြင့်တော်မူလျှင် ထိုမထေရ်က မျက်နှာတော်ကို မကွယ်နိုင်ရာ။ [ပရိနိဗ္ဗာနသုတ် ပါဠိတော်။]

(၁၅) ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် သူဆင်မြန်းနေကျဖြစ်သော "မဟာလတာ" တန်ဆာဖြင့် အလောင်းတော်ကို ပူဇော်လေရာ ဦးခေါင်းတော်မှ ခြေဖျားတိုင်အောင် ဖုံးလွှမ်းနိုင်သည်ဟု မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ ဆိုသည်။ ၁၈ တောင် မြင့်ရိုးမှန်လျှင် ထိုတန်ဆာသည် အလောင်းတော်၏ တစ်ကိုယ်လုံးကို မဖုံးနိုင်ရာ။

ဤသို့ စသည်ဖြင့် ပိဋကတော်မှ ကောက်နုတ်ဖွယ်ရာ များစွာ ရှိပါသေးသည်။ ကျယ်ဝန်းမည်စိုး၍ လျစ်လျူရှုရပါတော့သည်။ ဤကောက်နုတ်ချက်များအရ "ဘုရားရှင်သည် ထိုခေတ် လူများထက် တအံ့တသြ ထူးခြားစွာ မြင့်တော်မမူ"ဟု အတိအလင်း ယူလိုပါသည်။ ထိုခေတ်က လူအများမှာလည်း ယခုခေတ် ထောင်ထောင်မောင်းမောင်း

http://www.dhammadownload.com



ရှိသူများထက် များစွာ မကွာခြားသင့်သောကြောင့် **"ဘုရားရှင်၏ အရပ်တော်သည် ၁၈ တောင်မြင့်၏"** စသော အယူဝါဒ **ယုတ္တိယုတ္တာကို** ရှာကြပါလေ။

ဘုရားရှင်သည် ဝါဝင်းသော **အဆင်းတော်ရှိ၏။** ကိုယ်တော်မြတ်၏ ဝါဝင်းသော အရောင်တော်သည် ထက်ဝန်းကျင်နှင့် တကွ အထက်သို့တက်နေရာ မှောင်သောအရပ်၌ ၁၈ တောင်၊ ၁၆ တောင်ခန့် ရှိသည်ဟု ထင်ရပေသည်။ ထို့ကြောင့် ပါဠိတော်နှင့် အဋ္ဌကထာတို့၌ အထက်သို့ အမြဲတက်နေသော ကိုယ်အရောင်တော်နှင့် တကွ မှန်းဆရေတွက်၍ ၁၈ တောင်၊ ၁၆ တောင် မြင့်ကြောင်းကို မိန့်ဆိုကြဟန် တူသည်ဟု မိမိသဘောမှာ ထင်မိပါသတည်း။

**အရပ်တော် အဆုံးအဖြတ် ပြီး၏။**

---

**ပဋ္ဌိဘုန်းတော်။** ။ကြွတော်မူလိုရာ အရပ်သို့ **ဆီးတား** ကွယ်ကာခြင်း မရှိ၊ တစ်ခဏချင်း ကြွရောက်နိုင်သော ဘုန်းတော်ဖြစ်သည်။ ဘုရားရှင်သည် ချွေချွတ်ထိုက်သော သတ္တဝါကို မြင်တော်မူလျှင် နတ်ပြည် ဗြဟ္မာ့ပြည်၌ပင် ဖြစ်စေကာမူ ထိုသူ၏ထံသို့ **တစ်ခဏချင်း** အရောက် ကြွတော်မူနိုင်သည်။

**ပါကမ္မဘုန်းတော်။** ။အဆင်းအမျိုးမျိုး၊ ပုံသဏ္ဌာန် **အမျိုးမျိုး** ကို ဖန်ဆင်းတော် မူလိုပါလျှင် တစ်ခဏတည်းဖြင့် ပြီးစေနိုင်သော ဘုန်းတော်ဖြစ်၏။ ဘုရားရှင်သည် တစ်ခါတစ်ရံ မြောက်ကျွန်းသို့ ကြွ[illegible]တော်မူပြီးလျှင် ထိုကျွန်းသားတို့၏ ဘုရင်သဏ္ဌာန် ဖန်ဆင်းလျက် [illegible]တော်မူသည်။

http://www.dhammadownload.com



**ဤသိတာ ဘုန်းတော်**။ ။မိမိ၏ စိတ်တော်ကိုလည်းကောင်း၊ များစွာသော သတ္တဝါတွေကိုလည်းကောင်း အုပ်စိုးနိုင်သော ဘုန်းတော်ပေတည်း။ ဤ ဘုန်းတော်ကြောင့်ပင် ဘုရားရှင်ကို များစွာသော သတ္တဝါတို့က ရိုသေခန့်ညားကြရပေသည်။

**ဝသိတာဘုန်းတော်**။ ။ဈာန်သမာပတ် အဘိညာဉ်ကို ဝင်စားတော်မူလိုလျှင် အဆိုင်းအငံ့မရှိဘဲ တစ်ခဏချင်းပင် ဝင်စားနိုင်သော ဘုန်းတော်ပေတည်း။

**ယတ္ထကာမာဝသာယိတာ ဘုန်းတော်**။ ။ဈာန်ဝင်စားခြင်း၊ ကောင်းကင်ပျံကြွခြင်း စသော ကိစ္စတစ်စုံတစ်ခုကို ပြုတော်မူစဉ် ပြီးဆုံးစေတော်မူလိုသောအခါ ဆိုင်းငံ့တော်မမူဘဲ ပြီးဆုံးစေလိုသည်နှင့် တစ်ပြိုင်နက် ထိုကိစ္စကို ပြီးဆုံးစေနိုင်သော ဘုန်းတော်ပေတည်း။ [ယတ္ထကာမ– အလိုရှိရာ ခဏ၌+ အဝသာယိတာ–ပြီးစေနိုင်ခြင်း။]

(၁) **ဣဿရိယဘုန်းတော်**။ ။ဤ ပြခဲ့သော ဘုန်းတော် ရှစ်ပါးသည် အများပြောဆိုအပ်သော ဘုန်းတော်ခြောက်ပါးတွင် "ဣဿရိယ" ဘုန်းတော်ချည်းသာတည်း။

(၂) **ဓမ္မဘုန်းတော်**။ ။တစ်ထောင့်ငါးရာ ကိလေသာ ရန်ဆူး ရန်ငြောင့်တွေကို ပယ်ရှားသုတ်သင်နိုင်သော မဂ် ၄ ပါး ဖိုလ် ၄ ပါး နိဗ္ဗာန်အားဖြင့် ၉ ပါးသော လောကုတ္တရာ တရားတို့ကို "ဓမ္မ" ဘုန်းတော်ဟု ခေါ်သည်။

(၃) **ယသဘုန်းတော်**။ ။ပြန့်နှံ့ကျော်စောသော ဂုဏ်သတင်းတော်ကို "ယသ"ဘုန်းတော်ဟု ခေါ်သည်။ ဘုရားရှင်၏ ဂုဏ်သတင်းတော်သည် သူတကာတို့ကဲ့သို့ အသိုင်းအဝိုင်းတို့ဖြင့်

http://www.dhammadownload.com



မဟုတ်မမှန် လုပ်ကြံ၍ ဖြစ်ရခြင်းမျိုး မဟုတ်၊ ဟုတ်မှန်သော ဂုဏ်တော်ကြောင့် အလိုလို ထင်ပေါ်လျက် လူ့ပြည်လောကထက် နတ်ပြည်လောက၌ သာ၍ နှံ့စပ်ကျော်စောပေသည်။ [အခြား စကြဝဠာက နတ်ဗြဟ္မာ များလည်း ဤစကြဝဠာသို့ လာနိုင်သဖြင့် နတ် ဗြဟ္မာ အချင်းချင်း ဂုဏ်သတင်း ဖြန့်သောကြောင့် "စကြဝဠာ တစ်သောင်း တိုင်အောင် ပြန့်နှံ့၏။ လူ့လောက၌ကား ထိုမျှလောက် ဂုဏ်သတင်း မပျံ့နှံ့"ဟု ဆိုလိုပါသည်။]

(၄) **သိရီဘုန်းတော်**။ ။ကျမ်းအစ၌ ပြခဲ့သည့်အတိုင်း အလွန်ကြီးမားသော ပါရမီရှင် ဖြစ်ရပေကား ဖူးမြော်၍ မဝနိုင်အောင် လွန်စွာ သပ္ပာယ်သော ကျက်သရေကို "သိရီ" ဘုန်းတော်ဟု ခေါ်သည်။ [ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ဤ "သိရီ" ဘုန်းတော် ဖြစ်သော ရုပ်ပုံတော်ကိုလည်း အာရုံပြုနိုင်ပါသည်။]

ရှင်တော်ဘုရား၏ မျက်နှာဝယ် ညိုမှောင်သော မျက်ခုံးတော် နှစ်သွယ်၏အကြား၌ "ဥဏ္ဏာလုံ"ဟု ခေါ်အပ်သော ဆွတ်ဆွတ်ဖြူ သော အမွေးတော်သည် ဆန့်ထားလျှင် လက်မောင်းတစ်ဝက်ခန့် ရှည်၍ ပင်ကိုအတိုင်း ထားလျှင် ငွေနန်းမျှင်ကို ခွေထားသကဲ့သို့ လက်ယာရစ်ခွေလျက် ကျက်သရေ အလွန်ရှိပါပေ၏။ ဝါဝင်းသော အရေပေါ်ဝယ် မျက်ခုံး အမွေးတော်နှစ်ဖက်၏ မည်းနက်သော အရောင် တော်ကြောင့် ဆွတ်ဆွတ်ဖြူသော ဤဥဏ္ဏာလုံ မွေးရှင်တော်သည် သာ၍ ထင်ပေါ်၍ နေလေတော့၏။ ဥဏ္ဏာလုံ မွေးရှင်တော်၏ အောက်နားဝယ် ဝဲယာ နှစ်ဖက်က မျက်တောင်တော်များလည်း

http://www.dhammadownload.com



အထက်သို့ အဖျားကော့ကာ မွေးရှင်တော်ကို မော်၍ဖူးမြော်သလို ထင်ရပေသည်။

ပတ္တမြားလုံး တပ်ထားသကဲ့သို့ ခပ်မို့မို့ ထင်လင်းသည့် မျက်လုံးတော်အတွင်းဝယ် နှစ်သွယ်သော မျက်ဖြူတော်၏ အလယ်ချက်က မျက်နက်ဝန်းတော်မှာမူ ကုမုဒြာ ကြာဖြူပန်း အတွင်းမှ ပိတုန်းကလေးများ ထွက်ပြူနေသလို တင့်တယ်ပါပေသည်။ မျက်လုံးတော် နှစ်သွယ်၏ အလယ်မှ အောက်သို့သက်သော နှာတံတော်သည်ကား မပိမပြား ထင်ရှားပေါ်လွင်၍ မျက်နှာတော်ကို တန်ဆာဆင်သလို ရှိပါပေသည်။ နှုတ်ခမ်းတော်အစုံမှာ ဟသ်ပြဒါးရည် ပက်ဖျန်းသကဲ့သို့ နီမြန်းတော်မူပြီးလျှင် စိန်အစဉ် စီထားသလို ထင်ရသော သွားတော်အစဉ်၏ ဆွတ်ဆွတ်ဖြူပုံကိုပင် ပြုံးတော်မူသောအခါ ကျက်သရေချင်း ပြိုင်ယှဉ်မည်ကဲ့သို့ ထင်ရပေသည်။ ဤသို့ အမြွက်မျှ ပြအပ်သော မျက်နှာတော်နှင့် ကိုယ်တော်၏ ကျက်သရေတော်သည် နတ် လူ ဗြဟ္မာတို့၏ မျက်လုံးကို ဆွဲငင်ထားသကဲ့သို့ ဖူးမြော်၍ မဝနိုင်အောင် ရှိပါပေသတည်း။ [ဤအကြိမ်ရိုက် စာအုပ်၌ ဘုရားရှင်၏ ကျက်သရေတော်ကို ထင်ပေါ်အောင် ရှေးဆရာတို့ ဖွဲ့စီအပ်သော လက္ခဏာတော်ကြီး ဘုရားရှိခိုး ထည့်ထားပါသည်။]

**ချဲ့ဦးအံ့**။ ။"ကျက်သရေ"ဆိုသည်မှာ အလှကို ဆိုလိုသည် မဟုတ်၊ မလှသော်လည်း တချို့မှာ ရုပ်အနေအထား အချိုးကျ၍ ဖြစ်စေ၊ အနေအထိုင် အပြောအဆို အချိုးကျ၍ ဖြစ်စေ "ကျက်သရေ ရှိပါပေသည်"ဟု ချီးမွမ်းခံကြရပေသည်။ ဘုရားရှင်ကား ပင်ကို

http://www.dhammadownload.com



အဆင်းလည်း တင့်တယ်၏။ လှမ်းကြွတော်မူပုံ၊ နေထိုင်တော်မူပုံ၊ ဟောပြောတော်မူပုံ စသည်တို့မှာလည်း ရှု၍မငြီး၊ နာ၍မငြီးအောင် ကျက်သရေကို ဆောင်တော်မူ၏။ ထို့ကြောင့် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပရိသတ်အလယ်၌ ထိုင်တော်မူကာ တရား ဓမ္မ ဟောပြတော်မူသော ဘုရားရှင်သည် ဝင်းစက်ညက်ညောသော အသား အရည်ပေါ်တွင် ကြည်လင်ပြတ်သားသော အသံတော်ကို တန်ဆာဆင် သလို ဖြစ်ရကား များစွာသော မင်းပရိသတ်ထက် ကျက်သရေ သာလွန် ထူးချွန် တင့်တယ်တော်မူပေသည်။

**သေလသုတ်မှ ကောက်နုတ်ချက်။** ။လုလင်ငယ် သုံးရာ လောက်ကို စာပြနေသော ဗြဟ္မဏဇာတ်ရှိသူ "သေလ" မည်သော ကျောင်းအုပ်ဆရာကြီး တစ်ယောက်သည် အခါတစ်ပါး၌ ဘုရားရှင် အကြောင်းကို ကြားရ၍ တပည့်သုံးရာနှင့်အတူ ဘုရားရှင်ထံသို့ ရောက်လာလေရာ ရှင်တော်ဘုရား၏ ကျက်သရေရှိလှသော ရုပ် အဆင်းတော်ကို မြင်ရရုံဖြင့် "ဤမျှလောက် ကျက်သရေရှိသော အရှင့်မှာ ရဟန်းပြုနေလို့ ဘာအကျိုးရှိမှာလဲ၊ လေးကျွန်းလုံးကို လွှမ်းမိုး ၍ အုပ်စိုးနိုင်သော စကြာမင်းဖြစ်ဖို့ရာ ရုပ်လက္ခဏာတွေ ပြည့်စုံနေပါ တယ်၊ ထို့ကြောင့် ရဟန်းအဖြစ်၌ မနေဘဲ လူ့ဘောင်မှာနေ၍ မင်း တကာတို့ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော စကြာမင်းလုပ်တော်မူပါ" ဟု လျှောက်ထားလေသည်။ [သုတ္တနိပါတ်, မဟာဝဂ္ဂ, သေလသုတ် ပါဠိတော်။]

ဤမျက်စိဖြင့် အလှအပတွေကို ကြည့်ရာ၌ မကောင်းစိတ်တွေ တိုးပွား၍ အကျိုးမများသော်လည်း ဘုရားရှင်၏ သပ္ပာယ်သော အာရုံကို

http://www.dhammadownload.com



ကြည့်ရှု ဖူးမြော်ရာ၌ကား အကောင်းစိတ်တွေ တိုးပွားသဖြင့် အကျိုးများလှပေသည်။ ဤမျှလောက် ကြီးကျယ်သော ကျက်သရေတော် အရှင်ကို ငါတို့ မဖူးမြင်လိုက်ရသည်မှာ များစွာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်တကား။

(၅) **ကာမဘုန်းတော်**။ ။ရှင်တော်မြတ်၏ အလိုတော်ရှိလေသမျှ လုံးဝဥဿုံ အကုန်ပြီးစီးနိုင်ခြင်းကို "ကာမ" ဘုန်းတော်ဟု ခေါ်သည်။ ဘုရားရှင်သည် ဘုရားဖြစ်၍ သတ္တဝါတို့ကို ချွတ်နိုင်ဖို့ရန် တောင့်တ တော်မူခဲ့ရာ ထို တောင့်တတော်မူသည့်အတိုင်း ပြည့်စုံပေသည်။

(၆) **ပယတ္တဘုန်းတော်**။ ။ကြီးမားလှစွာသော လုံ့လ ဝီရိယ တော်ကို "ပယတ္တ"ဘုန်းတော်ဟု ခေါ်သည်။ ဤကျမ်းအစ "စရံ ယော ယဒိဝါ တိဋ္ဌ" ဂါထာ၌ ပြခဲ့သည့်အတိုင်း နေ့ရောညဉ့်ပါ အားလပ်ခွင့် ရတော်မမူဘဲ ဝေနေယျတို့၏ အကျိုးငှာ လွန်စွာ အားထုတ်တော်မူပေသည်။

---

## ဘုရားရှိခိုး ဂါထာဖွင့်

## (ကျက်မှတ်ရန်)

ဇဝံ နဝဟိ ဂုဏေဟိ, လောကမှိ ကိတ္တိဗျာပိတံ၊
အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဇဝံ နဝဟိ ဂုဏေဟိ– ဤ အရဟတာ, အစလာသည့်, ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်၊ လောကမှိ– ဘဝဂ်ဆုံးအောင်, ဘုံသုံး ဆောင်၌၊ ကိတ္တိဗျာပိတံ– သိမ့်သိမ့်တုန်ခပ်, ပဲ့တင်ထပ်မျှ, နှံ့စပ်

http://www.dhammadownload.com



ကျော်စောတော်မူထသော၊ အတုလံ– သီလခေါင်ထိ, သမာဓိနှင့်, ကြီးဘိပညာ, လွန်ကဲသာ၍, ပြိုင်လာနိုင်းသူ, အတူလည်း ရှိတော် မမူထသော၊ ဓမ္မရာဇာနံ– သုံးဘုံမကိုင်ရှု, သုံးထိုက် သရဖူ, သုံးလူ သင်းကျစ်, ဓမ္မရာဇ်ထွတ်ထား, ရှင်တော်မြတ်ဘုရားကို၊ တီဟိ– လက်အုပ်အဉ္ဇလိ, နှုတ်သံချီ၍, ရှင်ကြည်မနော, သုံးပါးသော ဒွါရ တို့ဖြင့်၊ သာဒရံ–လေးမြတ်ကြည်ညို, ရိုသေခြင်း ရှိသည်ဖြစ်၍၊ ဝန္ဒာမိ– ဂုဏ်တော် ထုံမွှမ်း, ပုံတော်မှန်းလျက်, ချီးမွမ်းထောမနာ, ပဏာညွှတ်ကျိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

* * * * *

## ကြည့်ရှုရန် အစီပွာယ်

၁– အရဟံဂုဏ်တော်ကိုပင် သဒ္ဒါနည်းအရ "အရဟတာ"ဟု ဆိုသည်။

၂– "ထောမနာ"ကား ချီးမွမ်းခြင်းကို ဟောသော ပါဠိစကား။

၃– ကိုင်းညွှတ်ခြင်း= ရှိခိုးခြင်းကို ဟောသော "ပဏာမ" ပါဠိကိုပင် "ပဏာ"ဟု ဆိုထားသည်။

**ဘဝဂ်ဆုံးအောင်, ဘုံသုံးဆောင်၌။** ။ဘုံဘဝတို့၏ အထက် ဆုံးဖြစ်သော "နေဝသညာ နာသညာယတန"ဘုံကို "ဘဝဂ်" ဟု ခေါ်သည်။ ကာမ, ရူပ, အရူပ, ဘုံသုံးဆောင်၏ အဆုံးဘဝဂ်တိုင် အောင် ဘုရားရှင်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်များသည် သူတစ်ပါးထက် ထိပ်ခေါင်ထိမျှ လွန်ကဲတော်မူပေသည်။ ထို့ကြောင့် တိတ္ထိအများပင် ဘုရားရှင်ကို ပြိုင်လာနိုင်းလာကြပါကုန်သော်လည်း သီလ၊ သမာဓိ၊ ပညာဂုဏ်အားဖြင့် တစ်စုံတစ်ယောက်မျှ တူတန်သူ မရှိခဲ့ကြပေ။

http://www.dhammadownload.com



**သုံးဘုံမကိုဋ်။** ။မင်း၊ မိဖုရားတို့၏ ဦးခေါင်း၌ ဆောင်းအပ်သော အရာကို "မကိုဋ်=သရဖူ"ဟု ခေါ်၏။ နဖူး၌ ရစ်ပတ်အပ်သော ရွှေပြားကို "သင်းကျစ်"ဟု ခေါ်၏။ ဘုရားရှင်သည် ဦးထိပ်တင်ကာ ရှိသေရာဖြစ်၍ သုံးဘုံသားတို့၏ မကိုဋ် သရဖူ သင်းကျစ်နှင့်တူစွာ တရားမင်းကြီး ဖြစ်ပါပေသည်။

**လက်အုပ်အဉ္ဇလီ။** ။လက်အုပ်ကို ပါဠိလို"အဉ္ဇလီ"ဟု ခေါ်၏။ ကိုယ်ဖြင့် ရှိခိုးကြောင်းဖြစ်သော ကာယဝိညတ်ကို "ကာယဒွါရ"ဟု ခေါ်၏။ နှုတ်ဖြင့်ရွတ်ဆို၍ ရှိခိုးကြောင်း ဝစီဝိညတ်ကို "ဝစီဒွါရ"ဟု ခေါ်၏။ ကိုယ်နှုတ်မပါဘဲ ဘာဝနာပွားသကဲ့သို့ ဘုရားဂုဏ်တော်ကို အာရုံပြုနေသော ကုသိုလ်ဇော စိတ်ကို "မနောဒွါရ"ဟု ခေါ်၏။ ဂုဏ်တော် အပေါင်းဖြင့် ထုံမွှမ်းအပ်သော သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်ပုံတော်ကို စိတ်ဖြင့်မှန်း၍ နှုတ်ဖြင့် ချီးမွမ်းပြီးလျှင် ကိုယ်ဖြင့် ကိုင်းညွတ်ကာ ထိုသုံးဖြာသော ဒွါရတို့ဖြင့် ရှိခိုးပါ၏-ဟူလို။

## ဂုဏ်တော် ၉ ပါးကို ဆက်သွယ်၍ အကျဉ်းချုပ် အာရုံပြုနည်း

ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရာ၌ ရှေးဦး ပဌမ သမာဓိမရသေးခင် ဂုဏ်တော် တစ်ပါးတည်းကိုသာ စွဲ၍ အထပ်ထပ် အာရုံပြုနေလျှင် ပျော်မွေ့ဖွယ် ကောင်းသော်လည်း ကျဉ်းမြောင်းသော ဥယျာဉ်တွင် ကြာရှည်စွာ မကြည့်ချင်သကဲ့သို့ ထို ဂုဏ်တော်တစ်ပါးတည်း၌ စိတ်

http://www.dhammadownload.com



အစဉ်မပျော်မွေ့ဘဲ ပျံ့လွင့်နေတတ်ပါသည်။ ဂုဏ်တော် ၉ ပါးကို တစ်ပါးနှင့်တစ်ပါး ဆက်သွယ်လျက် လှည့်ကာပတ်ကာ အာရုံပြုနေရသောအခါ သာယာကျယ်ဝန်း၍ ပန်းမျိုးစုံသော ဥယျာဉ်ကြီးတွင် ပျော်ပြီးရင်းပျော်ရင်း ဖြစ်လာသကဲ့သို့ ဘုရားဂုဏ်တော်ကို အာရုံပြုသူ၏ စိတ်ခေါက်လည်း မပြတ်ကြည်နူး ရွှင်မြူးချမ်းမြေ့ရုံသာမက အတော်ကြာလျှင် ဂုဏ်တော် တစ်ပါးပါး၌ သမာဓိ စူးစိုက်လာပါလိမ့်မည်။

ထို့ကြောင့် ဤနည်းအတိုင်းပင် ဘုရားရှင်၏ ဂုဏ်တော်များကို ဆက်သွယ်၍ အာရုံပြုလိုကြသော အမျိုးသားအမျိုးသမီးတို့သည် ရှေးဦးစွာ မိမိ၏ သီလကို ၅ ပါးဖြစ်စေ၊ ၈ ပါးဖြစ်စေ၊ ၁၀ ပါးဖြစ်စေ၊ အထူးလုံခြုံစွာ ရှိစေရမည်။ ထို့နောက် ဆိတ်ငြိမ်သောအရပ်ကို ရစေရမည်။ မိမိအိမ်မှာ ဖြစ်လျှင်လည်း အားလုံးတိတ်ဆိတ်သောအခါ ဖြစ်စေရမည်။ ရပ်ပွားတော် စေတီတော် အနီးအပါး ဖြစ်လျှင်လည်း ပွဲလမ်းအခါ မဟုတ်ဘဲ ဆိတ်ငြိမ်သောအခါ ဖြစ်စေရမည်။ သို့သော် အမျိုးသမီးဖြစ်လျှင် မည်သည့်နည်းနှင့်မျှ ယုံကြည်စိတ်ချလောက်သော အဖော်မပါဘဲ စေတီ ရုပ်ပွားအနီး၊ သို့မဟုတ် တောတောင်ပိဘ်ပေါင်း ကမ္မဋ္ဌာန်းကျောင်းတို့၌ နေထိုင်၍ အာရုံမပြုသင့်ပါ။ အရပ်ရပ် အပြစ်ကင်းသော နေရာကောင်းကို ရွေး ချယ်ပြီးနောက် တကာယ့် ယောဂီစိတ်ကို ရောက်စေလျက် မိမိရှေ့မှောင်၌ ဘုရားရှင် ရောက်တော်မူနေသကဲ့သို့ ထင်မြင်စေကာ အောက်ပါအတိုင်း အာရုံပြုပါ။

၁။ **ဗုဒ္ဓဂုဏ်တော်**။ ။ဘုရားရှင်သည် အလောင်းတော် သုမေဓာဘဝက ဒီပင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခါစ၌ သတ္တဝါတို့ကို

http://www.dhammadownload.com



ကယ်တင်လိုသော ဆန္ဒတော် ပြင်းပြလှသဖြင့် "ဗုဒ္ဓေါ-ကိုယ်တိုင် သိရသောအခါဝယ်၊ ဗောဓေယျံ-သတ္တဝါတို့ကိုလည်း သိစေတော်မူမည်"ဟု အဓိဋ္ဌာန်တော်မူ၏။

၂။ **သုဂတ ဂုဏ်တော်။** ။ထိုသို့ အဓိဋ္ဌာန်တော်မူခဲ့သည့် အားလျော်စွာ အသက်ပေါင်းများစွာနှင့် စည်းစိမ်ပေါင်းများစွာတို့ကို စွန့်တော်မူလျက် သတိတရားကြီးစွာထားပြီးလျှင် အမှားမရှိအောင် ဉာဏ်ဖြင့်ရှောင်၍ ပါရမီတော်များကို ဖြည့်ကာ ဖြည့်ကာ ကောင်းစွာ ကြွတော်မူခဲ့သည်။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်။** ။ထိုကဲ့သို့ ပါရမီဖြည့်၍ ဘုရားဖြစ်တော်မူမည့် ဘဝ၌ သီလစောင့်ခြင်း၊ ဣန္ဒြေ စောင့်စည်းခြင်း စသော ကိုယ်ကျင့်တရား စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူရကား ဘုရားမဖြစ်မီ ကဆုန်လပြည့် ညဥ့်ဦးယံဝယ် ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်၊သန်းခေါင်ယံဝယ် နတ်ပြဟ္မာ လောကရှိ သတ္တဝါများနှင့် ငရဲပြိတ္တာ သတ္တဝါဟူသမျှကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်၊ မိုးသောက်ယံဝယ် ကိုယ်တော်၏ သန္တာန်၌ ကိလေသာ ဓာတ်ခိုး ဓာတ်ငွေ့များ လုံးဝ ခြောက်ခန်းစေနိုင်သော "အာသဝက္ခယ" ခေါ် အရဟတ္တမဂ် ဉာဏ်တော်ဟူသော ဉာဏ်တော်ကြီးများ အဆင့်ဆင့် ပေါ်ပေါက်လာပါသည်။

၄။ **အရဟံ ဂုဏ်တော်။** ။ထိုဉာဏ်တော်များကြောင့် ဘုရားရှင်၏ စိတ်တော်အစဉ်သည် ကိလေသာ အနှောက်အယှက်မှ ကင်းစင်သဖြင့် အမြဲကြည်လင်တော်မူပါသည်။

http://www.dhammadownload.com



၅။ **သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်။** ။ထိုကဲ့သို့ ကြည်လင်သော စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာမကြာ ဖြစ်ပေါ်လာသော ဉာဏ်တော်ကား သိဖွယ်ဟူသမျှကို တစ်စွန်းတစ်စမျှ မကျန်အောင် လုံးဝ ကုန်စင် သိမြင်တော်မူနိုင်ပါသည်။

၆။ **လောကဝိဒူ ဂုဏ်တော်။** ။ထိုကဲ့သို့ ကြီးကျယ်သော ဉာဏ်တော်ကြီးက စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာမကြာ ပါဝင်သောကြောင့် ရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောကဓာတ် အရပ်ရပ်ကိုလည်းကောင်း၊ သတ္တဝါ အနန္တကိုလည်းကောင်း၊ ရုပ်နာမ် ခမ္မ သင်္ခါရလောကကိုလည်းကောင်း သိမြင်တော်မူပါသည်။

၇။ **အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်။** ။သတ္တလောက (သတ္တဝါဟူသမျှ၏) လိုအင်ဆန္ဒနှင့် သဒ္ဓါ ပညာ စသော ဣန္ဒြေတို့၏ အနုအရင့်ကို နှိုင်းချင့် ခွဲခြမ်း သိစွမ်းတော်မူရကား ထို သတ္တဝါအများ၏ အလိုကျအောင် သင့်လျော်သော တရားတော်ကို ဟောပြော ပြသ ဆုံးမတော်မူနိုင်ပါသည်။

၈။ **သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်။** ။ထိုကဲ့သို့ မိမိတို့ အလိုလိုက်၍ အကြိုက်ကျအောင် ဟောပြောဆုံးမတော်မူသော ဘုရား ရှင်ကို ဆရာမတင်လျှင် ဘယ်လို ပုဂ္ဂိုလ်မျိုးကို ဆရာတင်တော့မည် နည်း။ ဘုရားရှင်သည်သာ မိမိတို့၏ ဆရာစင်စစ် ဖြစ်တော်မူပေသည်။

၉။ **ဘဂဝါဂုဏ်တော်။** ။ထိုကဲ့သို့ လူရော နတ်ပါ ဗြဟ္မာမလပ် အရပ်ရပ် ဆုံးမ၍ ယဉ်ကျေးကြသော သတ္တဝါတို့၏

တစ်ပါးတည်းသာဖြစ်သော ဆရာသခင် ဘုရားရှင်၏ ဘုန်းတော်၊ ဉာဏ်တော်၊ ကျက်သရေတော်၊ တန်ခိုးတော်ကြီးမားပုံကို အာရုံပြု၍ ကုန်နိုင်ဖွယ် မရှိတော့ပြီတကား။

**အားတက်ဖွယ်။** ။ထိုမျှလောက် ထူးခြားသော ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်မိကြသည်မှာ မိမိတို့ ရေးကံ ကောင်းလှပေပြီ။ ထို ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုနေရ၊ အောက်မေ့နေရသည်မှာ စိတ်စက် ချမ်းသာလှပေ၏။ ဘုရားရှင်ကို ရည်မှန်းလျက် လှူဒါန်း ပူဇော်နေရသည်မှာ အကျိုးကြီးမားလှပေ၏။ ထိုဘုရားရှင် ဂုဏ်တော်များကို အာရုံပြုလိုက်ရလျှင် မိမိသန္တာန်မှာ ကိလေသာ အနောက်အယှက် ကင်းဝေးစေလျက် ကုသိုလ်စိတ်တွေ များလှသောကြောင့် အထပ်ထပ် အာရုံပြုနေပါမူ ကိလေသာတွေ နည်းပါးသည်ထက် နည်းပါးပေလိမ့်မည်။ လုံးဝ လွတ်လပ်ခွင့် မရသေးသော အိမ်ရှင်တို့ကား အလုပ်ကိစ္စ အားလပ်တိုင်းမှာပင် သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ပြီးလျှင် ဘုရားရှေ့တော်မှာ ဖြစ်စေ၊ သို့မဟုတ် ဆိတ်ငြိမ်သော အိမ်ခန်းမှာ ဖြစ်စေ ငြိမ်သက်စွာနေလျက် ဘုရား ဂုဏ်တော်များကို [illegible] အာရုံပြုကြပါလေ။ အာရုံမပြုတတ်သေးပါလျှင် အားလပ်ခွင့် ရချိန်မှာ ဤဂုဏ်တော် ၉ ပါးလုံး ဆက်သွယ်၍ အာရုံပြုနည်းကို ကြည့်ရှု ရွတ်ဖတ်နေကြပါကုန်။ လူမှုရေးရာ ကိစ္စ များပြားလှ၍ အချိန်မရလျှင်လည်း ဂုဏ်တော် တစ်ပါးပါးကို စိတ်ထဲမှာစွဲ၍ အလုပ်လုပ်ရင်း အာရုံပြုနေပါလျှင် လောက သံသရာ နှစ်ဖြာသော အကျိုးများကို ရနိုင်ပါသည်။

http://www.dhammadownload.com



## ဂုဏ်တော်ကို အာရုံပြု၍ အကျိုးရသော မိဖုရား စောလုံ ဝတ္ထု

ပုဂံပြည် “နရသီဟပတေ့”မင်း၏ “စောလုံ” မည်သော မိဖုရားသည် အပြစ်ကင်း၍ ကောင်းခြင်းအင်္ဂါ လက္ခဏာ အသွင်အပြင်နှင့် ပြည့်စုံသောကြောင့် မိဖုရားအများတွင် ဘုရင်အမြတ်နိုးဆုံး မိဖုရားတစ်ဦးပေတည်း။ ထိုမင်းသည် နွေလအခါဝယ် ရေဝတ်မြစ်ကမ်းတွင် စံနန်းတော်တည်၍ မောင်းမ မိဿံ အခြွေအရံများနှင့်အတူ ရေကစားတော်မူမြဲ ဖြစ်၏။ အခါတစ်ပါးဝယ် မိဖုရားစောလုံကို ကျီစယ်လိုသဖြင့် မျက်နှာ ဆံပင်ပါမကျန် တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် ရေဖြင့်ပက်စေတော်မူသည်။

စောလုံ မိဖုရားလည်း ကျီစယ်ခြင်းကို အပြစ်ဟု ထင်မှား၍ ရန်ငြိုးထားပြီးလျှင် “မိန်းမတို့မည်သည်က သာမန်အပြစ်မျိုးဖြင့် အငြိုးကြီးတတ်သည် အားလျော်စွာ” ဟူသို့ နှာသောကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သစေ [illegible]သည်။ ဘုရင်မင်းလည်း ပွဲတော်မတည်သေးဘဲ ခွေးကို ကျွေး[illegible]တွင် တစ်ခဏချင်း ခွေးသေသည်ကို မြင်၍ ပွဲတော်ဆက်သူကို စစ်[illegible]သောအခါ မိဖုရားစောလုံအပေါ် ကျရောက်၏။ [illegible] “မိမိကို တစ်ကိုယ်လုံး စိုအောင် ရေပက်စေ[illegible] အရှက်ခွဲသောကြောင့် မကျေနပ်သည့် အတွက် [illegible] ပြုကြောင်း [illegible] ခင်[illegible] မင်းတို့[illegible] [illegible] အမြတ်နိုးဆုံး

http://www.dhammadownload.com



မိဖုရားကိုပင် ထောက်ထားတော်မမူဘဲ ပန်းပဲသမားကိုခေါ်၍ သံကျပ်စင် (ကျပ်ခိုးစင်)ကို လုပ်စေပြီးလျှင် "မီးရဲရဲငြိသော ကျပ်စင်ပေါ်တင်၍ သတ်စေ" ဟု အမိန့်ချမှတ်လေသည်။

မိဖုရားလည်း ပန်းပဲသမားကို ရွှေငွေများစွာပေး၍ ခုနစ်ရက်ကြာအောင် ကျပ်စင်ကို ပြုလုပ်စေပြီးလျှင် တရားနာ၍ နေ့ရောညဥ့်ပါ သီလကို ဆောက်တည်လျက် ၇ ရက်လုံး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဖတ် အာရုံပြု၍နေလျက် ၇ ရက် စေ့သောအခါ ရဲရဲငြိသော သံကျပ်စင်ထက်သို့ မကြောက်မရွံ့ တက်လေရာ အလွန်အေးမြ မွှေးကြိုင်လှသော ဂေါသိတ စန္ဒကူးကို ထည့်ခတ်လိုက်သလို တစ်ခါတည်း မီးငြိမ်း၍ သွားလေသည်။

ဤနည်းအတိုင်း ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြုနေမှုကြောင့် သုံးကြိမ်တိုင်အောင် ထပ်ကာထပ်ကာ မီးငြိမ်းပြီးနောက် "ချမ်းသာခွင့် ရမည်မဟုတ်လျှင် တခဏချင်း လောင်ကျွမ်းစေတော့" ဟု စိတ်ကို လျှော့ချ အဓိဋ္ဌာန်သည့် အခါကျမှ တစ်ခဏချင်း ကွယ်ပျောက်ရရှာလေ၏။ မိဖုရားမရှိသည့်နောက် ဘုရင်လည်း စက်တော်ခေါ်ရာ၌ ကယောင်ကတမ်းဖြစ်ပြီးလျှင် မိဖုရားကိုတမ်းတ၍ နေရစ်ရှာလေသတည်း။ [ဤဝတ္ထုသြ ရာဇဝင်ဆရာတို့ယူပုံနှင့် အနည်းငယ်ကွဲလွဲ၏။ တွေ့ဖူးသောစာအတိုင်း ရေးသားလိုက်သည်။]

**အထူးသတိပေးချက်**။ ။ဤ ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုရားရှင်နှင့်စပ်၍ တတ်သိနားလည်ထိုက်သော အချက်များကို အထိုက်အလျောက် နားလည်လောက်ပေပြီ။ ဗုဒ္ဓဘာသာဝင်တို့သည်

http://www.dhammadownload.com



သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းလျက် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင် စသည်တို့ကို ပူဇော်လေ့ရှိကြ၏။ ထိုသို့ ပူဇော်ရာ၌ ဝတ်ကျေ တန်းကျေ အိမ်နီးချင်း ရှိသေရုံ သဘောမထားဘဲ ရုပ်ပုံတော်၊ စေတီတော်ကို ပူဇော်သောအခါ ဘုရားကျောင်းတော်ကို သွား၍ သက်တော်ထင်ရှား ရှင်တော်ဘုရားအား လှူဒါန်းပူဇော်ရသကဲ့သို့ စိတ်ထဲ၌ ထင်ယောင် မြင်ယောင် ဖြစ်လာအောင် ပူဇော်ရာ၏။ ထိုသို့ ပူဇော်ရာဝယ် ဆွမ်းကို နေလွဲသောအခါ ပူဇော်လျှင် အပြစ် တင်လေ့ ရှိသကဲ့သို့ ထို့အတူ မှောင်သောအခါ မှောင်သော နေရာ မဟုတ်ဘဲ "နေ့လယ်ကြောင်တောင်အခါ ဆီမီးပူဇော်မှုကို ပြုသင့်သည်" ဟု မထင်ပေ။

ထို့ပြင် ရုပ်ပွားတော်တည်ရာ ဂူလိုဏ်၊ အာရုံခံရာ တန်ဆောင်း၊ စေတီရင်ပြင်တော် စသည်၌ ဖယောင်းစက်တွေ ဗရပွေကျအောင် ပူဇော်မှု၊ ပန်းတွေကို ဖရိုဖရဲ ပစ်ထားခဲ့မှု၊ ရေများကို ပုပ်နံအောင် ရက်ရှည် လများ ထားမှုကို ယခုအခါ တန်ခိုးကြီးသော ဘုရားတိုင်းမှာ လိုပင် တွေ့မြင်ရ၏။ ထိုအမှုများကို မိမိတို့ အိမ်မှာပြုလျှင် ကျေနပ်နိုင် ကြမည် မဟုတ်ပါဘဲလျက် ဘယ်အတွက် ဘုရားရှင်နှင့် စပ်သော အဆောက်အအုံမှာ ပြုဝံ့ကြ၊ ပြုရက်ကြပါလိမ့်မည်နည်း။ ထို့ကြောင့် ပန်း, ဆီမီး စသည်ကို ပူဇော်ရာ၌ မိမိတို့၏ ပစ္စည်းဝတ္ထုအတွက် ဘုရားနှင့်စပ်သော အဆောက်အအုံ၌ မညစ်မပေစေဘဲ ဖူးမြင်သူ လူများကို သဒ္ဓါ တိုးပွားအောင် သားနားသပ်ရပ်စွာ ပူဇော်ကြမှသာ နောင်သံသရာ၌ အကျိုးပေး စင်ကြယ်နိုင်ပါသည်။

http://www.dhammadownload.com



ထို့ပြင် ဘုရားနှင့်စပ်သော အဆောက်အအုံများ၌လည်း ခမ်းနားသပ်ရပ်သော ဝတ္ထုမှုတစ်ပါး တိုလီမိုက်စ မလုပသော ပစ္စည်း ဝတ္ထုမင်္ဂလာ ပို၍ ကျက်သရေရှိရာသောကြောင့် တစ်ယောက်တည်းမတတ်နိုင်လျှင် လူအများ စုပေါင်း၍ ကြီးကျယ်ခမ်းနားသော ဘုရား၊ ကျောင်း၊ စေတီတော် စသည်များကိုသာ တည်ထားကိုးကွယ်ခြင်း၊ ကြည်ညိုဖွယ် မဖြစ်လောက်အောင် ပျက်စီးယိုယွင်းနေသော ဘုရားကျောင်း စသည်များကို စုပေါင်းပြုပြင်ခြင်း၊ ရှိပြီးနေရာများ၌ နောက်ထပ်တည်ထားမည့်အစား မရှိသေးသော နေရာဝယ် တည်ထားကိုးကွယ်ခြင်း စသည်တို့ဖြင့် အရှည်ကို မြင်မြော်၍ ပူဇော်ကိုးကွယ် သင့်ကြသည်။

**အမှာ။** ။ယခုအခါ တချို့ ကိုးကွယ်ပုံမှာ မိမိအတွက်ကုသိုလ်ရမှု တစ်ခုကိုသာ ရည်ရွယ်ဟန်တူ၏။ ဘာသာ, သာသနာအသရေရှိမှုကို ရည်ရွယ်ဟန်မတူ။ ထို့ကြောင့် ထိုသူ၏ အလှူဝတ္ထုပူဇော်ကိုးကွယ်မှုအတွက် အမျိုး, ဘာသာ, သာသနာမှာ ဂုဏ်မတက်ဘဲဂုဏ်ပျက်ရလေသည်။ ယခုခေတ်သည် သူတစ်ပါးအလုပ်ကို ဝေဖန်ကြသော ခေတ်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ရှင်ပြု ရဟန်းခံ ဘုန်းကြီးပျံ စသော အလုပ်တို့၌ သူတစ်ပါး၏ဝေဖန်ခံနိုင်အောင် ပြုပြင်ကြဖို့ရန် ဟိုက်တွန်းပါသည်။

---

http://www.dhammadownload.com



# တရားဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန် ပါဠိတော်)

သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဘဂဝတာ ဓမ္မော– ကား ဂုဏ်တော်ကို ပြသော ပါဠိမဟုတ်၊ "ဘုရားဟောအပ်သော တရား"ဟု တရားနာမည်တော်ကို ပြသော စကားတည်း။ ထို့ပြင် "တရား"ဟူသော အသုံးအနှုန်းလည်း ပို့ဆောင်ခြင်း အနက်ကို ဟောသော "ဓရ"ဟူသော ပါဠိမှ ကူးပြောင်းခဲ့ဟန် တူသောကြောင့် "တရား"ဟု မရေးဘဲ "ဓရား"ဟု ရေးလျှင် သာ၍ ကောင်းမြတ်ဖွယ်ရှိ၏ဟု ယူဆကြသည်။

### တရားဂုဏ်တော် ၆ ပါး

| | |
|---|---|
| ၁။ သွာက္ခာတ | ဂုဏ်တော် |
| ၂။ သန္ဒိဋ္ဌိက | ॥ |
| ၃။ အကာလိက | ॥ |
| ၄။ ဧဟိပဿိက | ॥ |
| ၅။ ဩပနေယျိက | ॥ |
| ၆။ ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိ | ॥ |

http://www.dhammadownload.com



## သွာက္ခာတ ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

ဘဂဝတော– ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော– မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ သွာက္ခာတော–ကြားနာရုံပင်, အပူစင်၍, ကျင့်လျှင် ချမ်းသာ, ကျင့်ပြီး ခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင်, မှန်းလင့် ရည်ရော်, ကောင်းစွာဟောတော်မူအပ်ပါပေ၏။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

သွာက္ခာတ ဂုဏ်တော်သည် "ကောင်းမွန်စွာ ဟောတော်မူအပ်" ဟူသော အနက်ကို ပြ၏။ [သု+အက္ခာတ၊ သု=ကောင်းစွာ+ အက္ခာတ= ဟောအပ်၏။]

**မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်။** ။မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန် ၁၊ ဓမ္မက္ခန္ဓာဟု ခေါ်သော ပိဋကတော် ၁၊ ပေါင်း ၁၀ ပါးတည်း။

| မဂ် ၄ ပါး | ဖိုလ် ၄ ပါး |
|---|---|
| (၁) သောတာပတ္တိမဂ် | (၁) သောတာပတ္တိဖိုလ် |
| (၂) သကဒါဂါမိမဂ် | (၂) သကဒါဂါမိဖိုလ် |
| (၃) အနာဂါမိမဂ် | (၃) အနာဂါမိဖိုလ် |
| (၄) အရဟတ္တမဂ် | (၄) အရဟတ္တဖိုလ် |

ဤစကားအရ ယခုပြအပ်လတ္တံ့သော ဂုဏ်များနှင့် ပြည့်စုံသော တရားဟူသည် ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်ပါဠိတော်, အဋ္ဌကထာ အစဉ်နှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားများသာ

http://www.dhammadownload.com



ဖြစ်သည်ဟု မှတ်ပါ။ စာအုပ်ပေစာတို့သည် ထိုတရားတော်များကို မှတ်သားထားရာ"တရားဘဏ္ဍာတိုက်"များသာတည်း။ "ဓမ္မစေတီတော်" ဟုလည်း ခေါ်၏။ ထိုတရားတော်များကို ပို့ချသော ပုဂ္ဂိုလ်များကား တရားဘဏ္ဍာတိုက်ကို စောင့်သော ဘဏ္ဍာစိုးများ ဖြစ်၏။

**ကြားနာရုံပင်, အပူစင်၍။** ။ရှင်တော်ဘုရား၏ တရားတော်များသည် ၁– ကြားနာရခြင်း တည်းဟူသော အစ၏ ကောင်းခြင်း၊ ၂– ကျင့်ကြံ အားထုတ်ခြင်း တည်းဟူသော အလယ်၏ကောင်းခြင်း၊ ၃– ကျင့်ပြီးသောအခါ တရားထူးကိုရ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို မြင်ရခြင်းတည်းဟူသော အဆုံး၏ ကောင်းခြင်းများနှင့် ပြည့်စုံရကား မကျင့်နိုင်သေးစေကာမူ ကြားနာရုံမျှဖြင့် ဟုန်းကနဲ ထနေသော ကိလေသာ မီးပူကြီးများကို ငြိမ်းစေနိုင်ပါသည်။

## ကိလေသာမီး ၁၀ ပါး

၁။ လောဘ = လိုချင်မှုမီး။
၂။ ဒေါသ = စိတ်ဆိုးမှုမီး။
၃။ မောဟ = မသိ မလိမ္မာမှုမီး။
၄။ မာန = မာနကြီးမှုမီး။
၅။ ဒိဋ္ဌိ = အယူမှားမှုမီး။
၆။ ဝိစိကိစ္ဆာ = ဘုရား တရား သံဃာ ကံ– ကံ၏ အကျိုးများ၌ ယုံမှားမှုမီး။
၇။ ထိန = အိပ်ချင်အားကြီး ထိုင်းမှိုင်းမှုမီး။

http://www.dhammadownload.com



၈။ ဥဒ္ဒစ္စ = ပျံ့လွင့်မှု မတည်ကြည်မှုမီး။
၉။ အဟိရိက = အကုသိုလ် ဒုစရိုက်မှ မရှက်မှုမီး။
၁၀။ အနောတ္တပ္ပ = ဒုစရိုက်မှ မကြောက်မှုမီး။

ဤကိလေသာဆယ်ပါး မီးပူကြီးများသည် ငါတို့ ပုထုဇဉ်များ၏ သန္တာန်၌ လောင်မှန်းမသိ လောင်ကျွမ်းလျက်ရှိရာ တစ်ခါ တစ်ခါ သိသိသာသာ အပြင်းအထန် လောင်ကျွမ်းကာမှ "ဩော် တယ်ပူတဲ့ မီးပါတကား"ဟု အထင်အရှား သိကြရလေသည်။

**လောဘမီး လောင်ပုံ။** ။ဘိက္ခုနီမ တစ်စု သိမ်တွင်းသို့ ဥပုသ်ပြုသွားကြရာ ဘိက္ခုနီမ တစ်ယောက်သည် သိမ်အပေါက်၌ ထားသော လုလင့်ပျို၏ ရုပ်တုကို မြင်၍ စွဲလမ်းခင်မင် လောဘမီး ဝင်လာသောကြောင့် အများပြန်သော်လည်း မပြန်နိုင်သေးဘဲ ကြည့်ရှုမြဲ ရှုနေလေသော် အဖော်တစ်ယောက်က လာရောက်ခေါ်ငင်သောအခါ မတ်တတ်ရပ်လျက် အသက်မရှိတော့ဘဲ လက်ဆွဲ၍အခေါ်တွင် ဝုန်းခနဲ လဲကျသွားလေသည်။

**ဒေါသမီးလောင်ပုံ။** ။နတ်ပြည်၌ နတ်တို့သည် မိမိတို့၏ အခြွေအရံများနှင့် ဉယျာဉ်သို့ တပျော်တပါး သွားတတ်ကြလေရာ အခါတစ်ပါး၌ နတ်သားတစ်ယောက်သည် အခြွေအရံများနှင့် ရံထားစီး၍ ဉယျာဉ်သို့ သွားနေစဉ် နောက် မလှမ်းမကမ်းမှ လိုက်လာသော နတ်သားမြင်၍ "ရှေ့ကသွားနေသောနတ်သားသည် မဖြစ်စလောက် သူ့စည်းစိမ်ကလေးကို ရောမ စည်းစိမ်ကြီးထင်ကာ လွန်စွာ ဟန်ကြီး လေသည်"ဟု ကဲ့ရဲ့သော အသံကို ရှေ့ကနတ်သား ကြား၍ တစ်ယောက် တစ်ခွန်း စကားများပြီးလျှင် နတ်သမီးတို့က တောင်းပန် တုန်းမှာပင်

http://www.dhammadownload.com



အလွန်နုနယ်သော နတ်၂ယောက်၏ ခန္ဓာကိုယ်သည် ဒေါသမီး အရှိန်ကြောင့် ဖိဝိန်ချုပ်ပျောက် ဆုံးခန်းရောက်ကြရ ရှာလေသည်။

**အမှာ။** ။ဝမ်းနည်းမှု = သောကမီး၊ ငိုကြွေးမှု = ပရိဒေဝမီး၊ ကိုယ်ဆင်းရဲမှု = ဒုက္ခမီး၊ စိတ်ဆင်းရဲမှု = ဒေါမနဿမီး၊ ရှိုက်ကာငင်ကာ ပြင်းစွာ ပူပန်ရမှု = ဥပါယာသမီးလည်း ဤဒေါသမီး၌ ပါဝင်လေပြီ။

**ယခု** – လူ့ပြည်၌လည်း တစ်စုံတစ်ခု ပျက်စီးခြင်းကြောင့် သောက၊ ပရိဒေဝ စသော ဒေါသမီးများ လောင်လျက် စိတ်ကတောက် ကတက် ဖြစ်ကာ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်နေပြီးလျှင် အစ ဆုံး၍ ဘဝတုံးသူတွေ အများပင် ရှိလေသည်။ ဤကိလေသာမီးပူကို တရားတော်က ကြားနာရုံမျှဖြင့် အေးငြိမ်းအောင် ငြိမ်းနိုင်ပါသည်။ ဤကား တရားတော်၏ "ကြားနာမှု" ဟူသော အစ၏ ကောင်းခြင်း တည်း။

**ကျင့်လျှင် ချမ်းသာ။** ။များစွာသော လူအပေါင်းက "ဘုရား၏ တရားတော် လာသည့်အတိုင်း စောင့်စည်း ကျင့်ကြံနေရလျှင် စိတ်ကျဉ်းကျပ်၍ ဆင်းရဲလိမ့်မည်၊ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်သော လောကီအာရုံများကို လိုက်စားနေရမှသာ ပျော်ရွှင်ဖွယ် ရှိသည်"ဟု ထင်မှားနေတတ်ကြသည်။ ဥပမာ–ညဥ့်အခါ မီးထွန်း ထားလျှင် မီးရောင်ကို ရွှေတောင်ထင်၍ ဝင်ရောက်တိုးဝှေ့သော ပိုးပရန်ကောင်များနှင့် တူလှချေ၏။

စင်စစ်မှာ ထို ထင်ကြသည့်အတိုင်းမဟုတ်၊ ဘုရားရှင် အလို တော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လောကီအာရုံကို လိုက်စားမှုကြောင့်

http://www.dhammadownload.com



ယခုဘ၀မှာပင် လူချင်းမတူ သူချင်းမမျှ နာလန်မထူနိုင်အောင် အောက်ကျသွားသူတွေကို မြင်ကြရလေပြီ။ ပါးနပ်လှ၍ ဤဘ၀၌ လူတွင်ကျယ် ဖြစ်နေစေကာမူ နောင်သံသရာ၀ယ် လူပါးလူလည်လုပ်၍ ရတော့မည်မဟုတ်၊ မုချ ဆိုး၀ါးသော ဒုက္ခကြီးနှင့် တွေ့ကြရတော့မည်။

ဘုရားရှင်၏ အလိုတော်ကျအောင် တရားကို လိုက်နာကျင့်ကြံ၍ နေထိုင်ပါမူ လွန်စွာ ချမ်းသာပေမည်။ သား သမီးနှင့်တကွ တစ်အိမ်သားလုံး သူတော်ကောင်းချည်းဖြစ်လျှင် မည်မျှ ချမ်းသာလိမ့်မည်၊ ထို့ထက် အလွန် စိတ်တူ သဘောတူ ပါရမီဖြည့်မှုကိုသာ လိုရင်းထားလျက် တရားဘက်လိုက်စား၍ အေးအေးဆေးဆေး နေနိုင်ကြပါလျှင် မည်မျှ ချမ်းသာလိမ့်မည်ကို ဆင်ခြင် တွေးဆ၍ ကြည့်ကြပါကုန်။

**ဥဒယဘဒ္ဒဇာတ်တော်။** ။ဘုရားရှင်နှင့် ယသော်ဓရာ လောင်းလျာနှစ်ပါးသည် ဥဒယဘဒ္ဒမင်းသား ဥဒယဘဒ္ဒမင်းသမီး ဟူသော အမည်ဖြင့် "သုရုန္ဓန" ပြည်ကြီးကို အုပ်ချုပ်လျက် မင်းမိဖုရား ပြုလုပ်ခဲ့ဖူးကြလေသည်။ ပါရမီဖြည့်ဘက်များ ဖြစ်ကြသည် အားလျော်စွာ မည်မျှ ကြင်နာကြမည်ကိုကား စာဖြင့်ရေးသား၍ပင် ကုန်ဖွယ်ရာမရှိ။ သို့သော် ဖတူ မိကွဲ မောင်နှစ်မလည်း ဖြစ်ကြ၊ အသိအလိမ္မာတွင် အထွတ်အထိပ်ရောက်သော ပါရမီရှင်လည်း ဖြစ်ကြသည့်အတိုင်း မင်းမိဖုရားအဖြစ်ဖြင့် နေကြသော်လည်း လောကီ လူ့ကိစ္စ လူ့အာရုံများ၌ စိတ်စက်မညွတ်ကြဘဲ နန်းဆောင်တစ်ခန်းတည်းမှာပင် ဖြူဖြူစင်စင် စံတော်မူကြသတဲ့။ ထို ကဲ့သို့ စံနေစဉ် နောင်ရေးနောင်တာကို တွေး၍ တစ်နေ့သ၌ "မင်း မိဖုရား နှစ်ပါးတွင် အလျင်နတ်ရွာစံသူက

http://www.dhammadownload.com



ရောက်ရာဘဝမှ လာ၍ ပြောကြစတမ်း”ဟု (အချင်းချင်း မခွဲလို သောကြောင့်) ကတိစကား သစ္စာထားကြသည်။ ထိုသို့ ကတိထား ပြီးနောက် ဘုရင်မင်းမြတ်က ရှေးဦးစွာ နတ်ရွာစံနှင့်၍ တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်း ဖြစ်လေသည်။

ထို့နောက် အတော်ကြာမှ သတိရသဖြင့် မိဖုရားအထံသို့ လာ၍ နတ်ပြည်၌ သိကြားမင်းဖြစ်ကြောင်း ကိုယ် နှုတ် စိတ်များကို စောင့်စည်း၍ စွန့်ကြဲလှူဒါန်းနေပါလျှင် အတူတကွ ဖြစ်ဖို့ရန် ရှိကြောင်းနှင့်တကွ သံဝေဂ တရားစကားများကို ပြောဆိုဆုံးမ၍ နတ်ပြည်သို့ ပြန်ကြွလေသော် မိဖုရားလည်း ဆုံးမသည့်အတိုင်း လိုက်နာ၍ ကံကုန်သည့်အခါ သိကြားမင်း၏ အထံတော်၌ မိဖုရားပင် ဖြစ်လေသည်။ ဤကား "ကျင့်ကြံမှု" ဟူသော အလယ်၏ ကောင်းခြင်းတည်း။

**ကျင့်ပြီးခါလည်း, စခန်းသင့်အောင်။** ။အစွမ်းကုန် ကျင့်ပြီး သည့်အခါလည်း ကိလေသာမီးများ တစ်ခါတည်း ချုပ်ငြိမ်းသဖြင့် ထီးနန်းစည်းစိမ်မက သာလွန် ငြိမ်းချမ်းသော နိဗ္ဗာန်နန်းနှင့် စခန်း သင့်အောင် ရှေ့ဉာဏ်တော်ဖြင့်ချိန်၍ ဟောတော်မူထားရကား ဟောတော် မူသည့်အတိုင်း ကျင့်လျှင် နိဗ္ဗာန်ကို ဧကန်ရနိုင်ပေသည်။ ဤကား "ကျင့်ပြီးခြင်း"ဟူသော အဆုံး၏ ကောင်းခြင်းတည်း။

**တိုက်တွန်းချက်။** ။ ယခုအခါ၌ အသိ အလိမ္မာ နောက်ကျ၍ ဥစ္စာစည်းစိမ် ဂုဏ်သိန် ပျက်စီးကာမှလည်းကောင်း၊ အကုသိုလ် ဒုစရိုက်တွေ တင်းကျပ်အောင် ပြည့်နေမှလည်းကောင်း နောင်တရ၍

http://www.dhammadownload.com



အထိုက်အလိုက် လိမ္မာသူတွေ ရှိကြပါပေ၏။ တကယ်တမ်း ဒုက္ခနှင့် တွေ့ကြုံရသောအခါ ဘယ်လို ဖြေဖျောက်ရမှန်း မသိကြ၍ ကြံမိကြံရာ စိတ်နောက်ကိုယ်ပါ ကြံလျက် အသက်ဆုံးအောင် စီမံရှာသူတွေကိုလည်း အများပင် ကြားဖူးလေပြီ။ ထိုသို့ အကြံဆိုးမျိုး ပေါ်လာလျှင် ဆရာကောင်းထံ ချဉ်းကပ်၍ တရားကို နာပါတော့လား၊ ဘုရားရှင်၏ တရားတော်သည်ကား သေချာစွာ သဘောကျလျှင် ယခုဘဝ တွေ့ကြုံကြရိုး ဒုက္ခမျိုးကိုလည်း ငြိမ်းစေနိုင်၊ သံသရာ၌ တွေ့ရမည့် ဒုက္ခမီးကိုလည်း မုချ ငြိမ်းစေနိုင်ပါသည်။

ထိုတရားတွေကို နားလည်ဖို့ရာလည်း ရဟန်းတော်များ စာသင်သလို ၁၀ နှစ်၊ အနှစ် ၂၀ မျှ လေ့လာနေကြရမည် မဟုတ်ပါ။ တရားလမ်းကြောင်း သက်သက်ကို ဟောပြောပြသော ပညာရှိ သူတော်ကောင်း၊ ယုံကြည် စိတ်ချရသော ဆရာသမား၊ ဘတ်သိနားလည်သော မိခင် ဖခင် အိမ့်ရှင် အိမ်သူ၏ စကားကို လိုက်နာမှု၊ တရားလမ်းမှန် ရေးထားသော ပညာရှိတို့၏ စကားများကို စိတ်ပါလက်ပါ ကြည့်ရှုမှုဖြင့် သူတော်ကောင်း ပညာရှိလေးများ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် "မိုးကုန်မှ ထွန်ချခြင်း၊ မျက်စိကန်းမှ ရက်ကန်းသင်ခြင်း၊ နေဝင်မှ စပါးလှန်းခြင်း၊ သူခိုးပြေးမှ ထိုးကွင်းထ၍၊ လူမိုက်နောက်မှ အကြံရခြင်းမျိုး" မဖြစ်စေဘဲ ဗုဒ္ဓဘာသာ တရား၌ သိကိုက်သော လိုရင်းအချက်များကို လက်မလွှန်ခင် စောစောက ကြိုတင်၍ သိရှိနားလည်အောင် ကြိုးစားကြဖို့ရန် အထူး တိုက်တွန်းပါသည်။

http://www.dhammadownload.com



# သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့်
## (ကျက်မှတ်ရန်)

ဓမ္မော–မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော– ဟောပြသလောက်, ကျင့်တိုင်းပေါက်၍, မဂ်ရောက် ဖိုလ်ထိ, ပညာရှိသည့်, များအရိယာ, သူတော်စွာတို့, သုတကာပြော, ယုံကြည်သောကြောင့်, သဘောချင်းထပ်, မဆည်းကပ်ဘဲ, တပ်အပ် ထင်ထင်, ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

သန္ဒိဋ္ဌိက ဂုဏ်တော်သည် "ကိုယ်တိုင် သိမြင်တော်မူထိုက်၏" ဟူသော အနက်ကို ပြ၏။ "သံ=ကိုယ်တိုင်+ဒိဋ္ဌ=သိမြင်ခြင်း+ဣက=ထိုက်သည်။]

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်သည် ဟောတော်မူထားသည့်အတိုင်းသာ ကျင့်ကြံအားထုတ်ကြလျှင် မဂ်ဖိုလ်အထိ ပေါက်ရောက်နိုင်ပေ၏။ မဂ်ဖိုလ်ရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင်သိနိုင်၏။ ထို့ကြောင့် များစွာသော အရိယာအပေါင်း သူတော်ကောင်းတို့သည် သုတကာ အပြောကောင်း၍ ယုံကြည် ကျေနပ် သဘောချင်း ထပ်မိ၍ ဆည်းကပ် ကျင့်ကြံရသည် မဟုတ်ဘဲ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို တပ်အပ်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်ကြပေသည်။

**အမှာ။** ။ဓမ္မက္ခန္ဓာတရားတော်များသည် ဘုရားရှင်၏ စကားတော် အစဉ်သာ ဖြစ်၍ ကိုယ်တိုင် သိရ, မြင်ရ, ကိုယ်သန္တာန်၌ ဖြစ်စေရမည့် တရား မဟုတ်သောကြောင့် ဤသန္ဒိဋ္ဌိက ဂုဏ်တော်၌ မပါဝင်ချေ။

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။ဤ ဗုဒ္ဓဘာသာ တရားတော်သည် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်လောက်အောင် ထင်ရှားသော ဂုဏ်တော်ရှိ၏။ အခြားတရားများတွင် ဟိန္ဒူတရား၌သာ လောကီဈာန် အဘိညာဉ် ရစေနိုင်သော အစီအစဉ်ရှိ၏။ လောကမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်တရား ဖိုလ်တရားတို့ကား မရှိချေ။ အခြားသော ဘာသာတို့၌ကား ဈာန် အဘိညာဉ်ကိုမျှ ရနိုင်သော အစီအစဉ်မရှိချေ။ သူတို့တရားတွေကို မည်မျှလောက် ကျင့်နေသော်လည်း ကိုယ်တိုင် ဒိဋ္ဌ သိမြင်ရမည် မဟုတ်ချေ။ တရားဟော ဆရာတို့၏ အဟောဖြင့်သာ ကျေနပ်နေကြပေသည်။

တရားတော်ကို ထားလိုက်ပါဦး၊ ထိုတရားကို ဟောပြ ပညတ်ခဲ့သော ဘုရားလုပ်သူကိုပင် အချို့ဘာသာတို့၌ အထင်အရှား ပြနိုင်သောအစွမ်း မရှိကြ။ ကောင်းကင်ဘုံမှာ နေသလိုလို၊ ဟိုမှာလိုလို၊ သည်မှာလိုလိုနှင့် ယီးတီးယားတားဖြင့်သာ ကျေနပ်ကြရသည်။ ထိုသူတို့ ဘုရား၌ "ဘုရားဖြစ်ဖို့ရာ မည်သည့် ကောင်းမှုပါရမီကို ဆည်းပူး ဖြည့်ကျင့်လျက် မည်သည့်အမျိုးမြတ်၊ အဆွေမြတ်တွင် ဖွားပြီးလျှင် မည်ကဲ့သို့ တရားအားထုတ်၍ မည်သည့်အရပ်၌ ဘုရားဖြစ်ပြီးနောက် မည်မျှလောက် ကြာအောင် တရားဟော၍ မည်မျှ သတ္တဝါတွေကို အကျွတ်တရား ရစေသည်"ဟု ကျကျနန ပြစရာ မရှိပါချေ။

ဗုဒ္ဓဘာသာဝင်တို့၏ ရှင်တော်မြတ်အတွက်ကား ထို အားလုံးကို စေ့စေ့ငငပြသနိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်လေးရာ ခုနစ်ဆယ်ကျော်လောက်က အိန္ဒိယပြည်ဝယ် ငါတို့၏ ဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ကြောင်းကို ဘုရားရှင်၏ သီတင်းသုံးတော်မူရာအရပ်

http://www.dhammadownload.com



နှင့် အဆောက်အအုံ အစအနများ ယခုတိုင် ထင်ရှား ရှိသေးသဖြင့် မည်သူမျှ ငြင်းဆန်ဖွယ် မရှိပြီ။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဘုရားသည် "လေဖမ်း ဒန်းစီး ကောင်းကင်မှာ တိုက်ကြီးတည်သလို" ယီးတီး ယားတား ဟိုလိုလို သည်လိုလိုနှင့် လုပ်ပတ်၍ ထားအပ်သော ကလီကမာဘုရား မဟုတ်ပါ။ တကယ်ပင် ထင်ရှားရှိခဲ့သော ဘုရား ဖြစ်ပါသည်။

ထိုဘုရားရှင်၏ တရားတော်များလည်း ယခုတိုင် ထင်ရှားရှိကြသေး၏။ ထိုတရားတော်လာသည့်အတိုင်း ကျင့်ပါလျှင် ကိုယ်တိုင် ဒိဋ္ဌ သိမြင်နိုင်၏။ ကိုယ့်သန္တာန်မှာ မဂ်တရား ဖိုလ်တရား ဖြစ်ပေါ်နေသည်ကို၊ ကိုယ်တိုင်သိနိုင်၏။ ထိုမဂ်ဖိုလ်ကို ရသောအခါ နိဗ္ဗာန်ကို ကိုယ်တိုင် မြင်နိုင်၏။ ဤသို့ ကိုယ်တိုင် မြင်ရသောတရား ဖြစ်ရကား အခြားဘာသာတို့က လောကီဂုဏ်ကိုပြ၍ မည်မျှပင် သွေးဆောင်ကြသော်လည်း ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍လည်းကောင်း၊ အခြားပညာရှင်များနှင့် ဆွေးနွေးသောအားဖြင့် လည်းကောင်း ယုံကြည်မှု သဒ္ဓါအစစ် ဖြစ်ကြပါစေ။

**ဆက်ပါဦးမည်။** ။ဗုဒ္ဓဘာသာ၌ ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုး ဆက်စပ်) တရားတော်မြတ်သည် သတ္တဝါတိုင်း၏ ဖြစ်ပျက်ပုံကို စုံစုံလင်လင် ပြတော်မူ၏။ ထိုတရားတော်ကိုလည်း အဘိဓမ္မာ အခြေခံ မရှိသူသည် ပိုင်ပိုင်နိုင်နိုင် နားမလည်ပါ။ ထိုတရားတော်ကို နားမလည်သမျှ ဤဘဝ နောက်ဘဝ အရေးကို အမှန်ကျအောင် မတွေး

http://www.dhammadownload.com



နိုင်ပါ။ ထို့ကြောင့် အဘိဓမ္မာကို အခြေရအောင် သင်ပြီးမှ ပညာရှိများနှင့် ဆွေးနွေးကြလျှင် သာ၍ သဘောကျပါလိမ့်မည်။

---

# အကာလိက ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

ဓမ္မော– သောတာပတ္တိ, စသည် ဆင့်တက်, လေးချက် အပြား, မဂ်တရားသည်၊ အကာလိကော–ငါးရက် ခုနစ်ရက်, စသည်တက်၍, ငံ့လျက် ရှည်ဝေး, အကျိုးပေးရာ, အခါမငံ့, အခြားမဲ့ဖိုလ်, အကျိုးကိုလည်း ပေးတော်မူတတ်ပါပေ၏။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

အကာလိက ဂုဏ်တော်သည် "အကျိုးပေးဖို့ အချိန်ဆွဲ၍ ဖင့်နွဲခြင်း မရှိ" ဟူသော အနက်ကို ပြ၏။ [ အ+ ကာလ+ ဣက၊ အ=မ+ကာလ= အချိန်+ဣက=ရှိ]

ဤ "အကာလိက" ဂုဏ်တော်ကား မဂ် ၄ ပါးနှင့်သာ ဆိုင်၏။ မဂ်တရားဟူသည် ကုသိုလ်ကံတရားတည်း။ ပုဂ္ဂိုလ်တစ်ဦး သန္တာန်၌ မဂ်ရအောင် ကမ္မဋ္ဌာန်းအားထုတ်၍ မဂ်ကုသိုလ်စိတ်ဖြစ်လျှင် ချက်ချင်း ဖိုလ်စိတ်တည်းဟူသော အကျိုးလည်း တစ်ဆက်တည်း ပေါ်လာ၏။ "လောကီ ကုသိုလ်ကံများကဲ့သို့ ၅ ရက် ၇ ရက် ၁ ဘဝ ၂ ဘဝ စသည်ဖြင့် အချိန်ဆွဲ၍ ဖင့်နွဲခြင်းမရှိ၊ ချက်ချင်း အကျိုးပေးနိုင်သော

http://www.dhammadownload.com



ဂုဏ်ထူးရှိသည်”ဟူလို။ ဤ “အကာလိက”ဂုဏ်တော်ကား အဘိဓမ္မာ သဘောတရားကို လေ့လာဖူးသူတို့သာ ကျကျနန သဘောကျနိုင်စရာ ရှိပါသည်။

---

## ဟေဝိပဿိက ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

ငမ္မော– မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဟေဝိပဿိကော– ဝေဟာတက်ထွန်း, ယုဂန်စွန်း၌, လဝန်းအလား, ပတ္တမြားသဖွယ်, စင်ကြယ်ထင်ရှား, ရှိသည်များကြောင့်, အားရရွှင်လန်း, လိုက်ခဲ့စမ်းပါ, ရှုစမ်းပါဟု, သံသာချိုမြ, ဖိတ်ခေါ်ပြဖို့, မုချကေန်, အမှန် သင့်လျော်, ထိုက်တော်မူပါပေ၏။

* * * * *

### ကြည့်ရှုရန် အစီပွာယ်

ဟေဝိပဿိက ဂုဏ်တော်သည် “လိုက်ခဲ့စမ်းပါ၊ ကြည့်ရှုလှည့်စမ်းပါ” ဟု ဖိတ်ခေါ်ထိုက်၏ ဟူသော အနက်ကို ပြသည်။ [ဟေဝိ+ပဿ+ဣက၊ ဟေဝိ=လိုက်ခဲ့ပါ+ ပဿ=ရှုလှည့်စမ်းပါ+ဣက=ဤသို့ ဖိတ်ခေါ်ထိုက်။]

လောက၌ သေတ္တာ စသည်တို့၏ အတွင်းဝယ် ဘာမျှမရှိလျှင် “လာစမ်းပါ၊ ကြည့်စမ်းပါ”ဟု ခေါ်ယူ ပြသခြင်းငှာ မထိုက်။ ရှိပင် ရှိသော်လည်း ထိုဝတ္ထုက ကြည့်ရှုဖွယ် ကောင်းလောက်အောင် အဖိုးထိုက် အဖိုးတန် လှပသော အရာဝတ္ထုမျိုး မဟုတ်ဘဲ သာမန်ဝတ္ထုမျိုး

http://www.dhammadownload.com



ဖြစ်နေပြန်လျှင်လည်း အရေးတကြီး ခေါ်ငင် ပြသခြင်းငှာ မထိုက်။ ဘုရားရှင်၏ တရားတော်ကား ဝေဟာသ (ကောင်းကင်) ဗဟိုဝယ် ယုဂန္ဓိုရ်တောင်စွန်းမှ တက်ထွန်းလာသော လပြည့်ဝန်းကြီးအလား ပတ္တမြားရတနာသဖွယ် အလွန် စင်ကြယ် သန့်ရှင်း၍ အပြစ်ကင်းသည့် အပြင် အမှန်ပင် ထင်ရှားရှိသောကြောင့် "လိုက်ခဲ့စမ်းပါ၊ မည်မျှ အဖိုးတန်၍ အကျိုးများတဲ့ တရားဟု ကိုယ်တိုင် သိရအောင် ကျင့်ကြည့် စမ်းပါ"ဟု ခေါ်ငင် ပြသ တိုက်တွန်းခြင်းငှာ ထိုက်တန်သော ဂုဏ်တော် ရှိပါပေသည်။

**တိုက်တွန်းချက်။** ။ဤဂုဏ်တော်၌ လောကုတ္တရာတရား ကိုးပါးသာ ကျမ်းဂန်တို့၌လာ၏။ သို့သော် ဤဂုဏ်တော်ကို အတုလိုက်၍ စာပေပရိယတ် တရားတော်မြတ်ကိုလည်းကောင်း၊ ကောင်းမွန်စွာ ကျင့်ကြံနေသော သံဃာတော်များကိုလည်းကောင်း "လိုက်ခဲ့စမ်းပါ၊ နာကြည့်စမ်းပါ၊ ဖူးမြော်လှည့်စမ်းပါ" ဟု မိတ်ကောင်း ဆွေကောင်းများကို တိုက်တွန်းသင့်ပေသည်။

## အလောင်းတော် ဇောတိပါလနှင့် ဃဋိကာရ

"သိဒ္ဓတ်မင်းသား ဘုရားအလောင်း တောထွက်တော်မူလာသော အခါ ဃဋိကာရ ဗြဟ္မာကြီးက သင်္ကန်း ကပ်လှူလာသည်" ဟု ပြောစမှတ် ပြုကြသော ဃဋိကာရဗြဟ္မာ အလောင်းသည် ကဿပဘုရား လက်ထက်တော်တုန်းက မျက်မမြင် မိဘတို့ကို ပြုစုနေသော ဃဋိကာရ အိုးထိန်းသည် ဖြစ်၏။ ဘုရားရှင်ကို အလွန်ကြည်ညိုသော သတင်းသည် သူတော်ကောင်းကြီးပေတည်း။

http://www.dhammadownload.com



ငါတို့ ဘုရားအလောင်းကား အမျိုးအားဖြင့် အထက်တန်းကျ၍ အလွန်မာနကြီးသော ဇောတိပါလ လုလင် ဖြစ်လျက် ထိုစဉ်က ဗုဒ္ဓဘာသာ "ဟုတ်သေးဘဲ ဃဋိကာရ၏ အသည်းစွဲ မိတ်ဆွေ တစ်ယောက်တည်း။ ဃဋိကာရသည် ဘုရားရှင်ကို ဖူးမြော်ဖို့ရန် ဇောတိပါလကို အတန်တန် တိုက်တွန်း၏။ သို့သော် အမျိုးဂုဏ် မာန်တက်၍ ဘုရားကိုပင် အဖက်မထင်သေးချေ။

ဃဋိကာရကလည်း "ဘုရားအထံ မရောက်လျှင် မနေ" ဟု အမြဲကြံစည်ကာ မြစ်ဆိပ်သို့ ရေချိုးဖို့ရန် ခေါ်သွားပြီးလျှင် "မိတ်ဆွေ၊ ကဿပ ဘုရားရှင်သည် အနီးမှာပင် သီတင်းသုံးတော်မူနေ၏၊ ထိုဘုရားရှင်ကို ဖူးမြင်ရခြင်းသည် ကျွန်ုပ်စိတ်၌ အမြတ်ဆုံးဟု ထင်၏၊ လိုက်ခဲ့ပါ၊ ဖူးချေကြစို့"ဟု သုံးကြိမ်တိုင်အောင် ခေါ်သော်လည်း ရှေးနည်းအတူ ပယ်ရှား၍နေသဖြင့် နောက်ဆုံး၌ "မလိုက်လျှင် မနေရ"ဟု ဆံပင်ကို အတင်းဆွဲ၍ ခေါ်လေသော်.........

"ဩော်–ဃဋိကာရသည် အမျိုးအားဖြင့် ငါ၏အောက် ကျသူဖြစ်ပါလျက် ဆံပင်ကို ဆွဲနိုင်သည်မှာ အံ့ဩစရာကြီး ဖြစ်ပေသည်၊ ကေန် အကျိုးရှိ၍သာ မရမက ခေါ်ရှာပေသည်"ဟု သဘောကျ၍ ဘုရားအထံတော်သို့ လိုက်သွားပြီးလျှင် တရားတော်ကို နာရသောအခါ လွန်စွာ အားရ နှစ်သက်လှသဖြင့် သာသနာ့ဘောင်သို့ ဝင်လေသည်။ ဤသို့ ဝမ်းမြောက်လောက်အောင် "ဃဋိကာရ" ဂုဏ်တော်နှင့် အထိုက်အလိုက် ပြည့်စုံပါလျှင် ယခုကာလ တရားဟောရာ အရပ်နှင့် သံဃာတော်များ အထံသို့လည်း ခေါ်ငင် ပြသထိုက်ပေသည်။ [မဇ္ဈိမပဏ္ဏာသ, ရာဇဝဂ်, ဃဋိကာရသုတ်။]

http://www.dhammadownload.com



သို့သော် စဉ်းစားရန် တစ်ချက်မှာ– ယခုကာလ၌ ဘာသာ အမျိုးမျိုးက မိမိတို့ ဘာသာကိုသာ မှန်ကန်ကြောင်း၊ အခြား ဘာသာ များယွင်းကြောင်းကို ဟောပြောကြ၏။ ဗုဒ္ဓဘာသာတရားတွင်လည်း "သူတို့ဂိုဏ်းက ကောင်းသည်၊ ငါတို့ဂိုဏ်းက ကောင်းသည်၊ သူ့ကိုယ်တော်က ကြည်ညိုဖွယ်ကောင်း၏၊ ငါ့ကိုယ်တော်က ကြည်ညို ဖွယ်ကောင်း၏၊ ငါ့ကိုယ်တော်က စာတတ်၏၊ တရားဟော ကောင်း၏၊ ကမ္မဋ္ဌာန်းပေးကောင်း၏၊ ဓာတ်ရိုက်ယတြာဆင်ကောင်း၏" စသည်ဖြင့် "(ဟေ) လိုက်ခဲ့စမ်းပါ၊ (ပဿ) ဖူးမြော်လှည့်စမ်းပါ" ဟု သွေးဆောင် ခေါ်ငင်ကာ ကိုယ့်ငါးချဉ်ကိုသာ ကိုယ်ချဉ်လျက် ရှိကြလေသည်။

ဤမျှလောက် ရှုပ်ထွေးသော လောကကြီးဝယ် ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုနိုင်သူကလည်း နည်းပါးလှ၏။ သာသနာတော်ဆိုင်ရာဝယ် များစွာသော ကိစ္စတို့၌ မာတုဂါမတွေသာ ခေါင်းဆောင်ဖြစ်နေကြ၏။ မာတုဂါမဟူသည် မိမိက သူတစ်ပါးတို့ကို လှည့်ပတ်ရမည့် အရာ၌ လွန်စွာ ဉာဏ်များသလောက်၊ သူတစ်ပါးက မိမိကို ဖြားယောင်းသည် ကိုလည်း ယုံကြည်လွယ်ရုံမက၊ မပြောပလောက်သော ဂုဏ်ကလေးကိုပင် တကယ့်ဂုဏ်ကြီးဟု ထင်တတ်ကြလေသည်။

ထို့ကြောင့် မာတုဂါမတွေ ခေါင်းဆောင်၍နေသော သာသနာ့ကိစ္စ အဝဝတို့၌ မကျန မသန့်ရှင်းဘဲ ချွတ်ယွင်းသော အချက်တွေ အလွန် များနေတော့၏။ အမှန်ကို ဟောပြလိုသူတို့မှာလည်း မိုးခါးရေသောက် ကာလကြီးမို့ မတတ်နိုင်ဘဲ လက်မှိုင်ချရလေပြီ။ သို့ဖြစ်၍ ယုံကြည် စိတ်ချရသော ပုဂ္ဂိုလ်များကို ဆည်းကပ်မိဖို့ရန်မှာ ရှေးကံ ကောင်းလှမှ ဖြစ်ရတော့မလောက် ရှိတော့သည်။

http://www.dhammadownload.com



အချုပ်မှ သတိပေးရလျှင် ပုဂ္ဂိုလ် တစ်ပါးပါးကို ကိုးကွယ်မိက အသိ အလိမ္မာ ဉာဏ်ပညာနှင့် သူတော်ကောင်းစိတ်များ တိုးပွား မတိုးပွား စဉ်းစားကြပါလေ။ တိုးပွားလျှင် ကိုးကွယ်သူမှာ အမြတ်ရ၏။ ကုသိုလ် မတိုးပွားဘဲ မိမိတို့နှင့် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များကို ပြိုင်ရ ဆိုင်ရ တိုက်ခိုက်ရသဖြင့် မတရားမှု ဒုစရိုက်တွေသာ တိုးပွား၍ အကုသိုလ်များနေလျှင် အရင်းပင် ဆုံးရှုံးသေး၏။ တချို့ကား ပြိုင်ရင်း ဆိုင်ရင်း ရန်ခိုက်ဒေါသ ဖြစ်ကြရ၍ ရုံးသို့ ရောက်ရသောကြောင့် ငွေကုန် လူပန်း စိတ်မချမ်းသာစရာတွေလည်း ဖြစ်ကြရရှာသေး၏။ ထို့ကြောင့် "ကိုးကွယ်ရာမှ ဘေးမဖြစ်အောင်" ကြိုးစား၍ သတိ ဆောင်ပါလေ။

**ဘုရားချင်းပေါက်။** ။အဝမြို့၌ ရှေးအခါက ရဟန်းတော်နှစ်ပါး ဒက္ခိဏသာခါ ရုပ်တုတော်ကို ကိုးကွယ်ကြပြီးလျှင် ရုပ်တုတော်ချင်း အသပ္ပာယ်ပြိုင်စဉ် မခံချင်သဖြင့် "သတ္တိရှိလျှင် ဘုရားချင်းပေါက်ကြစို့" ဟု ပြောဆိုကာ ရုပ်တုတော်ချင်း တစ်ယောက် တစ်လှည့် ပေါက်ကြဖူး သတဲ့။ ယခုကာလလည်း ဒကာကို ဆရာက မြှောက်၊ ဆရာကို ဒကာက မြှောက်၍ ဒကာချင်းပေါက်၊ ဆရာချင်းပေါက်လျက် ကမောက်ကမ ဖြစ်နေကြသည်မှာ ဘာသာခြားတွေကို ရှက်ဖွယ် ကောင်းလှပေသည်။

ထို့ကြောင့် မိမိတို့ ရပ်ရွာ မြို့နယ်၌ သံဃာချင်း၊ ရပ်ရွာသားချင်း ဆန့်ကျင်ဘက် မဖြစ်ရအောင် စောင့်ရှောက်နိုင်လျှင် အကောင်းဆုံးဖြစ်၏။ မိမိမှာ ထိုကဲ့သို့ စောင့်ရှောက်နိုင်လောက်အောင် သြဇာမရှိလျှင်

http://www.dhammadownload.com



မည်သည့်ဘက်ကိုမျှ အရေးတကြီး အားမပေးဘဲ "ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်သွားရမည်" ကို နှလုံးသွင်းကာ အေးအေးနေနိုင်ခြင်းသာ အပြစ်ကင်းပေမည်။မနေသာ၍ ပါဝင်ရလျှင်လည်း အကောင်းဆုံးစိတ်ထားနိုင်အောင် သတိပြုပါလေ။

---

# ဥပေက္ခာ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

ဓမ္မော– မင်္ဂ ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဥပနေယျိကော–မိမိစိတ်တွင်, တစ်ကြိမ်ထင်က, လေးခွင်အပါယ်, ဝဋ်မီးကွယ်သဖြင့်, ကိုယ်ဝယ်ဝတ်နှောင်, ဆံဥဿျောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, တရားမျက်ရှင်, စိတ်စွဲထင်အောင်, ကျင့်ဆောင်ခြင်းငှာ ထိုက်တော်မူပါပေ၏။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဥပနေယျိက ဂုဏ်တော်သည် "မိမိစိတ်သို့ ကပ်၍ ဆောင်ယူထိုက်၏" ဟူသော အနက်ကို ပြသည်။ [ဥပ+နေယျ+ဣက၊ ဥပ= မိမိစိတ်သို့ ကပ်၍+ နေယျ= ဆောင်ခြင်း+ ဣက= ထိုက်သည်။]

မင်္ဂ ဖိုလ် နိဗ္ဗာန် တရားတော်များသည် ပုထုဇဉ်တို့ သန္တာန်၌ တစ်ရံ တစ်ခါမျှ မဖြစ်ဖူးပေ။ မိမိစိတ်တွင် တစ်ကြိမ် တစ်ခါမျှ အထင်အရှား ပေါ်လာလျှင် ["သောတာပန် ဖြစ်လျှင်" ဟု ဆိုလိုသည်။]

http://www.dhammadownload.com



အပါယ် ၄ ပါး၌ ခံစားရမည့် ဝဋ်ဒုက္ခ အပူမီးတို့ကို တစ်ခါတည်းဖြင့် ငြိမ်းစေနိုင်သော သတ္တိ (မည်သည့်အခါမျှ အပါယ်သို့ မကျအောင် စောင့်ရှောက်နိုင်သော သတ္တိ) ရှိသောကြောင့် မဂ်ဖိုလ်ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်နေတုန်းဝယ် ကိုယ်၌ ဝတ်ဆင်ထားသော အဝတ်ကို၊ သို့မဟုတ် ဥဿျောင် (ဆံထုံး) ကို မီးလောင်စေကာမူ ထိုမီးကို မငြိမ်းအားဘဲ ကမ္မဋ္ဌာန်းကိုသာ အတွင် ကြိုးစား၍ ပတ္တမြားမျက်ရှင်နှင့် အလားတူသော ထို မဂ်ဖိုလ် တရားတော်များ စိတ်ထဲ၌ စွဲလာအောင်၊ ထင်မြင်လာအောင် (မဂ်ဖိုလ်ရအောင်) အားထုတ်ထိုက်ပါသည်။ အပြင်မီးက မငြိမ်းနိုင်သော်လည်း တစ်ခါသာ လောင်နိုင်မည်၊ အတွင်းကိလေသာ မီးတွေကား မဂ်ဖိုလ် မရသေးလျှင် ဘဝများစွာ လောင်နေကြမည်ဟူလို။

## တိဿမထေရ်ဝတ္ထု

သာဝတ္ထိပြည်၌ "တိဿ မည်သော သူကြွယ်တစ်ယောက်သည်" ရဟန်းဘောင်သို့ ဝင်ပြီးလျှင် တောကျောင်း၌ တရားအားထုတ်နေ၏။ ခယ်မဖြစ်သူ (ညီမယား)က ခဲအို ရဟန်းတော် လူထွက်လာလျှင် အမွေ ခွဲပေးရမည်စိုးသောကြောင့် လူဆိုးများကို လာဘ်ပေးလျက် ဖျောက်ဖျက်ခိုင်းလေသည်။ လူဆိုးများက သွား၍ သတ်မည့်အကြောင်းကို ပြောပြရာ "ဒီတစ်ညဉ့်မျှ ခွင့်ပေးကြပါ၊ အာမခံပေးပါမည်" ဟု ပြောလေသည်။ "ကိုယ်တော့်ကို အာမခံမည့်သူ အဘယ်မှာရနိုင်မှာလဲ" ဟု ပြောကြလေသော် ကျောက်ခဲကြီးယူကာ ခြေနှစ်ဖက်ကို ကိုယ်တိုင် ပေါက်ချိုး၍ ထွက်မပြေးနိုင်ကြောင်းကို အာမခံပေးလေသည်။ ထို့နောက်

http://www.dhammadownload.com



သေလုမျောပါး နာကျင်သောခြေကို ဂရုမစိုက်အားဘဲ တရားကို အားထုတ်လေရာ အရုဏ်တက်ချိန်မှာ ရဟန္တာဖြစ်ပါသည်။ [ဒီဃနိကာယ်, မဟာဝဂ္ဂ၊ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

**တိုက်တွန်းချက်။** ။ ဤဝတ္ထု၌ လာသည့်အတိုင်း အရေးကြီးသော အချက်ဝယ် အသက်ကိုပင် ပဓာနမထားဘဲ ကြိုးကြိုးစားစား အားထုတ် ထိုက်အောင် "တရားတော်မှာ ကောင်းသောဂုဏ်တော် ရှိပေသည်" ဟု တရားတော်၏ ဤ ညွှနပနေယျိက ဂုဏ်တော်ကို အာရုံပြုကြပြီးလျှင် မိမိသန္တာန်၌လည်း "ဤမဂ်ဖိုလ်တရားများကို တဖြည်းဖြည်း ဖြစ်ပေါ် လာအောင် အားထုတ်ထိုက်သည်၊ အားထုတ်မှသာ ချမ်းသာခွင့် ရတော့မည်"ဟု နှလုံးပြုကာ ရဟန်း သီလရှင် သူတော်စင်တို့ တရား အားထုတ်ဖြစ်အောင် ကြိုးစားသင့်ကြပါသည်။

လူဝတ်ကြောင်များလည်း တစ်သက်သာ တစ်ခဏမျှ အပျော် အပါးနှင့် မော်ကြွားသောက်စားဖို့အတွက် စက်ဆုပ်ဖွယ်ရာ မတရားသော နည်းတို့ဖြင့် ပစ္စည်းရှာဖွေမှုများကို အရေးတကြီး သတိထားလျက် ပယ်ရှား ရှောင်ကြဉ်၍ တရားတော်နည်းလမ်းအရ စည်းကမ်း ကျအောင် ရှာဖွေစုဆောင်းပြီးလျှင် ဆင်ခြင်တိုင်းထွာ၍ သုံးစွဲကာ မကြာမကြာ အိမ်မှ ထွက်၍ ဥပုသ်ရက်ရှည် စောင့်ရင်း တရားအားထုတ်သင့်ကြ ပါသည်။

ထို့ပြင် မိမိတို့ ယခုဘဝ၌ အစွမ်းကုန် ရှာဖွေရသော ဥစ္စာစကား ယခုဘဝ၌သာ အကျိုးပေး၏။ ပါရမီစီးပွားမှာ နောင်သံသရာ တစ် လျှောက်လုံး ကောင်းကျိုးပေးလိမ့်မည်။ ထို့ကြောင့် မိမိတို့မှာ ပင်ပန်း ကြီးစွာ အားထုတ်ကြရာ၌ ယခုဘဝအတွက် စီးပွားစုမှုက များသလား၊

http://www.dhammadownload.com



တစ်သံသရာလုံးအတွက် ပါရမီကုသိုလ် စီးပွားစုမှုက များသလား"ဟု ကြပ်ကြပ် စဉ်းစားပြီးလျှင် "ကမ္မဿကာ– ကံသာ ကိုယ်ပိုင်ဥစ္စာ"ဟု သဘောပေါက်၍ သံသရာစီးပွားက ယခုတစ်ဘဝ စီးပွားထက် များအောင် ကြိုးစား၍ ပါရမီ ဖြည့်သင့်ကြပါသည်။ [အဟံ–ငါသည်၊ ကမ္မဿကော– ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသည်၊ အမှိ–ဖြစ်ပါတကား။]

---

## ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်

### (ကျက်မှတ်ရန်)

မေ္ဘာ–မဂ် ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်ကို၊ ဝိညူပုဂ်– ပုထုဇန်နှင့်, မတန်သင့်စွာ, လေးသစ္စာကို, ကောင်းစွာ မြင်သိ, ပညာရှိအပေါင်း, အရိယာ သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော– ကိုယ်စီကိုယ်င, လိုတိုင်းရ၍, နိဗ္ဗာနဓာတ်, သမာပတ်ဖြင့်, မပြတ်သိပိုင်, ခံစားနိုင်ပါပေ၏။

* * * * *

### ကြည့်ရှုရန် အစီပွာယ်

ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်သည် "ကိုယ်စီကိုယ်င သိအပ် ခံစားအပ်၏" ဟူသော အနက်ကိုပြ၏။ [ပစ္စတ္တံ + ဝေဒိတဗ္ဗ၊ ပစ္စတ္တံ = ကိုယ်စီကိုယ်င+ ဝေဒိတဗ္ဗ = သိနိုင် ခံစားနိုင်သည်။]

ဤ မဂ် ဖိုလ် နိဗ္ဗာန် တရားတော်သည် ပုထုဇဉ် ပုဂ္ဂိုလ်များနှင့် မတန်မရာချေ။ သစ္စာလေးပါး သိမြင်၍ အရိယာအဖြစ်သို့ ရောက်ပြီး

http://www.dhammadownload.com



သော သူတော်ကောင်းကြီးတို့သာ ကိုယ်စိတ်ကိုယ်င အလိုရှိတိုင်း ရ၍ နိဗ္ဗာန်ကို အာရုံပြုကာ ဖလသမာပတ် ဝင်စားသောအားဖြင့် ခံစားကြရပေသည်။ [အခြားစိတ်တွေ မပါစေဘဲ ဖိုလ်စိတ်ချည်းသာ ဆက်ကာ ဆက်ကာ ဖြစ်စေမှုကို "ဖလသမာပတ် ဝင်စားသည်"ဟု ခေါ်၏။] အရိယာတို့သည် ဖလသမာပတ်ကို ဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုလေ့ရှိကြ၏။ ထိုအခါ ပုထုဇဉ်များ စည်းစိမ်ခံစားသလောက်မက လွန်စွာ ချမ်းသာတော်မူကြသည်။

---

## တရားရှိခိုး ဂါထာဖွင့်

### (ကျက်မှတ်ရန်)

ဣစ္စေဝံ ဆဟိ ဂုဏေဟိ, ပါကဋံ ဓိန ပူဇိတံ၊
သမ္ဗုဒ္ဓိဒါယကံ ဓမ္မံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဣစ္စေဝံ ဆဟိ ဂုဏေဟိ – ဤသွာက္ခာတတာ, အစလာသည့်, ခြောက်ဖြာသော ဂုဏ်တော်တို့ဖြင့်၊ ပါကဋံ – တတ္တိတို့ဘောင်, လွန်မြားမြောင်သည့်, ဟန်ဆောင်တရား, အစားစားထက်, မားမားစွင့်စွင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့်ထင်ရှားပေထသော၊ ဓိနပူဇိတံ– ကိုယ်တိုင်သိပြား, ကိုယ့်တရားလည်း, ငါးပါးမာရ်နှိမ်, မာရဓိန်ပင်, ကြိမ်ကြိမ်လေးမြတ်, မှီဝဲပူဇော်တော်မူအပ်ထသော၊ သမ္ဗုဒ္ဓိဒါယကံ– ကျင့်ကြံလိုက်နာ, ဝေနေယျာအား, လူ့ရွာနတ်ဌာန်, နိဗ္ဗာန်အထိ, သမ္ဗုဒ္ဓိကို, မိမိရရ, ပေးစွမ်းနိုင်ပေထသော၊ ဓမ္မံ–မဂ် ဖိုလ် နိဗ္ဗာန်,

http://www.dhammadownload.com



ဓမ္မကွန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ တီဟိ– လက်အုပ် အဉ္ဇလီ, နှုတ်သံချီ၍, ရှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ– လေးမြတ်ကြည်ညို, ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ– စိတ်ဖြင့် ဦးတန်း, ဂုဏ်တော်မှန်းလျက်, ချီးမွမ်းထောမနာ, ပဏာ ညွှတ်ကျိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

[ဂုဏ်တော် ၆ ပါးကို တရားဂုဏ်တော်ဖွင့် အစဉ်ပြခဲ့ပြီ။ ဗုဒ္ဓရှင်တော်မှာ ပုံသဏ္ဌာန် ထင်ရှားရှိသကဲ့သို့ တရားတော်မှာ ရုပ်ပုံသဏ္ဌာန် အထင်အရှား မရှိပါ။ ထို့ကြောင့် "ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက်"ဟု မဆိုဘဲ "စိတ်ဖြင့်ဦးတန်း, ဂုဏ်တော်မှန်းလျက်"ဟု ဆိုလိုက်ပါသည်။

* * * * *

## ကြည့်ရှုရန် အစီပွာယ်

**တိတ္ထိတို့ဘောင်, ဟန်ဆောင် တရား။** ။ဗုဒ္ဓ ဘာသာမှ တစ်ပါးသော အယူရှိသူကို "တိတ္ထိ" ဟု ဆိုလိုပါသည်။ ထိုတိတ္ထိတို့ သာသနာ့ဘောင်၌ အလွန်များသော ဟန်ဆောင်တရားတွေ ရှိ၏။ ပြောပုံ ဟောပုံကို ကြားရလျှင် များစွာ အားထား ကိုးကွယ် ယုံကြည် ဖွယ် ကောင်းလှ၏။ "ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို ဗြဟ္မာမင်းကြီးက ဖန်ဆင်းသည်၊ သုခ ဒုက္ခကိုလည်း ထိုဗြဟ္မာမင်း အလိုအတိုင်း ခံစားကြရသည်"ဟု ယူဆ၍ ထိုဗြဟ္မာမင်းကြီးကား ဘယ်တော့မှ မသေနိုင်ဘဲ ခိုင်မြဲသော "ထာဝရ"ဟု ယူဆကြသည်။ [သီလက္ခန်ပါဠိတော်, ဗြဟ္မဇာလသုတ်။] ဤတရားကို ကြားရသောအခါ ဗြဟ္မာမင်းကြီးကို "အလွန် တန်ခိုးကြီးသော ဗြဟ္မာမင်းကြီး ဖြစ်ပါ ပေသည်" ဟု ဘုရားကဲ့သို့ အားထားမိကြ၊ ကိုးကွယ်မိကြ ရှာပေလိမ့်မည်။

http://www.dhammadownload.com



ဤကမ္ဘာလောကကို မဖန်ဆင်းမီ ထို ထာဝရ ဗြဟ္မာမင်းသည် ဘယ်ဆီမှာ နေသနည်း။ "ကောင်းကင်ဘုံမှာ နေသည်" ဟု ဆိုလျှင် ထိုကောင်းကင်ကို ဘယ်သူဖန်ဆင်းသလဲ။ ဗြဟ္မာမင်း ဖန်ဆင်းလျှင် ကောင်းကင်ဘုံမရှိခင်က ဘယ်မှာ နေသလဲ၊ ဤကမ္ဘာလောကကြီးကို ဖန်ဆင်းသည်မှာ ဘယ်မျှ ကြာပြီနည်း။ အဘယ်ကြောင့် အို နာ သေရေး ကြီးလေးသော ဒုက္ခဘေးတွေကို ဖန်ဆင်းထားပါလိမ့်မည်နည်း။ မည်သူမျှ မလွတ်နိုင်ပါချေတကား။ ပထမ ကမ္ဘာစစ်ကြီး အတွင်းက သတ်ကြ ဖြတ်ကြသူတွေမှာ ထာဝရ ဗြဟ္မာမင်း၏ တပည့်တွေချည်းသာ များပါတကား။ ယခုအခါ၌ အလုပ်လက်မဲ့ဖြစ်၍ အနောက်နိုင်ငံ၌ ငတ်ပြတ်နေသူတွေကို တပည့်ရင်းများ ဖြစ်ပါလျက် ဘယ်အတွက် ကြည့်နေရက်ပါသနည်း။ အနန္တ တန်ခိုးတော်ကို ဘယ်လိုနေရာမှာ အသုံးချထားပါသနည်း။ မိမိကို ကိုးကွယ်သော တပည့်များကိုသာ သေသောအခါ ကယ်တင်၍ အခြားဘာသာဝင်ကိုကား မကယ်တင်နိုင်ဘူး၊ သို့မဟုတ် မကယ်တင်ချင်ဘူးဟု ဆိုပါလျှင် ထိုဗြဟ္မာမင်း၏ ကရုဏာ မေတ္တာသည် မျှမျှတတ လုံလုံလောက်လောက် မရှိပါတကား။

မိဘတို့ အစွမ်းကြောင့် အမိဝမ်း၌ အတော်ကြာသြောင်းအောင် အောင်းခဲ့ပြီး၍ လက်သည် ဆရာမတို့ ကူညီချက်ဖြင့် ထွက်ခဲ့ရသည်ကို အများအသိ ဖြစ်ပါလျက် ဗြဟ္မာမင်း၏ ပယောဂကို အားကိုးနေရသည်မှာ သဘာဝမကျပါ။ ဖန်ဆင်းသော ဗြဟ္မာဟူသည် ဘယ်လိုအရာပါနည်း။ ဤသို့ စသည်ဖြင့် ကြိတ်ကြိတ်နယ်နယ် သွယ်သွယ်ဝိုက်ဝိုက် ဆင်ခြင်လိုက်သောအခါ အကြိတ်အနယ်ကို မခံနိုင်ရကား ဘာသာခြား တရားသည် မျောက်ကလေးကို ပင်းမင်းပေးသည်နှင့် တူလှချေ၏။

http://www.dhammadownload.com



**မျောက် ပင်းမင်းပေးသည့်ပုံ။** ။ရှေးက မိန်းမကို အလွန်ကြောက်ရသည့်ပြင် အင်မတန် ချစ်ခင်သော ယောကျ်ားကို ကိုယ်ဝန်အရင့်အမာရှိသော အိမ်ရှင်မက "ကလေးမျက်နှာမြင်သောအခါ ကစားဖို့ရာ ဒီမျောက်ကလေးကို ပင်းမင်းဆိုင် အပ်ချေပါ" ဟု ခိုင်းလိုက်သဖြင့် သွား၍ "မျောက်ကလေးကို ပင်းမင်း(ဆေး) ဆိုးပေးပါ" ဟု ပြောဆို အပ်နှံလေသည်။ ပင်းမင်းဆရာက "ခင်ဗျား၏ မျောက်ကလေးသည် လှအောင် ဆေးဆိုးခြင်းကိုသာ ခံနိုင်မည်၊ ဖြူအောင် ဖွပ်လျှော်ဖို့ရာ အထုအရိုက်မခံနိုင်ပါ" ဟု ပြောသဖြင့် ပြန်ယူသွားရသတဲ့။ ထို့အတူ ဘာသာခြားတို့၏ တရားတွေသည် အပေါ်ယံ နားထောင်ကောင်းသလောက် ကြိတ်ကြိတ်နယ်နယ် စဉ်းစားခြင်းကိုကား မခံနိုင်ပါချေ။

**မားမားစွင့်စွင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့်ထင်ရှားပေထသော။** ။ဘုရားရှင်၏ တရားတော်ကား အမျိုးမျိုးသော ထိုတိတ္ထိဘုရားတို့ တရားထက် ဂုဏ်အရည်အချင်း အားဖြင့် မားမားစွင့်စွင့် ကြီးမြင့်ထင်ရှားလှပေသည်။ ဗုဒ္ဓဘာသာ တရားတော်သည် ဉာဏ်ပညာကြီးမားသူတို့၏ ကြိတ်ကြိတ်နယ်နယ် စဉ်းစားမှုကို ခံနိုင်၏။ တကယ်ကြီးမားသူမှန်လျှင် "ထမင်းအငတ်ခံ၍ ဥပုသ်စောင့်တာ ဘာအကျိုးရှိသလဲ"၊ "အုတ်ပုံကြီးနှင့် အရုပ်တွေကို ကိုးကွယ်နေတာ ဘာကျေးဇူးရှိသလဲ" ဟု အောက်တန်း တရားကလေးတွေကို ဗုဒ္ဓဘာသာအသေးစားကလေးများထံ စုံစမ်းမနေဘဲ တကယ့်ပညာရှိ အခေါ်ခံရသော ဆရာတော်များအထံ ချဉ်းကပ်၍ အရေးကြီးသော အထက်တန်း

http://www.dhammadownload.com



တရားများကို စုံစမ်းကြပါလော့။ [ အုတ်ပုံအတွင်း၌ ဘုရားရှင်၏ အရိုးဓာတ်တော်ရှိ၏။ အရုပ်မှာ ဘုရားရှင်၏ ပုံတော်ကို တတ်နိုင်သမျှ ပြုလုပ်အပ်သော ပုံတော်သာဖြစ်သည်။ ထိုပုံတော်များကို ဘုရားအစစ်နှင့် မတူသော်လည်း မှန်း၍ အာရုံပြုနိုင်အောင် ထုလုပ်ကြပါသည်။]

**ငါးပါးမာရ်နှိမ်, မာရဇိနံ။** ။မာရ်ငါးပါးကို နှိမ်နင်းတော်မူနိုင်သော၊ မာရ်ငါးပါးကို အောင်တော်မူသော ဘုရားရှင်။ [မာရ– မာရ်ကို+ ဇိနံ (ဇိန)– အောင်တော်မူသည်။]

**မာရ်ငါးပါး**

၁။ ဒေဝပုတ္တမာရ် = မာရ်နတ်မင်း

၂။ ကိလေသမာရ် = တစ်ထောင့်ငါးရာ ကိလေသာ။

၃။ ခန္ဓမာရ် = ခန္ဓာကိုယ်။

၄။ မစ္စုမာရ် = သေခြင်း။

၅။ အဘိသင်္ခါရမာရ် = ကုသိုလ် အကုသိုလ်ကံတည်း။

**ကြိမ်ကြိမ်လေးမြတ်, မှီဝဲ ပူဇော်တော်မူအပ်ထသော။** ။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် "လောက၌ ရိုသေ ကိုင်းညွတ်ဖို့ရာ အကြီးအကဲမရှိဘဲ နေခြင်းသည် မသင့်လျော်ချေ။ ငါသည် ဘယ်သူ့ကို ဆည်းကပ်ရပါမည်နည်း" ဟု ဆင်ခြင်တော်မူလေရာ ဘုရားရှင်၏ ဆည်းကပ်ရိုသေမှု ခံနိုင်မည့်သူကို မြင်တော်မမူ။ ထိုအခါ "ကိုယ်တော်တိုင် သိမြင်အပ်သော တရားကိုပင် အကြိမ်ကြိမ်

http://www.dhammadownload.com



အထပ်ထပ် ဆင်ခြင်သောအားဖြင့် လေးလေးမြတ်မြတ် ပူဇော်ရတော့မည်" ဟု ကြံတော်မူခဲ့ဖူးပါသည်။ [ တရားတော်ကို မပြတ်ဆင်ခြင်၍ နေခြင်းကိုပင် "တရား ပူဇော်သည်"ဟု ဆိုသည်။]

**ကျင့်ကြံလိုက်နာ, ပေးစွမ်းနိုင်ပေထသော။** ။တရားတော်သည် ကျင့်ကြံလိုက်နာသော ဝေနေယျ အပေါင်းအား လူ နတ်တို့၏ စည်းစိမ်ချမ်းသာ ဟူသော သမ္ပတ္တိ၊ နိဗ္ဗာန်ချမ်းသာဟူသော သမ္ပတ္တိကို ပေးစွမ်းနိုင်၏။ တရားတော်ကို သိသော်လည်း မကျင့် မလိုက်နာလျှင် စည်းစိမ်ချမ်းသာကို ပေးဖို့ရန် တာဝန်မရှိချေ။ "ကိုယ်ကျင့်မှ ကိုယ်ရမည်" ဟူလို။ [ကြွင်းသော အနက်၏ အဓိပ္ပာယ်များကို ဘုရားဂုဏ်တော် အဖွင့်၌ ရေးခဲ့ပြီ။]

**တရား ပူဇော်နည်း။** ။"ဘုရားရှင်နှင့် သံဃာတော်သည် ပုံသဏ္ဌာန် အထင်အရှား ရှိတော်မူသောကြောင့် ပူဇော်၍ ဖြစ်၏။ တရားတော်ကား ပုံသဏ္ဌာန် မထင်ရှားသောကြောင့် မည်ကဲ့သို့ ပူဇော်ရပါအံ့နည်း" ဟု အကြံဖြစ်၍ ပုဏ္ဏား တစ်ယောက်သည် ဘုရားအထံ လျှောက်ဖူးလေ၏။ ဘုရားရှင်ကလည်း "ပုဏ္ဏား၊ တရားတော်ကို ပူဇော်လိုလျှင် တရားတော်ကို များစွာ သိ၍ ဗဟုသုတ ရှိသော ရဟန်းတော်ကို ပူဇော်လေ" ဟု မိန့်တော်မူသဖြင့် သံဃာများအထံ ဗဟုသုတရှိသော ရဟန်းတော်ကို မေးလျှောက်လေရာ အရှင်အာနန္ဒာကို ညွှန်ပြကြသဖြင့် တရားတော်ကို ရည်မှန်း၍ တစ်ထောင်တန် သင်္ကန်းဖြင့် လှူဒါန်း ပူဇော်လေသည်။

http://www.dhammadownload.com



ထို့ကြောင့် ယခုကာလ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့သည် ကိုယ်စီကိုယ်င ရဟန်းတော်များကို ဆည်းကပ်ကိုးကွယ်ရာ၌ ဘုရားရှင် ဟောပြတော်မူအပ်သော စာပေ ပရိယတ်ကို သင်ယူခြင်း၊ တတ်မြောက်၍ ပို့ချခြင်း၊ ဟောခြင်း၊ ကျမ်းရေးခြင်းတို့ဖြင့် သာသနာ့တာဝန်ကို အမြဲထမ်းဆောင်နေသော ပုဂ္ဂိုလ်များကို ဆည်းကပ် ကိုးကွယ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ဖြင့် ထောက်ပံ့ ပြုစု ဂရုစိုက်နေသူ တို့မှာ “ငါတို့သည် တရားတော်ကိုလည်း အမြဲပူဇော်၍ နေရပေသည်၊ ငါတို့သာ မထောက်ပံ့လျှင် ငါတို့အရှင်သည် တတ်သိသော ပညာတွေကို သူတစ်ပါးအား ရေးသား ဝေငှ ပို့ချနိုင်မည်မဟုတ်၊ ငါတို့၏ ကူညီမှု ကြောင့်သာ အဆက်ဆက် တိုးပွားအောင် သာသနာ့ဝန်ကို ဆောင်နိုင် ပေသည်၊ ငါတို့အရှင် ရွက်ဆောင်သမျှ တာဝန်တွေကို ငါတို့ကလည်း ကူညီ ထမ်းဆောင်ရာ ရောက်သဖြင့် ငါတို့အရှင်ရသမျှ ပညာပါရမီကို ငါတို့လည်း မုချရတော့မည်” ဟု ဟုတ်မှန်သည့်အတိုင်း ဉာဏ်ကို ချဲ့ထွင်၍ ဆင်ခြင်စဉ်းစားလျက် အားတက်သရော ရှိသင့်ကြပေသည်။

ထို့ကြောင့် သာသနာကို ပြုစုနိုင်သော အင်အားရှိသူ ဒကာ ဒကာမ တို့ကလည်း မိမိတို့ ရပ်ရွာ မြို့နယ်၌ စာချနိုင်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်၍ဖြစ်စေ၊ မြို့ကြီးပြကြီးများမှ ယုံကြည်စိတ်ချရသော စာချပုဂ္ဂိုလ် ပင့်၍ ဖြစ်စေ အသီးသီး စာသင်တိုက် တည်လျက် စာသင်သားတွေ မြို့ကြီးပြကြီးတက်၍ မသင့်ရဘဲ မိဘဆရာတို့ အနီးမှာပင် သင်ကြရ သဖြင့် ယခုလို အပျက်အစီး မများရကား သာသနာတော်ကြီးသည် အတော် သန့်ရှင်းလျက် တိုးတက်လာပေလိမ့်မည်။ ထို့ကြောင့် ယခုပြခဲ့သော တရားပူဇော်နည်းကို သတိထား၍ တရားတော်ကို

http://www.dhammadownload.com



ပူဇော်တတ်သော သာသနာ့ဒါယကာ သာသနာ့ ဒါယိကာမများ ဖြစ်ကြပါစေသား။

**အထူးသတိပေးချက်။** ။ဤ ပြခဲ့သော စကားအစဉ်ဖြင့် တရားစစ် တရားမှန်ကို အတော်အတန် ရိပ်မိလောက်ပေပြီ။ ယခုအခါ မြန်မာနိုင်ငံ၌ အများအပြား အသုံးပြုနေကြသော အချို့ တရားစာအုပ်နှင့် အချို့သော တရားဟောပုဂ္ဂိုလ်များ၏ ဟောပြချက်တွေကို "တရားလား မတရားလား" ဟု စဉ်းစားကြဖို့ရန် ထပ်မံ၍ သတိပေးလိုသည်မှာ– ......

ဘုရားရှင် ပွင့်တော်မမူမီ ရှေးက ဟိမဝန္တာမှ မျော၍ လာသော ပုစွန်လက်မကြီး တစ်ခုကို "ဒဿာရဟာ" မင်းတို့သည် မင်္ဂလာစည်တော် အဖြစ်ဖြင့် အသုံးပြုကြလေသည်။ ထိုစည်တော်ကြီး၏ အသံသည် ၁၂ ယူဇနာတိုင်အောင်ပင် ပျံ့နှံ့ပါသတဲ့။ ထို့နောက် တရွေ့တရွေ့ ဆွေးမြေ့လာသဖြင့် စည်တော်ကြီး ပေါက်တိုင်း ရွှေပြား ငွေပြားတို့ဖြင့် ဖာထေးလာခဲ့ရာ အတော်ကြာလျှင် ပုစွန်လက်မ အသားကုန်၍ အဖာတွေချည်း ဖြစ်လေ၏။ တီးခေါက်သောအခါ ၁၂ ယူဇနာကို မဆိုထားဘိ၊ စည်တော်ကြီး၏ ထက်ဝန်းကျင် အနီးအပါးမှာပင် ကောင်းစွာမကြားရတော့ချေ။

ထို့အတူ ဘုရားရှင်၏ တရားစစ်တွေကို လက်သစ် ဓမ္မကထိကတို့က အဆန်းတကြယ် ထည့်သွင်း ဖာထေးမှုကြောင့် အစစ်အမှန် အရင်းခံ တရားတော်တွေ ကွယ်ပျောက်ရချေပြီ။ ထို ကွယ်ပျောက်သည့်အတိုင်း စည်ကြီးမှ အသံကောင်းမထွက်သလို ဓမ္မကယိကတွေ ဖာထေးထားသော တရားအတုမှ မဂ်ဖိုလ် နိဗ္ဗာန် အကျိုးရဖို့ကို

http://www.dhammadownload.com



မဆိုထားဘိ၊ အထိုက်အလျောက် လောဘ ဒေါသ နည်းပါး၍ အသိ အလိမ္မာ တိုးပွားမှု အကျိုးကိုမျှ မရတော့ဘဲ အသံကျယ်သလောက် အဆန်မပါသော သကြီးအခြောက်လို ဖြစ်လေတော့သည်။ [နိဒါနဝဂ်, ဩပမ္မသံယုတ်, အာဏိသုတ်။]

အို .... ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၊ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လိုလျှင် အမြန်ပြုပြင်ကြလော့၊ ဘုရား တရား သံဃာ ကိစ္စများနှင့် ဆိုင်ရာ၌ မဟာကုသိုလ်သောမနဿဖြင့် ပျော်ရွှင်ဖို့သာ ရှိသည်။ တဏှာသဘော လောဘဇော တိုက်တွန်းကာ "အသံက သာယာ လိုက်တာ၊ ဘယ်ဂါထာရွတ်ပုံမှာ ဓာတ်မင်းသားတောင် မသာဘူး၊ ဘယ်အချက် စကားသုံးပုံလေးဟာ လွန်စွာထိတာပဲ" စသော ချီးမွမ်း စကားသည် ပြောသူမရှက်သော်လည်း ကြားရသူများမှာ နားရှက်ဖွယ် ကောင်းလှချေ၏။

တရားဟောပုဂ္ဂိုလ်ကလည်း ထိုကဲ့သို့ ချီးမွမ်းသံကို အရသာ ခံပြီးလျှင် အသံသာအောင်လည်း ဂရုစိုက်ရာ၏။ လွမ်းခန်း ဆွေးခန်း ကိုလည်း မပါ ပါအောင် ထည့်သွင်းရာရ၏။ ဘုရားဟောမဟုတ်၊ ယုတ္တိလည်း မရှိသော သီဟိုဠ်ကျွန်းဖြစ် ဝတ္ထုများစွာနှင့် ဓင်းမယ် ပဏ္ဏာသတို့၌ လာသော ဒဏ္ဍာရီ ဝတ္ထုတို့ကို များများကြီး အသုံးပြုရရာ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသော ယခုခေတ်၌ကား ကမ္မဋ္ဌာန်းတရား တွေပင် အတော်ပေါများ၍ လာပြန်၏။ ထိုတရားများဖြင့် တရားပေါက် သည်ဟု ဆိုကြသူများလည်း အတော်များများ ကြားသိရ၏။ ထိုသို့ ကြားသိရာ၌ အတော် စဉ်းစားဖွယ် ကောင်းသော အချက်တစ်ခုကား တရားပေါက်သောအခါ ဘုန်းကြီးတွေကို မကြည်ညိုနိုင်၊ မလှူဒါန်း

http://www.dhammadownload.com



နိုင်သော အချက်ပင်တည်း။ တရားအစစ်ပေါက်ပြီး ဖြစ်သော ဝိသာခါလည်း မကောင်းဘုန်းကြီးနှင့် တွေ့သောအခါ "ဒီလို မနေပါနှင့်"ဟု ပြော၍ ရဟန်းတော်များကိုကား ကြည်ညိုမြဲ ကြည်ညိုခဲ့ပါပေသည်။ ထို့ကြောင့် တရားပေါက်ခြင်းနှင့် သံဃာမကြည်ညိုခြင်းကို စဉ်းစားသင့်ကြသည်။

ယခုအခါ သာသနာတော်ကြီး ဖြစ်နေပုံသည် ရေစုန်လေစုန်မှာ ရှက်ကုန်ဆင်ပြီးလျှင် တက်ကုန်နှင့်နေသော လှေ၏ သဘောကဲ့သို့ ကောင်းကောင်းကြီး မျောနေတော့၏။ "ဘုရား သိကြား မလို့" ငါတို့ လက်ထက်မှာ ပြုပြင်နိုင်သူများ ပေါ်ထွက်ပါစေသတည်း။

**တရားဂုဏ်တော်ဖွင့် ပြီး၏။**

---

## သံဃာ့ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန် ပါဠိတော်)

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော–ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော–ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော – သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော – (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ)၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံပုညက္ခေတ္တံ လောကဿ။

* * * * *

http://www.dhammadownload.com



## ကြည့်ရှုရန် အဓိပ္ပာယ်

သံဃ–ဟူသော ပါဠိစကားကို မြန်မာလို "သံဃာ"ဟု ခေါ်၏။ အနက် အဓိပ္ပာယ်မှာ "အပေါင်း အစု အသင်း အဖွဲ့" ဟု ဖြစ်၏။ ထို့ကြောင့် အယူဝါဒ သိက္ခာအားဖြင့် တူကြသော ရဟန်းတော်တို့၏ အပေါင်းအစု အသင်းအဖွဲ့ကို "သံဃာ"ဟု မှတ်ပါ။ သံဃိက မြောက်အောင် လျှုဒါန်းရာ၌ တစ်သင်းလုံး၊ တစ်ဖွဲ့လုံး၊ တစ်သာသနာလုံး ရည်မှန်းရသည်။

## သံဃာ့ဂုဏ်တော် ၉ ပါး

၁။ သုပ္ပဋိပန္နဂုဏ်
၂။ ဥဇုပ္ပဋိပန္နဂုဏ်
၃။ ဉာယပ္ပဋိပန္နဂုဏ်
၄။ သာမိစိပ္ပဋိပန္နဂုဏ်
၅။ အာဟုနေယျဂုဏ်
၆။ ပါဟုနေယျဂုဏ်
၇။ ဒက္ခိဏေယျဂုဏ်
၈။ အဉ္ဇလိကရဏီယဂုဏ်
၉။ အနုတ္တရပုညက္ခေတ္တဂုဏ်

---

## သုပ္ပဋိပန္န ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၁) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော–ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ သုပ္ပဋိပန္နော– တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာဝယ်, လျော်စွာထုံးပြ, ဆုံးအမကို, လုံးဝလိုက်နာ, ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

* * * * *

http://www.dhammadownload.com



## ကြည့်ရှုရန် အဓိပ္ပာယ်

သုပ္ပဋိပန္နဂုဏ်တော်သည် "ကောင်းစွာ ကျင့်တော်မူတတ်၏" ဟူသော အနက်ကို ပြသည်။ [ သု=ကောင်းစွာ+ ပဋိပန္န= ကျင့်သည်။]

**အရိယာဟု သံဃာတော်အပေါင်း။** ။မဂ်ဖိုလ်၌ တည်သော (မဂ်ဖိုလ်ရပြီးသော) ပုဂ္ဂိုလ်ကို "အရိယာ"ဟု ခေါ်၏။ [ အရိယာ- မြတ်သူ၊ တစ်နည်း-ဖြူစင်သူ။]

| **မဂ္ဂဋ္ဌ ၄ မျိုး** | **ဖလဋ္ဌ ၄ မျိုး** |
|---|---|
| ၁။ သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ် | ၁။ သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ် |
| ၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ် | ၂။ သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ် |
| ၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ် | ၃။ အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ် |
| ၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ် | ၄။ အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ် |

ရှေးခေတ်က အရိယာ သံဃာတော်သည် ထောင်သောင်းများစွာ ရှိကြပါသော်လည်း အမျိုးအားဖြင့် ဤရှစ်မျိုးတွင် အားလုံးပါဝင်ကြ၏။ ထို့ကြောင့် "အရိယာ ရှစ်ယောက်"ဟု ပြောစမှတ် ပြုကြသော်လည်း စင်စစ်မှာ ရှစ်ယောက်မဟုတ်၊ ရှစ်မျိုးသာဖြစ်၏။

**တရားသဖြင့် ဆုံးမသင့်ရာ။** ။ဘုရားရှင်၏ တပည့်အစစ် ဖြစ်တော်မူကြသော အရိယာသံဃာ အပေါင်းသည် တရားသဖြင့် ဆုံးမရာ သာသနာတော်နှင့် သင့်လျော်အောင် ထုံးဟောင်းသက်သေ ပြ၍ ဆုံးမအပ်သော အဆုံးအမတော်ကို လုံးဝဥဿုံ အကုန်အစင်

http://www.dhammadownload.com



လိုက်နာ၍ ကောင်းမွန်စွာ ကျင့်ကြံတော်မူကြပေသည်။ အနည်းငယ် အပြစ်ကိုပင် အလွန်ကြီးသော အပြစ်ဟု ထင်လျက် ရှောင်ကြဉ်တော်မူကြပေသည်။ ထိုသို့ အဆုံးအမကို လိုက်နာသော အရိယာ ပုဂ္ဂိုလ်များလည်း ဘုရားလက်ထက်တော်မှ စ၍ များစွာ ရှိခဲ့ဖူးပါသည်။

## အရှင်သာရိပုတ္တရာ ဝတ္ထု

ယခုကာလ ဘုရားပွဲစသည် ကျင်းပသောအခါ ထိုထိုနေရာတို့၌ အလှူမဏ္ဍပ် ဆောက်၍ နေ့ရက်များစွာ စတုဒိသာ ကျွေးသကဲ့သို့ ရှေးလက်ထက်ကလည်း လူအများစုပေါင်းလျက် ဧည့်သည်များအတွက် စတုဒိသာ ကျွေးလေ့ရှိကြသည်။ ထို အရပ်၌ အချို့ရဟန်းတော်များ နေ့စဉ် နေ့စဉ် သွား၍ စားသောက်ကြသည့်အတွက် လူတို့က ကဲ့ရဲ့သောကြောင့် "ယနေ့ကစ၍ တစ်ရက်တည်းသာ စားရမည်" ဟု ဘုရားရှင် ပညတ်တော်မူသည်။ အရှင်သာရိပုတ္တရာသည် ဒေသစာရီ လှည့်လည်ရင်း ထို စတုဒိသာရုံ၌ မကျန်းမမာဖြစ်နေ၏။ ထိုအခါ တစ်ရက်စာ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နောက်ရက်၌ လူအများက ကပ်လှူကြ ပါသော်လည်း "ဘုရားရှင် တားမြစ်တော်မူသည်" ဟု ဘုဉ်းပေးတော်မမူဘဲ ရှောင်လွှဲတော်မူကာ ဆွမ်းအပြတ် ခံခဲ့တော်မူခဲ့ ရှာသည်။ ထို့နောက် ဘုရားရှင် သိတော်မူ၍ မကျန်းမမာလျှင် နေ့စဉ် စားနိုင်ကြောင်းကို ထပ်လောင်း ခွင့်ပြုတော်မူရလေသည်။ [ပါစိတ်, ဘောဇနဝဂ်, အာဝသထပိဏ္ဍသိက္ခာပုဒ်။]

ဤသို့လျှင် ဘုရားရှင်၏ တပည့်ကောင်းများသည် အဆုံး အမတော်ကို လုံးဝလိုက်နာလျက် ကျင့်တော်မူကြပေ၏။ နောက်နောက်

http://www.dhammadownload.com



ဆရာအစဉ်အဆက်များလည်း "ကိစ္စတစ်ခု ကြုံတွေ့လာလျှင် အသက်ကိုသာ အသေခံပါ၊ သီလ သိက္ခာကိုတော့ မပျက်ပါစေနှင့်" ဟု ဆုံးမတော်မူကြရုံမက ထိုအတိုင်းလည်း လိုက်နာခဲ့ကြပေသည်။

**သတိထားဖွယ်။** ။ဤစကားစဉ်အရ ယခု ပြအပ်လတ္တံ့သော ဂုဏ်နှင့် ပြည့်စုံသော သံဃာဟူသည် မဂ် ဖိုလ် ရပြီးသော သံဃာတော်များသာ ဖြစ်သည်။ မဂ် ဖိုလ် မရသေးသော်လည်း မဂ် ဖိုလ် ရအောင် ပါရမီကို ဖြည့်ကျင့်နေကြသော သူတော်စင် ရဟန်းတော်များလည်း သောတာပန် အောက်တန်းတွင် ပါဝင်နိုင်ကြသေး၏။ ဘုရားရှင်၏ အဆုံးအမတော်ကို ကောင်းမွန်စွာမလိုက်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ကြသော ရဟန်းအပေါင်းကား ယခု ပြအပ်လတ္တံ့သော သံဃာ့ဂုဏ်တော်များနှင့် လားလားမျှမဆိုင်။ ထို့ကြောင့် သံဃာ့ဂုဏ်တော်ကို အာရုံပြုသောအခါ ရှေးရှေးက အဟုတ်အမှန် ကျင့်တော်မူကြသော အရိယာ သံဃာတော်များနှင့် ယခုကာလ ကောင်းမွန်စွာ နေထိုင်တော်မူကြသော ပုထုဇဉ် သံဃာတော်များ၏ ဂုဏ်တော်ကိုသာ မှန်းဆ၍ အာရုံပြုပါ။

---

# ဥစုပ္ပဋိပန္န ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၂) ဘဂဝတော– ရှွေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော – ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချာရှစ်ဖော်, သံဃာတော်အပေါင်း သူတော်ကောင်းသည်၊

http://www.dhammadownload.com



ဥဇုပ္ပဋိပန္နော– စဉ်းလဲသမှု, မာယာစုဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ဘဲ, စင်စစ်နိဗ္ဗာန်, လမ်းဖြောင့်မှန်အောင်, လျော်ကန်ချင့်မျှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဥဇုပ္ပဋိပန္န ဂုဏ်တော်သည် "ဖြောင့်မှန်စွာ ကျင့်တော်မူ၏" ဟူသော အနက်ကို ပြသည်။ [ဥဇု= ဖြောင့်မှန်စွာ+ ပဋိပန္န= ကျင့်သည်။]

**မာယာ သာဌေယျ။** ။မိမိမှာ အပြစ်ရှိပါလျက် အပြစ်မရှိသူထင်အောင် ဖုံးကွယ်မှုကို "မာယာ" ဟု ခေါ်၏။ ဥပမာ–ယောကျ်ားမသိအောင် အပြစ်ကျူးလွန်မိသော မိန်းမသည် ထိုအပြစ်ကို မာယာဖြင့် လှည့်ပတ်သကဲ့သို့တည်း။ မိမိမှာ ဥစ္စာဂုဏ်၊ သီလဂုဏ်မရှိဘဲ ရှိဟန်ဆောင်မှုကို "သာဌေယျ" ဟု ခေါ်၏။ လူမရှိသောအခါ တော်သလိုနေ၍ လူလာသောအခါ ဟန်လုပ်နေသူကဲ့သို့တည်း။

အရိယာ သံဃာတော်ကား သူတစ်ပါးတို့ အထင်ကြီးအောင်၊ ပစ္စည်း၊ လာဘ်နှင့် ဒကာ ဒကာမ ပေါများအောင် ဟန်ဆောင်မှု ပရိယာယ်မာယာတို့ဖြင့် ဖုဖုထစ်ထစ် စဉ်းလဲကောက်ကျစ်ခြင်းမရှိဘဲ နိဗ္ဗာန်လမ်းနှင့် ဖြောင့်တန်းအောင် ရိုးသားဖြောင့်မတ်စွာ ကျင့်တော်မူကြပေသည်။ ထိုသို့ ဖြောင့်မတ်စွာ ကျင့်တော်မူသော အရှင်မြတ်များမှာ လွန်စွာပေါများခဲ့ပါ၏။ သို့သော် ယခုအခါ မရိုးမသား ကျင့်သူများနှင့် ဝမ်းရေးအတွက် သာသနာတော်ကို ဖျက်သူတွေ အတော်ပေါများနေသဖြင့် စဉ်းစားတတ်ကြဖို့ရာ ကျမ်းဂန်လာ လှည့်ပတ်ပုံကို ပြပေအံ့။

http://www.dhammadownload.com



**အိုးစရည်း ရဟန္တာ**။ ။ဘုန်းကြီး တစ်ပါးသည် မိမိအပေါ်၌ လူအများ အထင်ကြီးစေလိုသောကြောင့် သူနေရာ ကျောင်းခန်း အတွင်းမှာ လူမမြင်နိုင်အောင် အိုးစရည်းကြီး (အိုးအကြီး)ကို မြှုပ်ထားလေ၏။ အပြင်က ဒကာ ဒကာမများ လာသံကြားလျှင် ထိုအိုးကြီးအတွင်း၌ ဝင်နေ၏။ လူများက "ဘုန်းကြီးဘယ်မှာလဲ"ဟု မေးလျှင် တပည့်များက "ကျောင်းတွင်းမှာ" ဟု ပြော၍ အခန်းတွင်းသို့ ဝင်ကြည့်သောအခါ မတွေ့ရသောကြောင့် "မရှိဘူး၊ ဘယ်ကြွသလဲ" ဟု မေးပြန်လျှင် "ယခုတင်ကပဲ အခန်းထဲမှာ ရှိပါသေးတယ်" ဟု ပြောသဖြင့် ထပ်၍ ကြည့်ကြပြန်လေရာ ဩောင်စောင်း (ကုလားထိုင်) ပေါ်မှာ ထိုင်လျက်နေသည်ကို တွေ့ကြရ၍ "ဘယ်ကြွနေပါသလဲဘုရား" ဟု လျှောက်ထားလျှင် "ရဟန်းဆိုတာ ဒီလိုပဲ အလိုရှိရာ ကြွနိုင်ကြတယ်" ဟု ရှာန်အဘိညာဉ်ရသည့် လေသံဖြင့် ပြောပြလေသော် အားလုံးကပင် "ရဟန္တာ" ဟု အထင်ကြီးကြလေသည်။

**တိုက်တွန်းချက်**။ ။အို...လူအပေါင်းတို့၊ ဘုန်းကြီးဖြစ်စေ၊ လူဖြစ်စေ၊ မဖြူစင် မဖြောင့်မတ်ခြင်းကား ဆိုးဝါးလှ၏။ မရိုးသား မဖြောင့်မတ်သူကို ဘယ်အခါ ယုံကြည်ထိုက်တော့မည်နည်း။ သို့ဖြစ်၍ မိမိတို့ ကိုးကွယ်အပ်သော ဘုန်းတော်ကြီးများကို စာမတတ်သော်လည်း အကျင့်သိက္ခာ လုံလောက်၍ ရိုးဖြောင့်လျှင် ကိုးကွယ်သင့်လှပေပြီ။ စာမတတ်ဘဲနှင့် တတ်ဟန်ဆောင်သော ပုဂ္ဂိုလ်၊ အကျင့် မကောင်းဘဲနှင့် ကောင်းဟန်ဆောင်နေသော ပုဂ္ဂိုလ်များကိုကား လုံးလုံး မကိုးကွယ် ထိုက်ပါ။

http://www.dhammadownload.com



ယခုအခါ၌ကား "ကြောင်သူတော်"ကဲ့သို့ အတော်အတန် ပညာရှိပါလျက် အတွင်းစိတ် မဖြောင့်မတ်သူတွေ များလှချေ၏။ ထိုသို့ ပညာရှိ၍ မရိုးသားသူတို့ကား သာမန် မရိုးသားသူများထက်ပင် ကြောက်မက်ဖွယ် ကောင်းပါသေးသည်။ သို့ဖြစ်၍ အတွင်း အပြင် မသိရဘဲ "ဆေးဝါးစွမ်းသလို၊ စာတတ်သလို၊ လုပ်ရပ်ပေါက်သလို" ညာနေသူများကို ယုံကြည်လွယ်သော မိန်းမသားတွေသာမက ပညာနည်းပါး၍ မစဉ်းစားတတ်သော ယောကျ်ားအများပင် သတိထားထိုက်လှပေသည်။

မိမိကိုယ်တိုင်လည်း ရိုးဖြောင့်ဖို့ အရေးကြီးလှ၏။ ပစ္စည်းမရှိဘဲ ရှိဟန်ဆောင်မှု၊ သီလမရှိဘဲ ရှိဟန်ဆောင်မှု၊ နားမလည်ဘဲ နားလည်ဟန်ဆောင်မှုတို့မှာ မရိုးသားသော သဘောချည်းသာဖြစ်သည်။ သို့ဖြစ်၍ အရိယာ သံဃာတော်များ၏ "ဥဇုပ္ပဋိပန္န" ဂုဏ်တော်ကို အာရုံပြုကြပြီးလျှင် မိမိတို့ ကိုယ်တိုင်ကလည်း ရိုးသားသူ ဖြောင့်မတ်သူ ဖြစ်အောင်၊ မိမိနှင့် အဆက်အသွယ် ရှိသူတို့ကိုလည်း ရိုးသားသူများ ဖြစ်အောင် ညွှန်ပြကြပါ။ မရိုးသားသူမှန်လျှင် ရဟန်း ရှင် လူ **မည်သူမဆို** စွမ်းနိုင်သမျှ ရှောင်ကြပါကုန်။ မတတ်သာ၍ ဆက်ဆံရလျှင်လည်း ကိုယ်ပေါင်း စိတ်ခွာ ဆက်ဆံကြပါကုန်။

---

## ဉာယပ္ပဋိပန္န ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၃) ဘဂဝတော–ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော– ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ,

http://www.dhammadownload.com



အရိယာဟု, သင်္ချာရှစ်ဖော်, သံဃာတော်အပေါင်း သူတော်ကောင်းသည်၊ ဉာဏပ္ပဋိပန္နော– ကိုယ်ဝယ် ဝတ်နှောင်, ဆံဥသျှောင်ကို, မီးလောင် သော်ငြား, မငြိမ်းအားဘဲ, ကြီးမားလောင်မီး, ဒုက္ခကြီးတို့, အပြီးကေန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေ၏။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဉာဏပ္ပဋိပန္န ဂုဏ်တော်သည် "နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူ၏" ဟူသော အနက်ကို ပြသည်။ [ဉာယ+ ပဋိပန္န၊ ဉာယ= နိဗ္ဗာန်+ ပဋိပန္န=ကျင့်သည်။]

အရိယာဖြစ်သော သံဃာတော်အပေါင်းသည် အလွန်ကြီးမား များပြားသော သံသရာဝဋ်ကြီး ဒုက္ခမီးတွေကို မြင်ကြပြီးဖြစ်၍ မိမိကိုယ်၌ ဆင်အပ်သော အဝတ်၊ ဥသျှောင်(ဆံထုံး)ကို မီးလောင်စေကာမူ မငြိမ်းအားဘဲ သံသရာဝဋ်ကြီး ဒုက္ခမီး၏ အပြီး ချုပ်ငြိမ်းရာ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူကြပေသည်။ ထို့ကြောင့် အရိယာ ဖြစ်ပြီးသောအခါ သံသရာထဲ၌ ကြာရှည်စွာ မကျင်လည်ရတော့ဘဲ ကာမဘုံ၌ အကြာဆုံး ခုနစ်ဘဝသာ နေပြီးလျှင် ပရိနိဗ္ဗာန် စံဝင်ကြရပေသည်။

**ရဟာန်းတစ်ပါး ဝတ္ထု။** ။ရဟာန်းတစ်ပါးသည် သစ်ပင်ချိုင် ရာ၌ ဘုမ္မစိုးနတ်သမီး၏ ကလေးငယ်ကို ခုတ်ဖြတ်မိသောကြောင့် နတ်သမီးက ဘုရားထံ လျှောက်ထားသဖြင့် "ယာနေ့က စ၍

http://www.dhammadownload.com



သာသနာတော်ထမ်း ရဟန်းမှန်လျှင် သစ်ပင်ကို မခုတ်ရ” ဟု ပညတ်တော်မူသည်။ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရဟန်းတော်တစ်ပါးကို ခိုးသူများက နွယ်ပင်ကလေးဖြင့် တုပ်နှောင်၍ တောထဲ၌ ထားခဲ့စဉ် တောမီး လောင်လာလေသော် နွယ်ပင်ကို ဖြတ်မည်ဆိုလျှင် ဖြတ်နိုင်လောက်သော်လည်း နွယ်ပင်ကို ဖြတ်လျှင် ပါစိတ်အာပတ် သင့်၏။ အာပတ်သင့်လျှင် တရားရတော့မည်မဟုတ်။ ထို့ကြောင့် ပညတ်တော်ကို စောင့်စည်း၍ တရားကို နှလုံးသွင်းကာ ရဟန္တာဖြစ်ပြီးမှ တောမီးလောင်၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

**တိုက်တွန်းချက်။** ။ဤသို့လျှင် တစ်ကိုယ်လုံး မီးလောင်သည်ကို လျစ်လျူရှု၍ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူပုံကို ကြည်ညိုလျက် “အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့နိုင်သည်” ဟု ဆိုသည့်အတိုင်း မလွဲသာသဖြင့် ဒုက္ခကြုံလာခဲ့သော် “သက်သာရာမှ ရစေတော့”ဟု ကြံ၍ မကောင်းမှုကို မပြုမိစေဘဲ “ နိဗ္ဗာန်၌ ဤဒုက္ခမျိုး၏ တည်ရာ ရုပ်နာမ် ခန္ဓာကိုယ်မရှိ၍ ဤခန္ဓာကိုယ်ရှိနေလို့သာ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ရှိရသည်၊ ထိုသို့ ရှိသောကြောင့် သားဒုက္ခ သမီးဒုက္ခ ဆွေမျိုးဒုက္ခကို တွေ့ရသည်၊ ထိုရုပ်နာမ်မရှိသော နိဗ္ဗာန်သည် ဧကန် အေးမြပေလိမ့်မည်” ဟု တွေးတောကာ သူလည်း မပါ၊ ငါလည်း မရှိ၊ သန္တိသုခဖြင့် အေးမြမည့် နိဗ္ဗာန်ကို သိမြင်နိုင်အောင်သာ ကြိုးစားကြပါကုန်။

http://www.dhammadownload.com



# သာမိစိပ္ပဋိပန္န ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၄) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော- ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချာရှစ်ဖော်, သံဃာတော်အပေါင်း သူတော်ကောင်းသည်၊ သာမိစိပ္ပဋိပန္နော– ရိုသေသမှု, လူတို့ပြုသည်, သာမိစိကံ, လျောက်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါပေ၏။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

သာမိစိပ္ပဋိပန္န ဂုဏ်တော်သည် "ရိုသေမှုနှင့် လျော်အောင် ကျင့်ပါပေ၏" ဟူသော အနက်ကို ပြသည်။ [သာမိစိ= ရိုသေမှု+ ပဋိပန္န = လျော်အောင် ကျင့်သည်။]

ဒကာ ဒကာမတို့သည် မိမိတို့ မစားရက် မသောက်ရက် မသုံးရက်သော အစားအသောက် ကျောင်း အိပ်ရာ နေရာများကို ရိုသေသမှု ပြုစု လှူဒါန်းကြရ၏။ အရိယာဖြစ်ပြီးသော (အရိယာ ဖြစ်အောင် အားထုတ်နေသော) သံဃာတော်များကလည်း ထိုကဲ့သို့ ရိုသေသမှု ပြုစု လှူဒါန်းခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံ အားထုတ်တော်မူကြပါပေသည်။

**အယျမိတ္တမထေရ် ဝတ္ထု။** ။ရှေးအခါက လိုဏ်ဂူတစ်ခု၌နေသော "အယျမိတ္တ" မထေရ်ကို ဆွမ်းခံရွာ၌ ဒါယိကာမကြီး တစ်ယောက်က

http://www.dhammadownload.com



သားအရင်းအမှတ်ထား၍ လေးစားသမှု ပြုစုနေ၏။ တစ်နေ့သ၌ လုပ်ငန်းဆောင်တာအတွက် နံနက်စောစော တောသို့ သွားခါနီးဝယ် "ချစ်သမီး၊ မည်သည့်နေရာ၌ နှစ်ချို့ဆန်ကလေးနှင့် နွားနို့ ထောပတ် တင်လဲများ ရှိရစ်တယ်၊ သမီးမောင်တော် လာတဲ့အခါ ဆွမ်းချက်၍ ကပ်ပြီးလျှင် သမီးလည်းစားရစ်နော်" ဟု သမီးကို ပြောဆို မှာထား၏။ "မေမေကော ဘာစားမလဲ"ဟု သမီးက မေးရာ "မေမေတော့ ပုန်းရည်ဟင်းနဲ့ ညကကျန်တဲ့ ထမင်းကြမ်းကို စားပြီးပြီ" ဟု ပြော၏။ "နေ့စာကော ဘာစားမလဲ မေမေ"ဟု ထပ်၍ မေးလျှင် "နေ့စာတော့ သမီးရယ်– ဟင်းရွက်ကလေး ရောပြီး ဆန်ကွဲကို ယာဂု ကျိုထားလိုက်ပေါ့" ဟု ပြောဆို မှာထား၍ တောသို့ သွားရှာလေသည်။

ထို သားအမိနှစ်ယောက် ပြောဆိုသံကို အယျမိတ္တမထေရ် ဆွမ်းခံအလာတွင် ရွာအနီးမှ ကြား၍ မိမိကို ဆုံးမသည်မှာ "နားထောင်စမ်း အယျမိတ္တ၊ ဒါယိကာမကြီးမှာ မိမိအတွက် ပုန်းရည်ဟင်း၊ ထမင်းကြမ်းနှင့် ဟင်းရွက်တွဲသည့် ဆန်ကွဲယာဂု စားသောက်လျက် သင့်အတွက်မှာ နှစ်ချို့ဆန်ကောင်းနှင့် နွားနို့ ထောပတ် တင်လဲကို ကပ်ဖို့ရန် မှာနေရှာသည်၊ သင်၏အပေါ်၌ ဝတ်စားတန်ဆာနှင့် လယ်ယာ မိုးမြေ ပစ္စည်းတွေကို မျှော်၍ ယခုလောက် ဂရုစိုက်သည်မဟုတ်၊ လူ့နတ် နိဗ္ဗာန်ကို မှန်း၍သာ ဂရုစိုက်ခြင်းဖြစ်သည်၊ သူ ရည်ရွယ်တဲ့ ချမ်းသာကို အသင် ပေးနိုင်ပါ့မလား၊ ကိလေသာ အာသဝေါမကုန်သမျှ ဒကာမကြီးရဲ့ ဆွမ်းကို အသင် မစားထိုက်" ဟု ဆုံးမပြီးလျှင် ဆွမ်းခံမဝင်ဘဲ ပြန်၍ တရားကို အားထုတ်လေရာ ပင်ကိုက စင်ကြယ်သော သီလနှင့် အားထုတ်၍ အသားကျနေသော ကမ္မဋ္ဌာန်း

http://www.dhammadownload.com



ဘာဝနာ အစွမ်းကြောင့် သိပ်ကြာကြာ အားမထုတ်ရဘဲ ချက်ချင်းပင် ရဟန္တာ ဖြစ်လေသည်။

ထို့နောက် ဆွမ်းခံဖို့ အချိန်ရှိသေး၍ ဆွမ်းခံဝင်လေသော် စောင့်မျှော်နေသော နှမတော်က ဆွမ်းလောင်းအပြီးတွင် အထူး ကြည်လင်သော မျက်နှာကို မြင်လိုက်ရ၍ မိခင်ပြန်လာသောအခါ "မေမေ၊ ယနေ့ မောင်တော်ရဲ့ မျက်နှာ လွန်စွာ ကြည်လင်နေပါတယ်" ဟု ပြောဆိုကာ ဝမ်းမြောက်ရှာသတဲ့။ ဒါယိကာမကြီးနှင့် သမီးလည်း ရဟန္တာ အရှင်မြတ်ကို ဆွမ်းလှူရာ ရောက်ပေသည်။ [ဒီဃနိကာယ, မဟာဝဂ္ဂ, မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

**တိုက်တွန်းချက်။** ။ဤသို့လျှင် သူတော်စင် သံဃာတော် အပေါင်း၏ လူတို့ ရှိသေမှုနှင့် ထိုက်တန်အောင် ကျင့်ကြံတော် မူကြသည်ကို အာရုံပြုကာ ယခုကာလ ရဟန်းတော် အများလည်း မိမိတို့ဘက်က မလိုရအောင် သတိထားနိုင်မှ တာဝန်ကျေကြပေမည်။ "ငါ့လှေ ငါထိုး ပဲခိုးရောက်ရောက်" ဆိုတာလို ကိုယ်ထင်ရာ ကြံနေလျှင် နောင်သံသရာရေးကို မဆိုထားဘိ၊ ယခုဘဝ အရေးမှာပင် တဖြည်းဖြည်း မလွယ်ကူသော အခြေအနေကို တွေ့ရတော့မည်။ ယခုအခါ ဘာသာ မရှိဟူသော ဝါဒ၊ ဘာသာ ရှိသော်လည်း အရေးမစိုက်သော ဝါဒများ ခေတ်စားလာပုံကို ဆင်ခြင်ကာ နောင်ရေး ခက်ကြတော့မည်မှာ ဗေဒင်မေးစရာ မလိုပါသဖြင့် "ပညာရှိသော်လည်း သတိဖြစ်ခဲရကား" သတိကြီးစွာ ထားကြပါရန် ထပ်မံ၍ သတိ ပေးပါသည်။

http://www.dhammadownload.com



## ပုရိသယုဂါနိ ပါဠိအဖွင့်

### (ကျက်မှတ်ရန်)

စတ္တာရိ– မဂ် ဖိုလ် နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ ယဒိဒံ ပုရိသယုဂါနိ– အကြင်ယောကျ်ားအစုံတို့သည်၊ အဋ္ဌ– အသီးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ ပုရိသပုဂ္ဂလာ–ပုရိသပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဤ "စတ္တာရိ ပုရိသယုဂါနိ" စသော စကားတို့ကို သံဃာ့ဂုဏ်တော်ကို ပြသော စကားမဟုတ်၊ သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ကိုရသော ပုဂ္ဂိုလ် နှစ်ပါးတွဲလျှင် တစ်စုံ၊ ဤသို့ စသည်ဖြင့် "မဂ်ဖိုလ်ကိုရသော ပုဂ္ဂိုလ်နှစ်ပါးကို တစ်စုံစီ တွဲလျှင် အရိယာလေးစုံ ဖြစ်၍ အသီးအခြား ခွဲလျှင် ၈ မျိုးဖြစ်၏" ဟု ပြသော စကားတည်း။ ထိုသို့ ပြခြင်းသည်လည်း မဂ်ကိုရလျှင် ချက်ချင်း ဖိုလ်ရသောကြောင့် မဂ်ပုဂ္ဂိုလ်နှင့် ဖိုလ်ပုဂ္ဂိုလ်တို့ တစ်ယောက်တည်းသာ ဖြစ်ကြောင်းကို သိစေတော်မူလိုရင်း ဖြစ်ဟန်တူပါသည်။

### အစုံလေးပါးကား

၁။ သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်။
၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ်။
၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်။
၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်။

http://www.dhammadownload.com



# အာဟုနေယျ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၅) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော– အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ အာဟုနေ– ယျော– တုံ့ပြန်ကြီးလေး, အကျိုးပေးသဖြင့်, အဝေးမှယူ, ဆောင်၍ မူလည်း, ကြည်ဖြူ လေးမြတ်, ပူဇော်အပ်သည့်, လာဘ်သပ်ပကာ, အဖြာဖြာကို, ကောင်းစွာ သိမ်းပိုက်, ခံယူခြင်းငှာလည်း ထိုက်တော် မူပါပေ၏။

* * * * * *

## ကြည့်ရှုရန် အစီပွာယ်

အာဟုနေယျ ဂုဏ်တော်သည် "အဝေးမှ ယူဆောင်၍ ပူဇော် အပ်သော ပစ္စည်းကို ခံယူထိုက်၏" ဟူသော အနက်ကို ပြသည်။ [အာ+ ဟုန+ယျ၊ အာ= အဝေးမှယူဆောင်၍+ဟုန= ပူဇော်အပ်သော ပစ္စည်း + ယျ= ခံထိုက်သည်။

အရိယာ သံဃာတော်သည် လှူဒါန်းပူဇော်သူတို့အား အတုံ့ပြန်၍ ကြီးကျယ် မြင့်မြတ်သော သံသရာကျိုးကို ပေးစွမ်းနိုင်ကြသဖြင့် အနီးအပါးကို မဆိုထားဘိ၊ တစ်နယ်တစ်ကျေး ဝေးသော မြို့ရွာတို့မှ သော်လည်း လှူဖွယ်များကို တမင်တကာဆောင်ယူ၍ ပေးလှူပူဇော် ခြင်းငှာ ထိုက်တန်တော်မူပေသည်။ ထို့ကြောင့် ရှေးက ဒါနအကျိုး နားလည်ကြသော သူတော်ကောင်းတို့သည် ထိုသို့ ဆောင်ယူကာ များစွာ ပူဇော်ဖူးကြလေပြီ။

http://www.dhammadownload.com



# သိကြားမင်းနှင့် သုဇာမိဖုရားတို့ဉာဏ်

နတ်ပြည်၌ နတ်အများရှိကြလေရာ သာသနာပအခါက ဖြစ်နှင့်သော နတ်များထက် သာသနာတွင်းကျမှ ဖြစ်ရသော နတ်တို့က အစစ အရာရာ ခပ်သာသာဖြစ်နေ၏။ အချို့နတ်များကား သိကြားမင်းထက်ပင် ကိုယ်ရောင်အဆင်းနှင့် စည်းစိမ် အခြွေအရံ သာလွန်လျက်ရှိ၏။

ထို့ကြောင့် အခါတစ်ပါး၌ အရှင်မဟာကဿပမထေရ် နိရောဓသမာပတ်မှ ထတော်မူပြီးလျှင် ဆင်းရဲသူတို့၏ နေရာ ရပ်ကွက်၌ ဆွမ်းခံဝင်တော်မူလေရာ သိကြားမင်းနှင့် သုဇာ မိဖုရားတို့သည် အိုမင်းသော လူဆင်းရဲ ခင်ပွန်းယောင်ဆောင်၍ ထိုရပ်ကွက်၏ အစဆုံး၌ အိမ်ငယ် တစ်ဆောင်ကို ဖန်ဆင်းလျက် နေနှင့်လေသည်။ ရဟန္တာ အရှင်မြတ်လည်း အထူးအထွေ ဆင်ခြင် စဉ်းစားတော်မမူဘဲ အိမ်ကုပ်ကလေး၌ အဘိုးအိုနှင့် အမယ်အိုတို့ အလုပ်လုပ်နေကြပုံကို မြင်၍ သနားသဖြင့် ရပ်တော်မူလေသည်။

အဘိုးကြီးသည် မျက်စိများကို ပွတ်ကာ ပွတ်ကာနှင့် "အိမ်ပေါက်မှာ ကိုယ်တော်တစ်ပါး ဆွမ်းရပ်နေပါကလား။ ဒုက္ခ၊ ဒုက္ခ၊ ဘာမှလည်း ရှိမယ်မထင်ဘူး" ဟု ညည်းညူလျက် အနားသို့ လာပြီးလျှင် "ဟင်... တို့ကိုယ်တော်ကြီးပါတကား၊ ဟေ့ ရှင်အဝ္ဂါ၊ ဘာများရှိသေးတုံး" ဟု မေးရာ အမယ်အိုကလည်း ထိုထိုဤဤ ရှာဖွေနေဟန်ဖြင့် အတန်ကြာမှ "ရှိသေးရဲ့တော့" ဟု ပြောပြောဆိုဆို လာ၍ ဆွမ်းလောင်းလေလျှင် တစ်ရပ်လုံး မွှေးကြိုင်သွားလေသည်။

http://www.dhammadownload.com



ထိုအခါကျမှ သိကြားမှန်းသိ၍ **"ဆင်းရဲသူကို ချီးမြှောက်လိုသဖြင့် ဆွမ်းခံဝင်ရာ၌ သင့်လို သိကြားက လူဆင်းရဲလုပ်ရသလား"** ဟု အပြစ်တင်တော်မူလျှင် "တပည့်တော်မှာ သာသနာပက ဖြစ်ရတဲ့ သိကြားမို့ စည်းစိမ်မကြီးပါ၊ သာသနာတော်တွင်းမှ ရောက်လာသော နတ်မင်းများလောက် အရှိန်မတောက်သဖြင့် နတ်ဆင်းရဲပင် ဖြစ်ပါသည်" ဟု လျှောက်၍ "အဟော ဒါနံ ပရမ ဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ= ဝမ်းမြောက်စရာ အလှူဒါန၊ အလွန်မြတ်သော အလှူဒါနသည် အရှင် မဟာကဿပ၌ တည်လေပြီ" ဟု ဥဒါန်းကျူးလျက် နတ်ပြည်သို့ တက်သွားလေသည်။ ဤသို့လျှင် အရိယာ သံဃာတော်များသည် အဝေးရပ်မှ ယူဆောင်၍ ပေးလှူသမျှ ခံယူထိုက်ကြပေသည်။

**တိုက်တွန်းချက်။** ။ဤဝတ္ထုသွားကို ထောက်လျှင် ပညာရှိ မှန်သမျှသည် **နတ်စည်းစိမ်**ကို စံနေရသော်လည်း ဒါနအကျိုးကို သိမြင်**ကြသဖြင့် ဝေးကွာ**သော နတ်ပြည်ခရီးမှပင် တမင်လာလျက် လှူဒါန်း**ကြသောကြောင့်** ယခုကာလ စည်းစိမ်ရှင်များလည်း ကံနှင့် ကံ၏ **အကျိုးကို** နားလည်ကြပါမူ ကုသိုလ်ကောင်းမှုများကို ကြိုးစား ပြုကျင့်ကြပါလော့။ တစ်သက်လျာမျှ တစ်ဝမ်းဝဖို့ စီးပွားအတွက် ယခုဘဝတွင် ရရှိပြီး အခြေအနေမှ မလျှောကျအောင် နေ့စဉ် ကြိုးစားသကဲ့သို့ တစ်သံသရာလုံး စီးပွားအတွက် အဆက်ဆက် တန်းမြင့်၍ ပါရမီရင့်အောင် ကြိုးစားကြပါ။ ဤလူ့ဘဝသည် ဗုဒ္ဓ ဘာသာဝင် သူတော်စင်များအတွက် အလိုရှိရာ ရနိုင်သော ဘဝ ပဒေသာပင်ကြီး ဖြစ်ပါသည်။

---

http://www.dhammadownload.com



## ပါဟုနေယျ ဂုဏ်တော်ဖွင့်

### (ကျက်မှတ်ရန်)

(၆) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော– အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ ပါဟုနေယျော– ဝေးရပ် မျိုးနွယ်, များဧည့်သည်ဖို့, ရည်ရွယ်မှန်းထား, ပစ္စည်းများကို, ဘုရားတစ်ဆူ, ပွင့်တော်မူမှ, ပေါ်လာကြသည့်, ကမ္ဘာဧည့်ကောင်း, သူတော်ပေါင်းမို့, အကြောင်းထိုက်စွာ, ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

* * * * * *

### ကြည့်ရှုရန် အဓိပ္ပာယ်

ပါဟုနေယျ ဂုဏ်တော်သည် "ဧည့်သည်တို့အဖို့ စီမံအပ်သော ပစ္စည်းကို ခံယူထိုက်၏" ဟူသော အနက်ကို ပြသည်။ [ပ+အာ+ဟုန+ဧယျ၊ ပ= အရပ်တစ်ပါးမှ + အာ = လာသော ဧည့်သည်တို့အား + ဟုန် = ပူဇော်အပ်သော ပစ္စည်း+ ဧယျ= ခံယူထိုက်သည်။]

ယခုကာလ ရိုးရာ ဧည့်သည်များမှာ တွေ့ကြုံဖို့ လွယ်ကူပါ၏။ ဧည့်ဝတ်ပြုဖို့လည်း လွယ်ကူပါ၏။ အရိယာ သံဃာတော်များကား ဘုရား တစ်ဆူတစ်ဆူပွင့်တော်မူမှ ပေါ်လာကြသဖြင့် တွေ့ကြုံခဲသော ကမ္ဘာ့ဧည့်သည့်တော်ကြီးများ ဖြစ်ကြပေသည်။ ထိုဧည့်သည်တော်များသည် ရိုးရာဧည့်သည်များအတွက် ချက်ပြုတ် စီမံထားအပ်သော ပစ္စည်းများကိုလည်း ခံယူထိုက်သည်။

http://www.dhammadownload.com



# ဒက္ခိဏေယျ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၇) ဘဂဝတော– ရှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော– အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ ဒက္ခိဏေယျော– တမလွန်စခန်း, ကြီးပွားလမ်းဖို့, မျှော်မှန်းရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ်စမချန်, အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

ဒက္ခိဏေယျ ဂုဏ်တော်သည် "အလှူကို ခံထိုက်၏" ဟူသော အနက်ကို ပြသည်။ [ဒက္ခိဏာ+ ယျော။ ဒက္ခိဏာ= အလှူ (လှူဖွယ် ဝတ္ထု)+ ယျော = ခံယူထိုက်သည်။]

နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဖို့ ရည်မှန်း၍ လှူဒါန်းအပ်သော အလှူကို "ဒက္ခိဏာ" ဟု ခေါ်၏။ အရိယာ သံဃာတော်များသည် ရည်မှန်းတိုင်းသော အကျိုးကို ရစေနိုင်သောကြောင့် ထို ဒက္ခိဏာကို ခံယူခြင်းငှာ ထိုက်တန်တော်မူကြပေသည်။ ထို ဒက္ခိဏာသည် မိမိအတွက် ချမ်းသာဖို့ရန် လှူဒါန်းခြင်း တစ်မျိုး၊ သေလွန်သူ မိဘ ဆွေမျိုးများအတွက် လှူဒါန်းခြင်း တစ်မျိုးဟု နှစ်မျိုးရှိ၏။

(၁) မိမိအတွက် အလှူသည် အခွင့်သာလျှင် သင့်ရာ ဘဝ၌ နိဗ္ဗာန်မရမချင်း အကျိုးပေးမည်။ ယခုအခါ ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ ကောင်းကျိုး ခံစားနေကြရသည်မှာလည်း သူတို့ သန္တာန်မှာ ရှေးက

http://www.dhammadownload.com



ထို "ဒက္ခိဏာ" အလှူမျိုး ပါရှိခဲ့သောကြောင့် ဖြစ်သည်။ ရှေးက ကုသိုလ်ကံဟောင်း၏ ကောင်းကျိုးကို ခံစားနေကြရသည်။ ယခုဘဝ၌ ပြုမိသော မကောင်းမှုများအတွက် နောက်နောင်ဘဝ၌ သိသာလတ္တံ့။ ၉၁ ကမ္ဘာအတွင်းဝယ် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါလျက် နတ်ပြည်သို့ ရောက်သူမှာ တစ်ယောက်သာ ဘုရားရှင် တွေ့မြင်တော်မူပါသတဲ့။ [မိစ္ဆာဒိဋ္ဌိ ဟူရာ၌ သဲသဲမဲမဲ သူတို့အယူ၌ စွဲလမ်းသူကိုသာ ဆိုလိုသည်၊ ဗုဒ္ဓဘာသာ မဟုတ်ရုံမျှကို မဆိုလို။]

(၂) သေလွန်သူ ဆွေမျိုးများကို မှန်းလျက် လှူဒါန်းရာ၌ကား သေသူက ငရဲကျသော်လည်းကောင်း၊ တိရစ္ဆာန်အမိဝမ်း၌ ဖြစ်သော်လည်းကောင်း၊ အလွန်ဝေးသော တော, တောင်, မြစ်, သမုဒ္ဒရာ ကမ်း၌ ပြိတ္တာ ဖြစ်နေသော်လည်းကောင်း၊ လူ့အမိဝမ်း၌ ဖြစ်ရသော်လည်းကောင်း၊ နတ် ဗြဟ္မာ ဖြစ်ရသော်လည်းကောင်း၊ ဤက လှူဒါန်းသော ကုသိုလ်ကို သူတို့မသိနိုင်ကြ။ သိနိုင်သော်လည်း သူတို့မှာ အကျိုးထူးမရကြ။ သို့သော် လှူဒါန်းသူ ဆွေမျိုးတို့မှာကား ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ကြပါသည်။

သေလွန်သူသည် မိမိအိမ် ရွာ မြို့ အနီးအပါး အကြိုအကြား၌ သွားလာလျက် စားရမဲ့ သောက်ရမဲ့ ပြိတ္တာမျိုး (အစိမ်း တစ္ဆေ သရဲ) ဖြစ်နေလျှင် ကျန်ရစ်သော ဆွေမျိုးများက ဆွမ်း, သင်္ကန်း စသည်ကို လှူဒါန်း၍ "ဤအလှူသည် သွားလေသူ အမိ (အဖ, ဆွေမျိုး) အတွက် ဖြစ်ပါစေသတည်း။ သွားလေသူ အမိ (အဖ, ဆွေမျိုး) မည်သူမည်ဝါသည် ချမ်းသာပါစေသတည်း။ ထိုကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့။ အညီအမျှ ကုသိုလ်ရအောင် အမျှယူပါလော့။

http://www.dhammadownload.com



အမျှဝေပါ၏” ဟု ပြောဆို၍ အမျှဝေသောအခါ ထို ပြိတ္တာများ တွေ့မြင် ကြားသိလျှင် သာဓုခေါ်၍ အဝတ်အစားတို့ကို နတ်သမီး နတ်သားများကဲ့သို့ပင် ရနိုင်ကြသည်။ မိမိအတွက် လှူဒါန်းနေသော်လည်း မမြင် မကြားရသဖြင့် သာဓုမခေါ်နိုင်လျှင် မရကြသေး။ ထို့ကြောင့် သေလွန်သူကို ရည်မှန်း၍ “ဒက္ခိဏာ” ကို ပြုသောအခါ မပြုမီကပင် အချို့အရပ်၌ သုသာန်စသည် သွား၍ “ယနေ့ အလှူဒါန ပြုမှာမို့ လိုက်ခဲ့ပါ” ဟု ဖိတ်မန်ကာ အိမ်သို့ ခေါ်လာကြသည်။ ထိုကုသိုလ် ကို အလွန်ဝေးသော ရှေးရှေးဘဝက ပြိတ္တာဖြစ်ကြသော ဆွေမျိုးဟောင်း များလည်း သာဓုခေါ်နိုင်လျှင် အဖို့ရခွင့် ရှိပါ၏။ ထို့ကြောင့် တစ်စုံတစ်ယောက် ဆုံးသောအခါ ဆူဆူပူပူနှင့် ပကာသနအတွက် သုသာန်မှာ လှူခြင်းထက် မိမိအိမ်မှာပင် ဆုံးသည့်နေ့က စ၍ လှူဒါန်းလျက် အမျှဝေသော နည်းသာ ကောင်းမြတ်ပါ၏။

**ရက်လည်ဆွမ်း။** ။အချို့အရပ် ဆွေမျိုး တစ်ယောက် အနိစ္စ ရောက်ပြီးသောအခါ ရက်လည်ဆွမ်းကျွေးမှု ပြုကြ၏။ ထိုသို့ ပြုရာ၌ အကြောင်းရင်းကား “လူတစ်ယောက် သေဆုံးသောအခါ ကံပစ်ချရာ ဘဝသို့ ချက်ချင်းမပြောင်းသေး၊ ဘဝဟောင်း၌ ရှိရစ်သော အိမ်နှင့် ဆွေမျိုးများ၏ အနီးအပါးဝယ် တစ်လည်လည်နှင့် လှည့်လည်ကြည့်ရှု ကာ ခုနစ်ရက်ကြာအောင် နေသည်” ဟု အယူရှိကြ၏။ ထို့ကြောင့် ခုနစ်ရက်ပြည့်သောအခါ “ဘဝတစ်ပါးသို့ အပြောင်းတွင် ဘဝဟောင်းက ဆွေမျိုးများပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပြီးလျှင် ကောင်းရာဘဝသို့ ရောက်ပါစေတော့” ဟု ရည်စူးလျက် ၇ ရက်လည်မှ ဆွမ်းသွတ်ကြသည်။

http://www.dhammadownload.com



**နည်းလမ်းမဟုတ်။** ။စင်စစ်မှာ ထိုသို့ မှတ်ထင် စွဲလမ်းသည့် အတိုင်း ၇ ရက်မျှ မိမိအိမ်၏ အနီးအပါးတွင် စောင့်စား လှည့်လည် နေတော့သည်မဟုတ်ပါ။ ကံစိမ်ရာဘဝသို့ ချက်ချင်းပင် ပြောင်းကြရပါ သည်။ ငရဲရောက်မည့်သူကို ကံက ဆိုင်းငံ့ စောင့်စားနေမည်မဟုတ်၊ ချက်ချင်းပစ်ချလိမ့်မည်။ နတ်ပြည်ရောက်မည့်သူကလည်း ဆွေမျိုးဟောင်း များကို ငံ့ညှာနေမည်မဟုတ်၊ အိမ်အနီးအပါး၌ နေ၍ ဤဘဝ ဆွေမျိုးများက ပြုမည့်ကုသိုလ်ကို မျှော်လင့်နေသူကား ပြိတ္တာဘဝ ရောက်နေသူသာတည်း။ ထို့ကြောင့် ရက်လည်အောင် ဆိုင်းငံ့ခြင်းသည် နည်းလမ်းမဟုတ်ပါ။ ဆုံးသည့်နေ့ကစ၍ တတ်အားသမျှ ကုသိုလ်ပြု အမျှဝေခြင်းသာ နည်းလမ်းကျပါသည်။

**ပြိတ္တာ ရှစ်သောင်းလေးထောင်။** ။ဤကမ္ဘာမှ ပြန်၍ ရေတွက် သော် ၉၁ ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင် ပွင့်တော်မူပါသည်။ ထိုဘုရားရှင်၏ ညီတော် မင်းသားသုံးယောက်တို့သည် စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်အား လွှဲအပ်၍ အရပ်ရပ်ကိစ္စတို့ကို မှာထားပြီးလျှင် ကျွန်တော်ရင်း တစ်ထောင်နှင့် တကွ တစ်ဝါတွင်းလုံး *ဆယ်ပါးသီလ စောင့်ထိန်းလျက် ကျောင်းတော်မှာ နေကြလေသည်။ လွှဲအပ်ခဲ့သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော်များနှင့် တကွ မင်းသားတို့၏ အခြွေအရံများအတွက်ပါ ချက်ပြုတ်၍ ပြုစုကြရ၏။

* ဤစကားကို ထောက်၍ "ရှိရင်း ရွှေ ငွေကို တစ်ခါတည်း မပေး မစွန့်ရ သော်လည်း သီလစောင့်ခိုက်၌ မကိုင် မခံလျှင် ဆယ်ပါးသီလကို စောင့်ကောင်း၏"ဟု သိသာ၏။

http://www.dhammadownload.com



ထိုအခါ ကိစ္စကြီးငယ် ရွက်ဆောင်ပြုလုပ်ချက်ပြုတ်ကြသူ ဝန်မင်း ဆွေမျိုးတို့သည် ရှစ်သောင်းလေးထောင်ခန့် ရှိသတတ်။ သူတို့သည် သံဃာတော်များအတွက် ချက်ပြုတ်ထားသော စားသောက်ဖွယ်မှ သံဃာတော်များ မကပ်ရခင် နေ့စဉ်မပြတ် သားသမီးများကိုလည်း ကျွေးမွေးကြ၊ မိမိတို့လည်း စားသောက်မိကြသဖြင့် ဤကမ္ဘာ၏ အစလောက်ကပင် အားလုံး ပြိတ္တာများ ဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ [ ဤဝတ္ထုကို ထောက်၍ သူများ ဒါနပြုရာ၌ မိမိတို့က ဦးဦးဖျားဖျား မစားမိအောင်၊ ကလေးများကိုလည်း မကျွေးမိ အောင် သတိပြုကြပါ။]

ထို့နောက် ပွင့်တော်မူလာသော ရှေးဘုရားရှင်များ အထံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့် ကာလကို လျှောက်ထားကြရာ "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဒါနပြုသောအခါ သင်တို့အား အမျှပေးဝေလိမ့်မည်၊ ထိုအခါ သင်တို့ စားသောက်ကြရပေလိမ့်မည်" ဟု မိန့်တော်မူခဲ့သဖြင့် အမျှော်ကြီး မျှော်လင့်၍ နေခဲ့ကြလေသည်။

ထို့နောက် ငါတို့ဘုရားရှင် ပွင့်တော်မူလာ၍ ဗိမ္ဗိသာရမင်းသည် ရှေးဦးစွာ လှူဒါန်း ကျွေးမွေးသောအခါ အမျှမပေးမိသဖြင့် အဖို့မရ၍ ညဉ့်အခါ အသံပြုလျက် ကိုယ်ထင်ပြကြလေသည်။ ဗိမ္ဗိသာရမင်းလည်း ဘုရားအထံတော်လာ၍ အကြောင်းကို လျှောက်ထားရာ အကြောင်းစုံကို ဟောတော်မူသောကြောင့် နောက်ထပ် သင်္ကန်း, ဆွမ်းတို့ကို လှူ၍ အမျှပေးမှ သာဓုခေါ်ကြသဖြင့် ပြိတ္တာအဖြစ်မှ လွတ်မြောက်၍ နတ်အဝတ် အစားများ ပေါ်ပေါက်ရလေသတဲ့။

http://www.dhammadownload.com



**သတိထားဖွယ်။** ။အမျှပေးဝေမှုနှင့် စပ်၍ သတိထားဖွယ် တစ်ရပ်ကို ဉပရိပဏ္ဏာသ, ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ တွေ့ရ၏။ မုဆိုးတစ်ယောက်သည် သေလွန်၍ ပြိတ္တာဖြစ်နေသော ဆွေမျိုးကို ရည်စူးလျက် သီလသိက္ခာ မရှိသော (ရဟန်းအတု) ကိုယ်တော်အား ၂ ကြိမ်တိုင်အောင် အလှူပေး၍ အမျှပေးဝေသော်လည်း အမျှမရဘဲ ရှိရာ ၃ ကြိမ်မြောက် ပေးလှူပြန်သောအခါ ပြိတ္တာက "ငါ့ဖို့ ဥစ္စာကို ဒုဿီလကြီးက လုယူထားသည်" ဟု အော်ဟစ်သတဲ့။ [ဒုဿီလကို လှူ၍ အမျှပေးဝေသောကြောင့် " ငါ့မှာ အဖို့မရဘူး" ဟု ဆိုလိုသည်။]

ထို့ကြောင့် ဆွေမျိုး ဟောင်းများကို ရည်မှန်း၍ လှူဒါန်းကြရာ၌ မိမိကိုယ်တိုင် သီလဆောက်တည်လျက် သီလရှိသူအား လှူဒါန်း၍ အမျှပေးဝေမှ အဖို့ရဖွယ်ရှိကြောင်း ကောင်းကောင်းကြီး သတိပြု သင့်ကြပေသည်။ သီလရှိသော ပုဂ္ဂိုလ်ကို မရွေးချယ်တတ်လျှင် လည်းကောင်း၊ ရွေးချယ်ရမှာ အားနာလျှင် လည်းကောင်း၊ သံဃာ အကုန်ကို ရည်မှန်းလှူဒါန်း၍ အမျှဝေသင့်ပါသည်။

"သံဃာ" ဟူရာ၌ ရဟန်းတော်အများ စုမိမှ "သံဃာ" ဟု မမှတ်ရ၊ ရဟန်းတစ်ပါးပင် ဖြစ်သော်လည်း မိမိက "သံဃာ့အား လှူပါ၏" ဟု သံဃာကို ရည်စူး၍ ဆွမ်းတစ်ထပ် လှူလျှင်လည်း သံဃိကဒါန ဖြစ်နိုင်ပါ၏။ ရဟန်းတော်များကို ပင့်၍ လှူရာ၌မူ အထူးပြောဖွယ် မလိုပါ။ ထို့ပြင် သေလွန်သူကို အကျိုးရစေလိုသော ဆန္ဒနှင့် ကုသိုလ်ပြုရာ၌ မည်သည့်နည်းနှင့်မျှ ဂုဏ်ပကာသနတွေ မပါရအောင် သတိပြုသင့်ပါသည်။

http://www.dhammadownload.com



# အဥ္စလိကရဏီယ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၈) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ ဧသော သာဝကသံဃော – အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ အဥ္စလိကရဏီယော– တစ်လောကလုံး, ကိုင်းညွတ်ရိုးလျက်, ရွှင်ပြုံးကြည်ညို, ရှိသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

* * * * * *

## ကြည့်ရှုရန် အစီပွာယ်

အဥ္စလိကရဏီယ ဂုဏ်တော်သည် "လက်အုပ်ချီမှုကို ပြုထိုက်၏" ဟူသော အနက်ကို ပြသည်။ [အဥ္စလိ= လက်အုပ်ချီမှု+ ကရဏီယ= ပြုထိုက်သည်။]

အရိယာသံဃာတော်အပေါင်းသည် တစ်လောကလုံးရှိ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကြည်လင် ရွှင်ပျ မြတ်နိုးလှစွာ ကိုင်းညွတ်ရိုသေမှု လက်အုပ်ကို နဖူးပေါ်ရောက်အောင် မိုးလျက် ရှိခိုးမှုကို ခံထိုက်ပေ၏။ ပုထုဇဉ် သံဃာတို့ကား အရိုအသေ ခံထိုက်လောက်အောင် သီလ, သမာဓိ, ပညာဂုဏ် မရှိပါလျှင် လူတို့က အရိုအသေပြုမှုကြောင့် မိမိတို့အပေါ်၌ ကြီးလေးသော တာဝန်များ တက်ရောက်လာဖွယ်ရှိသည်။ ဝိသုဒ္ဓိမဂ်လာ အောက်ပါ ဂါထာသည် အလွန် သံဝေဂ ဖြစ်ဖွယ်ကောင်းသော ဂါထာပေတည်း။

http://www.dhammadownload.com



ပိဏ္ဍောပိဿ အယောဂုဠော,
အယောပဋ္ဋော စီဝရံ၊
ဝိဟာရော အယောကုမ္ဘိဝ,
သတ္တိဝေဓောဝ အင္ဂုလိ။

အဿ– ထို သီလ သိက္ခာ, ကောင်းစွာ မစင်, ပုထုဇဉ်ဆိုး, ရဟန်းမျိုး၏၊ ပိဏ္ဍောပိ– ဒကာ ဒကာမ, သဒ္ဓါကြွ၍, ထာဝရလှူဒါန်း, စားဖွယ် ဆွမ်းသည်လည်း၊ အယောဂုဠောဝ– အရှိန်ရဲရဲ, မီးလျှံစွဲသည့်, သံခဲ သံ လုံး, သံတုံးတွေနှင့် တူလှလေ၏။ စီဝရံ– ကိုယ်ဝယ်ဆင်မြန်း, ဝတ်သင်္ကန်းသည်၊ အယောပဋ္ဋောဝ– အရှိန်ကြီးမား, မီးလျှံဝါးသည့်, သံပြားကြီးနှင့် တူလှလေ၏။ ဝိဟာရော– သွား ရပ် ထိုင် လျောင်း, နေရာကျောင်းသည်၊ အယောကုမ္ဘိဝ– ဝန်းကျင်ကောက်ပြောင်, ရဲရဲလောင်ညီး, သံအိုးကြီးနှင့် တူလှလေ၏။ အင္ဂုလိ– လူသူအားလုံး, များညွတ်ရှုံးလျက်, ရှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကြခြင်းသည်၊ သတ္တိဝေဓောဝ– အရောင်လက်လက်, မြမြထက်သည့်, လှံရွက်ကိုမိုး, ဝိုင်း၍ ထိုးသည်နှင့် တူလှလေသတည်း။

မိမိ၏ သီလ သိက္ခာ မလုံလောက်လျှင် ရဟန်းအဖြစ်၌ နေထိုင်ဖို့ရန်ပင် မသင့်တော့ပြီ။ ရဟန်းအဖြစ်ဟူသည် အလွန်ကြီးမားသော ဆုထူးကို ရည်ရွယ်မှန်းထားသော အဂ္ဂသာဝက၊ မဟာသာဝက အလောင်း၊ ဘုရားအလောင်းများနှင့်သာ၊ သို့မဟုတ် နိဗ္ဗာန်ကို မြန်မြန် ရလို၍ သံသရာ၌ ငြီးငွေ့သော သူတော်ကောင်းတို့နှင့်သာ ထိုက်တန်၏။ အမှတ်တမဲ့ နေသူတို့မှာ ဗုဒ္ဓသာသနာတော်နှင့် မတန်မရာချေ။

http://www.dhammadownload.com



သို့ပါလျက် အမြင်တိုသော ဆွေမျိုးများက "လူ့ဘောင်၌ တေလေ လုပ်နေလျှင် အိမ်မှာ အနှောင့်အယှက် ပေးလိမ့်မည်၊ ရာဇဝတ်မှု ကျူးလွန်လျှင် ထောင်ကျ၍ ဆင်းရဲလိမ့်မည်၊ ဘာမှ အလုပ်အကိုင် မတတ်လျှင် အသက်မွေးမှု ခက်ယဲလိမ့်မည်၊ ဘုန်းကြီး လုပ်နေလျှင်ကား အစားအသောက် အနေအထိုင် မကြောင့်ကြရ၊ ဘာမျှ မလုပ်မကိုင်ဘဲ ဘုရားထူးခံ ဦးချခံ၍ ဟန်ဟန်ပန်ပန်ကြီး နေနိုင်သည်" ဟု သူတို့ တွက်ကိန်းအရ အိမ်၌ အသုံးကျပုံမပေါ် သူကို ဘုန်းကြီးလုပ်ဖို့ တိုက်တွန်းလိုက်ကြသဖြင့် သာသနာ့ဝန်ကို မဆောင်နိုင်ဘဲ သာသနာ တော်ကြီးကို "ဖိစီး"နေသော သာသနာ့ဝန်စီးတွေ ပေါများ၍နေသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှတော့၏။

လောကကောင်းကျိုးကို ဆောင်ရွက်နေသော ပုဂ္ဂိုလ်ကောင်းများနှင့် ဆက်ဆံခွင့်မရသော ခေတ်လူငယ်တချို့က ထို သာသနာ့ဝန်စီးများကို ကြည့်၍ ဘာသာရေးကို ပစ်ပယ်လိုသော စိတ်ထားများလည်း ယခုအခါ ပေါ်ပေါက်လာသဖြင့် သာ၍ ကြောက်ဖွယ်ဘေးကြီးနှင့် ရင်ဆိုင် ရတော့မလို ဖြစ်နေချေပြီ။ ဝန်ဆောင်ပုဂ္ဂိုလ်များသည် သာသနာ သန့်ရှင်းရေးကို ကြိုးစားနိုင်ကြလျှင် ကြိုးစားဖို့ အချိန်ရောက်နေပါပြီ။ မကြိုးစားနိုင်ကြလျှင်ကား တခြားနိုင်ငံက ဘုန်းကြီးများ၏ အခြေအနေသို့ ရောက်ဖို့ရန် အချိန်ကြာကောင်း ကြာပေလိမ့်မည်။ [ တခြားနိုင်ငံ၌ ဘုန်းကြီးအခေါ်ခံရသူများကို အထက်တန်းမှာ မထားကြ၊ ထိုဘုန်းကြီးများ လည်း သင့်တော်သလို ရှာဖွေ၍ အသက်မွေးကြရရှာသည်။]

http://www.dhammadownload.com



# အနုတ္တရ ပုညခေတ္တ ဂုဏ်တော်ဖွင့်

## (ကျက်မှတ်ရန်)

(၉) ဘဂဝတော– ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ သော သာဝကသံဃော– အစုံလေးပါး, သီးခြား ရှစ်ဖော်, သံဃာတော်အပေါင်း, ဤအရိယာသူတော်ကောင်းသည်၊ လောကသုံး– လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ အနုတ္တရံ– အတုမရှိ, မြတ်ခေါင်ထိသော၊ ပုညခေတ္တံ– ကုသိုလ်ကောင်းမှု, မျိုးစေ့စု၏, ကြီးထုမြင့်မား, စွင့်စွင့်ကားလျက်, ဖွင့်ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ ဖြစ်တော်မူပါပေ၏။

* * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

အနုတ္တရပုညခေတ္တ ဂုဏ်တော်သည် "ကောင်းမှုမျိုးစေ့ကို ကြဲချ စိုက်ပျိုးဖို့ရန် မြတ်သော လယ်ယာနှင့် တူတော်မူ၏" ဟူသော အနက်ကို ပြ၏။ [ အနုတ္တရ= မြတ်သော+ ပုည= ကောင်းမှု+ ခေတ္တ= လယ်ယာ။]

အရိယာ သံဃာတော်သည် လယ်ယာမြေကောင်းနှင့် တူ၏။ ကောင်းမှုရှင်များကား လယ်ယာရှင်နှင့် တူသည်။ ကောင်းမှုရှင်များ ပြုကြသော လှူဒါန်းမှု၊ ရဟန်းတော်များ၏ အဆုံးအမအတိုင်း သီလ ဆောက်တည်မှု၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုမှာ အောင်အောင်မြင်မြင် အနှစ်ပြည့်ဝသော မျိုးစေ့နှင့် တူသည်။

လယ်ယာ စိုက်ပျိုးရာ၌ မြက် သစ်ပင် စသော အနှောင့်အယှက် ကင်း၍ သန့်ရှင်းသော လယ်ယာ၌ စိုက်ပျိုးသော မျိုးစေ့များသည်

http://www.dhammadownload.com



စည်ပင်ပြန့်ပွား၍ ဖွံ့ထွားကြီးမားသကဲ့သို့ ကောင်းမှုရှင်များသည် လှူဒါန်းမှု အစရှိသော မျိုးစေ့တို့ကို ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်ပြီးသော အရိယာသံဃာတော်၌ စိုက်ပျိုးကြ၍ လိုက်မှသာ နောင်အချိန်ကျသောအခါတွင် အလွန်ကြီးမားသော အကျိုးများကို ခံစားကြရပါလိမ့်မည်။

ထို့ကြောင့် ယခုနှယ်အခါ အရိယာသံဃာဟူ၍ သိသိသာသာ မထင်ရှားရကား သံဃာအများနှင့် စပ်ဆိုင်သော ကထိန်သင်္ကန်း လှူဒါန်းမှု၊ နေ့စဉ်ဆွမ်းလောင်းမှု စသော ကိစ္စ၌ ပရိနိဗ္ဗာန် စံဝင်ပြီးသော သံဃာတော်များနှင့် တစ်သာသနာလုံး သံဃာတော်များကို ရည်မှန်း၍ လှူဒါန်းကြပါ။ တစ်ပါး နှစ်ပါး စသည် လှူဒါန်းရာ၌ကား သီလ, သမာဓိ, ပညာ ကောင်းစွာလုံလောက်သော ပုဂ္ဂိုလ်များကို ရွေးချယ်၍ လှူဒါန်းမှသာ အကျိုးများများ ရနိုင်ပါမည်၊ ပုထုဇဉ် သူတော်ကောင်း များလည်း သောတာပန်လောက် နီးနီး ခရီးရောက်ကြပေသည်။

**လာဇာနတ်သမီး ဝတ္ထု။** ။ဘုရားလက်ထက်တော်က ဆင်းရဲသူ အမျိုးသမီး တစ်ယောက်သည် လယ်တောစောင့်ရင်း သရေစာ အဖြစ် စားဖို့ရာ ပေါက်ပေါက်ကလေးများကို လှော်ထား၏။ အရှင်မဟာ ကဿပ မထေရ်မြတ်သည် နိရောဓသမာပတ်မှ ထလျှင် ဆင်းရဲသူမ ကလေးကို မြင်သဖြင့် လယ်တောသို့ ဆွမ်းခံကြွတော်မူသည်။ အမျိုးသမီးကလေးသည် မိမိစားဖို့ရာ ပေါက်ပေါက်ကလေးများကို လာရောက် လှူဒါန်းပြီးလျှင် ဝမ်းမြောက် ဝမ်းသာ မိမိ၏ အလှူကို အောက်မေ့လျက် လယ်စောင့်တဲသို့ အပြန်တွင် ကစင်း (ကန်သင်း)

http://www.dhammadownload.com



ရိုးမှ မြွေကိုက်သဖြင့် ချက်ချင်း ဆုံးလေသည်။ ထိုအခါ မိမိကုသိုလ်ကို ဝမ်းမြောက်သော စိတ်က စွဲနေသဖြင့် အလွန်မဆင်းရဲရဘဲ နတ်ပြည်သို့ ရောက်၍ ပေါက်ပေါက်ဇာတွေ တွဲရရွဲဆွဲနေသော ဘုံ၌ နတ်သမီးဖြစ်ကာ "လာဇာနတ်သမီး"ဟု ထင်ရှားလေသည်။ [ပေါက်ပေါက်ကို ပါဠိကို "လာဇာ"ဟု ခေါ်သည်။]

ထို့နောက် အရှင်မဟာ ကဿပ မထေရ်ကို ကျေးဇူးတင်လှ၍ ဝတ်ကြီးဝတ်ငယ် ပြုစုလိုသောကြောင့် အရှင်မဟာကဿပ နေရာ လိုဏ်ဂူသို့ ဆင်းလာသောအခါ အရှင်မဟာကဿပက အပြုအစု မခံသဖြင့် ငိုငိုရီရီနှင့် နတ်ပြည်သို့အပြန်တွင် ဘုရားရှင် မြင်တော်မူ၍ တရားဟောတော်မူရာ "သောတာပန်" အဖြစ်သို့ ရောက်လေသည်။ ဤသို့လျှင် အရိယာ သံဃာတော်သည် ကောင်းမှု တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးဖို့ရာ အတုမရှိသော လယ်ယာ မြေကောင်းနှင့် တူပါပေသည်။ [ဓမ္မပဒ အဋ္ဌကထာ, ပါပဝဂ်။]

ဤဝတ္ထု၌ အနည်းငယ်သော ပေါက်ပေါက်ကလေးများကို လှူဒါန်းမှုကြောင့် နတ်စည်းစိမ် ရရုံမျှမက သောတာပန် ဖြစ်သည့် တိုင်အောင် ကြီးကျယ်သော အကျိုးထူးကို ရသည်မှာ ညောင်စေ့ကလေး စိုက်ပျိုးလိုက်ရာ ညောင်ပင်ကြီး ပေါက်လာသည်နှင့် တူသောကြောင့် "ညောင်စေ့လောက် လှူလိုက်လျှင် ညောင်ပင်ကြီးလောက် ရ၏" ဟု ပြောစမှတ်ပြုကြသည်။

**တိုက်တွန်းချက်။** ။ယခုကာလ မိကောင်းဖကောင်း သားသမီးတို့မှာ ရှေးက ပြုခဲ့သော အကုသိုလ်တွေ ရှိစေကာမူ အကျိုးမပေး

http://www.dhammadownload.com



ရလျှင် မနေနိုင်လောက်အောင် (အပါယ် ၄ ပါးသို့ မချရလျှင် မနေနိုင်လောက်အောင်) ကြီးကျယ်သော အကုသိုလ်ကံများကား အကျိုးပေးသင့်သမျှ ပေးပြီးဖြစ်၍ နောက်ထပ် အကျိုးပေးရာ၌ အကုသိုလ်ကံကြီးများ မရှိသလောက် နည်းပါးလေပြီ။ ထို့ကြောင့် ယခုဘဝ၌ ကြီးကျယ်သော အကုသိုလ်ကံများကို နောက်ထပ်မဖြစ်ရအောင် စောင့်စည်း၍ ကြိုးကြိုးစားစား ပါရမီဖြည့်သွားလျှင် ကောင်းသော ဘဝသို့ ရောက်ဖို့ရန်မှာ မလွဲနိုင်တော့ပြီ။ တကယ်တမ်း လိုချင်ပါမူ နိဗ္ဗာန်နှင့် နီးလှပေပြီ။

ယခုဘဝကား သေရေးရှင်ရေးထက် အရေးကြီးသော ဘဝပေတည်း။ ယခုဘဝ၌ မေ့မေ့လျော့လျော့နှင့် ခပ်ပေါ့ပေါ့ နေသွားကြလျှင် သံသရာမှ ကျွတ်လွတ်ဖို့အတွက် မျှော်လင့်ချက် ဝေးလှ၏။ ယခုဘဝ၌ အားရပါးရ ကြိုးစားကြလျှင်ကား အထက်တန်းရောက်ဖို့လည်း မခက်၊ သံသရာမှ လွတ်ဖို့လည်း မခက်တော့ပြီ။ သို့အတွက် ကိုယ်စီကိုယ်င စိတ်ထားမြင့်မြတ်အောင် ပြုပြင်လျက် အကုသိုလ်များကို အထူးဆင်ခြင်ကြပြီးလျှင် ပြခဲ့သောဝတ္ထုကို ထောက်ထား၍ ကုသိုလ်ကောင်းမှုကို နေ့စဉ် ကြိုးစားကြပါ။ ထိုကဲ့သို့ ကြိုးစား၍ စိတ်ကောင်းထားသူသည် ဘဝအဆက်ဆက်၌ သူတော်ကောင်းနှင့် တွေ့၍ ထိုသူတော်ကောင်း အထံမှ ကောင်းသော ဩဝါဒကို ရနိုင်ပါ၏။ ထိုဩဝါဒအတိုင်း နေထိုင်လျှင် အပါယ်မကျနိုင်တော့ဘဲ ပါရမီအဆင့်ဆင့် ရနိုင်ပါသည်။

**သူတော်ကောင်းဆိုသည်မှာ**– (၁) ငါးပါးသီလကို လုံခြုံသူ၊ (၂) ငါးပါးသီလ၌ မပါသေးသော ဒုစရိုက်များကို ရှောင်လေ့ရှိသူ၊

http://www.dhammadownload.com



(၃) ဣဿာ မစ္ဆရိယ မဖြစ်အောင် သတိထားသူ၊ (၄) ဒါန စသော ပုညကြိယဝတ္ထုကို စွမ်းနိုင်သမျှ ပြုလေ့ရှိသူသာတည်း။

---

## သံဃာရှိခိုး ဂါထာဖွင့်

### (ကျက်မှတ်ရန်)

ဓဝံ နဝဟိ ဂုဏေဟိ,
လောကမှိ ဝိသုတံ ဂဏံ၊
သာသနံ စိရဋ္ဌိတာရံ,
ဝန္ဒာမိ တီဟိ သာဒရံ။

ဓဝံ နဝဟိ ဂုဏေဟိ– ဤသုပ္ပဋိပန္နတာ, အစလာသည့်, ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ– ဘဝဂ်ဆုံးအောင်, ဘုံသုံးဆောင်၌၊ ဝိသုတံ– တိတ္ထိတို့ဘောင်, လွန်မြားမြောင်သည့်, ဟန်ဆောင်သံဃာ, အဖြာဖြာထက်, အရာရာဖြင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့် ထင်ရှားပေထသော၊ သာသနံ– ကမ္ဘာကမ္ဘာ, လွန်လေပါလည်း တစ်ခါတစ်ဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, ဤသာသနာတော် မြတ်ကြီးကို၊ စိရဋ္ဌိတာရံ– ဘုရားလက်ထက်, အဆက်ဆက်မှ, မပျက်ရအောင်, ပို့ချသင်ယူ, ဆောင်ရွက်တော်မူလာပေထသော၊ ဂဏံ– အတွင်းစိတ်ဓာတ်, မြင့်မြတ်ကြည်လင်, သူတော်စင်ကောင်း, အရိယာသံဃာတော်အပေါင်းကို၊ တီဟိ–လက်အုပ်အဥ္ဇလီ, နှုတ်သံချီ၍, ရှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ– လေးမြတ်ကြည်ညို, ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ– ဂုဏ်တော်ထုံမွမ်း, ပုံတော်မှန်းလျက်,

http://www.dhammadownload.com



ချီးမွမ်းထောမနာ, ပဏာညွှတ်ကျိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

* * * * * *

[ဂုဏ်တော် ၉ ပါးကို သံဃာ့ဂုဏ်တော်ဖွင့် အစဉ် ပြခဲ့ပြီ။]

## ကြည့်ရှုရန် အစီပွာယ်

**တိတ္ထိတို့အောင်, ကြီးမြင့်ထင်ရှားပေထသော။** ။ဘာသာတိုင်း၌ ဘုရားအပြင် တပည့်သံဃာများလည်း ရှိကြရိုးပင် ဖြစ်ပေ၏။ တိတ္ထိတပည့်ဟူသမျှတို့ထက် ဘုရားရှင်၏ အရိယာဖြစ်ပြီးသော တပည့်သံဃာတော်များက အရာရာ၌ ဂုဏ်အရည်အချင်း သာလွန် ကျော်စောတော်မူကြပေသည်။

**ရာဇဂြိုဟ် သူဌေးကြီး။** ။ဘုရားရှင် လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦးသည် ရေချိုးရာမှ စန္ဒကူးနံ့သာတုံးကို ရသဖြင့် သပိတ်လုပ်စေပြီးလျှင် ယခုကာလ၌ ရဟန္တာတွေ အလွန်ပေါများနေပေသည်၊ "ရဟန္တာ အစစ်ရှိလျှင် ဤသပိတ်ကို တန်ခိုးဖြင့် ဆောင်ယူပါလော့" ဟု ကြော်ငြာပြီးလျှင် အတောင် ၆၀ မြင့်သော ဝါးကြီးကို စိုက်ထောင်ကာ သပိတ်ကို ဆွဲထားလေသည်။ ထိုအခါ တပည့် သံဃာများနှင့်တကွ တိတ္ထိဆရာကြီးများကိုယ်တိုင် လာ၍ ချာန်ပုံတော့မည့်ဟန်ကို ပြရာ တပည့်များက "အရှင်ဘုရား၊ သပိတ်ကလေး တစ်လုံးအတွက် အဖိုးများစွာ ထိုက်သော တန်ခိုးတော်ကို ပြတော်မမူပါနှင့် ဘုရား" ဟု ဆွဲကြ ငင်ကြ တောင်းပန်ကြ၍ ဟန်ကိုပြလျက် ပြန်ကြလေသည်။

http://www.dhammadownload.com



ဤနည်းအတိုင်း ဟန်ပြလျက် အချိန်ကုန်ပြီးနောက် ၇ ရက်မြောက်၌ကား အရှင်မောဂ္ဂလ္လာန်၏ တိုက်တွန်းချက်အရ အရှင်ပိဏ္ဍောလ မထေရ်သည် သုံးဂါဝုတ်လောက်ရှိသော ကျောက်ဖျာကြီးကို ခြေမဖြင့် တို့ယူ၍ ရာဇဂြိုဟ်ပြည်၏ အထက်ကောင်းကင်၌ ဈာန်ပျံလေရာ တစ်ပြည်လုံး ဒုန်းအုန်းကျွက်ကျွက် ဆူကာ" အရှင်ဘုရား၊ သတိထားတော်မူပါ၊ ကျောက်ဖျာကြီး ကျလာပါလိမ့်မည်၊ သတိထားတော်မူပါ" ဟု လက်နှစ်ဖက်ဖြင့် ဦးခေါင်းပေါ်မှာ ကွယ်ကာကြလျက် တောင်းပန်သူက တောင်းပန်၊ ဇန်း ဆန်ကော စသည်ကို ဦးခေါင်းပေါ်တင်၍ ကွယ်ကာသူက ကာကွယ်၊ အိမ်တွင်းမှာ ပုန်းသူက ပုန်းနှင့် တရုန်းရုန်း လှုပ်ရှား နေလေသည်။ [ဈာန်အဘိညာဉ်၏ တန်ခိုးသည် လေးသောအရာ ပေါ့၊ ပေါ့သောအရာ လေးအောင် ပြုနိုင်သည်။]

ထို့နောက် အတော်ကြာအောင် လှည့်ဝဲပြီးမှ သူဌေးကြီး၏ ပင့်လျှောက်ချက်အရ ကျောက်ဖျာကြီးကို သူ့နေရာချ၍ ကောင်းကင်မှ ဆင်းသက်တော်မူခဲ့သည်။ ဤသို့လျှင် ဘုရားရှင်၏ သာဝကဖြစ်သော သံဃာတော်များသည် တိတ္ထိတို့၏ ဟန်ဆောင်သံဃာများနှင့် အနေအထိုင်မှစ၍ ဂုဏ်အရည်အချင်းအားဖြင့် အရာရာ ကွာခြားလျက် ကြီးကျယ် ထင်ရှားပါပေသည်။ [ စူဠဝဂ္ဂပါဠိတော်, ခုဒ္ဒကဝတ္ထု, ခန္ဓက။]

## သာသနာသုံးရပ်

(၁) ပရိယတ္တိသာသနာ= ပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများ။

(၂) ပဋိပတ္တိသာသနာ= တရားတော်အတိုင်း ကျင့်ကြံအားထုတ်မှု။

(၃) ပဋိဝေဓသာသနာ= မဂ် ဖိုလ် နိဗ္ဗာန်တရားကို သိကြ ရကြမှု။

http://www.dhammadownload.com



သံဃာတော်သည် သာသနာတော်မဟုတ်၊ သာသနာ့ဝန်ဆောင်များသာတည်း။ ထိုသာသနာ့ဝန်ဆောင်ဖြစ်ကြသော သံဃာတော်များ၏ တာဝန်ကား အထက်ပါ သာသနာ သုံးမျိုးကို ကိုယ်တိုင် အားထုတ်ခြင်း၊ သူတစ်ပါးကို နားလည်အောင်ပို့ချဟောပြခြင်း အားဖြင့် ကွယ်ပျောက်မသွားအောင် စောင့်ရှောက်ရခြင်းတည်း။

**ဘုရားလက်ထက် ဆောင်ရွက်တော်မူပုံ။** ။ဤသာသနာသုံးရပ်ကို မကွယ်ပအောင် ဘုရားလက်ထက်တော်မှစ၍ ကျမ်းဂန်တတ်သိ ပညာရှိအပေါင်းတို့သည် အဆက်ဆက် ဆောင်ရွက်တော် မူလာခဲ့ကြပေသည်။ အကယ်၍ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း အားထုတ်နေခဲ့ကြ၍သော် လည်းကောင်း၊ ရဟန်းသံဃာများကို အဆက်ဆက် စာပေမပို့ချဘဲ အေးအေးနေခဲ့ကြ၍သော် လည်းကောင်း၊ ဒကာ ဒကာမတွေကိုသာ ဟောပြ၍ နေခဲ့ကြသော် လည်းကောင်း၊ ဤသာသနာ သုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏။ စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပြုခြင်း၊ အဆက်ဆက် စာပို့ချခြင်းကြောင့်သာ ယခုတိုင်အောင်ပင် ဤသာသနာတော်ကြီးကို အားလုံး တွေ့ကြုံရပေသည်။ သာသနာတော် တည်တံ့ရေးကို သတိပြုမိသောအခါ ကျမ်းပြု စာချ ဆရာတော်များသည် အထူးကြည်ညိုစရာကောင်းလှပါပေသည်။ ထို့ကြောင့် ကျမ်းဂန်တတ်သိ ပညာရှိများကို "ဘုရားအရာထား၍ ဘုရားရှင်ကိုယ်တော်စား သာသနာပြု ပုဂ္ဂိုလ်များ" ဟု မြှောက်စားကြပေသည်။

http://www.dhammadownload.com



## သာသနာဆောင်ရွက်ခဲ့ပုံ အစဉ်

**ပဌမ သင်္ဂါယနာတင်ခြင်း။** ။ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၇ ရက်လောက်အကြာမှာ အရှင်မဟာကဿပ ရှေ့တွင် ရဟန်းတစ်ပါးက မဖွယ်ရာ စကားဖြင့် ရှင်တော်ဘုရားကို ထိပါးပုတ်ခတ်ခြင်းကြောင့် ပရိနိဗ္ဗာန်စံပြီး၍ လေးလမြောက်မှာ အရှင်မဟာကဿပ ကိုယ်တိုင် ကြီးကြပ်၍ ပိဋကတ်တော်များကို စီစဉ်ကာ သင်္ဂါယနာ တင်ခဲ့ရသည်။ [အားလုံးပေါင်း၍ တညီတညွတ်တည်း ရွတ်ဆိုကြခြင်းကို "သင်္ဂါယနာတင်ခြင်း" ဟု ခေါ်ရသည်။ သံ+ဂါယနာ၊ သံ= စုပေါင်း၍+ ဂါယနာ= ရွတ်ဆိုခြင်း။]

**ဒုတိယ သင်္ဂါယနာတင်ခြင်း။** ။ထို့နောက် အနှစ်တစ်ရာလောက် ကြာပြန်လျှင် ရဟန်းအချို့တို့ ငွေအလှူခံမှုကြောင့် "အရှင်မဟာယသ" တိုက်တွန်းချက်အရ ဒုတိယ သင်္ဂါယနာ တင်ခဲ့ရပြန်သည်။ [မအပ်မရာ ငွေအလှူခံမှုကား သို့ကလောက်ပင် အရေးကြီး၏။]

**တတိယသင်္ဂါယနာတင်ခြင်း။** ။ထို့နောက် ဘုရားရှင်ပရိနိဗ္ဗာန် စံ၍ အနှစ် ၂၃၅ နှစ်မြောက်တွင် ဓမ္မာသောကမင်းကြီး၏ လက်ထက်မှာ သာသနာတော်ဝင်၍ တိတ္ထိတို့ နှောင့်ယှက်မှုကြောင့် "အရှင်မောဂ္ဂလိပုတ္တတိဿ" အမှူးပြုလျက် တတိယသင်္ဂါယနာ တင်ခဲ့ရပြန်သည်။

**စတုတ္ထ သင်္ဂါယနာတင်ခြင်း။** ။ထိုသင်္ဂါယနာ တင်ပြီးနောက် သာသနာတော်သည် သီဟိုဠ်ကျွန်းနှင့်တကွ အရပ်ရပ် ပြန့်နှံ့လေရာ သထုံပြည်တိုင်အောင် ရောက်လာလေသည်။ သီဟိုဠ်ကျွန်း၌ များစွာ စည်ပင်ထွန်းကားစဉ် "ဗြဟ္မဏတိဿ" သူပုန်ဘေးကြီး ဖြစ်ပေါ်လာ၍

http://www.dhammadownload.com



ပြည်ရွာ မငြိမ်သက်ရကား ရဟန်းအများပင် မဇ္ဈိမဒေသ အိန္ဒိယဘက်သို့ ကူးသွားကြရလေသည်။

ထိုအခါ ကျမ်းတတ်အကျော် အချို့ဆရာတော်တို့သည် သီဟိုဠ်ကျွန်းမှာ ကျန်ရစ်ခဲ့ကြ၍ လူအများလည်း တောထဲ၌ ပုန်းအောင်းနေရကား ဆွမ်းဘောဇဉ်ကို မျှတအောင် မဆိုထားဘိ၊ စားကောင်းရာရာ သစ်သီးသစ်ရွက်ကိုမျှ မှန်မှန်လှူနိုင်သူ မရှိသဖြင့် ရံဖန်ရံခါ အစာအာဟာရကို မရကြပါ။ သို့သော် နှုတ်တက် ဆောင်ထားသော ကျမ်းဂန်များကို မေ့မည်စိုးသောကြောင့် ရေစိုသော သဲပြင်ပေါ်မှာ လျှောင်းပြီးလျှင် ရင်မပူအောင် ရင်ဘတ်ပေါ်မှာ သဲစိုတင်၍ ပိဋကတ်တော်များကို ရွတ်အံ သရဇ္ဈာယ်ကာ ဆောင်ရွက်ခဲ့ရှာကြပေသည်။

[လုံ့လတော်ကြီးမား၍ သာသနာတော်မှာ ကျေးဇူးတော် များကြပါပေစွ။]

ထို့နောက် သူပုန်ဘေးကြီး ငြိမ်းအေးသွားသောအခါ အားလုံးသံဃာတော်များ သီဟိုဠ်ကျွန်းသို့ ပြန်ရောက်ကြသဖြင့် နောက်နောင်အခါ ယခုလိုဘေးကြီး ဖြစ်လာခဲ့လျှင် နောင်လာနောက်သားတို့ ပိဋကတ်တော်ကို နှုတ်တက်ဆောင်နိုင်ရန် ခဲယဉ်းမည်ကို မြင်တော်မူကြ၍ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ် (၄၅၀) လောက်မှာ ဝဋ္ဋဂါမဏိမင်း၏ လက်ထက်၌ ပိဋကတ်တော်များကို ပေရွက်ပေါ်ရေးသားစေ၍ စတုတ္ထသင်္ဂါယနာ တင်တော်မူခဲ့ရပြန်သည်။ [စတုတ္ထသင်္ဂါယနာ မတင်မီက ယခုကာလလို စာဖြင့် ရေးသားမထားဘဲ နှုတ်တက်ရအောင် ဆောင်ခဲ့ရသည်။]

http://www.dhammadownload.com



**ပဥ္စမသင်္ဂါယနာတင်ခြင်း။** ။စတုတ္ထသင်္ဂါယနာ တင်ပြီးနောက် မြန်မာနိုင်ငံတွင် သထုံမှ ပုဂံသို့ သာသနာဆက်၍ အဝနေပြည်တော်၌ "ရွှေနန်းကျော့ရှင် နရပတိ" မင်း၏ လက်ထက် ရောက်သောအခါ "သိုဟန်ဘွား" ခေါ် ရှမ်းလူမျိုးက နှောင့်ယှက် အုပ်စိုးလာသဖြင့် သာသနာတော် ကစဉ့်ကရဲဖြစ်ကာ ကျမ်းစာများကို မီးရှို့ပြီးလျှင် ရဟန်းတော်အမြောက်အမြားကို သတ်ဖြတ်ကြရာတွင် စာတတ်ပုဂ္ဂိုလ် ချည်းပင် သုံးရာကျော်လောက် ပါသွားသတဲ့။ ထိုအခါ ကျန်ရစ်သော ရဟန်းတော်များက စာပေများကို စုဆောင်းရာ၌ ဝိနည်းငါးကျမ်းတွင် ပရိဝါ ပါဠိတော်ကို ရှာဖွေမရဘဲ ရှိလေသော် အတော်ကြာအောင် လိုက်၍ရှာကြမှ နွတ်လွတ်ရသော တောကျောင်း ဘုန်းတော်ကြီး "အရှင်ဒီပ"ကို တွေ့၍ ကူးယူကြရလေသတဲ့။

ထိုသို့ ကြိုးကြိုးစားစားနှင့် မြန်မာဆရာတော်များ ဆောင်ရွက် လာခဲ့ကြရာ မင်းတုန်းမင်းလက်ထက်မှာ "ပဥ္စမ သင်္ဂါယနာတင်" အနေသို့ ရောက်အောင် တံဆိပ်ရ ဆရာတော်ကြီးများ ပြင်ဆင်လျက် ကျောက်ထက်အက္ခရာ တင်တော်မူခဲ့ကြပေသည်။ ထိုမင်းတရား၏ သာသနာတော်ကို မြှောက်စား ချီးမြှင့်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံ သာသနာတော်သည် အဘိဓမ္မာဘက်နှင့် ဝိနည်းဘက်၌ သီဟိုဠ်၊ ယိုးဒယား၊ တိဗက်၊ ဂျပန်၊ တရုတ်ပြည်၌ရှိသော သာသနာထက် သာလွန် ကောင်းမြတ်လျက် ရှိပေသည်။

ဤသို့ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ စ၍ သာသနာတော်ကြီး ကွယ်ပျောက်သင့်ပါလျက် မကွယ်ပျောက်ရလေအောင်

http://www.dhammadownload.com



ဆောင်တော်မူလာကြသော အရိယာ သံဃာတော်များနှင့် ပုထုဇဉ် ပညာရှိအပေါင်း သူတော်ကောင်းတို့သည် နောင်လာ နောက်သား ဗုဒ္ဓဘာသာဝင်များအဖို့မှာ လွန်စွာ ကျေးဇူးများကြပေသည်။

**အထူးသတိပေးချက်။** ။ညွှန်ပြခဲ့သော စကားစဉ်အရ သံဃာရတနာ၏ အကြောင်းအရာနှင့်တကွ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များကို ရွေးချယ်တင်ပြလောက်ပါပြီ။ တစ်ရုံတစ်ခါ သံဃာကိုရည်မှန်း၍ လှူဒါန်းရာ၌ ပုဂ္ဂိုလ်ကောင်းဆိုးကို ရွေးချယ်ဖို့ မလိုပါ။ ပုဂ္ဂိုလ်ကို မမှန်းဘဲ သံဃာအားလုံးကို မှန်းနိုင်ပါလျှင် သင်္ကန်းတစ်ထည်လောက် ဖြင့်လည်း သံဃိကဒါန မြောက်ပါ၏။

ကျောင်းကန် တိုက်တာ တည်ဆောက် ကိုးကွယ်ကြရာ၌ကား အတွင်းအပြင် စိတ်နေသဘောထားနှင့်တကွ အနေအထိုင် ပညာ အရည်အချင်းတို့ကို အတော်ကြာအောင် စုံစမ်းပြီးမှ ကိုးကွယ် သင့်ပါသည်။ မလုံလောက်သော ပုဂ္ဂိုလ်ကို ကိုးကွယ်မိလျှင် ကျောင်း ပေါ်က နှင်ချဖို့လည်း အခက်၊ ဆက်လက်၍ လှူဒါန်းနေဖို့လည်း စိတ်မပါဘဲ "အေးစေဖို့ တရားနာ၊ ပူစာစ အကျိုး" ဖြစ်နေတတ်ပါသည်။

ယခုကာလ၌ကား အပြင်ပန်း အပြောကောင်းကို ရွေးကာ အသံသာသာနှင့် ဂါထာကလေး ရွတ်တတ်၊ မိမိတို့နှင့် အလိုက်သင့် ပြောတတ် ဟောတတ်သူကို တကယ် ကျမ်းတတ်ကြီးဟု ထင်လျက် ဆက်လက်ကိုးကွယ်ကာ ပြင်၍မရအောင် "ဖွတ်ထွက်လာမှ တောင်ပို့မှန်း" သိကြရလေသည်။ ဒကာ ဒကာမတွေက အပြောအဟောကောင်းကို နှစ်သက်မှုကြောင့် ရိုးရိုးကုပ်ကုပ်နှင့် စာပေပို့ချနေသော သာသနာ့ဝန်

http://www.dhammadownload.com



ဆောင် ပုဂ္ဂိုလ်များမှာ ပစ္စည်းလေးဖြာ နည်းပါးသလောက် ဟောပြောနိုင် အိမ်ပေါက်စေ့ လည်နိုင်သော ပုဂ္ဂိုလ်များမှာ ပေါများပိုမောက်လျက် ရှိလေသည်။

ထင်ရှားသော တိုက်တာ၌ စာချဘုန်းတော်ကြီးဖြစ်ဖို့ရန်မှာ ၁၀ နှစ် ၁၅ နှစ်ခန့်မျှ ပင်ပန်းကြီးစွာ ကြိုးစားရ၏။ ထင်ရှားသော တရားဟော ပုဂ္ဂိုလ် ဖြစ်ဖို့ရာကား ပင်ကိုက အသံကောင်းလျှင် လပေါင်း အနည်းငယ်မျှဖြင့် လုံလောက်ဖွယ်ရှိ၏။ စာချဘုန်းကြီး ဖြစ်သည့်တိုင်အောင် ထောက်ပံ့မည့် ဒကာ ဒကာမများ ရနိုင်ခဲ၏။ ယခင် ပုဂ္ဂိုလ်များမှာ ရောက်လေရာ အရပ်တိုင်း၌ ထောက်ပံ့မည့်သူ မရှားတော့ချေ။ ပစ္စည်းလေးပါးချို့တဲ့သော စာချဘုန်းတော်ကြီးအချို့မှာ ယခင် ပုဂ္ဂိုလ်များ၏ အောက်သို့ ကျို့ကြရ၏။ ထို့ကြောင့် ယခုအခါဝယ် စာပေပို့ချလျက် သာသနာ့တာဝန်ကို ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များ နည်းပါးရုံသာမက ရှိသမျှ အချို့မှာလည်း သာသနာ့တာဝန်ကို ခရီးတွင်အောင် မဆောင်နိုင်တော့ချေ။

ထိုကဲ့သို့ ဖြစ်ရာ၌ ချွတ်ယွင်းချက်မှာ နှစ်ဖက်လုံး၌ပင် မကင်းဟု ထင်၏။ စာချပုဂ္ဂိုလ်များသည် စာကိုသာ ပို့ချ၍ လုံးဝပင် မဟောလိုကြ။ သာသနာတော်၏ အခြေအမြစ်အမှန်ကို နားလည်သူက မဟောပြလျှင် လူပုဂ္ဂိုလ်တို့ သိနိုင်ပါတော့မည်လော။ ထို့ကြောင့် စာချပုဂ္ဂိုလ်များ၏ ဟောပြောမှုမရှိခြင်းသည် သာသနာ့ဝန်ဆောင်များအတွက် ချွတ်ယွင်းချက် တစ်ရပ်ပင် ဖြစ်၏။ လူအများကလည်း တရားနာရာ၌ အသံကောင်းမှ နာယူလိုကြ၏။ လှူဒါန်းရာ၌လည်း သာသနာပြုလိုသောစိတ် မရှိကြ။

http://www.dhammadownload.com



သူတို့မှာ ဒါနဖြစ်လျှင် ပြီးရောဟု သဘောထားကြသည်။ သာသနာတော် အကြောင်းကို ဟောပြောသော်လည်း ဂရုတစိုက် မနာလိုကြ။ ဘုရား လက်ထက်တော်က နန္ဒိယသူဌေး ကျောင်းရေစက်ချ၍ နတ်ပြည်မှာ ဘုံပေါက်ကြောင်းကို နာယူကာ သူတို့၏ တွေ့ကရာ ဆောက်လုပ် လှူဒါန်းသော ကျောင်းအတွက် ဘုံပေါက်လိမ့်မည်ဟု မျှော်လင့်ချက် ထားဟန်တူ၏။ ဤနေရာဝယ် ဘာသာခြားတို့ သာသနာပြုကြပုံကို သတိပြုစေလိုပါသည်။

ဘာသာခြား အလှူရှင်တို့သည် ငွေစသည်ကို လှူကြသောအခါ သာသနာကိုသာ လှူကြ၏၊ ပုဂ္ဂိုလ်ကို မလှူကြ။ ဘုန်းကြီး၊ သီလရှင် အခေါ်ခံရသူတို့ကလည်း မိမိတို့၏ စားဝတ်နေရေးထက် ပိုမို၍ မတောင့်တဘဲ ဆိုင်ရာအလုပ်များကိုသာ တာဝန်ပေးသည့်အတိုင်း လုပ်ကြ၏။ ထို့ကြောင့် သူတို့၏ သာသနာသည် နေရာအနှံ့ ပြန့် လျက်ရှိ၏။ ဗုဒ္ဓဘာသာဝင်တို့ကား ပုဂ္ဂိုလ် လှူကြ၏။ အလှူပစ္စည်း၏ အသုံးကျ မကျကိုမျှ မစဉ်းစားဘဲ အများလှူနေကျ ပစ္စည်းကိုသာ လှူကြ၏။ အလှူခံဘက်မှာလည်း သာသနာကြီးပွားရေးအလုပ်ကို လုပ်သော ပုဂ္ဂိုလ်သည် တဖြည်းဖြည်း နည်းလာ၏။ မိမိ၏ ကြီးပွားရေးကိုသာ လုပ်သူများကြသည်။ သို့ဖြစ်၍ နောင်လာ နောက်သား စဉ်းစားတတ်သူများ လက်ထက်၌ နည်းလမ်းကျကျ ဒါနပြုလျက် စည်းကမ်းကျကျ ဟောပြောသည်ကိုသာ ဂရုတစိုက် လိုက်နာသော သာသနာပြု ဒကာ ဒကာမများ၊ သာသနာ့ဝန်ဆောင် ဆရာသမားများ ပေါ်ထွန်းပါစေသား။

http://www.dhammadownload.com



ဤမျှလောက် စကားအစဉ်ဖြင့် ဘုရား တရား သံဃာ ရတနာ ၃ ပါး ဂုဏ်တော်များ၏ အကြောင်းကို ပြဆိုရာအခန်း ပြီးပေပြီ။

ထို့နောက် ဆက်၍ အများမှတ်သားဖွယ်ရာ ဩကာသ–စသော ရှိခိုးခန်းနှင့် သရဏဂုံ သီလ စသော အခန်းများ ရှိပေသေး၏။ ထိုအခန်းများကို နားမလည်လျှင် ဘာသာရေးဘက်၌ အောက်ကျ နောက်ကျ ဖြစ်ရလိမ့်မည်။ ထို့ကြောင့် ဘာသာရေးဘက်၌ အချက်ကျကျ နားလည်ဖို့ရာ ထိုအခန်းများကို ဆက်လက် လေ့လာကြပါကုန်လော့။

---

# ဩကာသ အဖွင့်

## (ကျက်မှတ်ရန်)

ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော သုံးပါးသော ကံတို့တွင် တစ်ပါးပါးသော ကံကို ပြုမှားမိသည် ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ, ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာ ရတနာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ကရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ ဘုရား။

http://www.dhammadownload.com



## ကြည့်ရှုရန် အဓိပ္ပာယ်

**ဩကာသ ဩကာသ။** ။ပါဠိစကားတည်း။ မြန်မာလို "အခွင့်" ဟူသော အနက်ကို ဟော၏။ "ရှိခိုးပါရစေ အခွင့်ပြုတော်မူပါ" ဟု ဆိုလိုရင်းဖြစ်သည်။ ပါဠိတော်များ၌ကား "ဩကာသံ ကရောဟိ၊ ဩကာသံ ဒေဟိ" စသည်ဖြင့် လာ၏။ "အခွင့်ပြုတော်မူပါ၊ အခွင့် ပေးတော်မူပါ၊ မေးလျှောက်ပါရစေ" ဟု တစ်စုံတစ်ခုကို မေးလိုသောအခါ အသုံးပြုသော ပါဠိဖြစ်သည်။ သီဟိုဠ်ကျွန်း၌ အခွင့်တောင်းသော စကားကို "အဝကာသ်" ဟု သုံးစွဲကြ၏။ ထိုစကားသည် "ဩကာသ" ဟူသော ပါဠိနှင့်အတူပင် ဖြစ်သည်။ ထို့ကြောင့် ဤရှိခိုးခန်း၌ပါသော "ဩကာသ" သဒ္ဒါသည် "အခွင့်"ဟူသော အနက်ကို "အခွင့်ပေးတော်မူပါ" ဟူသော အနက်ရှည်ကို ပြသော ပါဠိစကားတည်း။ အလေးပြုသော အားဖြင့် "ဩကာသ ဩကာသ" ဟု ၂ ကြိမ် ဆိုခြင်းဖြစ်သည်။ အချို့အရပ်၌ ၃ ကြိမ်တိုင်အောင် ဆိုသေး၏။ အပြစ်မရှိပါ။

**ကာယကံ ဝစီကံ မနောကံ ကံတို့တွင်။** ။(ကာယ= ကိုယ်+ ကံ= အမှု) ကိုယ်ပြုမှုကို "ကာယကံ"၊ နှုတ်ပြောမှုကို "ဝစီကံ"၊ စိတ်ကြံမှုကို "မနောကံ" ဟု ဆိုသည်။ "ထိုကံသုံးပါးတွင် တစ်ပါး ပါးသော ကံကို ဘုရား တရား သံဃာများ၌လည်းကောင်း၊ ဆရာသမား မိဘ ဘိုး ဘွား အစရှိသော လူကြီးသူမများ၌လည်းကောင်း အပြုမှား၊ အပြောမှား၊ အကြံမှား ဖြစ်လို့ရှိလျှင် ထိုအပြစ်များ ကင်းရှင်း ပြေပျောက်ပါရစေခြင်း အကျိုးငှာ ရှိသေစွာ ကန်တော့ပါ၏" ဟူလို။

http://www.dhammadownload.com



**ပဌမ ဒုတိယ တတိယ။** ။ပါဠိစကားများပင် ဖြစ်၏။ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် ဆိုသော စကားနှင့် သဘောတူပင်ဖြစ်၏။ တစ်ကြိမ်က ၂ ကြိမ်၊ ၂ ကြိမ်က ၃ ကြိမ်တိုင်အောင် ရှိခိုးကန်တော့ခြင်းသည် အထူးလေးစားရာ ရောက်သဖြင့် "သုံးကြိမ်တိုင်အောင် ရှိခိုးကန်တော့ပါ၏"ဟု ဆိုလိုသည်။

**ဘုရားရတနာ။** ။"ရတနာ" သဒ္ဒါလည်း ပါဠိစကားပင်တည်း။ "နှစ်သက်မွေ့လျော်ခြင်းကို ဖြစ်စေတတ်၏" ဟူသော အနက်၊ "အလေးအမြတ်ပြုအပ်" ဟူသော အနက်၊ "အဖိုးများစွာ ထိုက်တန်၏" ဟူသောအနက်၊ "အတုမရှိ မြတ်၏" ဟူသောအနက်၊ "အလွန်ရခဲ၏" ဟူသောအနက်၊ "မြင့်မြတ်သူ အထက်တန်းလူတို့၏ အသုံးအဆောင်" ဟူသော အနက်များကို ဟော၏။ ထို့ကြောင့် လောကဥ္စ စိန် ကျောက် စသော အရာဝတ္ထု၊ ဆင်၊ မြင်း စသော အရာဝတ္ထု၊ သားကောင်း သမီးကောင်းစသော အရာဝတ္ထုများကို "ရတနာ"ဟု ခေါ်ကြသည်။ ထိုရတနာကို ရသူတို့မှာ နှစ်သက်မွေ့လျော် အပျော်ကြီး ပျော်ကြ၏။ ရပြီးသော ရတနာကိုလည်း လွန်စွာ လေးမြတ်ကြ၏။ အဖိုးများစွာ ထိုက်တန်သည့် အားလျော်စွာ ရဖို့ရန်လည်း ခဲယဉ်းလှ၏။ ရှေးဘုန်း ရှေးကံ ရှိသူတို့သာ ရနိုင်ကြ၏။ ဘုန်းကံနည်းသူတို့မှာ မရနိုင်ပါ။

ထို့အတူ ဆိုင်ရာ ဂုဏ်တော်များနှင့် ပြည့်စုံကြသော ဘုရားစစ် တရားစစ်နှင့် အရိယာ သံဃာတော်များသည်လည်း ရတနာပင် ဖြစ်တော်မူကြ၏။ ကမ္ဘာများစွာ လွန်သော်လည်း တစ်ခါတစ်ရံ တွေ့ကြုံဖို့ရန် ခဲယဉ်းလှ၏။ တွေ့ကြုံရသောအခါ လွန်စွာ ကျက်သရေ

http://www.dhammadownload.com



ရှိ၏။ ကိုးကွယ် ဆည်းကပ်သူမှာလည်း ထိုရတနာ သုံးပါးကြောင့် လွန်စွာ နှစ်သက် မွေ့လျော် ရွှင်ပျော်ရ၏။ အတုအယောင် ရတနာ ရှိသကဲ့သို့ ဟန်ဆောင် ဘုရား တရား သံဃာများလည်း အလွန်ပေါများ၏။ မမှန်သော ရတနာကို ကိုးကွယ်မိပြန်လျှင် ဤတစ်ဘဝတွင် ကိစ္စမရှိ လှသော်လည်း နောင်သံသရာအရေးမှာ ကြောက်ရွံ့ဖွယ်ကောင်းလှ၏။ ထို့ကြောင့် ကိုယ်ပိုင်ဉာဏ်ဖြင့် လည်းကောင်း၊ တကယ်နားလည်သော ပညာရှိများနှင့်လည်းကောင်း တိုင်ပင်၍ ကိုးကွယ်ရာ၏။

"ပညာရှိ" ဟူရာ၌လည်း လောကီအရာမှာ ပညာရှိသော်လည်း ကိုးကွယ်ဖို့ အရေး၌ ပညာရှိချင်မှ ရှိမည်။ ယခုခေတ်၌ အနောက်တိုင်းသားတို့သည် လောကီပညာရှိများ ဟုတ်ကြပေ၏။ ကိုးကွယ်ဆည်းကပ်မှု ပညာရှိကား လွန်စွာ နည်းပါးသည်။ မကြာမီက မြန်မာနိုင်ငံ၌ ဘုရင်လုပ်သွားသူသည် "မြန်မာများသည် စေတီပုထိုးကိုးကွယ်ရာ၌ ကုသိုလ်ရသည်ဟု အယူရှိကြ၏" စသော စကားကို သူတို့နိုင်ငံမှာ ပြောလေ၏။ မြန်မာတို့သည် စေတီပုထိုးကို ကိုးကွယ်ရာ၌ ဘာကို ရည်ရွယ်၍ ကိုးကွယ်ကြောင်းကို သူတို့ စစ်ဗိုလ် အရာရှိ သင်္ချိုင်းသွား၍ အရိုအသေပေးခြင်းနှင့် **နှိုင်းယှဉ်၍မျှ** မကြည့်မိရှာလေ။

**ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏**။ ။လက်အုပ်မိုး၍ ရှိခိုးပါ၏။ ပစ္စည်းလေးပါး လှူသောအားဖြင့် လည်းကောင်း၊ ဟောပြောသမျှကို လိုက်နာသောအားဖြင့်လည်းကောင်း ပူဇော်ပါ၏၊ ကြည့်ရှုဖူးမြော်ပါ၏။ ရတနာသုံးပါးနှင့်စပ်လျှင် ဟိတ်ဟန်မပြဘဲ မာန်မာနလျှော့၍ ကန်တော့ပါ၏။ "အပြစ်ရှိလျှင် ပြေပျောက်ပါရစေသတည်း" ဟူလို။

http://www.dhammadownload.com



**အပြစ် ပြေ မပြေ။** ။ထိုကဲ့သို့ ကန်တော့လျှင် အပြစ်ပြေနိုင် မပြေနိုင်ကို စဉ်းစားရာ၏။ ဆရာ မိဘ ဘိုးဘွား စသည်တို့နှင့် ရတနာ သုံးပါးအပေါ်၌ ပြစ်မှားမိသော သာမန်အပြစ်တွေမှာ ပြစ်မှား ခံရသူ၏ ရှေ့၌လည်းကောင်း၊ ထိုသူ မရှိတော့လျှင် ထိုသူ၏ သချိုင်းသို့ သွား၍ လည်းကောင်း၊ ထိုသို့ မသွားနိုင်လျှင် ဘုရားထံ သံဃာများ အထံ၌လည်းကောင်း နောင်တရသဖြင့် စိတ်ပါလက်ပါ မာန်မာနလျှော့၍ ကန်တော့ရိုးမှန်လျှင် ပြေပျောက်နိုင်၏။ အင်မတန် ကြီးလေးသော အပြစ်နှင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း စသော အပြစ် များကား တောင်းပန် ကန်တော့ရုံမျှဖြင့် မပြေမပျောက်နိုင်။ သို့သော် နောင်တရသဖြင့် ထို အကုသိုလ်မျိုး ထပ်၍ မဖြစ်နိုင်အောင် ကုသိုလ်ကိုသာ အားထုတ်နေလျှင် အချို့ အကုသိုလ်များ အကျိုးပေးခွင့် မရတော့ဘဲ ပြေပျောက်တတ်ပါသည်။

**ကန်တော့ရသော အကျိုးအားကြောင့်။** ။ဤကန်တော့ ရသော ကုသိုလ်၏ အကျိုးအား အစွမ်းကြောင့် ပြစ်မှားမိသော အပြစ်များ ပျောက်စေလိုသည့်အပြင် အပါယ်လေးပါးမှ လွတ်ခြင်းစသော နောက်ထပ် အကျိုးကိုလည်း အလိုရှိ၍ ဆုတောင်းပြန်သော စကား ဖြစ်သည်။

## အပါယ်လေးပါး

**ငရဲ။** ။ကုသိုလ်ကောင်းမှု များးစွာ ပြုခွင့်မရသော အရပ်ကို ပါဠိကို "အပါယ" မြန်မာလို "အပါယ်"ဟုခေါ်၏။ အပါယ် ၄ ပါး ကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်း။ ထိုတွင် ငရဲသည်

http://www.dhammadownload.com



ဤကမ္ဘာမြေကြီး၏အောက် ယူဇနာ တစ်သောင်းငါးထောင် ကွာဝေးသော အရပ်၌ ဥမင်လိုဏ်ကြီးသဖွယ်ဖြစ်လျက် အစဆုံး သိဥ္စုးငရဲ တည်ရှိ၏။ ထို့အောက် အဆင့်ဆင့် ယူဇနာတစ်သောင်းငါးထောင်စီ ကွာခြားလျက် ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲဟု ငရဲကြီး ရှစ်ထပ် တည်ရှိသည်။

ထိုငရဲကြီးရှစ်ထပ်တွင် တစ်ထပ်တစ်ထပ်၌ ဘင်ပုပ်ငရဲ တစ်ထပ်၊ ပြာပူငရဲတစ်ထပ်၊ လက်ပံတောငရဲတစ်ထပ်၊ သန်လျက်ရွက်တောငရဲတစ်ထပ်၊ ကြေးနီရေတွေစီးနေသော "ကြိမ်ပိုက်ချောင်း" ခေါ် ဝေတ္တရဏီငရဲ တစ်ထပ်အားဖြင့် ငရဲငယ်ငါးထပ် တံတိုင်းခတ်သလို ရံပတ်၍ နေကြလေသတဲ့။ [အကျယ်ကို သဂြိုဟ် ဘာသာဋီကာ၌ ပြထားသည်။]

**တိရစ္ဆာန် ပြိတ္တာ အသူရကာယ်။** ။ဆင် မြင်း ကျွဲ နွား ခွေး ကြက် ငှက် ငါး လိပ် စသော ကုန်းနေ ရေနေ အခြေ ၄ ချောင်း အခြေ ၂ ချောင်း သတ္တဝါတို့နှင့် မြွေ စသော အခြေမရှိသော သတ္တဝါတွေကို "တိရစ္ဆာန်" ဟု ခေါ်၏။ တစ္ဆေ မှင်စာ သရဲသဘက် အစိမ်း ဖုတ်ကောင် ကျတ်ကောင်များကို "ပြိတ္တာ" ဟု ခေါ်၏။ အသူရကာယ် ဟူသည်ကား ပြိတ္တာအကြီးစားပင်တည်း။ ထို့ကြောင့် အချို့ ကျမ်းစာများ၌ အပါယ် ၄ ပါးဟု မပြဘဲ " ဇုဒ္ဓပါဒေတယော ပါယာ" ဟု စသည်ဖြင့် အပါယ် ၃ ပါးဟု ပြသေသည်။ ထိုတိရစ္ဆာန် ပြိတ္တာ အသူရကာယ်တို့၏ နေရာဘုံမှာ သီးခြားမရှိ။ တိရစ္ဆာန်တို့ကား လူ၏ အနီးအပါးနှင့် တော တောင် စသည်၌ နေကြသည်။

http://www.dhammadownload.com



ပြိတ္တာတို့တွင် အချို့ ပြိတ္တာတို့မှာ သန့်ရှင်းစသော အရပ်၊ ရေစကမ်းစ သားငါး ရလောက်သောအရပ်၌ နေ၍ တချို့ကား သစ်ပင်၊ အိမ်အကြိုအကြား စသည်၌ နေလျက် စိတ်နေစိတ်ထားငယ်သော ယောကျ်ား မိန်းမ ကလေးသူငယ် စသူတို့ကို ချောက်လှန့် ပူးကပ်၍ တစ္ဆေစာ ပစ်သောအခါ စားသောက်ကြရ၏။ တချို့ကား လူတို့၏ ထမင်းကျန် ဟင်းကျန် တံတွေး အနှပ်ဖတ် အပုပ်အစပ်များကို ရှာဖွေစားသောက်ရ၏။

အသူရကာယ်တို့ကား လူတို့နှင့် အတော်ဝေးကွာသော သမုဒ္ဒရာ မြစ်ကမ်းစတို့၌ နေတတ်ကြ၏။ ရေနားမှာ နေရသော်လည်း ရေမသောက်ရ၊ "ရေသောက်မည်" ဟု သွားလျှင် သူတို့၏ အကုသိုလ်ကံကြောင့် ရေခန်းခြောက်နေသော သဲသောင်ကိုသာ တွေ့ရလေသည်။ တချို့ ပြိတ္တာ အသူရကာယ်တို့မှာ ဘုရားတစ်ဆူနှင့် တစ်ဆူ အကြား၌ မစားမသောက်ရဘဲ အငတ်ခံ၍ နေရရှာသတဲ့။

## ကပ်သုံးပါး

ပျက်စီးခြင်းကို ပါဠိလို "ကပ္ပ" မြန်မာလို "ကပ်" ဟု ခေါ်၏။ ထိုပျက်ခြင်းသည် ကမ္ဘာကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းအောင် ပျက်စီးခြင်းလည်း ရှိ၏။ ကမ္ဘာကြီး မပျက်သေးဘဲ အကြားအကြား၌ တရားကင်းမဲ့၍ အသေဆိုး သေရသော ပျက်စီးခြင်းလည်းရှိ၏။ ဤနေရာ၌ ကမ္ဘာကြီး မပျက်ခင် အကြား၌ သေခြင်းဆိုးနှင့် သေရခြင်းကို "ကပ်" ဟု ဆိုလိုသည်။ "မည်သည့်မြို့၊ မည်သည့်ရွာ၌ ကပ်တိုက်နေတယ်"ဟု ပြောကြရသော ကပ်မျိုးတည်း။ ထိုကပ်သည် "သတ္ထန္တ ရ

http://www.dhammadownload.com



ကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်” ဟု ၃ မျိုးရှိ၏။ ထိုတွင် တုတ်ဓား သေနတ် ဗုံး အမြောက် စသော လက်နက်ဖြင့် ပျက်စီးရခြင်းသည် သတ္ထန္တရကပ် တိုက်ခြင်းပင်တည်း။

ပလိပ်ရောဂါ၊ ကာလရောဂါ၊ ကျောက်ရောဂါ၊ အဖျားရောဂါ စသည်ဖြင့် မြို့နယ်အနှံ့ဖြစ်၍ ပျက်စီးရခြင်းသည် ရောဂန္တရကပ် တိုက်ခြင်းတည်း။ မြို့နယ်အနှံ့အပြားတို့၌ အစားအသောက် ပြတ်တော်၍ (ရှေးကလို သရေကြီးနိုင်း၍) သေရခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် တိုက်ခြင်းပင်တည်း။ ဤကပ်များတွင် ၁၀ နှစ်တမ်း ကျရောက်သောအခါ ကပ်အမျိုးမျိုး တိုက်မည်ဟု ကျမ်းဂန်တို့၌ ဆိုသော်လည်း ယခုအခါမှာပင် အချို့တိုင်းပြည်များတွင် ထိုကပ် ၃ ပါးတို့ မကြာမကြာ တိုက်လျက်ရှိသည်။

## ရပ်ပြစ် ၈ ပါး

အပြစ်ရှိသော အရပ်ကို မြန်မာတို့က “ရပ်–ပြစ်” ဟု ခေါ်ကြ၏။ အပြစ်ဆိုသော်လည်း ထူးထူးခြားခြား ဆိုးဝါးသော အပြစ်မဟုတ်။ ထိုအရပ်သို့ ရောက်နေလျှင် မဂ်ဖိုလ်ရအောင် တရားအားထုတ်ခွင့် မရသောကြောင့် မဂ်ဖိုလ်ရခွင့် မရှိခြင်းကို “အပြစ်” ဟု ဆိုသည်။ ထို့ကြောင့် ဤရပ်ပြစ်ရှစ်ပါးကို ပါဠိတော်များ၌ “အက္ခဏ” ဟု မိန့်တော်မူသည်။ [ အက္ခဏ= အခွင့်ကောင်း ခဏကောင်းမဟုတ်သော ကာလဒေသ။] ဤရပ်ပြစ်ရှစ်ပါးကို အမျိုးမျိုး ပြသော်လည်း သုတ်ပါထေယျပါဠိတော်လာ တစ်မျိုးသာ ပြအံ့။

http://www.dhammadownload.com



**[ဆောင်]** ဘုရားပွင့်ခါ, ပါယ်သုံးရှာနှင့်, ဒီဃာယုနတ်, ဖြစ်လတ်ပစ္စန်, မိစ္ဆာဉာဏ်ရှိ, ဉာဏ်မရှိသား, ဉာဏ်ရှိငြားလည်း, ဘုရားမဖြစ်, ကျမ်းဂန်လှစ်သည်, ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

* * * * * *

(၁,၂,၃) **ဘုရားဖြစ်ခါ, ပါယ်သုံးရှာနှင့်။** ။ဘုရားပွင့်နေဆဲအခါ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်သုံးဘုံ၌ ဖြစ်ရသူများ။ (အသူရကာယ်ကို ပြိတ္တာမျိုး၌ သွင်းယူ။)

(၄) **ဒီဃာယုနတ်။** ။အသက်ရှည်သော နတ်ဗြဟ္မာကို "ဒီဃာယုနတ်" ဟု ဆိုသည်။ ဘုရားပွင့်ဆဲအခါ လွန်စွာ အသက်ရှည်၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ်ဗြဟ္မာများနှင့် အရူပဗြဟ္မာများတည်း။ [အသညသတ် ဗြဟ္မာများသည် ခန္ဓာကိုယ်သာ ရှိ၍ စိတ်ဝိညာဉ်မရှိ၊ အရူပဗြဟ္မာများကား စိတ်ဝိညာဉ်သာရှိ၍ ခန္ဓာကိုယ်မရှိ။ ထို့ကြောင့် ထိုဗြဟ္မာနှစ်မျိုးသည် ဘုရားပွင့်သော်လည်း တရားမနာနိုင်ရှာကြပေ။]

(၅) **ဖြစ်လတ်ပစ္စန်။** ။ဘုရားရှင်နှင့် ရဟန်းတော်များ မရောက်နိုင်ရာ အစွန်အဖျား တောတောင်အကြား (ပစ္စန္တရာဇ်သား) လူရိုင်းများကို ဆိုသည်။ [ယခုအခါ၌ကား မြန်မာနိုင်ငံသည် ပစ္စန္တရာဇ် မဟုတ်။]

(၆) **မိစ္ဆာဉာဏ်ရှိ။** ။ဘုရားပွင့်ဆဲအခါ မိစ္ဆာဒိဋ္ဌိဉာဏ်ရှိသူများ။

http://www.dhammadownload.com



(၇) **ဉာဏ်မရှိသား။** ။ဘုရားပွင့်ဆဲအခါ တရားကို နားလည်လောက်သော ဉာဏ်မရှိသူများ။ [ဤဆိုခဲ့သော ၇ မျိုးသည် ဘုရားပွင့်ဆဲအခါ၌ ဖြစ်သူများတည်း။]

၈။ **ဉာဏ်ရှိငြားလည်း, ဘုရားမဖြစ်။** ။တတ်သိနားလည်လောက်သော ဉာဏ်ရှိသော်ငြားလည်း ဘုရားမပွင့်သောအခါ **လူဖြစ်ရသူများ။**

* * * * * *

**ရန်သူမျိုးငါးပါး။** ။ ၁–ရေ၊ ၂–မီး၊ ၃–ခိုးသူ၊ ၄– အမွေခံသားသမီးဆိုး၊ ၅–မင်းဆိုး။ [ မချစ်အပ်သောသူကို ရန်သူမျိုး ငါးပါး၌ သွင်းမှားကြ၏။ မိမိက မုန်းနေရုံဖြင့် ရန်သူမဟုတ်နိုင်။ **အမွေခံသားဆိုးသမီးဆိုးသာလျှင် ( မိဘကို မကြာခဏ ဒုက္ခပေးတတ်၊ စုဆောင်းထားသော ပစ္စည်းများကို ဖြုန်းသုံးပစ်တတ်သောကြောင့် ရန်သူအစစ်ဖြစ်သည်။)**

**[ဆောင်]** ရေ မီး သူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုးငါး, **မှတ်သားဖေလကွဲ** အမှန်တဲ့။

* * * * * *

**ဝိပတ္တိတရားလေးပါး။** ။ဖောက်ပြန်ချွတ်ယွင်း ချက်ကို "ဝိပတ္တိ"ခေါ်၏။ ဝိပတ္တိတရား လေးပါးကား.........

၁။ **ကာလဝိပတ္တိ။** ။မင်းဆိုး မင်းယုတ် အုပ်စိုးသောအခါ။

http://www.dhammadownload.com



၂။ **ဂတိဝိပတ္တိ**။ ။ အပါယ်လေးပါးတို့၌ ဖြစ်ရခြင်းကို မကောင်းသော ဂတိဖြစ်၍ "ဂတိဝိပတ္တိ" ဟု ဆိုသည်။

၃။ **ဥပဓိဝိပတ္တိ**။ ။ ရုပ်အဆင်းအင်္ဂါကို "ဥပဓိ" ဟု ခေါ်သည်။ အင်္ဂါချို့တဲ့ခြင်းကို "ဥပဓိဝိပတ္တိ" ဟု ဆိုသည်။

၄။ **ပယောဂဝိပတ္တိ**။ ။ကိုယ်မှု နှုတ်မှုကို "ပယောဂ" ဟု **ဆို၏**။ အသိ အလိမ္မာ မရှိ၊ သတိ ဝီရိယလည်း မရှိဘဲ ပြုမှု ပြောမှု ကြံစည်မှုကို "ပယောဂဝိပတ္တိ" ဟု ဆိုသည်။

**[ဆောင်]** ဖောက်ပြန်ချွတ်ယွင်း, ပျက်စီးခြင်း, ခေါ်လျှင်း ဝိပတ္တိ။
ကာလ ဂတိ, ဥပဓိမှ, ပယောဂ, လေး၀ မှတ်လေဘိ။

* * * * * *

**ဗျသနတရား ငါးပါး**။ ။ပျက်စီးခြင်း၊ ဆုံးပါးခြင်းကို ပါဠိလို "ဗျသန" ဟု ခေါ်၏။ ဗျသနတရားငါးပါးကား........

၁။ ဉာတိဗျသန= ဆွေမျိုးများ ပျက်စီးခြင်း။
၂။ ဘောဂဗျသန= စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။
၃။ ရောဂဗျသန= အနာရောဂါ ဖြစ်ခြင်း။
၄။ ဒိဋ္ဌိဗျသန= မိစ္ဆာအယူကို ယူခြင်း။
၅။ သီလဗျသန= သီလပျက်ခြင်း။

**[ဆောင်]** ဆုံးရှုံး ပျက်ပြား, ပြစ်မှုများ, ခေါ်ကြား ဗျသန။
ဉာတိ ဘောဂ, ရောဂ-ဒိဋ္ဌိ, သီလထည့်, ငါးရှိ သရုပ်ပြ။

* * * * *

http://www.dhammadownload.com



**အခါခပ်သိမ်း … ရပါလို၏။** ။ဤမကောင်းသော တရားတို့မှ အခါခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ ….. "သံသရာ၌ ကြာရှည် မကျင်လည်ရဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရပါလို၏" ဟု ဆုတောင်းသည်။ [တောင်းတိုင်း–ရ မရကို ဆုပေးအဖွင့်၌ ပြမည်။]

**ဩကာသရှိခိုး အမျိုးမျိုး။** ။ဤ "ဩကာသ" ရှိခိုးပုံသည် ယခုအခါ မြန်မာနိုင်ငံ၌ အမျိုးမျိုး ရှိနေ၏။ စာလာ ပေလာ မဟုတ်သောကြောင့် "မည်သည့်နည်းက မှန်၍ မည်သည့်နည်းက မှားသည်" ဟု မဆိုသာ။ အများနှင့် ဆိုင်အောင် ရှေးဆရာကြီးတို့ သင့်လျော်ရုံ ရေးပေးရာမှ တွင်ကျယ်၍ သုံးစွဲလာဟန် တူသည်။ ယခုအခါ ဘုရားရှိခိုးတိုင်း၊ သီလခံယူတိုင်း၌ ဗုဒ္ဓဘာသာ မှန်လျှင် အားလုံးလိုပင် သုံးစွဲနေကြ၍သာ အဓိပ္ပာယ် ရေးလိုက်ရပါသည်။ ကိုယ်တိုင်က ကျေနပ်လှ၍ ရေးခြင်းမဟုတ်ပါ။

**လက်ထက်တော်က ရှိခိုးပုံ။** ။ဘုရားလက်ထက်တော်၌ကား ဘုရားအထံတော်၊ သံဃာ့အထံတော်သို့ ဆည်းကပ်ရှိခိုးလာသောအခါ ရိုသေစွာ လက်အုပ်ချီပြီးနောက် သင့်ရာအရပ်က ထိုင်လျက် လျှောက်ထားဖွယ် စကားများကို လျှောက်ထားကြရိုး ရှိပါသည်။ ပြန်သောအခါလည်း ပင်ကိုက ဘုရား တရား သံဃာကို ကိုးကွယ်သူမဟုတ်ဘဲ ယခုမှ ကြည်ညိုသဖြင့် ကိုးကွယ်မည့်သူဖြစ်လျှင် "တပည့်တော်သည် ဘုရား တရား သံဃာများကို ကိုးကွယ် ဆည်းကပ်ပါ၏၊ ယနေ့မှ စ၍

http://www.dhammadownload.com



ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူ ဥပါသကာ ဟူ၍ မှတ်တော်မူပါ” ဟု လျှောက်ထား၍ အရိုအသေ ပေးကာ ပြန်သွားလေ့ရှိကြသည်။

ယခုအခါ သင်္ကြန်ကျင်း၊ ဝါဆိုဦး စသော နေ့ကြီးရက်ကြီးများ၌ ဆရာမိဘ ဘိုးဘွား စသူတို့ကို ကန်တော့ကြရာမှာလည်း “သြကာသ သြကာသ”ကစ၍ တချို့ ကန်တော့ကြ၏။ သူ့နေရာနှင့်သူ မသုံးတတ်ကြ။ ထို့ကြောင့် အချိန်၏ တန်ဖိုးကို နားလည်ကြသော အမျိုးသား အမျိုးသမီးတို့သည် “သြကာသ” အစချီသော ရှိခိုးခြင်းကို နေရာတိုင်း အသုံးမပြုကြဘဲ ရိုသေစွာ အနားသို့ ချဉ်းကပ်ပြီးနောက် လျှောက်ထားဖွယ် နာယူဖွယ်များကို လျှောက်ထား နာယူပြီးလျှင် ရှိခိုးဦးချ၍ ပြန်ဖို့ရာပင် ဖြစ်သည်။ အထူးရိုသေလောက်သော ဆရာသမား၊ သံဃာများ ရုပ်ပွားစေတီတော် အထံမှ ပြန်သောအခါ ထိုဆရာသမား စသည်ကို ကျောပေး၍ မပြန်ဘဲ လက်အုပ်ချီကာ ခပ်စောင်းစောင်း ပြန်လာပြီးနောက် သင့်တော်လောက်သော နေရာရောက်မှ ဖြောင့်ဖြောင့် ပြန်လှည့်ကြလျှင် သာ၍ပင် ယဉ်ကျေးရာ ရောက်ပါလိမ့်မည်။

ယခုကာလ များစွာသော မြို့ရွာတို့၌ကား ရုပ်ပွားတော်၊ ဆရာတော်ကြီး စသော ရိုသေလောက်သော ဌာနကို ဖူးမြော်ပြီးနောက် ရုပ်ပွားတော်၊ ဆရာတော်ကြီးတို့၏ ချက်မှောက်မှာပင် ကျောပေး၍ ပြန်သွားတတ်ကြသည်။ ထိုသို့ ပြန်သွားခြင်းကား လူမျိုးခြားတို့၏ သူတို့ဘုရားကို အရိုအသေပြုခြင်းနှင့် ကွာခြားလှသဖြင့် အဖက်ဖက်က လူမျိုး ဘာသာ တန်းမြင့်လိုသော အမျိုးသမီး အမျိုးသားတို့ ပြုပြင်သင့်ကြပါသည်။

http://www.dhammadownload.com



## အခါကြီး ရက်ကြီးများ၌ ကန်တော့နည်း အမျိုးမျိုး

**မိဘကို ကန်တော့ပုံ။** ။မိခင်၊ ဖခင် (မိဘ ၂ ပါး) တို့၏ မွေးကျွေးသုတ်သင်ပဲ့ပြင် ဆုံးမ စောင့်ရှောက်ခဲ့သမျှ ကျေးဇူးများကို ရည်စူး၍ ဤရေချမ်းဖြင့် (ဤမုန့်ဖြင့်) (ဤပန်းဖြင့်) (ဤဖယောင်းတိုင်ဖြင့်) ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။ ဤကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် ပြစ်မှားမိသော အပြစ် တစ်စုံတစ်ခု ရှိခဲ့သော် ပြေပျောက်၍ ကိုယ်စိတ် ၂ ဖြာ ကျန်းမာ ချမ်းသာစွာ နေနိုင်သူ ဖြစ်ရပါလို၏။

**မိဘက ဆုပေး။** ။ဤကန်တော့ရသော ကောင်းမှုကြောင့် အမေ့သား (သမီး)၊ အဖေ့သား (သမီး) သည် တောင့်တသော ဆုနှင့် ပြည့်စုံ၍ မိဘတို့၏ အမျိုးအနွယ်ကို မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိ ပညာရှိတစ်ယောက် ဖြစ်ပါစေသတည်း။

**အဘိုးအဘွား ကန်တော့။** ။ အဘိုးကို ကန်တော့လျှင် မိခင် ဖခင် နေရာ၌ "အဘိုး၏" ဟု ထည့်၊ အဘွားကို ကန်တော့လျှင် "အဘွား၏"ဟု ထည့်၊ နှစ်ယောက်လုံးကို ကန်တော့လျှင် "အဘိုး အဘွား၏"ဟု ထည့်၍ မိဘကန်တော့ဘုန်းကအတိုင်း ဆိုပါ။

**အဘိုးအဘွားက ဆုပေး။** ။ဤကန်တော့ရသော ကုသိုလ် ကောင်းမှုကြောင့် အဘိုးရဲ့မြေး (အဘွားရဲ့မြေး) သည် တောင့်တသော ဆုနှင့် ပြည့်စုံ၍ အဘိုးအဘွားတို့၏ အမျိုးအနွယ်ကို မတိမ်ကောအောင်

http://www.dhammadownload.com



စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (သမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိ ပညာရှိတစ်ယောက် ဖြစ်ပါစေသတည်း။

**ဆွေမျိုးများ ကန်တော့။** ။ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ အဘွားကြီး၊ အဘွားလေး၊ ဘိုးကြီး၊ ဘိုးလေး စသော ဆွေမျိုးများကို ကန်တော့ရာ၌လည်း ဦးကြီး၏ (ဦးလေး၏) စသည်ဖြင့် ဆို၍ ကန်တော့ပါ။

**ဦးကြီးက ဆုပေး။** ။ဤကန်တော့ရသော ကောင်းမှုကြောင့် ဦးကြီးရဲ့ တူကြီး (တူမကြီး) သည် တောင့်တသော ဆုနှင့် ပြည့်စုံ၍ ဦးကြီးတို့၏ အမျိုးအနွယ် မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိ ပညာရှိ တစ်ယောက် ဖြစ်ပါစေသတည်း။ [ဦးလေးစသူတို့ကလည်း ဤအတိုင်း ဆုပေး။]

**သက်ကြီးဝါကြီး ကန်တော့။** ။ဆွေမျိုး မတော်စပ်သော သက်ကြီးဝါကြီးများကိုလည်း အဘိုးအဘွား ဦးကြီး အဒေါ် စသည်ခေါ်၍ "အဘိုး၏ ကြီးရင့်သော အသက်နှင့် ကိုယ်ကျင့် သိက္ခာကို ရည်စူး၍" (ဤအဝတ်ဖြင့်၊ ဤစားဖွယ် သောက်ဖွယ်တို့ဖြင့် လေးမြတ်စွာ) ကန်တော့ပါ၏။ ဤကန်တော့ရသော ကောင်းမှုကြောင့်....စသည်ဆို။

**သက်ကြီးဆုပေး။** ။ဤကန်တော့ရသော ကောင်းမှုကြောင့် ငါ့မြေး (ငါ့တူ) သည် တောင့်တသောဆုနှင့် ပြည့်စုံ၍ အမျိုး ဘာသာ

http://www.dhammadownload.com



သာသနာအကျိုးကို ဆောင်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိ ပညာရှိတစ်ယောက် ဖြစ်ပါစေသတည်း။

**ပညာသင်ဆရာကို ကန်တော့။** ။ ဆရာ၏ သွန်သင်ပြသဆုံးမခဲ့သော ကျေးဇူးများကို ရည်စူး၍ ........ စသည်ဆို။

**ဆရာက ဆုပေး။** ။ဤကန်တော့ရသော ကောင်းမှုကြောင့် ဆရာ၏ တပည့်သည် အမျိုးဘာသာ ..... စသည်ဖြင့် သက်ကြီးဆုပေးအတိုင်းပေးပါ။

**ဆရာဘုန်းကြီး ကန်တော့။** ။ဆရာတော်၏ သီလ သမာဓိ ပညာ ဂုဏ်ကို ရည်စူး၍ (ဤ လှူဖွယ်ဝတ္ထုဖြင့်) ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။...... "ဤကန်တော့ရသော ကောင်းမှုကြောင့်"...... စသည် ဆက်၍ဆို။

**ဆရာဘုန်းကြီး ဆုပေး။** ။ဤကန်တော့ရသော ကောင်းမှုကြောင့် တောင့်တအပ်တိုင်း ပြည့်စုံ၍ အမျိုး၊ ဘာသာ၊ သာသနာ၏ အကျိုးကို ထမ်းဆောင်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်ဖို့ရာ လိမ္မာတတ်သိ ပညာရှိ ဖြစ်ပါစေသတည်း။

**လက်ထပ်မင်္ဂလာ။** ။လက်ထပ်မင်္ဂလာ ပြုကြရာ၌ လူကြီးမိဘတို့ကို ကန်တော့ကြ၏။ ထိုအခါ လူကြီးမိဘတို့က ဆုပေးရန် "နို့ရည်နှင့် ရေကို ရောနှောသည့်အခါ ၂ မျိုး ၂ စား မကွဲပြားဘဲ တစ်သားတည်း တည်နေသကဲ့သို့ ငါ့သား၊ ငါ့သမီး (ငါ့မြေး၊ ငါ့တူ

http://www.dhammadownload.com



စသည်) ၂ ဦးတို့လည်း မေတ္တာရေ မကွဲပြားဘဲ တစ်သားတည်း တည်စေပြီးလျှင် အိမ်ရှင် အိမ်သူတို့၏ ကျင့်ဝတ်များကို မယွင်းချွတ်အောင် စောင့်ထိန်းလျက် စိတ်ချောကိုယ်ပါ ချမ်းသာစွာဖြင့် ဉစ္စာစည်းစိမ် တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း"။

ဤသို့စသည်ဖြင့် နေရာဌာနလိုက်၍ ကန်တော့သင့်၊ ဆုပေး သင့်ကြသည်။ ကုန်းဘောင်ရာဇဝင်၌ အသလောင်းမင်းတရားကြီးကို သမီးကညာ ဆက်၍ မင်းသမီးက ကန်တော့သောအခါ "ကန်တော့ရသော ဤကောင်းမှုကြောင့် ငါမင်းမြတ်နှင့်အတူ တိုင်းသူပြည်သား လူအများ ကို သနားစောင့်ရှောက် ချီးမြှောက်နိုင်ပါစေ" ဟူသော အဓိပ္ပာယ်မျိုးဖြင့် ဆုပေးသည်ကို သတိပြုလိုက်ဖူးပါသည်။

ပဉ္စကဇာတ်၌ အရှင်မြတ်တို့ကား...........

ဣစ္ဆိတံ ပတ္ထိတံ တုယှံ, ခိပ္ပမေဝ သမိဇ္ဈတု၊

သဗ္ဗေပူရေန္တု သင်္ကပ္ပါ, စန္ဒော ပန္နရသော ယထာ။

"သင်၏ အလိုရှိအပ် တောင့်တအပ်သော ဆုသည် လျင်မြန်စွာ ပြီးစီးပါစေ။ တစ်ဆယ့်ငါးရက်လ၏ ပြည့်စုံခြင်းကဲ့သို့ ကောင်းသော အကြံမှန်သမျှ ပြည့်ဝပါစေ" ဟု ဆုပေးတော်မူကြသည်။

**ဩဝါဒကထာအဖွင့် ပြီး၏။**

---

## ငါးပါးသီလ စံယူပုံအစဉ်

အလျှုကိစ္စ စသည်၌ ရဟန်းတော်တစ်ပါးထံ (တရားမနာမီ၊ ရေစက်မချမီ) ငါးပါးသီလကို ဆောက်တည်တတ်ကြ၏။ ထိုသို့

http://www.dhammadownload.com



ဆောက်တည်ရာဝယ် ရည်ရွယ်ချက်ကား ဒါနပြုရာ၌ အရင်းခံ သီလရှိမှ သာ၍ အကျိုးပေး စင်ကြယ်သောကြောင့် အရင်းခံ သီလရှိသူဖြစ်အောင် ဆောက်တည်ခြင်း ဖြစ်သည်။ နဂိုက သရဏဂုံနှင့် သီလရှိသူဖြစ်လျှင် မဆောက်တည်ရသော်လည်း အကျိုးမယုတ်ပါ။ သို့ရာတွင် မြရာ သံပတ် ဆိုသလို ထုံးစံအတိုင်း သီလယူကြစို့။

**လူများ။** ။"ဩကာသ ဩကာသ" စသည်ဖြင့် ထုံးစံအတိုင်း ရှိခိုး ဆုတောင်း။

**ဘုန်းကြီး။** ။"ရှိခိုးပူဇော် ဖူးမြော်မှာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်" စသည်ဖြင့် အလိုရှိရာ ဆုကိုပေး။

**လူများ။** ။"အဟံ ဘန္တေ တိသရဏေန သဟ" စသည်ဆို၍ သရဏဂုံ သီလတောင်း။ [တချို့နေရာ၌ ဤ အဟံ ဘန္တေကို ဘုန်းကြီးက ချပေးသည်။]

**ဘုန်းကြီး။** ။"ယမဟံဝဒါမိ တံ ဝဒေထ"

**လူများ။** ။"အာမဘန္တေ"

**ဘုန်းကြီး။** ။"နမော တဿ ဘဂဝတော အရဟတော" စသည် တစ်ခေါက်ချ။

**လူများ။** ။"နမော တဿ ဘဂဝတော" စသည် ၃ ခေါက် လိုက်ဆို။

**ဘုန်းကြီး။** ။"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

**လူများ။** ။လိုက်ဆို။

http://www.dhammadownload.com



ဘုန်းကြီး။ ။"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"သရဏာဂမနံ ပရိပုဏ္ဏံ"

လူများ။ ။"အာမ ဘန္တေ"

ဘုန်းကြီး။ ။"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု ချပေး။

လူများ။ ။လိုက်ဆို [အစဉ်အတိုင်း "အဒိန္နာဒါနာ" စသည် ချပေး၊ လိုက်ဆို။]

ဘုန်းကြီး။ ။"တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ"

လူများ။ ။"အာမ ဘန္တေ"။

---

## ဆုပေးအဖွင့်

သီလခံယူရာ၌ ရှေးဦးအစ "ဩကာသ" စသော ရှိခိုးစဉ်ကို ဖွင့်ပြခဲ့၍ ထိုဩကာသ စသည်ကို ဆိုပြီးနောက် ဘုန်းကြီးက "ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်" စသည်ဖြင့် ဆုပေး၏။ ထိုဆုပေးတိုင်း ရ မရကို ပထမ စဉ်းစားသင့်၏။

http://www.dhammadownload.com



ဇာတ် ဝတ္ထုများ၌ ပစ္စေကဗုဒ္ဓါ ရဟန္တာ စသော အရှင်များအား တစ်စုံ တစ်ရာ ဝတ္ထုကို လှူဒါန်းပြီးနောက် အလှူ့ရှင်ကိုယ်တိုင် မိမိလိုရာ ဆုကို တောင်း၏။ ထိုတောင်းသော ဆုများကား သံသရာ၌ ထူးထူးခြား ခြား ဖြစ်လိုခြင်း၊ ထိုပစ္စေက ဗုဒ္ဓါ ရဟန္တာတို့ကဲ့သို့ သစ္စာ ၄ ပါးကို သိမြင်လိုခြင်းများတည်း။ အလှူခံဖြစ်သော ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့ကလည်း ထို တောင်းသော ဆုကိုပင် "တောင့်တတိုင်း ပြည့်စုံပါစေ" ဟု ပေးတော်မူခဲ့ပါသည်။

ထိုသို့ အလှူဒါန တစ်ခုခုကို ပြု၍ လိုလိုချင်ချင် တောင်းအပ်သော ဆုကား ထိုတောင့်တတိုင်းပင် သင့်လျော်သော ဘဝ၌ အကျိုးပေး တတ်ပါ၏။ ဤကဲ့သို့ အကျိုးပေးရာ၌ ဆုပေးမှုကြောင့် အကျိုးရသည် မဟုတ်၊ သူ၏ ကုသိုလ်ကံကြောင့် အကျိုးရခြင်း ဖြစ်သည်ဟု မှတ်ပါ။

ယခုကာလ၌ကား "ဩကာသ" စသည်ဖြင့် ရှိခိုးပြီးနောက် "အပါယ် ၄ ပါး ကပ် ၃ ပါး" စသည်မှ လွတ်မြောက်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရလိုပါကြောင်း ဆုတောင်းကြ၏။ ဆုပေးသော ဘုန်းကြီးကမူ "အသက်ရှည်ခြင်း၊ အဆင်းလှခြင်း" စသည်ဖြင့် မတောင်းသော ဆုကိုပါ အပိုပေး၏။ ဆုတောင်းတိုင်း၊ ဆုပေးတိုင်း (ကောင်းအောင် မကျင့်ဘဲ) အကျိုးရနိုင် မရနိုင်ကို စဉ်းစားလျှင် မရနိုင်ဟုပင် မှတ်ပါ။ မိမိတောင်းသော ဆုနှင့် ထိုက်တန်အောင် (အပါယ်လေးပါး စသည်မှ လွတ်အောင်) ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်ကုသိုလ် ပုညကြိယာဝတ္ထု ကုသိုလ်များကို ပြုမှသာ

http://www.dhammadownload.com



(နိဗ္ဗာန်မြန်မြန်ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်မှ၊ သို့မဟုတ် ပါရမီကို ကြိုးစားဖြည့်မှသာ) ဆုတောင်းအားလျော်စွာ အကျိုးရနိုင်မည်။

အကယ်၍ ဆုတောင်းတိုင်း ဆုပေးတိုင်း ရမည်ဆိုလျှင် ရှေးရှေးဘဝတို့၌လည်း တောင်းဖူးလှသည်သာမက ယခုဘဝ၌ ယုံကြည်လောက်သော ဘုရားဒကာ ကျောင်းအမ လူဝင်စားတွေမှာလည်း လွန်ခဲ့သော ဘဝက အကြိမ်ရာထောင်မက ဆုတောင်းခဲ့လုပြီ ဖြစ်၍ ထိုဆုတောင်းအားလျော်စွာ ယခုဘဝ၌ ကြွယ်ဝချမ်းသာသော ရှေ့သူဌေးတွေ ဖြစ်နေဖွယ် ရှိသည့်အပြင် ယနေ့ နက်ဖြန် ဆိုသလို မဂ်ဖိုလ်နိဗ္ဗာန်ကို (အလျင်အမြန်) ရသူတွေ ဖြစ်စေရာ၏။ သို့ရာတွင် ယခုအခါ၌ ထိုသို့ ဖြစ်သူကို မတွေ့မြင် မကြားသိရပါတကား .....။ "နိဗ္ဗာကို မြန်မြန်ရမည်" ဟု ဆိုလျှင်လည်း သူတို့တတွေ လိုချင်ကြမည် မဟုတ်ပါချေ။

ထို့ကြောင့် စိတ်မပါ့တပါနှင့် တောင်းသောဆု၊ ဘုန်းကြီးက နှုတ်တက် ချပေးသော ဆုများကို အားကိုးနေကြခြင်းထက် "မိမိတို့ ကိုယ်တိုင် ပိုင်ပိုင်ကြီး အလုပ်လုပ်ခြင်းက အကျိုးရမည်" ဟု မှတ်ပါ။ သို့သော် အများနှင့် မဆန့်ကျင်အောင် ထုံးစံအတိုင်း "ဩကာသ" ရှိခိုးပြီးနောက် ဆုတောင်း၍ ဘုန်းကြီးပေးသော ဆုကိုလည်း "အာမ ဘန္တေ" လိုက်ကြပါလေတော့။ [အပြစ်မရှိသော ကိစ္စ၌ အများနှင့် မဆန့်ကျင်သင့်ပါ။]

---

http://www.dhammadownload.com



# သရဏဂုံနှင့်
# ငါးပါးသီလတောင်း အဖွင့်

## (ကျက်မှတ်ရန်)

(၁) အဟံ ဘန္တေ, တိသရဏေန သဟ, ပဥ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ, သီလံဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ, အဟံ ဘန္တေ ........ မေ ဘန္တေ။

(၃) တတိယမ္ပိ, အဟံ ဘန္တေ ..........မေ ဘန္တေ။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

(၁) ဘန္တေ – အရှင်ဘုရား၊ အဟံ– တပည့်တော် (တပည့်တော်မ) သည်၊ တိသရဏေန– သရဏဂုံသုံးပါးနှင့်၊ သဟ–တကွ၊ ပဥ္စသီလံ– ငါးပါးသီလဟူသော၊ ဓမ္မံ– သိက္ခာပုဒ် တရားတော်ကို၊ ယာစာမိ– တောင်းပါ၏။ ဘန္တေ – အရှင်ဘုရား၊ မေ–တပည့်တော် (တပည့်တော်မ) အား၊ အနုဂ္ဂဟံ– ချီးမြှောက်ခြင်းကို၊ ကတွာ–ပြု၍၊ သီလံ–သီလကို၊ ဒေထ–ပေးတော်မူပါကုန်ဘုရား။

(၂) ဒုတိယမ္ပိ–နှစ်ကြိမ်မြောက်လည်း၊ ဘန္တေ – အရှင်ဘုရား. ..... စသည် ရှေ့အတိုင်းဆို။

(၃) တတိယမ္ပိ– သုံးကြိမ်မြောက်လည်း၊ ဘန္တေ – အရှင်ဘုရား ...... စသည် ရှေ့အတိုင်းဆို။

http://www.dhammadownload.com



ဤ **သီလ**တောင်းပုံ၌ မြန်မာလို ဆိုလိုရင်းမှာ "အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် သီလပေးတော်မူပါ" ဟု ဆိုလိုရင်းဖြစ်၏။ အလေးပြုရာရောက်အောင် သုံးကြိမ်တောင်းရိုးပြုကြသည်။ ပါဠိလို မဆိုဘဲ "တပည့်တော်အား သီလပေးတော်မူပါ" ဟု မြန်မာလို ရိုးရိုးတောင်းလျှင်လည်း ပြီးစီးနိုင်၏။ [ယခုအခါ အချိန်တိုတိုနှင့် လိုရာကိစ္စ၏ ပြီးစီးခြင်းကို လိုလားသောအခါ ဖြစ်ကြောင်းကို သတိပြုသင့်ပြီ။]

လူတို့က သီလတောင်းပြီး အဆုံး၌ သီလပေးကိုယ်တော်က **"ယ မဟံ ဝဒါမိ, တံ ဝဒေထ"**ဟု ဆိုပြန်၏။ **ယံ** – အကြင်စကားကို၊ **အဟံ**– ငါသည်၊ **ဝဒါမိ**–ဆို၏။ **တံ**– ထို ငါဆိုသွားသော စကားကို၊ **ဝဒေထ**–လိုက်၍ဆိုကြကုန်။ "ငါဆိုတာ လိုက်ဆိုကြ" ဟု ဆိုလိုသည်။ ထို့နောက် လူတို့က **"အာမ ဘန္တေ"**ဟု လိုက်ကြ၏။ **ဘန္တေ**– အရှင်ဘုရား၊ **အာမ**– အမိန့်တော်အတိုင်းပါ။ "မှန်ပါ၊ အရှင်ဘုရား ဆိုသွားသမျှကို လိုက်ဆိုပါမည်" ဟု ဝန်ခံခြင်းဖြစ်သည်။

ဤစကားဖြင့် "သင်တို့သည် **သရဏဂုံ**ကိုလည်း **ကိုယ့်ဘာသာ** မဆောက်တည်တတ်ကြ၊ **သီလ**ကိုလည်း မယူတတ်ကြ၊ ထို့ကြောင့် ငါက ရှေ့က ဆိုပေးမည်၊ လိုက်ဆိုကြ" ဟု ဆိုရာရောက်၏။ ဗုဒ္ဓသာသနာတော် ရောက်စက သရဏဂုံ သီလကိုမျှ မဆောက်တည်တတ်၊ မခံယူတတ်၍ နှုတ်ဖြင့် ချပေးသောအခါမှ ဖြစ်လာခဲ့သော စကားဖြစ်ဟန် တူသည်။ ကိုယ့်ဘာသာကိုယ် ဆိုတတ်လျှင် ယခုလို နှုတ်တက်ချပေးဖွယ် မလိုပါ။ သီလတောင်းများကိုလည်း ဆိုဖွယ်မလိုပါ။

http://www.dhammadownload.com



**သီလပေးမှု။** ။ရဟန်း တစ်ပါးပါးက "သီလ ပေးသည်" ဟူရာ၌ ထိုရဟန်းက မိမိမှာရှိသော သီလကို "ဝေငှပေးတဲ့" အပေးမျိုး မဟုတ်၊ သီလတောင်းပုံကို မဆိုတတ်၍ "ချပေးတဲ့" အပေးမျိုးဖြစ်သည်။ ထို့ကြောင့် လူအချင်းချင်းလည်း သီလပေးကောင်း၏။ ကိုယ့်ဘာသာ ဆိုတတ်လျှင် ရုပ်ပွားတော်၊ စေတီတော်အထံ၌ မိမိဘာသာလည်း သရဏဂုံသီလကို ဆောက်တည်ကောင်း၏။ ထိုသို့ မိမိဘာသာ သီလယူရာ၌ "ယ မဟံ ဝဒါမိ တံ ဝဒေထ" ဟု မိန့်တော်မမူသောကြောင့် "အာမ ဘန္တေ" လိုက်နေဖွယ် မလို။

ထို့နောက် သီလပေးပုဂ္ဂိုလ်က – "**နမော တဿ ဘဂဝတော အရဟတော** သမ္မာသမ္ဗုဒ္ဓဿ" ချပေး၍ လူအများက ၃ ခေါက် **လိုက်ဆိုကြပြန်၏**။ ဤ "နမော တဿ ဘဂဝတော" စသည်ကို ရှေးက သူတော်ကောင်းများ ဘုရားရှင်ကို သတိရသောအခါ ရွတ်ဆိုလေ့ ရှိသောကြောင့် ယခုကာလ နေရာတိုင်းမှာ မင်္ဂလာရှိသော စကားတစ်မျိုး အနေဖြင့် အသုံးပြုကြပေသည်။

**နမော တဿ အနက်။** ။အရဟတော – ပူဇော်သမ္ဘာကို ခံယူတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ– အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော၊ တဿ ဘဂဝတော– **ထိုမြတ်စွာဘုရားအား**၊ နမော– ရှိခိုးပါ၏။

**ရှေးထုံးကို မပယ်။** ။"ဩကာသ ဩကာသ"မှ စ၍ "နမော တဿ" **တိုင်အောင်** စကားများသည် သရဏဂုံသီလ ဆောက်တည်ရာ၌ အရေးတကြီး သက်ဆိုင်သော စကားများမဟုတ်၊ ရှေးဆရာတို့ သိုင်းသိုင်းဝိုင်းဝိုင်း ရှိအောင် စီစဉ်ခဲ့သော စကားများသာ ဖြစ်၏။

http://www.dhammadownload.com



သို့သော် အပြစ်လည်း မရှိ၊ ဩကာသ စသည်ကို ရွတ်ဆိုခိုက်၌ ထိုက်သင့်သမျှ ကုသိုလ်ရဖွယ်လည်း ရှိသောကြောင့် ယခုအခါ စဉ်းစားဉာဏ် ရှိသူတို့က (အပိုမှန်း သိပါလျက်) မပယ်ဖျက်ကြဘဲ ရှေးအစဉ်အလာအတိုင်း လိုက်နေကြသည်။

## ဗုဒ်ဂိုဏ်းနှင့် ဘန်းဂိုဏ်း

ရှေးအခါက အောက်နိုင်ငံမှာ အဟံ **ဘန္တေဟု ဘန္တေ**က စသောကြောင့် "ဘန်းဂိုဏ်း"ဟု လည်းကောင်း၊ **ဗုဒ္ဓံ သရဏံ**ဟု ဗုဒ္ဓံက စသောကြောင့် "ဗုဒ်ဂိုဏ်း"ဟု လည်းကောင်း ၂ ဂိုဏ်း **ကွဲဖူး**သတဲ့။ သရဏဂုံသီလကို ခေါက်တည်သောအခါ ဘန်းဂိုဏ်း **ဝင်သူတိုင်း**သည် "အဟံ ဘန္တေ တိသရဏေန"က စပြီး ယခုဆိုရိုးအတိုင်း ဆို၍ ဗုဒ်ဂိုဏ်းဝင်သူများက "အဟံ ဘန္တေ" စသည်ကို မဆိုတော့ဘဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" က စ၍ ဆိုလေ့ရှိကြသတဲ့။ ဤ ၂ နည်းတွင် ဗုဒ်ဂိုဏ်းနည်းက လိုရင်းပြီးအောင် အကျဉ်းရုံး၍ ဘန်းဂိုဏ်းနည်းက ရှေးစနစ်အတိုင်း လိုက်သောနည်းဖြစ်သည်။

**အမှာ**။ ။ အပြစ်မရှိသော ရှေး**နည်းကို** လိုက်သင့်ပါ၏။ သို့သော် ဩဇာ အာဏာနှင့် **ပညာရှိသူ**ဖြစ်လျှင် အကျိုးမများသော ရှေးစနစ်ကို ပြင်ရမည်သာ။ ထိုသို့ ပြင်သည့်အတွက် အငြင်းပွား၍ ခိုက်ရန်မများအောင် အုပ်စိုးနိုင်ဖို့ကား အရေးကြီး၏။ မအုပ်စိုးနိုင်ဘဲ ရှေးစနစ်ကို ပြင်လျှင်ကား မိမိလည်း ကုသိုလ်မရ၊ လူအများလည်း အကုသိုလ်ပွား၍ အကျိုးမဲ့သာ ဖြစ်ပါလိမ့်မည်။

http://www.dhammadownload.com



# သရဏဂုံ အဖွင့်

## (ကျက်မှတ်ရန်)

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ, ဂစ္ဆာမိ။

(၂) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဒုတိယမ္ပိ ...... ဂစ္ဆာမိ။

(၃) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, တတိယမ္ပိ ..... ဂစ္ဆာမိ။

* * * * * *

## ကြည့်ရှုရန် အဓိပ္ပာယ်

(၁) ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ– မှီဝဲဆည်းကပ်, သိမှတ်ပါ၏။ ဓမ္မံ– တရားတော်မြတ်ကို၊ သရဏံ– ဟူ၍၊ ဂစ္ဆာမိ– ၏။ သံဃံ– အရိယာ သံဃာတော်မြတ်ကို၊ သရဏံ– ဟူ၍၊ ဂစ္ဆာမိ–၏။

(၂) ဒုတိယမ္ပိ– နှစ်ကြိမ်မြောက်လည်း ..... ရှေ့အတိုင်းဆို။

(၃) တတိယမ္ပိ– သုံးကြိမ်မြောက်လည်း ..... ရှေ့အတိုင်းဆို။

**သရဏဂုံ။** ။"သရဏ+ ဂမန" ဟူသော ပါဠိမှ "သရဏဂုံ" ဟု မြန်မာစကား ဖြစ်လာသည်။ (သရဏ= ကိုးကွယ်ရာဟူ၍+ ဂမန= အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း) "ဘုရား တရား အရိယာ သံဃာသည် ကိုးကွယ်ရာ အစစ်ဖြစ်၏" ဟု အသိအမှတ်ပြုလျက် ရိုသေလေးမြတ် ဆည်းကပ်လိုသော ကုသိုလ် စေတနာကို "သရဏဂုံ"

http://www.dhammadownload.com



ဟု ခေါ်၏။ ၁– ဘုရား ကိုးကွယ်မှု၊ ၂–တရားကိုးကွယ်မှု၊ ၃–အရိယာသံဃာ ကိုးကွယ်မှု အားဖြင့် ၃ ပါးရှိသည်။ "သရဏဂုံ ၃ ပါး" ဟု ယခုကာလ ခေါ်ကြသည်မှာလည်း ဤ ၃ ပါးပင်တည်း။ မိမိသန္တာန်၌ ထိုရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် လိုသော စိတ်စေတနာ ဖြစ်နေကြောင်း ထင်ရှားပြဖို့ရာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိစကားကို ဖြစ်စေ၊ "ဘုရားကိုးကွယ်ပါ၏" စသော မြန်မာစကားကို ဖြစ်စေ၊ ရွတ်ဆိုခြင်းသည် သရဏဂုံ ဆောက်တည်ခြင်း မည်၏။

ထိုသို့ ဆောက်တည်ရာဝယ် .....

**ဗုဒ္ဓံ**။ ။ဗုဒ္ဓံ–အရ ဘုရားဟု ဆိုရာ၌ ရုပ်ပုံ ရုပ်ပွားဆင်းတုစေတီတော်များလောက်တွင် စိတ်မထားဘဲ ဘုရား ဂုဏ်တော်ဖွင့်၌ ပြခဲ့သော "ဘုရားရှင်"ကို ရည်မှန်း၍ ထားရာ၏။

**ဓမ္မံ**။ ။ဓမ္မံ– အရ တရားဟု ဆိုရာ၌ ယခုကာလ ဓမ္မကထိကတွေ၊ သံရှည်သံတိုဆွဲ၍ ယပ်လှဲ ယပ်ထောင် တရားများနှင့် စာအုပ်ပေစာတွေ လောက်တွင် စိတ်မထားဘဲ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာန် စသော ဘုရားဟော ပါဠိတော်၊ အဋ္ဌကထာကျမ်းစာအစဉ်နှင့် မဂ် ဖိုလ် နိဗ္ဗာန် တရားကို ရည်မှန်းထားရာ၏။

**သံဃံ**။ ။သံဃံ–အရ သံဃာဟု ဆိုရာ၌ ယခုကာလ ရဟန်းသံဃာလောက်တွင် စိတ်မထားဘဲ သံဃာ့ဂုဏ်၌ ပြခဲ့သော အရိယာသံဃာကို ရည်မှန်းထားရာ၏။ ဤသို့ ရည်မှန်းနိုင်မှသာ "သရဏဂုံ" အစစ်အမှန် ရမည်။

http://www.dhammadownload.com



**ကိုး ကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာ။** ။ရတနာမြတ်သုံးပါးသည် အပါယ် ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ မကျမရောက်အောင် ဟောတော်မူသောအားဖြင့် စောင့်ရှောက်တော်မူမြေရကား.....

**ကိုး** =ရတနာ သုံးပါးကို ကိုးစားရာ (အားကိုးစရာ) ဟူ၍ လည်းကောင်း၊

**ကွယ်** =ဘေးရန်ပေါ်လာလျှင် ကာကွယ်ဖို့ရာ ဟူ၍ လည်းကောင်း၊

**လဲလျောင်း** =(မိဘအပေါ်မှာ ယုံကြည်၍ သားသမီးများ လဲလျောင်း အိပ်နေသလို) ရတနာသုံးပါးကို ကောင်းစွာ ယုံကြည်၍ လဲလျောင်းဖို့ရာ ဟူ၍ လည်းကောင်း၊

**ပုန်းအောင်း။** ။အပါယ်ဘေး မရောက်အောင် ပုန်းအောင်းနေဖို့ရာ ဟူ၍ လည်းကောင်း၊

**မှီခို** = မိဘကို သားသမီးက မှီခိုသကဲ့သို့ မှီဖို့ရာ ဟူ၍လည်းကောင်း အသိအမှတ်ပြုလျက် "နှစ်နှစ်သက်သက် မှီဝဲ ဆည်းကပ်ပါ၏" ဟု ဆိုလိုသည်။

**တစ်ကြိမ်ဆောက်တည် တစ်သက်တည်။** ။ဤသို့ ယုံကြည်လေးမြတ်စွာ တစ်ကြိမ်လောက် ဆောက်တည်ထားလျှင် ယုံကြည်စိတ် မပျက်သမျှ တစ်သက်လုံး "သရဏဂုံတည်သူ" မည်တော့၏။ ထပ်ကာထပ်ကာ ဆောက်တည်နေဖွယ် မလိုပါ။ ခုကာလ၌ကား

http://www.dhammadownload.com



သီလဆောက်တည်တိုင်း ထပ်၍ သရဏဂုံ ဆောက်တည်လေ့ရှိကြသည်။ သို့သော် အပြစ်မရှိ၍ ထိုနည်းကို မပယ်ဖျက်လိုပါ။

**သရဏဂုံ တင်ကြပုံ။** ။ရတနာသုံးပါးကို မကိုးကွယ်သောအခါနှင့် အသက်ဆုံးသောအခါ၌ သရဏဂုံ ပျက်၏။ ထို့ကြောင့် တစ်စုံတစ်ယောက် အနိစ္စရောက်သောအခါ "ရောက်ရာဘဝက သတိရနေလျှင် သရဏဂုံ ယူပါစေတော့" ဟု ရည်မှန်း၍ အလောင်းကို သရဏဂုံ တင်ရိုး ပြုကြသည်။ စိတ်မရှိသော အလောင်းအတွက်ကား သရဏဂုံ တင်သော်လည်း သရဏဂုံ မရပါ။

**သတိပြုဖွယ်။** ။ယခုအခါ သရဏဂုံ ဆောက်တည်သူတို့တွင် တချို့မှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိကို ရွတ်နေသော်လည်း မြန်မာလို ဘာကို ဆိုလိုကြောင်း မသိကြ။ ဗုဒ္ဓံ ဓမ္မံ သံဃံဟု နှုတ်က ရွတ်နေသော်လည်း ဘုရား တရား သံဃာအစစ်ကို နားမလည်ကြချေ။ ထိုသို့ နားမလည်သူတို့မှာ ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ် သရဏဂုံမရနိုင်၊ အတော်အတန် နားလည်သူ ဘုရား တရား သံဃာကို ကိုးကွယ်လိုစိတ် ရှိသူ၌ကား ဉာဏဝိပ္ပယုတ် သရဏဂုံမျှသာ ရဖွယ်ရှိ၏။ လုံးလုံးနားမလည်သူတို့မှာ သရဏဂုံကိုမျှ လုံးလုံးရဖွယ်မရှိ။ သရဏဂုံ မတည်လျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး။ ထို့ကြောင့် သရဏဂုံ အကြောင်းကို ကောင်းကောင်း နားလည်အောင် လေ့လာကြပါကုန်။

http://www.dhammadownload.com



## ရတနာသုံးပါးနှင့်စပ်၍ မှတ်ဖွယ်

**ဘုရား တရား။** ။ယခုအခါ စဉ်းစားလေ့ရှိသူတို့သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံ၌ "သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ရမည်။ စေတီတော်များကား ဘုရားရှင်၏ အရိုးဓာတ်တော်ကို ဌာပနာထားရာ ဖြစ်၍လည်းကောင်း၊ ရုပ်ပုံ ဆင်းတုတော်များမှာ ဘုရားရှင်၏ ပုံတော်ကို စွမ်းနိုင်သမျှ အတု ပြုလုပ်ထားသော ပုံတော်များ ဖြစ်၍လည်းကောင်း ဘုရားရှင်ကို ရည်မှန်း၍ ကိုးကွယ်ပူဇော်ရာ ဌာနများ ဖြစ်ကြသည်" ဟု နားလည်ကြ ပေပြီ။ တရားကို ကိုးကွယ်ရာ၌လည်း "ကိလေသာ အညစ်အကြေးတို့ကို ပယ်ရှားနိုင်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်များနှင့် ဘုရားရှင် ဟောတော်မူအပ်သော တရားစစ် တရားမှန်များကိုသာ ကိုးကွယ်ရမည်"ဟု နားလည်ကြပေပြီ။

**သံဃာ။** ။"သံဃာကို ကိုးကွယ်ပါ၏"ဟု သရဏဂုံ ဆောက်တည်ရာ၌ကား စိတ်ထဲမှာ ရဟန်းသံဃာအမျိုးမျိုး ပေါ်လာသော ကြောင့် ကျေကျေနပ်နပ် ဆည်းကပ် ကိုးကွယ်လိုစိတ် မဖြစ်နိုင်ကြ။ ထိုသို့ ဖြစ်ရာ၌ ဘုန်းကြီးတို့ ကလေးအရွယ်က စိတ်နေစိတ်ထားကို ပြန်၍ သတိရတော့သည်။ ဘုရားရှိခိုးရာ၌ ကလေး၏ စိတ်သည် ရှေ့မှာရှိသော စေတီတော်၊ ဆင်းတုတော်ထက် ပိုလွန်၍ ဘုရားရှင် အစစ်တိုင်အောင် မမှန်းနိုင်ခဲ့ပါ။ အထက်တန်းစာကို သင်ရသောအခါ ကျမှ စေတီတော်၊ ဆင်းတုတော်များကို ရှိခိုးတိုင်း ဘုရားရှင်အစစ် ရောက်အောင် ထွင်းဖောက်၍ အာရုံပြုနိုင်ပါသည်။

http://www.dhammadownload.com



ထို့အတူ ပုထုဇဉ် ရဟန်း သံဃာများကို စေတီတော်၊ ဆင်းတုတော်များကဲ့သို့ သဘောထား၍ အရိယာ ဖြစ်ပြီးသော ရဟန်းသံဃာများကို ဘုရားအစစ်လို သဘောထားလျက် စဉ်းစားကြည့်သောအခါ အတော်စိတ်ရှင်းသွားပါလိမ့်မည်။ စေတီတော်၊ ဆင်းတုတော်များကို ရွှေတိဂုံ၊ မဟာမြတ်မုနိတို့ကဲ့သို့ အလွန် အဆင့်အတန်း မြင့်နေသည်ကိုလည်း ဖူးတွေ့ကြရ၏။ ဘုရားဒကာ ဘုရားအမနှင့် ကိုးကွယ်သူ ရွာသားတို့ အပြုအပြင် မတတ်မှုကြောင့် မသပ္ပာယ်သော စေတီတော်၊ ဆင်းတုတော်များကိုလည်း (မလွှဲမရှောင်သာ) မြင်ရ တွေ့ရ၏။

သပ္ပာယ်သော စေတီတော် ဆင်းတုတော်များကို ဖူးမြော်ရသောအခါ လွန်စွာ အားရ၍ သက်တော်ထင်ရှား ဘုရားကိုလည်း သတိရသကဲ့သို့ အဆင့်အတန်း မြင့်မြင့်နှင့် တရားကျင့်နေသော သာသနာ့တာဝန်ကို အားသွန် ကြိုးစားနေသော ရဟန်းသံဃာတော်များကို ဖူးမြော်ရသောအခါ "ဪ ဘုရားလက်ထက်တော်၌ အရှင်မဟာကဿပ စသော သံဃာတော်များသည် ဤသို့ ကျင့်တော်မူကြပေလိမ့်မည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်ဉပါလိ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ စသော သံဃာတော်များသည် ဤသို့ပင် သာသနာ့တာဝန်ကို အားသွန်ကြိုးစားတော် မူကြပေလိမ့်မည်" ဟု အရိယာ သံဃာတော်များ၌ ထင်မြင်လာအောင် နှစ်သက်ခြင်းကို ဆောင်နိုင်ကြပါလိမ့်မည်။ ထိုကဲ့သို့ ထင်လာမြင်လာအောင်လည်း သတိထားမိကြပါစေ။

မသပ္ပာယ်သော စေတီ ဆင်းတုတော်များကို တွေ့ရသောအခါ "ဒီရပ်သူ ငယ်သားတွေ အသိ အလိမ္မာ နည်းသေးလို့ ယခုလို စေတီ

http://www.dhammadownload.com



ဆင်းတုတော်များ မသပ္ပာယ် မတင့်တယ်ဘဲ ရှိနေကြရသည်၊ ရပ်သူနယ်သားတို့ အသိ အလိမ္မာ တိုးပွားလာလျှင် ဤစေတီ ဆင်းတုတော်များကို သားနားသပ္ပာယ်အောင် ခြယ်လှယ်နိုင်ပေလိမ့်မည်" ဟု ရပ်သူနယ်သားတို့၏ အသိဉာဏ်ကို မြင့်တင်လိုသော စိတ်ဆန္ဒသာ ဖြစ်ပေါ်လာ၍ ဆင်းတု စေတီတော်များ၏ မသပ္ပာယ်မှုကို အပြစ် မမြင်နိုင်တော့သကဲ့သို့ ထို့အတူ အဆင့်အတန်း မမြင့် မကြွယ် မသပ္ပာယ်သော ရဟန်း သံဃာတော်များကို တွေ့ရပြန်လျှင်လည်း သာသနာကို ကိုးကွယ်သော လူတစ်စု၏ အသိဉာဏ်နည်းမှုကိုသာ အပြစ်တင်ကာ မတော်မလျော် သွားလာ နေထိုင်သူတို့အပေါ်မှာ အပြစ်မတင်သာဘဲ ရှိပါလိမ့်မည်။

**ဘုရားပေးသော သရဏဂုံ။** ။ဘုရားရှင်သည် "ဆတ္တ" မည်သော တက္ကသိုလ်ကျောင်းသား တစ်ယောက်အား ဗုဒ္ဓ–ဓမ္မ– သရဏဂုံ ပေးတော်မူပြီးနောက် သံဃာ့သရဏဂုံ ပေးတော်မူရာ၌ "အရိယာ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်လော့" ဟု မိန့်တော်မူပါသည်။ (ဆတ္တမာဏဝက ဝိမာနဝတ္ထု) ထို့ကြောင့် ယခုအခါ "သံဃံ သရဏံ ဂစ္ဆာမိ= သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏" ဟု သရဏဂုံ ဆောက်တည်ရာ၌ အရိယာ သံဃာကိုသာ ရည်မှန်း၍ ဆောက်တည်ကြပါလေ။ သံဃာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသော အခါလည်း "သုပ္ပဋိပန္နော" စသော ဂုဏ်တော်များနှင့် ပြည့်စုံပြီးသော အရိယာ သံဃာတော်များကိုသာ အာရုံပြုရပါသည်။ သံဃာ့ဂုဏ်တော် အဖွင့်၌ အရိယာ သံဃာတော်များချည်း ပါဝင်ပုံကို ပြန်၍ သတိပြုပါ။

http://www.dhammadownload.com



ရတနာ့သုတ်ပရိတ်တော်လာ သံဃာ့ဂုဏ်ကို ပြရာ၌လည်း အရိယာ သံဃာတော်များသာ ဖြစ်ပါသည်။

ပုထုဇဉ် သံဃာလည်း မလွတ်။ ။သက်တော် ထင်ရှား ဘုရားမရှိသော ယခုအခါ၌ ဘုရားရှင်ကို လှူဒါန်းပူဇော်လိုလျှင် ဘုရားကို ရည်မှန်း၍ စေတီတော်၊ ဆင်းတုတော်ကိုသာ လှူဒါန်းပူဇော် ရတော့သကဲ့သို့ ထို့အတူ အရိယာ သံဃာကို ရည်မှန်း၍ လှူဒါန်းပူဇော် လိုလျှင် တွေ့ရာ ကြုံရာ ပုထုဇဉ်သံဃာကိုလည်း လှူဒါန်းပူဇော် ကြရတော့သည်။ "အနုတ္တရံ ပုညက္ခေတ္တံ= အရိယာ သံဃာတော်သည် အတုမရှိ ကောင်းသော လယ်ယာမြေပင်တည်း"ဟု မိန့်တော်မူချက်အရ ပထမတန်း လယ်ယာမြေကို မရလျှင် ဒုတိယတန်း လယ်ယာမြေမှာပင် စိုက်ပျိုးရသကဲ့သို့ ပထမတန်း သံဃာကို မရလျှင် သီလ, သမာဓိ, ပညာအားဖြင့် ဒုတိယတန်း ပုထုဇဉ် သံဃာတော်ကို ရှာ၍ ကိုးကွယ် ဆည်းကပ်ဖို့ တာဝန်မှာ တိုင်းသူပြည်သားတို့ အသိဉာဏ်ပေါ်၌သာ တည်၏။ အချုပ်မှာ – ပုဂ္ဂိုလ်ကောင်းကို ရွေးချယ်၍ ကိုးကွယ်နိုင်မှသာ အကျိုးများများ ရမည်ဟု ဆိုလိုပါသည်။

ဒုတိယတန်း လယ်ယာမြေ မရှိလျှင် တတိယတန်း လယ်ယာမြေ၌လည်း စိုက်ပျိုးကြရသကဲ့သို့ ထို့အတူ တတိယတန်း ပုထုဇဉ် သံဃာများကိုလည်း (သံဃာကို ရည်မှန်း၍ လှူဒါန်းပူဇော်နိုင်လျှင်) ထိုက်သမျှ အကျိုးရမည့် အကြောင်းကိုလည်း ချဲ့ထွင် စဉ်းစားကြပါလေ။ သာသနာ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာသောအခါ "လည်ပင်း၌ သင်္ကန်း ပတ်ထားသော ရဟန်းအတုကိုပင် သံဃာမှန်း၍ လှူဒါန်းနိုင်လျှင်

http://www.dhammadownload.com



မရေမတွက်နိုင်အောင် အကျိုးရနိုင်၏”ဟု ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူပါသည်။

ဤ သရဏဂုံကို ဆောက်တည်ပြီးသည့် အဆုံး၌ သီလပေး ကိုယ်တော်က “သရဏဂမနံ ပရိပုဏ္ဏံ” ဟု ဆို၏။ သရဏဂမနံ – သရဏဂုံသည်၊ ပရိပုဏ္ဏံ– သင်တို့ သန္တာန်မှာ ပြည့်စုံပြီ။ “သရဏဂုံ တည်ပြီ” ဟု ဆိုလိုသည်။ ထို့နောက် လူများက “အာမ ဘန္တေ= မှန်ပါ့ဘုရား”ဟု လိုက်ကြပြန်၏။ ဘုရားရှေ့မှာ မိမိဘာသာ သရဏဂုံကို ဆောက်တည်ရာ၌ကား ရှပ်ပွားတော်က “သရဏဂမနံ ပရိပုဏ္ဏံ” ဟု မိန့်တော်မမူသောကြောင့် “တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ” အဆုံး၌ “အာမဘန္တေ”ဟု ဆိုဖွယ် မလိုတော့ပါ။

## ငါးပါးသီလ

### (ကျက်မှတ်ရန် သိက္ခာပုဒ်များ)

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရာမဏိသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

* * * * * *

http://www.dhammadownload.com



## ကြည့်ရှုရန် အစီပွားယ်

ဤ သိက္ခာပုဒ်ငါးပါးကို "ငါးပါးသီလ" ဟူ၍ လည်းကောင်း၊ လူတို့၏ အမြဲစောင့်ထိန်းကြရသောကြောင့် "နိစ္စသီလ" ဟူ၍ လည်းကောင်း၊ တစ်သက်လုံး မကျိုးမပေါက်ရအောင် သူတော်ကောင်းတို့ အလေးပြုရမည့် အကျင့် ဖြစ်သောကြောင့် "ဂရုဓမ္မသီလ" ဟူ၍ လည်းကောင်း အမျိုးမျိုးပင် ခေါ်ကြပါသည်။ သရဏဂုံ တည်သူ (ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူ)ကို ဥပါသကာ– ဥပါသိကာမဟု ခေါ်၏။ ထို ဥပါသကာ– ဥပါသိကာမ မှန်လျှင် ငါးပါးသီလကို လုံခြုံစေမှသာ သင့်လျော်ပါသည်။ ထို့ကြောင့် သူတော်ကောင်း ပီသအောင် ငါးပါးသီလကိုလည်း လုံခြုံစေရပါသည်။

---

## ၁။ ပါဏာတိပါတ အဖွင့်

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန် အနက်နှင့် အစီပွားယ်

ပါဏာတိပါတာ– သူတစ်ပါးအသက်ကို သတ်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ – ရှောင်ကြဉ်ရကြောင်း, ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– စိတ်၌ မြဲစွာ, ဆောက်တည်ပါ၏။ "သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။

**သူတစ်ပါးအသက် သတ်ခြင်းမှ** ဟူရာ၌ လူ၏ အသက်ချည်းသာ မက မိမိမှ တစ်ပါး အသက်ရှိသော သတ္တဝါအားလုံး၏ အသက်ကို

http://www.dhammadownload.com



"သူတစ်ပါးအသက်" ဟု ဆိုလိုသည်။ ထို့ကြောင့် သက်ရှိသတ္တဝါ မှန်လျှင် တိရစ္ဆာန်အမျိုးမျိုး၊ ကြမ်းပိုး၊ သန်း၊ ဥ၊ ခရု၊ ယောက်သွား၊ ကျွဲ၊ နွား စသည်တို့၏ အသက်ဟူသမျှကို မသတ်ရ။

**သတ်**– ဟူရာ၌ တကယ်သေစေလို၍ ကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါးကို စေခိုင်း၍ သော်လည်းကောင်း သတ်မှသာ သတ်ရာ ရောက်သည်၊ လမ်းသွားရင်း မတော်တဆ နင်းမိ၍ သေသွားခြင်း စသည်များမှာ သတ်ရာမရောက်ပါ။

**ရှောင်ကြဉ်ရကြောင်း, ကောင်းမြတ်သော**–ဟူရာ၌ ဤ သိက္ခာပုဒ်ကို ဆောက်တည်ထားလျှင် သူ့အသက် သတ်မှုမှ ရှောင်ကြဉ် ရသည်။ မရှောင်ကြဉ်လျှင် သိက္ခာပုဒ်ပျက်၏။ ထို့ကြောင့် ဤသိက္ခာပုဒ် သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကြောင်း ဖြစ်သည်။

**သိက္ခာပုဒ်။** ။ကုသိုလ် အကျင့်ကို "သိက္ခာ" ဟု ခေါ်သည်။ ပုဒ်–ဟူသည်ကား မြန်မာလို "တည်ရာ" ဟူသောစကားနှင့် အဓိပ္ပာယ် တူသော (ပဒ) ပါဠိပျက်စကားတည်း။ ထို့ကြောင့် များစွာသော ကုသိုလ်အကျင့်တို့၏ တည်ရာကို "သိက္ခာပုဒ်"ဟု မှတ်ပါ။ ဤ သိက္ခာပုဒ် တစ်ပါး လုံခြုံလျှင် ကုသိုလ်အကျင့်တွေ များစွာတိုးတက်၍ ရမည်ဖြစ်သောကြောင့် "များစွာသော ကုသိုလ်တရား၏ တည်ရာ အခြေခံဖြစ်သော အကျင့်သိက္ခာ"ဟု ဆိုလိုသည်။

http://www.dhammadownload.com



**ဆောက်တည်ပါ၏။** ။"ဤ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည်" ဟု (ခိုင်မြဲအောင် အိမ်ကြီး တိုက်ကြီးများကို မြေ၌ ဆောက်စိုက်တည်ထားသလို) စိတ်ထဲ၌ စွဲစွဲမြဲမြဲ နှလုံးသွင်းထားခြင်းကို ဆောက်တည်"ဟု ခေါ်သည်။ ထို့ကြောင့် သူတစ်ပါးထံသို့ မသွားဘဲလည်း မိမိဘာသာ"ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" ဟု ပါဠိလို ရွတ်ဆို၍ ဖြစ်စေ၊ "သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟု မြန်မာလို ရွတ်ဆို၍ ဖြစ်စေ ဆောက်တည်ကောင်း၏။ [ ဇနက မင်းသားကလေး ပင်လယ်ကြော၌ မျောနေစဉ် ကိုယ့်ဘာသာ ဆောက် တည်၍ ၇ ရက်ပတ်လုံး ဉပုသ် စောင့်သုံးခဲ့ပါသည်။]

ယခုကာလ၌ကား "ဘုရားရှေ့တော်၊ ရဟန်း သံဃာတော်များ ရှေ့၌ ဆောက်တည်ရမှ သီလရသည်" ဟု ထင်နေကြ၏။ သို့သော် ဘုရားရှေ့တော် ရဟန်းသံဃာ၏ ရှေ့၌ ဆောက်တည်ထားလျှင် ဘုရားနှင့် သံဃာကို ရိုသေသောအားဖြင့် သိက္ခာပုဒ်ကို လုံခြုံအောင် အထူးစောင့်ရှောက်ဖွယ် ရှိရကား စေတီတော်၊ ရုပ်ပွားတော်နှင့် သံဃာတော်တို့ရှေ့၌ ဆောက်တည်ခြင်းသည် သာ၍ ခိုင်မြဲဖွယ် ရှိသောကြောင့် ယခုကာလ ဆောက်တည်ကြပုံများလည်း အပြစ်မရှိသဖြင့် ကောင်းလှပါပေသည်။

**မဆောက်တည်သူ လွန်ကျူးပြစ်။** ။ဤ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ သူ့အသက်ကို သတ်လျှင် အပြစ်ရှိ မရှိ စဉ်းစားရာ၏။ ငါးပါးသီလခေါ်သော သိက္ခာပုဒ်များသည် ဆောက်တည်သည်ဖြစ်စေ၊

http://www.dhammadownload.com



မဆောက်တည်သည်ဖြစ်စေ လွန်ကျူးလျှင် အပါယ် ၄ ပါးသို့ ကျရောက်စေနိုင်သောကြောင့် မည်သူမဆို အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့်တရားဖြစ်သည်။ "ဝိကာလဘောဇနေ၊ နစ္စ၊ ဂီတ" စသော အခြားသိက္ခာပုဒ်များကိုကား မဆောက်တည်နိုင်လျှင် အပြစ်မကြီးလှ။ အပါယ်သို့ မကျစေနိုင်။ ဆောက်တည်နိုင်လျှင်ကား ဆောက်တည် ထားသော သိက္ခာပုဒ်ကို အကြောင်းပြု၍ အကုသိုလ်ဖြစ်ခွင့် မရတော့ဘဲ ကုသိုလ်တရားသာ တိုးပွားဖွယ် ရှိသောကြောင့် မည်သည့် သိက္ခာပုဒ်ကို မဆို ဆောက်တည်နိုင်လျှင် အကျိုးများ၏။ အပြစ်နှင့် အကျိုးကိုပြသော အောက်ပါဆောင်ပုဒ်ကို နှုတ်တက်ဆောင်ထားပါ။ [နောက် သိက္ခာပုဒ် များ၌ တူသော ပါဠိများ၏ အဓိပ္ပာယ်ကို မရေးတော့ဘဲ ထူးရာကိုသာ ရေးတော့မည်။]

**[ဆောင်]** ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ် အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ချွတ်ယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်..... ရှောင်က အပြန် အကျိုးတည်း။

http://www.dhammadownload.com



## ကြည့်ရှုရန် အဓိပ္ပာယ်

ပါဏာတိပါတပြုလျက် သူ့အသက်ကို သတ်လို့ရှိက......

၁။ မျက်စိ, နား–နှာ–အင်္ဂါ ခြေ လက် ချွတ်ယွင်းတတ်ခြင်း။

၂။ ဖြစ်ရာဘဝ၌ အရုပ် အသွင် မွဲပြာခြောက်ညှိုး၍ စိုစိုပြည်ပြည် မရှိတတ်ခြင်း။

၃။ အားအင် ချွတ်ယွင်းခြင်း(အားနည်းခြင်း)။

၄။ လျင်မြန် ဖျတ်လတ်ခြင်းလည်း ကင်းဝေးခြင်း။

၅။ ဘေးရန် ပေါ်ပေါက်လျှင် ကြောက်ရွံ့တတ်ခြင်း။

၆။ သူများအသက်ကို ခံရတတ်ခြင်း၊ ကိုယ့်ကိုယ်တိုင် အဆိပ် စသည်များ စားလျက် သေရတတ်ခြင်း။

၇။ အနာရောဂါ များတတ်ခြင်း။

၈။ အခြွေအရံ ပျက်စီးတတ်ခြင်း။

၉။ အသက်တိုတတ်ခြင်း။ ဤသို့ စသည်ဖြင့် အပြစ်တွေ များပြားလှလေ၏။

**မူရင်းအပြစ်။** ။ပြခဲ့သော အပြစ်တို့မှာ ဝဋ်လိုက်သော အနေအားဖြင့် ဖြစ်လေရာဘဝ၌ ရတတ်သော အဖျားအနား အပြစ် များတည်း။ ထိုအပြစ်များအပြင် ငရဲ၌ ကျရခြင်း စသော ကြီးလေးသော အပြစ်လည်း ရှိသေး၏။ ရှေးတုန်းက အိမ်ရှင်မတစ်ယောက်သည် ဧည့်သည်အတွက် ချက်ပြုတ်ကျွေးဖို့ရာ ဟင်းလျာ မရှိသောကြောင့် အိမ်မှာရှိသော သိုးမကလေးကို သတ်လျက် ချက်ပြုတ်ကျွေးခဲ့၏။ ထို မကောင်းမှု ပါဏာတိပါတ ကံကြောင့် သေသောအခါ သိုးမကလေး၏ အမွေးအရေအတွက်နှင့်အမျှ နှစ်ပေါင်းကြာအောင် ငရဲ၌ ကျက်ခဲ့ရ၏။

http://www.dhammadownload.com



ငရဲမှ လွတ်သောအခါလည်း ဘဝများစွာ သူတစ်ပါးအသက် ခံရ၍ သေရလေသည်။

**အပြစ်ကြီး အပြစ်ငယ်။** ။အပြစ် အကြီး အငယ်မှာ အသတ်ခံရသော သတ္တဝါ၏ ခန္ဓာကိုယ် ပမာဏနှင့် ဂုဏ်ကိုလိုက်၍ ဖြစ်၏။ ခန္ဓာကိုယ်ငယ်လျှင် သတ်ဖြတ်ရာ၌ အားစိုက်မှု နည်းသောကြောင့်လည်းကောင်း၊ ဂုဏ်မရှိလျှင် သူ၏ ဂုဏ်သိက္ခာကို များစွာဖျက်ဆီးရာ မရောက်သောကြောင့်လည်းကောင်း သတ်ဖြတ်သောသူမှာ အပြစ်သက်သာ၏။ အသတ်ခံရသူက ခန္ဓာကိုယ်ကြီးလျှင် သတ်ဖြတ်ရာ၌ လုံ့လ များစွာ စိုက်ရသောကြောင့်လည်းကောင်း၊ ဂုဏ်ကြီးလျှင် သူ၏ ဂုဏ်သိက္ခာအများကို ဖျက်ဆီးရာ ရောက်သောကြောင့်လည်းကောင်း သူ့အသက် သတ်သူမှာ ကြီးလေးသောအပြစ်ကို ခံရမည်။

**ရှောင်က အပြန်အကျိုးတည်း။** ။ရှောင်ကြဉ်လို့ရှိက ဤအပြစ်တွေမှ ပြန်၍ ၁–ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း၊ ၂–အရုပ်အဆင်း စိုပြည် လှပခြင်း၊ ၃–လျင်မြန် သွက်လက်ခြင်း၊ ၄–ဘေးရန်ကို မကြောက်မရွံ့ခြင်း၊ ၅–သူများလက်ချက်ဖြင့် အသက်မသေရခြင်း၊ ၆–အနာရောဂါကင်းခြင်း၊ ၇–အခြွေအရံမပျက်စီးခြင်း၊ ၈–အသက် ရှည်ခြင်း စသော အကျိုးများကို ရနိုင်ပေသည်။ လူတစ်ယောက်ကို မြင်လျှင် ဤအကျိုး အပြစ်ရပုံကို ကြည့်၍ ရှေးက ပါဏာတိပါတကံ ရှိ မရှိကို သိနိုင်ပါသည်။ ဤအကျိုးအပြစ်တွေကို ဆင်ခြင်၍ ကြိုးစား ရှောင်ကြဉ်ကြပါကုန်။

## ၂။ အဒိန္နာဒါန အဖွင့်

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



## ကြည့်ရှုရန် အနက်နှင့် အဓိပ္ပာယ်

အဒိန္နာဒါနာ–မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ–ကို၊ သမာဒိယာမိ–ပါ၏။ "သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။

မိမိမှတစ်ပါး အခြားသော လူနတ် တိရစ္ဆာန်ဟူသမျှကို သူတစ်ပါးဟုချည်း မှတ်ပါ။ ထိုသူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ ညာဖြန်း လှည့်ပတ်ယူခြင်း၊ ကူးသန်းရောင်းဝယ်ရာ၌ တင်းတောင်း၊ ချိန်ခွင်၊ အလေး စသည်ဖြင့်လည်းကောင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသည်ဖြင့်လည်းကောင်း မရိုးမသားယူခြင်း ဟူသမျှသည် အဒိန္နာဒါနချည်းတည်း။

**[ဆောင်]** အဒိန္နာဒါ, ခိုးမိပါမူ, ဥစ္စာနည်းမွဲ, ဆင်းရဲဝေဘဲ, လိုရှိမရ, ဘောဂပျက်စီး, ရေ–မီး–သူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုး ငါးကြောင့်, ပျက်ပြားဥစ္စာ, ပြစ်များစွာသည်, ရှောင်က အပြန် အကျိုးတည်း။

## ကြည့်ရှုရန် အဓိပ္ပာယ်

၁။ အဒိန္နာဒါနကို ပြုမိသူသည် မွဲတတ်ခြင်း။

၂။ ဆင်းရဲတတ်ခြင်း။

၃။ ငတ်မွတ်ခြင်း။

၄။ အလိုရှိသော အရာကို မရနိုင်ခြင်း။

၅။ ကူးသန်းရောင်းဝယ်မှု မတတ်ခြင်း စသည်တို့ကြောင့် စည်းစိမ်ပျက်စီးတတ်ခြင်း။

၆။ ရေ–မီး–သူခိုး အမွေခံသားသမီးဆိုး မင်းဆိုး ဟူသော ရန်သူမျိုး

http://www.dhammadownload.com



၅ ပါး၏ ဖျက်ဆီးမှုကြောင့် ဥစ္စာပျက်ပြားရခြင်း၊ ဤမကောင်းကျိုးများကို ရတတ်၏။

**မူရင်းအပြစ်။** ။ဤ ပြခဲ့သော အပြစ်တို့ကား ဝင့်လိုက်သော အားဖြင့် ဖြစ်ရာဘဝ၌ ရတတ်သော အပြစ်များတည်း။ ထိုအပြစ်များထက် ကြီးလေးစွာ ငရဲ ပြိတ္တာတို့၌လည်း ဖြစ်တတ်သည်သာ။ ရှေးတုန်းက ဈေးသည် မိန်းမ ၄ ယောက်တို့သည် အလေးချိန်ခွင် စဉ်းလဲခြင်းစသည်ဖြင့် ပစ္စည်းများကို စုဆောင်းပြီးနောက် အရွယ်ကောင်းတုန်းမှာပင် သေကြ၍ ပြိတ္တာဖြစ်ကြလေသော် မိမိတို့၏ ရှေးဟောင်း နှောင်းဖြစ်တွေကို မြင်ကြရုံသာမက ကျန်ရစ်သော ယောကျ်ားတို့က နောက်မယား ယူကြ၍ မိမိတို့ စုဆောင်းထားခဲ့သော ပစ္စည်းတွေ သုံးဖြုန်းနေကြသည်ကို မြင်ရသဖြင့် မခံနိုင်ကြသောကြောင့် "တရားရော မတရားရော ငါတို့ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို နောက်သား နောက်မယားတွေက အပင်းဆို့နေကြသဟဲ့၊ ငါတို့တော့ ဒုက္ခရောက်ကုန်ပြီ" ဟု မြို့ရိုးပေါ်က နေပြီး ဟစ်အော်ကြသတဲ့။

ဤသို့စသည်ဖြင့် အဒိန္နာဒါနအတွက် အပြစ်များစွာရှိ၏။ ဥစ္စာရှင်က ဂုဏ်ရှိသလောက် အပြစ်ပို၍ ကြီးလေ၏။ ။ဥစ္စာ၏ တန်ဖိုးအလိုက်လည်း အပြစ်အကြီးအငယ် ကွဲပြားသည်။ ရှောင်ကြဉ်လျှင် ဤအပြစ်မျိုးမှ လွတ်ကင်း၍ "ဥစ္စာပေါခြင်း" စသော အပြန်အကျိုး (၆) ပါး စသည်ကို ရနိုင်၏။ အကျိုးအပြစ်ကို သတိထား၍ ကြိုးစားစောင့်ထိန်းကြပါကုန်။

http://www.dhammadownload.com



# ၃။ ကာမေသုမိစ္ဆာစာရ အဖွင့်

ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန် အနက်နှင့် အဓိပ္ပာယ်

ကာမေသုမိစ္ဆာစာရာ–ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ, ယုတ်မာသောအကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ–ကို၊ သမာဒိယာမိ–ပါ၏။ "သူ့မယားကို လွန်ကျူးခြင်း (ကိုယ့်လင်မှ တစ်ပါးသော ယောကျ်ားနှင့် ဖောက်ပြားခြင်းမှ) ရှောင်ကြဉ်ပါ၏"ဟူလို။

**ကာမဂုဏ်**။ ။မိန်းမ ယောကျ်ား နှစ်ဦးသားတို့ ပျော်ပါးရွှင်မြူး ကြည်နူးပေါင်းဖက်ခြင်းကို "ကာမဂုဏ်"ဟု ဆိုသည်။ ဤသို့ ဆက်ဆံမှုကို မပြုကျင့်ဘဲ ရှောင်ကြဉ်၍ စင်စင်ကြယ်ကြယ် နေနိုင်က အကောင်းဆုံးဖြစ်၏။ သွာက္ခာတဂုဏ်တော် အဖွင့်၌ ပြခဲ့သော ဥဒယဘဒ္ဒမင်းသား မင်းသမီးတို့ကို အတုလိုက်၍ ကျင့်ရာ၏။ မရှောင်ကြဉ်နိုင်ပါမူ ကိုယ်ပိုင်အိမ်သူ အိမ့်ရှင် (ဇနီးမောင်နှံချင်း) မွေ့လျော်၍ တင်းတိမ်ရောင့်ရဲရာ၏။ ထိုသို့ မွေ့လျော်ခြင်းကို လောကအလိုက် ပညာရှိတို့ မကဲ့ရဲ့ထိုက်ပါ။

**ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော အကျင့်** ။ ။ကိုယ်ပိုင် ဇနီးမောင်နှံချင်းမှ လွန်ကျူးဖောက်ပြား၍ သူများပိုင် ဇနီးနှင့်လည်းကောင်း၊ ဆွေနီးမျိုးစပ်တို့ စောင့်ကြပ် ထိန်းသိမ်းထားသော အမျိုးသမီးများနှင့်လည်းကောင်း အချင်းချင်း သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လွန်ကျူးဖောက်ပြားသော ယောကျ်ား၏အကျင့်၊ မိမိကိုပိုင်သော ယောကျ်ားမှ ဖောက်ပြားလွန်ကျူး၍ တစ်ပါးသော ယောကျ်ားနှင့်

http://www.dhammadownload.com



ပျော်မြူးသော မိန်းမ၏ အကျင့်သည် ကဲ့ရဲ့ဖွယ်ရာ ယုတ်မာသော အကျင့်တည်း။

**[ဆောင်]** မိစ္ဆာစာရ, ကျူးလွန်ကလည်း, မုန်းကြသူများ, ရန်သူပွား၍, ရှားပါးလာဘ်တိတ်, ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်, မျိုးယုတ်ခါခါ, မျက်နှာမလှ, အရှက်ရလျက်, လက္ခဏာဣန္ဒြေ, ယွင်းသွေ ချို့သိမ်, စိုးရိမ်များစွာ, ချစ်သူကွာသည်, .... ရောင်ခါ အပြန် အကျိုးတည်း။

## ကြည့်ရှုရန် အစီပွာယ်

၁။ ကာမေသု မိစ္ဆာစာရအားကြီးသော လူသည် မလိုမုန်းထားသူ ပေါ်များခြင်း။

၂။ မုန်းရုံမက ရန်သူလည်း များခြင်း။

၃။ လာဘ်ပစ္စည်းများ ရှားပါးတိတ်ဆိတ်ခြင်း။

၄။ ချမ်းသာမှု ကင်းဆိတ်ခြင်း။

၅။ မိန်းမ ဖြစ်ရခြင်း။

၆။ မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း။

၇။ ယောကျ်ားဖြစ်လျှင်လည်း အမျိုးယုတ်၌ ဖြစ်ရခြင်း။

၈။ မျက်နှာပျက်၍ အရှက်ကွဲရတတ်ခြင်း။

၉။ အင်္ဂါလက္ခဏာ ဣန္ဒြေတို့ ယွင်းချို့သေးသိမ်ခြင်း။

၁၀။ စိုးရိမ်ကြောင့်ကြ အားကြီးရခြင်း။

၁၁။ ချစ်သူနှင့် ကွေကွင်းကွဲကွာရခြင်း။

**မှုရင်းအပြစ်။** ။ဤပြခဲ့သော အပြစ်တို့သည် ဝဋ်လိုက်သော အားဖြင့် ဖြစ်ရာဘဝ၌ တွေ့ကြုံရတတ်သော အပြစ်များသာတည်း။ ထို အပြစ်များအပြင် ငရဲ၌လည်း ဖြစ်ကြရသေး၏။ ကာမေသုမိစ္ဆာစာရ

http://www.dhammadownload.com



အားကြီးသော သူဌေးသား လေးယောက်တို့၏ "လောဟကုမ္ဘီ"ခေါ် သံရေပူငရဲမှ "ဒု–သ–န–သော" ဟု ဟစ်အော်ကြပုံကိုလည်း လူအများ ပင် ကြားဖူးကြလေပြီ။ အထူး ဆင်ခြင်ဖွယ်ကောင်းသော အရှင်အာနန္ဒာ အလောင်း၏ ဖြစ်ပုံလည်း ရှိသေး၏။ အရှင် အာနန္ဒာအလောင်းသည် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ပြီးနောက် ကျွတ်တမ်းဝင်တော့မည့် ဤ ကမ္ဘာမှာပင် တစ်ခုသောဘဝ၌ ရွှေပန်းထိမ်သည်သားဖြစ်၏။ ထိုဘဝကား လူလေ လူလယ်တို့နှင့် ပေါင်းမိ၍ ကာမေသုမိစ္ဆာစာရ အမှုကို ပြုလေ သည်။ [လူမိုက်နှင့် ပေါင်းခြင်းကား ဤမျှလောက် အပြစ်များ၏။]

ထိုကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ကျက် ပြီးနောက် လွတ်မြောက်လာသောအခါ မျောက်ဖြစ်၍ ဝှေးစေ့ကိုက် ဖောက်ခံရ၏။ ထို့နောက် တစ်ဘဝ၌ နွားဖြစ်၍ သင်းကွပ် (ဝှေးစေ့ အထုတ်) ခံရ၏။ ထို့နောက် လူဖြစ်သော်လည်း မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် ပဏ္ဍုက်ဖြစ်ရ၏။ ထို့နောက် ၅ ဘဝမြောက်၌ အကုသိုလ်ကံ အခွင့်ရ၍ နတ်ပြည်၌ ဖြစ်ရသော်လည်း ထိုကာမေသု မိစ္ဆာစာရကံ နှောင့်ယှက်မှုကြောင့် နတ်သားမဖြစ်ဘဲ နတ်သမီးချည်း ငါးဘဝလုံးလုံး ဖြစ်ရသေး၏။ ထိုဘဝတို့နောက်၌ လူ့ပြည်မှာ ဘုရင့် သမီး ဖြစ်ရပြန်၏။ ထိုဘဝနောက်မှ ယောကျ်ားဘဝကို ပြန်၍ ရလေ သည်။

ဤသို့လျှင် ကာမေသုမိစ္ဆာစာရကံအတွက် ပါရမီရှင်ကြီးသော် မှ ငရဲကျရ၊ ဘဝများစွာပင် အောက်ကျနောက်ကျ ဖြစ်ရသေးသည်ကို သတိပြုလျက် တစ်သံသရာလုံးက ပါလာခဲ့သော ဝါသနာဆိုးကြီးကို တရားဖြင့် မထိန်းသိမ်းနိုင်လျှင် တကယ်တမ်း ကြည်ဖြူ၍ ချစ်သွေး

http://www.dhammadownload.com



တူသော အိမ့်ရှင်အိမ်သူချင်းသာ ပေါင်းသင်းမိဖို့ရာ သတိပြုသင့်လှ တော့သည်။

**အိမ်ထောင်စုံ ၄ မျိုး။** ။ ၁–မြင့်မြတ်သော ယောကျ်ားက သီလလုံ၍ အိမ်သူမယားက သီလမလုံခြုံလျှင် နတ်သားလင်နှင့် သူသေမယားတို့ ပေါင်းသင်းခြင်းနှင့် တူ၏။ [သီလ မရှိသူသည် အသက်ရှင်နေသော်လည်း သေသူနှင့် မထူးပြီ။] ၂–ယောကျ်ားက သီလမစင်ကြယ်ဘဲ အိမ်ရှင်ဇနီးက သီလ စင်ကြယ်နေလျှင် သူသေလင် နှင့် အိမ်ရှင်နတ်သမီးတို့ ပေါင်းသင်းခြင်းနှင့် တူ၏။ ၃–နှစ်ယောက်လုံး သီလမစင်ကြယ်မှု သူသေချင်း ပေါင်းသင်းရခြင်းနှင့် တူ၏။

၄–ဇနီးမောင်နှံ နှစ်ဦးစလုံး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ကောင်းဥစ္စာ ၇ ပါးနှင့် ပြည့်စုံ၍ စိတ်တူ သဘောတူ ကြည်ကြည်ဖြူဖြူနှင့် နေထိုင်ကြလျှင် ယခုဘဝ၌ လည်း စည်းစိမ်ဥစ္စာ အရှိန်အဝါ တိုးတက်လျက် နောင်သံသရာ၌လည်း ချစ်စည်းမပြေဘဲ ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသား မင်းသမီးနှင့် မဟာကပ္ပိနမင်း အနော်ဇာမိဖုရားတို့ကဲ့သို့ နိဗ္ဗာန်ကိုပင် အတူတကွ စံမြန်းရလိမ့်မည်ဖြစ်၍ ယခုအခါ နတ်သမီးနတ်သားအသွင် ကြည်လင် ရွှင်မြူး တစ်ဦးကိုတစ်ဦး လွန်ကျူးဖောက်ပြားခြင်း မရှိကြပါလျှင် ပြခဲ့သောအပြစ်မှ ပြောင်းပြန်ပြန်၍ အကျိုးအတန်တန်ကို စံရပေလိမ့် သတည်း။

## (၁) လင်နတ်သားနှင့် မယားသူသေ

ဓိမိုင်းရာဇ, သီလကျင့်ဝတ်, ဆွတ်ဆွတ် စင်ဖြူ, အိမ်သူ မယ်လျ,

http://www.dhammadownload.com



သီလမစင်, ဖြစ်ချေလျှင်မူ, လင်ကားနတ်သား, မယား သူသေ, မည်ရှာပေ၏။ [* မိမိုင်း=အထွတ်အထိပ်၊ အမြတ်။]

## (၂) သူသေလင်နှင့် အိမ်ရှင်နတ်သမီး

ဘုန်းဝေနတ်ရှင်, မစင်သီလ, နန်းမနေသူ, ဖြူသည့်သီလ, ဖြစ်ချေကမူ, ဘဝသခင်, သူသေ တွင်လျက်, အိမ်ရှင် ဇနီး, နတ်သမီးအနေ, တည်ရှာလေ၏။

## (၃) သူသေလင်မယား

နှစ်ဆွေလင်မိတ်, သီလဆိတ်မူ, ကောင်းဟိတ်မဖွေ, သူသေချင်းသာ, မေတ္တာမျှဝေ, ကြည်ရှာလေ၏။

## (၄) နတ်သား နတ်သမီး ဇနီးမောင်နှံ

လူ့မြေရပ်ခွင်, အိမ်ရှင်အိမ်သူ, မြတ်ရည်တူလျက်, ဆုယူညီမျှ, လှူဒါနနှင့်, သီလမယိုင်, သဒ္ဓါပြိုင်မူ, ဘုန်းလှိုင်ကျော်ကြား, မိုးနတ်သားနှင့်, ဆွေဝါးဇနီး, နတ်သမီးသို့, ကောင်းချီး အံ့ရာ, စုမိရှာလျက်, သံသာနောင်လည်း, ချစ်စည်းမပြေ, ရှည်ကြာလေ၏။ ဘုန်းဝေပြည့်ရှင်, မောင့်သခင်လည်း, အင်ခွင်မသုံ, တန်ခိုးဂုဏ်နှင့်, သုရန္ဒန, ပြည်လုံးခသည့်, ဥဒယဘဒ်, မင်းမြတ်ထွတ်ချာ, မဟာကပ္ပိန်, နရိန်တို့လို, မညိုသဒ္ဓါ, မကွာသီလ, များသုတနှင့်,စာဂင်စွာ, ပညာမကွေ,

http://www.dhammadownload.com



အနေတော်သင့်, ချစ်ပန်းပွင့်သည်, နတ်နှင့် တူစေချင်လှသော်။
[ပဉ္စာဝုဓပျို့]

# ၄။ မုသာဝါဒ အဖွင့်

မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန် အစီပွာယ်

မုသာဝါဒါ–မဟုတ် မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ–ကို၊ သမာဒိယာမိ–ပါ၏။ "လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။ မဟုတ်မမှန်သောစကား ဟူရာ၌ နှုတ်ဖြင့် လည်းကောင်း၊ စာဖြင့်ရေး၍လည်းကောင်း၊ ကိုယ် လက် စသည်ကို လှုပ်ပြ၍လည်းကောင်း လိမ်သမျှ ညာဖြန်းသမျှ ပါဝင်၏။

သို့သော် သူတစ်ပါးအကျိုး ပျက်သွားအောင် လိမ်သော မုသား မျိုးသာ အပါယ်ရောက်ကြောင်းဖြစ်၏။ ကိုယ့်ဥစ္စာမပေးလို၍ လိမ်လည် သော မုသားမျိုး၊ ပြက်ရယ် ပြောင်လှောင်သော မုသားမျိုး၊ သူတစ်ပါး၏ အကျိုးစီးပွားကို မပျက်စေဘဲ မိမိအပြစ်လွတ်အောင် လိမ်ရသော မုသားမျိုး၊ မိမိ၏ သားသမီးများ ပွဲလမ်းစသည်သို့ သွားလျှင် အပြစ် ဖြစ်မည်ကို မြင်၍ မသွားချင်အောင် လှည့်ပတ်ပြောဆိုအကျိုးပြုလိုသော မိဘ၏ မုသားမျိုးမှာ ပြောလောက်အောင် အပြစ်မကြီးပါ။ သို့သော် သိက္ခာပုဒ်ကား ပျက်ဖွယ်ရှိ၏။

http://www.dhammadownload.com



**[ဆောင်]** မှသားစကား, ပြောဆိုဌြားမှု, စကားမပီ, သွား
မညီတည်း, ပုပ်ညှိပါးစပ်, ခြောက်ကပ် ကိုယ်ရေ,
ဣန္ဒြေနောက်, ပုံယွင်း ဖောက်၏။ မရောက်
ဩဇာ, နှုတ်လျှာ ကြမ်းထော်, လျှပ်ပေါ်လော်လီ,
စိတ်မတည်သည်. . . ရှောင်ကြဉ် အပြန်အကျိုး
တည်း။

ရှေးက မှသားအားကြီးသူသည်

၁။ ယခုဘဝ၌ စကားပီပီသသ မပြောတတ်ခြင်း။
၂။ သွားများ မညီမညွတ် ရှိခြင်း။
၃။ ခံတွင်း ပါးစပ် ပုပ်ညှိခြင်း။
၄။ ကိုယ်အရေအသား ပူရှိန်ခြောက်ကပ် စိုစိုဖပ်ဖပ်မရှိခြင်း။
၅။ မျက်စိ–နား စသော ဣန္ဒြေများ နောက်ကျုကျုရှိခြင်း။
၆။ ပုံဟန်မလှဘဲ ဆိုးဝါးချွတ်ယွင်း ဖောက်ပြန်ခြင်း။
၇။ သူတစ်ပါးအပေါ်၌ ဩဇာအာဏာ မတည်ခြင်း။
၈။ အပြောအဆို နှုတ်လျှာများ ထော်လော်ကြမ်းတမ်းခြင်း။
၉။ စိတ်မတည်ဘဲ လျှပ်ပေါ်လော်လီတတ်ခြင်း။

ဤသို့ စသည်ဖြင့် အပြစ်များ၏။ [မှသားပြောသူသည် ဘယ်ကိစ္စ၌မျှ မယုံကြည်ရသောကြောင့် အကြီးအကဲ မဖြစ်နိုင်။]

**မူရင်းအပြစ်။** ။ဤပြခဲ့သော အပြစ်တို့ကား ဝင့်လိုက်သော အားဖြင့် ရောက်လေရာဘဝ၌ ရတတ်သောအပြစ်များတည်း။ တချို့ မှသားစကားမှာ ငရဲရောက်အောင်ပင် အပြစ်ကြီး၏။ အရှင်ဒေဝဒတ်သည် သံဃာအသင်းခွဲရာ၌ မှသားပြော၍ ခွဲရ၏။ ထိုမှသားကြောင့် အဝီစိ

http://www.dhammadownload.com



ငရဲသို့ ရောက်ရလေသည်။ ဤသို့လျှင် တချို့မုသားများသည် ငရဲသို့ ပစ်ချနိုင်လောက်အောင် သတ္တိကြီးမားလေသည်။

## စေတိယဇာတ်

ဤကမ္ဘာ၏ အရှေ့ပိုင်းလောကက စေတိယတိုင်းပြည်ဝယ် "ဥပဝရ" ခေါ် စေတိယမင်း၏ မုသားစကားမှာ ဖြူစင်သော ကောင်းကင်၌ ညိုမှိုင်းသော တိမ်တိုက်ပမာ တစ်ကမ္ဘာလုံး သစ္စာတည်သော အခါဝယ် ရှေးဦးစွာပေါ်လာသော မုသားဖြစ်၍ နစ်နစ်ကာကာ လွန်စွာ ဆိုးဝါးလျက် ယခုတိုင်အောင်ပင် ထင်ရှားခဲ့လေသည်။ ထိုမင်းကား သာမာန်မဟုတ်။ ကောင်းကင်ပျံနိုင်ခြင်း၊ နတ်သားလေးယောက် သက်တော်စောင့်ရခြင်း၊ ကိုယ်မှ စန္ဒကူးနံ့မွှေးခြင်း၊ ခံတွင်းမှလည်း ကြာညိုနံ့ မွှေးခြင်း ဟူသော တန်ခိုး ၄ မျိုးနှင့် ပြည့်စုံသူတည်း။ တက္ကသိုလ်၌ ပညာသင်တုန်းက ပုရောဟိတ်ကြီး၏ ညီဖြစ်သော ကောရကလမ္ဘသည် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသူဖြစ်၏။ မိမိ ရှင်ဘုရင်ဖြစ်လျှင် ကောရကလမ္ဘကိုပင် ပုရောဟိတ်ရာထူး တင်မည်ဟု ဝန်ခံခဲ့၏။ သို့သော် ရှင်ဘုရင်ဖြစ်သောအခါ၌ကား ပုရောဟိတ်ဟောင်းကို ရာထူးမှ မချနိုင်၊ ပုရောဟိတ်ဟောင်းကမူ သူ၏ ရာထူးကို သားအား လွှဲအပ်၍ ရသေ့ ရဟန်း ပြုသွားလေသည်။

ကောရကလမ္ဘသည် ပုရောဟိတ်ရာထူးကို မရသောကြောင့် သူ၏ နောင်တော် ပုရောဟိတ်ဟောင်း အပေါ်မှာ ရန်ငြိုးဖွဲ့၏။ ထုံးစံအားဖြင့်လည်း ပုရောဟိတ် ရာထူးမှာ နောင်တော်သာ လက်ကိုင်ဖြစ်၏။ ထို့ကြောင့် နောင်တောင်က အခွင့်မပြုသဖြင့် ထိုရာထူးကို အတင်း

http://www.dhammadownload.com



မပြောင်းလွဲနိုင်ချေ။ သို့ဖြစ်၍ ထိုရာထူးအတွက် ဘုရင်နှင့် ကောရကလမ္ဗ (သူငယ်ချင်း ၂ ယောက်တို့မှာ) အခက် ကြုံကြရတော့၏။ တစ်နေ့သ၌ ကား ထိုရာထူးအတွက် စဉ်းစားရင်း ဘုရင်က သူ၏ သူငယ်ချင်းကို ပြောသည်မှာ . . . . . .

**ဘုရင်** ။ ။ကောရကလမ္ဗ ရာထူးအတွက် မပူနှင့်၊ ငါကိုယ်တိုင် ပရိသတ်အလယ်မှာ "သင့်ကို အစ်ကိုကြီး၊ သင်၏နောင်တော်ကို အငယ်" ဟု မုသားပြောမည်။ သည်လိုဆိုလျှင် သင်က အကြီးဖြစ်၍ ရာထူးကို ရခွင့်ရှိသည်။

**ကောရ**။ ။ မင်းမြတ်၊ သည်အကြံဟာ ကောင်းပါ၏။ သို့သော် နောင်တော်က တန်ခိုးကြီးသူ ဖြစ်၏။ ယခုလို မုသားပြောလျှင် နောင်တော်က အရှင်မင်းမြတ်၏ တန်ခိုးတွေကို (တကယ် မကွယ်ဘဲ) ကွယ်ပျောက်သလို ဖြစ်အောင် လုပ်ပါလိမ့်မည်။ မြေကြီးထဲသို့ တကယ်မဝင်ဘဲနှင့် ဝင်သလို ဖြစ်နေအောင် လုပ်ပါလိမ့်မည်။ ထိုအခါ၌ အရှင်မင်းမြတ်က မုသားစကားကို မတည်ဘဲ စကား ပြောင်းလွဲသွားလျှင် အကျိုးမရှိနိုင်ပါ။

[ဤကား-နောင်ဖြစ်ခဲ့လျှင် ဘုရင်စိတ်မပျက်ရအောင် ကြိုတင်၍ တုပ်နှောင်သော စကားများတည်း။]

**ဘုရင်**။ ။ကောရ၊ သည်လို စကားပြောင်းလိမ့်မည်ဟု မထင်ပါနှင့်၊ မုသားကို ငါပြောမြဲ ပြောမည်။

**ကောရ**။ ။ဘယ်အခါ ပြောမည်နည်း။

**ဘုရင်**။ ။ယနေ့မှ နောက် ၇ ရက်မြောက်၌ ပြောမည်။

http://www.dhammadownload.com



ဤသို့ ဘုရင်နှင့် ကောရကလမ္ဗတို့ တိုင်ပင်ကြသောစကားသည် တစ်မြို့လုံး ပြန့်နှံ့သွား၏။ ထိုအခါ၌ကား မုသားကို မကြားဖူးကြ။ အထူး သစ္စာတည်သောအခါ ဖြစ်၍ ဘုရင်ပြောမည့် မုသားဆိုတာ ဘယ်လိုဟာပါလိမ့်၊ "ညိုညိုလား–ဖွေးဖွေးလား" ဟု မုသား၏ အဆင်း အရောင် အကောင်အထည်ကိုပင် ကြိုတင်၍ စဉ်းစားကြလေ၏။ ထိုမျှ လောက် သတင်းကြီးနေသော မုသားကို ကြည့်ရှု ကြားသိလိုကြသော မြို့သူမြို့သားတို့သည် ဘုရင် မုသားပြောမည့်ဌာနၔ ခုတင်ကြီးငယ် အသွယ်သွယ်ခင်းလျက် အလုအယက် နေရာယူကာ ၇ ရက်မြောက် နေ့ဝယ် စောစောကပင် ပရိသတ်တွေ ပြည့်ကျပ် ကျိတ်ခဲနေလေသည်။ ထိုသို့ ပရိသတ်စုညီဝယ် အခြွေအရံများနှင့်တကွ ဘုရင်နှင့် ကောရက လမ္ဗတို့အပြင် ပုရောဟိတ်ဟောင်း ရသေ့လည်း ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်မှ ဆိုက်ရောက်လာ၏။ ထိုအခါ . . . . .

**ရသေ့။** ။မင်းမြတ်၊ အငယ်ကို အကြီး၊ အကြီးကို အငယ်ဟု မုသားပြောမည်ဆိုတာ မှန်ပါသလား။

**ဘုရင်။** ။မှန်ပါတယ်။

**ရသေ့။** ။မင်းမြတ်၊ မုသာဝါဒဆိုတာ လွန်စွာ အပြစ်ကြီးပါတယ်။ ရှိသမျှဂုဏ်ကို ဖျက်ဆီးပစ်ရုံမက အပါယ်သို့ပင် ချတတ် ပါတယ်။ မုသာဝါဒ ပြောဆိုသူမှန်လျှင် မိမိ ကိုယ်ကျင့် တရားကို သတ်ပစ်ရာ ရောက်ပါတယ်။ ကိုယ်ကျင့် တရားတွေ သတ်ပစ်တဲ့သူဟာ မိမိကိုယ်လည်း မိမိ သတ်ရာရောက်ပါတယ်။ မုသားပြောသူကို ကိုယ်စောင့် နတ်များလည်း မစောင့်လိုကြပါ။ ခံတွင်းက အပုပ်နံ့

http://www.dhammadownload.com



များလည်း ထွက်တတ်ပါတယ်။ ရာထူးလည်း လျှော့တတ်ပါတယ်။ [ထိုစကားကို ကြားလျှင် ဘုရင်သည် ကြောက်ရွံ့လာ၏။ ထို့ကြောင့် သူ၏ သူငယ်ချင်း ကောရကလမ္ဘကို (ဘယ့်နှယ်လဲဟု မေးသောသဘောဖြင့်) ကြည့်ရှာလေသည်။]

**ကောရ**။ ။ မင်းမြတ်၊ အစတုန်းကပင် သည်လိုပြောပါလိမ့်မည်ဟု တင်ကြို သံတော်ဦးတင်ခဲ့သည် မဟုတ်ပါလား။

**ဘုရင်**။ ။(အနည်းငယ် ရဲလာ၍ ပုရောဟိတ်ရသေ့ကို ပြောသည်မှာ) အရှင်ရသေ့၊ အရှင်က အငယ်၊ ကောရကလမ္ဘက အကြီးဖြစ်တယ်။

ဤမုသားကား ယခုကမ္ဘာတွင် ပထမဆုံး မုသားတည်း။ ထိုမုသားစကားပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရင်ကို စောင့်နေကျဖြစ်သော သက်တော်စောင့် နတ် ၄ ယောက်တို့ သန်လျက်ကို ပစ်ချ၍ ကွယ်ပျောက်ကြတော့၏။ ဘုရင်၏ ခံတွင်းမှ ကြာညိုနံ့ ကွယ်ပ၍ ကြက်ဥအပုပ်နံ့ ထွက်လာ၏။ တစ်ကိုယ်လုံးမှာလည်း စန္ဒကူးနံ့ ကွယ်ပျောက်၍ အိမ်သာနံ့ကြီး ပေါ်ပေါက်လာလေသည်။ ကောင်းကင်မှာလည်း မသွားနိုင်တော့ဘဲ မြေပေါ်သို့ ကျရောက်ရှာလေသည်။ ထိုအခါ ....

**ရသေ့**။ ။ (သနားကြင်နာသော မျက်နှာဖြင့်) မင်းမြတ်၊ မုသားမပြောပါနှင့်၊ အမှန်ကို ပြင်၍ပြောလျှင် တန်ခိုးဣဒ္ဓိများ မူလအတိုင်း ရှိပါလိမ့်မည်။

**ဘုရင်**။ ။"အသင် ရသေ့တို့က ငါ့ကို တန်ခိုးဖြင့် လှည့်ပတ်ကြသည်။ ငါတော့ နောက်ဆုတ်လိမ့်မည် မဟုတ်၊ သင်

http://www.dhammadownload.com



ရသေ့က အငယ်၊ ကောရကလမ္ဗကအကြီးပဲ" ဟု မုသား ပြောပြန်၏။ [ဤ ဒုတိယ မုသားပြောသည့်အတွက် ခြေမျက်စိထိအောင် ခြေ ၂ ချောင်း၊ မြေသို့ ဝင်သွား လေသည်။ "မြေမျိုစ ပြုလေပြီ" ဟု ဆိုလိုသည်။]

**ရသေ့**။ ။ မင်းမြတ်၊ မုသားမပြောပါနှင့်၊ မုသားပြောလျှင် မိုးလေ များလည်း မမှန်မကန်ဖြစ်ကာ သတ္တဝါများ ဆင်းရဲတတ် ပါသည်။ မှန်မှန်ပြောပါ၊ ဘယ်သူအကြီးပါလဲ။

**ဘုရင်**။ ။"ငါ့နန်း ငါထိုင် မခိုင် ကျိုးဟ" ဆိုသော သဘောမျိုး ဖြင့် "သင်က အငယ်၊ ကောရကလမ္ဗက အကြီးပဲ" [ဤ တတိယ မုသားအပြောတွင် ဒူးဆစ်ထိအောင် မြေသို့ ဝင်သွားလေသည်။]

**ရသေ့**။ ။ မင်းမြတ်၊ မုသားပြောသူမှာ မြွေများလို လျှာ ၂ ခု ဖြစ်တတ်ပါတယ်၊ မှန်မှန်ပြင်ပြောလျှင် နဂိုအတိုင်း ဖြစ်နိုင်ပါသေးတယ်၊ မှန်မှန်ပြောပါ။ ဘယ်သူက အကြီး ပါလဲ။

**ဘုရင်**။ ။"ငါ့လျှော ငါထိုး ပဲခိုးရောက်ရောက်" ဆိုတဲ့ သဘော မျိုးဖြင့် "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီးပဲ"။ [ဤစတုတ္ထ မုသားအပြောတွင် ခါးထိအောင် မြေသို့ ဝင်သွားလေသည်။]

**ရသေ့**။ ။မုသားပြောသူတို့မှာ ဖြစ်လေရာဘဝ၌ စကားပီပီသသ ဖြစ်အောင် မပြောတတ်ဘဲ စကားထစ် အ သူ ဖြစ်တတ်

http://www.dhammadownload.com



ပါတယ်။ မှန်မှန်ပြောပါ။ ကျွန်ုပ်တို့ ၂ ယောက်တွင် ဘယ်သူက အကြီးပါလဲ။

**ဘုရင်။** ။"ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်" ဆိုတဲ့ သဘောဖြင့် "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီးပဲ" ဟု ပြောပြန်၏။ [ဤ ပဥ္စမအကြိမ် မုသား အပြောတွင် ချက်ထိအောင် မြုပ်သွားလေသည်။]

**ရသေ့။** ။မင်းမြတ်၊ မုသားပြောသူတို့မှာ ဖြစ်လေရာဘဝ၌ သား ရတနာ မထွန်းကားဘဲ သမီးမိန်းမသာ ရတတ်ပါသည်၊ မှန်မှန်ပြောလျှင် နဂိုအတိုင်း ပြန်ဖြစ်နိုင်ပါသေးသည်။ မှန်မှန်ပြောပါ၊ ဘယ်သူအကြီးပါလဲ။

**ဘုရင်။** ။"ပေါက်တဲ့နဖူး မထူးဘူး" ဆိုတဲ့ သဘောဖြင့် "သင် ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီး"ဟု ပြော ပြန်သည်။ [ဤဆဋ္ဌအကြိမ် မုသားအပြောတွင် သားမြတ် ထိအောင် မြုပ်သွားလေသည်။]

**ရသေ့။** ။မင်းမြတ်၊ မုသားပြောသူတို့မှာ ဖြစ်လေရာ ဘဝ၌ သားရသော်လည်း သားများက ကျေးဇူးမသိတတ်ဘဲ တော်ရာ အရပ်သို့ ရှောင်လွှဲ၍ နေတတ်ပါသည်။ မှန်မှန်ပြောလျှင် နဂိုအတိုင်း ဖြစ်နိုင်ပါသေးသည်။ မှန်မှန်ပြောပါ၊ ဘယ်သူ အကြီးပါလဲ။

**ဘုရင်။** ။"သန်းခေါင်ထက်ဖြင့် ညဉ့်မနက်တော့ဘူး" ဆိုတဲ့ သဘောဖြင့် "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီး" ဟု ပြောပြန်၏။ [ဤ သတ္တမအကြိမ် မုသား အပြောတွင် အဝီစိမှ မီးတောက် မီးလျှံတို့က အဝီစိတိုင်

http://www.dhammadownload.com



အောင် ယူဆောင်သွားလေသည်။] [အဋ္ဌကနိပါတ်, စေတိယဇာတ်။]

**ဝတ္ထုမှတ်ချက်**။ ။ဤဝတ္ထု၌ မုသာဝါဒ၏ အပြစ်ကား လွန်လွန်းလှ၏ဟု မှတ်ထင်ကြပေလိမ့်မည်။ မလွန်လွန်းပါ။ ထိုစေတိယမင်း၏ မုသားပြောသောအချိန်ကား တစ်စုံတစ်ယောက်မှ မုသားပြောသူ မရှိသေး။ အားလုံး သစ္စာတည်သောအခါ ဖြစ်သည်။ ညစ်စုတ်ပေတေနေသော လက်နှီး၌ အိုးမဲထိသော်လည်း မထူး၊ ဖြူစင်သော ပဝါ၌ကား မြူမှုန့်လောက် အကွက်ကလေးပင် ထင်ရှားသကဲ့သို့ အားလုံး သစ္စာတည်ကြသောကာလ၌ ပထမဖြစ်သော ထိုမုသားသည် အလွန်ထင်ရှား၍ အပြစ်လည်း ကြီးမားလေသည်။ ယခုခေတ်ကား အချို့ လူကြီး လူကောင်း ပညာရှိ သူတော်ကောင်းတွေပင် "မုသားမပါ လင်္ကာမချော" ဟူသောစကားကို လက်ကိုင်ပြုလျက် မုသားကို ရေလဲနှင့် သုံးစွဲနေကြသော ခေတ်ဖြစ်၏။

သို့ကလောက် မုသားပေါသော ခေတ်၌ မုသား ပြောသူတိုင်း မြေမျိုရလျှင် မြေကြီးပင် အားလပ်ခွင့်ရတော့မည် မဟုတ်ချေ။ ထို့ပြင် ကမ္ဘာဦး၌ မုသားလောက် ကြီးသော အပြစ်များလည်း မရှိသေး။ ယခုခေတ်၌ကား မုသားလောက် အပြစ်မျိုးကို အပြစ်ဟုပင် မဆိုသာ။ ထို့ထက် ဆိုးဝါး သော အပြစ်ကြီးတွေက လွှမ်းမိုးနေသဖြင့် မုသားလောက် အပြစ်မှာ သာမန်အပြစ်မျှ ဖြစ်ရသည်။ သို့ရာဝယ် ခေတ်အလျောက် မုသား အပြစ်က မျက်မှောက်ဘဝ၌ အကျိုးမထင်ရှားစေကာမူ သံသရာ၌ ဝင်ရိုက်သောအပြစ်မှာ စေတိယမင်း၏ အဖြစ်မျိုးထက် သက်သာလှမည် မဟုတ်သည့်အပြင် တကယ့်သူတော်စင် ပါရမီရှင်မှန်လျှင် သစ္စာ

http://www.dhammadownload.com



ပါရမီကို လိုလိုချင်ချင် ဖြည့်ရမည် ဖြစ်သောကြောင့် မုသားမှန်သမျှကို အသေးအဖွဲ့ကစ၍ ရှောင်ကြဉ်ကာ သစ္စာပါရမီကိုသာ နှစ်နှစ်သက်သက် ဖြည့်ကျင့်ကြပါလျှင် မိမိခွဲတည်သော သစ္စာကြောင့် အလိုလို အရှိန်အဝါ တက်လာပါလိမ့်သတည်း။

## ၅။ သုရာမေရယအဖွင့်

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန် အနက်နှင့် အဓိပ္ပာယ်

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ – မေ့လျော့ ပေါ့ဆခြင်း၏, အကြောင်းစင်စစ်, မူးယစ်စေတတ်သော သေရည် အရက်ကို သောက်စားခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ–ကို၊ သမာဒိယာမိ–ပါ၏။ "သေရည် အရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူလို။ [သုရာ = သေရည်+ မေရယ = အရက်+မဇ္ဇ=မူးယစ်စေဖာတ် +ပမာဒ = ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ + ဌာန = အကြောင်း။]

**သေရည်အရက်**။ ။မူးယစ်စေတတ်သော အဆောက်အဦး ထည့်ခတ်၍ စီရင်အပ်သော ထန်းရည် ပေရည် ဓနိရည် စသည်ကို "သေရည်" ဟု ခေါ်၏။ မူးယစ်အောင် စီရင်အပ်သော ပန်းပွင့်ရည်, စပျစ်ရည် စသည်ကို "အရက်" ဟု ခေါ်၏။ သေရည်အရက်သာမက ယခုကာလ သုံးစွဲနေကြသော ကဇော် ဘိန်း ကုတ်ကင်း ဆေးခြောက်၊ မာဖိယား စသော အားလုံးကိုလည်း ဤသိက္ခာပုဒ်၌ ယူကြသည်။

ထိုသေရည်အရက်ကို သောက်စားမိလျှင် မူးယစ်၍ တွေးချင်ရာ တွေးကာ ကုသိုလ်ကောင်းမှုနှင့် အလုပ်ကိစ္စတို့၌ မေ့လျော့တတ်၏။

http://www.dhammadownload.com



ချော၊ ကော်ဇောနန စသည်နှင့် ရဟန်းသံဃာ ဂုဏ်ဝါကြီးသူတို့၏ နေရာ စသည်များကို ဤသိက္ခာပုဒ်အရ “မြင့်သောနေရာ” ဟု မဆိုထိုက်။

**ဥပုသ်သီလများ၌ စဉ်းစားဖွယ်** ။ ။ ဥပုသ် စောင့်သောအခါ ရိုးရိုးငါးပါးသီလထက် အပိုယူကာ ကာမေသုမိစ္ဆာစာရ အရာ၌ အဗြဟ္မစရိယကို သွင်း၍ ဆောက်တည်ရ၏။ ထို့နောက် ဝိကာလဘောဇနာ- နစ္စ-ဂီတ-ဥစ္စာသယန သိက္ခာပုဒ်များကို ဆောက်တည်ရ၏။ ဤသိက္ခာပုဒ် ၄ ပါးကို ခြုံ၍ စဉ်းစားလျှင် ဥပုသ်စောင့်သောအခါ မဖြစ်အောင် ထိန်းရမည့် အကုသိုလ်စိတ်များ ထင်ရှားစွာ ပေါ်လာသည်။ ထိုစိတ်များကား ကာမဂုဏ်စိတ် (ကိလေသာ တဏှာစိတ်) ပင်တည်း။ ထင်ရှားစေအံ့။ ခမ်းနားသော အိပ်ရာ နေရာ၌ အိပ်စက်နေထိုင်ခြင်း၊ ဖြီးလိမ်း ပန်ဆင်ခြင်း၊ ကပြ သီဆို တီးမှုတ်ခြင်း၊ ညစာ ထမင်းစားခြင်းတို့သည် ကိလေသာ (တဏှာ လောဘ) စိတ်ကို သွေးဆောင် ခေါ်ယူသော အပြုအမူများတည်း။

ထို့ကြောင့် တဏှာ လောဘ ကိလေသာ ကာမစိတ်ကို ဆို့ပိတ်ဖို့ရာ ဥစ္စာသယန သိက္ခာပုဒ်ဖြင့် ခမ်းနားသော အိပ်ရာ နေရာတို့၌ အိပ်စက် နေထိုင်ခြင်းကို တားမြစ်၏။ နစ္စ ဂီတ သိက္ခာပုဒ်ဖြင့် ကပြ သီဆို တီးမှုတ်မှုနှင့်တကွ ဖြီးလိမ်း ပန်ဆင်မှုများကို တားမြစ်၏။ ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ညစာ ထမင်းစားမှုကို တားမြစ်၏။ ထို သိက္ခာပုဒ် ၃ ရပ်ဖြင့် ကာမစိတ်ဓာတ်ကို တွန်းလှန် ပိတ်ဆို့မှုသာ အဗြဟ္မစရိယ သိက္ခာပုဒ်တော်အရ မေထုန်အမှုမှ ကျကျနန ရှောင်ကြဉ်နိုင်မည်။ ထို့ကြောင့် ဥပုသ်စောင့်သောအခါ အဗြဟ္မစရိယ စသော

http://www.dhammadownload.com



(သိက္ခာပုဒ်တော်များကို ငါးပါးသီလထက် ပို၍) ထိန်းခြင်းသည် အဖုံးအပိတ် ညီညွတ်သော အကျင့်ကောင်း ဖြစ်ပေသတည်း။

---

## ဥပုသ်စောင့်ပုံ အစီအစဉ်

**ဥပုသ်စောင့်ပုံ**။ ။"ဥပုသ်" ဟူသော စကားသည် "ဥပေါသထ" ဟူသော ပါဠိမှ ကူးစက်လာသော ပါဠိပျက် စကားတည်း။ "ဥပ + ဝသထ" ဟု ပုဒ်ခွဲ။ ဥပ=ညစာ မစားခြင်း၊ သူ့အသက် မသတ်ခြင်း စသော အကျင့်ကောင်းနှင့် ပြည့်စုံ၍+ဝသထ=နေခြင်း၊ ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် စသော အာရုံများကို အာရုံပြုကာ (ဘာဝနာပွားလျက်) အကုသိုလ်စိတ်များ မဖြစ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို "ဥပုသ်စောင့်" ဟု ခေါ်သည်။

**[ဆောင်]** မိမိစိတ်မှာ, ဝင်ကြယ်လာအောင်, အင်္ဂါ ရှစ်တန်,
သီလခံ၍ , မြိုးမြံ အောင့်အည်း, တဖြောင့်တည်းဖြင့်,
စောင့်စည်း အားထုတ်, တရားကုတ်, ဥပုသ်စောင့်ဟုမှတ်။

၁။ နက်ဖြန် ဥပုသ်စောင့်မည်ဟု ကြံစည်သော သူတော်စင်သည် ဥပုသ်စောင့်သည့် အခိုက်၌ အိမ်မှုကိစ္စတွေကို ရှက်ဆောင်ခြင်းငှာ မလျော်သောကြောင့် ယနေ့လို အခါကပင် အိမ်မှုကိစ္စများကို တာဝန်ရှိသမျှ ပြီးစီးအောင် စီမံထားရာ၏။

၂။ ချက်ပြုတ် ကျွေးမွေးမည့်သူ အဆင်သင့်ရှိလျှင် နက်ဖြန်

http://www.dhammadownload.com



မိမိစားဖို့အတွက် ပြေပြေ စီစဉ်ထားရာ၏။ [ဥပုသ်စောင့်ခိုက် ခါတိုင်းထက် ကောင်းကောင်းစားဖို့ကား မစီမံသင့်။]

၃။ ချက်ပြုတ် ကျွေးမွေးမည့်သူ မရှိလျှင် နက်ဖြန် ကိစ္စနည်းအောင် ပြီးစီးကောင်းသော စားဖွယ် သောက်ဖွယ်များကို ပြီးစီးစေအောင် စီမံထားရာ၏။

၄။ နက်ဖြန် နံနက် အရုဏ်တက်ချိန်ကပင် ကိုယ် လက်များကို စင်ကြယ်အောင် ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ရာ၏။

၅။ ပန်းပန်မှု, နံ့သာလိမ်းမှုနှင့် အထူးတလည် ပြင်ဆင်မှုကို မပြုရာ။

၆။ ထို့နောက် ခပ်စောစောကပင် သီလဆောက်တည်ရာ၏။ [သီလဆောက်တည်သောအခါ ပါဠိလို နားမလည်လျှင် မြန်မာလို ဆောက်တည်နိုင်ပါသည်။ ရှစ်ပါးသီလ နှုတ်တက်မရလျှင် "ဘုရား ပညတ်တော်မူအပ်သော ဥပုသ်သီလကို ဆောက်တည်ပါ၏" ဟု နှုတ်က မိမိဘာသာ ဆို၍လည်း ဆောက်တည်နိုင်၏။]

၇။ သီလ ဆောက်တည်ပြီးလျှင် ကျွေးမွေး လှူဒါန်းဖွယ် ကိစ္စ ရှိက ထိုကိစ္စကို ပြုလုပ်၍ မရှိက မိမိအတွက် သင့်တော်ရုံမျှသာ စီမံ၍ စားသောက်ရာ၏။ [တစ်ထပ်သာမက ညစာမစားဘဲ နေနိုင်လောက် အောင်ပင် စားသောက်ခွင့်ရှိ၏။]

၈။ ကျွေးမွေး စားသောက်မှုပြီးလျှင် ကိုယ်လက် မစင်ကြယ်က ရေချိုးရာ၏။ [ကိုယ် စင်ကြယ်မှ စိတ်ကြည်လင်၊ စိတ်ကြည်လင်မှ တရားအာရုံပြု၍ ကောင်းသည်။]

http://www.dhammadownload.com



၉။ ထို့နောက် မိမိတစ်ကိုယ်တည်း နေသင့်သူဖြစ်လျှင် တစ်ကိုယ်တည်းနေ၍ အဖော်နှင့် နေသင့်သူဖြစ်က သဘောတူ အဖော်နှင့်တကွ သင့်တော်သော ဆိတ်ငြိမ်ရာဌာနၐ ဗြဟ္မာဥပုသ်ကို စောင့်လိုလျှင် ဘုရားဂုဏ်တော်ကို အာရုံပြု၍ နေရာ၏။

၁၀။ တာရှည်စွာ ဆင်ခြင်၍ မနေနိုင်လျှင် တရားစာကိုလည်း ကြည့်ရှု၍ ရွတ်ဖတ်နေရာ၏။ [ထိုင်၍ချည်း နေရမည်ဟု မဆိုလို၊ လှဲကာ စင်္ကြံသွားကာ အမျိုးမျိုးမျှတအောင် နေစေလို၏။]

၁၁။ နည်းလမ်းကျကျ ဟောပြောမည့်ပုဂ္ဂိုလ် ရှိလျှင် တရားနာရာ၏။

၁၂။ အချင်းချင်းလည်း တရားစကား ဆွေးနွေး မေးမြန်း စုံစမ်းရာ၏။

၁၃။ ညဉ့်အချိန်သို့ ရောက်သောအခါ မိမိ၏ သီလကို ပြန်၍ ဆင်ခြင်ပြီးလျှင် အရိယာ သူတော်ကောင်း ရဟန္တာ အပေါင်းနှင့် ယနေ့အတွက် မိမိတူမျှပုံကို အောက်မေ့ရာ၏။

**အောက်မေ့ပုံ**။ ။"ရဟန္တာအရှင်မြတ်တို့သည် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ လောကီအာရုံ ကာမဂုဏ်တို့မှ ရှောင်ကြဉ်၍ ညဉ့်စာ စားမှု, ပန်း နံ့သာ စသည် လိမ်းကျံမှုများကို မပြုသကဲ့သို့ ငါသည်လည်း ယနေ့အဖို့၌ ထိုအမှု အမျိုးမျိုးကို ရှောင်ကြဉ်သဖြင့် ရဟန္တာ အရှင်မြတ်များနှင့် တူပေသည်တကား" ဟု မိမိကိုယ်ကို အလွန်မြှောက်တင်ကာ ရဟန္တာယောကျ်ား ရဟန္တာမိန်းမစိတ်ကို ဖြစ်စေပြီးလျှင် ယခုလို အသက်ထက်ဆုံး စောင့်စည်းနေပါလျှင် မကြာခင် ဒုက္ခခပ်သိမ်း ငြိမ်းပေလိမ့်မည်ဟု ဆင်ခြင်ရာ၏။

http://www.dhammadownload.com



၁၄။ နံနက် အရုဏ်တက်၌ မိမိရည်မှန်းထားသော အချိန်စေ့သောအခါ အလိုအလျောက် ရှစ်ပါးသီလ မရှိတော့ဘဲ ငါးပါးသီလသာ ကျန်ရစ်တော့သည်။ [ယခုကာလ အချို့ အရပ်မှာလို ငါးပါးသီလ ယူကာ ဥပုသ်ချနေဖွယ် မလိုပါ။] ဤကား ဥပုသ်စောင့်ပုံ အစီအစဉ်တည်း။

**ဥပုသ်ကာလ အပိုင်းအခြား။** ။ဥပုသ်သည် ကာလပိုင်း၍ စောင့်အပ်သော ဥပုသ်၊အသက်ထက်ဆုံး စောင့်အပ်သော ဥပုသ်ဟု ၂ မျိုး ရှိ၏။ ကာလပိုင်း၍ စောင့်အပ်သော ဥပုသ်မှာ ၂ ရက် ၃ ရက် စသည် ဖြစ်စေ၊ တစ်နေ့ တစ်ညဉ့်လုံး ဖြစ်စေ၊ နေ့ဝက် ညဉ့်ဝက် ဖြစ်စေ၊ တစ်ခဏမျှ (တရားနာခိုက်) ဖြစ်စေ စောင့်ကောင်းပါသည်။ အနာထပိဏ်သူဌေး၏ အလုပ်သမား တစ်ယောက်သည် ဥပုသ်နေ့၌ လယ်ထွန်သွားပြီးနောက် ပြန်လာ၍ သူများ ဥပုသ်စောင့်ကြောင်း သိရကား ထမင်းကို မစားတော့ဘဲ နေ့တစ်ဝက်မျှ ဥပုသ်စောင့်စဉ် လေနာထ၍ စုတေလေသော် ရုက္ခစိုးနတ် ဖြစ်ရသည်။ ထို့ကြောင့် တစ်သက်လုံး မစောင့်နိုင်လျှင် လ, ရက်, အချိန် ပိုင်းခြား၍လည်း စောင့်ကောင်းပါသည်။

သို့သော် ယခုကာလ အချို့တရားပွဲ အလှူမဏ္ဍပ် စသည်၌ကား "မဏ္ဍပ်က မထွက်ခင် ၈ ပါးသီလ ဆောက်တည်ကြ"ဟု ဆိုပြီးလျှင် ဖြီးလိမ်း ပြင်ဆင်ထားသူတို့ကား မာလာဂန္ဓ ဝိလေပန စသော သိက္ခာပုဒ်ကို မွေ့ကထိကတို့က ချပေးကြ၏။ "ဥပုသ်မစောင့်ခင်က ဖြီးလိမ်းထားမှုကြောင့် မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ် မပျက်"ဟုလည်း ပြောဆိုကြပြန်သေး၏။ ထိုအားလုံးကို နည်းလမ်းကျ မကျ စဉ်းစားကြပါလေ။

http://www.dhammadownload.com



**ဥပုသ်အမျိုးမျိုး**။ ။ဥပုသ်သည် အချုပ်အားဖြင့် အရိယ (မြတ်သော) ဥပုသ်၊ ဂေါပါလ (နွားကျောင်းသား စောင့်နည်း) ဥပုသ် ဟု ၂ မျိုး ရှိ၏။ ထိုတွင် အရိယာဥပုသ်သည် ဗြဟ္မ ဥပုသ်၊ ဓမ္မဥပုသ် စသည်ဖြင့် အမျိုးမျိုးရှိ၏။

**၁။ ဗြဟ္မဥပုသ်**။ ။ဘုရားရှင်သည် "ဗြဟ္မ" မည်တော်မူ၏။ ရှစ်ပါးသီလ ယူပြီးလျှင် ထိုဗြဟ္မမည်သော ဘုရားရှင်ကို အာရုံပြုနေခြင်း ကို "ဗြဟ္မဥပုသ်" ဟု ခေါ်၏။ အလွတ်အာရုံ မပြုတတ်လျှင် ဘုရား ဂုဏ်တော်ဖွင့်ကို ရွတ်ဖတ်ကြည့်ရှုနေရာ၏။

**၂။ ဓမ္မဥပုသ်**။ ။ဥပုသ် သီလကို ခံယူပြီးလျှင် တရားတော်၏ ဂုဏ်တော်တစ်ပါးပါးကို အာရုံပြု၍လည်းကောင်း၊ တရားဂုဏ်တော် အဖွင့်ကို ကြည့်ရှု ရွတ်ဖတ်၍လည်းကောင်း နေခြင်းကို "ဓမ္မဥပုသ်" ဟု ခေါ်သည်။

**၃။ သံဃာ့ဥပုသ်**။ ။ ဥပုသ်သီလကို ခံယူပြီးလျှင် သံဃာ့ ဂုဏ်တော် တစ်ပါးပါးကို အာရုံပြု၍လည်းကောင်း၊ သံဃာ့ဂုဏ်တော် အဖွင့်ကို ကြည့်ရှု ရွတ်ဖတ်၍လည်းကောင်း နေခြင်းကို "သံဃာ့ဥပုသ်" ဟု ခေါ်သည်။

**၄။ သီလဥပုသ်**။ ။သီလယူပြီးလျှင် မိမိသီလ၏ မကျိုးမပေါက် မပြောက် မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်စွာ နေထိုင်ခြင်းကို "သီလဥပုသ်"ဟု ခေါ်သည်။

မကျိုး + ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အစသိက္ခာပုဒ်သော် လည်းကောင်း၊ အဆုံးသိက္ခာပုဒ်သော် လည်းကောင်း ပျက်စီးလျှင် "ဥပုသ်ကျိုး"သည် မည်၏။ ထိုသို့ မပျက်စီးလျှင် ဥပုသ်မကျိုး မပြတ်သည် မည်၏။

http://www.dhammadownload.com



[ဆောင်] အင်္ဂါရှစ်ပါး, စွန်အဖျားက, တစ်ပါးပါး ကျိုး, ဥပုသ်မျိုး "အကျိုးအပြတ်" ခေါ်။

မပေါက် = အဝတ်၌ အလယ်က ပေါက်သကဲ့သို့ သိက္ခာပုဒ်တို့တွင် အလယ်က တစ်ပါးပါးပျက်လျှင် "ပေါက်သည်" ဟု ခေါ်၏။ ထိုသို့ မပျက်လျှင် "မပေါက်" သည်မည်၏။

[ဆောင်] အင်္ဂါရှစ်ပါး, အလယ်ကြားက, တစ်ပါးပါးပျက်, ဥပုသ်တွက်, "ပေါက်ပျက်"သည်ဟု ခေါ်။

မပြောက် = ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အလယ်၌ တစ်ပါးလည်း မက၊ အစဉ်အတိုင်း တစ်ဆက်တည်းလည်း မဟုတ်ဘဲ နွား၌ "ဝါစေ့" ပြောက်ကဲ့သို့ အဒိန္နာဒါနနှင့် မုသာဝါဒသော်လည်းကောင်း၊ ဇြဟ္မစရိယနှင့် သုရာမေရယ သော်လည်းကောင်း ဤသို့ ပြောက်ကျားပြောက်ကျား ပျက်သည်ကို "ပြောက်သည်" ဟု ခေါ်၏။

[ဆောင်] အင်္ဂါရှစ်ပါး, တစ်မျိုးအားဖြင့်, ကြိုးကြားပြိုးပြောက်, ယွင်းသွေဖောက်, "အပြောက်" ဥပုသ်ခေါ်။

မကျား = ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် ပါဏာတိပါတနှင့် အဒိန္နာဒါန ဆက်၍လည်းကောင်း၊ အဗြဟ္မစရိယနှင့် မုသာဝါဒ ဆက်၍လည်းကောင်း၊ ဤသို့ နှစ်ပါး

http://www.dhammadownload.com



သုံးပါး ဆက်၍ ပျက်သည်ကို နွားကြောင်
နွားကျားကဲ့သို့ "အကျားထင်သော ဥပုသ်" ဟု
ခေါ်၏။

**[ဆောင်]** နွားကြောင်နွားကျား, ပုံအလားသို့,
နှစ်ပါးသုံးပါး, အများ ဆက်လျက်,
တရားပျက်, "ကျားကွက်" သည်ဟုခေါ်။

ဤသို့သော နည်းဖြင့် မိမိဥပုသ်၏ မကျိုးမပေါက် မပြောက် မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းကိုပင် "သီလဥပုသ်"ဟု ခေါ်သည်။

**မှတ်ချက်။** ။ယခုကာလ သီလဆောက်တည်တုန်းက တစ်ပါးစီ ခွဲ၍ ဆောက်တည်ကြသောကြောင့် ရှစ်ပါးသီလတွင် တစ်ပါးပါး ပျက်သော်လည်း ကျန်သီလအတွက် အကျိုးရှိသေး၏။ တစ်ပါးပျက်ရုံဖြင့် အားလုံးပျက်သွားသည်ဟု မမှတ်နှင့်။

**၅။ နတ်ဥပုသ်။** ။သီလယူပြီးလျှင် နတ်တို့ကို ပမာတင်၍ မိမိသန္တာန်၌ရှိသော သဒ္ဓါ သီလ စသော သူတော်ကောင်း တရားများကို အောက်မေ့ ဆင်ခြင်လျက် ကြည်လင် ဝမ်းမြောက်နေခြင်းကို "နတ်ဥပုသ်" ဟု ခေါ်သည်။

**ဆင်ခြင်ပုံ။** ။"နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ရှိကြသော နတ် ဗြဟ္မာတို့သည် လူ့ပြည်တုန်းက သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ ဟူသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံကြသောကြောင့် ဘဝအသစ်ကူးသောအခါ နတ်ပြည် ဗြဟ္မာ့ပြည်၌ ချမ်းသာစွာ ဖြစ်ကြရသည်။ ထို သူတော်ကောင်း ဥစ္စာများသည် ငါ့မှာလည်း ရှိ၏၊ ဇုဒ္ဓ

http://www.dhammadownload.com



မြတ်စွာ၏ တရားတော်နှင့်အညီ မိဘဆရာတို့၏ အဆုံးအမကြောင့် ဤသို့ သူတော်ကောင်းဖြစ်ရခြင်းသည် နောင်ရေးနောင်တာ သံသရာ အတွက် စိတ်ချဖွယ်ရာ လွန်စွာ လူဖြစ်ကျိုး နပ်ပါပေစွတကား" ဟု ကိုယ့်ဂုဏ်တွေကို အာရုံပြုကာ ဝမ်းမြောက်စွာ ဆင်ခြင်ရာ၏။ ရံဖန်ရံခါ ဆင်ခြင်ရုံမျှဖြင့် အားမရသေးဘဲ အလွန့်အလွန် ဝမ်းမြောက်လာအောင် အောက်၌ ပြထားသော ဥဒါန်းဂါထာကို ကျူးရင့်ရာ၏။

ယေဟိ သဒ္ဓါဒိဂုဏေဟိ, ဒေဝတာ ဒေဝတ္တံ ဂတာ၊
မယှံပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ–စတုမဟာ, ဝတီသာနှင့်, နတ်ရွာခြောက်လီ, ဗြဟ္မာ့ ပြည်ဝယ်, ကိုယ်စီစံစား, နတ်ဗြဟ္မာအများတို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ–သဒ္ဓါ သီလ, များသုတနှင့်, စာဂ ပညာ, စဉ်လာပြည့်စုံ, အကြင် ဂုဏ်တို့ကြောင့်၊ ဒေဝတ္တံ–ရောဂါမကပ်, ဥပဒ် မတွယ်, စား သောက်ဖွယ်ရေး, ဝတ်ဆင်ရေးနှင့်, မင်းဘောစိုးတာ, ကင်းစင် ကွာလတ်, ဗြဟ္မာနတ်၏ အဖြစ်သို့၊ ဂတာ–ဤလူ့ပြေမှ, စုတေကြလျှင်, ခဏ မနေ, ကပ်ရောက်ကြရလေကုန်ပြီ။ တေ ဂုဏာ–နတ်ဗြဟ္မာနန်း, ကပ်ခါ မြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့ ဂုဏ်တို့သည်၊ မယှံပိ– ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ–အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏။ မေ–ငါ၏၊ ဂုဏဝန္တတာ–သဒ္ဓါ သီလ, များသုတနှင့်, စာဂ ပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံသူတို့၏ အဖြစ်သည်၊ အဟောဝတ– တမလွန် အရေး ကြံတိုင်း အေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ပြော် ..... အဖိုးတန်လေစွာ့ တကား။

http://www.dhammadownload.com



ဤသို့ ဥဒါန်းကျူးကာ နတ်တို့ကို သက်သေအရာ၌ ထားလျက် မိမိ၏ သူတော်ကောင်း ဖြစ်ပုံကို အာရုံပြု၍ ဝမ်းမြောက်နေခြင်းသည် "နတ်ဥပုသ်" မည်၏။ ဤ ဗြဟ္မာ့ဥပုသ် စသည်ကို ပုဗ္ဗာရုံတိုက်အမ ဝိသာခါအား ဘုရားရှင် ဟောတော်မူသည်။ တိတ္ထိ တက္ကဒွန်းတို့ စောင့်ကြသော နိဃဏ္ဍဥပုသ် တစ်မျိုးလည်း ရှိသေး၏။ အများနှင့် မဆိုင်၍ မရေးတော့။ ဗုဒ္ဓဘာသာဝင်တို့ စောင့်အပ်သော ဥပုသ်ကား အရိယာဥပုသ် ဖြစ်လျှင် ဖြစ်၊ မဖြစ်လျှင် ဂေါပါလဥပုသ်သာ ဖြစ်စရာ ရှိသည်။ [တိက အင်္ဂုတ္တိုရ်။]

**ဥပုသ်အကျိုး။** ။ဤသို့ ကျနစွာ စောင့်သုံးအပ်သော အရိယ ဥပုသ်မျိုး၏ အကျိုးမှာ ဇမ္ဗူဒိပ်တစ်ကျွန်းကို အုပ်စိုးရသော မင်းမိဖုရား အဖြစ်မျိုးထက် ကြီးကျယ် ခမ်းနားသည်ဟု ဟောတော်မူ၏။ မှန်၏။ မင်းမိဖုရားအဖြစ်ဖြင့် ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးရခြင်းမှာ လူ့စည်းစိမ်မျှသာ ဖြစ်၍ နတ်စည်းစိမ်ကို ထောက်လျှင် အောက်ကျနောက်ကျ သေးနုပ် လှသေး၏။ ထိုစည်းစိမ်လည်း တစ်ဘဝသာ။ ကျနစွာ စောင့်ထိန်းအပ် သော ဥပုသ်၏အကျိုးကား လူမင်း နတ်မင်း စည်းစိမ် အကြိမ်အများ ပင်တည်း။ ထို့ကြောင့် ကောင်းမွန်စွာ စောင့်ထိန်းအပ်သော ဥပုသ်၏ အကျိုးကို "ဇမ္ဗူဒိပ် တစ်ကျွန်းလုံး အုပ်စိုးရခြင်းထက်ပင် သာ၏"ဟု ဟောတော်မူပေသည်။

**ကောင်းစွာစောင့်မှ အကျိုးရ။** ။ဥပုသ်စောင့်ရာ၌ ရှစ်ပါးသီလကို စောင့်ရုံမျှဖြင့် အကျိုးများသင့်သလောက် မများသေးပါ။ သီလကို စောင့်ထိန်းပြီးနောက် မိမိစိတ်ကို စင်ကြယ် သန့်ရှင်းနေအောင် အား ထုတ်နိုင်မှသာ အကျိုးရ များပါသည်။ [တိကအင်္ဂုတ္တရ, ဒုတိယပံ,

http://www.dhammadownload.com



မဟာဝဂ္ဂ ၄၅။] ဥပမာ–ဦးခေါင်းကို တန်ဆာဆင်လိုသော အမျိုးသမီးသည် ဆံပင်ကို စင်ကြယ်အောင် ခေါင်းလျှော်ရ၏။ ခေါင်းမလျှော်ဘဲ ဖြီးလိမ်းပြင်ဆင်လျှင် အနံ့မကောင်း။ ထို့အတူ သီလတန်ဆာဖြင့် ဆင်ထားသူသည် မိမိ၏ စိတ်ကို လောဘ (တဏှာရာဂ) ဒေါသ–မာန်မာန–ဣဿာ–မစ္ဆရိယ စသော ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်အောင် ဗြဟ္မ ဥပုသ်ကို ဖြစ်စေ၊ ဓမ္မဥပုသ် စသည်တို့တွင် တစ်မျိုးမျိုးကို ဖြစ်စေ စောင့်သုံးနိုင်မှသာ ရသင့်သမျှ အကျိုးကို အပြည့်အစုံ ရနိုင်ပါသည်။

ထို့ကြောင့် နဂိုက လောဘကြီးသူဖြစ်လျှင် ဥပုသ်စောင့်ရင်း ထိုလောဘကြောင့် ယခုဘဝ တွေ့ခဲ့ (တွေ့တတ်ကြသော) အပြစ်ကို လည်းကောင်း၊ နောက်ဘဝ၌ အပါယ်ငရဲအထိ ဖြစ်နိုင်သည့် အပြစ်များကိုလည်းကောင်း ဆင်ခြင်၍ လောဘနည်းအောင် အထူးကြိုးစား၍ ဘုရားဂုဏ်တော် စသည်ကို ပွားများနေပါလော့။ ထိုသို့ ဥပုသ်စောင့်ပြီးနောက် ဥပုသ်ထွက်သောအခါလည်း လောဘကြောင့် အမှားအယွင်း မရှိရအောင် နေ့စဉ် သတိထားပါလော့။ ဤသို့ ကြိုးစားလျှင် မကြာခင် လောဘနည်းသူ (တဏှာရာဂနည်းသူ) ဖြစ်လာပါလိမ့်မည်။ ဒေါသ–မာန–ဣဿာ–မစ္ဆရိယ အားကြီးသူများလည်း ဤနည်းအတိုင်း ကြိုးစားပါ။

**နွားကျောင်းသားဥပုသ်။** ။ထိုကဲ့သို့ ကျနစွာ မစောင့်နိုင်ဘဲ "ယနေ့ မည်သည့်နေရာ၌ နွားများ ရေသောက်ကြ၏၊ နက်ဖြန် မည်သည့်နေရာ မြက်စား၍ မည်သည့်နေရာ၌ ရေသောက်လိမ့်မည်" ဟု နွားကျောင်းသား ကြံစည်ခြင်းကဲ့သို့ "ယနေ့ မည်သည့် စားဖွယ်ကို စား၍ နက်ဖြန် မည်သည့် စားဖွယ် စားသောက်မည်"ဟု အစားအသောက်နှင့် လောကီရေးရာကိုသာ ကြံစည်နေသော ဥပုသ်သည်

http://www.dhammadownload.com



"ဂေါပါလဥပုသ်" (နွားကျောင်းသားဥပုသ်) မည်၏။ ဤနွားကျောင်းသားဥပုသ်ကို လုံးလုံး အကျိုးမရှိဟု မဆိုရသော်လည်း အကျိုးမများလှဟု ဟောတော်မူသည်။

**သတိပေးချက်။** ။ထို့ကြောင့် နွားကျောင်းသားဥပုသ် မဖြစ်စေဘဲ အရိယဥပုသ်မျိုးဖြစ်အောင် ကြိုးစား၍ စောင့်သုံးမှသာ လောက အကျိုး၊ သံသရာအကျိုး ၂ ပါးစုံ တိုးပွားယ်ရှိ၏။ ယခုအခါ၌ကား ဥပုသ်စောင့်ရင်း စားသောက်ကြ၊ ပျော်ရွှင်ကြသဖြင့် စဉ်းစားတတ်သူ အဖို့မှာ စိတ်ပျက်စရာကောင်းလှသည့်အပြင် ဘာသာခြားတို့က များစွာသော မြန်မာတို့ ဥပုသ်စောင့်ပုံကို ကြည့်ကာ "ဆင်ခြင်စဉ်းစားဉာဏ် မရှိသော လူမျိုး" ဟု အထင်သေးကြပေလိမ့်မည်။ ထို့ကြောင့် အမျိုးဘာသာ အဆင့်အတန်းမြင့်ရေးကို တွေးကာ စည်းကမ်းကျကျ ဥပုသ်စောင့်ဖို့ သတိပေးပါသည်။

---

# အာဇီဝဋ္ဌမကသီလ အဖွင့်

## (ကျက်မှတ်ရန် ဆောက်တည်ပုံအစဉ်)

အဟံ ဘန္တေ တိသရဏေန သဟ, အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ၊ "ဒုတိယမ္ပိ အဟံ ဘန္တေ" စသည်ဖြင့် ၅ ပါးသီလ တောင်းပုံအတိုင်း "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" တိုင်အောင် ဆိုပါ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



၅။ ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

* * * * *

## ( ကြည့်ရှုရန် အဓိပ္ပာယ် )

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော် (တပည့်တော်မ)သည်၊ တိသရဏေန–သရဏဂုံသုံးပါးနှင့်၊ သဟ–တကွ၊ အာဇီဝဋ္ဌမကသီလံ–အာဇီဝဋ္ဌမကသီလဟူသော၊ ဓမ္မံ–သိက္ခာပုဒ် အကျင့်ကို၊ ယာစာမိ–တောင်းပါ၏။ ဤသို့စသည်ဖြင့် ရှေ့အတိုင်းဆိုပါ။ ပါဏာတိပါတာ စသည်၏ အနက်ကိုလည်း ၅ ပါးသီလအတိုင်း ဆိုပါ။ ပိသုဏာဝါစာ–ပိသုဏာဝါစာမှ၊ ဖရုသဝါစာ–ဖရုသဝါစာမှ၊ သမ္ဖပ္ပလာပါ–သမ္ဖပ္ပလာပမှ၊ မိစ္ဆာဇီဝါ–ယုတ်မာသော အသက်မွေးမှုမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရကြောင်း, ကောင်းမြတ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ–စိတ်၌မြဲစွာ, ဆောက်တည်ပါ၏။

**သတိပြုရန်။** ။ရဟန်းများထံ သီလမတောင်းဘဲ မိမိဘာသာ ရုပ်ပွားတော်၊ စေတီတော် ရှေ့ဝယ် ဆောက်တည်ကြရာ၌ "အဟံ ဘန္တေ" စသော သီလတောင်းများကို ဆိုဖွယ်မလို။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" က စ၍ "မိစ္ဆာဇီဝါ ဝေရမဏီ" တိုင်အောင် ဆိုပါလေ။ ငါးပါးသီလ ရှစ်ပါးသီလ တစ်မျိုးမျိုးကို ပြီးမှ ဤ အာဇီဝဋ္ဌမကသီလကို ဆက်၍ ဆောက်တည်ရာ၌ကား မုသာဝါဒါ ဝေရမဏီတိုင်အောင်

http://www.dhammadownload.com



ရှေ့သီလများ၌ ပါဝင်ပြီးဖြစ်၍ နောက်ထပ် ဆိုဖွယ်မလို။ "ပိသုဏာဝါစာ ဝေရမဏီ" က စ၍ နောက်သိက္ခာပုဒ် ၄ ပါးကိုသာ ဆက်၍ ဆိုရာ၏။

ဤအာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်လောက် ဆောက်တည် ပြီးဖြစ်လျှင် အသက်မွေးစင်ကြယ်သမျှ ပိသုဏာဝါစာ စသည်ကိုမပြော ဆိုသမျှ သီလမပျက်သောကြောင့် နေ့စဉ် ဆောက်တည်ဖွယ် မလို။ အခြားသော ၅ ပါး ၈ ပါးသီလများလည်း မကျိုးမပျက်သမျှ ထပ်၍ ဆောက်တည်ဖွယ် မလို။ သို့သော် ထပ်၍ ဆောက်တည်ခြင်းကြောင့် ကား အပြစ်မရှိပါ။

**အာဇီဝဋ္ဌမက**။ ။အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာ ရှာဖွေရသော အလုပ်အကိုင် အရောင်းအဝယ် ဟူသမျှကို ပါဠိလို "အာဇီဝ"ဟု ခေါ်၏။ မတရားသော ပစ္စည်းရှာဖွေမှုကို "မိစ္ဆာဇီဝ" ဟု ခေါ်၏။ ထို မိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသဖြင့် ပစ္စည်းရအောင် ရှာဖွေမှုကို "သမ္မာအာဇီဝ" ဟု ခေါ်၏။ ၈ ပါးမြောက် သိက္ခာပုဒ်တော် ကို ပါဠိလို "အဋ္ဌမ"ဟု ခေါ်၏။ ပါဏာတိပါတာ ဝေရမဏီမှ စ၍ ရေတွက်လျှင် မိစ္ဆာဇီဝါ ဝေရမဏီသည် ၈ ပါးမြောက် သိက္ခာပုဒ် တည်း။ ထို့ကြောင့် မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှုလျှင် ၈ ပါးမြောက်ရှိသော သီလကို "အာဇီဝဋ္ဌမကသီလ"ဟု ခေါ်သည်။

ဤ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်နှင့် အဋ္ဌ ကထာတို့၌ တိုက်ရိုက်မပြကြ။ ငါးပါးသီလ စသည် ဆောက်တည် ပုံကို နည်းယူ၍ ရှေးပညာရှိတို့ ဆောက်တည်ပုံကို ပြထားကြသည်။ "ပါဏာတိပါတာ ပဋိဝိရမာမိ" စသည်ဖြင့်လည်း ဆောက်တည်နိုင် ပါ၏။ ထိုသိက္ခာပုဒ် ၈ ပါးတွင် ၁ နံပါတ်မှ စ၍ ၇ နံပါတ်အထိ

http://www.dhammadownload.com



သိက္ခာပုဒ်တို့မှာ သုစရိုက် ၁၀ ပါးတွင် ကာယကံ ၃ ပါးနှင့် ဝစီကံ ၄ ပါးတည်း။ ထို ၇ ပါး လုံခြုံပြီးသော သူတော်ကောင်း၌ အသက်မွေး ဝမ်းကျောင်းနှင့်ဆိုင်သော အရောင်းအဝယ် အလုပ်အကိုင်များလည်း စင်ကြယ်ပါမူ အာဇီဝဋ္ဌမကသီလ ဆောက်တည်သည်ဖြစ်စေ၊ မဆောက် တည်သည်ဖြစ်စေ အမြဲ လုံခြုံနေပါသည်။ [ထိုသိက္ခာပုဒ်များတွင် ၁– ၂–၃–၄ နံပါတ် သိက္ခာပုဒ်များကို ငါးပါးသီလ၌ ဖွင့်ပြခဲ့ပြီ။ ၅–၆– ၇ နံပါတ် သိက္ခာပုဒ်များကို ဒုစရိုက် သုစရိုက် အဖွင့်ကျမှ ပြမည်။]

ငါးပါးသီလကို ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိသကဲ့သို့ ဤ အာဇီဝဋ္ဌမကသီလကိုလည်း ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ လွန်ကျူးမိလျှင် အပြစ်ရှိ၏။ ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲစောင့်ထိန်း ရမည့် ကိုယ်ကျင့်သီလ ဖြစ်သကဲ့သို့ ဤ အာဇီဝဋ္ဌမက သီလလည်း အထက်တန်း သူတော်စင်တို့ အမြဲထိန်းရမည့် ကိုယ်ကျင့်သီလ ဖြစ် သည်။ ဤ အာဇီဝဋ္ဌမကကို ကျမ်းဂန်၌ အာဒိဗြဟ္မစရိယသီလ ဟုလည်း ခေါ်သေး၏။ [ဗြဟ္မစရိယ = မဂ္ဂ ဗြဟ္မစရိယ၏ + အာဒိ= အစဖြစ်သော သီလ။] ဤ အာဇီဝဋ္ဌမကသီလ လုံခြုံမှ မဂ်ဖိုလ်ကို ရနိုင်၏။ အာဇီဝဋ္ဌမကသီလ မလုံခြုံလျှင် မဂ်ဖိုလ်မရနိုင်။ ထို့ကြောင့် "ဤအာဇီဝဋ္ဌမကသီလသည် မဂ်ဟူသော မြတ်သောအကျင့်၏ အစ အခြေခံသီလ ဖြစ်သည်"ဟု မှတ်ပါ။

**အမှာ။** ။ဤ အာဇီဝဋ္ဌမကသီလကို စောင့်ကောင်း မစောင့် ကောင်း ငြင်းခုံကြ၏။ မစောင့်ကောင်းစရာ အကြောင်းကိုရှာမရပါ။ ပါဠိတော်မှာ တိုက်ရိုက်သီလအဖြစ်ဖြင့် မပြသော်လည်း အာဇီဝစင်ကြယ်

http://www.dhammadownload.com



ဖို့ နည်းလမ်းနှင့် အာဇီဝစင်ကြယ်ခြင်း၏ (သမ္မာအာဇီဝ ဖြစ်ခြင်း၏) အကျိုးကို များစွာ ပြုရုံမျှမက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာတို့၌ကား အာဇီဝဋ္ဌမက သီလကို "ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ" ဟူသော ပါဠိတော်အရ အကျယ် ထုတ်ပြလျက်ရှိ၏။ ထို့ကြောင့် အာဇီဝဋ္ဌမက သီလကို အမြဲလုံခြုံအောင် စောင့်ထိန်းသင့်ကြပါသည်။

---

## မိစ္ဆာဇီဝအဖွင့်

မုဆိုး တံငါ အလုပ်တို့ဖြင့် သူ့အသက်ကို သတ်၍ ပစ္စည်းရှာ ဖွေရသော ပါဏာတိပါတမှု၊ သူခိုး ဓားပြလုပ်၍ ပစ္စည်းရှာဖွေရသော အဒိန္နာဒါနမှု၊ သူတစ်ပါးက ပစ္စည်းဥစ္စာ ပေးသဖြင့် ဖျက်ဆီးရသော ကာမမှု၊ မတရားရှေ့နေ မတရားသက်သေလိုက်၍ ဖြစ်စေ၊ လိမ်လည် လှည့်ပတ် ရောင်းဝယ်၍ဖြစ်စေ၊ ပစ္စည်းရှာရသော မုသာဝါဒမှု၊ ပစ္စည်း ရအောင် ရန်တိုက်ပေးရသော ပိသုဏဝါစာမှု၊ ကွက်စိပ် စာပြောဆရာ လူပြက်အလုပ်တို့ဖြင့် မဟုတ်မမှန် အကျိုးမရှိသော (ကြားရသူတို့ ပျော်ရွှင်ရရုံ စိတ်လေလွင့်ရုံသာ ဖြစ်သော) ဒဏ္ဍာရီ ဇာတ်ဝတ္ထုများကို ပြောဆိုသော သမ္ဖပ္ပလာပမှုများသည် မိစ္ဆာဇီဝမှုများတည်း။ ဤမိစ္ဆာ ဇီဝမျိုးကို ပါဏာတိပါတာ ဝေရမဏီ စသော ရှေ့သိက္ခာပုဒ် ၇ ပါးဖြင့် ရှောင်ကြဉ်ပြီး ဖြစ်တော့သည်။ သို့သော် "မြဲရာ သံပတ်" ဆိုသလို ရှေ့သိက္ခာပုဒ်များဖြင့် ရှောင်ကြဉ်ရာဝယ် သာ၍ ခိုင်မြဲအောင် ဤ မိစ္ဆာဇီဝါဝေရမဏီ သိက္ခာပုဒ်ဖြင့်လည်း ရှောင်ကြဉ်ရသည်။

http://www.dhammadownload.com



ရှေ့သိက္ခာပုဒ် ၇ ပါးဖြင့် မရှောင်ကြဉ်ရသေးသော **မိစ္ဆာဇီဝများ** လည်း ရှိသေး၏။ ထိုမိစ္ဆာဇီဝများကား–**သတ္တဝါဏိစ္ဆာ**–ဓားလှံ သေနတ် ပိုက်ကွန် စသော လက်နက်ရောင်းမှု၊ **သတ္တဝါဏိစ္ဆာ**–လူသတ္တဝါကို သွေးဆောင်ခေါ်ယူလျက် သူတစ်ပါးထံ ကျွန်အဖြစ်ဖြင့် ရောင်းမှု၊ (ပြည့်တန်ဆာများကို မွေး၍ ခေါင်းလုပ်မှုများလည်း ပါဝင်၏။) **မံသဝါဏိစ္ဆာ**–နွား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ငှက် စသည်တို့ကို မွေး၍ အသား စားဖို့ရာ သတ်ဖြတ်သူအား ရောင်းမှု၊ **မဇ္ဇဝါဏိစ္ဆာ**–ထန်းရည် အရက် ဘိန်းစသည်ကိုရောင်းမှု (ဘုံဆိုင်တည်မှု)၊ **ဝိသဝါဏိစ္ဆာ**–အဆိပ် ရောင်းမှုဟု ကျမ်းဂန်၌ ၅ မျိုးလာ၏။ ထို ၅ မျိုးကို ရတနာသုံးပါးကိုးကွယ်သူ ဥပါသကာ ဥပါသိကာမတို့ မပြုရဟုလည်း ဆိုသည်။ ထို့ပြင် မြင်းလောင်း နွားလောင်း ကျွဲတိုက် ဖဲရိုက်၍ ပစ္စည်းရှာမှုများလည်း မိစ္ဆာဇီဝပင်တည်း။ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုဖြင့် ပစ္စည်းရှာပါသော်လည်း စီးပွားတူဖြစ်သော ညီအစ်ကို မောင်နှမတို့၏ **မိစ္ဆာဇီဝကို** ဝမ်းမြောက် သဘောတူလျှင် မိစ္ဆာဇီဝပင် ဖြစ်၏။ **သဘောမတူလျှင်** မိမိမှာ မိစ္ဆာဇီဝ မဖြစ်။

**ဓမ္မိယလဒ္ဓပစ္စည်းနှင့် သမ္မာအာဇီဝ။** ။ပြခဲ့သော **မိစ္ဆာဇီဝမှ** ရှောင်ကြဉ်၍ တရားသဖြင့် ရရှိသော ပစ္စည်းဥစ္စာကို "ဓမ္မိယလဒ္ဓ" ပစ္စည်းဟု ခေါ်သည်။ [ဓမ္မိယ = တရားနှင့်လျော်စွာ + လဒ္ဓ = ရအပ်သောပစ္စည်း။] မိဘ စသူတို့ထံမှ အမွေအနှစ်စသော ပစ္စည်း၊ ကူလီလုပ်၍ စာရေးစာချီလုပ်၍ ကျောင်းဆရာလုပ်၍ လယ်လုပ်၍ အတိုးအပွားချ၍ ရသော ပစ္စည်းများသည် များသောအားဖြင့် ဓမ္မိယလဒ္ဓပစ္စည်းတည်း။ ထိုပစ္စည်းဖြင့် အသက်မွေးသူ၏ သမ္မာအာဇီဝဖြစ်ကြောင်းမှာ ဆိုဖွယ်ရာမရှိပြီ။ အချို့ကား နားမလည်ခင် မတရားပစ္စည်းရှာ၍ နားလည်သော

http://www.dhammadownload.com



အခါ ထိုပစ္စည်းဖြင့် စားသောက်နေထိုင်သောကြောင့် "မိမိ၏ အသက်မွေးမှုသည် သမ္မာအာဇီဝ ဖြစ်လေသလား၊ မဖြစ်လေသလား" ဟု စဉ်းစားတတ်ကြပေသည်။

**သမ္မာအာဇီဝ ၂ မျိုး။** ။ သမ္မာအာဇီဝသည် သုတ္တန် ပါဠိတော်၌ လာသော သမ္မာအာဇီဝ၊ အဘိဓမ္မာပါဠိတော်၌ လာသော သမ္မာ အာဇီဝဟု ၂ မျိုးရှိ၏။ ထိုတွင် တရားသဖြင့် ရအပ်သော ပစ္စည်းများကို စားသောက်သုံးစွဲခြင်း၊ တရားလမ်းအတိုင်း ပစ္စည်းရှာဖွေခြင်းသည် သုတ္တန် သမ္မာအာဇီဝ မည်၏။ မတရားသဖြင့် ပစ္စည်းရဖို့ အခွင့်ကြုံလာလျှင် ထိုပစ္စည်းရမည့် လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာ သမ္မာအာဇီဝ မည်၏။ ထို့ကြောင့် နားမလည်ခင်က မတရားသဖြင့် ရအပ်သောပစ္စည်းများကို သုံးစွဲနေသော်လည်း နားလည်သောအခါ ထိုကဲ့သို့ မတရားမှုများကို ရှောင်ကြဉ်နေလျှင် အဘိဓမ္မာ သမ္မာအာဇီဝ ဖြစ်သေး၏။ ဆိုလိုရင်းကား "မတရားသဖြင့် ရခဲ့သော ပစ္စည်းဥစ္စာကို သုံးစွဲနေရာ၌ သုတ္တန်အလို မိစ္ဆာဇီဝဖြစ်သော်လည်း နောက်ထပ် တွေ့ကြုံသော မတရားပစ္စည်းရှာမှုကို ရှောင်ကြဉ်နိုင်လျှင် အဘိဓမ္မာ သမ္မာအာဇီဝ ဖြစ်နိုင်ပါသေး၏" ဟု ဆိုလိုသည်။

ထို့ကြောင့် သုတ္တန် သမ္မာအာဇီဝဖြစ်အောင် မတတ်နိုင်ပါလျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်နိုင်အောင် နောက်ထပ် မတရားပစ္စည်းရှာမှုမှ ရှောင်ကြဉ်၍ ဤ အာဇီဝဋ္ဌမကသီလကို ထိန်းသိမ်းနိုင်ပါသေး၏။ ဘုရားလက်ထက်တော်တုန်းက "ကုက္ကုဋမိတ္တ" မုဆိုးသည် တစ်သက်လုံး မုဆိုးလုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏ အသက်မွေးမှုမှာ မိစ္ဆာဇီဝပင်တည်း။ သို့သော် ဘုရားနှင့်တွေ့သောအခါ တရားတော်ကို

http://www.dhammadownload.com



နာရ၍ သား ၇ ယောက် ချွေးမ ၇ ယောက်တို့နှင့်အတူ သောတာပန် ဖြစ်လေသည်။ ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့် ရခဲ့သော ပစ္စည်းတွေကို ရှောင်ကြဉ် စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ။ စွန့်ပစ်မည်လည်း မဟုတ်။ ထို့ကြောင့် တတ်သိ နားလည်သောအခါမှ စ၍ မိစ္ဆာဇီဝကိုရှောင်လျှင် ဤအာဇီဝဋ္ဌမကသီလ လုံခြုံနိုင်သည်ဟု ဆိုထိုက်ပေသည်။ သူတော်ကောင်း ဖြစ်လိုသူများ သတိပြုပါလေ။ မိစ္ဆာဇီဝဖြင့် ရရှိအပ်သော ပစ္စည်းများကို လှူဒါန်းရာ၌လည်း အကျိုးမရဟု မမှတ်ရ။ ထိုက်တန်သမျှ အကျိုးရသည်သာ။ သို့သော် ဓမ္မိယလဒ္ဓ ပစ္စည်းများလောက်ကား အကျိုးပေး မထက်သန်လှချေ။

**ရဟန်းများ၏ အာဇီဝ။** ။ရဟန်းများ၌ကား မတရားသဖြင့် ရအပ်သော ပစ္စည်းများကို လုံးဝစွန့်ပစ်နိုင်မှသာ သမ္မာအာဇီဝဖြစ်သည်။ ဆေးကုမှု၊ ဗေဒင်ဟောမှု၊ ကြည်ညိုလာအောင် ဟိတ်ဟန်ဆောင်မှု စသော မတရားမှုဖြင့် ရအပ်သောပစ္စည်းကို သုံးစွဲနေလျှင် သုံးတိုင်း သုံးတိုင်း အာပတ်သင့်ရုံမက ထိုပစ္စည်းများကို အခြားရဟန်းတော်များ သုံးလျှင်လည်း အာပတ်သင့်သည်သာ။ ထို့ကြောင့် ရဟန်းတော်များ၏ မိစ္ဆာဇီဝသည် လူတို့၏ မိစ္ဆာဇီဝထက်သာ၍ အပြစ်ကြီးသည်ဟု မှတ်ပါ။

ထို့ကြောင့် တကယ်စင်စစ် သူတော်ကောင်းဖြစ်လိုသူ မှန်လျှင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ မိစ္ဆာဇီဝကို အထူးရှောင်ကြဉ်လျက် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးကာ ဤ အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းမှသာ အစစ်အမှန် သူတော်ကောင်းဟု ဆိုထိုက်ရကား သူတစ်ပါးမြင်လို့ ကောင်းရုံကောင်းသော သူတော်ကောင်းမဟုတ်ပါဘဲ အစစ်အမှန် သူတော်ကောင်းဖြစ်အောင် ကိုယ်တိုင် ကြိုးစားကြပါကုန်။

http://www.dhammadownload.com



## နဝင်္ဂဥပုသ်သီလအဖွင့်
## (ကျက်မှတ်ရန် ဆောက်တည်ပုံ)

အဟံ ဘန္တေ, တိသရဏေန သဟ, နဝင်္ဂ သမန္နာဂတံ, ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ၊ ဒုတိယမ္ပိ–တတိယမ္ပိ စသည်ကို ဆက်၍ ဥစ္စာသယန မဟာသယန တိုင်အောင် ရှစ်ပါးသီလအတိုင်း ဆိုပါ။ ထို့နောက် "ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ"ဟု ဆောက်တည်ရာ၏။

* * * * *

## ကြည့်ရှုရန် အနက်နှင့် အဓိပ္ပာယ်

"နဝင်္ဂသမန္နာဂတံ–အင်္ဂါ ၉ ပါးနှင့် ပြည့်စုံသော"ဟု ဆိုပါ။ ထို့နောက် ရှစ်ပါးသီလအတိုင်း ဆို၍ မေတ္တာအတွက် "ယထာဗလံ–စွမ်းနိုင်သလောက်၊ မေတ္တာသဟဂတေန–မေတ္တာနှင့်တကွ ဖြစ်သော၊ စေတသာ–စိတ်ဖြင့်၊ သဗ္ဗာဝန္တံ–အလုံးစုံ သတ္တဝါအပေါင်းရှိသော၊ လောကံ–သတ္တလောကကို၊ ဖရိတွာ–ပြန့်နှံ့စေ၍၊ ဝိဟရာမိ–နေပါအံ့" "စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ်၌ ဖြန့်၍နေပါမည်" ဟု ဆိုလိုသည်။

**အမှာ**။ ။အချို့ကား "မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ" ဟု ဆောက်တည်ပုံကို ပြကြ၏။ ဤကျမ်း၌ကား ပါဠိတော်နှင့် ညီနိုင်သမျှ ညီအောင် "သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ" ဟု ပြလိုက်ပါသည်။

http://www.dhammadownload.com



**နဝင်္ဂ**။ ။[နဝ+အင်္ဂ။ နဝ=၉ ပါး+အင်္ဂါ=အစိတ်အပိုင်း၊ အစိတ်အပိုင်းအားဖြင့် ၉ ပါးရှိသော သိက္ခာပုဒ်များ။] ဤအင်္ဂါ ၉ ပါးရှိသော ဥပုသ်ကို "နဝင်္ဂဥပုသ်" ဟု ခေါ်သည်။ ယခုကာလ အများစောင့်သုံးရိုး ရှစ်ပါးသီလတွင် မေတ္တာကိုထည့်လျှင် ၉ ပါးသီလ "နဝင်္ဂဥပုသ်"ဖြစ်၏။ ဤ နဝင်္ဂဥပုသ်မှာ နဝကအင်္ဂုတ္တိုရ် ပါဠိတော်၌ တိုက်ရိုက်လာ၏။ ဤ နဝင်္ဂဥပုသ်၌ မေတ္တာကို ထည့်၍ထားခြင်းမှာလည်း ထိုခေတ်က ဥပုသ်သည်တို့၏ အလိုကျအောင် ထည့်ရခြင်းဖြစ်သည်။

**စင်စစ်မှာ**-ပါဏာတိပါတစသော သိက္ခာပုဒ်များကဲ့သို့ မေတ္တာသည် သိက္ခာပုဒ်တစ်ပါး မဟုတ်ပါ။ "ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏" ဟု ဆောက်တည်ရာ၌ တစ်နေ့လုံး ရှောင်ကြဉ်နိုင်သလို "မေတ္တာဖြင့် နေပါမည်" ဟု ဆောက်တည်သူသည် တစ်နေ့လုံး မေတ္တာစိတ်ဖြင့် မနေနိုင်။ ထို့ကြောင့် မေတ္တာသည် သိက္ခာပုဒ်မဟုတ်၊ သို့သော် မေတ္တာကို အမှန်းတင်လျက် စောင့်အပ်သော ဥပုသ်သည် ရိုးရိုးဥပုသ်ထက် အကျိုးများသောကြောင့် မေတ္တာနှင့်တကွသော နဝင်္ဂဥပုသ်ကို ဘုရားလက်ထက်တော်မှာပင် အချို့ စောင့်သုံးကြသည်။

**စောင့်ထိန်းရပုံ**။ ။ဤ နဝင်္ဂဥပုသ်ကို စောင့်သုံးလိုသူသည် သီလဆောက်တည်ပြီးနောက် စားဖွယ်သောက်ဖွယ်ကို စားသောက်ပြီးလျှင် ဆိတ်ငြိမ်ရာအရပ်၌ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနေမှသာ နဝင်္ဂဥပုသ်ကို ကျနစွာ စောင့်သုံးရာရောက်မည်။ ယခုတွေ့ရသလောက်ကား နဝင်္ဂဥပုသ်ကို ခံယူပြီးနောက် အိမ်ရောက်လျှင် သားသမီး စသူတို့ကို ဆူပူကြိမ်းမောင်းလျက် ဒေါသထွက်ရ၏။ မိမိနှင့် မတည့်သူများကို တွေ့ရ မြင်ရ၍ ဒေါသဖြစ်ရ၏။ "မေတ္တာ"ဆိုသည်ကား ဒေါသနှင့် ဆန့်ကျင်ဘက်တည်း။ ထို့ကြောင့် အမှတ်တမဲ့ ဒေါသဖြစ်လျှင် ဆောက်တည်မှု မပျက်ရအောင် "ယထာဗလံ=စွမ်းနိုင်သမျှ မေတ္တာဖြင့် နေပါမည်" ဟု ယထာဗလံပုဒ်ကို ထည့်၍ နဝင်္ဂဥပုသ်ဆောက်တည်ပုံကို ပြလိုက်ရပါသည်။

http://www.dhammadownload.com



## ဆယ်ပါးသီလအဖွင့်
## (ကျက်မှတ်ရန် ခံယူဆောက်တည်ပုံ)

အဟံ ဘန္တေ တိသရဏေန သဟ, ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ၊ ဒုတိယမ္ပိ စသည် ဆက်၍ ဆိုပါ။ ဝိကာလဘောဇနတိုင်အောင် ရှေ့သိက္ခာပုဒ် ၆ ပါးကို ၈ ပါး သီလအတိုင်း ဆိုပါ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယန, ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ဘန္တေ–အရှင်ဘုရား၊ အဟံ–သည်၊ တိသရဏေန–နှင့်၊ သဟ–တကွ၊ ဒသ ဂဟဋ္ဌသီလံ–လူတို့၏ ဆယ်ပါးသီလဖြစ်သော၊ ဓမ္မံ–သိက္ခာပုဒ် တရားတော်ကို၊ ယာစာမိ–တောင်းပါ၏။ နစ္စ ဂီတ စသည်တို့၏ အနက်ကို ရှစ်ပါးသီလ၌ ပြခဲ့ပြီ။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ–ရွှေ, ငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ကို၊ သမာဒိယာမိ–ပါ၏။ [ဥစ္စာသယန မဟာသယနာအထိ ၈ ပါးသီလ၌ ဖွင့်ပြခဲ့ပြီ။]

http://www.dhammadownload.com



## နစ္စ ဂီတနှင့် မာလာဂန္ဓ ခွဲခြင်းအကြောင်း

နစ္စ ဂီတ သိက္ခာပုဒ်အရ ကခြင်း , သီဆိုခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်းဆက်သွယ်နေ၏။ ထို့ကြောင့် ထိုအမှုများမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါး အဖြစ်ဖြင့် ထားသည်။ မာလာဂန္ဓ သိက္ခာပုဒ်အရ ပန်းပန်မှု စသည်တို့လည်း တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်လျက်ရှိ၏။ ထို့ကြောင့် ပန်းပန်မှု စသည်မှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါး အဖြစ်ဖြင့် ထားရသည်။ နစ္စ ဂီတ သိက္ခာပုဒ်၌ ပါဝင်သော အမှုများနှင့် မာလာဂန္ဓ သိက္ခာပုဒ်၌ ပါဝင်သော အမှုများကား တစ်ခုနှင့်တစ်ခု သဘောချင်း မဆက်သွယ်လှ။ ထို့ကြောင့် နစ္စ ဂီတနှင့် မလာဂန္ဓဆိုင်ရာ ခွဲခြား၍ သိက္ခာပုဒ် ၂ ပါး ဖြစ်ရပေသည်။

၈-ပါးသီလ၌ကား နစ္စ ဂီတဆိုင်ရာ၊ မာလာဂန္ဓဆိုင်ရာ ၂ ရပ်လုံးကိုပင် (၈ ပါးဖြစ်အောင်) ပေါင်းစပ်ထားရသည်။ ဆိုလိုရင်းကား နစ္စ ဂီတနှင့် မာလာဂန္ဓကို သိက္ခာပုဒ် ၂ ပါးအဖြစ်ဖြင့် ကေန် ခွဲခြားသင့်၏။ သို့သော် ၈ ပါးသီလ၌ကား ရှေးရိုးစဉ်လာ ထုံးစံအားဖြင့် ၉ ပါးမဟုတ် ၈ ပါးသာဖြစ်၍ ထို ၈ ပါးတွင် အားလုံးပါဝင်ဖို့ရာ နစ္စ ဂီတနှင့် မာလာဂန္ဓကိုပေါင်း၍ ဆောက်တည်ရသည်ဟု ဆိုလိုသည်။ ဤကား ဤကျမ်း၏ အကြံတည်း။ သည့်ထက် ကောင်းမွန်၍ သေချာသော အကြံကိုလည်း ပညာရှိတို့ ကြံစည်ကြပါလေ။

---

## ဇာတရူပသိက္ခာပုဒ် အဖွင့်

**ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ။** ။[ဇာတရူပ=ရွှေ+ရဇတ=ငွေ+

http://www.dhammadownload.com



ပဋိဂ္ဂဟဏ= ခံယူခြင်း။]ဇာတရူပအရ ရွှေတုံး ရွှေခဲသာမက ရွှေဖြင့် ပြုလုပ်ထားသော လက်ဝတ်တန်ဆာအားလုံးကိုပင် မခံယူရ။ ရဇတအရလည်း ငွေ အသပြာသာမက ရောင်းဝယ်သုံးစွဲရိုး ဖြစ်သော ငွေစက္ကူ၊ ပိုက်ဆံ အားလုံးကိုပင် မခံယူရ။ ပဋိဂ္ဂဟဏအရ လက်ဖြင့် ကိုင်ခြင်း၊ ခံယူခြင်းသာမက ရှောင်ကြဉ်ဖွယ် ၅ မျိုးကို ကျမ်းဂန်တို့၌ ပြသည်။ ဤနေရာ၌ လွန်စွာထင်ရှားပြတ်သားသော လယ်တီဆရာတော်ဘုရားကြီး၏ သီလဝိနစ္ဆယ အခန်းတစ်ခန်းကို ထုတ်ပြပါအံ့။

ရွှေ ငွေ ရတနာနှင့်စပ်၍ ဝိနည်းတော်၌ ပယ်တော်မူသော အမှု ၅ ပါးရှိ၏။ ဥဂ္ဂဟတစ်ပါး၊ ဥဂ္ဂဟာပဏတစ်ပါး၊ ဥပနိက္ခိတ္တသာဒယန တစ်ပါး၊ ဒုဗ္ဗိစာရဏတစ်ပါး၊ အာမသနတစ်ပါး။ ထိုတွင် ......

၁။ အရှင်မရှိသော ရွှေ၊ ငွေ ရတနာကို တွေ့မြင်၍ ကိုယ်တိုင် ကိုင်ယူခြင်းသည် လည်းကောင်း၊ လက်ရောက်လှူသည်ကို ကိုယ်တိုင် ခံယူခြင်းသည်လည်းကောင်း ဥဂ္ဂဟမည်၏။ [ဥဂ္ဂဟ - ကိုယ်တိုင် ခံယူခြင်း။]

၂။ အရှင်မရှိသော ရွှေ ငွေ ရတနာကို တွေ့မြင်၍ (သို့မဟုတ် လာလှူ၍) မိမိဖို့ရာ သူတစ်ပါးကို အယူခိုင်းခြင်းသည် လည်းကောင်း၊ မိမိဖို့ရာ သူတစ်ပါးကို အလှူခိုင်းခြင်းသည် လည်းကောင်း ဥဂ္ဂဟာပဏမည်၏။ [ဥဂ္ဂဟာပဏ = ယူစေခြင်း။]

၃။ ဒါယကာက ရွှေ ငွေ ရတနာကို ယူဆောင်ခဲ့၍ ရဟန်း၏ ရှေ့၌ ချထားပြီးလျှင် ဤ ရွှေငွေကို အလိုရှိရာ သုံးဆောင်တော်မူပါဟု လည်းကောင်း၊ သင်္ကန်းဖိုးပါ၊ ဖိနပ်ဖိုးပါ၊ ရထားခပါ၊ သင်္ဘော

http://www.dhammadownload.com



ခပါဟု လည်းကောင်း လျှောက်၍ လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာ ခံယူခြင်းသည်လည်းကောင်း၊ ဒါယကာက မိမိ၏အိမ်တွင်သော်လည်းကောင်း၊ တစ်ပါးသော ဌာနသော် လည်းကောင်း ရှိ၍နေသော ရွှေငွေကို ကိုယ်တော် အလိုရှိသောအခါ ယူပါ၊ သုံးပါ ဟူ၍ လှူသည်ကို ကိုယ် နှုတ် ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း၊ ဥပနိက္ခိတ္တသာဒယန မည်၏။ [ဥပနိက္ခိတ္တ=ဘဏ္ဍာစသည်၌ ထားအပ်, အနီး၌ ထားအပ်သည်ကို + သာဒယန = သာယာခြင်း။]

၄။ ကပ္ပိယနည်းလမ်းဖြင့် ရှိနေသော (ကပ္ပိယထံ ဝိနည်းတော်နှင့် အညီ အပ်နှံထားသော) ရွှေငွေကို "ဤရွှေငွေဖြင့် ဘယ်ဟာ ဝယ်ချေလော့၊ ဘယ်လောက် ပေးလိုက်လော့၊ သေတ္တာထဲမှာ ထားလိုက်လော့၊ ထုတ်လိုက်လော့၊ ယူလိုက်လော့" အစရှိသည်ဖြင့် စီမံခြင်းသည် ဒုဗ္ဗိစာရဏာမည်၏။ [ဒု = မကောင်းသော (ဝိနည်းတော်နှင့် မလျော်သော) + ဝိစာရဏာ = စီမံခြင်း။]

၅။ သူတစ်ပါးဥစ္စာ ဖြစ်သော ရွှေငွေကိုပင် သာယာသော စိတ်ဖြင့် ထိပါး သုံးသပ်ကိုင်ခြင်းသည် အာမသနမည်၏။ (ကိုယ့်ဥစ္စာကို သုံးသပ်ကိုင်ရာ၌ကား ပြောဖွယ်မလို။) [အာမသန= သုံးသပ်ထိပါးခြင်း၊ မသာယာဘဲ မတော်တဆ ထိမိလျှင် အပြစ်မရှိပါ။]

ရဟန်း သာမဏေတို့မှာ ဤ ၅ ပါးစလုံးကို လွတ်ကင်းစေရမည်။ လူဖြစ်စဉ်က ရှိနေသော ရွှေ ငွေ ရတနာ၊ ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှရသော ရွှေ ငွေ ရတနာတို့ကို ထိုအချက်တို့မှ လွတ်ကင်းစေ၍

http://www.dhammadownload.com



ကပ္ပိယနည်းလမ်းဖြင့် နေရာတကျ ပြုပြင်ပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့် သာယာ၍ ထို ရွှေငွေမှဖြစ်သော ကပ္ပိယဘဏ္ဍာ (အပ်သော ပစ္စည်း) များကို သုံးဆောင်၍ နေငြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပြီ။ ဆယ်ပါးသီလ စောင့်ထိန်းကြသူတို့မှာလည်း ထို ၅ ပါးသောအမှုကို လွတ်ကင်းစေလျှင် ပြီးတော့သည်။ နဂိုက ရရှိ၍ နေသော ရွှေ ငွေရတနာတို့ကို စိတ် သက်သက်ဖြင့် အာရုံပြုကာ (ငါ့ ရွှေ၊ ငါ့ငွေ) ဟု သာယာသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ် မပျက်။ ဤကား လယ်တီဆရာတော်ဘုရားကြီး၏ သီလဝိနိစ္ဆယမှ ထုတ်နုတ် ဖော်ပြချက်တည်း။

ဤအချက်ကို ထောက်၍ ဆယ်ပါးသီလစောင့်သူ လူတို့သည် မိမိ၌ရှိသော ရွှေ ငွေကို ယုံကြည်လောက်သူအထံ အပ်၍ ထားရမည်။ ဆယ်ပါးသီလ စောင့်ထိန်းသည့် အတောအတွင်းမှာ ထို ရွှေ ငွေကို မကိုင်ရ၊ ဘယ်ထားလိုက်ပါ၊ သိမ်းထားလိုက်ပါ ဟုလည်း မပြောရ။ ထို ရွှေ ငွေဖြင့် “ဘာဝယ်လိုက်ပါ” စသည်ကိုလည်း မပြောရ။ မိမိ အသုံးလိုနေသော ပစ္စည်းကိုသာ “ဘာလိုချင်သည်၊ ဘာစားချင်သည်” စသည်ဖြင့် ပြောဆိုရမည်။ သူတစ်ပါးက ငွေလာပေးခဲ့သော် ထိုငွေကို ကိုယ်တိုင်လည်း မယူရ၊ သူများကိုလည်း မခိုင်းရ၊ နားလည်သူ တစ်ယောက် (သို့မဟုတ် ကပ္ပိယလုပ်သူက) ယူထားလျှင် မိမိမှာ အပြစ် မရှိပါ။ စာတိုက်မှ မန်းနီးအော်ဒါလာလျှင် ငွေရရှိကြောင်း လက်မှတ် ထိုးရုံဖြင့် အပြစ်မရှိပါ။ လက်မှတ်ထိုးပြီးနောက် စာပို့က ပေးသောငွေ ကို ကိုယ်တိုင်လည်း မကိုင်ယူပါနှင့်၊ သူများကိုလည်း အယူမခိုင်းနှင့်။

http://www.dhammadownload.com



နားလည်သူ ကပ္ပိယက ယူထားလျှင် မိမိမှာ အပြစ်မရှိပါ။ဆယ်ပါးသီလ စောင့်ထိန်းနေသောအခါ ရွှေငွေသာမက စိန် ကျောက် ပုလဲ ပတ္တမြား စသော ရတနာများကိုလည်း မကိုင်မခံရချေ။

ဤ ဆယ်ပါးသီလနှင့် စပ်၍ စောင့်ကောင်း မစောင့်ကောင်း ဝါဒကွဲပြား၏။ အချို့က သစ်ခေါက်ဆိုးဝတ်၍ အမြဲစောင့်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏။ အချို့ကလည်း မိမိ၌ ရှိနေသော ရွှေ ငွေ ဥစ္စာများကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏။ သို့သော် ဒက္ခိဏေယျ သံဃာ့ဂုဏ်တော်၌ပြခဲ့သော မင်းသားတို့ကား မိမိ၌ ရှိနေသော ရွှေ ငွေ ပစ္စည်းများကို တစ်ခါတည်းပြတ်အောင် သူတစ်ပါးအား အပိုင်မပေးကြဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့် (တစ်စုံတစ်ခုကိုမျှလည်း မစီမံတော့ဘဲ) ဆယ်ပါးသီလ စောင့်ကြပေသည်။

ထို့ကြောင့် ရွှေ ငွေ ဥစ္စာကို လုံးဝမစွန့်ပစ်ဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့် တစ်နေ့ တစ်ရက်ဖြစ်စေ ဆယ်ပါးသီလစောင့်ကောင်းကြောင်းကို ဆရာများ ဆုံးဖြတ်ကြသည်။ အဘိဓမ္မာသဘောဖြင့် စဉ်းစားလျှင်လည်း ကုသိုလ်စိတ် ပို၍ ဖြစ်ဖွယ်ရာရှိသဖြင့် မစောင့်ကောင်း စရာ အကြောင်းမမြင်ပါ။ သို့သော် လက်မှာ ရွှေလက်စွပ် စသည်ကို ဝတ်ခြင်း၊ နားမှာလည်း ပန်ဆင်ခြင်းသည် မာလာဓာရဏတွင် ပါဝင်သောကြောင့် ဆယ်ပါးသီလကို မဆိုထားဘိ၊ ရှစ်ပါးသီလနှင့်ပင် မသင့်လျော်ချေ။

http://www.dhammadownload.com



## ဒုစရိုက်– သုစရိုက်အဖွင့်

(ဒု=မကောင်းသော+ သု= ကောင်းသော + စရိတ= စရိုက် (အကျင့်)။ ထို ဒုစရိုက် သုစရိုက်ကား ၁၀ ပါးစီ ရှိ၏။ ထိုတွင်–

### ဒုစရိုက် ကာယကံ ၃ ပါး

၁။ **ပါဏာတိပါတ** = သူ့အသက် သတ်မှု။
၂။ **အဒိန္နာဒါန** = သူ့ဥစ္စာခိုးမှု။
၃။ **ကာမေသုမိစ္ဆာစာရ** = ကာမဂုဏ်တို့၌ ယုတ်ယုတ် မာမာ ကျင့်ကြံမှု။

### ဒုစရိုက် ဝစီကံ ၄ ပါး

၄။ **မုသာဝါဒ** = မုသားပြောဆိုမှု။
၅။ **ပိသုဏာဝါစာ** = ချောပစ်ကုန်းတိုက်မှု။

(ချစ်သူနှစ်ဦး ကွဲသွားအောင်၊ သို့မဟုတ် မိမိအား ချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှု။)

၆။ **ဖရုသဝါစာ** = အယုတ်တမာ ဆဲဆိုမှု။
၇။ **သမ္ဖပ္ပလာပ** = ပြိန်ဖျင်းသောစကားကို ပြောဆိုမှု။

စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်အဆန် မရှိသကဲ့သို့ အနှစ်လည်း မဖက်၊ အနက်အဓိပ္ပာယ်လည်း မဟုတ်မမှန်၊ ဒဏ္ဍာရီဝတ္ထုသွား " ရွှေယုန်နှင့် ရွှေကျားတို့ သက်ငယ်ရိတ်သွားရောတဲ့" စသောစကားတည်း။ မဟုတ်သော်လည်း ဥပမာသဘောဖြင့် အကျိုးရှိအောင် ပြောဆို ရေးသားမှုမျိုးမှာ "သမ္ဖပ္ပလာပ" မဖြစ်ပါ။

http://www.dhammadownload.com



၈။　**အဘိဇ္ဈာ** = သူတစ်ပါး၏ စည်းစိမ်ကို "ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွ" ဟု မတရား ကြံစည်မှု။ (တောင်း၍ ငှား၍ ဝယ်၍ ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာအပြစ်မရှိ။)

၉။　**ဗျာပါဒ** = သေကြေပျက်စီးသွားလျှင် ကောင်းလေစွ ဟု သူတစ်ပါးကို ပြစ်မှားမှု။

၁၀။　**မိစ္ဆာဒိဋ္ဌိ** = အယူမှားမှု။ (ကံ-ကံ၏အကျိုးကိုမယုံမှု။)

ဤ ဒုစရိုက် ၁၀ ပါးကို "အကုသလကမ္မပထ" ၁၀ ပါးဟုလည်း ခေါ်၏။ "အပါယ်ရောက်ကြောင်း မကောင်းသော လမ်းဖြစ်သော အကုသိုလ်များ" ဟူလို။ ထိုဆယ်ပါးကို ၁- ကိုယ်တိုင်ပြုလုပ်ခြင်း "သာဟတ္ထိက"၊ ၂ - သူတစ်ပါးကို အပြုခိုင်းခြင်း "အာဏတ္တိက"၊ ၃- ဒုစရိုက်ပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြခြင်း "ဝဏ္ဏဘာသန"၊ ၄- သူတစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို သဘောတူခြင်း "သမနုည"၊ ဤလေးမျိုးဖြင့် မြှောက်လျှင် ဒုစရိုက် ၄၀ ဖြစ်၏။

(**ဆောင်**) ၁။　သက်သတ်ခိုးမှု, ကာမေသု, သုံးခု ကာယကံ။

၂။　လှည့်စားရန်တိုက်, မိုက်မိုက် ကန်းကန်း, နှုတ်ကြမ်းလေခြင်း, ပြိန်ဖျင်းစကား, ပြောဆိုငြား, လေးပါး ဝစီကံ။

၃။　သူ့ဥစ္စာမှန်, မတရားကြံ၍, ဖောက်ပြန်သေကြေ, ပျက်စေလိုငြား, အယူမှား, သုံးပါး မနောကံ။

http://www.dhammadownload.com



**သုစရိုက်ကာယကံ ၃ ပါး**

၁။ ပါဏာတိပါတဝိရတိ = ပါဏာတိပါတမှ ရှောင်ကြဉ်မှု။
၂။ အဒိန္နာဒါနဝိရတိ = အဒိန္နာဒါနမှ ရှောင်ကြဉ်မှု။
၃။ ကာမေသုမိစ္ဆာစာရဝိရတိ = ကာမေသုမှ ရှောင်ကြဉ်မှု။

**သုစရိုက် ဝစီကံ ၄ ပါး**

၄။ မုသာဝါဒဝိရတိ = မုသာဝါဒမှ ရှောင်ကြဉ်မှု။
၅။ ပိသုဏာဝါစာဝိရတိ = ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု။
၆။ ဖရုသဝါစာ ဝိရတိ = ဖရုသဝါစာမှ ရှောင်ကြဉ်မှု။
၇။ သမ္ဖပ္ပလာပဝိရတိ = သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

**သုစရိုက် မနောကံ ၃ ပါး**

၈။ အနဘိဇ္ဈာ = အဘိဇ္ဈာကို မပြုခြင်း။
၉။ အဗျာပါဒ = အဗျာပါဒကို မပြုခြင်း။
၁၀။ သမ္မာဒိဋ္ဌိ = ကောင်းသော အယူကို ယူခြင်း။

ဤသုစရိုက် ၁၀ ပါးကို "ကုသလကမ္မပထ" ၁၀ ပါးဟုလည်း ခေါ်၏။ (ပထ= လူ့ပြည် နတ်ပြည်သို့ ရောက်ကြောင်း။) ၁– ကိုယ်တိုင် ပြုခြင်း၊ ၂– သူများကို ပြုဖို့ရန် စေခိုင်းခြင်း၊ ၃– သုစရိုက်၏ အကျိုးကို ပြောပြခြင်း၊ ၄– သူတစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို သဘောတူခြင်း၊ ဤလေးမျိုးဖြင့် မြှောက်လျှင် ၄၀ ဖြစ်၏။

**(ဆောင်)** ဒုစရိုက်နှင့်, သုစရိုက်ပြိုင်, ဤဆယ်ခိုင်ကို,ကိုယ်တိုင်ပြုကြား, သူများခိုင်းတဲ့, ဂုဏ်ကိုပြောပြ, ဝမ်းမြောက်ကြပြန်, လေးဆယ်မှန်, မြှောက်ဟန် သဘောပိုက်။

http://www.dhammadownload.com



# ပုညကြိယာဝတ္ထုအဖွင့်

(ကြိယာ= ပြုထိုက်သော+ ဝတ္ထု = စီးပွားချမ်းသာ၏ တည်ရာ။)

စီးပွားချမ်းသာ နှောင်သံသရာ အကျိုး၏ တည်ရာဖြစ်၍ စင်စစ် ပြုထိုက်သော ကုသိုလ်ကောင်းမှုများလည်း ၁၀ ပါးပင် ရှိ၏။

၁။ ဒါန = စွန့်ကြဲပေးကမ်း လှူဒါန်းမှု။

၂။ သီလ = ဆိုင်ရာ သီလများကို စောင့်ထိန်းမှု။

၃။ ဘာဝနာ= ဘုရားဂုဏ်တော် စသည်ကို အာရုံပြုနေမှု။

(ကမ္မဋ္ဌာန်း အားထုတ်မှု)

၄။ အပစာယန = ရိုသေထိုက်သူကို ရိုသေမှု။

၅။ ဝေယျာဝစ္စ = သူတစ်ပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု။

၆။ ပတ္တိဒါန = မိမိကုသိုလ်အဖို့ကို အမျှဝေမှု။

၇။ ပတ္တာနုမောဒန= သူတစ်ပါးက အမျှပေးဝေသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။

၈။ ဓမ္မဿဝန = တရားစကားကို နားထောင်မှု။

၉။ ဓမ္မဒေသနာ = ပစ္စည်းလာဘ် မငဲ့ဘဲ တရားဟောမှု။

၁၀။ ဒိဋ္ဌိဇုကမ္မ = အယူကို ဖြောင့်မှန်စွာ ယူမှု။ (ကံ-ကံ၏ အကျိုးကို ယုံကြည်မှု။)

**အမျှဝေ-သာဓုခေါ်။** ။ပတ္တိဒါန ပတ္တာနုမောဒန ဖြစ်ပုံကား... ကုသိုလ်ကောင်းမှု ပြုရာ၌ မိမိ ကုသိုလ်ရသကဲ့သို့ အခြားလူတို့လည်း

http://www.dhammadownload.com



မိမိနှင့် အညီအမျှ ကုသိုလ်အဖို့ ရစေရန် ဝေငှခြင်းကို "ပတ္တိဒါန= အမျှဝေခြင်း" ဟု ခေါ်သည်။ ဤအမျှဝေသံကို ကြားရသူတို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လျှင် ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်အဖို့ ရ၏။ ပြိတ္တာဖြစ်နေသူတို့ သာဓုခေါ်ရာ၌ကား ချက်ချင်း အကျိုးခံစားကြရ၏။ ဝမ်းမြောက်ဝမ်းသာ မဟုတ်ဘဲ ဝတ်ကျေ တန်းကျေ ခေါ်လျှင် တော်ရုံသာ အဖို့ရ၏။ သူတစ်ပါး လှူဒါန်းနိုင်သည်ကို မနာလိုလျှင် "ဣဿာ" အကုသိုလ်ပင် ဖြစ်သေး၏။

ပြခဲ့သော ပုညကြိယာ ဝတ္ထုဆယ်ပါးကို ကိုယ်တိုင်ပြုခြင်း စသော ၄ မျိုးဖြင့် မြှောက်လျှင် ၄၀ ဖြစ်၏။ တစ်နည်း– ဤ ၁၀ ပါးကို ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဟူသော စေတနာ ၃ တန်ဖြင့် မြှောက်လျှင် ပုည ကြိယာဝတ္ထု ၃၀ ဖြစ်၏။ မပြုခင် ရှေးအဖို့၌ ဖြစ်သော စေတနာကို "ပုဗ္ဗစေတနာ" ဟု ခေါ်၏။ ပြုတုန်း စွန့်လွှတ်တုန်း၌ဖြစ်သော စေတနာကို "မုဉ္စစေတနာ" ဟု ခေါ်၏။ ပြုပြီးနောက်၌ ဝမ်းမြောက်မှုကို "အပရစေတနာ" ဟု ခေါ်သည်။

ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလကို စောင့်ထိန်း၍ ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ပြီးလျှင် သုစရိုက် ၁၀ ပါး၊ ပုညကြိယာဝတ္ထု ၁၀ ပါးကို တွေ့ကြုံရာ၌ ပြုကျင့် အားထုတ်၍ နေသူသည် ဧကန် သူတော်ကောင်း ဖြစ်၍ စင်စစ် သုဂတိဘဝကို ရပေလိမ့်မည်။

**(ဆောင်)** ၁။ ဒါန သီလ, ဘာဝနာနှင့်, အပစာယနာ, ရှိသေစွာ, ဝေယျာဝစ္စဖြင့်။

http://www.dhammadownload.com



၂။ ပဋ္ဌိဒါန, အမျှပေးဝေ, ခေါ်လေသာဓု, ပဋ္ဌာနုမော, ဟောလေသမျှ, နာယူက, ဓမ္မဿဝန။

၃။ ကိုယ်တိုင်ဟောပြ, ဓမ္မဒေသနာ, ဖြောင့်စွာယူမှု, ဒိဋ္ဌိ ဇုကမ်, ဤဆယ်တန်, မှတ်ရန် အဆင့်ဆင့်။

## ကံ ကံ၏ အကျိုးအဖွင့်

ဘုရားလက်ထက်တော်တုန်းက "သုဘ"လုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့်တစ်ဦး အကျိုးပေး ထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့် အတွက် မေးလျှောက်အပ်သော ပြဿနာ တစ်ဆယ့်လေးချက်ကို ဘုရားရှင် ဖြေတော်မူပုံမှာ ယခုခေတ် လူတို့ နားလည်ဖို့ကောင်းလှသောကြောင့် ပါဠိတော် အတိုင်းဝယ် အနည်းငယ်မျှ ရှေ့နောက်ထား၍ အတိုချုပ် ရေးသားပေအံ့။

**(ဆောင်)** ထောက်မှန်ပေါ်တွင်, ကိုယ့်ရုပ်သွင်ကို, ဆင်ပြင်သမှု, နေ့စဉ်ရှုသို့, ယခုအခန်း, မှန်လိုမှန်း၍, ရှုစမ်းစေချင်, စိတ်အစဉ်ကို, ဆင်ပြင်လေကွဲ့, နေ့စဉ်တဲ့။

## (က) သုဘလုလင်၏ အမေး

၁- လူချင်းတူပါလျက် အဘယ်ကြောင့် အချို့မှာ အသက်တို၍

၂- အချို့က အသက်ရှည်ပါသနည်း။

http://www.dhammadownload.com



## သုရားရှင်၏ အဖြေ

၁။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာကင်းလျက် ရက်စက် ဆိုးဝါး သူများအသက်ကို သတ်ဖြတ်လေ့ရှိကြ၏။ ထိုသူမျိုး သေလျှင် ငရဲသို့ ရောက်ရတတ်၏။ (ရှေးက ကုသိုလ်ကံ ကစ်စုံဘစ်ခု၏ ထောက်ပံ့မှုကြောင့်) ငရဲသို့ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ကြာရှည်နေခွင့် မရ၊ အသက်တိုရလေသည်။

၂။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့ကား သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာအားကြီးလျက် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။ ထိုသူမျိုး စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း အသက်ရှည်စွာ တည်နေရပေသည်။

(ခ) ၃- အဘယ့်ကြောင့် အချို့မှာ အနာရောဂါများ၍

၄- အချို့မှာ အနာရောဂါ ကင်းရှင်းပါသနည်း။

၃။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် တစ်ပါးသော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ တုတ် ဓား စသော လက်နက်ဖြင့်သော်လည်းကောင်း ညှဉ်းဆဲလေ့ရှိကြ၏။ (သေ အောင်ကား မသတ်။) ထိုသူမျိုး သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင် ရောဂါထူပြော အနာသေါလေသည်။

၄။ ထိုကဲ့သို့ ညှဉ်းဆဲနှိပ်စက်လေ့ မရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်လျှင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

http://www.dhammadownload.com



(ဂ) ၅- အဘယ့်ကြောင့် အချို့မှာ အရုပ်ဆိုး၍
၆- အချို့မှာ အဆင်းလှပါသနည်း။

၅။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် အလွန် ဒေါသကြီးကြ၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူ တစ်ပါးကို ထိပါးပုတ်ခတ်၍ ပြောလေ့ရှိကြ၏။ ထိုသူမျိုး သေလျှင် ငရဲကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေသည်။

၆။ ငိုကဲ့သို့ ဒေါသမထွက်ဘဲ စိတ်စက်ကြည်လင် အစဉ်အေးမြ သူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသော အဆင်းကို ရပေ သည်။

(ဃ) ၇- အဘယ့်ကြောင့် အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါး၍
၈- အချို့မှာ တန်ခိုးအာဏာ ကြီးမားပါသနည်း။

၇။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် ဣဿာအားကြီးကြ၏။ ထိုလူမျိုး သေလျှင် ငရဲသို့ ကျတတ်၏။ ငရဲ မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးနည်းပါးလေသည်။

၈။ ထိုကဲ့သို့ ဣဿာမရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင် နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ဩဇာကြီးမားလေသည်။

မှတ်ချက်။ ။သူတစ်ပါး၏ ကံ ဉာဏ် ဝီရိယ အားလျော်စွာ မည်းစိမ်ဥစ္စာပေါ်ခြင်း၊ ဂုဏ်သိန်ကြီးမားခြင်း၊ ထင်ရှားကျော်စောခြင်း၊

http://www.dhammadownload.com



တတ်သိလိမ္မာခြင်း စသည်ကို မနာလိုမှု၊ စောင်းမြောင်းမှု၊ (မျက်စောင်းထိုးကြည့်မှု) ငြူစူမှု၊ (သည်လိုယုန်တော့ ချုံတိုင်းရှိရဲ့၊ ဓါးကွက်လောက်တော့ ငှက်တိုင်းလှရဲ့) စသည်ဖြင့် နှုတ်ခမ်းစူ၍ ပြောဆိုမှုများသည် အတွင်းက ဣဿာ၏ အစွမ်းပင်တည်း။

(င) ၉– အဘယ့်ကြောင့် အချို့မှာ ဥစ္စာမဲ့မွဲ ဆင်းရဲ၍
၁၀– အချို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပါသနည်း။

၉။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိကြ။ မစ္ဆေရတရား အလွန်အားကြီးကြ၏။ ထိုလူမျိုး သေလျှင် ငရဲ၌ ဖြစ်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်လျှင် ဥစ္စာမဲ့မွဲ ဆင်းရဲရလေ၏။

၁၀။ ထိုသို့ မစ္ဆေရမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူသည် စုတေလျှင် နတ်ပြည်သို့ ရောက်တတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည် ရောက်ပြန်လျှင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပေသည်။ (မိမိ၌ရှိသော ပစ္စည်း၊ မိမိနှင့်ဆိုင်သော ပစ္စည်းများကို သူတစ်ပါးနှင့် မဆက်ဆံစေလိုမှု၊ မပေးကမ်း မလှူဒါန်းလိုမှုများကို လည်းကောင်း၊ မိမိ၏ စည်းစိမ် ဂုဏ်သိန်မျိုးကို သူတစ်ပါးရမှာ စိုးခြင်းကိုလည်းကောင်း "မစ္ဆေရ" ဟု ခေါ်သည်။)

(စ) ၁၁– အဘယ့်ကြောင့် အချို့မှာ အမျိုးယုတ်၍
၁၂– အချို့မှာ အမျိုးမြတ်ပါသနည်း။

၁၁။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် အလွန်မာနကြီးကြ၏။ (သူတစ်ပါးကို အထင်သေး၏၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၏။) ရှိသေလေးစားထိုက်သူကိုမျှ ရှိသေလေးစားရမှန်း

http://www.dhammadownload.com



မသိတတ်။ ထိုလူမျိုးသေလျှင် ငရဲသို့ကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အောက်ကျ နောက်ကျနှင့် ယုတ်ညံ့သော အမျိုး၌ ဖြစ်ရတတ်သည်။

၁၂။ ထိုသို့ မာန်မာန မကြီးဘဲ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားလေ့ ရှိသူသည် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်လည်း မြင့်မြတ်သော အမျိုး၌ ဖြစ်ရရိုး ရှိသည်။

(ဆ) ၁၃- အဘယ်ကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး၍

၁၄- အချို့မှာ ဉာဏ်ပညာ ကြီးမားပါသနည်း။

၁၃။ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် ပညာရှိအထံ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိ မရှိ၊ မှီဝဲထိုက် မမှီဝဲထိုက်သောအရာ၊ နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကိုလည်းကောင်း မေးမြန်းလေ့ မရှိကြ။ ထိုလူမျိုးသည် ထင်မိထင်ရာ ပြု၍ ဒုစရိုက်များဖြင့် သေလျှင် ငရဲသို့ သွားရတတ်၏။ ငရဲသို့မကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် အသိ လိမ္မာ ဉာဏ်ပညာကင်း လူဖျင်းလူအ လူမိုက်ဖြစ်ရလေသည်။

၁၄။ ယိုကဲ့သို့သော တရားအချက်ကို နှစ်သက်ကြည်ဖြူနာယူမေးမြန်းလေ့ ရှိသူတို့ကား စုတေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်ရောက်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်ရတတ်ပေသည်။

http://www.dhammadownload.com



**လိုရင်းအချုပ်မှာ** – "ဘယ်သူမပြု မိမိမှု" ဟူသည်နှင့်အညီ ရှေးက မိမိပြုခဲ့သော ကံအားလျော်စွာ ကောင်းကျိုး မကောင်းကျိုးကို ရကြပေသည်။ ဤကား အကျဉ်းမျှသာ ဟောအပ်သော ပါဠိတော် အရတည်း။ ဤပြခဲ့သော အမေးအဖြေများကို စဉ်းစားပြီးလျှင် ဆုတောင်း ရုံမျှဖြင့် လိုရာအကျိုးကို မရနိုင်သောကြောင့် ဆုတောင်းအားလျော်စွာ သတိထားလျက် ကြိုးစား၍ ပြင်ဆင်ကြပါကုန်။

## နံပါတ်စဉ်အတိုင်း ဆောင်ပုဒ်များ

၁။ သူများအသက်, သတ်သည့်တွက်, အသက်ကိုယ့်မှာတို။
၂။ မသတ်ရှောင်ရှား, ထိုသူများ, ရှည်လျားအသက်ကို။
၃။ နှိပ်စက်ကလူ, ညှဉ်းဆဲသူ, ပြောထူရောဂါဆို။
၄။ သနားစိတ်သွင်း, မနှိမ်နင်း, ကင်းရှင်းရောဂါကို။
၅။ ထန်ပြင်းဒေါသ, ကြီးတတ်က, အလှပျက်မည်ဆို။
၆။ ဒေါသကင်းစင်, မေတ္တာယှဉ်, ကြည်လင်လှသကို။
၇။ မနာလိုပြန်, ဣဿာထန်, ခြံရံကင်းမည်ဆို။
၈။ ဣဿာမထား, ဝမ်းမြောက်ကြား, ပေါများခြွေရံကို။
၉။ မလှူမဒါန်း, မပေးကမ်း, ခြောက်ခန်းဥစ္စာဆို။
၁၀။ စွန့်ကြဲလေ့တုံ, ပြုပါကုန်, ကုံလုံကြွယ်ဝလို။
၁၁။ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ်ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုးမြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ, မမေးက, ဖျင်းအ–ပညာဆို။
၁၄။ ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင်တတ်သိလို။

http://www.dhammadownload.com



# ကံ ဉာဏ် ဝီရိယ အဖွင့်

ကံ– ကံ၏ အကျိုးကို ရေးသားပြီးနောက် ဉာဏ် ဝီရိယတို့၏ အကြောင်းကို မရေးသားလျှင် မစုံလင်သေးသောကြောင့် ကံ ဉာဏ် ဝီရိယ သုံးပါးစုံပေါင်းလျက် အကျဉ်းအမြွက်မျှ ရေးသားဦးအံ့။

**ကံအကြောင်း ။** ။ကမ္မ– ဟူသော ပါဠိစကားကို မြန်မာလို "ကံ" ဟု ခေါ်၏။ ထို့ကြောင့် ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှုများကို "ကံ"ဟု မှတ်ပါ။ ထိုကံသည် ရှေးရှေးဘဝ၌ ပြုအပ်ခဲ့သော ကံ၊ ယခုဘဝမှ ပြုအပ်ခဲ့သော ကံဟု ၂ မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အကျိုးတစ်ခုကို ပေးရာ၌ ရှေးရှေးကံသည် လိုရင်း အကြောင့်တည်း။ ယခုဘဝကံမှာ ယခုဘဝအတွက် ရှေးကံ အခွင့်ရအောင်၊ သို့မဟုတ် အားရှိအောင် ကူညီထောက်ပံ့ရုံသာ။ နောက်ဘဝ၌ကား ဆိုင်ရာအကျိုးကို ကိုယ်တိုင်ပေးခွင့် ရှိသည်။

ထိုရှေးကံများသည် အလွန်အားကောင်းသောကံ၊ သာမန်လောက်သာ အားရှိသောကံ ဟု ၂ မျိုး ရှိပြန်၏။ ထိုတွင် ၁ – ကံမျိုး၏ အကျိုးပေးပုံသည် အလွန်ထင်ရှား၏။ ဥပမာ– ရှင်ဘုရင်၊ သူဌေး၊ မူးမတ် စသည်ကို ဖြစ်စေနိုင်၏။ ဆင်းရဲသားအမျိုး၌ ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် ကြွယ်ဝ ချမ်းသာစေနိုင်၏။ ၂ - ကံမျိုး၏ အကျိုးပေးပုံမှာ မထင်ရှားလှ။ သူများနည်းတူ အကျိုးမျိုးကိုသာ ရစေနိုင်၏။ ထိုကံများသည် ဤလူ့ပြည်လောက၌ မိမိတို့ချည်း သက်သက် အကျိုးပေးဖို့ ခဲယဉ်းသဖြင့် အကျိုးပေးခွင့်ရအောင် ဉာဏ် ဝီရိယနှင့် သတိ ဟူသော ပယောဂက ကူညီပေးရသည်။

http://www.dhammadownload.com



**ဉာဏ်အကြောင်း။** ။အဘိဓမ္မာနည်းအရ အကုသိုလ် အပြစ် မရှိသော တတ်သိ လိမ္မာမှုကိုသာ "ဉာဏ်"ဟု ဆိုရသော်လည်း ကံ အကျိုးပေးခွင့်သာအောင် ကြံဆောင်ရသည့် အရာ၌မူ အပြစ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တတ်သိမှု၊ ပါးနပ်၊ ဖျတ်လတ် သွက်လက် ချက်ချက်ချာချာနှင့် အရာရာ နံ့စပ်မှုများကို "ဉာဏ်" ဟုပင် ခေါ်ရ ပေသည်။ ထိုဉာဏ်သည် ၁– မိမိဘာသာ တတ်သိလိမ္မာသော "ဇာတိ ဉာဏ်"၊ ၂ – နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဉာဏ်" ဟု နှစ်မျိုး ရှိပြန်သည်။

ထိုနှစ်မျိုးတွင် "ဇာတိဉာဏ်" ရှိသူမှာ ပြောဖွယ် မလို။ ဇာတိဉာဏ်ကို အခြေခံ၍ ပဝတ္တိဉာဏ်လည်း တိုးပွားအောင် ကြိုးစား ပါလျှင် လူတွင်တစ်ယောက် ဆိုရလောက်အောင် ထွန်းတောက်လတ္တံ့။ ဇာတိဉာဏ် မရှိသူအတွက်မှာမူ ကျမ်းစာအမျိုးမျိုးကို ကြည့်ရှုသင်ယူခြင်း၊ မိမိထက် တတ်သိနားလည်သော ပညာရှိထံ ဆည်းကပ်ခြင်းတို့ဖြင့် ပဝတ္တိဉာဏ် ဖြစ်ပေါ်လာအောင် ကြံဆောင် အားထုတ်ရာ၌ ယခုအခါ စာသင်ခြင်း၊ ဒေသန္တရ ဗဟုသုတ ရှာခြင်းတို့ကြောင့် ပဝတ္တိဉာဏ် တိုးပွားလျက် လောကီကြီးပွားရေး၊ သံသရာ ကြီးပွားရေးတို့၌ ထိပ်တန်း ရောက်နေသူများကို ကြည့်ပါ။

**(နီတိပျို့)** ကောင်းစွာမရှောင်, နားထောင်သူကား, အကြားအမြင်, မြားမြောင်စင်၏, ဂုဏ်အင်ပွား၍, ပညာလွေ့မှု, အောက်မေ့ဉာဏ်ဖြင့်, ဆင့်ဆင့်မနား, ကျိုးစီးပွားကို, ထောက်ထားစာနာ, သိလိမ္မာ၏, သိပါသူသည်, အရှည်ချမ်းသာ, မင်္ဂလာကို, အခါလေးမြင့်, ဆောင်နိုင်သင့်။

http://www.dhammadownload.com



အသိအလိမ္မာ ဉာဏ်ပညာနှင့် ကံရှိပါသော်လည်း လုံ့လမရှိလျှင် မည်သည့်အကျိုးမျှ မပြီးစေနိုင်။ ဟိ- ထိုစကား မှန်ကြောင်းကား၊ သုတ္တဿ- အပျင်းအားကြီး၍ တအိပ်တည်းအိပ်နေသော၊ သိဟဿ- ခြင်္သေ့၏၊ မုခေ- ပါးစပ်ထဲသို့၊ မိဂါ-သမင်တို့သည်၊ န ပဝိသန္တိ- အလိုအလျောက် မရောက်လာကုန်။ "ထ၍ ဖမ်းမှ လုံ့လပြုဦးမည်" ဟူလို။ (ဟိတောပဒေသ)

**ဝီရိယအကြောင်း။** ။ကိစ္စတစ်ခု ပေါ်ပေါက်လျှင် မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ်မှုကို "ဝီရိယ-လုံ့လ" ဟု ခေါ်၏။ ဤဝီရိယသည် ၁- ပင်ကို "ဇာတိဝီရိယ"၊ ၂- နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဝီရိယ" ဟု ၂ မျိုး ရှိ၏။ ရှေးရှေးဘဝက ဝီရိယအထုံ ပါခဲ့သဖြင့် ဇာတိဝီရိယ ရှိသူမှာ ဉာဏ်ရှိပါလျှင် သူတကာနှင့် မယှဉ်သာအောင် အကျိုးခံစားရမည်။ ဇာတိဝီရိယ မရှိသူကား ပဝတ္တိဝီရိယ ရှိအောင် ပြုပြင်ရပေလိမ့်မည်။

**(ဆောင်)** အကျိုးအပြစ်, အမျိုးစစ်လျက်, ဆိုးညစ်ရိပျင်း, သူကိုကွင်း၍, ထန်ပြင်းလုံ့လ, ရှိသူခမူ, ဝီရိယကေန်တိုး မည်တည်း။

၁။ လုံ့လဝီရိယ ရှိလျှင် ရနိုင်မည့်အကျိုး။

၂။ လုံ့လဝီရိယ မရှိလျှင် ဤဘဝ နောက်ဘဝ၌ အောက်ကျနောက်ကျ ဖြစ်ရမည့်အပြစ်။

၃။ ငါတို့အမျိုးသည် အထက်တန်းကျ၍ ထက်မြက်သော အမျိုးဖြစ်ခဲ့၏။ ငါတို့လက်ထက်ကျမှ အောက်မကျ ထိုက်ဟု အမျိုးအရိုး စိစစ် ဆင်ခြင်ရသည်။

http://www.dhammadownload.com



၄။ ပျင်းရိသူများကို မပေါင်းဘဲ ရှောင်ရမည်။ ထိုသူများနှင့် အပေါင်းများလျှင် "တံငါနားနီး တံငါ" ဟူသကဲ့သို့ အပျင်းစာတ် ကူးစက်၍ အပျင်းဘက်၌ ပါနေတတ်သည်။

၅။ လုံ့လပြင်းထန်သူကို ဆည်းကပ် ခယခြင်းပြုလျှင် "ဘုရား ဒကာနားနီး ဘုရားဒကာ" ဟူသကဲ့သို့ ဝီရိယဓာတ် ကူး၍ အထူး အားတက်တတ်လေသည်။

## ငါးသုံးကောင် ဝတ္ထု

မြစ်တစ်စင်း၌ ကံယုံ၊ ဉာဏ်ယုံ၊ ဝီရိယယုံ ငါးသုံးကောင်ရှိရာ အခါတစ်ပါး၌ တံငါသည်များ ရောက်လာလျှင် ဝီရိယယုံ ငါးသည် စောစောက တင်ကြို၍ အဝေးသို့ ပြေးလေ၏။ ဉာဏ်ယုံငါးသည် စောစောက မပြေးဘဲ တံငါသည်များ အနီးတွင် သေချင်ဟန်ဆောင်၍ နေပြီးလျှင် "သေပြီ" ဟူသော အမှတ်ဖြင့် ကုန်းပေါ်ရေစပ်၌ တံငါသည်တို့ ချထားသောအခါ ရေနက်ရာသို့ အမြန်ဆင်းပြေးလေ၏။ "ကံရှိသလို ဖြစ်လိမ့်မည်" ဟု ကံတစ်ခုတည်းကိုသာ ယုံသော ကံယုံငါးကား တံငါသည်တို့၏ ပြုသမျှကို ခံကာ အသက်ဆုံးရှာလေသည်။

ဤ ငါးသုံးကောင်တို့တွင် ဝီရိယယုံ ငါး၌ လွတ်လောက်သော ကံလည်း ရှိ၏၊ ပြေးလျှင် လွတ်မည်ဟု ဉာဏ်လည်း ရှိ၏။ ထို့ကြောင့် ဝီရိယထုတ်၍ ပြေးသည့်အတွက် လွတ်၏။ ဉာဏ်ယုံငါးမှာလည်း လွတ်လောက်သော ကံနှင့် ဉာဏ်သာမက ရေထဲသို့ ဆင်းပြေးမှု လုံ့လကိုလည်း ပြု၏။ ထို့ကြောင့် လွတ်၏။ ကံယုံငါးမှာ (ကံရှိစေကာမူ) ဉာဏ်နှင့် လုံ့လကို အသုံးမချသောကြောင့် အသက်ဆုံးရှုံးရလေသည်။

http://www.dhammadownload.com



ထို့ကြောင့် ကံပေးသမျှ ပဋိသန္ဓေ နေခဲ့ရပြီးနောက် တစ်စုံတစ်ခု ကောင်းကျိုးပေးရာ၌ ကံသည်ဝေးသောအကြောင်း၊ ဉာဏ်သည် အလယ် အကြောင်း၊ ဝီရိယသည် အနီးဆုံးသော အကြောင်းဟု သဘောကျပြီး လျှင် ရှေးကံ၏ အကျိုးပေးမှုကို အလေးဂရု မချော်လင့်ဘဲ လောကီ လောကုတ္တရာဆိုင်ရာ၌ အသိ အလိမ္မာ ဉာဏ်ပညာ တိုးပွားအောင် ကြိုးစား၍ ကိုယ်နှင့်တန်သော လုံ့လကို အသုံးချပါမူ ကျက်သရေ မင်္ဂလာ အလိုအလျောက် ပေါ်ပေါက်လာပါလိမ့်မည်။ (ဥဋ္ဌာနဝတော- ကြိုးစားအားထုတ်လေ့ရှိသော၊ ပုရိသသီဟံ- ယောကျ်ား မြတ်သို့၊ လက္ခီ- ကျက်သရေ မင်္ဂလာသည်၊ ဥပေတိ- ကပ်ရောက်လာ၏။ ဟိတောပဒေသ။)

**သတိအကြောင်း။** ။ကံ အကျိုးပေးခွင့်ရအောင် ဉာဏ် ဝီရိယ သာမက ထိုထိုကိစ္စ၌ အမြဲအမှတ်ရသော သတိလည်း အရေးကြီး၏။ ပြုဖွယ်ကိစ္စကို အမှတ်မရဘဲ မေ့နေလျှင် ဉာဏ်နှင့် ဝီရိယကို အသုံးမပြု နိုင်တော့။ ထို့ကြောင့် ပယောဂသမ္ပတ္တိကို ပြရာ၌ ဉာဏ် ဝီရိယ သတိ ၃ မျိုးလုံးကို ပြသင့်ပါသည်။ (ပယောဂ- ကိုယ်မှု နှုတ်မှု စိတ်မှု၏၊ သမ္ပတ္တိ- ပြည့်စုံခြင်း။)

## မဃဒေဝလင်္ကာမှ ထုတ်နုတ်ချက်

၁။ ကံ ဟုမူလ, သမ္ဘုဒ္ဓတို့, ဟောပြသည်မှာ, အရင်းသာရှင့်။

၂။ ဥစ္စာဘောဂ, ဓိဂိတနှင့်, သုခပွားရန်, ဤလူ့ဘုံ၌, ဉာဏ် ဝီရိယ, ပယောဂတည်း။

http://www.dhammadownload.com



၃။ ကာလဒေသ, ပုဂ္ဂလကို, နှိုင်းဆအပ်တုံ, ကံကိုယုံ၍, မီးပုံအတွင်း, မဆင်းထိုက်စွာ, ကျားရဲရာလည်း, ကြမ္မာအကြောင်း, မရိုးကောင်းဟု, သူဟောင်းရှေးက, ဆိုကုန်ကြ၏။

၄။ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတစ်ကြောင်းမျှ, မကောင်းလည်း ကံ, ကောင်းလည်း ကံဟု, ကံကို ချည်းသာ, မကိုးရာဘူး။

၅။ ပညာဉာဏ်ဖြင့်, သင့်မသင့်ကို, အခွင့်ရှု၍, အပြုလုံ့လ, ရှိအပ်စွတည့်, တံငါ့လက်တွင်း, ရောက်လျှင်းတုံငြား, သုံးကောင်ငါးကို, မှတ်သားဝမ်းထဲ, နည်းယူစွဲလော့။

၆။ ကံမွဲ ဉာဏ်နုံ့, မလုံ့မလ, နတ်မ မထူး, အလသမျိုး, အကျိုးယွင်းယို, အလိုရှော့ရည်း, မကျော့ကျည်းနှင့်, ကိုယ်လည်း လုံ့လ, နတ်လည်း မ၍, တောင့်တကြံရာ, မြန်မကြာလျှင်, လွယ်ကာကိစ္စ, ပြီးနိုင်ကြ၏။

၇။ အန္ဓ ဗာလ, လူ့ထိုမျှတို့, ကမ္မဝီရိယ, မယုံကြဘူး, သိဝ မဟေ, ပရမေသွာ, ဗြဟ္မာ ဗိဿနိုး, ကမ္ဘာစိုးနှင့်, တန်ခိုးကြီးမား, နတ် ဘုရားကို, ပေးစားဖန်ဆင်း, ဖြစ်တုံလျှင်းဟု, ချွတ်ယွင်းသမှု, အမှားရှုသည့်, တောင်သူ့ ယူလေ့ ယူလာတည်း။

ဤခန္ဓာကိုယ်ကြီး၏ အတွင်း၌ ကောင်းမြတ်သောအရာ၊ မြဲခိုင်သောအရာ ဟူ၍ ဘာတစ်ခုမျှ မရှိပါ။ အလိမ္မာ စသော ဂုဏ်များကား အလွန်စင်ကြယ်၏။ မစင်ကြယ်သော ခန္ဓာကိုယ်ကြီးဖြင့် စင်ကြယ်သော ဂုဏ်သတင်းများကို ရအောင် အားထုတ်လိုက်ကြလော့။

http://www.dhammadownload.com



ငါတို့ ဗုဒ္ဓဘာသာဝင်များသည် မအို မသေ အမြဲနေရာ နိဗ္ဗာန်ကိုပင် မြော်မြင်မှန်းဆ၍ မရ ရအောင် အားထုတ်ကြကုန်သေး၏။ ယခုဘဝ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေးလောကကို ပဓာနပြု၍ ကြောက်ရမည်နည်း။ လုံ့လ ဝီရိယ ကင်း၍ အဖျင်းစား အပေါစား လုပ်နေသော်လည်း ဤခန္ဓာကိုယ်ကြီး ပို၍ မကျန်းမာ၊ ပို၍ အသက် မရှည်တော့ပြီ။

စင်စစ်သော်ကား ပျင်းနေသည့်အတွက် ခန္ဓာကိုယ်မှ အနိုးအငွေ့တွေ အပြင်သို့ မထွက်ရသောကြောင့် အေးစက်စက်ဖြစ်ကာ ပို၍ မကျန်းမမာ ဖြစ်သေး၏။ ထို မကျန်းမာမှုကြောင့် အပြင်းထူသူမှာ အသက်တိုဖွယ်သာ များ၏။ ပျင်း၍ အလုပ်မလုပ်သူသည် သာ၍ ပျင်းစရာ ဖြစ်နေပါလိမ့်မည်။ လုံ့လ ဝီရိယ မှန်မှန်ဖြင့် အလုပ်လုပ်နေသူကို လူတွေကလည်း ကြည်ညို၊ နတ်တွေကလည်း စောင့်ရှောက်လို၏။ ရှေးကံတွေကလည်း အကျိုးပေးခွင့်သာ၍ လှလှပပ အကျိုးပေးကြသည်။ ထို့ကြောင့် လုံ့လရှိသူတို့ အဖို့မှာ လောကကြီး၌ ပျော်စရာကိုသာ တွေ့ရပါလိမ့်မည်။

တစ်နေ့အဖို့၌ ၁- ကုသိုလ်၊ ၂- ဥစ္စာ၊ ၃- ကျန်းမာရေး၊ ၄-အတတ်ပညာ၊ ၅-တန်ခိုးဂုဏ်သိန် ဤ ၅ မျိုးတွင် တစ်မျိုးမျိုးမှ အကျိုးမရဘဲ ကုန်သွားသောနေ့သည် ဝမ်းနည်းစရာ လွန်စွာ အသုံးမကျ၊ မသေခင်က အသေဖြစ်ရသော နေ့ပင်တည်း။

**(ဆောင်)** ကုသိုလ်ဥစ္စာ, ကျန်းခံ့သာ၍, ပညာတန်ခိုး,
တစ်မျိုးမျိုးမှ, အကျိုးမထွက်, ထိုနေ့တွက်, သက်သက်
ဝမ်းနည်းဖွယ်။

http://www.dhammadownload.com



## ဆုတောင်းခန်းအဖွင့်

ယခုကာလ အမြီးအမောက် ရှေ့နောက်မတည့်ဘဲ ရောက်မိရောက်ရာ ဆုတောင်းရာကြပုံကို ကြားသိရသဖြင့် အများနှင့် သင့်လျော်စွာ သံသရာစခန်းဝယ် နိဗ္ဗာန်နှင့် ဖြောင့်တန်းအောင် ဆုတောင်းခန်း ထည့်သွင်း၍ အကျဉ်းမျှ ပြပေအံ့။

**(ဆောင်)** ဓာတ်မရိုက်ခင်, ကောင်းစွာပြင်မှ, ပုံတွင်ကျန, ရုပ်သွင်လှသို့, မုံချမှန်စွာ, သံသရာဟ, ကမ္ဘာရုပ်ခွင်, ဓာတ်အပြင်၌, စိတ်စဉ်ကျန, ရုပ်သွင်လှ၍, ခေမမြို့နန်း, အရောက်မြန်းဖို့, ပြင်စမ်းစေချင်, ဆုပန်းစင်ကို, ပန်ဆင်လေကွဲ့-နေ့စဉ်တဲ့။

၁။ ပုညေနာနေန စညေန, သိဝံ ပတ္တေ တဒင်္ဂရေ၊
မိရုံ ပဿေ သုဏော မိရုံ, မိရေန သဂ်ာ သံဝသေ။

အနေန ပုညေန- ယခုခဏ, ပြုစုရသည့်, သုခအကျိုး, ကောင်းမှုမျိုးကြောင့်လည်းကောင်း၊ အညေန စ- ရှေးရှေးက ပြုကောင်းမှုထိုထို, ကုသိုလ်မူလ, ဟူသမျှကြောင့်လည်းကောင်း၊ သိဝံ- အနိုယာအငေါင်း, သူတော်ကောင်းတို့, ပျော်အောင်းရာမှန်, အေးနိဗ္ဗာန်ဂို၊ ပတ္တေ, ပတ္တေယျာမိ- ရည်ရွယ်လိုအင်, ဆုထူးဆင်လျက်, ဖဆာလျင် မြန်စွာ, ပန်ထွာ ဆုတောင်းပါ၏။ တဒင်္ဂရေ- ဆုထူးဂုဏ်အင်, မစုံလင်၍, ကြွှေတင်ပြန်ရ, ဘဝဖန်ခါ, သံသရာ၌၊ ဒိရုံ- ရိုးသား ထက်မြက်, အချက်ချက်၌, သွက်လက်ပေဟောင်း, ပညာရှိသူတော်ကောင်းကို၊ ပဿေ, ပဿေယျာမိ- ထိုဤဘုံဝေ့, ကြှသစ္စေ့ပင်, တွေ့မြင်ရပါလို၏။ မိရုံ-ပညာရှိများ, ဆိုစကားကို၊ သုဏော, သုဏောယျာမိ-

http://www.dhammadownload.com



နှစ်သက် ကြည်ညို, နာယူရပါလို၏။ ဓီရေန– ရှိးသားထက်မြက်, အချက်ချက်၌, သွက်လက် ပေတောင်း, ပညာရှိသူတော်ကောင်းနှင့်၊ သဟ သံဝသေ– ရေစက်ဟောင်းချင်း, အကြောင်းရင်းကြောင့်, ပေါင်းသင်း နေထိုင်ရပါလို၏။

[ပညာရှိ သူတော်ကောင်း၊ ပညာရှိ သူယုတ်မာဟု နှစ်မျိုးရှိရာ ဤဂါထာဖြင့် (၁) နိဗ္ဗာန်ကို လိုအပ်သော ဆုဖြင့် ရဖို့ရန်၊ (၂) ပညာရှိ သူတော်ကောင်းကို တွေ့မြင်ဖို့ရန်၊ (၃) ထိုသူ၏ စကားကို နာယူဖို့ ရန်၊ (၄) ထိုပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံမိဖို့ရန် ဆုတောင်းသည်။ မရိုးမသား ဆိုးဝါးသော ပညာရှိသူများကား သူယုတ်မာများတက်ပင် ကြောက်စရာ ကောင်းလှ၏။]

၂။ ဓီရော အဿံ သယံဓာပိ ဝီရော ကုသလ ကရဏော၊
ဥစ္စော အမော့စ အခဏ္ဍာ– ပဥ္စသီလော ဓာတိယာ။

သယံဓာပိ– မိမိကိုယ်တိုင်ကလည်း၊ဓီရော– ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက်ပေတောင်း, ပညာရှိသူတော်ကောင်းသည်၊ အဿံ– စင်စစ်ဓဂ္ဂ, ဖြစ်ရပါလို၏၊ ကုသလ ကရဏော– ကုသိုလ်ပြုရန်, ပေါ်ပေါက်ပြန်သည်ရှိသော်၊ ဝီရော– မကြောက်မရွံ့, နောက်မတွန့်ဘဲ, သက်စွန့်ကြိုးပမ်း, စွဲလမ်းသတ္တိ, လုံ့လရှိသည်ဖြစ်၍၊ ဓာတိယာ– မီးရှူးသန့်စင်, ဖွားမြင်သည့်မှစ၍၊ အခဏ္ဍာ ပဉ္စ သီလော– ကိုယ်ဝတ် သဖွယ်, မကွယ်မပ, ငါးဝပဉ္စသီ, အစဉ်တည်လျက်သာလျှင်၊ ဥစ္စေ– ဂုဏ်သိန်မောက်မိုး, မြင့်မြတ်သော အမျိုး၌လည်းကောင်း၊ အမေ့စ– ဥစ္စာပြည့်ဖြိုး, ကြွယ်ဝသော အမျိုး၌လည်းကောင်း၊ အဿံ– တမြင့်တည်း မြင့်, ဆင့်ကဲတင့်၍, အသင့်မကွာ, ဖြစ်ရပါလို၏။

http://www.dhammadownload.com



[ဤဂါထာဖြင့် (၁) မိမိကိုယ်တိုင်လည်း ပညာရှိ သူတော်ကောင်း ဖြစ်ဖို့ရန်၊ (၂) ကုသိုလ်ကောင်းမှုပြုစုရေး၌ ရဲရင့်ဖို့ရန်၊ (၃) မြင့်မြတ်သော အမျိုး၊ (၄) ကြွယ်ဝသော အမျိုး၌ ဖြစ်ဖို့ရန်၊ (၅) ဝတ်ဆင်ထားအပ်သော အဝတ်ကဲ့သို့ ငယ်စဉ်ကစ၍ ငါးပါးသီလ မြဲဖို့ရန် ဆုတောင်းသည်။ (အမျိုးမသန့်လျှင် စိတ်ဓာတ်လည်း ညံ့တတ်၏။)]

၃။ ဒဒတော မေ န ခီယေထ, ဒတွာနာနု တပေယျ.ဟံ၊
ဒဒံ စိတ္တံ ပသာဒေယျံ, အဒိန္နံ န ဗလံ ဟရေ။

မေ– တပည့်တော်၏၊ ဓနံ– စည်းစိမ်ဥစ္စာ, ရတနာသည်၊ ဒဒတော– စွန့်ကြဲပေးကမ်း, လှူဒါန်းပါသော်လည်း၊ န ခီယေထ– မကုန်ခန်းနိုင်ပါစေသတည်း။ ဒတွာ– စွန့်ကြဲပေးကမ်း, လှူဒါန်းပြီး၍လည်း၊ နာနု တပေယျံ– နောင်တတစ်ဖန်, မပူပန်ရပါလို။ အဟံ– တပည့်တော်သည်၊ ဒဒံ– စွန့်ကြဲပေးကမ်း, လှူဒါန်းဆဲအခိုက်မှာလည်း၊ စိတ္တံ– မိမိစိတ်ကို၊ ပသာဒေယျံ– ကြည်လင် ရွှင်လန်း, ဝမ်းမြောက်စေနိုင်ရပါလို၏။ အဒိန္နံ– ကိုယ်ထိလက်ရောက်, မျက်မှောက်ကြည်ဖြူ, မလှူမပေးအပ်သည် ရှိသော်၊ န ဗလံ ဟရေ– အနိုင့်အထက်, နှိပ်စက်ကလူ, မယူမဖျက်, မခိုးဝှက်နိုင်ပါစေသတည်း။

[ဤဂါထာဖြင့် (၁) စွန့်ကြဲလှူဒါန်း၍ မကုန်ခန်းနိုင်ဖို့ရန်၊ (၂) ပေးကမ်းလှူဒါန်းပြီးနောက် "လှူဒါန်းပေးကမ်းမိတာ မှားလေခြင်း"ဟု နောင်တ တစ်ဖန် မပူပန်ဖို့ရန်၊ (၃) လှူဒါန်းပေးကမ်းဆဲ အခိုက်မှာလည်း ဝမ်းမြောက်ဝမ်းသာ ရှိဖို့ရန်၊ (၄) ကြည်ကြည်ဖြူဖြူ မပေးဘဲ ရန်သူများ မဖျက်ဆီးနိုင်ဖို့ရန် ဆုတောင်းသည်။

http://www.dhammadownload.com



၄။ ဖုသိတေ လောကဓမ္မေဟိ,
ယထာကမ္မံ ဘဝါဘဝေ၊
ယေန စိတ္တေန ကမ္ပေန္တိ,
တံ စိတ္တံ န မယိ ဝသေ။

ဘဝါဘဝေ– ဘဝကြီးငယ်, အသွယ်သွယ်၌၊ ယထာကမ္မံ– ရှေးရှေးကဖန်, အကြောင်းကံ အားလျော်စွာ၊ လောကဓမ္မေဟိ– ဖြစ်ကပျက်တုံ, တွေ့ကြုံရနိုး, လောကဓမ် တရားမျိုးတို့သည်၊ ဖုသတေ– တစ်နေ့မထိ, တစ်နေ့ထိဖြင့်, တွေ့ထိ နှိပ်စက်အပ်သည်ရှိသော်၊ ယေန စိတ္တေန– မတည်တံ့နိုင်, မခံ့ခိုင်လတ်, အကြင်သို့သော စိတ်ဓာတ်ကြောင့်၊ ကမ္ပေန္တိ– တရားမမြင်, နားမဝင်ဘဲ, အားအင်ရှိန္ဓမ်း, ပင်ပန်းတုန်လှုပ်ကြရလေကုန်၏။ တံ စိတ္တံ– ထိုကဲ့သို့သော စိတ်မျိုးသည်၊ မယိ–တပည့်တော်၏ သန္တာန်၌၊ န ဝသေ– တစ်ရံတစ်ဆစ်မျှ မဖြစ်ရပါစေသတည်း။

(ဤဂါထာဖြင့် ဆွေမျိုးဉာတိ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဟူသော လောကဓံနှင့် တွေ့ကြုံလျှင် မတုန်လှုပ်မိဖို့ ဆုတောင်းသည်။)

၅။ အဘိဇ္ဈာ ဗျာပါဒ မဇ္ဈေရ,
မိစ္ဆာဒိဋ္ဌိဘိ ပါပတော၊
မာန ကောဓ ကာမလောလာ,
ယာပျရောဂါ ဂတော သဒါ။

ပါပတော– အပါယ်လေးတန်, ရောက်ရန်ညစ်ကျု, မကောင်းမှုဖြစ်သော၊ အဘိဇ္ဈာစ– သူများစည်းစိမ်ကို မတရားလိုချင်တတ်သော လောဘမှ လည်းကောင်း၊ ဗျာသာစ– သူများဂုဏ်သိန်, သူ့စည်းစိမ်ကို,

http://www.dhammadownload.com



မမြိန်နိုင်တောင်း, စောင်းမြောင်း ငြူစူတတ်သော ဣဿာမှ လည်းကောင်း၊ မစ္ဆေရ မိစ္ဆာဒိဋ္ဌိဘိစ– ကိုယ့်စည်းစိမ်ကို, ဝန်တိုတတ်ခြင်း, မှားယွင်းသော အယူတို့မှလည်းကောင်း၊ မာနကောဓ–မောက်မာ တက်ကြွ , မာန်မာန နှင့်, ဒေါသထန်ပြင်း, ကြမ်းတမ်းခြင်းမှလည်းကောင်း၊ ကာမလောလာ– ကာမဂုဏ်ပွက်, အာရုံတွက်ကြောင့်, ယောက်ယက် ခတ်ပျော်, လျှပ်ပေါ် လော်လီခြင်းမှလည်းကောင်း၊ ယာပျရောဂါ–ကုစားဖေးမ, မအေးရအောင်, ဘေးဘယစုံ, အဖုံဖုံသောရောဂါမျိုးမှ လည်းကောင်း၊ သဒါဂတော– ပိန်းကြာဖက်ပြင်, ရေမတင်သို့, ကင်းစဉ်လွင့်ပျောက်, မကပ်ရောက်ပါစေ သတည်း။

[ဤဂါထာဖြင့် အဘိဇ္ဈာ ဣဿာ မစ္ဆရိယ မိစ္ဆာဒိဋ္ဌိ မာန ဒေါသ တို့နှင့် ကာမဂုဏ်အတွက် လျှပ်ပေါ်လော်လီခြင်း၊ အနာရောဂါများခြင်း မှ ကင်းဖို့ရန် ဆုတောင်းသည်။]

၆။ ပါယေန ပေါရာဏာ သန္တာ
နေက္ခမ္မာ . ဘိရတာ သဒါ၊
တသ္မာ နေက္ခမ္မ နိန္နော .မှိ,
သဒ္ဓိဋ္ဌာ . ဒိနဝေါ ဃရေ။

ပေါရာဏာ–ရှေးအထက်က ဖြစ်ပေါ်ကြကုန်သော၊ သန္တာ– ပါရမီနှင့်, ညာညီတင့်၍, အရင့်အမာ, လောင်းလျာဂိုဏ်းဝင်, သူတော်စင်တို့သည်၊ ပါယေန–တွေ့ကြဆုံကြ, ဘုံဘဝဝယ်, ကြုံရ လေငြား, များသောအားဖြင့်၊ သဒါ-ဖြစ်ရဖန်ခါ, သံသရာဟု, ခန္ဓာ ဖြင့်ပိုင်း, ဘဝတိုင်း၌၊ နေက္ခမ္မာဘိရတာ–ရွက်ဟောင်းကျကြွေ, ရွက်သစ် ဝေသည့်, အောင်မြေရဂုံ, ရိပ်မြုံခြင်တန်း, ကျောင်းသခ်မ်း၌, ရှင်လန်း

http://www.dhammadownload.com



မွေ့လျော်, စံပျော်တော် မူကြလေကုန်ပြီ။ တသ္မာ–ရှေးသောခါတွင်, သူတော်စင်တို့, တောဝင် အောင်းခို, ပြဟ္မစိုရ်ဖြင့်, အလိုပြည့်ဝ, ဖြည့်တော်မူကြလေသောကြောင့်၊ ယရေ – စားသောက်နေရေး, ဖွေရှာရေးနှင့်, မင်းဘေးစိုးတာ, လွန်စွာ မြားမြောင်, လူတို့ဘောင်၌၊ သုဒ္ဓိ ဒိနဝေါ– ပစ္စည်းဥစ္စာ, အရာရာဝယ်, မရှာမကောင်း, ရှာမကောင်းနှင့်, မစုဆောင်းခက်, စုဆောင်း ခက်သည့်, သက်သက်ဖြစ်ချေ, အပြစ်တွေကို, စစ်လေရိပ်မိ, တွေးတိုင်း သိသည် ဖြစ်၍၊ နေက္ခမ္မနိန္နော –အခွင့်အခါ, မသင့်ပါလည်း, ချင့်စာ ရော်ရမ်း, တောကိုမှန်းသည်၊ အမှိ – စင်စစ်မကွာ, ဖြစ်ရပါလို၏။

[သူတော်ကောင်းတို့သည် လူ့ဘောင်၌ နေရသော်လည်း မပျော်မွေ့ကြ။ ထို့ကြောင့် ဤဂါထာဖြင့် တောထွက်ခွင့်မရစေကာမူ ဘဝတိုင်း တောထွက်လိုသောစိတ် ဖြစ်ဖို့ရန် ဆုတောင်းသည်။]

၇။ သံသာရမှာ သာမညေန,
န မုစ္စေယျ တဟိံ တဟိံ၊
ဂတိံ ဂတိံ ဘဉ္ဇနတ္ထာပိ,
ဘဉ္ဇယဿာမိ ပါရမိံ။

တဟိံ ဘဟိံ – တွေ့ကြုံ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေ တောင်း, သောင်းပြောင်းအာရုံ, အဖုံဖုံ၌၊ သာမညေန– သူများ နည်းတူ, သူ့မှုမပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံ မပြလောက်သေးပါမူကား၊ သံသာရမှာ–မဟာဝဲဟွေ, လှိုက်ကုဋ္ဌေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြဖို့, နှမ်းမျှမလွယ်, တကယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး, ကန္တာရ ကြီးမှ၊ န မုစ္စေယျ– ဘုန်းစ ကံချွန်, သမ္ဘာမွန်၍, တံခွန်ဆောက်ကိုင်,

http://www.dhammadownload.com



ခလွန်ဒမြောက်နိုင်သေးရာ၊ အမုတ္တတ္တာ–လွတ်ဖို့ဝေးရဲ့, မတွေးနဲ့တော့, ဘေးတကယ့်စုံ, အဖုံဖုံ ဓာတ်ပြား၍, ထပ်မနား အပါယ်ခရီး၌, ဟာလယ်တည်း လယ်နေရမည့်အရေးကြောင့်၊ ဂတိ ဂတိ – ဒေဝ မနုဿ, နိရယနှင့်, ပေတ တိရစ္ဆာန်, လားရန်အရှိ, ငါးတန်ဂတိကို၊ ဘဉ္ဇနတ္တာပိ–ကောင်းရာ မြန်းလင့်, စခန်းတင့်လည်း, ငြမ်းဖြင့်တက်ပြီး, ငြမ်းဖျက်နည်းသို့, ဖျက်ဆီး လွန်မြောက်, နိဗ္ဗာန်ရောက်ဖို့အကျိုးငှာ၊ ပါရမီ – နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစသည့်, ပါရမီအကျိုး, ကောင်းမှုမျိုးကို၊ သဒ္ဓယိဿာမိ–တမြင့်တည်းမြင့်, ဆင့်ကဲတင့်ဖို့, အသင့်မကွာ, ချင့်စာတိုးပွား, တစ်မျိုးအားဖြင့်, ကြိုးစား ဖြည့်ကျင့်ပါတော့မည်ဘုရား။

[ဤဂါထာ၌ သာမည အနေမျိုးဖြင့် သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်မရောက်နိုင်သောကြောင့် ငြမ်းဖြင့် အထက်ရောက်အောင် တက်ပြီး လျှင် အထက်သို့ရောက်က ငြမ်းကိုဖျက်ချလိုက်သကဲ့သို့ အထက်တန်း ဂဟိကောင်း ဂတိဖြတ်ဖြစ်လျက် ပါရမီကို ဖြည့်ပြီးလျှင် ပါရမီပြည့်က ဂတိကောင်းတွေကိုပင် ဖျက်ဆီးကာ နိဗ္ဗာန် ရောက်ဖို့ရန် အရာရာ သတိထားလျက် အများထက်သာအောင် ပါရမီဖြည့်ပါမည် ဟု ဝန်ခံ သည်။]

ဤကား ဖြည်းဖြည်းသက်သာ ဆုတောင်းဖို့ရာ အများနှင့် ဆက်ဆံသော ဆုတောင်းတည်း။ ဘိုထို ကောင်းမှုကို ပြုတုန်းအခါ ကြည်ညိုလျက် ပရိသတ် အလယ်မှာ ဖြစ်လျှင် တိုးတိုးရွတ်ဆို၍ ဆုတောင်းရန် အကျဉ်းချုပ်ကား ........

http://www.dhammadownload.com



**ဆွမ်းလှူသောအခါ ဆုတောင်း**

ရသာမွေးကြူ, ဆွမ်းဖွေးဖြူကို, ပေးလှူပါရ, ဤပုညကြောင့်, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, မြနှယ် ရွှေနှင့်, အနေတင့်, ဆင့်ဆင့် မြင့်ရလို့။

**ပန်းလှူသောအခါ ဆုတောင်း**

အနံ့လည်းသင်း, အဆင်းလည်းလှ, ပန်းလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, သွယ်သွယ်ဂုဏ်နှင့်, အစုံတင့်, ထုံသင့်ကြိုင်ရလို့။

**ရေချမ်းလှူသောအခါ ဆုတောင်း**

ကြည်လင်အေးမြ, ရေလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, ကိုယ်ဝယ်တွင်းပြင်, ညစ်ကြေးခင်, ကြည်လင် အေးမြလို့။

(ကိလေသာကို "အတွင်းအညစ်အကြေး"ဟု ဆိုသည်။)

**မီးလှူသောအခါ ဆုတောင်း**

ထွန်းလင်းတောက်ပ, မီးလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ် လျက်, လနှယ်နေနှင့်, အသရေတင့်, ဆင့်ဆင့်ထွန်းတောက်လို့။

**နံ့သာတိုင်လှူသောအခါ ဆုတောင်း**

သင်းပျံ့လွှမ်းကြိုင်, ဤပန်းတိုင်ကို, လှိုင်ပစေဟူ, ပူဇော်ပါရ, ဤပုညကြောင့်, ဘဝစဉ်လာ, မယှဉ်သာအောင်, ပညာဆင်းနံ့, သဘင်းနံ့, သင်းပျံ့ကြိုင်ရလို့။

**ဆုတောင်းမှု။** ။ဆုတောင်းဟူသည် မိမိလိုသော အကျိုးကို စိတ်ဖြင့် မှန်းဆ၍ ဖြစ်စေ၊ နှုတ်ဖြင့် တမ်းတ၍ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ ကောင်းမှုကိုလည်း ပြု၊ ဆုကိုလည်း တောင်းလျှင် လိုရာ အကျိုး ပြည့်စီးတတ်၏။ တောင်းသောဆုနှင့်, ထိုက်တန်အောင်ကား

http://www.dhammadownload.com



ကုသိုလ် ကောင်းမှုကို ပြုကြရပေမည်။ ဘုရားအဖြစ်ကို အလိုရှိလျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင်၊ အရှင်သာရိပုတ္တရာကဲ့သို့ အဂ္ဂသာဝကအဖြစ်ကို အလိုရှိလျှင် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင်၊ မဟာကဿပ၊ အရှင်အာနန္ဒာ စသည်ကဲ့သို့ မဟာသာဝက အဖြစ်ကိုလည်းကောင်း၊ မိထွေးတော် ဂေါတမီ၊ ခေမာ၊ ဥပ္ပလဝဏ် ထေရီမတို့ကဲ့သို့ ထင်ရှားသော ရဟန္တာမိန်းမ အဖြစ်ကိုလည်းကောင်း အလိုရှိလျှင် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ ဖြည့်ကြရလိမ့်မည်။

အထူးအထွေ ဂုဏ်ထူးကို မလိုလားဘဲ သာမည အနေမျိုးဖြင့် နိဗ္ဗာန်ကို အမြန်လိုချင်သူကား ကြိုးကြိုးစားစား အားထုတ်ပါမူ ယခု ဘဝမှာပင် ရနိုင်ခွင့် ရှိပါသည်။ မရနိုင်သေးပါလျှင် ဤဘုရားရှင်၏ သာသနာမှာပင် ရခွင့် ရှိပါသည်။ အရိမေတ္တေယျ ဘုရားရှင်၏ လက်ထက်တော်ကျလျှင်ကား မုချ ရနိုင်စရာရှိ၏။ ဆုတောင်းသော အခါလည်း မိမိအလိုရှိရာ ဆုကို မိမိဘာသာ တောင်းခြင်းသာလျှင် လမ်းမှန်ကျ၏။ ယခုကာလ၌ကား ကောင်းမှုပြုရာဝယ် ဘုန်းတော်ကြီး က ရေစက်ချနှင့် ဆုတောင်းကို ချပေးသောကြောင့် ဘုန်းကြီးနှုတ် တက်ရသော ဆုတောင်းနှင့် အလှူရှင်၏ အလိုမှာ သဘောတူဖို့ ခဲယဉ်း၏။ စိတ်မပါဘဲ လိုက်ဆိုနေရလျှင်လည်း ပြည့်စုံနိုင်ဖို့ ခဲယဉ်းလှ၏။

အောက်နိုင်ငံ ရှင်ပြု တစ်ခု၌ တော်တော် နာမည်ကြီးသော ဘုန်းကြီးတစ်ပါး ရေစက်ချပေးရာဝယ် အဂ္ဂသာဝက မဟာသာဝကကြီး များ ရသမျှ အကျိုးဂုဏ်များကို အလှူဒကာ တစ်ဦးတည်းက အစုံအလင် ရဖို့ရန် ရေစက်ချ၍ (ဆုတောင်း) ပေးသောကြောင့် အတော်နားလည်သော ဒကာတစ်ယောက်က–“တကယ့်ရဟန္တာကြီးများ

http://www.dhammadownload.com



တောင့်မှ တစ်မျိုးစီသာ ရနိုင်ကြတဲ့ အကျိုးကို အရှင်ဘုရားဒကာမှာ အားလုံးစုံ ရနိုင်ပါမည်လား ဘုရား"ဟု လျှောက်ထားသဖြင့် ထိုဆရာတော်မှာ မျက်နှာညိုး၍ အလိုမကျဘဲ ရှိဖူးသတဲ့။

ရွှေတိဂုံကုန်းတော်ပေါ်ကဲ့သို့ အချို့သော မြို့ကြီးများ၏ ဘုရား၌ကား ရေလှူ ပန်းလှူသည့်အခါမှစ၍ ဆုတောင်းကို ရေသည်အား ငွေပေး ခိုင်းကြသေး၏၊ အားလုံး လုပ်ငန်းများ နည်းလမ်းမကျချေ။ ရှေးက အလောင်းအလျာတို့ ကောင်းမှုပြုကြရာ၌ ရေ အဆင်သင့်ရှိလျှင် ရေစက်သွန်းချ၍ ရေမရှိလျှင် ရေစက်ပင်မချတော့ဘဲ လိုရာဆုကို အတိုချုပ်မျှ တောင်းကြ၏။ ယခုကာလလို "ဘန္တေ အရှင်ဘုရား၊ မယံ–အကျွန်ုပ်တို့သည်" ဟု ကခမ်းတနား သွယ်ဝိုက်နေသည်မဟုတ်။ ထို့ကြောင့် မိမိဘာသာ လိုရာဆုကို တောင်းခြင်းသာလျှင် ရှေးထုံးကျသဖြင့် ဘုန်းကြီးချပေးတိုင်း လိုက်ဆိုရသော ယခုကာလ ဆုတောင်းနည်းကို ရှောင်ကြဉ်သင့်ကြပေသည်။

**ရေစက်ချ စဉ်းစားဖွယ်။** ။ယခုခေတ် အလှူဒါနပြုကြသောအခါ ရေဖလား၊ ရေကရား စသည်၌ ရေကည့်၍ အောက်ခံခွက်တစ်ခုပေါ်မှာ ရေတစ်စက်တစ်စက်ချရင်း ဘုန်းကြီးချပေးသော "ဘန္တေ–အရှင်ဘုရား၊ မယံ–တပည့်တော်တို့သည်၊ သံသာရ ဝဋ္ဋ ဒုက္ခတော–သံသရာဝဋ်ဆင်းရဲမှ" **စသော** စာတမ်းကို လိုက်၍ဆိုကြ၏။ ထိုသို့ ရေတစ်စက်တစ်စက်ချရင်း ဆိုနေခြင်းကိုပင် "ရေစက်ချ"ဟု ခေါ်တွင်နေသည်။ ထိုရေစက်ချနည်းကို ဘုန်းကြီး မသကာ်သလို ဖြစ်နေသောကြောင့် ကျမ်းစာများကို ကြည့်ရှုပို့ချရင်း ကျမ်းစာ အသုံးအနှုန်းများကို သတိထားလေ့ရှိရာ....

http://www.dhammadownload.com



၁။ ဝေဿန္တရာဇာတ်ဝယ် ဆင်ဖြူတော်လှူခန်း၌ "သုဂန္ဓောဒက ပူရိတံ သုဝဏ္ဏဘိင်္ကာရံ ဂဟေတွာ ဟတ္ထိသောဏ္ဍံ ဂဟေတွာ တေသံ ဟတ္ထေ ထပေတွာ ဥဒကံ ပါတေတွာ အဒါသိ= နံ့သာရေဖြင့်ပြည့်သော ရွှေကရားကို ယူ၍ ဆင်ဖြူတော်၏နှာမောင်းကို ကိုင်ပြီးလျှင် ထိုပုဏ္ဏားတို့လက်၌ ထား၍ ရေကို ကျစေလျက် လှူပြီ"ဟု တွေ့ရ၏။ သားတော် သမီးတော် လှူခန်း၊ မဒ္ဒီမိဖုရားကို လှူခန်း၌လည်း ဤနည်းပင်တည်း။

၂။ ဝိနည်းမဟာဝါ၊ ဇီဝကက္ခန္ဓက အဖွင့် ဝိမတိဋီကာ၌ "ပဌမံ ဥဒကံ ပါတေတွာ ပစ္ဆာဒေန္တိ=ရေကို ပဌမကျစေ၍ နောက်မှ (သက်နီးတို့ကို) လက်ရောက် လှူကုန်၏"ဟု လည်းကောင်း၊ ပဉ္စကအင်္ဂုတ္တိုရ်၊ ဗြာဟ္မဏဝဂ် ဋီကာ၌ "ဥဒကံ ပါတေတွာ ဒေန္တီတိ-ဗြာဟ္မဏဿ ဟတ္ထေ ဥဒကံ အာသိဉ္စိတွာ ဒေန္တိ= ပုဏ္ဏား၏လက်၌ ရေကိုလောင်းထည့်၍ (သတို့သမီးကို) ပေးလှူကုန်၏"ဟု လည်းကောင်း တွေ့ရ၏။

ဤအားလုံးကို ကောက်ချက်ချလိုက်လျှင် ရှေးအခါက အလှူဒါနပြုရာ တိုင်းဝယ် ကြည်လင်အေးမြသော လက္ခဏာကို ဖော်ပြဖို့ရာ ရေကို အလှူခံ ပုဂ္ဂိုလ်၏ လက်၌ လောင်းထည့် သွန်ချ၍ ပေးလှူလေ့ရှိကြဟန် တူသည်။ ယခုကာလ တစ်စက်တစ်စက် ချနေသော ရေစက်ချသည် ထိုထုံးစံကို လိုက်ဟန်ရှိသော်လည်း ထိုရှေးစနစ်နှင့် မတူချေ။ ထို့ကြောင့် ဘာသာရေးကိစ္စ၌ သဘာဝကျကျ ပြုပြင်လိုသော အမျိုးသား အမျိုးသမီးတို့သည် ဘုန်းကြီးက ချပေးတိုင်း လိုက်ဆိုရသော ဆုတောင်းနှင့် တစ်စက်တစ်စက် ချရသော ရေစက်ချနည်းကို ပြုပြင်၍ ကြည်လင်သော ရေကို အလှူခံပုဂ္ဂိုလ်၏ လက်ပေါ်မှာဖြစ်စေ၊ မြေပေါ်မှာဖြစ်စေ သွန်းလောင်း၍ အလိုရှိရာဆုကို ကိုယ့်ဘာသာ တောင်းသော ရှေးအကျဆုံး မူဟောင်းကိုသာ လိုက်သင့်ကြပါသည်။

http://www.dhammadownload.com



# ဘုရား အဖြစ်တော်စဉ်

## နိဒါန်း

ဤမျှလောက်သော စကားအစဉ်ဖြင့် ဘုရားဖြစ်တော်မူသော အခါ ရရှိသော ဂုဏ်တော်များနှင့် တရား သံဃာတော်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ကျင့်စဉ်သိဖွယ် အသွယ်သွယ်သော အချက်များကို ထင်ရှားပြခဲ့ပြီ။ ထိုကဲ့သို့ ဂုဏ်ရှိသော တရား သံဃာတော်တို့၏ အရှင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ အားထားကိုးကွယ်ရာ "မြတ်စွာဘုရား" ဟူသည် "လူလော–နတ်လော– ဗြဟ္မာလော၊ အဘယ်အရပ်မှာ ဖွားမြင်သော ဘယ်အမျိုးသား ဖြစ်သနည်း၊ ဘုရားဖြစ်ဖို့ရာ အဘယ်မျှ လောက် အချိန်ကစ၍ အဘယ်အရာများကို အားထုတ်တော်မူခဲ့သနည်း၊ ထိုသို့ အားထုတ် ဆည်းပူးတော်မူအပ်သောအရာကို အခြားသော လူ–နတ်– ဗြဟ္မာတို့က ထိုဘုရားရှင်နှင့် တန်းတူအောင် အားထုတ်နိုင်မည်လော၊ ဘုရားဖြစ်အောင် အားထုတ်တော်မူခြင်းသည် သံသရာမှာ ကြာရှည်စွာ နေလို၍ပေလော၊ သို့မဟုတ် ဂုဏ်ပကာသန အတွက် သူတစ်ပါးအထက်က သက်သက်ကိုးကွယ်ခံလို၍ပေလော" ဤသို့သော မေးမြန်းဖွယ်၊ စဉ်းစားဖွယ်အချက်တွေကို ဖြေဆိုရှင်းလင်းပြီး ဖြစ်အောင် ထို ထို ကျမ်းဂန်တို့မှ ထုတ်ဆောင်၍ "ဘုရားအဖြစ်တော်စဉ်" ကို ပြဦးအံ့။

* * * * *

[ အချို့ မကြားနာဖူး ထူးဆန်းသော စကားများကို မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ "လလိတဝိတ္ထာရသုတ္တန်စကား" ဟု မှတ်ပါ။]

http://www.dhammadownload.com



## သူဌေးသား သုမေဓာ

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ "အမရဝတီ" မင်းနေပြည်တော်ဝယ် သူဌေးမျိုးရိုး အစဉ်အဆက်မှ ဆင်းသက်လာခဲ့သော သတို့သား တစ်ယောက်သည် "သုမေဓာ" ဟူသော အမည်ဖြင့် ထင်ရှားခဲ့လေ၏။ ထိုသတို့သား ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ကြသဖြင့် ရွှေငွေ စိန် ကျောက် အစရှိသော ရတနာတိုက်ပေါင်းများစွာကို ဘဏ္ဍာထိန်းအမတ်က ထိန်းသိမ်းစောင့်ရှောက် ထားရလေသည်။

ထိုသတို့သား သုမေဓာသည် အတတ်ပညာကို သင်ကြားလေရာ ၁၆ နှစ်အရွယ်မှာပင် ဆိုင်ရာအားလုံးတို့ကို ပြီးဆုံးလုံလောက် တစ်ဖက် ကမ်းရောက်မျှ တတ်မြောက်ပြီးဖြစ်၍ ပစ္စည်းများကို စာရင်းနှင့်တကွ ပစ္စည်းထိန်းအမတ်က လွှဲအပ်သည်ကို လက်ခံပြီးနောက် ပစ္စည်းရှင် ဖြစ်ကြသော မိဘ ဘိုးဘွားတို့ အဆက်ဆက် ကွယ်လွန်ကြကာ ပစ္စည်းတွေသာ ကျန်ရစ်ပုံကို အကြောင်းပြုလျက် ပင်ကိုက ပညာ ပါရမီဓာတ်ခံ ရင့်သန်ပြီး အပေါ်ဝယ် သင်ယူတတ်မြောက်ထားသော ကျမ်းစာအသိတို့ကိုပါ ရောစွက်၍ ဆိတ်ငြိမ်ရာအရပ် အုတ်တိုက်၏ အထက်ထပ်သို့တက်ပြီး ကမ္ဗလာန်း အားထုတ်သည့်အသွင် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလျက် လေးနက်စွာ စဉ်းစားလေသည်။ [ပင်ကိုဉာဏ်ရှိ၍ ကျမ်းစာ တတ်သိသူ၌ ထူးထူးခြားခြား စဉ်းစားဉာဏ် ပေါ်လာတတ် သည်မှာ ထုံးစံဖြစ်သည်။ သို့သော် သင်ယူအပ်သော ပညာသည် လမ်းမှန်ကို ညွှန်ပြနိုင်သော ပညာဖြစ်မှ အမှန်ကို စဉ်းစားနိုင်ပေမည်။]

http://www.dhammadownload.com



## စဉ်းစားတော်မူခန်း

အိုကြရ၊ နာဖျားကြရ၊ မိန်းမောတွေဝေလျက် သေကြေပျက်စီးကြရ၊ သေလွန်ပြီးနောက် ပဋိသန္ဓေ တည်နေကြရသဖြင့် ဤသတ္တလောကကြီးသည် သက်သာခွင့် မရလောက်အောင် ဆင်းရဲလှပါတကား။ ငါသည်လည်း ဤဆင်းရဲမျိုးမှ မလွတ်သေး။ ဤဆင်းရဲမျိုးမှ လွတ်ရာလွတ်ကြောင်း ဖြစ်၍ ကောင်းမြတ်သော သဘောတစ်မျိုးကား ဧကန်မုချရှိရပေလိမ့်မည်။ အပူရှိလျှင် အအေးလည်း ရှိရ၊ မကောင်းမှုရှိလျှင် ကောင်းမှုလည်း ရှိရ၊ ဆင်းရဲရှိလျှင် ချမ်းသာလည်း ရှိရသကဲ့သို့ အိုနာ သေရေး ဒုက္ခဘေးတို့ဖြင့် ကြီးလေးစွာ ဆင်းရဲခံနေရသော ဤခန္ဓာကိုယ် ရှိလျှင် မအို မနာ မသေရာဖြစ်သော ဓာတ်တစ်မျိုးလည်း ဧကန်ရှိသင့် သေး၏။ ထိုတရားထူးကို မရမနေ ရှာဖွေတော့အံ့။

ထင်ရှားရှိသော တရားကိုမရှာဘဲ နေခြင်းသည် တရား၏အပြစ်မဟုတ်၊ မရှာသူ၏ အပြစ်သာတည်း။ မိဘ ဘိုးဘွား အဆက်ဆက်ဆွေမျိုးများသည် စီးပွားဥစ္စာတွေကို ရှာဖွေစုဆောင်းပြီးလျှင် အနည်းငယ်မျှ မယူနိုင်ဘဲ စွန့်ခဲ့ကြရကုန်ပြီ၊ ငါ၏ ဆွေမျိုးများသည် ပစ္စည်းကို ရှာသာ ရှာတတ်၍ မယူတတ်ကြေ။ ငါကား ဤပစ္စည်းဥစ္စာတွေကို စွန့်ကြဲပေးကမ်းသောအားဖြင့် ယူသွားတော့အံ့။ ဤသို့ ကြံစည် စဉ်းစားလေသည်။ ["လှူဒါန်းပေးကမ်းလျှင် မိမိသန္တာန်၌ ဒါနကုသိုလ်ကျန်ရစ်၏၊ ထိုဒါနဖြင့် နောက်နောက်ဘဝ၌ ဤကဲ့သို့သော ပစ္စည်းများကို ရနိုင်သည်" ဟု ကြံစည်လိုရင်း ဖြစ်သည်။ ထိုသို့ ကြံစည်ပုံကို ထောက်လျှင် "ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်" ရနေပြီဟု သိသာ၏။]

http://www.dhammadownload.com



## တောထွက်၍ ရှာန်အဘိညာဉ် ရတော်မူခန်း

ဤသို့လျှင် သတို့သား သုခမိန်သည် မအို မနာ မသေရာကို ရှာလိုသော ဇောဆန္ဒက ပြင်းထန်ကြီးမားလှသောကြောင့် မရေမတွက်နိုင်အောင် မြားမြောင်လှသော စည်းစိမ်တွေအပေါ်မှာ အနည်းငယ်မျှ တွယ်တာတော်မမူဘဲ ရွှေ ငွေ အဏ္ဏာ ရတနာအပြည့် ဖြစ်သော တိုက်ကြီးများကို ဖွင့်လှစ်ကာ "အလိုရှိရာကို ယူရစ်ကြတော့" ဟု စွန့်ကြဲတော်မူပြီးနောက် ဝတ်ဆင်မြဲ အဝတ်တစ်စုံမျှဖြင့် ဟိမဝန္တာသို့ မြန်းကြွပြီးလျှင် ဝိသကြုံနတ်သား ဖန်ဆင်း၍ထားနှင့်သော ကျောင်းသင်္ခမ်းနှင့် ရဟန်းပရိက္ခရာတို့ကို တွေ့မြင်၍ ရသေ့ရဟန်းအသွင်ကို ယူတော်မူလေသည်။

ထို့နောက် ကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပင်ကိုထက်မြက်သော ဉာဏ်ပါရမီနှင့် သင်ကြားတတ်မြောက်ထားသော ကျမ်းစာတို့၏ အစွမ်းအပြင် ဈာန်အဘိညာဉ်တို့အထက် ဟိုဘက်နိဗ္ဗာန်ကို ရှာကြံလိုသော ဆန္ဒတော်ကြောင့် * လောကီဈာန် အဘိညာဉ်အတွက်မှာ ရက်များစွာ မကြာဘဲ ခုနစ်ရက်အတွင်းဝယ် အလွယ်တကူ ထမြောက်တော်မူလေသည်။

---

* အဘိညာဉ်၏ အစွမ်းကား မြေလျှိုး မိုးပျံ ပုံသဏ္ဍာန် အမျိုးမျိုး ဖန်ဆင်းခြင်းနှင့်တကွ ဝေးဝေးလံလံ သေးငယ်သော အသံကို ကြားနိုင်ခြင်း၊ သေးငယ်သောအဆင်း ငရဲသူ ငရဲသား ပြိတ္တာများနှင့် အထက်နတ်များကို မြင်နိုင်ခြင်း စသည်တည်း။

http://www.dhammadownload.com



ထို့နောက် ရအပ်ပြီးသော စျာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ နိဗ္ဗာန်ကို ရှာကြံသော်လည်း ကောင်းစွာ အထမမြောက်သေးချေ။ သို့သော် ပင်ကို ပညာပါရမီခံ ရင့်သန်ပြီး ဖြစ်သည့်အပြင် စျာန် အဘိညာဉ်တို့အတွက် တိုးတက်လာသော ဘာဝနာ ဉာဏ်အစွမ်းကြောင့် အနည်းငယ်မျှ သဲလွန်စရလျှင် နိဗ္ဗာန်ကို ဘွားကနဲ မြင်နိုင်ဖို့ရာ ကောင်းကောင်းကြီး လုံလောက်သော အခြေအနေသို့ ရောက်တော့ လေပြီ။

## ဘုရားဆု ပန်တော်မူခြင်း

ထိုသို့ စျာန်အဘိညာဉ်ဖြင့် မွေ့လျော်ကာ တစ်ရံတစ်ခါ ကောင်းကင် ခရီးဖြင့် လှည့်လည်တော်မူလေရာ နှစ်ပေါင်းအတော်ကြာလျှင် "ဒီပင်္ကရာ" ဘုရားရှင်လည်း ပွင့်တော်မူလာသောကြောင့် "ရမ္မာ" နေပြည်တော်သားတို့သည် ဘုရားရှင်ကို ပင့်ဖိတ်လျက် ကြွတော်မူရန် လမ်းပြင်နေသည်ကို မြင်သဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်း လေရာ အကြောင်းအရာကို ကောင်းစွာ သိရသည့်အတွက် နှစ်သက် ဝမ်းမြောက်ခြင်း ပြင်းစွာ ဖြစ်ရကား မိမိလည်း လမ်းပြင်လိုကြောင်း ခွင့်တောင်းလေသည်။ ထိုအခါ "ဤရသေ့သည် တန်ခိုးကြီးသူ ဖြစ်၏၊ တန်ခိုးဖြင့် လမ်းကိုပြင်လိမ့်မည်၊ ရွံ့ညွန်ရှိသော နေရာကို ပေးကြစို့ရဲ့" ဟု တိုင်ပင်လျက် အပြုအပြင် ခက်သော နေရာကို ပေးကြလေသတဲ့။

အရှင်ရသေ့သည် တန်ခိုးဖြင့် ပြင်ဆင်သျှင် လွယ်ကူစွာ ပြီးနိုင် သော်လည်း ကိုယ်ဖြင့် အပင်ပန်းခံ၍ ပြုမှ သာ၍ အကျိုးများဖွယ်

http://www.dhammadownload.com



ရှိသောကြောင့် သူများနည်းတူ မြေကို ထမ်း၍ ရွံ့ညွန်ဗွက်ကို ဖို့နေစဉ် ရဟန္တာလေးသိန်း အခြံအရံဖြင့် ဘုရားရှင် ကြွတော်မူလာလေသည်။ ထိုအခါ ဘုရားရှင်၏ ကျက်သရေတော်ကို ဖူးမြော်ရ၍ လွန်စွာ ဝမ်းမြောက်လှသဖြင့် ယခင်က မပြီးသေးသော ရွံ့ညွန်အပြင်ဝယ် ဘုရားရှင်နှင့်တကွ နောက်ပါရဟန္တာအပေါင်းကို နင်းတော်မမူစေဘဲ မိမိအပေါ်၌ နင်း၍ ကြွတော်မူရန် တံတားအသွင် ခင်းလျက် ဝပ်စင်းနေလေသည်။

ယို့နောက် မိမိဦးခေါင်းရင်းသို့ ဘုရားရှင်ရောက်တော်မူလာသောအခါ ဆင်ခြင် စဉ်းစားတော်မူသည်မှာ "ငါသည် တစ်ကိုယ်ရေ တစ်ကာယဖြင့် နိဗ္ဗာန်ကို အလိုရှိလျှင် ယခုပင် ကိလေသာ အာသဝေါ တို့ကို ကုန်ခန်းစေလျက် ရဟန္တာအဖြစ်သို့ ရောက်နိုင်လောက်ပေပြီ၊ သို့သော် အို နာ သေရေး ဒုက္ခဘေးတို့ဖြင့် နစ်မွန်းမျောပါနေကြရရှာသော သတ္တဝါတွေကို ကယ်ဆယ်နိုင်လောက်သော စွမ်းရည်သတ္တိရှိသူ တစ်ယောက်က မကယ်မယူ လျစ်လျူပစ်ထား၍ ကိုယ်လွတ်ရုန်းသွားခြင်းကို တရားနည်းလမ်းကျသည်ဟု မဆိုနိုင်ချေ။ ဥပမာ– "လူပေါင်းများစွာ ပင်လယ်ကြောဝယ် မျောနေကြရာ၌ ကိုယ်ပိုင်သင်္ဘောဖြင့် လာသူက မကယ်ဆယ်ဘဲ ရှောင်လွှဲ၍ သွားသကဲ့သို့ ရှိရာ၏" ဟု ကြံတော်မူ၏။ [ ဤအကြံသည် သတ္တဝါများအပေါ်၌ ကရုဏာအားကြီးသူ မှန်လျှင် ကောန်ဖြစ်ထိုက်သော အကြံတည်း။]

ဤသို့လျှင် အရှင်ရသေ့သည် ရှေးတုန်းက မိမိအတွက်သာ နိဗ္ဗာန်ကို ရှာခဲ့ပါသော်လည်း နိဗ္ဗာန်ကို ညွှန်ပြမည့် ဘုရားရှင်နှင့် တွေ့ရသောအခါ သတ္တဝါအပေါင်းကို ကယ်တင်နိုင်လောက်သော

http://www.dhammadownload.com



ဘုရားရှင်၏ အသရေတော်ကိုလည်း ဖူးမြော်ရ၊ အပါဟ်လေးပါး၌ အလွန်အမင်း ဆင်းရဲနေကြရသော ပတ္တဝါတွေကို အကြီညာဉ် အစွမ်းဖြင့် မျက်ဝါးထင်ထင် လှမ်း၍လည်း မြင်ရ၊ မိမိ၏ စွမ်းရည်ကိုလည်း ယုံကြည်စိတ်ချရသောကြောင့် သတ္တဝါတို့၌ လွန်မင်းစွာ သနားတော်မူသော မဟာကရုဏာတော်က အားကြီးလှသဖြင့် ဆန္ဒတော် တစ်မျိုး တက်ကာ ကြာပန်း ၅ စည်းကို လှူပြီးလျှင် ဘုရားဆုကို ပန်တော်မူလေသည်။

**အမှာ**။ ။ဒီပင်္ကရာဘုရားရှင်ကို ဖူးမြော်ကန်တော့ရန် ထွက်လာကြသော အမျိုးသမီးများတွင် "သုမိတ္တာ" မည်သော အမျိုးသမီးသည် အလောင်းတော် ရှင်ရသေ့ကို မြင်လျှင်မြင်ချင်း ရေစက်မကင်းသည့်အတွက် ထူးခြားသော မေတ္တာစနက်ဖြင့် သွယ်ဆက်မိလေသည်။ ထို့ကြောင့် မိမိမှာပါသော ကြာပန်း ရှစ်စည်းတွင် မိမိပူဇော်ဖို့ ၃ စည်း ချန်ထား၍ အလောင်းတော် ရှင်ရသေ့အား ကြာ ၅ စည်းကို ဆက်ကမ်းလေသတဲ့။

## ဗျာဒိတ်ရတော်မူခန်း

ဒီပင်္ကရာဘုရားရှင်သည် အရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တံ့တော်မူပြီးလျှင် နောင်ရေးနောင်တာကို ဆင်ခြင်တော်မူရာ ရသေ့၏ ဘုရားအလောင်း ဖြစ်ကြောင်းကို မြင်တော်မူသောကြောင့် "မိမိကိုယ်တိုင် တံတားလိုခင်းလျက် ထက်မြက်သော အကျင့်ဖြင့် တင့်တယ်သော ဤရသေ့ကို ကြည့်ရှုကြလော့၊ ဤရသေ့သည လေးအသင်္ချေနှင့် ကမ္ဘာ

http://www.dhammadownload.com



တစ်သိန်း လွန်သောအခါ ငါဘုရားကဲ့သို့ "ဂေါတမဗုဒ္ဓ" ဟူသော အမည်ဖြင့် ဘုရားတစ်ဆူ ဖြစ်လိမ့်မည်၊ ဤရသေ့နှင့်အတူ ကြာပန်း ပူဇော်သူ အမျိုးသမီးကား ပါရမီကို ကူညီဖြည့်ဘက် အသက်ပမာ ကြင်ရာတော် ဖြစ်လိမ့်မည်" ဟု ဘုရားတံဆိပ် ဗျာဒိတ်တော်မြတ်ကို ခတ်နှိပ်တော်မူပြီးလျှင် ယခင် ကြာပန်း ရှစ်စည်းဖြင့် ရသေ့အပေါ် ကြဲဖြန့်ကာ ရသေ့၏ နံပါးမှ ရှောင်လွှဲ၍ ကြွတော်မူသည်။

ဗျာဒိတ်တော်ပွဲ ရောက်လာကြသော လူရောနတ်ပါ ဗြဟ္မာအပေါင်း လည်း ကောင်းချီးသြဘာ မင်္ဂလာစကားကို အသီးသီးပြောဆို ချီးကျူး ရုံသာမက ရှေးရှေးက ဗျာဒိတ်ပွဲကို နွဲလိုက်ဖူးသော ဗြဟ္မာမင်း တို့ကမူ မိမိတို့ တွေ့ဖူးသော စနည်း တဘောင် အထောက်အထားတို့ဖြင့် "ကေန်မုချ ဗုဒ္ဓဖြစ်ပါလိမ့်မည်" ဟု အားပေးကြလေသည်။

## ပါရမီတော်များကို ဆင်ခြင်တော်မူခန်း

အလောင်းတော်သည် ဗျာဒိတ်ရတော်မူပြီးနောက် ညွှန်ပျောင်းမှ ထတော်မူ၍ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူကာ စဉ်းစားဆင်ခြင် သည်မှာ "များစွာသော သတ္တဝါအပေါင်းကို သံသရာရေအလျဉ်မှ ကောင်းမှုပါရမီဖြင့် ဖြည့်နိုင်သော အဖြစ်မျိုးမဟုတ်၊ ဘုရားဖြစ်ဖို့ အကြောင်းကောင်းမှုပါရမီတော်ကား ဘယ်လောက်များပါလိမ့်မည် နည်း" ဤသို့ စဉ်းစား ဆင်ခြင်တော်မူရာ.......

ဒါနံ သီလဉ္စ နေက္ခမ္မံ, ပညာ ဝီရိယ ပဉ္စမံ၊
ခန္တိ သစ္စာ အဓိဋ္ဌာနံ, မေတ္တုပေက္ခာတိမာ ဒသ။

http://www.dhammadownload.com



ဟူသော ဤပါရမီဆယ်ပါးကို အစဉ်အတိုင်း မြင်တော်မူလေသည်။ "ပါရမီ" ဟူသည် မြင့်မြတ်သူ၏ နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းမှု၊ သီလစောင့်မှု စသည်တို့သာတည်း။ လောကီ စည်းစိမ်ချမ်းသာကို ရည်မှန်း၍ လှူဒါန်းမှု စသည်ကို ပါရမီကုသိုလ်ဟု မဆိုထိုက်။ ထိုပါရမီများတွင် ..........

၁။ ဒါနဟူသည် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းတည်း။

၂။ သီလဟူသည် ၅ ပါး၊ ၈ ပါး၊ ၁၀ ပါး စသော ဆိုင်ရာ သီလများကို စောင့်ထိန်းမှုတည်း။

၃။ နေက္ခမ္မဟူသည် စည်းစိမ်ကို စွန့်ခွာ၍ တောထွက်မှုတည်း။

၄။ ပညာဟူသည် အရာရာ၌ တတ်သိနားလည်မှုတည်း။

၅။ ဝီရိယဟူသည် ကုသိုလ်ကိစ္စတို့၌ မကြောက်မရွံ့ သက်စွန့် ကြိုးပမ်း အားထုတ်မှုတည်း။

၆။ ခန္တီဟူသည် သူတစ်ပါးက နှိပ်စက်လျှင် သည်းညည်း ခံနိုင်မှုနှင့် အအေး အပူ စသော ဒဏ်ကို ခံနိုင်မှုတည်း။

၇။ သစ္စာဟူသည် မှန်ကန်ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်မှု တည်း။

၈။ အဓိဋ္ဌာန် ဟူသည် မိမိရည်မှန်းအပ်သော ကောင်းသော အလုပ်၌ "မပြစ်မနေ" ဟု စွဲစွဲမြဲမြဲ ဓွဲကောင်းမှုတည်း။

၉။ မေတ္တာဟူသည် သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုးလိုလားမှုတည်း။

၁၀။ ဥပေက္ခာဟူသည် မုန်းအောင် ပြုသည်ကိုလည်း မမုန်း၊ ချစ် အောင်ပြုသည်ကိုလည်း မချစ်ဘဲ လျစ်လျူရှုမှုတည်း။

http://www.dhammadownload.com



ဤဆယ်ပါး၌ သာမန်ဖြည့်ကျင့်မှုကို "ပါရမီ"ဟု ခေါ်၏။ မျက်စိ နား နှာ အင်္ဂါ ခြေ လက်တို့ အပျက်အစီးခံ၍ ဖြည့်ကျင့်မှုကို "ဥပပါရမီ"ဟု ခေါ်၏။ အသက်ကိုပင် မငဲ့ညှာဘဲ လွန်စွာ ဖြည့်ကျင့်မှုကို "ပရမတ္ထပါရမီ" ဟု ခေါ်၏။ ယခင် ဆယ်မျိုးကို ဤ ၃ မျိုးဖြင့် မြှောက်လျှင် ပါရမီ ၃၀ ဖြစ်၏။ ထိုပါရမီများကို အရေးတကြီး ဖြည့်ကျင့်ထိုက်ကြောင်းကို ဉာဏ်မြင်သည့်အတိုင်း ပြပါဦးမည်။

**ဒါနပါရမီ**။ ။သတ္တဝါအပေါင်းကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးဆုံးမလိုလျှင် စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု၌ အထူးရက်ရောမှ သင့်လျော်၏။ ပေးကမ်းမှုဟူသည် မယဉ်ကျေးသူကို ယဉ်ကျေးစေနိုင်၏။ ရန်သူပင်ဖြစ်သော်လည်းထိုက်တန်သော ဝတ္ထုကို ပေးလျှင် မိမိအလိုသို့ ပါလာရ၏။ ပေးကမ်းမှုတစ်ခုဖြင့် များစွာသော အကျိုးကို ပြီးစေနိုင်၏။ အားရပါးရ ပေးကမ်းစွန့်ကြဲနေရခြင်းသည် အလွန်ပျော်စရာကောင်း၏။ ပေးသူကလည်း အားရ၊ ရသူကလည်း ရွှင်ပျသဖြင့် ဤဘဝ၌ အရှိန်အဝါ ဩဇာအာဏာ တိုးတက်လျက် ဂုဏ်သတင်း ပျံ့နှံ့ဖို့ အချက်မှာ ပေးကမ်းမှုထက် သာသောအရာ မရှိချေ။ သံသရာဝယ် ကြီးကျယ်ခမ်းနားပေါများလေသမျှ၌ ဤဒါနမှု၏ လက်ရာ ခြေရာတွေသာ များပေသည်။

"အရူမ တောင့်မှ သီလ စောင့်နိုင်သည်"ဟု ပြောဆိုရိုးအတိုင်း ဒါနမရှိလျှင် သီလပါရမီကိုပင် လုံခြုံအောင် စောင့်ဖို့ခဲယဉ်း၏။ ပညာပါရမီ ဖြည့်ဖို့ရာ လုံလောက်သော အထက်တန်းပညာကို ရှာလျှင်လည်း ဒါန ချို့ငဲ့ ပစ္စည်းမဲ့သူမှာ တော်ရာက မျှော်ရှာရ၏။ ပစ္စည်းမရှိလျှင် သူတစ်ပါးက ရိုးရိုးသားသား ပြောသည်ကိုပင် အလွဲထင်လျက်

http://www.dhammadownload.com



မခံချင်တတ်သဖြင့် ခန္တီပါရမီ ပြည့်ဖို့ရန် အနှောင့်အယှက် များလှ၏။ “ဥစ္စာမရှိ– ကတိမတည်” ဆိုသည့်အတိုင်း “ကတိသစ္စာ” ခေါ်သော သစ္စာပါရမီ ပြည့်ဖို့အရေးမှာ သာ၍ ဝေးလေတော့၏။ မိမိက အောက်ကျနောက်ကျ နေပြန်လျှင်လည်း “ကိုယ့်ထက်သာ မနာလို တတ်သည့်အတိုင်း” တွေ့သမျှအပေါ်မှာ မေတ္တာပါရမီရောက်ဖို့ ခဲယဉ်းပြန်၏။ ထို့ကြောင့် “ဒါနပါရမီသည် ပါရမီအားလုံး၏ အခြေခံ” ဟု ဆိုထိုက်ရကား အလောင်းတော် ရှင်ရသေ့သည် ဖြည့်ကျင့် ဖွယ်အများတွင် ဤဒါနပါရမီကို ပထမ မြင်တော်မူသည်။

**သီလပါရမီ။** ။မည်သူမဆို ကောင်းသော သုဂတိဘဝသို့ ရောက်ဖို့ရာအတွက် သီလကိုသာ အားထားရ၏။ ဒါနအဆောက်အအုံ က မည်မျှပင် ကြီးကျယ်နေပါသော်လည်း သီလ မလုံခြုံလျှင် (ဒုစရိုက် မလုံခြုံလျှင်) အပါယ်လေးဘုံက တက်နိုင်ဖွယ် မရှိချေ။အပါယ်လေးပါး၌ ဖြစ်သမျှသည် သီလကင်းမဲ့မှု၏ လက်ချက်သာတည်း။ မြောက်ကျွန်း သူ ကျွန်းသားတို့သည် ၅ ပါးသီလ အမြဲ လုံခြုံနေကြသောကြောင့် တစ်စုံတစ်ယောက်မျှ အပါယ်သို့ မကျချေ။ သီလအတွက် ဂတိကောင်းသို့ ရောက်ပြီးမှ ဒါနက စည်းစိမ်ဥစ္စာကို ကြွယ်ဝ ချမ်းသာစေသည်။ ထို့ကြောင့် မြင့်မြတ်လိုသူမှန်လျှင် ဤသီလ ပါရမီကိုလည်း အရေးတကြီး အားထုတ်ရမည် ဖြစ်သောကြောင့် ဒါန၏ အခြားမဲ့၌ သီလပါရမီကို ဆက်၍ မြင်တော်မူကာ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို ကောင်းစွာ စောင့်သုံးလျက် လုံခြုံသော ကိုယ်ကျင့်သီလဖြင့် နေထိုင်ဖို့ရာ ဆုံးဖြတ်တော် မူသည်။

http://www.dhammadownload.com



**နေက္ခမ္မပါရမီ**။ ။လောကီအာရုံ ကာမဂုဏ် ထူထပ်သော လူတို့၏အရပ်၌ အလွန်မြင့်မြတ်သော အထက်တန်းတရားကိုမရနိုင်။ လူသူမခို မြိုင်ညိုစိမ့်စမ်း တောတောင်တန်း၌ ပန်းရနံ့တကြိုကြိုနှင့် သမာဓိကို မွေးမြူပြီးလျှင် ဖြူစင်သော သီလဖြင့် တကယ်တမ်း အားထုတ်မှ အထက်တန်းတရားကို ရနိုင်၏။ ထို့ကြောင့် "နေက္ခမ္မ"ဟု တောထွက်မှုကိုလည်း ဂရုတစိုက် ပြုကျင့်ထိုက်သည်ဟု ဆုံးဖြတ်တော်မူသည်။

**ပညာပါရမီ**။ ။အသိ အလိမ္မာ ပညာဉာဏ်ရှိမှသာ ဒါန သီလစသော ပါရမီများ၏ အကျိုးကို သိမြင်၍ ဖြည့်ကျင့်လိုသော စိတ်များ ဖြစ်ပေါ်နိုင်ပေမည်။ "ပညာရဲရင့် ပွဲလယ်တင့်" ဆိုသည့်အတိုင်း တကယ်ပညာရှိသူတို့ အလယ်မှာ တကယ်ပညာရှိသူသာ တင့်တယ်နိုင်သည်။ ဗူးလုံးနားမထွင်း အဖျင်း အ–အ ပညာပိုင်းက အောက်တန်းကျနေလျှင် စည်းစိမ်ရှင်ပင် ဖြစ်သော်လည်း အထက်တန်းသို့ မတက်လှမ်းနိုင်။ ကမ္ဘာကို လွှမ်းမိုး၍ အုပ်စိုးနိုင်သော သတ္တိမှာ ဉာဏ်ပညာသာတည်း။ မြေလျှိုး မိုးပျံနိုင်သော ဈာန်အဘိညာဉ် ဟူသည်လည်း ဤဉာဏ်ပင် ဖြစ်၏။

တစ်သံသရာလုံးက ပါလာသော ကိလေသာအာသဝေါတွေကို ကုန်ခန်းစေနိုင်သော တရားဟူသည်လည်း မဂ်ပညာ ဖိုလ်ပညာဖြစ်၏။ အချုပ်အားဖြင့် ဘုရားအဖြစ်ဟူသည်မှာ သဗ္ဗညုတဉာဏ် ပညာတော်ကြီးပင် ဖြစ်၏။ ဤပညာပါရမီ ရင့်သန်လာအောင်ကား ထိုထို ကောင်းမှုကို ပြုတိုင်းလည်း မိမိစိတ်က ဉာဏ်ပညာဘက်သို့ ညွတ်ကိုင်း တောင့်တလျက် ရှိရမည်။ တကယ့်ပညာရှိထံ ချဉ်းကပ်၍ မပြတ်မလပ် စုံစမ်းမေးမြန်းလေ့ရှိရမည်။ ထို့ကြောင့် အလောင်းတော် အရှင်ရသေ့သည် ဤပညာ

http://www.dhammadownload.com



ပါရမီကိုလည်း ၄ ကြိမ်မြောက် မြင်တော်မူ၍ ကောင်းစွာ ဖြည့်ကျင့်ဖို့ ဆုံးဖြတ်တော်မူပြန်သည်။

**ဝီရိယပါရမီ။** ။ပညာက မည်မျှလောက် ရှိနေသော်လည်း လုံ့လ ဝီရိယ ကင်းမဲ့ပြန်လျှင် စိတ်ကူးနေရုံမျှဖြင့် မည်သည့်အကျိုးကိုမျှ ရလိမ့်မည် မဟုတ်ပါ။ ယခင်က ပညာတွေသည် ဝီရိယအဖော်ကောင်းမှသာ လိုရာအကျိုးကို ပြီးစေနိုင်ပါသည်။ အထက်တန်းရောက်သူဟူသမျှ ဝီရိယကင်းသည့် အပျင်းသမား အပြောသမား မဟုတ်ကြချေ။ ထို့ကြောင့် ပညာနှင့်အတူ ဝီရိယ ပါရမီကိုလည်း ဖြည့်ကျင့်တော်မူဖို့ရန် ၅ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

**ခန္တီပါရမီ။** ။မြင့်မြတ်သော အထက်တန်းကို ရည်မှန်းသော ပုဂ္ဂိုလ်သည် ဆန့်ကျင်ဘက် ရန်သူနှင့် မတွေ့နိုင်ဟူ၍ မမှတ်သင့်။ ကိုယ့်ထက်သာလျှင် မနာလိုလေ့ရှိကြသော ဤသံသရာကြီးထဲမှာ သာ၍ပင် တွေ့ကြုံတတ်သေး၏။ မိမိ၏ ဆန့်ကျင်ဘက်တွေကို တုပြိုင်နေလျှင်လည်း ခရီးတွင်မည် မဟုတ်ပါ။ မိမိကို မနာလိုသူဟူသမျှ ရန်သူဟု သဘောမထားဘဲ ခန္တီပါရမီ ပြည့်အောင် တစ်ဖက်တစ်လမ်းက ကူညီနေသူဟုသာ သဘောထားလျှင် အလွန် စိတ်သက်သာပါသည်။ ထို့ကြောင့် ခန္တီပါရမီကိုလည်း တွေ့ကြုံရာတိုင်း၌ ဖြည့်ကျင့်ဖို့ရန် ၆ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

**သစ္စာပါရမီ။** ။ဤလောကဝယ် သစ္စာမရှိသူလောက် ကြောက်စရာကောင်းသူ မရှိပါ။ "လူယုံသတ် သေတတ်" ဟူသော စကားသည် သစ္စာမတည်သူများကို စွဲ၍ ဖြစ်လာသော စကားတည်း။

http://www.dhammadownload.com



သစ္စာမရှိသူသည် မည်သည့်အခါမျှ အထက်တန်းသို့ မရောက်နိုင်။ သစ္စာတရားသည် လွန်စွာ အစွမ်းထက်မြက်၏။ လောင်လာသော မီး၊ တိုးလာသော ရေ၊ တက်နေသော အဆိပ်ကိုပင် သစ္စာစကားဖြင့် လျှော့ကျစေနိုင်၊ ရပ်တန့်စေနိုင်သည်။ တကယ် မြင့်မြတ်သူမှန်လျှင် ကေန် သစ္စာရှိထိုက်ရကား သစ္စာပါရမီ ဖြည့်နိုင်ရန်ကိုလည်း ၇ ကြိမ်မြောက် ဆုံးဖြတ် ဘဲမူပြန်သည်။

**အဓိဋ္ဌာန်ပါရမီ။** ။မြင့်မြတ်သော အကျိုးကို မျှော်ကိုးသူသည် တော်တော်တန်တန်နှင့် စိတ်မပျက်ဘဲ စွဲစွဲမြဲမြဲ ခွဲကောင်းကောင်းနှင့် အားထုတ်ရ၏။ ထိုသို့ အားထုတ်မှသာ ထိထိရောက်ရောက် ပြီးမြောက်နိုင်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု၌ ခွဲကောင်းဖို့ရန် အဓိဋ္ဌာန်ပါရမီကိုလည်း ရှစ်ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

**မေတ္တာပါရမီ။** ။မြင့်မြတ်သောအဖြစ်ကိုရလိုပါလျှင် သတ္တဝါတိုင်း အပေါ်၌ မေတ္တာကင်းမဲ့လို့ မတော်ပါ။အချို့အပေါ်မှာ အကျိုးလိုလား မေတ္တာပွားလျက် အချို့အတွက်မှာ မေတ္တာကင်းပြီးလျှင် ကွက်တိကွက်ကျား မေတ္တာပွားသူကို မြင့်မြတ်သူဟု မဆိုထိုက်ပါ။ ထို့ကြောင့် အားလုံး သတ္တဝါတို့၏ အကျိုးကို အညီအမျှလိုလားသော မေတ္တာပါရမီကိုလည်း ကြိုးစားဖြည့်ကျင့်ဖို့ရန် ၉ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

**ဥပေက္ခာပါရမီ။** ။မြင့်မြတ်သော တရားထူးကို ကြိုးစား၍ ရှာဖွေသူသည် မိမိကိုဂရုစိုက်ကာ အရေးပါနေသူများအတွက် နောက်ဆံ

http://www.dhammadownload.com



တင်းလျက် မခွာရက်အောင် ဗျာပါရများနေလို့လည်း မဖြစ်၊ မလိုမုန်းထား သူများကိုလည်း ဂရုတစိုက် အရေးမယူထိုက်။ ပန်း နံ့သာ တင်သ၍ နေသော်လည်း ဝမ်းမသာ၊ မစင်ဘင်ပုပ် စွန့်ချသွားသည်ကိုလည်း အရေးမကြီးသော မဟာပထဝီ မြေကြီးကဲ့သို့ မုန်းချစ်မပြု လျစ်လျူရှု နိုင်ပေသည်။ ထို့ကြောင့် ဥပေက္ခာပါရမီကိုလည်း အခွင့်အားလျော်စွာ ဖြည့်ကျင့်ဖို့ရန် ၁၀ ကြိမ်မြောက် ဆုံးဖြတ်တော်မူပြန်သည်။

အလောင်းဘုရားသည် ဤ ပါရမီတော်များအပြင် ဆင်ခြင် သော်လည်း ဖြည့်စရာ မြင်တော်မမူသောကြောင့် ဤပါရမီဆယ်ပါးကို အစကအဆုံး, အဆုံးကအစ ထပ်ကာထပ်ကာ ဆင်ခြင်တော်မူပြန်ရာ လွန်စွာ အားရတော်မူလှသဖြင့် ဆင်ခြင်တော်မူသော ဉာဏ်တော်၏ အစွမ်းကြောင့် ဤမဟာပထဝီမြေကြီးသည် (မြေစောင့်နတ်သည်) ကောင်းချီးမင်္ဂလာ ဩဘာပေးသော အနေဖြင့် ယန္တရားစက်ကို လှည့် လိုက်သကဲ့သို့ သွက်သွက်ခါအောင်တုန်လှုပ်ရလေသည်။ အလောင်းဘုရား သည် ထိုပါရမီများကို ဖြည့်ကျင့်ဖို့ရန် ဟိမဝန္တာသို့ ပြန်ကြွတော်မူလေ သည်။ ထိုဘဝမှ စုတေသော် ဗြဟ္မာ့ပြည်သို့ ရောက်၍ ထို့နောက် ကမ္ဘာပေါင်းများစွာ၌ သင့်ရာသင့်ရာ ပါရမီတော်များကိုလည်း ထူးထူး ခြားခြား ဖြည့်ကျင့်တော်မူခဲ့ပေသည်။

**သိဝိ ဇာတ်တော်နှင့် ဒါနပါရမီ။** ။အလောင်းဘုရားသည် သိဝိမင်းဘဝ၌ နေ့စဉ်နှင့်အမျှ သိန်းပေါင်းများစွာကို အကုန်ခံ၍ လှူ နေရသော်လည်း တင်းတိမ်အားရတော် မမူနိုင်သောကြောင့် "ငါ့မှာ လှူရိုး လှူစဉ် ဒါနဒ္ဒ မလှူဖူးတာ မရှိတော့ပြီ၊ ယခုအခါ မျက်လုံးကို

http://www.dhammadownload.com



အလှူခံလာလျှင် လှူချင်စမ်းပါဘိတော့" ဟု အကြံဖြစ်လေသည်။ အကြံကို သိကြားမင်းသိသဖြင့် မျက်မမြင် ပုဏ္ဏားယောင်ဟန်ဆောင်ပြီးလျှင် မျက်လုံးတစ်ဖက်ကို အလှူခံရန် လာလေသော် "ငါ၏အကြံ အထမြောက်တော့မည်" ဟု ဝမ်းမြောက်တော်မူလျက် သမားတော်ကို ခေါ်စေပြီးလျှင် မျက်လုံးတစ်ဖက်ကို အလှူခံသော်လည်း ၂ ဖက်လုံးကို ထုတ်၍ ဆက်သဖို့ရန် အမိန့်ပေးတော်မူသောအခါ.........

**သမားတော်။** ။အရှင်မင်းမြတ်၊ မျက်လုံးတော်ကို မလှူသင့်ပါ၊ အခြားသောနည်းဖြင့် ဤပုဏ္ဏားကို ချမ်းသာအောင် ထားနိုင်ပါသည်၊ ဘုရင်မင်းမြတ် ဆိုသည်မှာ မျက်လုံးကွယ်နေလို့ မတင့်တယ်ပါ။

**မင်းတရား။** ။သမားတော်၊ စကားမများနဲ့၊ မျက်လုံးကိုသာ ထုတ်၍ ဆက်ပါ။ (အမျိုးမျိုးသော နည်းဖြင့် တောင်းပန်သော်လည်း မရသောကြောင့် သမားတော်သည် မျက်လုံးအစုံကို ဆေးဖြင့် သုတ်လိမ်းလိုက်ရာ တစ်ခါတည်းဖြင့် မျက်လုံးများ ရှု၍ လာလေသည်။)

**သမားတော်။** ။အရှင်မင်းမြတ်၊ ပင်ကိုအတိုင်းဖြစ်အောင် တတ်နိုင်ပါသေးသည်၊ စဉ်းစားတော်မူပါ။

**မင်းတရား။** ။သမားတော်၊ စကားမများနဲ့၊ ထုတ်သာ ထုတ်လိုက်။ (ထို့နောက် ဆေးဖြင့် ထပ်၍ တို့လိုက်ပြန်ရာ မျက်လုံးတော်နှစ်ဖက် အပြင်သို့ ထွက်၍ မျက်ကြောမျှင်များဖြင့် အောက်သို့ ကျလာလေသည်။)

**သမားတော်။** ။အရှင်မင်းမြတ်၊ စဉ်းစားတော်မူပါ၊ ပင်ကို အတိုင်း ဖြစ်အောင် တတ်နိုင်ပါသေးသည်။

http://www.dhammadownload.com



**မင်းတရား။** ။(ဆတ်ဆတ်တုန်အောင် နာကျင်သည်ကိုမျှ ဂရုစိုက်တော်မမူဘဲ) စကားမများနဲ့ သမားတော်၊ ဖြတ်သာဖြတ်လိုက်ပါ။

ထို့နောက် မည်သည့်နည်းနှင့်မျှ တောင်းပန်၍ မရသောကြောင့် မျက်ကြောများကို ဓားဖြင့်ဖြတ်လျက် မျက်လုံးနှစ်ဖက်ကို ဆက်ရရှာလေသည်။ ထိုအခါ မင်းတရားသည် မျက်စိမမြင်ဘဲလျက် နှစ်သက်ရွှင်ပျစွာ မျက်လုံးတော်နှစ်ဖက်ကို ပုဏ္ဏားလက်သို့ လှူတော်မူရှာသည်။ (သိဝိမင်းကား ဘုရားအလောင်း၊ သမားတော်ကား အရှင်အာနန္ဒာ အလောင်းတည်း။)

ဤသို့လှူျင် မျက်လုံးကို ထုတ်၍ ထုတ်၍ လှူခဲ့သည်မှာ မိုးပေါ်က ကြယ်တွေထက်ပင် များပါသေး၏။ အသားတော်ကို လှူခဲ့သည်မှာ ဤမဟာပထဝီမြေကြီးထက်ပင် များပါသေး၏။ အသွေးတော်ကို လှူခဲ့သည်မှာ သမုဒ္ဒရာရေထက်ပင် များပါသေး၏။ ဝေဿန္တရာမင်း အဖြစ်၌ကား ဘုရားရှင်၏ ဒါနတော်ကို ကြည်ညို၍ အားမရအောင် ရှိပါတော့သတည်း။

**သင်္ခပါလ နဂါးမင်းနှင့် သီလပါရမီ။** ။ဘုရားအလောင်းတော်သည် သင်္ခပါလ နဂါးမင်းဖြစ်စဉ်က "ငါ၏ အရေ အသား အကြော အရိုးများကို အလိုရှိသူ ယူစေတော့" ဟု မိမိကိုယ်ကို စွန့်၍ လူတို့သွားလာရာ လမ်းအနီး တောင်ပို့ကြီး အပေါ်မှာ သီလဆောက်တည်၍ နေလေသည်။ မုဆိုး၏ သားတို့သည် ထိုနဂါးကိုမြင်လျှင် အနီးသို့ ချဉ်းကပ်၍ အချို့က လှံဖြင့်ထိုး၊ အချို့က စို့ဖြင့်နှက်၊ နှာခေါင်း

http://www.dhammadownload.com



နှစ်ဖက်ကို ထိုး၍ နဖားကြိုးတပ်သူက တပ်ပြီး ဆိုင်းဖြင့် ထမ်းဆောင်သွားကြလေရာ ရန်မူလိုပါလျှင် နှာခေါင်းမှလေကို မှုတ်လိုက်ရုံမျှဖြင့် တောတောင်နှင့်တကွ သမုဒ္ဒရာရေအပြင်ကိုပါ မီးဟုန်းဟုန်း ထစေနိုင်ပါသော်လည်း အသက်ကို စွန့်၍ သီလကို စောင့်တော်မူရှာပေသည်။ ဤသို့ သီလပါရမီ ဖြည့်ကျင့်တော်မူရာ ဇာတ်တော်ပေါင်း များစွာကိုလည်း ကြည်ညိုရ၍ အားမရနိုင်အောင် ရှိပါတော့သတည်း။

မဟာဇနက ဇာတ်တော်ကဲ့သို့ ထီးနန်းစည်းစိမ်ကြီးကိုပင် စွန့်ခွာတော်မူလျက် တောသို့ထွက်ကြွ၍ နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူပုံ၊ မဟောသဓ ဇာတ်တော်ကဲ့သို့ ပညာပါရမီတော် အစွမ်းဖြင့် သတ္တဝါများ ချမ်းသာအောင် ဆောင်ရွက်တော်မူခဲ့ပုံတို့မှာ အားကျဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ ကောင်းလှပါပေသည်။

**ဝီရိယပါရမီနှင့် မဟာဇနက။** ။အလောင်းဘုရားသည် မဟာဇနက မင်းသားဖြစ်စဉ်က ၁၆ နှစ်အရွယ်၌ ကြီးကျယ်သော ရွက်သင်္ဘောကြီးဖြင့် လှုပေါင်း ခုနစ်ရာနှင့်အတူ သမုဒ္ဒရာကို ကူးတော်မူလေသည်။ ခုနစ်ရက်လောက် အကြာ၌ လှိုင်းလေဟုန်ကြောင့် ရွက်သင်္ဘောကြီး ပျက်သဖြင့် လှိုင်းဂယက် အလယ်မှာ လူပေါင်းခုနစ်ရာလုံး ပြုတ်ပြုတ်ပြုန်းလျက် လုံးလုံးကြီး ငါး လိပ်တို့၏အစာ ဖြစ်ကြလေသည်။ ကျယ်ဝန်းသော ရေအပြင်သည် သွေးချင်းချင်းနီနေ၏။ အလောင်းတော်ကလေးကား အနည်းငယ်မျှ ကြောက်ရွံ့တွန့်ဆုတ်ခြင်း မရှိဘဲ ဝီရိယသန်သန်ဖြင့် မှန်မှန်ကြီး ကူးတော်မူကာ ဝီရိယအစွမ်းကို ပြတော်မူခဲ့ပါသည်။

http://www.dhammadownload.com



**ဓမ္မပါလဇာတ်တော်နှင့် ခန္တီပါရမီ။** ။ဘုရားအလောင်းတော်၏ ဓမ္မပါလမင်းသားလေးဘဝတုန်းက ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံမှာ ကြားရသူတို့၏ စိတ်နှလုံးကို တုန်လှုပ်စေပါသည်။ ခမည်းတော်သည် ဒေဝဒတ်အလောင်းဖြစ်သော မဟာပတာပမင်းဖြစ်၍ မယ်တော်ကား မိဖွေးတော် ဂေါတမီအလောင်းဖြစ်သော စန္ဒာဒေဝီ မိဖုရားတည်း။

တစ်နေ့သ၌ မိဖုရားသည် ၇ လ အရွယ်မျှသာ ရှိသေးသော သားတော်ကလေးကို ရေမိုးချိုးပေးကာ နံ့သာလိမ်းကျံ၍ အလွန် ပျော်ရွှင်စွာဖြင့် ချော့မြှူနေတုန်းဝယ် မိမိအဆောင်တော်သို့ မဟာပတာပမင်း ရောက်လာသည်ကို ခရီးဦးကြိုမပြုမိချေ။ ထိုအခါ၌ "သူ့သား ငယ်စဉ်ကပင် ငါ့ကို ဂရုမစိုက်လျှင် သူ့သား ကြီးရင့်သောအခါ ငါ့ကို လူထင်တော့မှာ မဟုတ်" ဟု မဆိုင်သော သားအပေါ်မှာ ရန်သူ လုပ်လျက် ပြင်းစွာ အမျက်ထွက်၍ မိမိအဆောင်တော်သို့ ပြန်သွားပြီးလျှင် သူသတ်ယောက်ျား အာဏာသားတို့ကို ခေါ်၍ သားတော်ကို အယူခိုင်းပြီးနောက် နန်းကြမ်းပြင်မှာ ချထားစေလေသည်။

မိဖုရားသည်လည်း ရှင်ဘုရင် စိတ်ဆိုးသွားသည်ကို သိ၍ ပြင်းစွာငိုကြွေးလျက် သားတော်ကလေးနောက်မှ လိုက်လာ၍ အမျိုးမျိုး တောင်းပန်တုန်းမှာပင် လက်ကလေးနှင့် ခြေကလေးများကို အဖြတ်ခိုင်းလေ၏။ ထိုအခါ မိဖုရားက လက်ပြတ်ခြေပြတ်ကလေးများကို ကောက်ယူလျက် ရင်ခွင်မှာ ထားပြီးလျှင် "ကိုင်း.....ယခုမှဖြင့် သားတော်ကလေးက အရှင်မင်းကြီးကို ရန်မပြုနိုင်တော့ပါ၊ သည်ကလေးနှင့် တော်ရာကို သွားပြီး လုပ်ကိုင်စားသောက်ပါရစေတော့"ဟု ပြောဆိုကာ သားတော်ကို တောင်းရာလေသည်။

http://www.dhammadownload.com



သားကလေးကား မိမိဖခင် ရှင်ဘုရင့်အပေါ်မှာ စိတ်မျှ မပြစ်မှား၊ လက်ခြေကို ဖြတ်ထားသော်လည်း သနားစဖွယ် မျက်ရည်မျှ မလည် မူ၍ တင့်တယ်သော မျက်နှာဖြင့် သည်းခံခြင်း တရားကိုသာ များများ ကြီး အသုံးပြုတော် မူရှာပေသည်။ (အို.... အလောင်းတော်ကလေး ဘုရား၊ အားရပါးရ နှိပ်စက်သောဒဏ်ကို သည်းခံ၍ နေရခြင်းသည် ခန္တီပါရမီတစ်မျိုး ပြည့်တာပဲ ဟု စိတ်ထဲ၌ တွေးကာ စိတ်မနာဘဲ ဝမ်းသာတော်မူပါသလား ဘုရား၊ ဤမျှလောက် ဒုက္ခကြီးကိုပင် ပါရမီ ပြည့်မယ့်အရေးကို တွေးကာ ကျေနပ်တော် မူနေပါသလားဘုရား။)

ထိုမျှနှင့် အားမရသေးဘဲ ဦးခေါင်းကို အဖြတ်ခိုင်းပြန်လေရာ မယ်တော်မှာ မခံသာလှ၍ "မိမိ၏ ဦးခေါင်းကိုသာ ဖြတ်လိုက်ပါတော့" ဟု အာဏာသားအထံ ချဉ်းကပ်ကာ ဦးခေါင်းကို စင်းထားလေ၏။ သို့သော် မိဖုရားကို မဖြတ်ဘဲ သားတော်ကလေးကို အဖြတ်လိုက်တွင် မိဖုရား အသည်းကွဲ၍ စုတေပွဲ ဝင်ရှာလေသည်။ မိဖုရားကြီး စုတေပြီး နောက် ရှင်ဘုရင်လည်း မနေတတ်မထိုင်တတ်ဖြစ်ကာ ရာဇပလ္လင်ပေါ်မှ ဆင်း၍ နန်းကြမ်းပြင်သို့ လျှောက်လေရာ ပျဉ်ချပ်တွေကွဲရာမှ မြေသို့ အကျတွင် မြေတွင်းသို့ ဝင်ကာ အဝီစိသို့ သွားရလေတော့သည်။

**မဟာသုတသောမဇာတ်နှင့် သစ္စာပါရမီ။** ။အလောင်းတော်၏ မဟာသုတသောမမင်း ဖြစ်စဉ်တုန်းက သစ္စာပါရမီကို ဖြည့်ကျင့်တော် မူပုံမှာလည်း အတုယူစရာ၊ ကြည်ညိုစရာ ကောင်းလှပေသည်။ ဗြဟ္မဒတ် မင်း အဖြစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေရာမှ လူသားစားမှုအတွက်

http://www.dhammadownload.com



တိုင်းပြည်က နှင်ထုတ်ခံရ၍ "ပေါရိသာဒ"ဟု ထင်ရှားခဲ့သော နန်းကျ ဘုရင်သည် ပညောင်ပင်အောက်မှာနေလျက် တောသွားတောလာသူ များကို ဖမ်းယူစားသောက်လေ့ ရှိ၏။ အခါတစ်ပါး၀ယ် အတော်၀ဖြိုးသော ပုဏ္ဏားကို ဖမ်းယူ၍ ပြေးစဉ် ရှားငုတ်တိုစူးသဖြင့် မသွားနိုင်၍ လူသား ကို မစားရသောကြောင့် ညောင်ပင်စောင့်နတ်အား "အရှင်နတ်မင်း၊ ကျွန်ုပ်အနာပျောက်အောင် စောင့်ရှောက်တော်မူပါ၊ ၇ ရက်အတွင်း အနာပျောက်လျှင် တစ်ရာ့တစ်ယောက်သော မင်းတို့၏ အသွေးအသားဖြင့် ယဇ်ပူဇော်ပါမည်" ဟု တိုင်ကြားလေသည်။ အစာမစားရသဖြင့် ၇ ရက်အတွင်းမှာ အနာသွေ့ခြောက်၍ အလိုလိုပျောက်သည်ကို ညောင်ပင် စောင့်နတ်က ကယ်မသည်ဟု ထင်သဖြင့် မဟာသုတသောမမင်းမှတစ်ပါး အခြားသော မင်းများကို ဖမ်းယူပြီးလျှင် * ယစ်ပူဇော်ရန် ပြင်ဆင်၍ ထားလေသည်။

---

* ရှင်ဘုရင်များကို ဖမ်းရာ၌ ရှေးဘ၀က မိတ်ဆွေ ဖြစ်ခဲ့ဖူးသော ဘီလူးထံမှ မန္တာန်ကို ရ၍ ထိုမန္တာန်အစွမ်းဖြင့် အလွယ်တကူ ဖမ်းယူနိုင်သည်။ သုတသောမ မင်းကိုကား တက္ကသိုလ်ပြည်၌ ပညာသင်စဉ်တုန်းက မိတ်ဆွေလည်း ဖြစ်၊ လက်ထောက်ဆရာလည်း ဖြစ်ဖူးသောကြောင့် မဖမ်းယူဘဲ ချန်ထားလေသည်။

http://www.dhammadownload.com



ထို့နောက် ညောင်ပင်စောင့်နတ်ကလည်း မင်းတို့၏ အသွေးအသားများကို ပူဇော်မခံလိုသောကြောင့် သိကြားမင်း၏ အကြံပေးချက်အရ ကိုယ်ထင်ပြလျက် သုတသောမမင်း မပါလျှင် သင်၏ အပူဇော်မခံနိုင်ကြောင်းကို ပြောပြလေသော် ထိုစကားအရ သုတသောမမင်းကို မဖမ်းလျှင် မဖြစ်တော့၊ ထို့ကြောင့် သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုမည့်နေ့၌ မင်္ဂလာကန်တော်အတွင်းဝယ် ပုန်းအောင်းလျက် ရေသုံးသပ်အပြီးတွင် ဖြုန်းခနဲထွက်၍ "ငါဟ– ပေါရိသာဒတဲ့" ဟု ကျယ်စွာသောအသံကို ပြုလျက် သန်လျက်ကိုဝင့်ကာ သုတသောမမင်းကို ထမ်း၍ စစ်တပ်အကြားမှ ထွက်သွားလေသည်။ (ထိုခေတ်က ပေါရိသာဒဆိုလျှင် အားလုံးလိုလို လန့်နေကြသောခေတ်ဖြစ်၍ မည်သူမျှ မလှုပ်ဝံ့ဘဲ ပြားပြားဝပ်နေကြသတဲ့။)

သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုရန် ထွက်လာစဉ်တုန်းက ပုဏ္ဏားတစ်ယောက်သည် တစ်ဂါထာလျှင် တစ်ရာတန်သော ဂါထာ ၄ ပုဒ်ကို ရွှေနားတော်သွင်းလိုကြောင်း ခွင့်တောင်းလေသော် "ခေါင်းဆေးမင်္ဂလာ ပြုပြီး နောက်တစ်ရက်မှ ကြားနာပါမည်" ဟု ဝန်ခံထား၏။ ပေါရိသာဒ ဖမ်းသွားစဉ် ထိုဝန်ခံချက်ကို သတိရ၍ ညောင်ပင်အောက်သို့ ရောက်သောအခါ ထိုဂါထာကို နာယူပြီးလျှင် ပြန်လာခဲ့ပါမည်ဟု ယုံကြည်လောက်အောင် ပြောပြ၍ ပေါရိသာဒထံမှ ခွင့်ရလေသည်။

ထို့နောက် တိုင်းပြည်သို့ ပြန်သွား၍ ဂါထာများကို နာယူကာ တစ်ဂါထာကို တစ်ထောင်ကျ ဆုတော်များကို ပေးသနားလေသည်။ ထို့နောက် တိုင်းပြည်ကို ခမည်းတော်ထံ အပ်နှံ၍ တိုင်းသူပြည်သား

http://www.dhammadownload.com



လူအများတို့က တားကြသော်လည်း "ပြန်လာပါမည်" ဟူသော ကတိသစ္စာကို မဖျက်ဘဲ "ကေန်သတ်မှာပဲ" ဟု သိတော်မူပါလျက်နှင့် ပေါရိသာဒထံ ဆက်ဆက်ကြီး ပြန်လာတော်မူခဲ့ပေသည်။ (ဤနေရာ၌ အသက်စွန့်၍ သစ္စာပါရမီ ဖြည့်ပုံကို သတိထားရာ၏။)

ပေါရိသာဒလည်း မကြောက်မရွံ့ ရဲဝံ့စွာ ပြန်လာပုံကို အံ့သြ၍ "ဘယ့်အတွက် မကြောက်ပါလိမ့်မည်နည်း" ဟု စဉ်းစားရာ ထိုနာယူခဲ့သော ဂါထာ၏ တန်ခိုးများပင် ဖြစ်လေရော့သလားဟု အောက်မေ့၍ ထို ဂါထာများကို နာယူလိုကြောင်း ခွင့်တောင်းလေသည်။ ထိုဂါထာများကို နာယူပြီးသောအခါ စိတ်ပြောင်းသွားကာ "ထိုဂါထာများကို ဟောပြောသည့်အတွက် အလိုရှိရာဆုကို ယူပါ" ဟု တောင်းပန်လေသော် သုတသောမမင်းသည် ဖမ်းထားသောမင်းအများကို လွှတ်ဖို့နှင့်တကွ အခြားဆုများကို တောင်း၏။ ထိုအခါ အစက ငြင်းသော်လည်း တဖြည်းဖြည်း စိတ်ပြောင်းကာ တစ်ရာသော မင်းအပေါင်းကို လွှတ်ပြီးနောက် သုတသောမမင်း၏ အဆုံးအမကို နာခံ၍ လူသားစားမှုကိုပါ ရှောင်ကြဉ်လေသည်။ ထို့နောက် မူလတိုင်းပြည်သို့ ပြန်ရောက်၍ မင်းအဖြစ်ကို ရပြီးနောက် တစ်ရာသော မင်းများလည်း ဆိုင်ရာတိုင်းပြည်သို့ ပြန်သွားကြလေသည်။

**အမှာ။** ။ဤဇာတ်၌ အလောင်းတော်၏ သစ္စာပါရမီသည် အသက်ကိုစွန့်၍ ဖြည့်ကျင့်အပ်သော ပါရမီတော်တည်း။ ထိုပါရမီဘော်၏ အစွမ်းကြောင့် အားလုံးသော မင်းများလည်း လွတ်ယပ်ချမ်းသာခွင့် ရကြလေသည်။

http://www.dhammadownload.com



**အဓိဋ္ဌာန်ပါရမီစသည်။** ။အလောင်းတော် တေမိမင်းသားဘဝ တုန်းက တောထွက်လိုသော ဆန္ဒတော်ကြောင့် "အ– ယောင်,ဆွံ့ယောင်, နားပင်းယောင် ဆောင်မည်" ဟု အဓိဋ္ဌာန် ပြုပြီးလျှင် တစ်ဆယ့်ခြောက်နှစ် တိုင်အောင် စမ်းသပ်မှုအမျိုးမျိုးကို သည်းခံအောင့်အည်းလျက် အဓိဋ္ဌာန် ပါရမီကို ဖြည့်ကျင့်တော်မူပုံမှာလည်း အံ့သြဖွယ် ကောင်းလှပါသည်။

မေတ္တာပါရမီ၊ ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ရသည်မှာ လည်း ဘဝပေါင်းများစွာတည်း။ ထိုပါရမီ ၁၀ ပါးကို လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူပြီးနောက် ဝေဿန္တရာ မင်းအဖြစ်သို့ အရောက်မှာ ပြည့်စုံလုံလောက်ပြီ ဖြစ်၍ ထိုမှတစ်ဖန် တုသိတာနတ်ပြည်၌ နတ်မင်းအဖြစ်ဖြင့် စိုးစံတော်မူလေသည်။

**ပဋိသန္ဓေ တည်နေတော်မူခန်း။** ။နတ်သက်စေ့သောအခါ တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာ အပေါင်းတို့သည် "လူ့ ပြည်၌ ပဋိသန္ဓေတည်နေတော်မူလျက် ဘုရားဖြစ်တော်မူ၍ သတ္တဝါများကို ကယ်ဆယ်တော်မူပါရန်" တောင်းပန်ကြသဖြင့် ကပိလဝတ်* နေပြည်

* ကပိလဝတ်နေပြည်တော်ကား ယခုအခါ၌ အိန္ဒိယမြောက်ပိုင်း နီပေါ နယ်တွင်းမှာ ရှိ၏။ ဟိမဝန္တာနှင့် တော်တော်နီးသတဲ့။ ထိုစဉ်က ကပိလဝတ် နေပြည်ကို သုဒ္ဓေါဒန မဟာရာဇာသည် "မာယာဒေဝီ, ဂေါတမီ" ဟူသော ညီမတော် ၂ ပါးကို သိမ်းပိုက်၍ စိုးစံတော်မူလေသည်။ ကမ္ဘာဦးက မင်းမျိုး အစဉ်အဆက်မှဆင်းသက်လာခဲ့သော သာကီဝင်မင်းမျိုးဖြစ်၍ အမျိုးအားဖြင့် အမြတ်ဆုံးဟု ထင်ရှား ကျော်စောလေ၏။ မြန်မာများကလည်း ထိုသာကီဝင် မင်းမျိုးနှင့် အဆက်အနွယ် တူသည်ဟု ရာဇဝင်က ယူရုံသာမက လူပုံပန်းနှင့် အချို့စကားလုံးများ ခပ်ဆင်ဆင်ဖြစ်ပုံကို ထောက်၍ ယုံမှားမရှိသင့်။

http://www.dhammadownload.com



တော်ဝယ် "မယ်တော်မာယာ" မိဖုရား၏ ဝမ်းတိုက်၌ စွဲပိုက်သန္ဓေတည်တော်မူလေသည်။

**မီးရှူးသန့်စင်တော်မူခန်း။** ။ဝါဆိုလပြည့်နေ့ဝယ် ပဋိသန္ဓေနေတော်မူခဲ့၍ ဆယ်လစေ့ရာ ကဆုန်လပြည့်နေ့၌ မယ်တော်မာယာသည် ဆွေတော်မျိုးတော်များ နေထိုင်ရာ ဒေဝဒဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းထံ ခွင့်တောင်း၍ မင်းခမ်းမင်းနားခင်းကျင်းလျက် ထွက်တော်မူခဲ့ပြီးလျှင် "လုမ္ဗိနီ" ခေါ် အင်ကြင်းဥယျာဉ်တော်၏ သာယာပုံကို မြင်တော်မူသဖြင့် ရှုစားတော်မူရန် ခေတ္တ ဝင်ကုန်းမှာပင် ကမ္ဘလေလှုပ်ရကား အင်ကြင်းခက်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ကောင်းမွန်စွာ ရပ်တော်မူရင်းမှာပင် အလောင်းဘုရားကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။*

သန့်စင်သောအခါ သုဒ္ဓါဝါသဘုံသား ရဟန္တာ ဗြဟ္မာမင်းများက ရွှေဘာက်ဖြင့် ခံယူ၍ မယ်တော်ရှေ့၌ပြကာ "အရှင်မိဖုရား၊ ဝမ်းမြောက်တော်မူပါ၊ သားရတနာကို ဖွားမြင်ပါပြီ" ဟု ပြောဆိုကြလေ၏။ ထို့နောက် စတုမဟာရာဇ် နတ်မင်းကြီးများက သစ်နက် သားမွေးထည်ဖြင့်

---

* အချို့က ဘုရားအလောင်းကို နားမှဖွားသည်ဟု ထင်ကြလေသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာကျမ်းစာ၌ကား လက်ယာနံပါးမှ ဖွားသည်ဟု ဆို၏။ မဟုတ်ပါ။ ထုံးစံအတိုင်းသာတည်း။ဘုရားအလောင်း ဖွားမြင်ပြီးနောက် ၇ ရက်မြောက်မှာ မယ်တော်မာယာ နတ်ရွာစံ၏။ သို့သော် ဖွားမြင်ရခြင်း ကြောင့် စံရသည်မဟုတ်၊ ကံကုန်၍ စံရခြင်း ဖြစ်သည်။

http://www.dhammadownload.com



လှမ်းယူ၍ လူတို့လက်သို့ လှမ်းလိုက်လေသည်။ ထို့နောက် လူတို့လက်မှ ဆင်းလျက် မြေ၌ တည့်မတ်စွာ ရပ်တော်မူ၍ အရပ်ဆယ်မျက်နှာကို ရှုစားတော်မူလေရာ အားလုံးသော နတ်ဗြဟ္မာတို့က အရိုအသေပေး ကြသဖြင့် မြောက်အရပ်သို့ ခုနစ်လှမ်းလောက် ကြွလှမ်းပြီးလျှင် "အဂ္ဂေါဟ မသ္မိ လောကဿ- တစ်လောကလုံး၌ ငါသာလျှင် အမြတ်ဆုံး" ဟူသော စကားသံကို ခန့်ခန့်ညားညား မိန့်မြွက်တော်မူလေသည်။

အကျိုးအားလုံးကို ပြီးစီးစေနိုင်သောကြောင့် အလောင်းဘုရားကို "သိဒ္ဓတ္ထ" ဟု နာမည်တော်တင်သကြလေသည်။ ထို့နောက် ရုပ်လက္ခဏာကို ကြည့်ရှုစစ်ဆေးကြသော ပုရောဟိတ် ပုဏ္ဏားတို့တွင် ပုဏ္ဏား ခုနစ်ယောက်တို့က လက် ၂ ချောင်းထောင်ပြလျက် "လူ့ဘောင်မှာ နန်းစံလျှင် စကြာမင်း၊ တောထွက်တော်မူလျှင်ကား ဘုရားဖြစ်လိမ့်မည်" ဟု ဟောကြ၍ အညာသိကောဏ္ဍညမထေရ် အလောင်းဖြစ်သော အငယ်ဆုံး ပုဏ္ဏားကမူ လက်တစ်ချောင်းသာ ထောင်ပြလျက် "ကေန် မုချ ဗုဒ္ဓဖြစ်လိမ့်မည်" ဟု ဟောလေသည်။

(ထိုအဟောကို အခြားပုရောဟိတ်တို့ကလည်း သဘောတူကြ လေသည်။)

## ကြင်ယာတော် ရွေးချယ်ခန်း

အလောင်းဘုရားသည် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ သာကီဝင်မင်းမျိုးအားလုံးကပင် တောထွက်သွားမည်ကို စိုးရိမ်ကြ၏။ စကြာမင်းစည်းစိမ်ကြီးဖြင့် လေးကျွန်းလုံးကို အုပ်စိုးလျက် သာကီဝင်

http://www.dhammadownload.com



တစ်မျိုးလုံးက အထက်တန်းက နေလိုကြ၏။ ထို့ကြောင့် တစ်နေ့သ၌ သုဒ္ဓေါဒနမင်းကြီးထံ ညီလာခံရင်း စကားစပ်မိကြသဖြင့် "အလောင်းဘုရားကို သင့်လျော်သော ကြင်ယာတော်နှင့် ဖက်စပ်၍ ထီးနန်းကို အပ်နှင်းမှ သာ၍စိတ်ချရမည်၊ သို့မဟုတ်လျှင် တောထွက်သွားလိမ့်မည်" ဟု ပြောဆိုကြရာ သမီးရှင်ဖြစ်ကြသော မင်းကြီးအများကပင် မိမိ၏ သမီးတော်နှင့် သင့်လျော်ကြောင်းကို အသီးသီး ပြောဆိုကြသတဲ့။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးက "သားတော်၏ အလိုကို သိဖို့ရန် ခဲယဉ်းပေသည်၊ သားတော်၏ အလိုမကျလျှင် သင့်လျော်မည် မဟုတ်၊ သားတော်ကို စုံစမ်းကြရမည်"ဟု အမိန့်တော်ရှိ၍ အလောင်းဘုရားထံ စုံစမ်းကြလေရာ ရှေးဦးစွာ "ထီးနန်းမစံလိုကြောင်း" ငြင်းပယ်သော်လည်း အမျိုးမျိုး တောင်းပန်ကြသဖြင့် "ဤဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ကြင်ယာတော်ကို ရလျှင် ထီးနန်းလက်ခံပါမည်" ဟု ခမည်းတော်ထံ သံတော်ဦးတင်လေသည်။

* * * * * * *

## ကြင်ယာတော်၏ ဂုဏ်အင်္ဂါများ

၁။ အဆင်းအရွယ် တင့်တယ်လှပခြင်း၊

၂။ အလှဆုံး ဖြစ်သော်လည်း ရုပ်အဆင်းအတွက် မာန်မာန မတက်ခြင်း၊

၃။ မိမိအပေါ်မှာ မိခင်အလား မေတ္တာစိတ်များများဖြင့် လေးလေးစားစား ယုယတတ်ခြင်း၊

၄။ စွန့်ကြဲပေးကမ်း လှူဒါန်းနေရသည်ကိုပင် အလွန် ပျော်စရာဟု မှတ်ထင်လေ့ရှိခြင်း၊

http://www.dhammadownload.com



၅။ သူတစ်ပါးကို မထီလေးစား မပြုသည့်အပြင် မာယာ သာဠေယျ အမှုမှလည်း ကင်းရှင်းခြင်း၊ (မိမိမှာရှိသော အပြစ်ကို မရှိဟန်ဆောင်ခြင်းကို "မာယာ" ဟု ခေါ်၍ မရှိသော ဂုဏ်ကို ရှိဟန်ဆောင်ခြင်းကို "သာဠေယျ" ဟု ခေါ်သည်။)

၆။ မာန်မာန မကြီးရသော်လည်း သူတစ်ပါး၏ အစေအပါး ကဲ့သို့ အောက်ကျ နောက်ကျလည်း မရှိရခြင်း၊ (အားလုံး အပေါ်၌ သဘောထားကြီးကြီးနှင့် ခန့်ခန့်ကြီး နေတတ် ရမည်ဟူလို။)

၇။ လောကီအာရုံ ကာမဂုဏ်၌ မက်မက်မောမော မရှိရခြင်း၊

၈။ မိမိ၏ စီးပွားဥစ္စာ၊ မိမိ၏ အရှင်သခင်နှင့်သာ တင်းတိမ် ရခြင်း၊

၉။ ယောကျ်ားတစ်ပါးနှင့်ဆိုလျှင် အိပ်မက်ကိုသော်မျှ မမက်မိ အောင် စောင့်စည်းရခြင်း၊

၁၀။ သစ္စာဂတိ ကောင်းစွာရှိ၍ တရားပြည့်ဝခြင်း၊

၁၁။ ကိုယ်နှုတ် နှလုံး သုံးပါးလုံး စောင့်စည်းလေ့ရှိရခြင်း၊ ဤသို့ စသော ဂုဏ်အင်္ဂါများတည်း။

ဤဂုဏ်တို့နှင့် ပြည့်စုံသော မင်းသမီးကို လှည့်လည်ရှာဖွေစေရာ သုပ္ပဗုဒ္ဓမင်း၏ အိမ်တော်သို့ ရောက်သောအခါ "ယသော်ဓရာ" အမည်ရှိသော မင်းသမီးကို တွေ့လေလျှင် မင်းသမီးက စတင် စုံစမ်း လာသော အမတ်တို့ကို လောကွတ်ပျူငှာ ပြုလျက် "မည်သည့်ကိစ္စဖြင့်

http://www.dhammadownload.com



အိမ်တော်သို့ ကြွလာပါသလဲ”ဟု မေး၍ အကြောင်းစုံကို သိရလေသော် တော်တော် သွက်လက်သော အာဇာနည် မင်းသမီးဖြစ်သည်အားလျော်စွာ ဂုဏ်အင်္ဂါတို့ကို တောင်းယူ ကြည့်ရှုပြီးလျှင် “ဤဂုဏ်များနှင့် ပြည့်စုံသူမှာ မိမိတစ်ယောက်သာ ရှိကြောင်းကို မောင်တော်ဘုရားအား သံတော်ဦးတင်လိုက်ပါ၊ မောင်တော်ဘုရားမှာ ဂုဏ်မဲ့သိန်ကင်း ညံ့ဖျင်းရိုး အ သော ကြင်ယာနှင့်အတူ ထိးနန်းစံနေတာကို မမြင်ပါရစေနှင့်” ဟု မှာထား ပြောဆိုလိုက်လေသည်။

**မှတ်ချက်။** ။ယသော်ဓရာ မင်းသမီးကား သာမည ပါရမီရှင် မဟုတ်ပေ။ ဘုရားအလောင်း သုမေဓာဘဝက ကြာပန်းများကို ဆက်ပြီးလျှင် အတူ ဆုပန်လာခဲ့သော “သုမိတ္တာ” အမျိုးသမီးပင် ဖြစ်သည်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် အလောင်းတော်၏ ပါရမီကို ကူညီခဲ့ရသဖြင့် သူ့အတွက် ပါရမီတွေမှာ ပိုလွန်နေလေပြီ။ ပရိနိဗ္ဗာန် စံခါနီး၌ မိန်းမအများတွင် မိမိသည် အလှဆုံး အချောဆုံး ဟု ထုတ်ဖော်၍ ပြောဆိုထားသဖြင့် ရုပ်အဆင်းဘက်က **“မိန်းမအားလုံးတို့၏ မျက်နှာဖုံး”** ဟု ဆိုရပေမည်။

ပါရမီတော် ဖြည့်စဉ်အခါဝယ် အလောင်းတော်ဘုရား၏ တတွတ်တွတ် သွန်သင် ပြသ ဆုံးမသံတွေကို စိတ်ရောကိုယ်ပါ နာခံခဲ့ရလှသဖြင့် လိမ္မာရေးခြား ပါးပါးနပ်နပ် ဖျတ်လတ်သည့်ဘက်ကမူ မည်သူနှင့်မျှ မတူနိုင်ပါ။ ဣန္ဒြေ စောင့်စည်းသည့်ဘက်ကဆိုလျှင် အမရာဒေဝီ, ကိန္နရီနှင့် မဒ္ဒီမိဖုရား စသော ဘဝတုန်းကပင် အားရကျေနပ်ဖွယ် ကောင်းလှပြီ ဖြစ်၍ အထွတ်အထိပ်ရောက်နေသော ယခုဘဝမှာ

http://www.dhammadownload.com



အပြစ်ရှာသော်လည်း တွေ့ရတော့မည် မဟုတ်ပါ။ အချုပ်အားဖြင့် ဆိုရလျှင် "အမျိုးသမီးအားလုံး၏ တစ်မျိုးစီ တစ်မျိုးစီ အစွမ်းကုန် ရှိနေသော ဂုဏ်အင်္ဂါတွေကို ယသော်ဓရာ တစ်ယောက်တည်း၌ အပြည့်အစုံ ရှိပြီး ဖြစ်နေသည်" ဟု ဆိုလိုသည်။

## ထီးနန်းစံတော်မူခန်း

ခမည်းတော် သုဒ္ဓေါဒနမင်းသည် ပြခဲ့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ယသော်ဓရာမင်းသမီးကို သာကီဝင်မင်းသမီး လေးသောင်း တို့၏ ထိပ်ထား မိဖုရားခေါင်အရာ၌ မြှောက်စား၍ အလောင်းတော် ဘုရားနှင့်အတူ ဘိသိက်ခံတော်မူပြီးလျှင် ဆောင်းဥတုအခါတွင် စံမြန်း တော်မူရန် "ရမ္မ" မည်သော ၉ ဆင့်တိုက်နန်းကိုလည်းကောင်း၊ နွေ ဥတုအခါတွင် စံမြန်းတော်မူရန် "သုရမ္မ" မည်သော ၅ ဆင့်တိုက် နန်းကိုလည်းကောင်း၊ မိုးဥတုအခါတွင် စံမြန်းတော်မူရန် "သုဘ" မည်သော ၇ ဆင့် တိုက်နန်းကိုလည်းကောင်း ခမ်းနားစွာ တည်ဆောက် စေတော်မူသည်။ (ဇိနာလင်္ကာရ ဋီကာ။)

ဆောင်းနွေမိုး ဥတုသုံးပါးအလိုက် သိုက်မြိုက်သော အသုံးအဆောင် ဥယျာဉ် ရေကန် တို့ကို တည်ဖန်ပြီးနောက် နွေဥတု ရောက်သောအခါ စိတ်ကြည်နူးဖွယ်ရာ ရေပြွန်တို့မှ ရေပန်းတို့ကို ထွက်ဖြာစေလျက် အထက် ကောင်းကင်၌လည်း သားရေများ ကြက်ပြီးလျှင် ထိုသားရေ မျက်နှာကြက်တို့အပေါ်၌ မိုးရွာသံ ထင်ရအောင် ကျောက်ခဲကလေးများဖြင့် အသံပေးကာ ဥယျာဉ်၏ အလယ်မှာ စိတ်ဓာတ်ကို လွန်စွာ အေးမြ စေသည့်အပြင် နန်းတော်၏ အရှေ့ အနောက် ကန်တော်ကြီးတို့၌ ပျံသန်းပျော်မြူးနေကြသော ငှက်တို့၏ အသံက ထပ်မံအေးမြစေသည့်

http://www.dhammadownload.com



အတွက် အထက်နတ်နန်း၌ စံမြန်းရသည့်ပမာ လွန်စွာ ချမ်းမြေ့ စေတော်မူပေသည်။

နန်းတော်ကြီး၏ အတွင်းမှာလည်း မကင်းစကောင်းသော ဆန္ဒအမတ် တို့လို အမတ်အချို့မှလွဲ၍ အားလုံးသော နေရာ၌ တင့်တယ်လှပသော ဥမျိုးသမီးများကိုသာ အမှုတော်ထမ်းစေရုံမက "သူအို၊ သူနာ၊ သူသေ တို့ကို မြင်လျှင် တောထွက်လိမ့်မည်" ဟု နိမိတ်ဖတ်ထားသဖြင့် ထို သူအို စသူတို့ကို မမြင်ရအောင် နန်းတော်၏အနီးအပါး၌ အစောင့်အကြပ်များ ထားသည့်ပြင် တိတ်တဆိတ် ထွက်သွားမည်စိုးသဖြင့် လူတစ်ထောင်ဖွင့်မှ ပွင့်နိုင်မည့် မြို့တံခါးကြီးကိုလည်း လဲလှယ် တပ်ဆင်ထားလေသည်။

သုဒ္ဓေါဒနမင်းကြီး၏ စီမံချက်အရ အလောင်းဘုရား၏ ရှေးဘုန်းရှေးကံကြောင့် စိုးစံတော်မူရသော စည်းစိမ်ကြီးကား ကြီးကျယ် လှပါပေသည်။ သာကီဝင်မင်းသမီးအပေါင်းတို့ အလယ်မှာ ယသော်ဓရာမိဖုရား၏ ထူးခြားသောအသရေတော်သည် ကြယ်ပေါင်းတို့ အလယ်၌ လ ရတနာ တင့်တယ်သလို ရှိပါပေ၏။ ကြီးမားသော မေတ္တာဖြင့် အရာရာ ယုယလေ့ရှိသော ယသော်ဓရာမိဖုရားကြောင့် အလောင်းဘုရား၏ နေကမ္မဓာတ် မြင့်မြတ်သော စိတ်တော်သည် အိပ်ပျော်သကဲ့သို့ ထင်စရာရှိပေသည်။

သို့သော် အလောင်းဘုရားကား ထိုမျှနီးနီး လူ့စည်းစိမ်ကြီးကို ဘဝပေါင်းများစွာ၌ စွန့်ခဲ့ပေါင်း များပြီဖြစ်၍ ထိုကဲ့သို့ စည်းစိမ်ကြီးများကို စွန့်ခွာရာ၌ လွန်စွာ ကျင့်သားရပြီး ဖြစ်၏။ မူလ ဓာတ်ခံမှာလည်း သတ္တဝါတို့ကို ချမ်းသာအောင် ကယ်တင်လိုသော မဟာကရုဏာ

ခေတ်တော်ကြီးပေတည်း။ ထို မဟာကရုဏာတော် အလိုကျအောင် သတ္တဝါများကို မကယ်ရသေးသမျှ အေးအေးလူလူ စည်းစိမ်ခံစား နိုင်မည် မဟုတ်ပါ။ အထက်မြစ်ညာမှ အဟုန်ပြင်းစွာ စီးလာသော ရေအလျဉ်သည် လမ်းတွင် တွေ့သမျှ အရာဝတ္ထုတွေကို တရဟော တိုက်လွင့်၍ သမုဒ္ဒရာရောက်အောင် စီးသကဲ့သို့ ဘုရားအလောင်း၏ သဗ္ဗညုတဉာဏ် ဘုရားဖြစ်ရန်အကြောင်း စုဆောင်းခဲ့သော ပါရမီ တော်အဟုန်သည်လည်း ကာမဂုဏ် စည်းစိမ်ကြီးကို အပြီးသတ် တိုက် လွင့်၍ တောထွက်ခွင့်ရဖို့ရန် စီမံပါလိမ့်မည်။

* * * * * * *

### သံဝေဂ ယူတော်မူခန်း

အလောင်းဘုရားသည် ပြခဲ့သော ထီးနန်းစည်းစိမ်ကြီးကို ခံစား တော်မူစဉ် သက်တော် ၂၉ နှစ် အရွယ်သို့ ရောက်သောအခါ များစွာသော အခြွေအရံတို့ဖြင့် ဥယျာဉ်သို့ ထွက်တော်မူလေသော် အလောင်းဘုရား၏ တောထွက်ဖို့ အခွင့်အခါကို မကြာခဏ ကြည့်ရှု နေကြသော ဗြဟ္မာမင်းတို့က သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟု ၄ ပါး သော နိမိတ်ကြီးများကို အစဉ်အတိုင်း ဖန်ဆင်းလျက် အလောင်း ဘုရားနှင့် ရထားထိန်းမြင်ရုံမျှ ပြကြလေသည်။

ထိုအခါ သူအို၊ သူနာ၊ သူသေတို့ကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ရဖူးသော အလောင်းဘုရားသည် ကိုယ်တော်နှင့်တကွ ဆွေတော် မျိုးတော် အားလုံးပင် အိုရ၊ နာရ၊ သေကြရဦးမည့် အချက်ကို ဆက်လက်တွေးဆ သံဝေဂ ဖြစ်တော်မူတုန်းဝယ် သပ္ပာယ်သော

http://www.dhammadownload.com



ရဟန်းတော်ကို ဖူးမြော်ရသောအခါ ကမ္ဘာအဆက်ဆက်က နှစ်သက်ခဲ့သော အသွင်ဖြစ်ရကား အားရရွှင်လန်းလျက် ရဟန်းပြုဖို့ရန် အမိန့်ခံ ပြုတော်မူလေသည်။ ထို့နောက် ညနေချမ်း၌ ဥယျာဉ်တော် မင်္ဂလာ ရေကန်မှ ရထားစီး၍ ပြန်တော်မူလေသည်။ ထိုပြန်ခါနီး၌ သားတော် ရတနာ ဖွားမြင်တော်မူကြောင်းကို သံတော်ဦးတင်လာသဖြင့် * "ရာဟု ဇာတော– အနှောင်အဖွဲ့ ဖြစ်ပါပကော" ဟု ညည်းတွားတော်မူလေသည်။

## တောထွက်တော်မူရန် အစီအစဉ်

အလောင်းဘုရားသည် နန်းတော်သို့ ရောက်တော်မူပြီးနောက် ကချေသည် မောင်းမတို့ ကပြ တီးမှုတ်လျက် ဖြေဖျော်ကြသည်ကို ရှေးကလို စိတ်ဝင်စားတော်မမူဘဲ သလွန်တော်၌ လျောင်းစက်တော်မူလေသည်။ ထိုအခါ ကချေသည် မောင်းမအပေါင်းတို့လည်း သီဆို တီးမှုတ်မှုများကို ရပ်တန့်၍ အိပ်ပျော်နေကြစဉ် ဒူးပေါ် ပေါင်ပေါ် စသည်ဖြင့် မလျော်သော အိပ်ပျော်နေကြပုံကို အလောင်းဘုရား စက်တော်ခေါ်ရာမှ အထတွင် မြင်တော်မူရ၍ ရှေးကထက် သံဝေဂ ရပြီးလျှင် "ယနေ့ညပင် တောထွက်တော့အံ့" ဟု ကြံတော်မူကာ ငယ်ကျွန်တော်ရင်း ဆန္နအမတ်မင်းကို နှိုးလျက် ကဏ္ဍကမြင်းကို ဆက်ဖို့ရန် အမိန့်ပေးလေသည်။

---

* ရာဟု ဇာတော– ဟူသော စကားတော်ကြောင့် သားတော်ကို "ရာဟုလာ" ဟု နာမည်မှည့်ကြလေသည်။

http://www.dhammadownload.com



ထိုအခါ နန်းတော်၏ အတွင်းအပြင်၌ နတ်ဗြဟ္မာအများတို့ ရောက်နေကြ၏။ နန်းတော်အတွင်းရှိ လူများနှင့်တကွ တစ်မြို့လုံး မနိုးရလေအောင် နတ်များက စီမံထား၏။ ကဏ္ဍကမြင်းတော်ကို ဆက်သဖို့ရန် ဆန္နသည် အတော်ဝန်လေး၏။ တောထွက်မည်ကို အမှန်ပင် မလိုလား။ သူ၏သခင် စကြာရှင် ဖြစ်သည်ကိုသာ မြင်လို၏။ သို့သော် အမိန့်တော်ကို မလွန်ဆန်ဝံ့ရုံသာမက မည်သူမျှလည်း မနိုးကြသဖြင့် ကဏ္ဍကစီးတော်မြင်းကို ပြင်ဆင်ရရှာလေသည်။

အလောင်းဘုရားသည် တောသို့ ထွက်ခွာတော်မူခါနီး၀ယ် သားတော်ကို ရှုစားတော်မူလိုသောကြောင့် ယသော်ဓရာ မိဖုရား၏ အဆောင်တော်သို့ ကြွတော်မူလေသည်။ ထိုအခါ အဆောင်တော်အတွင်း ဝယ် နံ့သာတိုင်များကို ထွန်းညှိထား၏။ ယသော်ဓရာ မိဖုရားသည် မြလေးပန်းတို့ဖြင့် ရောပြွမ်းနေသော သလွန်ပေါ်၌ သားတော်ကလေး၏ ဦးခေါင်းပေါ်မှာ ရွှေလက်တော်တင်လျက် စက်တော်ခေါ်နေ၏။

အလောင်းဘုရားသည် အဆောင်တော်၏ တံခါးခုံအတွင်းသို့ ချင်းနင်းမိသောအခါ လွန်စွာ ကျက်သရေရှိသော တိုက်ခန်းဝယ် တင့်တယ်သော သလွန်တော်ထက်၌ မြလေးပန်းတို့၏ အလယ်တွင် ရင်သွေးတော် ရတနာနှင့် ကြင်ယာတော်မိဖုရား စက်တော်ခေါ်နေပုံကို ရှုစားတော်မူရသောအခါ တော်တော်တန်တန် ပါရမီရှင်ဆိုလျှင် ထိုနေရာ တစ်ချက်နှင့် တောထွက်ဖို့ အထမြောက်တော့မည် မဟုတ်ပါချေ။

မိဖုရားကား ရှိရှိသမျှ အမျိုးသမီးတို့တွင် အသာဆုံးဖြစ်ရုံသာ မက လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကပင် စ၍ ပါရမီကို ကူညီလာခဲ့ရှာသူ ဖြစ်သည့်ပြင် မီးရှူးသန့်စင် ပြီးခါစ အားတော်ခပ်နဲ့

http://www.dhammadownload.com



နဲ့ဖြင့် သားတော်ကလေးအပေါ် လက်တော်တင်လျက် တောထွက်မည့် အကြောင်းကို လုံးလုံး မသိရှာဘဲ စက်တော်ခေါ်နေ၏။ သားတော်ကလေး ကား ရင်သွေးတော်ရတနာ စကြာမင်းလောင်းလျာကလေး ဖြစ်ရုံသာမက တစ်ခါမျှလည်း အားရ ပါးရ ရှုစားတော်မမူရသေး။ ရင်သွေးတော် ရတနာကို အားရပါးရ ပွေ့ယူတော်မူလိုသော်လည်း မိဖုရားနိုးတော်မူလျှင် ထွက်နိုင်ဖို့ လမ်းမမြင်သောကြောင့် "ဘုရားဖြစ်မှ သားချစ်ကို ရှုတော့ အံ့" ဟု အာရုံတော် ရုပ်သိမ်း၍ အဆောင်တော်မှ ထွက်ခွာပြီးလျှင် မင်္ဂလာမြင်းတော်ထက်သို့ ရွှေစက်တော် တင်ရလေသည်။

## တောထွက်တော်မူခန်း

မင်္ဂလာ မြင်းတော်ထက်သို့ ရောက်ပြီးနောက် ဝါဆိုလပြည့် သန်းခေါင်ယံအချိန်မှာ နတ် ဗြဟ္မာများ ခြံရံလျက် ဖွားဘက်တော် ဆန္နအမတ်အား မြင်းမြီးကို ကိုင်ဆွဲစေပြီးလျှင် မြို့တော် တံခါးအနီးသို့ ရောက်သောအခါ မြို့တံခါးစောင့်နတ်များက အဆင်သင့် တံခါးကို ဖွင့်ကြလေသည်။ ထိုအခါ မာရ်နတ်မင်းက "အသင် မင်းသား၊ တောထွက်ဖို့ မလိုပါ၊ မကြာခင် ၇ ရက်မြောက်၌ စကြာရတနာ ဆိုက်ရောက်ပါလိမ့်မည်" ဟု ပြော၍ တားမြစ်သော်လည်း ဂရုမပြု၊ စကြာမင်းစည်းစိမ်ကိုပင် လျစ်လျူရှုတော်မူလျက် မင်္ဂလာတံခါးမှ ထွက်တော်မူလေသည်။

ထိုအခါ အချို့ နတ်ဗြဟ္မာတို့သည် မီးရောင်စုံများကို ရှေ့နောက် ဝဲ ယာ ညှိထွန်းလျက် အချို့က ပန်းနံ့သာများကို ကြဲဖြန့်ပူဇော်ပြီးလျှင်

http://www.dhammadownload.com



အချို့က ဘုန်းတော်ဘွဲ့ သီချင်းနှင့် တူရိယာမျိုးစုံတို့ကိုတီးမှုတ်သီဆိုကာ လွန်စွာ ကြည်နူးဖွယ် ကောင်းပါသည်။

## ရဟန်းပြုတော်မူခန်း

ထိုအစီအစဉ်ဖြင့် ထွက်တော်မူလာရာ အနော်မာမြစ်ကမ်းသို့ ရောက်တော်မူလျှင် မြင်းတော်ကို အချက်ပေး၍ ရှစ်ဥသဘလောက် ဝေးသော ဟိုဘက်ကမ်းသို့ ပျံသန်းစေပြီးနောက် ထိုဖက်ကမ်းအရောက် တွင် ငွေသားအဆင်းရှိသော သဲသောင်ပြင်ဝယ် ထိုင်တော်မူ၍ သန်လျက် ဖြင့် ဆံတော်ကို ကိုယ်တိုင် ပယ်တော်မူလေသည်။ ထို့နောက် ဆံတော် ကို ကောင်းကင်သို့ မြှောက်လိုက်သောအခါ သိကြားမင်း ခံယူ၍ တာဝတိံသာ နတ်ပြည်၌ "စူဠာမဏိစေတီ" တည်ထားလေသည်။ ထို့နောက် ဃဋိကာရ ဗြဟ္မာမင်းက ကပ်လှူအပ်သော ရဟန်းပရိက္ခရာ တို့ကို ဆင်မြန်းတော်မူပြီးလျှင် ဝတ်လဲတော်ကို ကောင်းကင်သို့ မြှောက်ပြန်ရာ ဃဋိကာရ ဗြဟ္မာမင်း ခံယူ၍ ဗြဟ္မာ့ပြည်၌ "ဒုဿစေတီ" တည်ထား ကိုးကွယ်လေသည်။

အလောင်းဘုရားသည် ရဟန်းပြုတော်မူပြီးနောက် ဆန္နအား တိုင်းပြည်သို့ ပြန်ဖို့ရန် အမိန့်ပေးသံကို ကဏ္ဍကမြင်းတော် ကြားရသဖြင့် မိမိ၏သခင်နှင့် ခွဲခွာရမည့် အချက်ကြောင့် စိတ်မသက်မသာ နှလုံးနာ သဖြင့် စုတေရာပြီးနောက် တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏။ ဆန္နအမတ်လည်း မိမိသခင်ကို ခွဲရမှာက တစ်ဖက်၊ မြင်းတော် စုတေ သည်က တစ်ဖက်နှင့် အခက်ကြုံကာ တိုင်းပြည်သို့ မပြန်လိုပါသော်လည်း အရှင်၏ အာဏာကို မလွန်ဆန်ဝံ့သောကြောင့်သာလျှင် တိုင်းပြည်သို့ ပြန်ရရှာလေသည်။

http://www.dhammadownload.com



## နန်းတော်၌ ဖြစ်ပျက်ပုံ

အလောင်းဘုရား တောထွက်သွားတော်မူပြီးနောက် အလင်းသို့ ရောက်သောအခါ အလောင်းဘုရားကို မတွေ့မြင်ရ၍ ယသော်ဓရာမိဖုရား ရုတ်ခနဲ တသငိုကြွေးလိုက်သောအသံကို မောင်းမအများကြားရသဖြင့် ဆင့်ကာဆင့်ကာ ငိုကြွေးကြလေရာ အလောင်းဘုရား၏ တစ်နန်းတော်လုံး ဆူညံသွားလေသည်။ အလောင်းဘုရား၏စံနန်းက ဆူညံသံကို ခမည်းတော်မင်းကြီး ကြားသဖြင့် ချက်ချင်းစေလွှတ်၍ မေးမြန်းလေရာ အလောင်းဘုရား မရှိကြောင်းကို ကြားတော်မူရလျှင် မြို့တံခါးကို အပိတ်ခိုင်း၍ လိုက်လံရှာဖွေကြစဉ် မိထွေးတော် ဂေါတမီသည် လူးကာ လိမ့်ကာနှင့် သားတော်ကို ရှာပေးရန် သုဒ္ဓေါဒန မင်းကြီးထံ ပူဆာလေသည်။ သုဒ္ဓေါဒနမင်းကြီးလည်း မိဖုရားကြီး ပူဆာသည်က တစ်တန်၊ ယသော်ဓရာ စုဖုရားတို့ လှိုက်လှိုက်လှဲလှဲ ငိုသံကတစ်ဖက်၊ သားတော်ထွက်သွား၍ ရတက်မအေးရသည်က တစ်ဖုံနှင့် ဝိုင်းအုံ၍ နေသော ဒုက္ခတွေအကြားဝယ် မြင်းလျှင်တော်များကို ဆင့်ခေါ်၍ သားတော်ကို မတွေ့တွေ့အောင် ရှာဖို့ရန် အမြန်စေခိုင်းတော်မူရ လေသည်။

မြင်းလျှင်တော်များသည် မင်္ဂလာတံခါး အထွက်တွင် ညဥ့်က ပူဇော်ကြသော ပန်းတွေကို မြင်၍ လမ်းစဉ်အတိုင်း လိုက်သွားကြရာ ပြန်လာသော ဆန္နအမတ်နှင့် တွေ့ကြသဖြင့် အကြောင်းစုံကို သိကြရသော ကြောင့် အတင်းပင့်သော်လည်း လိုက်တော့မည်မဟုတ်ဟု ဆန္န၏ ပြောပြချက်အရ တိုင်းပြည်သို့ ပြန်ခဲ့ကြရလေသည်။ ဆန္န ဥယျာဉ်တော် သို့ ရောက်လျှင် သုဒ္ဓေါဒနမင်းကြီးနှင့် တွေ့၍ အလောင်းတော်ဘုရားက

http://www.dhammadownload.com



ခမည်းတော် မယ်တော်များထံ မှာလိုက်သော စကားနှင့် အဖြစ်အပျက်ကို သံတော်ဦးတင်ပြီးနောက် အလွန်ပူဆွေးနေသော ယသော်ဓရာကို သက်သာနိုင်သမျှ သက်သာစေဖို့ရာ ယသော်ဓရာ စံနန်းသို့ ဆက်လက်သွားလေသည်။

## ယသော်ဓရာ တမ်းတခန်း

အလောင်းဘုရား တောထွက်သွားသော်လည်း ယသော်ဓရာမိဖုရား၏ စိတ်၌ "သုဒ္ဓေါဒနမင်းကြီး အရှာခိုင်းလိုက်သော မြင်းလျင်တော်များနှင့်အတူ ဆန္နရော အလောင်းတော်ဘုရားပါ ပြန်ပါလာလိမ့်မည်" ဟု မျှော်လင့်ချက်ဖြင့် စိတ်သက်သာခွင့် ရရှာပေသေး၏။ ထိုကဲ့သို့ မျှော်လင့်ချက်ဖြင့် အလောင်းဘုရား ပြန်လာမည့် လမ်းသို့ စိတ်အားထက်သန်စွာ မျှော်နေစဉ် ဆန္နတစ်ယောက်တည်း ပြန်လာသည်ကို မြင်ရလျှင်ပင် ရွှေရင်မှာ အပူခွေ့သဖြင့် မျောမေ့၍ သွားရှာတော့သည်။ ရံရွေတော်များက နှာတော်ဆက်သ၍ သတိရသောအခါ အလောင်းဘုရား၏ ဂုဏ်ကို ဖွဲ့နွဲ့ကာ ပြင်းစွာ ငိုကြွေးလျက် "ညဉ့်အခါတုန်းက မောင်တော်ဘုရား တောထွက်တော့မည်ဟု မြင်းတော်ကို တောင်းတဲ့အခါ အနှိုးတော် မဆက်ကောင်းလား"ဟု ဆန္နကို အပြစ်တင်လေသော်--

ဆန္နအမတ် သံတော်ဦးတင်သည်မှာ သခင်မဘုရား ညဉ့်အခါ၌ ဖြစ်ပျက်ခဲ့ရပုံကို အလုံးစုံ သံတော်ဦးတင်ပါမည်၊ ရွှေနားဆင်တော်မူပါ။ သန်းခေါင်ယံ အချိန်လောက်တွင် အားလုံးသော ရံရွေတော်များ အိပ်ပျော်နေစဉ်ဝယ် ဘုရားကျွန်ကို ခေါ်တော်မူ၍ "ကဏ္ဍကမြင်းတော်ကို ဆက်ရမည်" ဟု အမိန့်ပေးပါသည်။ ထိုအခါတုန်းက သလွန်ပေါ်မှာ

http://www.dhammadownload.com



စက်တော်ခေါ်နေသော သခင်မဘုရားကို ဘုရားကျွန် အမှန်ပင် အနှိုးတော်ဆက်ပါသည်။ သို့ရာဝယ် နတ်အများက ပိတ်ချုပ်ထားသဖြင့် မည်သူတစ်ယောက်မျှ မနိုးကြပါ။ သခင်မဘုရား၊ ငိုကြွေးခြင်းဖြင့် အကျိုးမရှိတော့ပါ။ 'အမြတ်ဆုံးဘုရားအဖြစ်ကို မကြာခင် ရပါတော့မည်၊ ထိုဘုရားအဖြစ်ကျမှ အားရပါးရ ဖူးမြော်ဖို့ရာ ဤရွှေနန်းတော်ကနေ၍ မျှော်လင့်တော်မူပါ" ဟု သံတော်ဦးတင်လေသည်။

**လလိတဝိတ္ထာရကျမ်းလာ ယသော်ဓရာ တမ်းတပုံ**

ယာ မယှ ပီတိဇနနာ, ဟာ မမ နရပုင်္ဂဝါ၊

ဟာ မမ သုရူပ ရူပါ, ဟာ မမ ဝရလက္ခဏာ။

မယှံ– မဒ္ဒီအဖြစ်, မောင့်ကိုချစ်၍, တောပြစ်ကိုခံ, တောမှာ စံလျက်, တောဒဏ်ဖြင့်ပျော်, နှမတော်၏၊ ပီတိဇနနာ– အသုံးယဉ်ယဉ်, မမုန်းချင်အောင်, ပြုံးရွှင်စေတတ်, အို မောင်တော်မြတ်ဘုရား၊ ဟာ– ယခုမှပင်, မပျော်ရွှင်အောင်, တမင်ရှောင်လျက်, တောတောင်သာခန်း, မောင်တော်လှမ်း၍, မြန်းရက်လေခြင်း ဘုရား။

မမ– ကိန္နရီဘဝတုန်းက, ချုံးချုံးကျလျက်, တမ်းတ နှောင့်နှေး, မောင့်အရေးကြောင့်, တွေးကာတွေးကာ, ငိုကြွေးရပါသော နှမတော်၏၊ နရပုင်္ဂဝါ– လူနတ်ကောင်းအောင်, သောင်းအထောင်၏, ခေါင်းဆောင် ရှေ့သွား, အို... မောင်တော်မြတ်ဘုရား၊ ဟာ– တစ်ဖန် ယခု, ငိုအောင်ပြုလျက်, စုစုကိုရှောင်, တောတောင်သာခန်း, မောင်တော်လှမ်း၍, မြန်းရက်လေခြင်း ဘုရား။

http://www.dhammadownload.com



မမ– အမရာမည်, အခါဆီဝယ်, သာကြည်ရွှင်ပျော်, အရှင် ကျော်အောင်, ထင်ပေါ်စေမှု, ကူညီ၍ ပြုခဲ့ရသော နမတော်၏၊ သုရူပ ရူပါ– ပန်းတော်အင်ကြင်း, ပင်လုံးဝင်းမျှ, ပွင့်လင်းယှက်ဝေ, ကျက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာရှုမျှော်, အို မောင်တော်မြတ်ဘုရား၊ ဟာ– သွေးတော်နုနု, သားရွှေဥမျှ, မရှုနိုင်အောင်, တမင်ရှောင်လျက်, တောတောင်သာခန်း, မောင်တော်လှမ်း၍, မြန်းရက်လေခြင်းဘုရား။

မမ– လေးသချေ်ထက်, ဟို့ဟိုဘက်က, မပျက်နှစ်ကိုယ်, မောင်တော့်ကိုပြု, မောင်တော်ရှုလျက်, ယခုယသော်, နမတော်၏၊ ဝရလက္ခဏာ– ယောက်ျားမြတ်၏, အမှတ်တံဆိပ်ဖြင့်, ခတ်နှိပ်စုံလင်, ဂုဏ်အင်ပြည့်မော်, အို ......မောင်တော်မြတ်ဘုရား၊ ဟာ– တရားအသစ်, ဘုရားဖြစ်မှ, သားချစ်နှင့်အတူ, နာယူမည် မှန်းဆလျက်, တမ်းတကာ တစ်ကိုယ်ရေးဖြင့်, ငိုကြွေး၍ ကျန်ရစ်ရချေပေါ့ဘုရား။

**အမှာ**။ ။ကျမ်းရင်းက မဖွင့်သော်လည်း တမ်းတပုံ သရုပ်ပေါ်အောင် အမရာ, ကိန္နရီ, မဒ္ဒီဘဝနှင့် ယသော်ရော ဘဝတို့ကို တန်ဆာဆင်လျက် အနက်ပေးထားသည်။

ထို့နောက် ယသော်ရော မိဖုရားသည် အလောင်းဘုရား ဝတ်စားနေထိုင်တော်မူပုံကို မေးလေရာ ညဥ့်စာမစား၊ ပန်းနံ့သာမဆင်၊ ခမ်းနားသော အိပ်ရာတွင် မအိပ်ကြောင်းကို ကြားရသောကြောင့် အလောင်းဘုရားကို အတုလိုက်ပြီးလျှင် ညဥ့်စာအတွက် ပွဲတော်တည်မှု၊ ပန်းနံ့သာ လိမ်းကျံမှု၊ ကြီးကျယ်ခမ်းနားသော အိပ်ရာ နေရာ၌

http://www.dhammadownload.com



စက်တော်ခေါ်မှု ဟူသော ဝိကာလဘောဇနေ, နစ္စ, ဂီတ, ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တော်များကို စောင့်ထိန်းကာ ၂၉ နှစ် အရွယ်တော်မှာပင် ဥပုသ်သည်ကလေး ဖြစ်၍ နေရစ်ရှာလေသတည်း။

## * ဒုက္ကရစရိယာ ကျင့်တော်မူခန်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးနောက် ဒေသစာရီ လှည့်လည်တော်မူစဉ် အာဠာရနှင့် ဥဒက ရသေ့တို့ထံ ဝင်၍ တရားထူးကို စုံစမ်းတော်မူရာ လောကီဈာန်လောက်ကိုသာ ထိုရသေ့တို့ အထံမှ ရရှိသဖြင့် တင်းတိမ်အားရတော် မမူသေးသောကြောင့် ဥရုဝေဠတောသို့ ကြွ၍ ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူသည်။

---

* ဒုက္ကရ= ပြုနိုင်ခဲသော အကျင့်ကို+စရိယာ = ပြုကျင့်ခြင်း၊ အခြားသူတို့ ပြုကျင့်နိုင်ခဲသော အကျင့်ကို ကျင့်တော်မူခြင်းသည် "ဒုက္ကရစရိယာ" မည်၏။ "ဒုက္ခစရိယာ" ဟု ပြောကြသည်မှာ ကျမ်းဂန်လာ မဟုတ်ပါ။

အလောင်းတော် ၆ နှစ်မျှ ခန္ဓာကိုယ်ကို အလွန်ပင်ပန်းစေလျက် ကျင့်တော်မူခြင်းသည် စင်စစ် လမ်းမှန်ကျသော အကျင့် မဟုတ်ပါ။ ထိုစဉ်က ခန္ဓာကိုယ် ပင်ပန်းခံနိုင်သော (အတ္တကိလမထ) အကျင့်ဖြင့် အသားယူ၍ ဘုရားတစ်ဆူ လုပ်နေကြသော ခေတ်ကြီးပေတည်း။ အလောင်းတော်လည်း ဇောတိပါလဘဝက ကဿပဘုရားရှင်အား "ဗောဓိဉာဏ်နှင့် ဝေးပါသေးရဲ့" ဟု နှုတ်ကြွေးတော် ဝစီပြစ်ကြောင့် ထိုအတ္တကိလမထ အကျင့်များကိုပင် ကျင့်မိတော်မူလေသည်။ ဇောတိပါလ, ဖြစ်စဉ်ကလျှင်, ကဿပဘုန်းရှိ, စောမုနိကို, ဗောဓိဉာဏ်ရေး, အလွန်ဝေးဟု, နှုတ်ကြွေးတင်လစ်, ဝစီပြစ်ကြောင့်, ခြောက်နှစ် ဒုက္ကရ, ကျင့်လွဲရ၏။

http://www.dhammadownload.com



ကျင့်တော်မူပုံ အစီအစဉ်မှာ– ရှေးဦးစွာ "သေန" မည်သော နိဂုံးသို့ ဆွမ်းခံဝင်ကာ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် မေတ္တာဘာဝနာကို ပွားများလျက် ထိုနေ့ကာလကို လွန်စေတော်မူသည်။ ထို့နောက် ဆွမ်းအာဟာရကို သုံးဆောင်တော်မမူတော့ဘဲ အလိုအလျောက် ကြွေကျလာသော သစ်သီးကိုသာ ကောက်ယူ၍ ဘုဉ်းပေးတော်မူ၏။ ထို့နောက် ထိုထို၌ဤ သစ်ပင်အောက် လှည့်လည်ကောက်ယူ၍ စားနေရခြင်းကိုပင် အလုပ်ပျက်သည်ဟု အယူရှိသဖြင့် ကိုယ်တော်မြတ်နေရာ သစ်ပင်အောက် ၌သာ ကြွေကျသော သစ်သီးများဖြင့် မျှတတော်မူလေသည်။

ထို့နောက် အစာအာဟာရ စားသောက်နေခြင်းကိုပင် အလုပ်ပျက် သည်ဟု ထင်တော်မူ၍ လုံးလုံး အစာမစားဖို့ရန် ကြံစည်သော်လည်း "အစာမစားဘဲနေလျှင် နတ်သြဇာသွင်းပေးမည်" ဟု နတ်တို့က လျှောက်ထားကြသဖြင့် နတ်သြဇာ အသွင်းလည်း မခံလိုသောကြောင့် လက်တစ်ခုပ်လောက် ပဲရည်၊ ဆီးသီးကလေးမျှကို ဘုဉ်းပေးတော်မူ လေသည်။

ထိုသို့ အာဟာရလည်း ဆုတ်ယုတ်၊ တရားကိုလည်း အားထုတ် မှုကြောင့် အလောင်းဘုရား၏ ရွှေအဆင်းသို့ ဝါဝင်းပြည့်ဖြိုးသော ကိုယ်တော်သည် ညိုမည်းခြောက်ကပ်၍ နေလေတော့၏။ သွေးသားဟူ၍ မရှိတော့ဘဲ အရိုးနှင့်အရေသာ ကျန်လေတော့သည်။ ထိုကဲ့သို့ ခြောက် ကပ်မှုကြောင့် ဝစ္စမဂ် (စအို) သည် အတွင်းသို့ တွန့်နေရကား ကျင်ကြီး စွန့်လိုသောအခါ မစွန့်နိုင်ဘဲ မှူးမိုက်၍ ထိုင်နေရာမှာပင် လဲရှာလေသည်။

ဤသို့သော နည်းများဖြင့် ၆ နှစ်ခန့်ကြာအောင် ဒုက္ကရစရိယာ ကျင့်တော်မူသော်လည်း တရားထူးကို မရနိုင်သောကြောင့် အတိုင်းထက်

http://www.dhammadownload.com



အလွန် ခန္ဓာကိုယ်ကို အပင်ပန်းခံခြင်းသည် သမာဓိ ရဖို့ရန် နည်းလမ်း မဟုတ်သေးသဖြင့် နောက်တစ်ဖန် သေနနိဂုံး၌ ဆွမ်းခံ၍ အာဟာရကို မှီဝဲပြန်ရာ မကြာခင် အားအင် တိုးပွား၍ ပင်ကိုက အရေအသားများ ဖြစ်ပေါ်လာလေသည်။

## မာရ်နတ်ကို အောင်မြင်တော်မူခန်း

ဘုရားအလောင်းတော်သည် ၂၉ နှစ်အရွယ်တွင် တောထွက်တော်မူ၍ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူပြီးနောက် ၃၅ နှစ် အရွယ်တော်သို့ ရောက်တော်မူရာ ကဆုန်လပြည့်နေ့ဝယ် သေနနိဂုံးသူ သူဌေးကတော်ကလေး သုဇာတာ* ၏ နို့ဃနာဆွမ်းကို ရွှေခွက်ပါ ခံယူတော်မူ၍ နေရဥ္စရာ မြစ်ကမ်း၌ ၄၉ လုတ်မျှ ဘုဉ်းပေးတော်မူ ပြီးလျှင် "ယနေ့ ဘုရားဖြစ်မည် မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသား" ဟု အဓိဋ္ဌာန်၍ မျှောလိုက်ရာ ရွှေခွက်လည်း ဝမ်းဘဲအလား ရေညာသို့ ဆန်သွား၍ ကာဠနဂါးမင်း ဗိမာန်တွင်းသို့ သက်ဆင်းနစ်မြုပ်လျက် ရှေးဘုရားရှင်တို့ ရွှေခွက်အောက်၌ တည်လေ သတဲ့။

---

* သုဇာတာသည် အပျိုဘဝတုန်းက "အမျိုးတူ သူဌေးသားနှင့် ရ၍ သားဦး ဖွားအောင် စောင်မလျှင် အရှင်နတ်မင်းအား နှစ်စဉ်ပူဇော်ပါမည်" ဟု ဝန်ခံ ခဲ့၍ သူတောင့်တတိုင်း အကျိုးရသောကြောင့် ညောင်ပင်စောင့်နတ်က မစ သည်ထင်၍ နှစ်စဉ် ညောင်ပင်ကို ပူဇော်၏။ ထိုနှစ် ဘုရားအလောင်းနှင့်တွေ့၍ ညောင်ပင်စောင့်နတ်ဟုပင် မှတ်ထင်၍ နို့ဃနာကို ရွှေခွက်ပါ ပူဇော်သွား လေသည်။

http://www.dhammadownload.com



ထို့နောက် ဘုရားအလောင်းသည် နေရာရာ မြစ်ကမ်းဝယ် အင်ကြင်းဥယျာဉ်၌ နေ့အဖို့ သီတင်းသုံး၍ ညနေချိန်၌ ဗောဓိပင်သို့ ကြွတော်မူစဉ် လမ်းခရီးအကြား၌ မြက်ရိတ်သမား ပုဏ္ဏားအထံ၌ မြက်ဆုပ်ကို အလှူခံလျက် ဗောဓိညောင်ပင်အောက်သို့ ရောက်သောအခါ ထိုမြက်များကိုပင်* ခင်းတော်မူကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။ ထိုကဲ့သို့ နွေကာလဝယ် စိမ်းစိုသော မြက်ခင်းပေါ်မှာ အေးမြသာယာသော ဗောဓိညောင်ပင်ရိပ်၌ "ဘုရားမဖြစ်သမျှ ဤထက်ဝယ် တင်ပလ္လင်ကို မဖျက်တော့အံ့"ဟု အဓိဋ္ဌာန်၍ စံနေသောအခါ သိကြားမင်းသည် "ဝိဇယုတ္တရ" မည်သော ခရုသင်းကြီးကို မှုတ်လျက် အောင်သံပေးနေ၏။ ပဉ္စသိခ နတ်သားက "ဗေဠုဝ" မည်သော စောင်းကြီးကို တီးလျက်နေ၏။ သုယာမ နတ်မင်းနှင့် သန္တုသိတ နတ်မင်းတို့ကမူ သားမြီးယပ်နှင့် ပတ္တမြားယပ်များကို တငြိမ့်ငြိမ့် ခတ်၍နေ၏။ သဟမ္ပတိ ဗြဟ္မာမင်းမှာ ထီးဖြူတော်ကို ဆောင်းမိုးနေ၏။ ကာဠနဂါးမင်း၏ ကိုယ်ရံတော် နဂါးပျိုမလေးများက ဘုန်းတော်ဘွဲ့များကို သာယာစွာ ရွတ်ဆိုနေကြ၏။ အခြားသော နတ်ဗြဟ္မာအပေါင်းတို့သည် ပန်း နံ့သာ အမျိုးမျိုးဖြင့် ပူဇော်ကာ ကောင်းချီးပေးကြလေသည်။

---

* ဤနေရာ၌ "မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းသောအခါ ၁၄ တောင် မြင့်သော ပလ္လင်တော် ပေါ်ပေါက်လာသည်ဟု လည်းကောင်း၊ ၁၄ တောင် ပြန့်ကျယ်သော ပလ္လင် ဖြစ်နေသည်ဟု လည်းကောင်း" ဝါဒကွဲပြားလျက် ရှိသည်။ အမြင့်မဟုတ်၊ အကျယ်ဖြစ်ကြောင်းကို သီလက္ခန် ဋီကာသစ်၊ ဗြဟ္မဇာလသုတ် အဖွင့်၌ ဆုံးဖြတ်၏။

http://www.dhammadownload.com



ထိုကဲ့သို့ အခြင်းအရာကို မာရ်နတ်မင်း မြင်လျှင် မြင်ချင်း နတ်ပြည်တက်၍ မိမိစစ်သည် တပ်သားများကို စုရုံးလျက် မိမိကိုယ်တိုင်က လက်နက်အမျိုးမျိုး စွဲကိုင်သော် လက်ရုံးတစ်ထောင် ဖန်ဆင်းပြီးလျှင် "ဂိရိမေခလာ" မည်သော ဆင်ပြောင်ကြီးကို စီးနင်းကာ ဗောဓိပင်သို့ ရှေးရှုလာ၍ မိမိစစ်သည်များကို "တက်ကြလော့, လက်ရဖမ်းကြလော့" ဟု တိုက်တွန်း ဆော်သြလေသည်။ သို့သော် ဗောဓိပင်နားသို့ မကပ်ဝံ့ကြ။ အဝေးကနေ၍သာ အမျိုးမျိုးသော လက်နက်များဖြင့် ပစ်ခတ်ကြလေသည်။

မာရ်နတ်စစ်သည်များ တက်လာခါစကပင် ဗြဟ္မာ သိကြားစသည်တို့လည်း ဝေးရာအရပ်မှာ ရှောင်လွှဲ၍ အောင်ပွဲကို ကြည့်ရှုနေကြ၏။ ဘုရားအလောင်းတော်မှာ တစ်ပါးတည်း ကျန်ရစ်တော်မူသော်လည်း အနည်းငယ်မျှ စိုးရွံ့တော်မမူဘဲ "သားသည်မိခင်သည် ရင်ခွင်ထဲမှာနေသော သားငယ်က ဆံပင်ကိုဆွဲ၊ မျက်နှာကိုကုပ်၊ ပါးကိုပုတ်လျက်၊ တလှုပ်လှုပ် နှိပ်စက်သော်လည်း မပျက်နိုင်သော အချစ်မျိုးဖြင့် တိုး၍သာ ပွေ့ပိုက် သကဲ့သို့" ထို့အတူ မာရ်နတ်ကို မေတ္တာမကင်းဘဲ သနားသော ကြည့်ခြင်းဖြင့် ကြည့်တော်မူလျက် နှစ်သက်ဖွယ် စကားများကို တုံ့ပြန် ပြောဆိုတော်မူပြီးလျှင် "ဤပလ္လင်နေရာကို ရဖို့အတွက် မရေမတွက် နိုင်သော ကာလတုန်းက စွန့်လွှတ်ခဲ့ရသည်ကို ထားလိုက်ပါဦးတော့၊ နောက်ဆုံးဖြစ်သော ဝေဿန္တရာ ဘဝဝယ် ကြင်ယာတော် မြောက်သား မဒ္ဒီမိဖုရားကို လှူတုန်းက ဤ မဟာပထဝီမြေကြီးသည် ပဲ့တင်ဟည်းလျက် ရိက်တီး ဆော်ခတ် အသိအမှတ် ပြုခဲ့ဖူးလေပြီ"ဟု မိန့်တော်မူလျက် လက်တော်ဖြင့် မြေကို သုံးသပ်တော်မူသောအခါ

http://www.dhammadownload.com



ယန္တရားစက်ခလုတ်ကို ဖြုတ်လိုက်သည့်ပမာ ပြင်းစွာ တုန်လှုပ်လေသည်။ (ဤနေရာဝယ် လလိတဝိတ္ထာရသုတ္တန်က "မြေစောင့်နတ်သားသည် ကိုယ်တစ်ဝက်မျှ ဖော်ထွက်ပြ၍ သက်သေခံသည်"ဟု ဆို၏။ ထိုအဆို အတိုင်းပင် ဘုရားပရိဝုဏ်အတွင်း၌ "ဝသုန္ဒြေအရုပ်" လုပ်ထားကြလေသည်။)

မဟာပထဝီ မြေကြီး၏ တုန်လှုပ်သံမှာ ပဲ့တင်ထပ်မျှ တောသံတောင်သံတို့ ပြင်းစွာ ဆူညံသည့်အပြင် ကောင်းကင်တပြင်လုံးလည်း တဂျုံးဂျုံး ထစ်ကြိုးလျက် မိုးကြိုးများ ကျရောက်လေ၏။ထိုသို့ တစ်ပြိုင်နက် အကြီးအကျယ် ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ်သောအခါ "ဂီရိမေခလာ" ဆင်ပြောင်ကြီးသော်မှ မကြည့်ရှုအားတော့ဘဲ လက်ရုံးပေါင်းတစ်ထောင်ကို ဖယ်ရှား၍ မာရ်နတ်ကြီး ထွက်ပြေးလေရာ နောက်လိုက် နောက်ပါ စစ်သည်တော်အားလုံးသည် အစုအရုံး ပျက်ပြား၍ ဝသဝတ္တီ နတ်ပြည်သို့ ထွက်ပြေးကြလေသော် သိကြား ဗြဟ္မာတို့၏ အောင်သံဖြင့် ဆူညံ၍ သွားလေသတည်း။

## ဘုရားဖြစ်တော်မူခန်း

အလောင်းဘုရားသည် "ဒေဝပုတ္တမာရ်" ဟု ခေါ်အပ်သော မာရ်နတ်၏ ရန်ကို နေမဝင်မီ အောင်မြင်တော်မူ၍ တရားတော်ကို အားထုတ်တော်မူရာ ညဥ့်ဦးယံ အချိန်၌ ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏။ ထို့နောက် သန်းခေါင်ယံ အချိန်ဝယ် တစ်လောကလုံး၌ရှိသော သတ္တဝါ အပေါင်းတို့ကို မျက်ဝါးထင်ထင် သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။

http://www.dhammadownload.com



ထို့နောက် အတွင်းသန္တာန်၌ တစ်ထောင့်ငါးရာ ကိလေသာမာရ် သူပုန်ရန်ကို အနည်းငယ်မျှ မကျန်ရအောင် ဖြိုဖျက်နိုင်ဖို့ရာ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ သတိ ဟူသော တရား ၅ ဦးကို ဗိုလ်မှူးတင်၍ မဂ်လေးပါး တည်းဟူသော စက်အမြောက်များကို အသုံးပြုလျက် ဖြိုဖျက်တော်မူလေရာ အရုဏ်တက်မည့်ဆဲဆဲ အချိန်မှာ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် သုံးလောက ခပင်း အမင်းမင်းတို့၏ ဝပ်စင်းပူဇော်ရာ သဗ္ဗညုတ ဉာဏ်ပညာ တည်းဟူသော ထီးဖြူတော်ကို စိုက်ထူဆင်နွှဲ၍ အောင်ပွဲဆင်တော်မူသတည်း။

**မှတ်ချက်။** ။ဘုရားဖြစ်တော်မူပြီးနောက် နတ် ဗြဟ္မာတို့ပူဇော်ရာတွင် "အချို့က မြေပြင်ကို ကောင်းစွာရှင်းလင်း၍ နံ့သာရေဖြင့်သွန်းဖျန်းလျက် ပန်းများဖြင့် ပူဇော်ကြသည်၊ အချို့က ဗောဓိပင်နှင့်တကွ ဘုရားရှင်ကို ရေသပ္ပာယ်ကြ၍ ဘုရားရှင်မှ ကျလာသောရေဖြင့် မိမိတို့ကိုယ်ကို သုတ်လိမ်းကြသည်" ဟု လလိတဝိတ္ထာရ-က ဆို၏။ ထိုအဆိုကို လိုက်၍ ယခုအခါ သကြံန်တွင်း၌ ရေသပ္ပာယ်ကြခြင်း၊ ကဆုန်ညောင်ရေသွန်းခြင်းကို ပြုကြဟန်တူသည်။

ဥါ နမော တေ ဝိဇေတုံ မေ, ဇယတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ, ကရ မေ ဇယမင်္ဂလံ။

ဥါ- အန္တရာယ်ကင်း, ရန်စွယ်ရှင်း၍, ကောင်းခြင်းဆင်ကာ, မယှဉ်သာအောင်, မင်္ဂလာကြီး ဖြစ်ပါစေသတည်း။ နဋ္ဌထမ္ဘံ- ထောက်ပံ့မည့်လူ, ကူညီမည့်နတ်, ရံပတ် ဝဲယာ, ဗြဟ္မာလည်း မရှိပါဘဲ၊ သဗ္ဗ

http://www.dhammadownload.com



သန္တံ– ကိုယ်နေရှိန်မပျက်, တစ်သိန်ထွက်ဖို့, ငြိမ်သက် ဖွေးဖြူ, အေးအေးလူလူ သာလျှင်၊ ဃေတော– ပါရမီစက်ဟုန်, လက်နက်စုံဖြင့်, ချက်ကုန်မလွဲ, ပွဲတိုင်းမရှောင်, နွှဲတိုင်းပင် အောင်တော်မူပေထသော၊ ဃေံ ဒဒတော– အောင်ရာစည်းကမ်း, အောင်နည်းလမ်း၌, မှိုငြမ်းမလစ်, အသစ်အဆန်း, တစ်ဂဏန်းက, မှန်းဆ၍မျှော်, ပန်းရအောင်လည်း လမ်းပြ ပေးသနားတော်မူပေထသော၊ တေ တဝ– မကိုင်ရှေင်လျှံ, ဥဿျာင်ပျံမှာ, အောင်လံစွင့်စွင့်, လွင့်တလူလူ, အောင်တော်မူ မြတ်ဘုရားအား၊ မေ– မအောင်သေးခင်, အောင်ကြွေးတင်၍, အောင်မြင်ရန်မျှော်, တပည့်တော်၏၊ ဝိဓေတုံ– မရှောင်ခပင်း, အခေါင်နင်း၍, အောင်ခြင်းကြီး အောင်ပါရခြင်း အကျိုးငှာ၊ နမော– အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို, အမျိုးစုံ မှန်းဆ၍, တမ်းတ ရှိခိုးပါ၏ဘုရား။ မေ– မအောင်သေးခင်, အောင်ကြွေးတင်၍, အောင်မြင်ရန်မျှော်, ထပည့်တော်အား၊ ဃေမင်္ဂလံ– အောင်ရန်အတိတ်, အောင်နိမိတ်ဖြင့်, အောင်ဘိသိက်သွင်း, အောင်ဟိတ်ကျင်း၍, အောင်ခြင်းဆင်ကာ, မင်္ဂလာကို၊ ကရ– သပြေအနု, ငွေခရုဖြင့်, ဖေယတုပုံ, မေရတုန်အောင်, အဖုံဖုံ အမှုအေးဖို့ ပြုပေးတော်မူပါ အောင်တော်မူအရှင်မြတ်ဘုရား။

**အမှာ။** ။ပါဠိရော အနက်ပါ ဤဂါထာကို ကောင်းစွာ နှုတ်တက် အရကျက်၍ ဘုရားရှင်၏ အောင်မြင်တော်မူပုံကို အာရုံပြုကာ အိပ်ရာဝင် အိပ်ရာထ ရွတ်ဆိုကြပါလေ။

**ဘုရားအဖြစ်တော်စဉ် ပြီး၏။**

http://www.dhammadownload.com



## ကျမ်းပြီးနိဂုံး

ယခုအခါ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့ မသိလျှင် မတော်, သိမှ သာ လျော်မည်ဖြစ်သော ဘာသာရေးနှင့် ဆိုင်ရာတို့ကို လုံလောက်စွာ စီစဉ်ပြီးပေပြီ။ ဤကျမ်း၏ ညွှန်ပြချက်များကို လိုက်နာမှု မလိုက်နာမှုမှာ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်သာ ဖြစ်၏။ အို....... ဗုဒ္ဓဘာသာဝင် အပေါင်းတို့၊ ငါတို့ လေးမြတ် ကိုးကွယ်အပ်သော ဗုဒ္ဓရှင်တော်ဘုရား ဟူသည် ဘာသာခြား ဘုရားကဲ့သို့ အရေးပေါ်မှ ကိုယ်တော်တိုင် ကယ်ဆယ်မည်ဟု တာဝန်ခံထားသော ဘုရားမဟုတ်၊ စောစောစီးစီးက ကိုယ်စီကိုယ်င ကျင့်ကြဖို့ရန် လမ်းမှန် ကမ်းမှန် ညွှန်ပြတော်မူသော ဘုရားဖြစ်သည်၊ ထိုသို့ ညွှန်ပြတော်မူသဖြင့် အားရသင့်သော အချက်ကို အမြွက်မျှ ပြဦးအံ့"

## သမုဒ္ဒဝါဏိဇ ဇာတ်

ရှေးတုန်းက ကုန်သည်တစ်ထောင်ကို ခေါင်းဆောင်နှစ်ယောက် ခွဲ၍ ငါးရာစီ အုပ်ချုပ်ပြီးလျှင် သမုဒ္ဒရာအလယ် ကျွန်းငယ်တစ်ခုကို တွေ့၍ ပျော်မွေ့စွာနေထိုင်စဉ် အတော်ကြာလျှင် ကျွန်းပေါ်မှာ အညစ် အကြေးတွေ ပြန့်နှံ့လျက် မသန့်မရှင်း နေထိုင်ကြခြင်းကြောင့် ကျွန်းစောင့် နတ်တို့ အမျက်ထွက်သဖြင့် စည်းဝေးတိုင်ပင်သောအခါ ပင်လယ်ရေကို လွှမ်းမိုးစေပြီးလျှင် တစ်ကျွန်းလုံး ဆေးကြောလျက် လူတွေကို မျှောပစ်ဖို့ ဆုံးဖြတ်ကြလေသည်။

ထို့ကြောင့် တရားစောင့်သော ဓမ္မနတ်သားက မြောက်ဘက် ကောင်းကင်မှ ကိုယ်ထင်ပြ၍ "နောက် ၁၅ ရက်လောက်ကြာလျှင် ပင်လယ်ရေ လွှမ်းသဖြင့် နစ်မွန်းမျောပါကုန်လိမ့်မည်၊ စောစောက

http://www.dhammadownload.com



တင်ကြိုလျက် လှေများ တက်များကို အဆင်သင့်ပြင်ထားကြကုန်လော့” ဟု ပြောဆို၍ ကွယ်သွားပြီးနောက် လူအများလည်း ညှိုးငယ်စွာ ကျန်ရစ်ကြလေသည်။

ထို့နောက် အဓမ္မနတ်သားက တောင်အရပ်၌ ကိုယ်ထင်ပြ၍ “ယခင်နတ်သား ပြောသွားတဲ့စကားဟာ မဟုတ်ဘူး၊ အသင်တို့ ပျော်ပျော်ပါးပါး နေမြဲတိုင်းသာ နေကြပါ” ဟု ပြောဆိုပြီးနောက် ကွယ်ပျောက်သွားလေသော် ခေါင်းဆောင်လူကြီး ၂ ယောက်တွင် တစ်ယောက်က “ပထမနတ်သားသည် ငါတို့ကို သက်သက်လာ၍ ခြောက်လှန့်ခြင်း ဖြစ်သည်၊ သင်တို့ ပျော်ပျော်ပါးပါးသာ နေကြ” ဟု ပြောဆိုလျက် မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်ဘဲ နောက်လိုက် ငါးရာနှင့်အတူ နေမြဲတိုင်း နေလေသည်။

ခေါင်းဆောင်တစ်ယောက်ကမူ မိမိနောက်လိုက်များကို ပြောဆိုသည်မှာ “အမောင်တို့၊ လှေများ တက်များကို အဆင်သင့် ရှာထားကြစို့ရဲ့၊ ဒုတိယ နတ်သား၏ စကားက မှန်လျှင်လည်း လှေတက်များကို ရှာရသည့်အတွက် ငါတို့မှာ တာဝန်မတက်လှပါ၊ အလိုရှိသောအခါ အသုံးချစရာ ဖြစ်ပါလိမ့်မည်၊ ပထမ နတ်သား၏ စကားမှန်လျှင် ပြင်ဆင်ထားသော လှေတက်များဖြင့် အဆင်သင့် ထွက်သွားကြရပါလိမ့်မည်”

ဤသို့ ပြောဆိုပြီးလျှင် လပြည့်နေ့အချိန်ဝယ် ခါတိုင်းထက်ပို၍ ရေတက်လာကတည်းက အသင့်ရှာထားသော လှေပေါ်သို့ တက်ကြပြီးလျှင် ရေလွှမ်း၍အလာတွင် လွတ်ရာသို့ ထွက်သွားကြလေသည်။ အခြားခေါင်းဆောင်နှင့် နောက်လိုက် ငါးရာတို့ကား ရေပို၍ တက်အလာ

http://www.dhammadownload.com



တွင် မျက်လုံးများပြူးကာ ကိုးကွယ်ရာမရဘဲ သမုဒ္ဒရာထဲသို့ မျောရှာကြလေသည်။

ဤဇာတ်တော်၌ ဓမ္မနတ်သားက လမ်းမှန်ကို ညွှန်ပြမှုအတွက် မည်မျှ ချမ်းသာခွင့်ရ၍ အဓမ္မနတ်သား၏ လမ်းမှားညွှန်ပြမှုအတွက် မည်မျှအသက်ဆုံးရှုံးရပုံကို စဉ်းစားပြီးလျှင် ဘာသာခြားတို့ ဘုရားက "ကယ်တင်မည်" ဟု ဝန်ခံရာ ဝန်ခံသည့်အတိုင်း ကယ်တင်မည် မှန်ပါလျှင် တော်တန်ဖို့ ရှိပါသေး၏။ အချက်ကျမှ မကယ်တင်နိုင်လျှင် အားလုံးပင် ခက်ရှာကြတော့မည်။

ငါတို့ဘုရားကား "ကယ်တင်မည်" ဟု ဝန်မခံပေ။ ကိုယ်တိုင်ကျင့်လျှင် ရနိုင်သော အကျိုးများကို အဆင့်ဆင့် ညွှန်ပြတော်မူ၏။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့အပြင် နိဗ္ဗာန်ကိုပင် လိုချင်သော ဆုထူးဖြင့် ရနိုင်သော လမ်းစဉ်ကို ညွှန်ပြတော်မူသည်။ အပါယ်လေးပါး သွားရမည့် လမ်းဆိုးများကိုလည်း မသွားမိအောင် ညွှန်ပြတော်မူ၏။ ကယ်တင်မည်ဟု ဝန်ခံထားအပ်သော ဘုရားက ကယ်တင်နိုင်တယ်ပဲ ဆိုပါဦးတော့၊ သူနှင့်အလားတူ ဖြစ်အောင် ဘယ်တော့မှ မကယ်၊ သူ့အောက်ရောက်ရုံသာ ကယ်တင်မည်၊ ငါတို့ဘုရားကား တကယ်ကျင့်နိုင်လျှင် ကိုယ်တော်နှင့် အလားတူ ဘုရားတစ်ဆူဖြစ်အောင်ပင် ညွှန်ပြတော်မူ၏။ ထိုမျှလောက် အဆိုးအကောင်း အကျိုးအကြောင်းကို စုံစွာဖြင့် ညွှန်ပြတော်မူခြင်းထက် သာလွန်လုံလောက်သောအချက် ရှိဦးမည်လော။

ယခုကာလ၌ သေမည့်ဘေးမှ တစ်ခါလောက် ကယ်ဆယ်ဖူးလျှင် "အင်မတန့် အသက်သခင် ကျေးဇူးရှင်ကြီးပေ" ဟု ပြောဆိုကာ လွန်စွာ

http://www.dhammadownload.com



အားထားကြ, မြတ်နိုးကြ, အသက်ကိုပင် အပ်နိုင်ကြ၏။ ဘုရားရှင်ကား တစ်သက် တစ်ဘဝလောက်ကိုသာ ကယ်ဆယ်သည် မဟုတ်သေး၊ ဘဝပေါင်းများစွာ တစ်သံသရာလုံး ကယ်မ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စောင့်ရှောက်ရာကျသဖြင့် အသက်ပေါင်းများစွာ၏ ကျေးဇူးရှင်ကြီးပေတည်း။

ဤနေရာ၌ "ကယ်တင်မည်"ဟူသော စကားနှင့် "ကိုယ်တိုင်ကျင့်"ဟူသော စကားနှစ်ရပ်ကို လေးနက်စွာစဉ်းစားပြန်လျှင် ကယ်တင်မည်ဆိုသောစကားက အမေ့နတ်သား၏ "အေးအေးနေကြ" ဟူသော စကားမျိုးဖြစ်၍ "ကိုယ်တိုင်ကျင့်"ဟူသော စကားက မေ့ နတ်သား၏ စကားမျိုးဖြစ်၏။ ကိုယ်တိုင်ကျင့်ခြင်းသည် လှေ တက်များကို အဆင်သင့်ရှာထားခြင်းနှင့် တူ၏၊ ထိုကဲ့သို့ ကိုယ်တိုင် ကျင့်ရသည့်အတွက် တာဝန်လည်း မတက်လှပါ။

လှေတက်များကို ရှာကြရသကဲ့သို့ မကောင်းမှုတို့မှ ရှောင်ရ, ကောင်းမှုတို့ကို ပြုကျင့်နေရသောကြောင့် အနည်းငယ် တာဝန်တက်သည်မှာ မှန်ပါ၏။ သို့သော် ထိုတာဝန်တက်မှုသည်ကား ဤဘဝအတွက် လူကောင်း သူကောင်း ဖြစ်ဖို့ အချက်သာဖြစ်၍ အချည်းနှီး အကျိုးမဲ့ မဖြစ်ဘဲ ကောင်းကျိုးရဖို့အကြောင်းသာ ဖြစ်ပါပေသည်။ ထို့ကြောင့် ဘုရားရှင်၏ အလိုတော်ကျ ဤကျမ်း၏ ညွှန်ပြချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ မိမိလိုရာ ဆုထူးဖြင့် နိဗ္ဗာန်ကူးလိုလျှင် ကယ်တင်မည့်သူကို အားမကိုးဘဲ အဖိုးတန်ပါရမီတရား သင်္ဘော လှေ တက်များကိုသာ သားနား သည်ထက် သားနားအောင် အပြီးအစီး တည်ထောင်ထားနှင့်ကြစေခလို။

http://www.dhammadownload.com



# နိဂုံးချုပ် လင်္ကာ

ကျမ်းပြီး မှတ်ထုံး, ကမ္ဗတ်ဖုံး၍, နိဂုံးအရာ, အကျဉ်းမှာပိမ့်, မြန်မာတို့ဆွေ, မွန်တို့တွေကား, တို့မြေဌာနီ, နေပါပြီလည်း, မဆီမဆိုင်, မသိနိုင်ဘဲ, ဤတိုင်အောက်ကျ, ဖြစ်ကုန်ရ၍, ဒေသဘာသာ, သာသနာလည်း, အာဏာတန်ခိုး, ညှိုးကြီး ညှိုးခဲ့။

လူမျိုးကွယ်ပျောက်, အပါယ်ရောက်ဖို့, အနောက်တိုင်းသား, ဘာသာများကား, ထိပါးထို၍, လွှမ်းမိုးပြီမို့, ကိုယ်စီဆောင်စွမ်း, တာဝန်လမ်းကို, ထမ်းမှသင့်မည်, ထင်မိသည်ကြောင့်, တိုင်းပြည်အတွက်, ဘာသာဘက်က, ရာသက်ပန်မှု, ကောင်းအောင်ပြုဖို့, ဂရုတစိုက်, ရေးသားလိုက်၏။

သိထိုက် သိရာ, သိပြီးခါဝယ်, စဉ်လာထင်မြင်, ပြင်ကာဆင်၍, စည်ပင်သာယာ, သာသနာနှင့်, ဘာသာအမျိုး, တိုးကြီး တိုးဖို့, ကိုယ်ကျိုးလည်းအောင်, သူ့ကျိုးဆောင်လျက်, နောက်နောင်ဂတိ, ကောင်းစေဘိလော့။

မရှိမခက်, မသိခက်မို့, သိချက်ဖွယ်ဖွယ်, ဖွင့်သွယ်သွယ်ကို, ဘယ်ဝယ်မလပ်, စဉ်တိုင်းလှပ်၍, လက်ထပ်ပြီးစ, ဇနီးလှသို့, ကျနစေ့င, တွေ့တိုင်းရှုက, သိမှုကုန်စင်, ခန်းတိုင်းမြင်မည်...... ဤတွင်မှာတမ်း နိဂုံးတည်း။

**ရတနာ့ဂုဏ်ရည် ပြီးပြီ။**

http://www.dhammadownload.com



# လက္ခဏာတော်ကြီး ဘုရားရှိခိုး

## နိဒါန်း

**လက္ခဏ**။ ။"လက္ခဏ" ဟူသော ပါဠိစကားသည် မြန်မာလို "အမှတ်အသား" ဟု အဓိပ္ပာယ် ထွက်၏။ ထိုအမှတ်အသားသည် ရှေးဘဝကံနှင့် ဆိုင်၏။ မျက်လုံး, မျက်ခုံး, လက်, ခြေ စသော ကိုယ်ခန္ဓာ အစိတ်အပိုင်းနှင့် တစ်ကိုယ်လုံး ပုံသဏ္ဌာန်တို့ဝယ် ရှေးကံ အားလျော်စွာ ကောင်း မကောင်း အမှတ်အသားများ ပါရှိ၏။ ထို အမှတ်အသားကို ကြည့်၍ ဝေဒသိမြင် ဗေဒပညာရှင်တို့သည် ယောကျ်ားမြတ်– ယောကျ်ားယုတ်၊ မိန်းမမြတ်– မိန်းမယုတ် ဟု အတတ်ဟောနိုင်ကြကုန်၏။ (ယခုအခါ လက် ခြေကိုသာ ကြည့်၍ ဟောခြင်းမှာ မပြည့်စုံသေးပါ။)

**ဗုဒ္ဓလက္ခဏာ**။ ။ဝေဒကျမ်းတို့၌ ဗုဒ္ဓဖြစ်ထိုက်သော (သို့မဟုတ် စကြာမင်းဖြစ်ထိုက်သော) ယောကျ်ားမြတ်၏ လက္ခဏာများကို ဖော်ပြထားပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသော သေလမည်သော ဝေဒပညာရှိသည် ဗုဒ္ဓကို မြင်သောအခါ "စကြာမင်း ဖြစ်ထိုက်သော ပုဂ္ဂိုလ်ပါတကား၊ စကြာမင်း လုပ်တော်မူပါ" ဟု လျှောက်ထားလေသည်။

**သပ္ပာယ်ခြင်း၏ အကြောင်း**။ ။ဗုဒ္ဓမြတ်စွာ၏ သပ္ပာယ်တော်မူခြင်းသည် ယခု ပြအပ်လတ္တံ့သော လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များကြောင့်သာ ဖြစ်ရကား ထိုလက္ခဏာတော်များ အကြောင်း အရာတို့ကို ကောင်းကောင်းသိလေ၊ "ငါတို့ဘုရား" ဟု အားရ ပါးရ

http://www.dhammadownload.com



ကိုးကွယ်၍ကောင်းလေ ဖြစ်ရုံသာမက ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်းသော ယောဂီပုဂ္ဂိုလ်အတွက်လည်း ဗုဒ္ဓမြတ်စွာကို အာရုံပြု၍ အလွန်ထင်လွယ်သောကြောင့် ယောကျ်ားမြတ်၏ ၃၂ ပါးသော အထိမ်းအမှတ် လက္ခဏာတော်များကို ဘုရားရှိခိုးအဖြစ်ဖြင့် ရှေးဆရာတို့ ရေးသားစေတော်မူခဲ့ကြပါသည်။

**ဗုဒ္ဓါနုဿတိဘာဝနာ။** ။ထိုလက္ခဏာတော်ကြီး ဘုရားရှိခိုးကို ရွတ်ဆို၍ ဘုရားရှိခိုးသောအခါ ဗုဒ္ဓမြတ်စွာ၏ ထူးခြားသော လက္ခဏာတော်ကို စိတ်ထဲ၌ အလွန် ထင်မြင်လာပါလိမ့်မည်။ ထိုသို့ ထင်မြင်လာသော အာရုံကို အာရုံပြုနေခြင်းသည် ဗုဒ္ဓမြတ်စွာ၏ သိရီဘုန်းတော်ကို အာရုံပြုခြင်း ဖြစ်သောကြောင့် အလွန်လွယ်ကူစွာဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများရာလည်း ရောက်ပါသည်။ ထို့ကြောင့် ဤလက္ခဏာတော်ကြီး ဘုရားရှိခိုးကို နှုတ်တက်ရအောင် မကျက်နိုင်သေးလျှင် စာအုပ်ကို ကြည့်၍ ရွတ်ဆို ရှိခိုးကြပါလေ။

**မှီရာကျမ်းဂန်။** ။ရှေးဆရာတော်ကြီးများသည် ဤလက္ခဏာတော်ကြီး ဘုရားရှိခိုးကို ရေးသားခဲ့ရာ သုတ်မဟာဝဂ္ဂ, မဟာပဒါနသုတ် ပါဠိတော်နှင့် အဋ္ဌကထာတို့ကိုလည်းကောင်း၊ သုတ်ပါထေယျ ,လက္ခဏသုတ် ပါဠိတော်နှင့် အဋ္ဌကထာတို့ကိုလည်းကောင်း အမှီပြုခဲ့ကြပါသည်။ ထို့ကြောင့် ဤဘုရားရှိခိုးသည် အလွန် အခြေခံကောင်းရကားမိမိငယ်စဉ်က သင်ခဲ့ရသည်ကို ကျေးဇူးဆပ်သောအားဖြင့် အကူးအပြောင်းများ၍ မှားနေသော အချို့ကို ပြင်ဆင်၍လည်းကောင်း၊ ဘုရားရှိခိုးမူရင်းကို အဓိပ္ပာယ်ပေါ်လွင်အောင် တန်ဆာဆင်၍ လည်းကောင်း စီစဉ်ထားသဖြင့် သူတော်ကောင်းများကို အားရ နှစ်သက်စေပါလိမ့်မည်။

http://www.dhammadownload.com



# လက္ခဏာတော်ကြီး ဘုရားရှိခိုး

## သုပ္ပတိဋ္ဌိတ ပါဒတာ လက္ခဏာတော်

၁။ ပုဗ္ဗေ ပုညေသု သမ္ဗုဒ္ဓေါ, သမာဒါနေန ဒဠှတော၊
သုပ္ပတိဋ္ဌိတ ပါဒေါစ, အက္ခမ္ဘိယောစ တံ နမေ။

ယော သမ္ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ပုညေသု– ဒါန သီလ, စသည်ပေါင်းစု, ကုသိုလ်ကောင်းမှုတို့၌၊ ဒဠှတော–မတွန့်ဆုတ်ဘဲ, ခိုင်မြဲသောအားဖြင့်၊ သမာဒါနေန– အားရရွှင်ပျော်, ဆောက်တည်တော်မူခဲ့ခြင်းကြောင့်၊ သုပ္ပတိဋ္ဌိတပါဒေါစ– ခြေတော်ချရာ, ရပ်တိုင်းမှာဝယ်, ကောင်းစွာအညီ, တည်သော ခြေတော် ရှိသည်လည်းကောင်း၊ အက္ခမ္ဘိယောစ– ရလတ္တံ့ ရပြီး, ကျိုးသီးသီးဝယ်, ဘယ်ရန်သူမျှ, ခွာ၍မချနိုင်သည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ သမ္ဗုဒ္ဓံ– သုပ္ပတိဋ္ဌိတ, ပါဒတာခေါ်, လက္ခဏာ တော်ကြီးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရား တပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

* * * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာ ဖြစ်ခဲ့သော ဘဝများစွာတို့၌ ကုသိုလ်ကောင်းမှု ကိစ္စစုကို ပြုလုပ်ရာဝယ် လွန်စွာခိုင်မြဲတော်မူ၏။ မိမိပြုနေသော ကောင်းမှုကို အခြားသူတို့က နောက်ဆုတ်အောင် ပြောကြသော်လည်း မည်သည့်အခါမျှ တွန့်ဆုတ်ခြင်း မရှိချေ။ ဤသို့ ကုသိုလ်ကောင်းမှု ကိစ္စစု၌ နောက်မဆုတ်ဘဲ ခိုင်မြဲတော်

http://www.dhammadownload.com



မှုခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် ထစ်ပါး ဖြစ်ပါသည်။

**အကျိုးလက္ခဏာတော်။** ။ထိုကဲ့သို့ ကုသိုလ်ကောင်းမှု ကိစ္စစု ၌ နိုင်မြဲစွာ ဆောက်တည်ခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ခြေတော်၏ ခိုင်မြဲစွာတည်ခြင်းဟူသော (သုပ္ပတိဋ္ဌိတ ပါဒတာ လက္ခဏာတော်) အကျိုးကို ရတော်မူသည်။ မြတ်စွာဘုရား၏ ခြေတော်သည် မည်သည့်အရပ်၌မဆို နင်းတော်မူသောအခါ ဖနောင့်တော်ဘက်ကလည်း အလျှင်မကျ၊ ခြေဖျားတော်ဘက်ကလည်း အလျှင်မကျ၊ ခြေဖျားတော်ဘက်ကလည်း အလျှင်မကျ၊ ခြေဖဝါးတစ်ပြင်လုံး တစ်ပြိုင်နက် ကျ၍ တည်ရာအရပ်၌ ဖဝါးတစ်ပြင်လုံး ထိတော်မူ၏၊ ယခုလူများ၏ ခြေဖဝါးကဲ့သို့ အလယ်၌ ဟာ၍ ဟိုက်၍ မနေ။ (သုပ္ပတိဋ္ဌိတ– ကောင်းစွာတည်သော၊ ပါဒတာ– ခြေတော်ရှိခြင်း။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးဆက်မှာ အကျိုးပေးဖို့ရန် ရှေးရှုနေသော အကျိုးကို မာရ်နတ်၊ တိတ္ထိဆရာကြီး စသော မည်သည့်ရန်သူမျှ မတားမြစ်နိုင်ခြင်း၊ ပေးအပ်ပြီးသော အကျိုးကိုလည်း မည်သည့်ရန်သူမျှ ဖယ်၍ ခွာ၍ မရနိုင်ခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤသုံးချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကုသိုလ် ကောင်းမှု ကိစ္စစုဝယ် ပြုဖို့ရန် အခွင့်ရောက်လာလျှင် နောက်မဆုတ်ဘဲ နိုင်မြဲအောင် ကြိုးစားကြပါလေ။

http://www.dhammadownload.com



## စက္ကေနကိ်ဳတပါဒတာ လက္ခဏာတော်

၂။ သပရိဝါရက ဒါနေန, တထာဂတော ပုရေ ဘဝေ၊
စက္ကေန့ ကိ်ဳတပါဒေါစ, ပရိဝါရောစ တံ နမေ။

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ သပရိဝါရက ဒါနေန– ဆိုင်ရာမချန်, အခြွေအရံနှင့်တကွ, ပြုအပ်သော အလှူဒါနကြောင့်၊ စက္ကေန– တစ်ရာ့ ရှစ်ကွက်, ခြေတော်စက်ဖြင့်၊ အကိ်ဳတပါဒေါစ– အမှတ်တံဆိပ်, ခတ်နှိပ်အပ်သော ခြေတော်ရှိသည်လည်းကောင်း၊ ပရိဝါရောစ– ဗြဟ္မာ လူနတ်, ပရိသတ်တို့, မပြတ်မှန်မှန်, အခြံအရံ ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– စက္ကေနကိ်ဳတ, ပါဒတာခေါ်, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည် မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * *

**အကြောင်းကုသိုလ်ကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် အလှူဒါန ပြုသောအခါ မူလဒါနက အခြံအရံအဖြစ်ဖြင့် ဆိုင်ရာပစ္စည်းကိုပါ ထည့်၍ လှူလေ့ ရှိတော်မူ၏။ ဥပမာ– သင်္ကန်းလှူသောအခါ အခြံအရံအဖြစ်ဖြင့် ဆွမ်းကို ထည့်၍လှူခြင်း၊ ကျောင်းလှူသောအခါ ကျောင်းအသုံးအဆောင်ကိုပါ ထည့်၍ လှူခြင်းတည်း။

**အကျိုးလက္ခဏာတော်။** ။ထိုကဲ့သို့ အခြွေအရံနှင့်တကွ ပေးလှူ လေ့ရှိခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ခြေဖဝါး တော်အပြင်ဝယ် ခြေတော်၏ အခြံအရံအဖြစ်ဖြင့် စက်လက္ခဏာ တော်များ

http://www.dhammadownload.com



ပေါ်ထင်၍လာခြင်း တည်းဟူသော အကျိုးရတော်မူသည်။ မြတ်စွာဘုရား၏ ခြေဖဝါးအပြင်တော်၌ စက်ဝိုင်းပုံသဏ္ဍာန်ပါသော အရပ်ဝယ် အမျိုးမျိုးသော အရုပ်များ ပေါ်လွင်ထင်ရှားနေသည်ကို စက္ကလက္ခဏ (စက်လက္ခဏာ)ဟု ခေါ်၏။ ထိုစက်လက္ခဏာသည် လူအများ၏ ခြေဖဝါး၌ မပါဘဲ ဘုရားအလောင်း၊ စကြာမင်းလောင်းတို့၌သာ ပါနိုင်သော ထူးခြားသော လက္ခဏာတော်တည်း ။ (စက္ကေန– စက်လက္ခဏာဖြင့်+ အင်္ကိတပါဒတာ– အမှတ်တံဆိပ်ခတ်နှိပ်အပ်သော ခြေတော်ရှိခြင်း။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ဤ ပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးဆက်မှာ လူ့အဖြစ်၌ များစွာသော လူအခြံအရံတို့ကို ရခြင်း၊ ဗုဒ္ဓဖြစ်သောအခါ၌လည်း ဗြဟ္မာ နတ် လူ, ဘိက္ခု ဘိက္ခုနီ ပရိသတ်ဟူသော များသော အခြံအရံတို့ကို ရတော်မူခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်း ကုသိုလ်ကောင်းမှု၊ အကျိုးလက္ခဏာတော်၊ လက္ခဏာတော်၏ အကျိုးဆက်၊ ဤ ၃ ချက် ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကုသိုလ်ပြုရာအခါ၌ ကုသိုလ်ဒါန အခြံအရံပါအောင် သတိပြုကြပါလေ။

**မှတ်ချက်။** ။ဤစက်လက္ခဏာတို့ပါသော ခြေတော်ရာသည် နင်းတော်မူရာအရပ်တိုင်း၌ ထင်တော်မမူ၊ ဘုရားရှင် ထင်စေတော်မူလိုမှသာ ထင်ပါသည်။ ထိုသို့ စက်လက္ခဏာ အပြည့်အစုံ ထင်တော်မူခြင်းမှလည်း သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်အတွက် ခြေချတော်မူရာအရပ်၌ ခြေဖဝါးအပြင်တော်၏ အညီအမျှ ထိတော်မူခြင်းကြောင့်သာ ဖြစ်ပါသည်။ ယခုလူတို့ကဲ့သို့ အလယ်၌ ဟာနေလျှင် စက်လက္ခဏာများ ထင်နိုင်မည် မဟုတ်ပါ။ ဤသို့ လက္ခဏာတော် ၂ ရပ် ဆက်စပ်နေပုံကို သတိပြုပါ။

http://www.dhammadownload.com



## ဒီဃပဏှိတာ, အာယတဂုံလိတာ, ဗြဟ္မုဇုဂတတ္တာ လက္ခဏာတော် ၃ ပါး

၃။ ပါဏာဃာတ ဝိရတိယာ, ဒီဃပဏှိ ယတဂုံလိ၊
ဗုဒ္ဓေါ ဗြဟ္မုဇုဂတ္တောစ, ဒီဃာယုကောစ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ (ပုရေဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌) ပါဏာဃာတဝိရတိယာ– သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ခြင်းကြောင့်၊ ဒီဃပဏှိစ– ရှည်သော ဖနောင့်တော် ရှိသည်လည်းကောင်း၊ အာယတဂုံလိစ– ရှည်သွယ်သော လက်ချောင်းတော် ရှိသည်လည်းကောင်း၊ ဗြဟ္မုဇုဂတ္တောစ–ဗြဟ္မာမင်းလို, ဖြောင့်မတ်သော ကိုယ်တော် ရှိသည်လည်းကောင်း၊ ဒီဃာယုကောစ– ရှည်သော အသက်တော်ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဗုဒ္ဓံ– ဒီဃပဏှိတာ, အစဖြာသည့်, လက္ခဏာ သုံးဖော်, ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ပါဏာတိပါတမှ ရှောင်ကြဉ်တော်မူ၏။ [ဘဝ တိုင်းရှောင်ကြဉ်တော်မူခဲ့သည်ဟု မဆိုလိုသော်လည်း များစွာသော ဘဝတို့၌ ရှောင်တော်မူခဲ့သည်ဟု ဆိုလိုပါသည်။] ဤသို့ ပါဏာတိပါတမှ ရှောင်တော် မူခြင်းကြောင့် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တစ်ပါး ဖြစ်၏။

http://www.dhammadownload.com



**အကျိုးလက္ခဏာတော်။** ။ထိုသို့ ပါဏာတိပါတမှ ရှောင်တော်မူခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ (၁) ဖနောင့်တော်ရှည်ခြင်း ဟူသော ဒီဃပဏှိတာ လက္ခဏာတော်၊ (၂) ရှည်သွယ်သော လက်ချောင်းရှိခြင်း ဟူသော အာယတင်္ဂုလိတာ လက္ခဏာတော်၊ (၃) ဖြောင့်မတ်သော ကိုယ်ရှိခြင်းဟူသော ဗြဟ္မုဇုဂတ္တတာ လက္ခဏာတော်၊ ဤလက္ခဏာတော် ၃ ပါးကို ရတော်မူသည်။

**ဖနောင့်တော်ရှည်ပုံ။** ။ပါဏာတိပါတကို ပြုသူတို့သည် ချောင်း၍ သူတစ်ပါးကို သတ်သောအခါ ခြေသံကြားမည် စိုးသောကြောင့် ခြေဖျားထောက်၍ သွားရတတ်၏။ ထိုသို့ ခြေဖျားထောက်သောအခါ ခြေတို့သည် ကောက်၍သော်လည်း နေတတ်၏။ ဖနောင့်တို၍သော်လည်း နေတတ်၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ခြေဖျား ထောက်၍ သွားလျက် သူတစ်ပါးကို မသတ်ခဲ့ကြောင်း ထင်ရှားအောင် ခြေဖနောင့်တော်သည် ရှည်တော်မူ၏။ ဖနောင့်တော် အစွန်းသည် လုံးဝန်းသော ပုံသဏ္ဌာန်ဖြင့် လွန်စွာ တင့်တယ်တော်မူ၏။ (ခြေတော်ကို ၄ ဖို့ခွဲလျှင် နောက်တစ်ဖို့သည် ဖနောင့်တော်ဖြစ်၏။ ဒုတိယတစ်ဖို့သည် ခြေသလုံး ပေါ်ထွက်ဖို့ နေရာဖြစ်၏။ ရှေ့ ၂ ဖို့သည် ခြေသလုံးနေရာ၏ ရှေ့ဘက်ဖြစ်၏။)

**လက်ချောင်းများ ရှည်သွယ်ပုံ။** ။ပါဏာတိပါတကို ပြုသောအခါ လက်နက်ကို ဆုပ်ကိုင်ရ၏၊ ထိုသို့ ဆုပ်ကိုင်ရသဖြင့် လက်ချောင်းတို့သည် တိုသကဲ့သို့ ဖြစ်ကုန်၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်ကား ထိုကဲ့သို့ လက်နက်ကို ဆုပ်ကိုင်၍ မသတ်ခဲ့ကြောင်း ထင်ရှားအောင် လက်ချောင်းတို့သည် အများလူတို့၏ လက်ချောင်းတို့ထက် ရှည်လည်း ရှည်၍ အရင်းမှ အဖျားတိုင်အောင် သွယ်လည်း သွယ်တော်မူသည်။

**ဖြောင့်မတ်သော ကိုယ်တော်ရှိပုံ။** ။ ပါဏာတိပါတ ပြုဖို့ရန် သွားသောအခါ သူတစ်ပါး မြင်မည်စိုးသောကြောင့် ကိုယ်ကို မတ်မတ် မထားဘဲ ပုအောင် နိမ့်အောင်လုပ်၍ ကောက်လျက် ကွေးလျက် သွားရ၏။ ဗုဒ္ဓမြတ်စွာ အလောင်းတော်သည် ထိုကဲ့သို့ ပုအောင် နိမ့်အောင် လုပ်၍

http://www.dhammadownload.com



မသွားခဲ့ရကြောင်း ထင်ရှားဖို့ရာ ကိုယ်အရပ်တော်သည် ကောက်ကွေး၍မနေဘဲ ဖြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်ဖြောင့်စင်းစင်း မားမားမတ်မတ် ထောင်ထောင် မောင်းမောင်း ရှိတော်မူရကား လွန်စွာ တင့်တယ် သပ္ပာယ်တော်မူသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော် ၃ ပါး သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော် ၃ ပါးအတွက် အကျိုးဆက်မှာ အသက်တော်ရှည်ခြင်း ဟူသော အကျိုးတည်း။ (ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ချွတ်ထိုက်သော ဝေနေယျ သတ္တဝါရှိသေးလျှင် သက်တော် ၈၀ ကျော်သည့်အပြင် အာယုကပ်ကုန်အောင်ပင် တည်နိုင်ပါ၏။ သို့သော် ဘုရားချွတ်မှ ကျွတ်မည့် ဝေနေယျများ ပြည့်စုံပြီဖြစ်သောကြောင့် သက်တော် ၈၀ ပြည့်ရုံမျှဖြင့် ပရိနိဗ္ဗာန် စံတော်မူပါသည်။)

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကောင်းမှု၊ အကျိုး လက္ခဏာ၊ လက္ခဏာတော်၏ အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၃ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများကြပြီးလျှင် မိမိတို့လည်း သန်း၃၊ ကြမ်းပိုး၃၊ ပိုးမွှား ကလေးများကို ပါဏာတိပါတအမှု မပြုမိအောင် ရှောင်ကြပါလေ။

**ဆက်ပါဦးမည်။** ။ပါဏာတိပါတ အမှုကို ပြုရာ၌ အသက်မွေးမှု ချောင်လည်အောင် ပြုခြင်း၊ အခြားနည်းဖြင့် အသက်မွေးစရာ မရှိ၍ မရှောင်သာသောကြောင့် ပြုရခြင်း၊ သက်သက်နှိပ်စက်လိုသောကြောင့် ပြုခြင်းဟု ၃ မျိုးရှိ၏။ ထို ၃ မျိုးတွင် မည်သည့်ပါဏာတိပါတမဆို ငရဲသို့ချနိုင်၏။ ဖြိတ္တာလည်း ဖြစ်စေနိုင်၏။ ထို့ကြောင့် ဘုရားအလောင်းသည် မည်သည့် အကြောင်းကြောင့်မျှ ဘဝများစွာဝယ် ပါဏာတိပါတကို မပြုခဲ့ပါ။

---

## သတ္တုဿဒတာ လက္ခဏာတော်

၄။ ဝရဘောဇနေဒါနေန, ဗုဒ္ဓေါ ပုရိမဇာတိယံ၊
ဟောတိ သတ္တုဿဒေါ စေဝ, ဝရဘောဇိစ တံ နမေ။

http://www.dhammadownload.com



ယော ဗုဒ္ဓေါ– အကြင်မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ဝရဘောဇနေဒါနေန– စားဖွယ်ခဲဖွယ်, လျက်ဖွယ်နှင့်, သောက်ဖွယ်ဖြာဖြာ, ပေးလှူရာဝယ်, သြဇာပြည့်ဝ, မွန်မြတ်သော အာဟာရကို ပေးလှူခဲ့ခြင်းကြောင့်၊ သတ္တုဿဒေါ စေဝ– လက်ဖမိုးတော် ၂ ဘက်, ခြေဖမိုးတော် ၂ ဘက်, ပခုံးတော် ၂ ဘက်, လည်ကုပ်တော်အားဖြင့်, ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသော အသားတော် ရှိသည်လည်းကောင်း၊ ဝရဘောဇိဝ– ခဲဖွယ်ဘောဇဉ်, ချိုချဉ်ရသာ, မွန်မြတ်သော အစာကို ရတော်မူသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– သတ္တုဿဒတာ, လက္ခဏာနှင့်, ကောင်းစွာကုံလုံ, ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် စားဖွယ် မုန့်ခဲဖွယ် သောက်ဖွယ် လျှာဖြင့် လျက်ဖွယ်ဖြစ်သော အစာအာဟာရတို့ကို ပေးလှူသောအခါ မိမိ တတ်နိုင်ပါလျှင် အဆီသြဇာ အရသာရှိသော အစာအာဟာရတို့ကိုသာ ပေးလှူတော်မူ၏။ အဆီသြဇာ ခြောက်ခန်းသော အာဟာရတို့ကို မပေး မလှူခဲ့ချေ။ (အကောင်းမလှူနိုင်သောအခါ၌ကား ထိုကဲ့သို့ အညံ့ကိုလည်း လှူရပေလိမ့်မည်။) ဤသို့ မွန်မြတ်သော အာဟာရတို့ကို ပေးလှူတော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တစ်ပါးဖြစ်သည်။

http://www.dhammadownload.com



**အကျိုးလက္ခဏာတော်**။ ။ထိုသို့ ဘဝများစွာ၌ အဆီသြဇာ အရသာရှိသော အစာ အာဟာရတို့ကို ပေးလှူတော် မူခဲ့သောကြောင့် ဘုရားဖြစ်တော်မူမည့် ဘဝ၌ သတ္တုဿဒတာ လက္ခဏာတော်ကို ရတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏ လက်ဖမိုးတော် ၂ ဖက်သည် ပြား ချပ်ချပ်မနေဘဲ အသားအရည်ပြည့်၍ မိုမိုမောက်မောက် ရှိတော်မူ၏။ ခြေဖမိုးတော် ၂ ဖက်လည်း ဗိဗိပြားပြားမနေဘဲ အသားအရည် ပြည့်ဖြိုး၍ မိုမောက်တော်မူ၏။ ပခုံးတော် ၂ ဖက်လည်း ချိုင့်လျှက်မနေဘဲ အသားအရည် ပြည့်ဖြိုးတော်မူ၏။ လည်ကုပ်တော်လည်း အရိုး မထင်ပေါ်ဘဲ အသားအရည် ပြည့်ဖြိုးတော်မူ၏။ ဤသို့လျှင် ၇ ပါးသော အရပ်တို့၌ သူတစ်ပါးတို့ထက် အသားအရည် ပြည့်ဖြိုး၍ မိုမိုမောက်မောက် ရှိတော်မူခြင်းကို သတ္တုဿဒတာ လက္ခဏာတော်ဟု ခေါ်သည်။ [သတ္တ–၇ ပါးသော အရပ်တို့၌၊ ဥဿဒတာ– အသားတို့၏ များသည်၏အဖြစ် (ပြည့်ဖြိုးခြင်း)။]

**လက္ခဏာတော်၏အကျိုးဆက်**။ ။ပြအပ်ပြီးသော သတ္တုဿဒတာ လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းပင်တည်း။ ထိုလက္ခဏာတော်အတွက် မွန်မြတ်သော အဆီသြဇာ အရသာရှိသော စားဖွယ် ခဲဖွယ် သောက်ဖွယ် လျက်ဖွယ် ဟူသော အကျိုးဆက်ကိုလည်း ရတော်မူပေသည်။

**တိုက်တွန်းချက်**။ ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ တော်၊ လက္ခဏာတော်၏ အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ သတ္တုဿဒတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း တတ်နိုင်ဝါမူ အဆီသြဇာရှိသော မွန်မြတ်သော အာဟာရတို့ကိုသာ စွန့်ကြဲပေးကမ်း လှူဒါန်းကြပါလေ။

---

http://www.dhammadownload.com



# မုဒုတလုဏ ဟတ္ထပါဒတာနှင့် ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါး

၅။ ဓနသင်္ဂဟတော ပုဗ္ဗေ, မုဒုဟတ္ထပဒေါ ဇိနော၊
ဇာလဟတ္ထပဒေါ စေဝ, သုသင်္ဂဟဓနော နမေ။

ယော ဇိနော– အကြင်မြတ်စွာဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ဓနသင်္ဂဟတော– သင်္ဂဟ ၄ ပါးဖြင့်, လူအများကို ချီးမြှောက်ခဲ့ခြင်းကြောင့်၊ မုဒုဟတ္ထပဒေါစေဝ– နုပျိုသော လက်ခြေတော်ရှိသည်လည်းကောင်း၊ ဇာလဟတ္ထပဒေါစေဝ– ဇာကွန်ယက်ပမာ, ညီစွာတည်သော လက်ချောင်း ခြေချောင်းတော် ရှိသည်လည်းကောင်း၊ သုသင်္ဂဟဓနောစ– မခွဲမခွာ, အမြဲပါအောင်, ကောင်းစွာ သိမ်းသွင်းအပ်သော အခြွေအရံရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဇိနံ– မုဒုဇာလ, ဟတ္ထပါဒတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် လူတို့ကို သင်္ဂဟ ၄ ပါးဖြင့် ချီးမြှောက်ခဲ့ပေသည်။ ချီးမြှောက်သည်ဟု ဆိုသော်လည်း မိမိကို မမုန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခြင်းပင်တည်း။ ထိုသိမ်းသွင်းနည်းသည် ၄ မျိုးရှိ၏။ ထို ၄ မျိုးကား ဒါန–ပိယဝါစာ–အတ္ထစရိယ–သမာနတ္တတာတည်း။ ဤ ၄ မျိုးကိုပင် သင်္ဂဟဝတ္ထု ၄ ပါးဟုလည်း ခေါ်သည်။

http://www.dhammadownload.com



**ဒါနဖြင့် သိမ်းသွင်းပုံ။** ။အချို့လူများသည် ပစ္စည်းဥစ္စာမရှိ၊ ဆင်းရဲနွမ်းပါး၏။ ထိုလူတို့သည် ပေးကမ်းခြင်းကို သဘောကျ၏။ ထိုလူတို့အား ဘုရားအလောင်းသည် စွန့်ကြဲပေးကမ်းခြင်းဖြင့် မိမိကို မမုန်းအောင် ချစ်ခင်အောင် သိမ်းသွင်းခဲ့ပါသည်။

**ပိယဝါစာဖြင့် သိမ်းသွင်းပုံ။** ။အချို့လူတို့သည် အထိုက်အလျောက် ပြည့်စုံရကား စွန့်ကြဲ ပေးကမ်းမှုကို မမျှော်လင့်ကြ။ ချစ်ခင်ဖွယ်ရာ ချိုသာသော စကားဖြင့် ပြောဆိုဆက်ဆံမှုကိုသာ အလိုရှိကြ၏။ ဘုရားအလောင်းတော်သည် ထိုသူတို့ကို သင့်တော်သော စကား အသုံးအနှုန်းဖြင့် ချိုချိုသာသာသုံး၍ မိမိကို မမုန်းအောင်၊ ချစ်ခင်အောင် သိမ်းသွင်းခဲ့ပါသည်။

**အတ္ထစရိယာဖြင့် သိမ်းသွင်းပုံ။** ။[အတ္ထ= အကျိုးစီးပွားတိုးတက်အောင်+ စရိယာ= ပြုကျင့်ခြင်း။) အချို့လူတို့သည် စွန့်ကြဲပေးကမ်းခြင်းကိုလည်း မလိုလား၊ ပိယဝါစာဖြင့် ပြောဆိုခြင်းကိုလည်း အရေးတကြီးဟု သဘောမထား၊ လောကကြီးပွားရေး၊ နောင်တမလွန်ချမ်းသာရေးကိုသာ နည်းပေးလမ်းပြ ညွှန်ပြ ပြောဆိုခြင်းကို အလိုရှိကြ၏။ ဘုရားအလောင်းတော်သည် ထိုသူတို့ကို ပစ္စုပ္ပန် ကြီးပွားရေး၊ တမလွန်ချမ်းသာရေးတို့ကို နည်းပေးလမ်းပြသောအားဖြင့် သိမ်းသွင်းခဲ့ပါသည်။

**သမာနတ္တတာဖြင့် သိမ်းသွင်းပုံ။** ။[သမာန= မိမိနှင့် တန်းတူသော + အတ္တတာ= သဘောရှိသူ၏ အဖြစ်။] အချို့လူတို့သည် စွန့်ကြဲပေးကမ်းခြင်းကိုလည်း မတောင့်တ၊ ပိယဝါစာကိုလည်း မတောင့်တ၊ အတ္ထစရိယကိုလည်း ညွှန်ပြဖွယ်မလို၊ သူတို့ဘာသာ ပြည့်စုံပြီး ဖြစ်ကြသည်။ ထိုသူတို့သည် အတူသွား အတူလာ အတူနေ အတူစားခြင်း စသည်ဖြင့် သူတစ်ပါးကို မနှိမ်ချဘဲ တန်းတူထား၍ ဆက်ဆံခြင်းကို အလိုရှိကြ၏။ ဘုရားအလောင်းတော်သည် ထိုသူတို့ကို အရာရာ၌ တန်းတူထား၍ သိမ်းသွင်းခဲ့ပါသည်။

**အကျိုးလက္ခဏာတော်။** ။ပြအပ်ခဲ့သည့်အတိုင်း သူတစ်ပါးစိတ်ချမ်းသာအောင်၊ စိတ်နည့်အောင် အမျိုးမျိုးသော နည်းလမ်းဖြင့် ချီးမြှောက်

http://www.dhammadownload.com



သိမ်းသွင်းခဲ့သောကြောင့် ဘုရားဖြစ်တော်မူမည့်ဘဝ၌ မုဒုတလုဏဟတ္ထပါဒတာ နှင့် ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။

**မုဒုတလုဏဟတ္ထပါဒတာ ဖြစ်ပုံ။** ။မြတ်စွာဘုရား၏ လက်တော်ခြေတော်တို့သည် များစွာသော လူတို့၏ လက်ခြေကဲ့သို့ မကြမ်းတမ်းဘဲ (မုဒု) နူးညံ့ညံ့ ရှိတော်မူ၏။ သက်တော် ရွယ်တော် ကြီးရင့်သော်လည်း နုပျိုတော်မူ၏။ ဤသို့ လက်တော် ခြေတော်၏ နုပျိုခြင်းကို မုဒုတလုဏဟတ္ထပါဒတာဟု ခေါ်သည်။ [မုဒု= နူးညံ့သော+ တလုဏ= နုပျိုသော+ ဟတ္ထပါဒတာ= လက် ခြေတော်ရှိခြင်း။]

**ဇာလဟတ္ထပါဒတာ ဖြစ်ပုံ။** ။ဗုဒ္ဓမြတ်စွာ၏ လက်မ ခြေမမှ တစ်ပါးသော လက်ချောင်းခြေချောင်းတော်တို့သည် အရှည်ပမာဏ အားဖြင့် ညီမျှကြကုန်၏။ အလွန်ကျွမ်းကျင်သော လက်သမားသည် လေသာပြတင်း ပေါက်၌ ဇာကွန်ယက်တပ်သောအခါ အဖျားညီညီ စီရရီရှိအောင် တပ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ လက်ချောင်း ခြေချောင်းတော် ညီပုံကို လေသာပြတင်းဝယ် ဇာကွန်ယက်နှင့် တူ၏ ဟု ဥပမာပြုကြသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော မုဒုတလုဏဟတ္ထပါဒတာ လက္ခဏာ၊ ဇာလဟတ္ထပါဒတာ လက္ခဏာတော် ၂ ပါးသည် ရှေးကံကြောင့် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော် ၂ ပါး အတွက် ရအပ်သော အကျိုးဆက်ကား မခွဲမခွာ အမြဲပါအောင် ကောင်းစွာ သိမ်းသွင်းအပ်ပြီးသော ပရိသတ် အခြံအရံ ရှိခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကောင်းမှု၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ သုံးချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း မိမိဆိုင်ရာလူအများကို သင်္ဂဟ ၄ ပါးဖြင့် ချီးမြှောက်နိုင်၊ သိမ်းသွင်းနိုင်အောင် အမြဲသတိထား၍ ကြိုးစားကြပါလေ။

http://www.dhammadownload.com



## ဥဿင်္ခပါဒတာ, ဥဒ္ဒဂ္ဂလောမတာ
## လက္ခဏာတော် ၂ ပါး

၆။ ဗုဒ္ဓေါ ဥဂ္ဂတဝါစာယ, ဘာသတုဿင်္ခ ပါဒကော၊
ဥဒ္ဒဂ္ဂလောမကောစေဝ, လောကဂ္ဂေါစာပိ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ဥဂ္ဂတဝါစာယ– လူအများတို့, စီးပွား မြင့်လျက်, တိုးတက်ကြောင်း တရားစကားကို၊ ဘာသတော– ဟောပြော တော်မူခဲ့ခြင်းကြောင့်၊ ဥဿင်္ခပါဒကောစ– အောက်သို့မသက်, အထက် တက်သည့်, ဖမျက်အနေ, ခြေတော်ရှိသည်လည်းကောင်း၊ ဥဒ္ဒဂ္ဂလောမ ကောစေဝ– ရှေ့မျက်နှာတော်, ဖူးမြော်လိုဘိ, မော်၍ကြည့်သို့, အဖျား လှည့်မော်, မွေးညင်းတော် ရှိသည်လည်းကောင်း၊ လောကဂ္ဂေါစာပိ– သတ္တလောက, ဟူသမျှဝယ်, အစစအရာရာ, အသာဆုံး အမြတ်ဆုံး သည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– ဥဿင်္ခပါဒ, ဥဒ္ဒဂ္ဂလောမတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော်(တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ ရာ၌ များစွာသော ဘဝတို့ဝယ် ဆရာမိဘအဖြစ် မိတ်ဆွေအဖြစ်ဖြင့် တပည့် သားသမီးတို့နှင့် မိတ်ဆွေတို့အား ဤဘဝ နောက်ဘဝ၌ ကြီးမြင့်

http://www.dhammadownload.com



ကြောင်း ကောင်းသော တရားစကားကိုသာ ဟောလေ့ ပြောလေ့ ရှိခဲ့ပေသည်။ ဤကား ရှေးရှေး ကောင်းမှုတော် တစ်ပါး ဖြစ်သည်။

**အကျိုးလက္ခဏာတော်။** ။ထိုကဲ့သို့ မြင့်မြတ်သော တရားစကားကို ပြောဟောတော်မူခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ဥဿင်္ခပါဒတာနှင့် ဥဒ္ဓဂ္ဂလောမတာ, လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။ [ဥ= အထက်သို့ မြင့်တက်သော+ သင်္ခတာ= ဖမျက်တော် ရှိခြင်း၊ ဥဒ္ဓဂ္ဂ= အထက်သို့ အဖျားလှည့်သော၊ လောမတာ= မွေးညင်းတော်ရှိခြင်း။]

**မြင့်သော ဖမျက်တော်ရှိပုံ။** ။များစွာသော လူတို့၏ ခြေမျက်စိဟု ခေါ်အပ်သော ဖမျက်သည် ခြေဖမိုးနှင့် နီးကပ်၍ အနည်းငယ် အောက်ကျလျက်ရှိ၏။ ဗုဒ္ဓမြတ်စွာ၏ ဖမျက်တော်သည်ကား ခြေဖမိုး အထက်၌ လက် ၂ သစ် (လက် ၄ သစ်) လောက် မြင့်တက်နေ၏။ ထိုသို့ မြင့်တက်နေသော်လည်း ဘုကြီးအဖြစ်ဖြင့် ထင်ရှား၍မနေ၊ မသိမသာ ပြေနေသည်။

**မွေးညင်းတော်၏ အထက်သို့ အဖျားလှည့်ပုံ။** ။များစွာသော လူတို့၏ မွေးညင်းတို့သည် အောက်ဖက်သို့ အဖျားလှည့်ကုန်၏၊ ဗုဒ္ဓမြတ်စွာ၏ မွေးညင်းတော်များကား မျက်နှာတော်ကို မော်၍ ကြည့်သကဲ့သို့ အထက်သို့ အဖျားလှည့်၍ နေကုန်၏။

**လက္ခဏာတော် ၂ ပါး၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော် ၂ ပါးအတွက် ရအပ်သော အကျိုးဆက်မှာ လူနတ် ဗြဟ္မာ သတ္တဝါဟူသမျှထက် အသာဆုံး အမြတ်ဆုံး ဖြစ်ရခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကောင်းမှု၊ အကျိုး လက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ အထက်သို့ မြင့်တက်သော ဖမျက်တော်နှင့် အထက်သို့ အဖျားလှည့်သော မွေးညင်းတော်ဟူသော လက္ခဏာတော် ၂

http://www.dhammadownload.com



ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း လက်အောက်ငယ်သားတို့အား မြင့်မြတ်သော ဩဝါဒစကားကို ပြောကြပါလေ။

---

## ဏောဇယ်တာ လက္ခဏာတော်

၇။ သဏ္ဍစ္စံ သိပ္ပဝါစေတာ, တေနေဏီဇယ် လက္ခဏော၊
အနုဋ္ဌဝိကလာဘောစ, သမ္ဗုဒ္ဓေါ ဟောတိ တံ နမေ။

ယော သမ္ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ– ဘဝများစွာ, ရှေးရှေးအခါ၌၊ သဏ္ဍစ္စံ– တပည့်အပေါင်း, ကြာမညောင်းဘဲ, နည်းကောင်းခြယ်လှယ်, တတ်သိလွယ်မှု, ကောင်းစွာပြု၍၊ သိပ္ပံ–ဝိဇ္ဇာ သိပ္ပ, စရဏနှင့်, ကမ္မဿကတာ, ဉာဏ်ပညာအထိ, သိဖွယ် တတ်ဖွယ်, ကျင့်ဖွယ်အပေါင်း, အတတ်ကောင်းကို၊ ဝါ စေတာ– မေတ္တာ ကရုဏာ, ရှေးရှုကာဖြင့်, ဆရာအနေ, ပို့ချခဲ့ပေ၏။ တေန– ထိုသို့ လေးလေးစားစား, အတတ်များကို, သင်ကြားပြသ, ပို့ချခဲ့ခြင်း ကြောင့်၊ ဏေဓိဇယ် လက္ခဏောစ– ဏေဓိမည်သော သားကောင်၏ သလုံးအသွင်, အစဉ်အဆက်, လုံး၍တက်သော ခြေသလုံးတော် ရှိသည်လည်းကောင်း၊ အနုဋ္ဌဝိကလာဘောစ– ရဟန်းတော်နှင့်, သင့် လျော်လျောက်ပတ်, ကောင်းသော လာဘ်ရှိတော်မူသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ သမ္ဗုဒ္ဓံ– ဏေဓိဇယ်တာ, လက္ခဏာတော်နှင့်, ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို ၊ အဟံ– ဘုရားတပည့်တော်

http://www.dhammadownload.com



(တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ဆရာသမားအဖြစ်ဖြင့် အတတ်ပညာကို သင်ပေးသောအခါ မိမိတပည့်အပေါင်းကို ဒူးတုပ်စေခြင်းအားဖြင့် လည်းကောင်း၊ အစေအပါး ခိုင်းခြင်းအားဖြင့် လည်းကောင်း၊ ဒူးတို့ကို ညောင်းစေ၍ ကြာရှည်စွာ မသင်ရဘဲ တတ်လွယ်အောင် နည်းကောင်း လမ်းကောင်း စည်းမျဉ်းကောင်းတို့ကို ညွှန်ပြလျက် သင်ပေးခဲ့၏။ ဤသို့ တတ်လွယ်အောင် သင်ပေးတော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး ကောင်းမှုတော် တစ်ပါးဖြစ်သည်။

**အကျိုးလက္ခဏာတော်။** ။ထိုသို့ အတတ်ပညာတတ်လွယ်အောင် သင်ပေးခဲ့သော ကောင်းမှုကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ဧဏီဇင်္ဃလက္ခဏာတော်ကို ရတော်မူ၏။ [ဧဏီဇင်္ဃ= ဧဏီမည်သော သားကောင်၏ ခြေသလုံးနှင့်တူသော ခြေသလုံးတော်။]

**သလုံးမြင်းခေါင်း၏ တင့်တယ်ပုံ။** ။များစွာသော လူတို့၏ ခြေသလုံးသည် နောက်ဖက်က ဆန်အိတ်ကလေးကဲ့သို့ တွဲ၍ ရှေ့ဖက်၌ အရိုးချောင်းချောင်း ပေါ်ထင်နေ၏။ ဘုရားရှင်သည်ကား ထိုခြေသလုံးကို မညောင်းစေအောင် အတတ်ပညာ သင်ပြခဲ့သော ကောင်းမှုကြောင့် ရှေ့ရော နောက်ပါ အသားမျှလျက် တခဲနက် လုံးဝန်း၍နေ၏။ ထိုကဲ့သို့ လုံးဝန်း၍ နေပုံကို ဧဏီမည်သော တောဆိတ်နက်၏ ခြေသလုံးနှင့် ဥပမာပြုကြသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့ပြီးသော လက္ခဏာတော် သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော် အတွက် အကျိုးဆက်ကား မင်းဖြစ်လျှင် မင်းနှင့်ထိုက်တန်သော အသုံးအဆောင် ကို ရတော်မူခြင်းတည်း။

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ထို ဇေါတိဖယ်တာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ဆရာဖြစ်သောအခါ တပည့်တို့အား တတ်လွယ်အောင် သင်ပြကြပါလေ။

---

## သုခုမစ္ဆဝိတာ လက္ခဏာတော်

၈။ ပရိပုစ္ဆနကော ပုဗ္ဗေ, ပဏ္ဍိတံ ကုသလာဒိကံ၊
သုခုမစ္ဆဝိကော ဗုဒ္ဓေါ, မဟာပညော စ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုရိမဇာတိယံ–ဘဝများစွာ, ရှေးရှေးအခါ၌၊ ပဏ္ဍိတံ– လောကဓမ္မ, ၂ ဌာန၌, ကျနမြင်သိ, ပညာရှိ ပုဂ္ဂိုလ်ကို၊ ကုသလာဒိကံ– ကုသိုလ် အကုသိုလ်, ထိုထိုများစွာ, အကြောင်းအရာကို၊ ပရိပုစ္ဆနကော– အမှန်သိရေး, အဖန်ဖန်မေးခဲ့ခြင်းကြောင့်၊ သုခုမစ္ဆဝိကော– နုညံ့သိမ်မွေ့သော အသားအရေတော် ရှိသည်လည်းကောင်း၊ မဟာပညော စ– ကြီးကျယ်သော ပညာတော် ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– သုခုမစ္ဆဝိတာ, လက္ခဏာတော်နှင့်, ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ–ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * * *

http://www.dhammadownload.com



**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ပညာရှိပုဂ္ဂိုလ်အထံ ချဉ်းကပ်၍ "ကုသိုလ်တရားဟူသည် အဘယ်ပါနည်း၊ အကုသိုလ်တရားဟူသည် အဘယ်ပါနည်း၊ အဘယ်တရားကို ပြုကျင့်လျှင် မကောင်းကျိုးကို ရ၍ အဘယ်တရားကို ပြုကျင့်လျှင် ကောင်းကျိုးကို ရပါသနည်း"ဟု သိမ်မွေ့သော အကြောင်းအရာတို့ကို မေးမြန်းလေ့ ရှိ၏။ ထိုသို့ မေးမြန်းခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါးဖြစ်သည်။

**အကျိုး လက္ခဏာတော်။** ။ထိုကဲ့သို့ မိမိထက် တတ်သိသော ပညာရှိအထံ၌ သိမ်မွေ့သော အကြောင်းအရာ တရားစကားကို မေးမြန်းခဲ့ခြင်းကြောင့် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ သုခုမစ္ဆဝိတာ (သိမ်မွေ့သော အသားအရေတော် ရှိခြင်းဟူသော) လက္ခဏာတော်ကို ရတော်မူပေသည်။ [သုခုမ= သိမ်မွေ့သော နည့်သော၊ ဆဝိတာ– အသားပေါ်က အရေတော်ရှိခြင်း။]

**သိမ်မွေ့သော အရေတော်ရှိပုံ။** ။များစွာသော လူတို့၏ အသားအရေသည် သိမ်မွေ့ နည့်ခြင်း မရှိလှ။ တချို့မှာ ကြမ်း၍ပင် နေသေး၏။ စိုစိုပျိုပျိုလည်း မရှိ။ မွဲခြောက်ခြောက် ဖြစ်နေတတ်၏။ ဗုဒ္ဓမြတ်စွာ၏ အသားအရေတော်ကား သိမ်မွေ့သော အကြောင်းအရာကို မေးမြန်း၍ ကျင့်ခဲ့သော ကုသိုလ်ကံကြောင့် သိမ်မွေ့နည့်တော်မူပေသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော်အတွက် အကျိုးဆက်ကား အရာရာ၌ သူတစ်ပါးထက် သာအောင် ကြီးကျယ်သော ဉာဏ်ပညာ ရှိတော်မူခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ထို သုခုမစ္ဆဝိတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ပညာရှိများထံ ချဉ်းကပ်၍

http://www.dhammadownload.com



ကုသိုလ် အကုသိုလ်ကံနှင့် ထိုကံ၏ အကျိုးရပုံကို မေးမြန်းကြပါလေ။

**ကံနှင့် ကံ၏ အကျိုးအဖွင့် အောက်ပါလင်္ကာကို ဆိုခဲ့ပါသည်။**

၁။ သိရန်မှန်သမျှ, မမေးက, ဖျင်း အ ပညာဆို။

၂။ ကြားမြင်များအောင်, မေးလေ့ဆောင်, ခု နောင် တတ်သိလို။

---

## သုဝဏ္ဏဝဏ္ဏတာ လက္ခဏာတော်

၉။ သုခုမဝတ္ထဒါနေန, အက္ကောဓေန ပုရေ ဘဝေ၊

ဟေမဝဏ္ဏော ဇိနော လာဘီ, မုဒုဝတ္ထာနဥ္စ တံ နမေ။

ယော ဇိနော– အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ သုခုမဝတ္ထဒါနေန– သိမ်မွေ့နည့်သော အဝတ်အရုံ, အခြုံအခင်းတို့ကို ပေးလှူခဲ့ခြင်းကြောင့်လည်းကောင်း၊ အက္ကောဓေနစ– အမျက်ဒေါသ, မထွက်ရအောင်, နှိမ့်ချုပ်တည်း, စောင့်စည်းခဲ့ခြင်းကြောင့် လည်းကောင်း၊ ဟေမဝဏ္ဏော– ရွှေအဆင်းကဲ့သို့, ဝါဝင်းသော အဆင်းတော်ရှိသည်လည်းကောင်း၊ မုဒုဝတ္ထာနံ– နည့်သောအဝတ်အရုံ, အခြုံအခင်းတို့ကို၊ လာဘီစ– ရခြင်းရှိတော်မူသည် လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏၊ တံ ဇိနံ– သုဝဏ္ဏဝဏ္ဏတာ, လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

* * * * * * *

http://www.dhammadownload.com



**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် အဝတ်ကိုလှူသောအခါ လှူဖို့ရန်အဆင်သင့် ရှိလျှင် နည့်သော အဝတ်အရုံ ခြုံထည် အခင်းတို့ကို ပေးလှူလေ့ရှိ၏။ (ထိုသို့ အနုအညံ့ မရှိလျှင်ကား ကြမ်းသော အဝတ်တို့ကိုလည်း ပေးလှူရ ပေလိမ့်မည်။) ထို့ပြင် များစွာသော ဘဝတို့၌ အမျက်ဒေါသကို မဖြစ်အောင်၊ ဖြစ်ပြန်လျှင်လည်း အပြင်မထွက်အောင် စောင့်စည်း ချုပ်တည်းလေ့ ရှိခဲ့ပေသည်။ ဤသို့ နည့်သော အဝတ်တို့ကို ပေးလှူခဲ့ခြင်းနှင့် အမျက် ဒေါသ မဖြစ်အောင်၊ ဖြစ်ပြန်လျှင်လည်း အပြင်မထွက်ရအောင် စောင့်စည်း ချုပ်တည်းခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး အကြောင်း ကောင်းမှုတော် တစ်ပါး ဖြစ်သည်။

**အကျိုး လက္ခဏာတော်။** ။ထိုကဲ့သို့သော ကောင်းမှုကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ သုဝဏ္ဏဝဏ္ဏတာ လက္ခဏာတော်ကို ရတော်မူသည်။ များစွာသော လူတို့၏ အရေအဆင်းသည် အမျိုးမျိုးရှိကြ သော်လည်း ရွှေအဆင်းရှိသူကား နည်းပါးလှ၏။ ဗုဒ္ဓ မြတ်စွာ၏ အရေအဆင်း တော်သည် ဇမ္ဗူရာဇ်ရွှေ သိင်္ဂီရွှေ နာရဏီရွှေ အဆင်းတို့ကဲ့သို့ ဝင်းဝင်းဝါဝါ လွန်စွာ တင့်တယ်တော်မူသည်။

**အမှာ။** ။ဆွမ်း စသော အာမိသ အကောင်းအမွန်ကို ပေးလှူခဲ့ ခြင်း၊ ဘုရားတန်ဆောင်းအတွင်း ကျောင်းဝိုင်းအတွင်းတို့၌ ဖြစ်စေ၊ လူအများ သွားလာရာလမ်း၌ဖြစ်စေ သန့်သန့်ရှင်းရှင်းဖြစ်အောင် တံမြက်လှည်းလေ့ ရှိခြင်းကြောင့်လည်း ထိုကဲ့သို့ ရွှေအဆင်းရှိသူများ ဖြစ်တတ်ပါသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော်အတွက် အကျိုးဆက်ကား နည့်သိမ်မွေ့သော အဝတ်အရုံ၊ အခြုံအခင်း တို့ကို ရတော်မူခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ

http://www.dhammadownload.com



မြတ်စွာ၏ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်တော်ရှိပုံကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိလည်း ကုသိုလ်ပြုရာ အခါ၌ နူးညံ့သော အဝတ်အရုံ အခြံအခင်းတို့ကို ပေးလှူနိုင်အောင် ကြိုးစားကြပါလေ။ ထိုသို့ ပေးလှူရာ၌ ရွှေအဆင်း ရဖို့ အရေးကို တွေးတော၍ ဆုမတောင်းမိစေဘဲ နိဗ္ဗာန်ကိုသာ ရည်စူးကြပါလေ။

---

## ကောသောဟိတဝတ္ထဂုယှတာ လက္ခဏာတော်

၁၀။ ဉာတိမိတ္တေ သမာနေတာ၊ ပုဗ္ဗေ တေန တထာဂတော၊
ကောသောဟိတ ဝတ္ထဂုယှော၊ ဗဟုပုတ္တော စ တံ နမေ။

ယော တထာဂတော- အကြင် မြတ်စွာ ဘုရားသည်၊ ပုဗ္ဗေ- ဘဝများစွာ၊ ရှေးရှေးအခါ၌၊ ဉာတိမိတ္တေ- အမိတခြား၊ သားတစ်ခြားသို့၊ ကွဲပြား၍နေ၊ ဆွေမျိုးမိတ်ဆွေတို့ကို၊ သမာနေတာ- ပြန်၍ပေါင်းဆုံ၊ တွေ့ကြုံမိအောင်၊ ပို့ဆောင်တော်မူ၏။ တေန- ထိုသို့ ပြန်၍တွေ့အောင် ပို့ဆောင်ခဲ့ခြင်းကြောင့်၊ ကောသောဟိတဝတ္ထဂုယှော စ- ဥသဘ နွားမြတ်၊ အင်္ဂါဇာတ်သို့ အအိမ်ဖြင့်ဖုံးအပ်သော အင်္ဂါဇာတ်တော် ရှိသည် လည်းကောင်း၊ ဗဟုပုတ္တော စ- များသော သားတော်ရှိသည် လည်းကောင်း၊ ဟောတိ- အကြောင်းအလိုက်၊ အကျိုးဆိုက်၍၊ သိုက်မြိုက်ထင်ပေါ်၊ ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ- ကောသော ဟိတ၊ ဝတ္ထဂုယှတာ၊ လက္ခဏာတော်နှင့်၊ ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ- ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ဘုရား။

* * * * * * *

http://www.dhammadownload.com



**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မိဘနှင့်ကွဲနေသော သားသမီးတို့ကို လည်းကောင်း၊ သားသမီးနှင့် ကွဲနေသော မိဘတို့ကိုလည်းကောင်း၊ ကွဲနေသော ဆွေမျိုးတို့ကိုလည်းကောင်း၊ အချင်းချင်း ပြန်၍တွေ့အောင် ကိုယ်တိုင်လည်း ပို့ဆောင်ခဲ့၏။ ရှင်ဘုရင် စသည် ဖြစ်သောအခါ ကွဲနေသူတို့ကို ပြန်၍တွေ့အောင် ဆောင်ပို့ပေးဖို့ရာ မြို့တံခါးပေါက်စသော အရပ်တို့၌ မင်းချင်းယောကျ်ား အစေအပါးတို့ကို ထားပေးခဲ့၏။ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးကောင်းမှုတည်း။

**အကျိုးလက္ခဏာတော်။** ။ထိုကုသိုလ်ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ နွားလားဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်တော်ရှိခြင်းဟူသော လက္ခဏာတော်ကို ရတော်မူသည်။ **ဆက်ဦးအံ့။** သားသမီးနှင့် မိဘ ဆွေမျိုး အချင်းချင်းတို့သည် တစ်ယောက်အပြစ်ကို တစ်ယောက် ကာကွယ်ဖုံးထားလေ့ရှိ၏။ ထို့ကြောင့် ဆွေမျိုးအချင်းချင်း ပေါင်းမိအောင် ဆောင်တော်မူခြင်းသည် အပြစ်ကို ကာကွယ်နိုင်ခြင်း၏ အကြောင်းကို ပြုရာရောက်၏။ လူတို့ အင်္ဂါဇာတ်လည်း မမြင်အပ်သော အပြစ်တစ်မျိုးပင်တည်း။ ထိုအင်္ဂါဇာတ်ကို တိုးလိုတွဲလဲ မနေစေဘဲ နွားလား ဥသဘ၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးထားခြင်းသည် အပြစ်ကို ဖုံးကွယ်ရာ ရောက်၏။ ထို့ကြောင့် ဤ လက္ခဏာတော်သည် အများယောကျ်ားတို့ထက် ထူးခြားသော လက္ခဏာတော် ဖြစ်ရပေသည်။ [ကောသ= အအိမ်၌၊ ဩဟိတ= ထားအပ်သော၊ ဝတ္ထဂုယှ= အင်္ဂါဇာတ်။]

**လက္ခဏာတော်၏ အကျိုးဆက်။** ။ဤပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော်အတွက် အကျိုးဆက်မှာ သားရတနာများစွာနှင့် ပြည့်စုံခြင်းတည်း။ မှန်၏။ လူမင်းဖြစ်လျှင် တစ်ဖက်စစ်တပ်ကို အလွယ်တကူ နှိမ်နင်းနိုင်သော သားပေါင်းတစ်ထောင်နှင့် ပြည့်စုံနိုင်၏။ ဗုဒ္ဓမြတ်စွာ ဖြစ်သောအခါ အရှင်သာရိပုတ္တရာ အစရှိသော သားရတနာများစွာနှင့် ပြည့်စုံတော်မူသည်။

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ ကောသောဟိတဝတ္ထဂုယှတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားပြီးလျှင် မိမိတို့လည်း ဆွေမျိုးချင်း သားအမိ သားအဖချင်း၊ သမီးခင်ပွန်းချင်း ကွဲနေသည်ကို မြင်ရသောအခါ ပြန်၍ ပေါင်းမိအောင် စွမ်းနိုင်သမျှ ဆောင်ရွက်ကြပါလေ။

---

# နိဂြောဓ ပရိမဏ္ဍလ, ဇာဏုပရာမသန လက္ခဏာတော် ၂ ပါး

၁၁။ ဂုဏာနုရူပ ကာရတော, နိဂြောဓ ပရိမဏ္ဍလော၊
ဋ္ဌိတောဝါမသန္တော ဇာဏူ, မဟာဒ္ဓနောစ တံ နမေ။

ယော တထာဂတော– အကြင် မြတ်စွာ ဘုရားသည်၊ ပုဗ္ဗေ–ဘဝများစွာ, ရှေးရှေးအခါ၌၊ ဂုဏာနုရူပ ကာရတော– သူ၏ဂုဏ်နှင့်, လျော်ကန်သင့်အောင်, ချီးမြှင့်မှုကို, ပြုခဲ့ခြင်းကြောင့်၊ နိဂြောဓ ပရိမဏ္ဍလောစ– ဝန်းဝိုင်းသော ပညောင်ပင်ကဲ့သို့, ကိုယ်တော်နှင့်အလံ, လျော်ကန်ညီညီ, ဝန်းဝိုင်းတော်မူသည်လည်းကောင်း၊ ဋ္ဌိတောဝ– မကိုင်းမညွတ်, မတ်မတ် ရပ်တော်မူလျက်သာလျှင်၊ ဇာဏူ– ပုဆစ်ဒူးဝန်း ၂ ဖက်တို့ကို၊ အာမသန္တော– သုံးသပ်တော်မူနိုင်သည် လည်းကောင်း၊ မဟာဒ္ဓနောစ– ပြည့်စုံရုံမျှ, မကတိုးပွား, အလွန်များသော, လောကီလောကုတ္တရာ ဥစ္စာရှိသည်လည်းကောင်း၊ ဟောဟိ– အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။

http://www.dhammadownload.com



တံ တထာဂတံ– နိဂြောဓပရိမဏ္ဍလတာ, စာထုပရာမသန, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သူတစ်ပါး၏ ဂုဏ်ကို အမှန်အတိုင်း သိတော်မူရကား ဂုဏ်ရှိသူတို့ကို ဂုဏ်ထူးအလိုက် ပေးကမ်း ချီးမြှောက်ခဲ့၏။ လျှော့၍လည်း မချီးမြှောက်၊ ပို၍လည်း မချီးမြှောက်ပါ။ ဥပမာ– တစ်ကျပ်တန်သူအား ငါးမူးလည်း မပေး၊ ၂ ကျပ်လည်းမပေး၊ တစ်ကျပ်သာ ပေးသကဲ့သို့တည်း။ ဤသို့ သူ၏ ဂုဏ်အားလျော်စွာ ချီးမြှောက်ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တစ်ပါး ဖြစ်သည်။

**အကျိုးလက္ခဏာတော် ၂ ပါး။** ။ထိုအကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ နိဂြောဓပရိမဏ္ဍလ လက္ခဏာနှင့် စာထုပရာမသန လက္ခဏာတော် ၂ ပါးကို ရတော်မူ၏။ အရပ်တော် ၄ တောင်ရှိလျှင် လက်နှစ်ဖက် အလံတော်လည်း ကိုယ်လုံးနှင့်တကွ ၄ တောင်ပင် ရှိ၏။ ဤသို့ အရပ်တော်နှင့် အလံတော် ညီမျှခြင်းကို အဝန်းညီမျှသော ပညောင်ပင်နှင့် တူသောကြောင့် "နိဂြောဓပရိမဏ္ဍလ လက္ခဏာ" ဟု ခေါ်၏။ (ပညောင်ပင်သည် အမြင့် အတောင် ငါးဆယ် ရှိလျှင် ဘေးပတ်ဝန်းကျင် အပြန့်လည်း အတောင် ငါးဆယ်ပင် ရှိ၏။) ထို့ပြင် ဗုဒ္ဓမြတ်စွာသည် မကိုင်းမညွတ် မတ်မတ်ရပ်တော်မူလျက် ပုဆစ်ဒူးဝန်း ၂ ဖက်တို့ကို လက်တော် ၂ ဖက်ဖြင့် ထိအောင် သုံးသပ်တော်မူနိုင်၏။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော် ၂ ပါးအတွက် အကျိုးဆက်မှာ လူမင်းဖြစ်လျှင် လောကီဥစ္စာ

http://www.dhammadownload.com



ရတနာတို့နှင့် ပြည့်စုံခြင်း၊ တရားမင်း ဘုရားဖြစ်လျှင် သဒ္ဓါ သီလ စသော လောကုတ္တရာ ရတနာတို့နှင့် ပြည့်စုံခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကိုယ့်အောက် ငယ်သားတို့ကို ဂုဏ်အားလျော်စွာ ချီးမြှောက်တတ်ကြပါစေ။

---

## ဝဋ္ဋက္ခန္ဓတာ, စိတန္တရတာ, သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာတော် ၃ ပါး

၁၂။ မဟာဇနေဋ္ဌကာမေန, ဝဋ္ဋက္ခန္ဓော စိတန္တရော၊
သီဟပုဗ္ဗဒ္ဓကာယောစ, အဟာနိယောစ တံ နမေ။

ယော တထာဂတော– အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊မဟာဇနေဋ္ဌကာမေန– သတ္တဝါအပေါင်း, ကြီးပွားကြောင်းကို, ငဲ့စောင်းလိုလား, ကြိုးစားတော်မူခဲ့ခြင်းကြောင့်၊ ဝဋ္ဋက္ခန္ဓောစ– ရွှေမုရိုးစည်ကဲ့သို့, အညီပတ်ဝန်း, လုံးသော လည်ပင်းတော်ရှိသည်လည်းကောင်း၊ စိတန္တရောစ– လက်ပြင်ရိုး ၂ ဖက်အကြား၌ စီ၍ထားသကဲ့သို့ ပြည့်သောအသားတော် ရှိသည်လည်းကောင်း၊ သီဟပုဗ္ဗဒ္ဓကာယောစ– ခြင်္သေ့မင်း၏ ရှေ့ထက်ဝက် ကိုယ်ကဲ့သို့ အထက် အောက် ၂ ဌာန၌ ပြည့်ဝသော ကိုယ်တော်ရှိသည် လည်းကောင်း၊ အဟာနိယောစ– သဒ္ဓါစသည်, အလီလီနှင့်, လောကီနေ, ဟူသမျှ လည်း, လျော့ကျဆုတ်ယုတ်ခြင်း မရှိသည်လည်းကောင်း၊ ယောတိ–

http://www.dhammadownload.com



အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– ဝတ္တကန္တ, စိတန္တရနှင့် သီဟပုဗ္ဗဒ္ဓကာယာ, ၃ ဖြာသော လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သတ္တဝါများ၏ ကြီးပွားချမ်းသာကြောင်းကို အလိုရှိတော်မူရကား ပြုလေသမျှ ကိစ္စအဝဝတို့၌ ပရဟိတ အမှုကိုသာ ပြုကျင့်တော်မူခဲ့ပေသည်။ လောက ကြီးပွားရေးသာမက သဒ္ဓါ သီလ သုတ စသော သူတော်ကောင်းဥစ္စာတို့၏ တိုးပွားရေးကိုလည်း မျှော်တွေး၍ ဟောပြောပြသ ဆုံးမတော် မူခဲ့ပေသည်။ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေး အကြောင်း ကောင်းမှုတော် တစ်ပါးဖြစ်သည်။

**စရိယာ ၂ ပါး။** ။ဗုဒ္ဓမြတ်စွာ၏ စရိယာ ၃ ပါးတွင် အလောင်းအလျာဘဝတုန်းက ဉာတတ္ထစရိယာ– ဆွေမျိုးတို့၏ စီးပွားကို ကျင့်ခြင်း၊ လောကတ္ထစရိယာ– ဆွေမျိုးဟု မခွဲခြားဘဲ သတ္တဝါအများ၏ စီးပွားကို ကျင့်ခြင်း၊ ဤ ၂ ပါးကို များစွာသော ဘဝတို့၌ ပရဟိတ အကျိုးငှာ ကျင့်တော်မူခဲ့ပါသည်။

**အကျိုးလက္ခဏာတော် ၃ ပါး။** ။ထိုအကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ ဝတ္တကန္တတာ လက္ခဏာ၊ စိတန္တရတာ လက္ခဏာ၊ သီဟပုဗ္ဗဒ္ဓကာယတာ လက္ခဏာ အားဖြင့် လက္ခဏာ ၃ ပါးကို ရတော်မူသည်။ [ဝတ္တ–လုံးသော၊ ခန္ဓတာ– လည်ပင်းတော်ရှိခြင်း၊ စိတ– အသားတွေကို စီထားသကဲ့သို့ ပြည့်သောအသားရှိသော၊ အန္တရတာ– လက်ပြင်ရိုး ၂ ဖက်၏ အကြားရှိခြင်း၊ (လက်ပြင်တော် ၂ ဖက်၏

http://www.dhammadownload.com



အကြား၌ အသားတော်ပြည့်ခြင်း)၊ သီဟပုဗ္ဗဒ္ဓ– ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ အထက်ပိုင်း အောက်ပိုင်း ၂ ပိုင်းလုံး ပြည့်ဖြိုးသော ကိုယ်တော်ရှိခြင်း။]

**လုံးသော လည်ပင်းတော်ရှိခြင်း။** ။အချို့သူတို့၏ လည်ပင်းသည် ကြိုးကြာ(ဂျိုးဂျာ) လည်ပင်းကဲ့သို့ ရှည်၍နေတတ်၏။အချို့လည်ပင်းကား ဗျိုင်း၏ လည်ပင်းကဲ့သို့ ကောက်၍နေတတ်၏။ အချို့လည်ပင်းမှာ တောဝက်၏ လည်ပင်းကဲ့သို့ ပြန့်ကျယ်၍ နေတတ်၏။ ဘုရားအလောင်း၏ လည်ပင်းသည် လည်ကုပ်တော် လှပရကား ကောင်းစွာ လုံးအပ်သော ရွှေမုရိုးစည်ကဲ့သို့ တင့်တယ်တော်မူ၏။ စကားပြောသောအခါ လည်ပင်းအကြောများ မထင်ရှားဘဲ မိုးခြိမ်းသကဲ့သို့ အသံတော်လည်း ဟိန်း၍ နေပါသည်။

**လက်ပြင်ရိုး ၂ ဖက်အကြား၌ အသားပြည့်ပုံ။** ။နောက်ကျောပြင်ဝယ် လည်ကုပ်၏ အောက်၌ ပေါ်ထွက်၍နေသော အရိုး၂ ဖက် ရှိ၏။ လက်ပြင်ရိုးဟု ခေါ်၏။ များစွာသော လူတို့၏ လက်ပြင်ရိုး ၂ ဖက် အကြား၌ များသောအားဖြင့် အသားမပြည့်ချေ။ ဘုရားအလောင်းမှာ ခါးမှအထက် ပခုံးတိုင်အောင် အသားလွှာ ပြည့်နေသောကြောင့် ထိုလက်ပြင် ၂ ဖက် အကြား၌လည်း ရွှေပျဉ်ပြားကဲ့သို့ အသားပြည့်လျက် ရှိပေသည်။

**ခြင်္သေ့မင်း၏ ကိုယ်နှင့်တူပုံ။** ။ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်သာ တုတ်ခိုင်၏၊ နောက်ပိုင်း ကိုယ်ကား သေးငယ်သည်။ ဗုဒ္ဓမြတ်စွာကား အထက်ပိုင်း အောက်ပိုင်း ၂ ပိုင်းလုံးမှာပင် တုတ်တုတ်ခိုင်ခိုင် ရှိတော်မူ၏။ ("တုတ်တုတ်ခိုင်ခိုင်" ဟု ဆိုသော်လည်း ကြည့်ရှု၍ မလှပအောင် ဝဝ ဖိုင့်ဖိုင့် ဘုတ်ထိုင်းထိုင်း မဟုတ်ပါ၊ ပြည့်ပြည့်ဖြိုးဖြိုး ပြေပြေပြစ်ပြစ် သွက်သွက်လက်လက်သာတည်း။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာတော် ၃ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ လက္ခဏာတော် ၃ ပါးအတွက် အကျိုးဆက်မှာ လူဖြစ်လျှင် ပြည့်စုံပြီးသော

http://www.dhammadownload.com



ရွှေငွေ စသော ရတနာတို့မှ မဆုတ်ယုတ်ခြင်း၊ တရားမင်း ဖြစ်သောအခါ သဒ္ဓါ စသော ဥစ္စာတို့မှ ယုတ်လျော့၍ မသွားခြင်းတည်း။

**တိုက်တွန်းချက်။** ။ ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ လက္ခဏာတော် ၃ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း လူအများ၏ အကျိုးစီးပွားကို လိုလိုလားလား ဆောင်ရွက်ကြပါလေ။

---

## ရသဂ္ဂသဂ္ဂိတ လက္ခဏာတော်

၁၃။ အဝိဟေဌနတော ပုဗ္ဗေ, ပါဏီနံ ပါဏိအာဒီနာ။
ဇိနော ရသဂ္ဂသဂ္ဂိစ, အပ္ပါဗာဓောစ တံ နမေ။

ယော ဇိနော– အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ–ဘဝများစွာ, ရှေးရှေးအခါ၌၊ ပါဏီနံ– သတ္တဝါတို့ကို၊ ပါဏိအာဒီနာ– လက် အစရှိသည်ဖြင့်၊ အဝိဟေဌနတော– မညှဉ်းဆဲခဲ့ခြင်းကြောင့်၊ ရသဂ္ဂသဂ္ဂိစ– အရသာကို ဆောင်ယူနိုင်သော အကြောတို့တွင် အမြတ်ဆုံး ဖြစ်သော ခုနစ်ထောင်သော အကြောတော် ရှိသည်လည်းကောင်း၊ အပ္ပါဗာဓောစ– အနာရောဂါ, များစွာလွတ်ကင်း, ကျန်းမာခြင်းရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဇိနံ– ရသဂ္ဂသဂ္ဂိတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

http://www.dhammadownload.com



**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် လက်ဖြင့်လည်းကောင်း၊ လက်နက်တစ်ခုခု ဖြင့်လည်းကောင်း သတ္တဝါတို့ကို မညှဉ်းဆဲမိ၊ မနှိပ်စက်မိအောင် ရှောင်ကြဉ်တော်မူ၏။ ညှဉ်းဆဲနှိပ်စက်လျှင် ညှဉ်းဆဲခံရသူ၏ အကြောတို့ သည် ပျက်စီးကုန်၏။ အကြောတွေ ပျက်စီးလျှင် စားအပ်သမျှ အစာ တို့၏ အရသာကို ကောင်းစွာ မခံယူနိုင်။ မနှိပ်စက် မညှဉ်းဆဲခြင်းကြောင့် ကား ထိုအကြောတို့ကို မပျက်စီးစေ၊ အကြောများ မပျက်စီးလျှင် စားလိုက်သမျှ အစာတို့၏ အရသာကိုလည်း ခံယူနိုင်၏။ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တည်း။

**အကျိုးလက္ခဏာတော်။** ။ထိုအကြောင်းကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ စားအပ်သမျှ အစာတို့၏ အရသာကို ကောင်းစွာဆောင်ယူနိုင်သော အကြောပေါင်း ခုနစ်ထောင်သည် အထက် သို့ အဖျားလှည့်၍ လည်ပင်းမှာ စွပ်ထားသကဲ့သို့ တည်ကုန်၏။ ထို အကြောပေါင်း ခုနစ်ထောင်ကြောင့် နှမ်းတစ်စေ့လောက်သော အာဟာရကို လျှာဖျား၌ တင်၍ ဝါးလိုက်လျှင် အရသာ၏ အဆိမ့်ဓာတ်သည် တစ်ကိုယ်လုံး နှံ့အောင် ပြန့်နိုင်ပါသတဲ့။ ထို့ကြောင့် ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ၌ သစ်သီးတစ်လုံး၊ ပဲပြုတ်ရေ တစ်ခွက် စသော အာဟာရဖြင့် မျှတတော် မူနိုင်ပါသည်။ (ရသ–အရသာကို၊ ဂသ– ဆောင်နိုင်သော အကြောတို့တွင်၊ အဂ္ဂ– မြတ်သောအကြောတော်များ၏ ။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာ တော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာ တော်အတွက် အကျိုးဆက်မှာ အနာရောဂါကင်း၍ ကျန်းမာခြင်းတည်း။

**မှတ်ချက်။** ။ယခုအခါ များစွာသော လူတို့၏ အသီးအရွက် အစာ၌ ချက်ရိုးချက်စဉ်အားဖြင့် အရသာမရှိသောကြောင့် အရသာရှိအောင် သားငါးတို့ကို များစွာထည့်၍ ချက်ကြရ၏။ ထိုကဲ့သို့ ချက်ပါလျက်လည်း အရသာမရှိ၊ ထိုသို့ အရသာမရှိခြင်းသည် အစာကြောင့်ချည်း မဟုတ်ပါ။

http://www.dhammadownload.com



အစာကလည်း ရှေးကလောက် အဆီအရသာ မရှိခြင်း၊ မိမိမှာရှိသော အကြောများကလည်း ချွတ်ယွင်းခြင်း၊ ဤနှစ်မျိုးကြောင့် ဖြစ်ရသည်ဟု မှတ်။

**တိုက်တွန်းချက်။** ။ ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း သတ္တဝါတို့ကို မညှဉ်းဆဲမိအောင် သတိထားကြပါ။

---

## အဘိနီလနေတ္တတာ, ဂေါပခုမတာ
## လက္ခဏာတော် ၂ ပါး

၁၄။ ဩလောကနေန သတ္တာနံ, ပိယက္ခိနာ နီလက္ခိကော၊
ဗုဒ္ဓေါ ဂေါပခုမော စေဝ, ပိယဒဿောစ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုရောဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ သတ္တာနံ– တွေ့ရာမြင်ရာ, သတ္တဝါတို့ကို၊ ပိယက္ခိနာ– ချစ်ဖွယ်သော မျက်လုံးတော်ဖြင့်၊ ဩလောကနေန– မေတ္တာအပြည့်, ကြည့်တော်မူခဲ့ခြင်းကြောင့်၊ နီလက္ခိကောစ– အောင်မဲညိုပွင့်, နှမ်းကြတ်ပွင့်သို့, ညိုသင့်ထိုထို, ရှမ်းရှမ်းစိုမျှ, ညိုသော မျက်လုံးတော် ရှိသည်လည်းကောင်း၊ ဂေါပခုမောစေဝ– မွေးစအရွယ်, နွားနီငယ်၏, တင့်တယ်ကြည်အေး, မျက်လုံးကလေးသို့, မျက်မွေးစိရရိ, အလွန်ကြည်သော မျက်လုံးတော်ရှိသည်လည်းကောင်း၊ ပိယဒဿောစ– ချစ်ခင်ကြည်နူး, ဖူး၍မဝ, လှပတင့်တယ်, အလွန်သပ္ပာယ်သည် လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍,

http://www.dhammadownload.com



သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ – နီလနေတ္တ, ဂေါပခုမတာ လက္ခဏာတော်၂ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– တပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် တွေ့ရကြုံရာ သတ္တဝါတို့ကို ကြည့်သောအခါ မေတ္တာအပြည့် ချစ်ဖွယ်သော မျက်စိဖြင့် ကြည့်လေ့ရှိတော်မူခဲ့၏။ ဤသို့ ကြည့်တော်မူခြင်းကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါးတည်း။

**အကျိုးလက္ခဏာတော် ၂ ပါး။** ။ထိုအကြောင်း ကောင်းမှုကြောင့် ဗုဒ္ဓဖြစ်မည့် နောက်ဆုံးဘဝ၌ မျက်လုံးတော်၏ ညိုသင့်ရာအရပ်ဝယ် အောက်မဲညိုပန်း နှမ်းကြတ်ပန်း အသွေးကဲ့သို့ ညိုသော မျက်လုံးတော် လည်း ရှိတော်မူ၏။ မွေးဖွားခါစ နွားနို့ငယ်၏ မျက်လုံးကဲ့သို့ မျက်တောင် မွေး စီရရီဖြင့် အလွန်ကြည်လင်သော မျက်လုံးတော်လည်း ရှိတော်မူ၏။ (အဘိနီလ– ညိုသင့်ရာအရပ်၌ အလွန်ညိုသော၊ နေတ္တတာ– မျက်လုံး တော်ရှိခြင်း၊ ဂေါပခုမတာ– မွေးဖွားခါစ နွားနို့ငယ်၏ မျက်တောင်မွေးနှင့် တူသော မျက်တောင်မွေးတော် ရှိခြင်း။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာ တော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော် ၂ ပါးအတွက် အကျိုးဆက်မှာ ဖူးမြင်၍မဝအောင် လှပ တင့်တယ် သပ္ပာယ်တော်မူခြင်းတည်း။

**တိုက်တွန်းချက်။** ။ ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို

http://www.dhammadownload.com



ပွားများပြီးလျှင် မိမိတို့လည်း ချစ်ဖွယ်သော မျက်လုံးဖြင့် သူတစ်ပါးကို ကြည့်မိအောင် မေတ္တာဘာဝနာ အလုပ်ကို အားထုတ်ကြပါလေ။

ဆက်ပါဦးမည်။ ။သတ္တဝါ အများကို ချမ်းသာစေဖို့ရန် နေ့စဉ်မှန်မှန် မေတ္တာပို့နေ၊ မေတ္တာဘာဝနာ ပွားများနေပါလျှင် ရှေးဦးစွာ မိမိစိတ် ကြည်လင်၏။ စိတ်ကြည်လင်သောအခါ စိတ်ကြောင့် ဖြစ်သော ရုပ်လည်း ကြည်လင်၏။ ဤနည်းအားဖြင့် မျက်နှာတစ်ရပ်လုံး ကြည်လင်ရကား သူတစ်ပါးကို ကြည်လင်သော စက္ခုဖြင့်သာ ကြည့်ရှုလေ့ ရှိပါတော့သည်။

---

## ဥဏှီသသီသတာ လက္ခဏာတော်

၁၅။ ဒါနာဒိ ပုညကမ္မေသု, ပုဗ္ဗင်္ဂမော တထာဂတော၊
တေန ဥဏှီသသီသောစ, ဇနာနုဝတ္တီစ တံ နမေ။

ယော တထာဂတော– အကြင် မြတ်စွာဘုရားသည်၊ ပုရောဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ဒါနာဒိ ပုညကမ္မေသု– ဒါနစသည်, အလီလီသော ကုသိုလ်ကောင်းမှုတို့၌၊ ပုဗ္ဗင်္ဂမော– တက်တက်ကြွားကြွား, ရှေ့ကသွား၍, အများလိုက်အောင်, ခေါင်းဆောင်တော်မူ၏။ တေန– ထိုကုသိုလ်ကောင်းမှု, ကိစ္စစု၌, လူထုပါအောင်, ခေါင်းဆောင်တော်မူခဲ့ခြင်းကြောင့်၊ ဥဏှီသသီသောစ– သင်းကျစ်အပြား,ဖွဲ့ပတ်ထားသို့, သီးခြားဆန်းထူး, မဟာနဖူးကြောင့်, ဖူးရှုဖွင်ပျော့,လုံးသောဦးခေါင်းတော် ရှိသည်လည်းကောင်း၊ ဇနာနုဝတ္တီစ– လူ နတ် ဗြဟ္မာ, သတ္တဝါတို့, နောက်မှာ စိုက်စိုက်, လိုက်ပါခြင်း ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– ဥဏှီသသီသတာ လက္ခဏာနှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ဒါနအစရှိသော ကုသိုလ်ကောင်းမှုကို ပြုသောအခါ ခေါင်းဆောင်၍ ပြုလေ့ရှိ၏။ ကောင်းသော အလုပ်ဝယ် ရှေ့သွားခေါင်းဆောင် ဖြစ်သောကြောင့်လည်း ပရိသတ်အပေါင်းဝယ် ဦးခေါင်းတမော်မော်နှင့် ပျော်ပျော်ကြီး လှည့်လည်နိုင်ခဲ့၏။ ဤကား ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါး ဖြစ်သည်။

**အကျိုးလက္ခဏာတော် ၂ ပါး။** ။ထိုအကြောင်း ကောင်းမှုကြောင့် ဦးခေါင်းတော်၏ လှပတင့်တယ်ဖို့ရာ နဖူးတော် အပြင်ဝယ် သင်းကျစ်ပြား ဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာတင့်တယ်တော်မူ၏။ ထင်ရှားစေအံ့။ လက်ယာနားအစွန်းမှ စ၍ တက်သော အသားလွှာသည် အထက်သို့ တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနားအစွန်း တိုင်အောင် တည်တော်မူ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် လွန်စွာ တင့်တယ်တော်မူ၏။ ထိုတင့်တယ်ပုံကို အတုပြု၍ ယခုအခါ အချို့ ဆင်းတုတော်၏ နဖူးတော်၌လည်းကောင်း၊ ရှင်ဘုရင်တို့၏ နဖူး၌ လည်းကောင်း၊ သင်းကျစ်အပြားကို ဖွဲ့တပ်ထားကြသည်။ နဖူး၌သာမက ထိုနဖူးတော်ကို အကြောင်းပြု၍ ဦးခေါင်းတော် တစ်ရပ်လုံး ပွတ်ဆောက် အဖျားဖြင့် လှည့်ပတ်၍ ပွတ်ခံထားသကဲ့သို့ ရေပွက်လုံး ကလေးပမာ လွန်စွာလုံးဝန်းတော်မူပါသည်။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာ တော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာ

http://www.dhammadownload.com



တော်အတွက် အကျိုးဆက်မှာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ နောက်တော်ပါး က ခစားမကွာ လိုက်ပါရခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ ဥဏှီသသီသတာ လက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ကုသိုလ်ကောင်းမှု ကိစ္စရပ်၌ ခေါင်းဆောင်နိုင်လျှင် ခေါင်းဆောင်၍၊ ခေါင်းမဆောင်နိုင်လျှင် မနိုမကပ်ဘဲ တက်တက်ကြွကြွ ကြိုးစားကြပါလေ။

---

## ဧကေကလောမတာ, ဥဏ္ဏလောမတာ
## လက္ခဏာတော် ၂ ပါး

၁၆။ မုသာဝါဒဝိရတိယာ, ဗုဒ္ဓေါ ဧကေကလောမကော၊
သောဒါတ ဥဏ္ဏလောမောစ, ဧနောပဝတ္တိ တံ နမေ။

ယော ဗုဒ္ဓေါ– အကြင် မြတ်စွာဘုရားသည်၊ ပုဗ္ဗေ–ဘဝများစွာ, ရှေးရှေးအခါ၌၊ မုသာဝါဒဝိရတိယာ– မဟုတ်မတရား, မုသားပြောခြင်းမှ ရှောင်တော်မူခဲ့ခြင်းကြောင့်၊ ဧကေကလောမကောစ– မွေးတွင်းတစ်တွင်း လျှင်, တစ်ပင်စီ တစ်ပင်စီသော အမွေးတော်ရှိသည်လည်းကောင်း၊ သောဒါတဥဏ္ဏလောမောစ– မျက်ခုံးတော် ၂ ပါး, အလယ်ကြား၌, ထူးခြားပေါ်လွင်, အလွန်ဖြူစင်သော မွေးရှင်တော် ရှိသည်လည်းကောင်း၊ ဧနောပဝတ္တိစ– လူအများပင်, ဘုရားရှင်၏, အစဉ်လိုသမျှ, လိုက်ပါ ရခြင်း ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက်, အကျိုး ဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ– ဧကေက

http://www.dhammadownload.com



လောမ, ဥဏ္ဏာလောမတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– တပည့်တော် (တပည့်တော်မ)သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မုသာဝါဒမှ ရှောင်ကြဉ်တော်မူ၍ မှန်ကန်သော သစ္စာစကားကို ပြောဆိုတော်မူခဲ့သည်။ ဟိုတစ်မျိုး၊ ဒီတစ်မျိုး စကား ၂ မျိုးကို ပြောလေ့မရှိခဲ့ပါ။ ဤသို့ မုသာဝါဒမှ ရှောင်ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါးတည်း။

**အကျိုးလက္ခဏာတော်။** ။ထိုအကြောင်း ကောင်းမှုကြောင့် ဘုရား ဖြစ်တော်မူမည့် ဘဝ၌ မွေးညှင်းတော်တို့သည် မွေးညှင်းတစ်တွင်းလျှင် တစ်ပင်စီသာ ပေါက်ခြင်းဟူသော ဧကေကလောမတာ လက္ခဏာတော်ကို လည်းကောင်း၊ ဥဏ္ဏာလုံ မွေးရှင်တော်ဟူသော ဥဏ္ဏာလောမတာ လက္ခဏာ တော်ကိုလည်းကောင်း ရတော်မူသည်။

**ဥဏ္ဏာလုံမွေးရှင်တော်။** ။ဥဏ္ဏာလောမဟူသော ပါဠိကို မြန်မာလို "ဥဏ္ဏာလုံ" ဟု ပြန်ဆိုကြသည်။ ထိုအမွေးတော်သည် မျက်ခုံးတော် ၂ သွယ်၏ အလယ်ဗဟိုဝယ် နဖူးတော်၏အဆုံးအထက်၌ ပေါက် တော်မူပြီးလျှင် အထက်သို့တက်၍ နဖူးအလယ်မှာ လဲ ဝဲဝွမ်းအစ ကဲ့သို့ အလွန်ဖွေးဖွေးဖြူလျက် တင့်တယ်တော်မူ၏။ ဆွဲ၍ဆန့်လိုက်သော အခါ လက်ယာရစ်လည်၍ လုံးသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်တော်မူသောကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရ၏။ ထို့ကြောင့် "ဥဏ္ဏာလုံမွေးရှင်တော်" ဟု ခေါ်စမှတ် ပြုကြသည်။ ရွှေအဆင်းရှိသော နဖူးတော် အပြင်၌ တည်ရကား နံနက် စောစောအခါ အရုဏ်ရောင် ဖြာခိုက်ဝယ် သောကြာကြယ်ကဲ့သို့ လွန်စွာ တင့်တယ်တော်မူပါသတဲ့။

http://www.dhammadownload.com



**လက္ခဏာတော်၏ အကျိုးဆက်။** ။ဤပြအပ်ပြီးသော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော်၏ အကျိုးဆက်မှာ နောက်တော်ပါးက ခစားမကွာ လိုက်ပါသူ ဟူသမျှတို့၏ ဘုရားအလိုတော်ကျအောင် နေကြ ကျင့်ကြခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကောင်းမှု၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း မုသားမှ ရှောင်ကြဉ်၍ စကား ၂ ခွ မပြောမိကြဘဲ သစ္စာစကားကိုသာ ပြောမိအောင် သတိပြုကြပါလေ။

---

## စတ္တာလီသဒန္တတာ, အဝိရဠဒန္တတာ
## လက္ခဏာတော် ၂ ပါး

၁၇။ ပေသုည ဝိရမဏတော, သမစတ္တာလီသဒန္တော၊
ဓိနော အဝိရဠဒန္တောစ, အဘေဇ္ဇပရိသော နမေ။

ယော ဓိနော– အကြင် မြတ်စွာဘုရားသည်၊ ပုရောဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ပေသုညဝိရမဏတော– ချစ်ခင်သူများ, ကွဲ၍သွားလျက်, ကိုယ့်အားချစ်အောင်, ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်တော်မူခြင်းကြောင့်၊ သမစတ္တာလီသဒန္တော– အမျှလေးဆယ်, လွန်တင့်တယ်သော, သွားတော်ရှိသည်လည်းကောင်း၊ အဝိရဠဒန္တောစ– ရွှေပြားအပြင်, ဝရစိန်တင်သို့, အစဉ်မကွဲ, မကျဲသော သွားတော် ရှိသည်လည်းကောင်း၊ အဘေဇ္ဇပရိသောစ– မပျက်မကွဲ, သံဖြင့်တွဲသို့, တစ်ခဲနက်လုံး, စည်းရုံးသော ပရိသတ် ရှိသည်လည်းကောင်း၊ ဟောတိ–

http://www.dhammadownload.com



အကြောင်း အလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ ဓိန်– သမစတ္တာလီသဒန္တ, အဝိရဠ ဒန္တတာ လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် ချစ်သူနှစ်ယောက် ကွဲအောင် လည်းကောင်း၊ ထိုသို့ ကွဲပြီးနောက် မိမိကို ချစ်အောင်လည်းကောင်း ကုန်းတိုက်ခြင်း ဟူသော ပိသုဏဝါစာမှ ရှောင်တော်မူ၍ သူတစ်ပါးတို့ ညီညီမျှမျှ ချစ်ခင်နေသည်ကို မြင်လျှင် ဝမ်းမြောက် နှစ်သက်ခဲ့၏။ ချစ်ခင် နေသူများကို ကွဲ၍မသွားစေသည့်ပြင် စည်းလုံးညီညွတ်ခြင်း၏ အကျိုးကိုသာ ဟောပြောလေ့ ရှိ၏။ ဤသို့ ပိသုဏဝါစာမှ ရှောင်ကြဉ်တော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါးတည်း။

**အကျိုးလက္ခဏာတော်** ။ ။ပိသုဏဝါစာမှ မရှောင်ဘဲ ချစ်သူတွေ စည်းစည်းလုံးလုံး မနေနိုင်အောင် ကုန်းတိုက်ခဲ့သူတို့၏ သွားတို့သည် မပြည့်မစုံ ဖြစ်ရုံသာမက ကျိုးတိုးကျဲတဲလည်း ဖြစ်တတ်၏။ ။များစွာသော လူတို့၏ သွားသည် အများဆုံးအားဖြင့် ၃၂ ချောင်းသာ ရှိ၏၊ ဗုဒ္ဓမြတ်စွာသည်ကား ပါရမီဖြည့်စဉ်အခါဝယ် သူတစ်ပါးကို ကွဲပြားအောင် ကုန်းတိုက်စကားကို မပြောဆိုဘဲ အချင်းချင်းညီညွတ်အောင် ပြောဆိုခဲ့ခြင်းကြောင့် ဗုဒ္ဓဖြစ်မည့်ဘဝ၌ သွားတော် ၄၀ တိတိ ပြည့်ပြည့်စုံစုံရှိခြင်း ဟူသော သမစတ္တာလီသဒန္တ, သွားအကြားတိုင်း၌ မကျဲသော အဝိရဠ ဒန္တတာ လက္ခဏာတော် ၂ ပါးကို ရတော်မူသည်။ (ဤနေရာ၌ သမ သဒ္ဒါသည် ၄၀ အတိအကျ အပြည့်ဟူသော အနက်ကို ဟော၏။ သင်္ဂြိုဟ်မှာလာသော သမဝီသတိ မဂ္ဂစိတ္တာနိ၌ သမသဒ္ဒါကဲ့သို့တည်း။)

http://www.dhammadownload.com



**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော် ၂ ပါးအတွက် အကျိုးဆက်ကား အခြွေအရံ ပရိသတ်တို့ မကွဲမပြားဘဲ တစ်သားတည်း စည်းစည်းလုံးလုံး ရှိကြခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကောင်းမှု၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိလည်း ကုန်းတိုက်ခြင်း ပိသုဏာဝါစာမှ ရှောင်ကြဉ်မိအောင် အမြဲ သတိပြုကြပါလေ။

---

## ပဟူတဇိဝှတာ, ဗြဟ္မဿရတာ
## လက္ခဏာတော် ၂ ပါး

၁၈။ ဖရုသဝါစာ ဝိရတိယာ, ပုဗ္ဗေ ပဟူတဇိဝှကော၊
ဗြဟ္မဿရောစ သမ္ဗုဒ္ဓေါ, အာဒေယျဝစနော နမေ။

ယော သမ္ဗုဒ္ဓေါ– အကြင် မြတ်စွာ ဘုရားသည်၊ ပုဗ္ဗေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ ဖရုသဝါစာဝိရတိယာ– စိတ်ကြမ်းနှုတ်ကြမ်း, ငေါက်ငန်းဆဲမှု, ဖရုသဝါစာမှ ရှောင်ကြဉ်တော်မူခဲ့ခြင်းကြောင့်၊ ပဟူတဇိဝှကောစ– ရှည်လျားနုနယ်, ကျယ်ပြန့်သော လျှာတော်ရှိသည် လည်းကောင်း၊ ဗြဟ္မဿရောစ– ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာနာပျော် အသံတော် ရှိသည်လည်းကောင်း၊ အာဒေယျဝစနော စ– အများကြည်ဖြူ နာယူဖွယ် စကားတော် ရှိသည်လည်းကောင်း၊ ဟောတိ– အကြောင်း အလိုက်, အကျိုးဆိုက်၍,

http://www.dhammadownload.com



သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ သမ္ဗုဒ္ဓံ- ပဟူတဇိဝှ, ဗြဟ္မဿရတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို၊ အဟံ- ဘုရားတပည့်တော် (ဓာပည့်တော်မ) သည်၊ နမေ နမာမိ- ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သူတစ်ပါးတို့စိတ်ကို ထိခိုက်အောင် ဆဲဆို ငေါက်ငန်း ကြမ်းတမ်းသော ဖရုသဝါစာမှ ရှောင်တော်မူ၍ ကြားရသူတို့ ချမ်းသာဖွယ်ရာ နည်းသော စကားကိုသာ ပြောဆိုတော်မူခဲ့၏။ ဤသို့ ဖရုသဝါစာမှ ရှောင်တော်မူခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော်တစ်ပါးပေတည်း။

**အကျိုးလက္ခဏာတော်။** ။ဖရုသဝါစာမှ မရှောင်ဘဲ ဆဲဆိုခဲ့သူ တို့၏ လျှာသည် တစ်စုံတစ်ခုဖြင့် ဖွဲ့ထားသကဲ့သို့ လေးတွဲ့တွဲ့ ဖြစ်နေ၏။ အချို့လျှာကား တိုနေသကဲ့သို့ ဖြစ်၏။ အချို့မှာ စကားပြောရာ၌ လျှာ တရွတ်ဆွဲလျက် မန်းစွဲသကဲ့သို့ ဖြစ်နေ၏။ ဗုဒ္ဓမြတ်စွာသည်ကား ဖရုသဝါစာမှ ရှောင်ကြဉ်၍ နည်းသော စကားကို ပြောဆိုခဲ့သောကြောင့် ဘုရားဖြစ်မည့် ဘဝ၌ လျှာတော်၏ နုနည့်နည့် ပြန့်ပြန့်ကျယ်ကျယ် ရှိတော်မူခြင်းဟူသော **ပဟူတဇိဝှတာ** လက္ခဏာတော်နှင့် နည်းသော စကားကို ပြောဆိုခဲ့ခြင်းကြောင့် **သာယာသော** အသံတော် ရှိခြင်း ဟူသော ဗြဟ္မဿရတာ လက္ခဏာတော် **၂ ပါးကို** ရတော်မူသည်။ (သာယာနာပျော်သော အသံကို "ဗြဟ္မာမင်း၏ **အသံနှင့် တူသောအသံ**" ဟု ပြောစမှတ်ပြုကြသည်။)

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့ပြီးသော လက္ခဏာတော် **၂ ပါးသည် မျက်မှောက်အတွက်** ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော်

http://www.dhammadownload.com



၂ ပါးအတွက် အကျိုးဆက်မှာ ပြောဟောသမျှဉ် ယုံကြည်ထိုက်သော စကားတော် ရှိခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော် ၂ ပါးကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း ဖရုသဝါစာမှ ရှောင်ကြဉ်ဖို့ရန် အမြဲသတိပြုကြပါလေ။

**ဆက်ဦးအံ့။** ။ဖရုသဝါစာသည် ဝစီဒုစရိုက် ၄ ပါးတွင် ဒေါသကို အရင်းခံ၍ ဖြစ်ရသော ဒုစရိုက်တစ်ပါးတည်း။ နကိုက ဒေါသစရိုက်တက်ခံရှိသော ပုဂ္ဂိုလ်သည် ဒေါသဖြစ်စရာကိစ္စ ကြုံလာတိုင်း ဖရုသဝါစာဖြင့် ပြောဆိုတတ်ရကား နောက်နောင်ဘဝ၌ ဒေါသနည်းအောင် ယခုဘဝက မေတ္တာကို လေ့လာကြပါလေ။

---

# သီဟ ဟနုတာ လက္ခဏာတော်

၁၉။ သမ္ဖပ္ပလာပဝိရတော, ပုရေ တေန တထာဂတော၊
မိဂိန္ဒဟနုရူပေါ စ, အစံသိယောစ တံ နမေ။

ယော တထာဂတော– အကြင် မြတ်စွာဘုရားသည်၊ ပုရေဘဝေ– ဘဝများစွာ, ရှေးရှေးအခါ၌၊ သမ္ဖပ္ပလာပဝိရတော– သုခမဖက်, စီးပွားပျက်ဖို့, သက်သက်အပျော်, ပျက်ချော်ပြောင်လှောင်, ပြိန်ဖျင်းသော စကားကို ရှောင်တော်မူ၏။ တေန– ထိုသို့ ပြိန်ဖျင်းသော စကားကို ရှောင်တော်မူခဲ့ခြင်းကြောင့်၊ မိဂိန္ဒဟနုရူပေါ စ– ခြင်္သေ့မင်း၏, အောက်မေးအလား, ထက်အောက်အားဖြင့်, ၂ပါး ထင်ပေါ်, ပြည့်ဝသော မေးတော် ရှိသည်လည်းကောင်း၊ အစံသိယော စ– ရပြီး ရာထူး, ဂုဏ်အထူးမှ,

http://www.dhammadownload.com



တစ်ဦးတစ်ယောက်မျှ, မဖယ်ချ မဖျက်ဆီးနိုင်သည်လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, အကျိုးဆိုက်၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– သီဟ ဟနုတာ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (ထပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏ဘုရား။

* * * * *

**အကြောင်းကောင်းမှု။** ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် သမ္ဖပ္ပလာပမှ ရှောင်တော်မူ၏။ (အကျိုးလည်း မရှိ၊ မှန်လည်း မမှန်ဘဲ ပျော်ရရုံ ရယ်မောရရုံသာ ဖြစ်သော အပျက် အချော်စကား၊ အပြောင်အလှောင်စကားကို ပြောဆိုခြင်းကို "သမ္ဖပ္ပလာပ" ဟု ခေါ်သည်) ဤသို့သော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်တော် မူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါး ဖြစ်သည်။

**အကျိုးလက္ခဏာတော်။** ။သမ္ဖပ္ပလာပမှ မရှောင်ဘဲ မေး ကလေး လှုပ်ကာလှုပ်ကာ အပျက်အချော် ပြောဆိုခဲ့သူတို့၏ မေးသည် အတွင်းသို့ ပု၍သော်လည်း ဝင်နေတတ်၏။ ကောက်၍သော်လည်း နေတတ်၏။ အတွင်းသို့ ချိုင့်၍သော်လည်း နေတတ်၏။ ဗုဒ္ဓမြတ်စွာ သည်ကား ထိုသမ္ဖပ္ပလာပမှ ရှောင်တော်မူခဲ့ခြင်းကြောင့် ခြင်္သေ့မင်း၏ မေးနှင့်တူစွာ ပြည့်သောမေး ရှိတော်မူ၏။ ဆက်ဦးအံ့။ ခြင်္သေ့မင်း၏ မေးသည် အောက်ဖက်၌သာ ပြည့်၏။ ဘုရားရှင်၏ မေးတော်ကား အောက်ဖက် အထက်ဖက် ပြည့်၍နေသောကြောင့် လဆန်း (၁၂) ရက် ညဉ့်အခါ၌ ထွက်ပေါ်လာသော လနှင့် တူတော်မူ၏။ ထို့ကြောင့် ခြင်္သေ့မင်း မေးထက်ပင် သာ၍ တင့်တယ်တော်မူပါသည်။

http://www.dhammadownload.com



**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြအပ်ပြီးသော လက္ခဏာတော် ၂ ပါးသည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထိုလက္ခဏာတော်အတွက် အကျိုးဆက်မှာ ရအပ်ပြီးသော ဂုဏ်သိန်, ရအပ်ပြီးသော ဌာနန္တရ ရာထူးကို မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်ခြင်းတည်း။

**တိုက်တွန်းချက်။** ။ ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်အတွက် အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ (၁၂) ရက်ညဉ့်၌ ထွက်သော လကဲ့သို့ ပြည့်ဝသော မေးတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးလျှင် မိမိတို့လည်း အကျိုးမရှိသော အပျက်အချော် အပြောင်အလှောင် စကားကို ရှောင်ကြဉ်မိအောင် သတိထားကြပါလေ။

**ဆက်ဦးအံ့။** ။အတွင်း၌ အနှစ်အဆန်မပါသော စပါးခွံကို "ဖွဲ, အနုပ်, အဖွဲ, အဖျင်း"ဟု ခေါ်၏။ ထို့အတူ ပြောအပ်သော စကား၌ အကျိုးမရှိ အနက်မမှန်ဘဲ ပြောင်လှောင်သော စကားကိုလည်း "ပြိန်ဖျင်းသော စကား"ဟု ခေါ်သည်။ ဝစီဒုစရိုက် တစ်ပါးပင်တည်း။

---

# သမဒန္တတာ, သုသုက္ကဒါဠတာ လက္ခဏာတော် ၂ ပါး

၂၀။ မိစ္ဆာဇီဝ ဝိရတိယာ, သမဒန္တော တထာဂတော၊
ဟောတိ သုသုက္ကဒါဠောစ, ဝိသုဒ္ဓပရိသော နမေ။

ယော တထာဂတော– အကြင်မြတ်စွာဘုရားသည်၊ ပုရေဘဝေ–

http://www.dhammadownload.com



ဘဝများစွာ, ရှေးရှေးအခါ၌၊ မိစ္ဆာဇီဝဝိရတိယာ– ကိုယ်နှုတ်ဖောက်ပြား, ဒုစရိုက်များဖြင့်, မှားမှားယွင်းယွင်း, အသက်မွေးခြင်းတို့မှ ရှောင်တော်မူခဲ့ခြင်းကြောင့်၊ သမဒန္တောစ– ဝရဇိန်များ, စီ၍ထားသို့, ထက်ဖျားစီရရီ, ညီသော သွားတော်ရှိသည်လည်းကောင်း၊ သုသုက္ကဒါဌောစ– သောကြာကြယ်ဝန်း, ထွန်းသည့်အသွင်, အလွန်ဖြူစင်သော စွယ်တော်ရှိသည်လည်းကောင်း၊ ဝိသုဒ္ဓပရိသောစ– စင်ကြယ်သပ်ရပ်, လွန်စွာမြတ်သည့်, ပရိသတ်အခြံအရံရှိသည် လည်းကောင်း၊ ဟောတိ– အကြောင်းအလိုက်, **အကျိုးဆိုက်**၍, သိုက်မြိုက်ထင်ပေါ်, ဖြစ်ထွန်းတော်မူ၏။ တံ တထာဂတံ– **သမဒန္တ**တာ, သုသုက္ကဒါဌတာ, လက္ခဏာတော် ၂ ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ– ဘုရားတပည့်တော် (တပည့်တော်မ) သည်၊ နမေ နမာမိ– ယုံကြည်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား။

* * * * *

**အကြောင်းကောင်းမှု**။ ။ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာ ဖြစ်ခဲ့ရာ၌ များစွာသော ဘဝတို့ဝယ် မိစ္ဆာဇီဝမှ ရှောင်ကြဉ်တော်မူ၏။ (ပါဏာတိပါတ စသော ကာယဒုစရိုက် ၃ ပါး တစ်ပါးပါးဖြင့် ဖြစ်စေ၊ မုသာဝါဒ စသော ဝစီဒုစရိုက် ၄ ပါး တစ်ပါးပါးဖြင့် ဖြစ်စေ ပစ္စည်းဥစ္စာ ရှာ၍ အသက်မွေးမှုကို မိစ္ဆာဇီဝဟု ခေါ်သည်။) ဤသို့သော ဒုစရိုက်တို့မှ ရှောင်ကြဉ်တော်မူ၍ လယ်ယာလုပ်ကိုင်ခြင်း၊ တရားသဖြင့် ကူးသန်းရောင်းဝယ်ခြင်း၊ ကိုယ့်အတွက် သူ့အတွက် မျှတအောင် အတိုးအပွား ချထားခြင်း ဟူသော သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်း ကောင်းမှုတော် တစ်ပါးဖြစ်သည်။

http://www.dhammadownload.com



**အကျိုးလက္ခဏာတော်။** ။မိစ္ဆာစိဝဖြင့် အသက်မွေးသူတို့သည် ညစ်နွမ်းသော အသက်မွေးမှုကို ပြုရာရောက်၏။ သူ့အတွက် ကိုယ့်အတွက် မညီမမျှသော အသက်မွေးရာကိုလည်း ရောက်၏။ ထိုကဲ့သို့ အသက်မွေးခဲ့သူတို့၏ သွားသည် အတိုအရှည် အနိမ့်အမြင့် ဖြစ်နေတတ်၏။ ဖြူဖြူစင်စင်လည်း မရှိဘဲ ညစ်ပုပ်ပုပ် ဖြစ်နေတတ်၏။ ဗုဒ္ဓမြတ်စွာ သည်ကား သန့်ရှင်းစင်ကြယ်စွာ သူ့ဖို့ကိုယ့်ဖို့မျှအောင် အသက်မွေးခဲ့ခြင်း ကြောင့် သွားတော် စွယ်တော်တို့သည် ရွှေနီအင်းပျဉ်ပေါ်ဝယ် ဝရမိန်တင်၍ စီထားသကဲ့သို့ နီမြန်းသော သွားဖုံးတော်ဝယ် ဖွေးဖွေးညီညီ စိရရိ ရှိတော်မူ၏။

**လက္ခဏာတော်၏ အကျိုးဆက်။** ။ပြခဲ့သော လက္ခဏာတော် သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း။ ထို လက္ခဏာတော် အတွက် အကျိုးဆက်မှာ သန့်ရှင်းစင်ကြယ်သော ရဟန်းတော် ပရိသတ် ဥပါသကာ, ဥပါသိကာမ ပရိသတ် ရှိတော်မူခြင်းတည်း။

**တိုက်တွန်းချက်။** ။ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာတော်၏ အကျိုးဆက်၊ ဤ ၃ ချက်ကို စဉ်းစားကာ ဗုဒ္ဓ မြတ်စွာ၏ ဖွေးဖွေးညီညီ စိရရိရှိသော သွားတော် စွယ်တော်များကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစေပြီးလျှင် မိမိတို့လည်း မတရားသဖြင့် အသက်မွေးခြင်း ဟူသော မိစ္ဆာစီဝကို ရှောင်ကာ တရားသဖြင့် အသက် မွေးခြင်းဟူသော သမ္မာအာဇီဝဖြင့်သာ အသက်မွေးကြပါလေ။

**လက္ခဏာတော်ကြီး ဘုရားရှိခိုး ပြီးပြီ။**

---

http://www.dhammadownload.com



# (၈၀) သော လက္ခဏာတော်ငယ်

**အမှာ။** ။ဇိနာလင်္ကာရဋီကာ ဝိဇာတမင်္ဂလာအဖွင့်၌ တွေ့ရသော ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ငယ် (၈၀) တို့ကို ပြပါဦးမည်။

၁။ စိတင်္ဂုလိတာ– စီ၍ ထားအပ်သကဲ့သို့ လက်ချောင်း ခြေချောင်း တော်များ၏ တင့်တယ်တော်မူခြင်း။

၂။ အနုပုဗ္ဗင်္ဂုလိတာ– တစ်ချောင်းစီ တစ်ချောင်းစီမှာလည်း အရင်း ကစ၍ အစဉ်အတိုင်း သွယ်လျက်၊ တင့်တယ်သော လက်ချောင်း ခြေချောင်းတော် ရှိခြင်း။

၃။ ဝဋ္ဋင်္ဂုလိတာ – (လူအများ၏ လက်ချောင်း ခြေချောင်းများ ကဲ့သို့ ခပ်ပြားပြား မနေဘဲ) လုံးသော လက်ချောင်း ခြေ ချောင်းတော်ရှိခြင်း။ ဤကား လက်ချောင်း ခြေချောင်းတော်၏ လက္ခဏာတော်ငယ် (၃) ပါးတည်း။

၄။ တမ္ဗနခတာ– နီသော လက်သည်း ခြေသည်းတော် ရှိခြင်း။ (လက်သည်း ခြေသည်းတော် အတွင်းက အသားတော်များသည် နီ၍နေသောကြောင့် ထိုအရောင်ဟပ်သဖြင့် ခြေသည်း လက် သည်းတော်များလည်း နီရောင်သန်းလျက် ရှိရပေသည်။)

၅။ တုင်္ဂနခတာ– ရှည်သော လက်သည်းတော်များ ရှိခြင်း (များ စွာသော လူတို့၏ လက်သည်းသည် များစွာမရှည်လှ။ တချို့ လက်သည်းများလည်း တို၍ပင် နေသေး၏။ ဗုဒ္ဓမြတ်စွာ၏ လက်သည်းတော်ကား တင့်တင့်တယ်တယ် သပ္ပာယ်ရုံမျှ ရှည် တော်မူသည်။ ထိုလက်သည်းရှည်ခြင်းကို သဘောကျ၍ အချို့

http://www.dhammadownload.com



သော အမျိုးသမီးများသည်လည်း လက်သည်း ခြေသည်း မဖြတ်ဘဲနှင့် ရှည်အောင် ထားတတ်ကြပါသေးသည်။)

၆။ သိနိဒ္ဓနခတာ – ညက်ညက်ညောညော ချောမောသော လက်သည်း ခြေသည်းတော်ရှိခြင်း။ (များစွာသောလူတို့၏ လက်သည်း ခြေသည်းသည် ချောချောမောမော မရှိသည့်ပြင် ခပ်ကြမ်းကြမ်း ဖြစ်နေပါသေးသည်။) ဤကား လက်သည်း ခြေသည်းတော် အတွက် လက္ခဏာတော်ငယ် (၃) ပါးတည်း။

၇။ နဂုဋ္ဌဂေါပ္ပကတာ– (များစွာသော လူတို့၏ ဖမျက်ကဲ့သို့ ထင်ထင်ရှားရှား ပေါ်ထွက်မနေဘဲ) အသားတော်အတွင်းဝယ် မြုပ်လျက် မထင်ရှားသောဖမျက်တော်ရှိခြင်း။ ဤကား ဖမျက်တော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၈။ သမပါဒတာ – ညီညီမျှမျှ လှပသော ခြေတော် ရှိခြင်း။ (လူအများ၏ ခြေကဲ့သို့ အလယ်၌ ဟိုက်မနေဘဲ ညီ၍နေသည်ကို ဆိုလိုဟန် တူပါသည်။ ဓာလပတ္တပါဒတာ လက္ခဏာတော်နှင့် ယှဉ်ကြည့်ပါ။) ဤကား ခြေ၏ပုံသဏ္ဌာန် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၉။ ဂဇသမာနက္ကမတာ – ဆင်၏ ခြေလှမ်းပုံနှင့် တူစွာ ညင်ညင် သာသာခြေလှမ်းတော်ရှိခြင်း။ (ခြေသံမကြားရ ဟူလို။)

၁၀။ သီဟသမာနက္ကမတာ– ခြင်္သေ့မင်း၏ ခြေလှမ်းပုံနှင့် တူစွာ ဣန္ဒြေရရ လှမ်းကြွတော်မူခြင်း။

၁၁။ ဟံသသမာနက္ကမတာ – ဟင်္သာမင်း လှမ်းပုံကဲ့သို့ မကျဲမစိပ်သော ခြေလှမ်းတော် ရှိခြင်း။

http://www.dhammadownload.com



၁၂။ ဥသဘာသမာနက္ကမတာ– နွားလားဥသဘာ၏ ခြေလှမ်းပုံကဲ့သို့ ခြေအချင်းချင်းမထိမိဘဲ ရှင်းလင်းသော ခြေလှမ်းတော်ရှိခြင်း။

၁၃။ ဒက္ခိဏာဝဋ္ဋဂတိယာ– လက်ယာရစ်လည်သည့်ပမာ လက်ယာခြေတော်ကို စ၍ ကြွတော်မူခြင်း။ ဤကား ခြေလှမ်းခြင်းနှင့် စပ် ၍ လက္ခဏာတော်ငယ် (၅) ပါးတည်း။

၁၄။ သမန္တတောစာရုစာဏုမဏ္ဍလတာ– ပုဆစ်ဒူးဝန်း၏ ဝန်းကျင် အရပ်ဝယ် တင့်တယ် ဝန်းဝိုင်းတော်မူခြင်း။ ဤကား ပုဆစ် ဒူးဝန်းအတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၁၅။ ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ – ယောကျ်ား အင်္ဂါဇာတ်၏ အောင်မြင် ပြည့်ဝ လှပတော်မူခြင်း။ ဤကား အင်္ဂါဇာတ် တော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၁၆။ အစ္ဆိဒ္ဒနာဘိတာ– ချက်တော်၌ အပေါက်မရှိခြင်း။

၁၇။ ဂမ္ဘီရနာဘိတာ– (အပေါ်သို့ စူး၍မထွက်) နက်သောချက် တော် ရှိခြင်း။

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိတာ– လက်ယာရစ်လည်သော ချက်တော် ရှိခြင်း။ ဤကား ချက်တော်၏ လက္ခဏာတော်ငယ် (၃) ပါး တည်း။

၁၉။ ဒွိရဒ ကရ သဒိသ ဥရု ဘုဇတာ– ဆင်၏ အရင်း၌ တုတ်၍ အဖျားသေးသော နှာမောင်းသဖွယ် သွယ်တန်းသော ပေါင်တော် လက်မောင်းတော် ရှိခြင်း။ ဤကား ပေါင်တော် လက်မောင်း တော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။ (ဒွိ+ရဒ= ၂ ချောင်းသော အစွယ်ရှိသော ဆင်၊ ကရ=လက်၊ ဝါ=နှာမောင်း။)

http://www.dhammadownload.com



၂၀။ သုဝိဘတ္တဂတ္တတာ– ဆိုင်ရာ ကိုယ်အင်္ဂါတို့၌ သူ့အပိုင်းနှင့်သူ ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော်ရှိခြင်း။

၂၁။ အနုပုဗ္ဗဂတ္တတာ– ဦးခေါင်းနှင့် လည်ပင်းတော် လိုက်လျောခြင်း၊ လည်ပင်းတော်နှင့် ပခုံးတော် လိုက်လျောခြင်း စသည်ဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ လိုက်လျောသော ကိုယ်တော်ရှိခြင်း။ [ပုဗ္ဗ=ရှေ့အင်္ဂါအား (အထက်အင်္ဂါအား)+ အနု= လိုက်လျောသော နောက် (အောက်) အင်္ဂါတော် ရှိခြင်း။]

၂၂။ မဋ္ဌဂတ္တတာ– အင်္ဂါအစိတ်အပိုင်းတိုင်းမှာပင် ပြေပြစ်ညက်ညော ချောမောသောကိုယ်တော်ရှိခြင်း။ (ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို "လူချောကြီး" ဟု ခေါ်ကြသည်။)

၂၃။ အနုဿန္နာနနုဿန္နဂတ္တတာ– တစ်ကိုယ်လုံးဝယ် အသားနည်းသင့်ရာ ဌာန၌ နည်း၍ များသင့်ရာ ဌာန၌ များသောကိုယ်တော်ရှိခြင်း။ (များမှ ကြည့်ကောင်းမည့် နေရာ၌ အသားများ၍ နည်းမှ ကြည့်ကောင်းမည့် နေရာ၌ အသားနည်းခြင်း– ဟူလို။)

၂၄။ အလီနာဂတ္တတာ– လူအများ စုဝေးမိရာဝယ် တိမ်မြုပ် ငုပ်၍ မနေဘဲ ပေါ်လွင်ထင်ရှားသော ကိုယ်တော်ရှိခြင်း။ (လူအများ စုဝေးမိရာဝယ် ဤကဲ့သို့သော ကိုယ်မျိုးကိုသာ ပထမဆုံး မြင်ကြရသည်။)

၂၅။ တိလကာဒိဝိရဟိတဂတ္တတာ– မှဲ့ပြောက် တင်းတိပ် ဝက်ခြံအစ ရှိသော အညစ်အကြေးတို့မှကင်း၍ သန့်ရှင်းသောကိုယ်တော် ရှိခြင်း။

http://www.dhammadownload.com



၂၆။ အနုပုဗ္ဗရုစိရဂတ္တတာ– ကိုယ်အင်္ဂါ အစိတ်အပိုင်းဝယ် ရှေ့နောက် လိုက်လျောတင့်တယ်သော ကိုယ်တော်ရှိခြင်း။

၂၇။ ဝိသုဒ္ဓဂတ္တတာ– အလွန်ဖြူစင်သော ကိုယ်တော်ရှိခြင်း။ ဤကား ကိုယ်တော်နှင့် တိုက်ရိုက် သက်ဆိုင်သော လက္ခဏာတော်ငယ် (၉) ပါးတည်း။

၂၈။ ကောဋိ သဟဿ ဟတ္ထိဗလ ဓာရဏတာ– ကုဋေတစ်ထောင် ရှိသော အာဠာဝက ဆင်ပြောင်အားကို ဆောင်သော ခွန်အား ရှိခြင်း။ (ယခုခေတ်၌ အနုမြူတို့၏အားကို သိကြရသကဲ့သို့ ဗုဒ္ဓမြတ်စွာ၌လည်း သာမန်လူတို့ထက် ထူးခြားသော ဓာတ်အား တော်ရှိကြောင်းကို သိနိုင်ပါသည်။) ဤကား ကာယဗလ အားတော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၂၉။ တုင်္ဂနာသတာ– အချို့လူတို့၏ နှာတံသည် နိမ့်၍လည်းကောင်း၊ အဖျား၌ ပု၍လည်းကောင်း နေတတ်သော်လည်း ဗုဒ္ဓမြတ်စွာ၏ နှာတံတော်ကား ထိုသို့ မနိမ့်မပုဘဲ မြင့်မြင့်မားမား ရှည်လျား တော်မူခြင်း၊ ထိုကဲ့သို့ မြင့်ခြင်းကို ဆင်ထိန်းသော ချွန်းနှင့် တူသောကြောင့် "နှာသာယောမကုံသော– မပိမပြား, ရွှေချွန်းလား သို့" ဟု အလင်္ကာကျမ်း၌ ဆိုသည်။ ဤကား နှာတံတော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၃၀။ သုရတ္တဒ္ဒိဇမံသတာ– အလွန်နီသော သွားဖုံးတော် ရှိခြင်း။ ဤကား သွားဖုံးတော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။ (ဒိဇမံသ– သွား၏အသား၊ ဝါ–သွားဖုံး။)

၃၁။ သုဒ္ဓဒန္တတာ– ဧင်ကြယ်သော သွားတော်ရှိခြင်း။

http://www.dhammadownload.com



၃၂။ သိနိဒ္ဓဒန္တတာ– ညက်ညောချောမောသော သွားတော်ရှိခြင်း။ ဤကား သွားတော်၏ လက္ခဏာတော်ငယ် (၂) ပါးတည်း။

၃၃။ ဝိသုဒ္ဓဏ္ဍနေြယတာ– မျက်စိ နား နှာခေါင်း လျှာ ဟူသော ဣန္ဒြေတို့၏ သန့်ရှင်းစင်ကြယ်ခြင်း။ (ကာယိန္ဒြေအတွက်မှာ ရှေ့၌ "ဂတ္တ" ဟူသော နာမည်ဖြင့် ဆိုခဲ့ပြီ။)

၃၄။ ဝဋ္ဋဒါဌတာ– လုံးသော စွယ်တော်ရှိခြင်း။ ("လုံး" ဟူရာ၌ မြတ်လေးပန်းငုံကဲ့သို့ လုံးခြင်းဟု မှတ်ပါ။) ဤကား စွယ်တော် အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၃၅။ ရတ္တောဋ္ဌတာ– နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း။ (ဤကား နှုတ်ခမ်းတော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။ "အဓရောဋ္ဌကော်တာရဏော– နှုတ်ခမ်းအစုံသည် ဆေးမဆိုးရဘဲ အရဏ်ရောင် အသွေးကဲ့သို့ နီတွေးတော်မူသည်" ဟု သုဗောဓ လင်္ကာရကျမ်း၌ ဆိုသည်။ ဤစကားအရ ဆေးဆိုးထားသဖြင့် ရဲနေအောင် နီသော အနီမျိုးမဟုတ်ဟု မှတ်ပါ။)

၃၆။ အာယတဝဒနတာ– ရှည်လျား၍ ကျယ်ပြန့်သော ခံတွင်း တော်ရှိခြင်း။ ဤကား ခံတွင်းတော်အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၃၇။ ဂမ္ဘီရပါဏိလေခတာ– လက်၌ အရေးအသားတို့၏ နက်ခြင်း။ (လက္ခဏာဟု ခေါ်အပ်သော အရေးအသားတို့သည် အချို့ လူများ၌ မထင်ရှားဘဲ တိမ်၍ နေတတ်၏။ ဘုရားရှင်၏ လက် အရေးအကြောင်းတို့ကား ထိုသို့ တိမ်၍မနေဘဲ နက်သည်– ဟူလို။)

http://www.dhammadownload.com



၃၈။ အာယတန လေခတာ– ရှည်သော လက်အရေးအကြောင်း ရှိတော်မူခြင်း။ (လက္ခဏာဟု ခေါ်သော အရေးအသား အချို့ပုဂ္ဂိုလ်တို့၌ ခပ်တိုတိုနှင့် ပြတ်၍ နေတတ်၏။)

၃၉။ ဥဇုကလေခတာ– ဖြောင့်မတ်သော အရေးအကြောင်းရှိခြင်း။

၄၀။ သုရုစိရသဏ္ဌာနလေခတာ– လက္ခဏာအရေးအကြောင်း တို့၏ အလွန်တင့်တယ်သော ပုံသဏ္ဌာန်ရှိခြင်း။ ဤကား လက္ခဏာဟု ခေါ်ရသော အရေးအကြောင်းတို့၏ လက္ခဏာတော်ငယ် (၄) ပါးတည်း။

၄၁။ ပရိမဏ္ဍလကာယ ပဘာဝန္တတာ– ကိုယ်တော်၏ ပတ်ဝန်းကျင်၌ တစ်လံမျှလောက် အရောင်အဝန်းရှိခြင်း။ ဤကား ကိုယ်တော် အရောင်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

၄၂။ ပရိပုဏ္ဏကပေါလတာ– ပြည့်ဖြိုးသော ပါးစောင်တော်ရှိခြင်း။ ဤကား ပါးစောင်တော် အတွက် လက္ခဏာတော်ငယ်တစ်ပါး တည်း။ (အချို့လူတို့၏ ပါးစောင်သည် မိုမိုမောက်မောက် မရှိဘဲ ပြားချပ်ချပ် နေတတ်၏။)

၄၃။ အာယတဝိသာလနေတ္တာ– ရှည်လည်း ရှည်၊ ကျယ်လည်း ကျယ်သော မျက်လုံးတော်ရှိခြင်း။

၄၄။ ပဉ္စပသာဒဝန္တနေတ္တာ– အကြည်ဓာတ် ၅ မျိုးပါသော မျက်လုံး တော် ရှိခြင်း။ (ရောင်ခြည်တော်ဖွင့် ဂါထာ၌ ပြခဲ့သည့်အတိုင်း နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ အရောင် ၅ မျိုးပါ သည်ကို ဆိုလိုဟန် တူပါသည်။) ဤကား မျက်လုံးတော် အတွက် လက္ခဏာတော်ငယ် (၂) ပါးတည်း။

http://www.dhammadownload.com



၄၅။ အာကုဋ္ဋိတဂ္ဂပခုမတာ– ကော့၍ အထက်သို့ အဖျားလှည့်သော မျက်တောင်မွေးတော်ရှိခြင်း။ ဤကား မျက်တောင်မွေးတော် အတွက် လက္ခဏာတော်ငယ် တစ်ပါးတည်း။

၄၆။ မုဒုတနုကရတ္တဇိဝှတာ– နုလည်းနု၊ ပါးလည်းပါး၊ နီလည်းနီသော လျှာတော်ရှိခြင်း။ ဤကား လျှာတော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

၄၇။ အာယတရုစိရကဏ္ဏတာ– ရှည်သော တင့်တယ်သော နားရွက် တော်ရှိခြင်း။ ဤကား နားရွက်တော်အတွက် လက္ခဏာ တော်ငယ် တစ်ပါးတည်း။ ("ရှည်"ဟု ဆိုထားသော်လည်း အချို့ဆင်းတုတော်များ၌ ထုထားသကဲ့သို့ ပခုံးတော်ထောက် အောင် ရှည်လျားသည်မဟုတ်ပါ။ ကျိုး၍မသွားအောင် ရုပ်တု တော် ပြုလုပ်သောဆရာတို့က ထောက်ထားဟန်တူပါသည်။)

၄၈။ နိဂ္ဂဏ္ဌိသိရတာ– အဖုအထစ်မရှိသော အကြောတော်ရှိခြင်း။

၄၉။ နိဂ္ဂူဠ္ဍသိရတာ– အသားအထက်၌ အပေါ်တက်၍ မနေဘဲ အသားအတွင်းရှိ မြုပ်နေသော အကြောတော်ရှိခြင်း။ (များစွာသော လူတို့၏ အကြောကား ပေါ်ထင်နေသည်။)

၅၀။ ဝဋ္ဋဆတ္တနိဘစာရုသီသတာ– လုံးဝိုင်းသော ထီးကဲ့သို့ အရောင် ဖြင့် တင့်တယ်သော ဦးခေါင်းတော်ရှိခြင်း= ဦးခေါင်းတော်၌ ထီးဝိုင်းကဲ့သို့သော အရောင်ဝိုင်း ရှိတော်မူခြင်း။ (သီဟိုဠ်ရေး ရုပ်တုတော်များ၌ ဤကဲ့သို့သော အရောင်ဝိုင်း ပုံသဏ္ဌာန် ဦးခေါင်းတော်၌ ပါရှိသည်။) ဤကား ဦးခေါင်း တော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

http://www.dhammadownload.com



၅၁။ အာယတပုထုနလာဠသောဘတာ– ရှည်လျား ပြန့်ကျယ်သော နဖူးတော်ဖြင့် တင့်တယ်တော်မူခြင်း။ ဤကား နဖူးတော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

၅၂။ သုသဏ္ဌာနဘမုကတာ– ကောင်းသော ပုံသဏ္ဌာန်ရှိသော မျက်ခုံးတော်ရှိခြင်း။ [သုဗောဓာလင်္ကာရကျမ်း၌ "သမာနတာ ဘမုစာယံ, ဇိနာ နဝဋ္ဌိတာ တဝ (အို မြတ်စွာဘုရား) ရှင်တော်ဘုရား၏ မျက်ခုံးတော်သည် မဆွဲမငင်အပ်ပါဘဲ လ၏ အရေးကဲ့သို့ ကွေး၍ နေပါသည်ဘုရား"ဟု ဆိုသည်။]

၅၃။ သဏှဘမုကတာ– သိမ်မွေ့သော မျက်ခုံးတော်ရှိခြင်း။ မျက်ခုံးမွေးများ မကြမ်းတမ်းဘဲ သိမ်မွေ့သော မျက်ခုံးတော်ရှိခြင်း။

၅၄။ အနုလောမဘမုကတာ– အရင်းအဖျား လျော်သော မျက်ခုံးတော်ရှိခြင်း။

၅၅။ မဟန္တဘမုကတာ– ကြီးသော မျက်ခုံးတော်ရှိခြင်း။

၅၆။ အာယတဘမုကတာ– ရှည်သော မျက်ခုံးတော်ရှိခြင်း။ ဤကား မျက်ခုံးတော်၏ လက္ခဏာတော်ငယ် (၅) ပါးတည်း။

၅၇။ သုခုမာလ ဂတ္တာ– ကိုယ်တော်၏ အလွန်နုပျိုခြင်း။ (သက်တော်ကြီးစေကာမူ အိုရုပ်ပုံသဏ္ဌာန်မပေါ်၊ နုပျိုသော ပုံသဏ္ဌာန် ရှိတော်မူခြင်း။)

၅၈။ အတိဝိယ သောမ္မဂတ္တတာ– အလွန်အေးမြသော ကိုယ်တော်ရှိခြင်း။

၅၉။ အတိဝိယ ဥဇ္ဇလိတ ဂတ္တတာ– ညိုညိုမှိန်မှိန် မဟုတ်ဘဲ အလွန်တောက်ပသော ကိုယ်တော်ရှိခြင်း။

http://www.dhammadownload.com



၆၀။ ဝိမလဂတ္တတာ– ညစ်ကြေးမတင် သန့်စင်သော ကိုယ်တော်ရှိခြင်း။

၆၁။ ကောမလဂတ္တတာ– နူးညံ့သော ကိုယ်တော်ရှိခြင်း။
("ပါဒေ တုမှံ နမဿာမိ, ဒုဝေ ကမလ ကောမလေ– အရှင်ဘုရားတို့၏ ကြာပဒုမ္မာကဲ့သို့ နူးညံ့သော ခြေတော်တို့ကို ရှိခိုးပါ၏" ဟု ရှေးပညာရှိတို့ စပ်ဆိုကြသည်။)

၆၂။ သိနိဒ္ဓ ဂတ္တတာ– ပြေပြစ် ညက်ညော ချောမောသော ကိုယ်တော်ရှိခြင်း။

၆၃။ သုဂန္ဓတနုတာ – ကောင်းသောအနံ့ရှိသော ကိုယ်တော်ရှိခြင်း။
(ဤကား ကိုယ်တော်၏ ဂုဏ်နှင့် စပ်၍ လက္ခဏာတော်ငယ် (၇) ပါးတည်း။ ရှေ့၌ ကိုယ်ဒြပ်နှင့် စပ်၍ လက္ခဏာတော်ငယ် (၈) ပါးကို ပြခဲ့သည်။

၆၄။ သမလောမတာ– အနိမ့်အမြင့် ညီမျှသော မွေးညှင်းတော်ရှိခြင်း။
(များစွာသော လူတို့၏ မွေးညှင်းများသည် အနိမ့်အမြင့် မညီကြချေ။)

၆၅။ ကောမလ လောမတာ– နူးညံ့သော အမွေးတော်ရှိခြင်း။
(တချို့လူများ၏ အမွေးသည် ကြမ်းနေ၏။)

၆၆။ ဒက္ခိဏာဝဋ္ဋလောမတာ– လက်ယာရစ်လည်သော အမွေးတော်ရှိခြင်း။

၆၇။ ဘိန္နဉ္ဇနသဒိသ နီလလောမတာ– ကွဲသော မျက်စဉ်းကျောက်အဆင်းနှင့်တူသော ညိုသော အမွေးတော်ရှိခြင်း။

၆၈။ ဝဋ္ဋလောမတာ– လုံးသော အမွေးတော်ရှိခြင်း။

http://www.dhammadownload.com



၆၉။ သိနိဒ္ဓလောမတာ– ညက်ညောသော မွေးညင်းတော် ရှိခြင်း။ (ဤကား မွေးညင်းတော်၏ လက္ခဏာတော်ငယ်(၆) ပါးတည်း။)

၇၀။ အတိသုခုမအဿာသ ပဿာသဓာရဏတာ– အလွန်သိမ်မွေ့သော ထွက်သက် ဝင်သက်ကို ဆောင်တော်မူခြင်း။ "အသက်အရှူ အရှိုက် မကြမ်း" ဟူလို။ ဤကား အဿာသ ပဿာသ ၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

**မှတ်ချက်။** ။အာနာပါနကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်များ၏ ထွက်သက်ဝင်သက်များလည်း တဖြည်းဖြည်း ငြိမ်သက်၍ ကမ္မဋ္ဌာန်းအသားကျသောအခါ ရှူမှန်း ရှိုက်မှန်း မသိရလောက်အောင် ငြိမ်သက်ကြပေသည်။

၇၁။ သုဂန္ဓမုခတာ– ကောင်းသော အနံ့ရှိသော ခံတွင်းတော်ရှိခြင်း။ ဤကား ခံတွင်းတော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။ (သဒ္ဓမ္မဒေသနာကာလေ, သာဓု သာဓုတိ ဘာသတော၊ မုခတော ဇာယတေ ဂန္ဓော, ဥပ္ပလံဝ ယထော ဒကေ– သူတော်ကောင်းတရားကို ဟောတော်မူသောအခါ "သာဓု" ခေါ်သော ကောင်းမှုသည် နောက်ဘာဝဝယ် အာခံတွင်းမှ ကြာညိုပန်းနံ့ သင်းပါသတဲ့။)

၇၂။ သုဂန္ဓမုဒ္ဓတာ– ဦးထိပ်တော်၏ မွေးကြိုင်သော အနံ့ရှိခြင်း။ ဤကား ဦးထိပ်တော်၏ လက္ခဏာတော်ငယ် တစ်ပါးတည်း။

၇၃။ သုနီလကေသတာ– အလွန် ညိုသော ဆံတော်ရှိခြင်း။

၇၄။ ဒက္ခိဏာဝဋ္ဋကေသတာ– လက်ယာရစ်လည်သော ဆံတော်ရှိခြင်း။

http://www.dhammadownload.com



၇၅။ သုသဏ္ဌာနကေသတာ– ကောင်းသော ပုံသဏ္ဌာန်ရှိသော ဆံတော်ရှိခြင်း။

၇၆။ သိနိဒ္ဓသဏှကေသတာ– ညက်ညော သိမ်မွေ့သော ဆံတော်ရှိခြင်း။ (စာအုပ်တို့၌ "သိနိဒ္ဓကေသတာ, သဏှကေသတာ" ဟု ၂ ပုဒ်ခွဲလျက် ရှိသည်။)

၇၇။ အလုဠိတကေသတာ– မရှုပ်သော ဆံတော်ရှိခြင်း။

၇၈။ သမကေသတာ– အနိမ့်အမြင့် ညီမျှသော ဆံတော်ရှိခြင်း။

၇၉။ ကောမလကေသတာ– နူးညံ့သော ဆံတော်ရှိခြင်း။ ဤကား ဆံတော်၏ လက္ခဏာတော်ငယ် (၅) ပါးတည်း။

၈၀။ ကေတုမာလာရတနဝိစိတ္တတာ– "ကေတုမာလာ"ဟု ခေါ်အပ်သော ရတနာရောင်ဖြင့် လွန်စွာသပ္ပာယ်ဆန်းကြယ်တော်မူခြင်း။

**မှတ်ချက်။** ။ ဦးခေါင်းတော်မှ ထွက်၍ အထက်ဦးထိပ်၌ အစုဖြစ်လျက် ထင်လင်းနေသော အရောင်ကို "ကေတုမာလာရောင်" ဟု ခေါ်ကြ၏။ ထိုအရောင်တော်ကို ပုံသဏ္ဌာန်ပေါ်အောင် ယခုခေတ် ဆင်းတုတော်များ၏ ဦးထိပ်တော်၌ စုနေသော အရောင်ပုံကို ထုလုပ်ကြ၏။ သို့သော် ထိုအရောင်ပုံသည် များသောအားဖြင့် ဆံပင်တော်အရောင်ကဲ့သို့ ညိုမှောင်နေရကား တချို့က "သျှောင်ပုံ– သျှောင်ထုံးပုံ"ဟု ထင်မှားကြလေသည်။ ထိုသို့ မထင်မှားရအောင် ဦးထိပ်တော်၌ အရောင်အဝါ စုနေပုံကို ပြနိုင်လျှင် သာ၍ သဘာဝကျပေလိမ့်မည်။

**လက္ခဏာတော်ငယ် (၈၀) ပြီးပြီ။**

http://www.dhammadownload.com



**တိုက်တွန်းချက်။** ။ဤလက္ခဏာတော်ငယ်များကိုလည်း တစ်ပါးစီ၊ တစ်ပါးစီ စဉ်းစား၍ ဗုဒ္ဓါနုဿတိဘာဝနာကိုလည်း ပွားများကြပါလေ။ ဤနေရာဝယ် ရတနာ့ဂုဏ်ရည်၏ အစဋ္ဌ ပြအပ်ခဲ့သော အောက်ပါ ဂါထာကိုလည်း အနက်နှင့်တကွ ဘုရားအာရုံရအောင် ရွတ်ကြ ဖတ်ကြ ပါလေ။

ပစ္ဆိမံ ဖလဒါနေန, ဗဟုံ ပစိတပါရမိ၊

ယဿ ဝေသံ သုမာပေန္တိ, ကေနာပိ အသမံ သမံ။

ဗဟုံ– ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်းညို, အတိုင်းမရှိ ရလေအောင်၊ ပစိတပါရမီ–လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်း စုဆောင်း, ပါရမီတော် အပေါင်းတို့သည်၊ ပစ္ဆိမံ ဖလဒါနေန– ဖြစ်ပျက်ဖန်ခါ, သံသရာဝယ်, ခန္ဓာကိုယ်ရေး, ဆုံးစွန် အကျိုးပေးသော အားဖြင့်၊ တဿ ဘဂဝတော– ထိုရွှေဘုန်းတော်သခင်, ရှင်တော်မြတ် ဘုရား၏၊ ဝေသံ– ရွှေမျက်နှာတော်, လက်ခြေတော်နှင့်, ကိုယ်တော်သဏ္ဌာန်, ပုံဟန်ထင်ပေါ်, အသွင်အပြင်တော်ကို၊ ကေနာပိ– လူမင်း, နတ်မင်း, ဗြဟ္မာမင်းဝယ်, ဘယ်သူတစ်ယောက်နှင့်မျှ၊ အသမံ– လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, ဘယ်ဝယ်တိုင်းကာ, မနိုင်းသာသည် ဖြစ်၍၊ သမံ– တစ်ကိုယ်တော်လုံး, ရွှေတုံးရွှေနှစ်, ဇမ္ဗူရာဇ်သိင်္ဂီ, နာရဏီမျှ, သာကီဝင်သွေး, အယဉ်ကျေးဆုံး ဖြစ်ရလေ အောင်၊ သုမာပေန္တိ– တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်ပန်း သို့, ဆန်းအဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် ဖန်ဆင်း လိုက်ကြလေသည် တကား........။

၁၃၃၂-စု။